
www.burmeseclassic.com




# ILLusions of Love

Cynthia Freeman

# အချစ်ဝေဟင် ဝါမိုးခဝင်ဝေလှည့်

ဒုတိယအကြိမ်

## တင်မောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အချစ်ဝေဟင် တိမ်ခိုးဆင်သည်

## တင်မောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**

၃၆၃/၂၀၀၄(၄)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၈၁/၂၀၀၄(၆)

**ထုတ်ဝေသူ**

ဒေါ်ဝင်းမာတင်(မြဲ-၀၃၇၃၇)၊ ရွှန်းပွင့်စာပေ

အမှတ် 77/D၊ ဓမ္မပါလလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း-၅၄၃၈၃၆

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးဝင်းလွင်(ရွှေဟံသာအော့ဖ်စက်)

အမှတ်(၃၁)၊ ဦးရွှေဥန်းလမ်းတို၊ ပုဇွန်တောင်။

**အတွင်းဖလင်**

ကိုဦးနှင့်ညီများ

**မျက်နှာဖုံးဒီဇိုင်း**

ကိုဆန်း

**ကွန်ပျူတာစာစီ**

ရွှန်းပွင့်ကွန်ပျူတာ

၁၇၄၊ ၃၅လမ်း(အလယ်)၊ ရန်ကုန်။ ဖုန်း-၂၈၃၂၅၀

**စာအုပ်ချုပ်**

စိန်ကြည်(မိုလ်အောင်ကျော်)

**ထုတ်ဝေမှု**

၅၀၀ (ဇူလိုင်လ၊ ၂၀၀၄) ဒုတိယအကြိမ်

**တန်ဖိုး**

၁၀၀၀ ကျပ်

**ဖြန့်ချိရေး**

ရွှန်းပွင့်စာအုပ်တိုက်

အမှတ် 77/D၊ ဓမ္မပါလလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း-၅၄၃၈၃၆


# စာမြည်း

"ဖေဖေမှားရင် ခွင့်လွှတ်ပါကွာ၊ အချစ်ဆိုတာ တဖြည်းဖြည်းချင်း ဖူးငုံသီးပွင့်လာတဲ့ အရာမျိုးလို့ ဖေဖေထင်ခဲ့တာကိုး၊ အေးလေ . . . . သားတို့ခေတ်နဲ့ ဖေဖေတို့ခေတ် အမြင်ချင်းကွာသွားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

ဂျူလီယန်ရို့စ်

"တစ်ခါတလေကျတော့ ဘဝရဲ့လုံခြုံမှုနဲ့ စိတ်ရဲ့ငြိမ်းချမ်းမှုဟာ အချစ်ထက်ပိုအရေးကြီးတယ်။ ငယ်ဘဝက တွေ့ခဲ့ဖူးတဲ့ အချစ်မျိုးဟာ ပူလောင်လွန်းအားကြီးပြီး လောင်ကျွမ်းသွားနိုင်တယ် ဂျင်နီ၊ မေတ္တာတရားနဲ့ အပြန်အလှန်လေးစားမှုက ကြာရှည်ခံတယ်"

စိုင်းရပ်စ်ဝါသင်တန်

"အစ်ကိုက ဘယ်လိုအလျော်ပေးမှာလဲ။ တယ်လီဖုန်းခေါ်သံကို စောင့်နားထောင်ရမယ့် အငယ်အနှောင်းဘဝကို ဂျင်နီ အရောက်မခံနိုင်ဘူး အစ်ကို၊ အချိန်ပိုင်းအသုံးတော်ခံမိန်းမ အဖြစ်မခံနိုင်ဘူးလေ၊ အစ်ကို့မှာ မိန်းမရှိနေသရွေ့ ဂျင်နီနဲ့ လာမပတ်သက်ပါနဲ့"

ဂျင်နီမက်ကွိုင်း

"သူပြောတာတွေကိုယုံဖြစ်လျှင် ဂျင်နီသည် ကမ္ဘာပေါ်တွင် အပျော်ဆုံးမိန်းကလေး ဖြစ်တော့မည် မုချ။ သို့သော် ယုံကြည်ခြင်းဟူသည့် ဝေါဟာရသည် သူ့ဘဝအဘိဓာန်တွင် လွန်ခဲ့သည့်နှစ်များစွာကပင် ကွယ်ပျောက်ခဲ့လေပြီ။ အမှန်ကို ဝန်ခံရလျှင် . . . . ."

ဂျင်နီမက်ကွိုင်း

"မိသားစုဆိုတာ လူ့အဖွဲ့အစည်းမှာ ချစ်စရာအကောင်းဆုံး၊ အဆင့်အမြင့်ဆုံးကွ မာတင်၊ ငါပြောတာ နားထောင်ပါ သူငယ်ချင်း။ မင်း ဂျင်နီနဲ့ပြန်ပြီး ငယ်ဝေဒနာထချင်ထပါ။ ဒါပေမယ့် အိမ်ထောင်တစ်ခုကိုတော့ ဖျက်ဆီးမပစ်ပါနဲ့"

ဒိုမင်းနစ်

www.burmeseclassic.com

www.burmeseclassic.com

# (၁)

ခရစ္စမတ်ရာသီနီးလေ ဆန်ဖရန်စစ္စကိုတွင် ဈေးဝယ်သူတွေ ကြိတ်ကြိတ်တိုးစည်ကားလေ ဖြစ်လာ၏။ ကုန်တိုက်ကြီးများတွင် တိုးမပေါက်လောက်အောင်ပင်။ သို့သော် အခါကြီးရက်ကြီးမို့ သူတို့တစ်တွေ အထူးယဉ်ကျေးနေကြ၏။ တစ်ယောက်နှင့်တစ်ယောက် တိုးမိတိုက်မိလျှင် ချိုသာယဉ်ကျေးစွာ တောင်းပန်ကြ၏။ အခါလွန်လျှင်မူ ဒီ့ရင်းပြန်ရောက်ကြမည်မှာ မုချ။

လမ်းထောင့်မှ ခရစ္စမတ်ဘိုးဘိုး အရုပ်ကြီးက အကြွေစေ့ကလေးများ ထည့်လိုက်တိုင်း ဂလိုင်လှုပ်ပြသည်။ လမ်းတစ်လျှောက်တွင် သစ်ကြားသီးလှော်အနံ့ဖြင့် မွှေးကြိုင်နေ၏။ ပြည်ထောင်စုပန်းခြံထဲတွင် ကလေးများက ဖွဲဖွဲကလေးရွာနေသည့် ဆောင်းနှင်းမိုးကို မမှုဘဲ ခရစ္စမတ်တေးတွေ တကြော်ကြော်နှင့် . . . . .။

စီးပွားရေးရပ်ကွက်မှ ရုံးအဆောက်အအုံကြီးများတွင် အစောကြီး လူရှင်းနေပြီ။ ညနေ ၆ နာရီခွဲတွင် မီးတွေအားလုံးပိတ်ပြီး သန့်ရှင်းရေး

www.burmeseclassic.com



အလုပ်သမများ အိမ်ကို သုတ်ခြေတင်ကြပြီ။

လေးဆယ့်တစ်ထပ်မှ မိုးပျံရုံးခန်းကြီးများထဲတွင်မူ လူတစ်ယောက် ပြတင်းပေါက်မှ အပြင်သို့ငေးနေ၏။ ဆွေးဆွေးမြေ့မြေ့ထိုင်ပြီး ငေးမောနေခြင်းမျိုး၊ တစ်လောကလုံး လှုပ်လှုပ်ရှရှ ပျော်ရွှင် နေကြချိန်တွင် မာတင်ရို့သ် တစ်ယောက်မြို့ကို လွှမ်းခြုံစပြုနေသော အမှောင်ထုထဲသို့ အထီးကျန်စွာ ငေးမောနေခြင်း ဖြစ်၏။

ဘဝဆိုတာသည်အတိုင်းပဲ၊ နေနှင့်ည ကူးပြောင်းချိန် ဆည်းဆာလို တဒင်္ဂပါလား။ သက်ပြင်းတစ်ချက်ချသည်။ ဆန်ဖရန်စစ္စကိုနှင့် ဥက္ကလန်ကို ဆက်စပ်ပေးထားသည့် တံတားကြီးဆီ စိုက်ကြည့်နေမိပြန်သည်။ ဧရာမ စွန်ကြီးတစ်ကောင် အတောင်နှစ်ဖက်ကို ဖြန့်ကြက်ထားသည်နှင့် တူလှ၏။ သည်တံတားကြီး၏ ခန့်ထည်ကြီးမားပုံသည် မြင်ရသူတိုင်းအား ခွန်အားဖြစ်စေသည်ဟု ဆိုကြ၏။ မာတင်ရို့သ်အတွက်မူ သည်ည ပြောင်းပြန်အဓိပ္ပာယ် ထွက်နေသည်။

ကိုယ့်ကိုယ်ကို ဘယ်လောက်ပဲ ခွန်အားကြီးမားသည်ဟု ထင်နေကြစေကာမူ ရင်ထဲမှ ဆန္ဒအစွဲအလမ်းတစ်ခုကို ချိုးနှိမ်ဖို့ကြတော့ အားနည်းတတ်ကြပါကလားဟူသည့် လောကအမြင်ကို ဆင်ခြင်မိသည်။ သည်မနက်ပင် ကိုယ့်ဘဝကိုယ် ကျေနပ်နှစ်သိမ့်နေခဲ့သေးသည်။ ဘာမျှ လိုလေသေး မရှိသည့် ဘဝ။ မိုတော့ တည်ငြိမ်အေးချမ်းသည့် ဘဝရေမျက်နှာပြင်သည် ဂယက်လှိုင်းများ ရုတ်ချည်းထကာ အကျည်းတန်သွားချေပြီ။

ဂျင်နီမက်ကွိုင်းနှင့် လုံးဝမမျှော်လင့်ဘဲ ပြန်လည်ဆုံစည်းရခြင်းကြောင့် ငယ်အိပ်မက်တို့ မလွင့်ပြယ်သေးကြောင်း အံ့သြစွာ တွေ့ရသည့်နေ့။ သည်တော့မှ သည်ကလေးမကို ဘယ်၍ဘယ်မျှ ချစ်ခဲ့ကြောင်း၊ ရင်မှာ တွယ်တာခဲ့ရကြောင်းကို နားလည်ရ၏။

နှစ်ဆယ့်ငါးနှစ်ကြီးများတောင် ကြာမြင့်ခဲ့ပြီပဲ၊ ငယ်ဘဝတို့ အရောင်ပြယ်သင့်ပြီပေါ့၊ မေ့ဖို့ ကြိုးစားခဲ့ပါသည်။ အချိန်၏ ကုစားမှုဖြင့် မေ့နိုင်ပြီဟူ၍လည်း ထင်ခဲ့၏။ ဆိုခဲ့သလို ငယ်အိပ်မက်ပမာ ရေးရေးမျှသာ ထင်ကျန်တော့သည့် ချစ်ပုံပြင်ကလေးတစ်ခု၊ အဲ. . . မနေ့က အထိ ဆိုပါတော့ . . . .။

ဖြန်းခနဲ မတ်တပ်ထရပ်လိုက်သည်။ မွေးရှည် ကော်ဇောကြီးပေါ်





တွင် နင်းပြီး နံရံတစ်ဘက်မှ မှန်ဆီသို့ လျှောက်သွားသည်။ သောကကို ကြိတ်မှိတ်ခံစားနေရသည့်မျက်နှာကို မှန်ထဲတွင် တွေ့ရသည်။ အရောင် အဆင်းမရှိတော့သလို ဖျော့ရော်နေ၏။ မှန်ထဲမှရုပ်သွင်ကို မာတင်ငေးကြည့် နေသည်။ ငါးဆယ့်သုံးနှစ်အရွယ်တွင် နုပျိုနေဆဲဟု အမြဲထင်ခဲ့၏။ ဝမ်းဗိုက် သားတွေ ချပ်ချပ်ရပ်ရပ်ရှိနေဆဲ။ ယခုတော့ ရုတ်ချည်းအိုမင်းရင့်ရော်သွားခဲ့ လေပြီ။

ဂျင်နီကို ဆုံးပြီးကတည်းက ကိုယ့်ကိုကိုယ်ထိန်း၍ ဘဝကို တည့်တည့်မတ်မတ်၊ အခုံ့အခိုင် တည်ဆောက်ခဲ့သည်။ မိဘလုပ်ငန်းကို ဦးစီးပြီး မိဘပေးစားသည့် မိန်းကလေးနှင့်လက်ထပ်ကာ သားသမီးတွေ ပွားစည်းခဲ့သည်။

ဂျင်နီနှင့် ပြန်တွေ့ပြီးမှ မိနစ်ပိုင်းအတွင်း ကိုယ့်ဘဝကိုယ် အဓိပ္ပာယ်မရှိဟု မြင်လာခြင်း။ အချစ်ဟောင်းနှင့် အမှတ်မထင် ပြန်တွေ့ကြခြင်း ဖြစ်သည်။ အချိန်ကာလ၏တိုက်စားမှုကို မခံရသလို ဂျင်နီတစ်ယောက် လှနေဆဲဖြစ်၏။ အိုင်ယာလန်သွေးကို ဖော်ကျူးသည့် ပယင်းရောင်မျက်လုံးများက အရောင်လက်ဆဲ၊ သကာရောင်ဆံပင်တွေကလည်း လွန်ခဲ့သည့် နှစ်အစိတ်အတိုင်းပင်။ မယုံနိုင်စရာ ပါကလား၊ လေးဆယ်ကျော်အရွယ်တွင် ဂျင်နီသည် ဟိုးငယ်ငယ်ကထက်ပင် ပိုလှနေသည်။

ဖန်ခွက်ထဲတွင် ရေခဲတုံးလေးများခံပြီး ဝီစကီနှင့်ဆိုဒါရောထည့် သည်။ အားရပါးရ မော့လိုက်ပြီး စားပွဲတွင်ပြန်ထိုင်သည်။ ဘုရားသခင် . . . ဘုရားသခင် အချိန်တွေ ဘယ်လိုကုန်သွားကြပါလိမ့်။ သည့်မျှရှည်လျား လှသောနေ့ရက်တွေကို ဘယ်လိုကျော်ဖြတ်ခဲ့ပါလိမ့်။

မာတင်ရို့သ်ကို ဆန်ဖရန်စစ္စကိုတွင် အချမ်းသာဆုံး ဂျူးမိသားစုမှ မွေးဖွားခဲ့သည်။ ဇနီးဖြစ်သူ ဆိုဖီယာမှာလည်း အမျိုးတူအလွှာတူ၊ ဘာသာတူ ဖြစ်သည်။ ဆိုဖီယာလို မိန်းကလေးနှင့်လက်ထပ်ဖို့ ဖြစ်လာတော့ ငြင်းစရာ တစ်ကွက်မှရှာမရခဲ့။ ဆိုဖီယာသည် အလွန်ပြည့်ဝသည့် ဇနီးကောင်း တစ်ယောက် ဖြစ်ခဲ့သည်။

ဂျင်နီ့ကို မမေ့သေးဘဲ နှစ်ပေါင်းများစွာ ကိုယ့်ကိုကိုယ် လှည့်စား ခဲ့ကြောင်း ယနေ့မှ သိလာရခြင်းဖြစ်၏။ ဂျင်နီသည် မိမိ၏ အချိတ်ဘဝ လိပ်ပြာမယ်အဖြစ်မှလွင့်ပြယ်ခဲ့ပြီဟု ထင်စားခဲ့ခြင်းမှာ တိမ်သလ္လာဖုံးနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် အမြင်တုမျှသာ ပါတကား။

ကြာသပတေးနေ့မှာ ဆီဗီယာ မြို့ထဲသို့ ဈေးဝယ်ထွက်သည့်နေ့ဖြစ်သည်။ သစ်တောရပ်ကွက်နေအိမ်မှ ထွက်လာပြီး လင်တော်မောင်နှင့် အတူတူ နေ့လည်စာ စားလေ့ရှိသည်။ ပြီးမှ ဝယ်စရာရှိသည်ကို ထွက်ဝယ်ကာ အိမ်ပြန်လေ့ရှိသည်။ ကျန်သည့်ရက်များမှာတော့ ဧည့်သည်တွေကို အိမ်တွင် ညစာဖိတ်ကျွေးလေ့ရှိသည်။ ဧည့်ခံပွဲများသို့ သွားသည့်အခါ သွားသည်။ ရုပ်ရှင်နှင့် ကဇာတ်များလည်း ကြည့်လေ့ရှိသည်။ ထုံးစံအတိုင်း နေ့လည်စာစားပြီး စိန့်ဖရန်စစ် ဟိုတယ်ထဲမှ အပြင်သို့ ထွက်ခဲ့ကြသည်။ ပြည်ထောင်စုပန်းခြံထဲတွင် ကလေးတွေစုပြီး ခရစ္စမတ်သီချင်းဆိုဖို့ ပြင်ဆင်နေကြသည်။ ဆီဗီယာက ချစ်လင်ကို အနမ်းဖြင့် နှုတ်ဆက်ရင်း . . . .

'ဒီည ဂရန့်တို့-လင်မယားလဲ ပါမှာနော်၊ မောင် ကောင်းကောင်း မွန်မွန် ဆက်ဆံပါကွယ် . . . . နော်'

'အလို . . . မောင်ဘယ်တုန်းက ရိုင်းရိုင်းပျပျဆက်ဆံလို့လဲ'

'ရိုင်းတော့ မရိုင်းပါဘူး၊ ဒါပေမယ့် မောင်က စိတ်မပါရင် မပါသလို နေတတ်လို့ပါ၊ ပြီးတော့ နိုင်ငံရေးတွေ မပြောကြပါနဲ့ကွယ်၊ ဆီဗီယာ စိတ်ညစ်လွန်းလို့'

'မောင် ကြိုးစားပါ့မယ်လေ'

ဆီဗီယာ ပြုံးသည်။

'မောင်ဟာလေ သိပ်ကို ချစ်ဖို့ကောင်းတာ၊ စိတ်ပါလက်ပါ ရှိတဲ့အခါ ပြောတာ'

ဆီဗီယာ ထွက်သွားလို့ လမ်းတစ်ဘက်သို့ ကူးမည့်ဆဲဆဲတွင် ဂျင်နီကို လှမ်းမြင်လိုက်ခြင်း ဖြစ်၏။ ပထမတော့ အိပ်မက်များလားဟု ကြောင်နေမိသေးသည်။ ရင်တွေ တဒိုင်းဒိုင်းခုန်ပြီး ကြက်သေ သေနေသည်။ အတန်ကြာမှ သတိရပြီး မီးစိမ်းသည်အထိ မစောင့်တော့ဘဲ ကားတွေ ရှုပ်ပွေနေသည့် ကြားထဲမှ လမ်းတစ်ဘက်ကို အတင်းဖြတ်ပြေးခဲ့သည်။

'ဂျင်နီ . . . . ဂျင်နီ'

နောက်မှ အော်ခေါ်ပြီး ပြေးလိုက်သွားသည်။

မယုံရဲ ယုံရဲဖြင့် ဂျင်နီနောက်သို့ လှည့်ကြည့်သည်၊ ဘုရားသခင် . . . . ဘုရားသခင်၊ လူတောထဲတွင် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိကြသည်။





'တကယ်မှ ဟုတ်ရဲ့လားဟင်'

ဂျင်နီ့နှုတ်မှ အမှတ်မထင် ထွက်သွားသည့် စကားလုံးများ။ မာတင်က ခေါင်းယမ်းပြီး . . . . .

'ကြည့်စမ်း၊ စက္ကန့်ဝက်လောက်သာ နောက်ကျသွားရင် တွေ့တော့မှာ မဟုတ်ဘူး'

'နောက်ကနေတွေ့တာတောင် မှတ်မိနေတယ် ဟုတ်လား'

'ဒီလမ်းလျှောက်ပုံကို ဘယ်သူမမှတ်မိပဲ နေမလဲကွယ်'

'ဒါလောက်ကြာခဲ့ပြီးမှလေ'

'ဘယ်လောက်ကြာကြာပါ ဂျင်နီ၊ မင်းဘာမှ မပြောင်းလဲသေးဘူးနော်'

ဂျင်နီရယ်သည်။

'မဟုတ်တာကွယ်၊ သိပ်ပြောင်းလဲတာပေါ့၊ အစ်ကိုကတော့ နုတုန်းပဲနော်'

'ဟုတ်လား၊ ကျေးဇူးပဲ ဂျင်နီရယ်၊ အစ်ကို တကယ်ပြောတာ၊ မင်းကို ကြည့်ရတာ လွန်ခဲ့တဲ့နှစ်ဆယ့်ငါးနှစ်ကို ပြန်ရောက်သွားသလိုပဲ'

'အို . . . မဟုတ်တာပဲ အစ်ကိုရယ်၊ အားလုံး အဆင်ပြေပြေပဲ မဟုတ်လား၊ အစ်ကို့ဘဝက အဆင်မပြေစရာ မရှိပါဘူးလေ'

'အင်း . . . . . ဆိုပါတော့၊ မင်းကောဟင် ဂျင်နီ'

'ခု . . . . . လောလောဆယ်တော့ လွင့်နေတာပဲ၊ ခရီးတွေ ဆက်တိုက် ထွက်ဖြစ်နေတယ် အစ်ကို'

'ခု ဆန်ဖရန်စစ္စကိုမှာ ဘာလုပ်နေလဲဟင်'

ဂျင်နီ ခဏတွေသွားသည်။

'ဂျင်နီ အလုပ်လုပ်နေတဲ့ ကုမ္ပဏီကိစ္စနဲ့ ဂျပန်ကို သွားမလို့လေ'

'ဘယ်မှာ တည်းနေလဲ'

'ဖဲယားမောင့် ဟိုတယ်မှာ'

'ဘယ်လောက် ကြာကြာနေဦးမှာလဲ'

'မနက်ဖြန် အထိပဲ၊ ည ခုနစ်နာရီမှာ လေယာဉ်ပျံထွက်မယ်လေ'

'ဟုတ်လား၊ ဒါဆို မနက်ဖြန်နေ့ခင်းပိုင်း အတူတူစားကြသောက်ကြရအောင်လား ဂျင်နီ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုက အဲဒီလို လုပ်သင့်တယ် ထင်တယ်လား၊ သင့်တော်ပါ့မလား အစ်ကိုရယ်'

'ဘာမသင့်တော်စရာ ရှိလဲကွယ်၊ ကြုံတောင့်ကြုံခဲ ဆုံတုန်းကိုယ်တွေ့ပါရစေနော် ဂျင်နီ'

'ပြစ်မှုကျူးလွန်ရာတော့ မရောက်ကောင်းပါဘူးနော်'

'ဘယ်နာမည်ကို မေးရမှာလဲဟင်'

'ဂျင်နီမက်ကွိုင်းပါပဲ အစ်ကို၊ အစ်ကိုနဲ့ တွေ့စက နာမည်အတိုင်းပါပဲ၊ ပြန်တွေ့ရတာ သိပ်အံ့ဩစရာကောင်းတာပဲနော်'

ရင်ခွင်ထဲသို့ ဆွဲပွေ့ထားလိုက်ချင်၏။ သို့သော် 'အစ်ကို လာခဲ့မယ်နော်'ဟုသာ ပြောပြီး လှုချင်းခဲ့လိုက်ရသည်။ ကုန်တိုက်ကြီး တစ်ခုထဲသို့ ဂျင်နီ ဝင်သွားသည်။ ရုံးသို့ ဘယ်လိုပြန်ရောက်လာမှန်း မာတင် မသိလိုက်။ ဝက်သစ်ချတံခါးရွက်ကြီး ရှေ့တွင်ရပ်ပြီး နာမည်ဆိုင်းဘုတ်တွေကိုငေးကြည့်နေ၏။ မိမိနာမည်ကို သည်နေရာတွင် အဖေထည့်ပေးစဉ်က မာတင်တစ်ယောက် ဝေခွဲမရဖြစ်ခဲ့သည်။ လွန်ခဲ့သည့် နှစ်ကိုးဆယ်က တည်ထောင်ခဲ့သည့် ဘိုးဘွားပိုင်ကုမ္ပဏီကြီး။

သည်အသိုက်အဝန်းတွင် မိမိလူဖြစ်မလာလျှင် ဒါမှမဟုတ် 'ရှိုသ်' ကုမ္ပဏီကြီး၏ အမွေစားအမွေခံဖြစ်မလာလျှင်၊ ပြီးတော့ ဂျင်နီ မက်ကွိုင်းသည်သာ အယူသည်းသည့် အိုင်ယာလန်ဘရင်ဂျီဘာသာဝင် မဟုတ်ခဲ့လျှင် ဘဝအဓိပ္ပာယ်သည် တစ်မျိုးတစ်ဖုံဖြစ်လေမည် မုချ။ ဂျင်နီနှင့်ပြန်လည်ဆုံစည်းရခြင်းကြောင့် မိရိုးဖလာအိမ်ထောင်ရေး လမ်းကြောင်းကို ဆက်လျှောက်ဖို့ အဟန့်အတားသဖွယ် ဖြစ်လေမည်လား။ မိမိ၏ ဒုတိယအသံကို ကြားယောင်လာသည်။

သားကို ခွင့်လွှတ်ပါ ဖေဖေ၊ သားကို ဖေဖေ အားမလို အားမရခဲ့တာတွေ အများကြီးရှိတယ်ဆိုတာ သားသိပါတယ်၊ ဒါပေမယ့် ဂျင်နီနဲ့ ပတ်သက်လို့ ဖေဖေတို့ စိတ်တိုင်းကျ သားလိုက်နာခဲ့ပါတယ်၊ သား တစ်ချိန်က သူ့ကို စွန့်ပစ်ခဲ့ပြီးပါပြီ။ ဒီအမှားမျိုးကို သားနောက်ထပ် မကျူးလွန်ပါရစေနဲ့၊ သားကို ခွင့်လွှတ်ပါ ဖေဖေ၊ သားရဲ့ဘဝမှာ အကြီးမားဆုံးဆန္ဒကို အကောင်အထည်ဖော်ဖို့ အခွင့်အရေးရှိတယ်လို့ သဘောပေါက်လာပါပြီ။ ဘယ်သူ့ကိုမှ ထိခိုက်စေလိုတဲ့ ဆန္ဒမရှိပါ။ ဒါပေမယ့် ကျွန်တော့်ရင်ထဲက တွန်းကန်အား





ကို ကျွန်တော် မတားဆီးနိုင်တော့ပါဘူး ဖေဖေ . . . . .။

အတွေးစကို ဖြတ်ဖြတ်ပြီး တံခါးမကြီးကို ဖွင့်ကာ ရုံးခန်းဆီသို့ လျှောက်လာခဲ့သည်။ ရုံးတွင် အလုပ်တွေကို တိုတိုတုတ်တုတ်ဖြတ်ကာ ထိုင်ငိုင်နေသည်။ ညနေ ခြောက်နာရီ ထိုးပြီ။

'ကျွန်မ ဘာလုပ်စရာရှိသေးလဲ ဆရာ'

အင်း . . . ခရစ္စမတ် အဖိတ်နေ့ပဲ သူပြန်ချင်ရောပေါ့။

'ပြန်လေ . . . . . မင်းဘာလို့ စောင့်နေသလဲ'

နန်စီက ပြုံးပြီး

'အလုပ်ကလေးတွေ မပြတ်သေးလို့ပါ ဆရာ၊ ဒါဖြင့် ကျွန်မပြန်မယ်နော်၊ ပျော်စရာခရစ္စမတ်ဖြစ်ပါစေ ဆရာ'

မာတင်ကလည်း အလားတူ ဆုတောင်းလိုက်သည်။ နန်စီထွက်သွားသည်။ ဖန်ခွက်ထဲမှလက်ကျန်ကို တစိမ့်စိမ့်သောက်နေသည်။ အပြင်တွင် လုံးဝမှောင်သွားမှ နှင်းကာအင်္ကျီကို ဆွဲကာ ရုံးခန်းထဲမှ ထွက်ခဲ့သည်။ ခုနစ်နာရီခွဲမှ အိမ်ပြန်ရောက်သည်။ ဆီဗီယာက မိတ်ကပ်လိမ်းနေရင်း

'မောင်ကလဲ နောက်ကျလိုက်တာကွယ်'

'ဟုတ်တယ် ဆီဗီယာ ကိုယ်တောင်းပန်ပါတယ်ကွာ'

'နောက်ကျမယ်ဆိုရင်လဲ ဖုန်းလေးဘာလေး ဆက်ရောပေါ့'

'မင်းပြောတာ ဟုတ်ပါတယ်၊ ကိုယ်တောင်းပန်ပါတယ် ဆိုနေ'

'ကဲ . . . ဒါဖြင့် လုပ်လေ၊ အဝတ်လဲဖို့ မိနစ်နှစ်ဆယ်ပဲ အချိန်ရမယ်၊ အဝတ်အစားတွေအားလုံး အသင့်လုပ်ထားတယ်'

လင်တော်မောင် အဝတ်လဲနေသည်ကို စောင့်ကြည့်ရင်း ဆီဗီယာ သနားသွားသည်။ သူ့ခမျာ သိပ်ပင်ပန်းနေပုံပဲ။ ချော့မြူသည့် အသံဖြင့်

'ဝီစကီ နည်းနည်းသွားစပ်ပေးမယ်နော်၊ မောင်သောက်မယ် မဟုတ်လားဟင်'

'ကောင်းတာပေါ့ကွာ'

လောလောဆယ်တစ်ခွက်လောက် ချချင်နေသည်နှင့်အတော်ပင်။ ဒါမှ စိတ်ငြိမ်သွားမည်။ ဆီဗီယာဟာ ငါ့ဇနီး၊ ငါချစ်သူဆိုတာ မမေ့မလျော့ဖို့ ကြိုးစားရမည်။ ဂျင်နီဆိုတာက ပျော်စရာမကောင်းလှတဲ့ အိပ်မက်တစ်ခုပဲ။ ပြီးတော့ ရာစုနှစ်တစ်ခုရဲ့ လေးပုံတစ်ပုံမျှ ကြာခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်လဲပြီးချိန်တွင် ဆီဗီယာ ယမကာခွက်နှင့် ပြန်ရောက်လာသည်။ လင်တော်မောင်၏ ပါးပြင်ကို မွှေးမွှေးပေးရင်း . . . . . .

'ရှော့လေ၊ တစ်ခါတစ်ခါ ဆီဗီယာ မောင့်ကို သိပ်ပြီး နားပူနားဆာ လုပ်တာပဲနော်'

'ကိုယ်နောက်ကျလို့လုပ်တာပဲ မိန်းမရာ၊ ကိုယ်စိတ်မကောင်းပါဘူး'

'ဆီဗီယာလဲ ပြောမိတဲ့အတွက် စိတ်မကောင်းပါဘူး မောင်ရယ်၊ ကဲ. . . . . မြန်မြန်လုပ် ကားအဆင်သင့်လုပ်ထားဖို့ သွားပြောလိုက်မယ်'

အရက်စုံပါတီများကို မာတင်စိတ်မဝင်စားပေ။ မိန်းမအလိုလိုက်ပြီး သွားနေရခြင်းဖြစ်၏။ ညေ့ခံပွဲသို့ သူတို့ရောက်သွားချိန်တွင် လူတွေစည်ကားနေပြီ။ သူတို့စုံတွဲကို ဝမ်းသာအယ်လဲ ကြိုဆိုကြ၏။ ဆီဗီယာက သူ့အပေါင်းအသင်းတွေနှင့် ရောနှောပါသွားသည်။ အခန်းကြီးထဲတွင် မာတင်တစ်ယောက် ယောက်လည်လည် ကျန်ရစ်၏။ စကားသံများက သူ့နားထဲ အပိုင်းပိုင်းအပြတ်ပြတ် တိုးဝှေ့ဝင်ရောက်နေ၏။

'ဒီလိုညမျိုးမှာ ဒီအဝတ်အစားမျိုးကို သူမို့ ဝတ်လာရဲတယ်နော်'

မာတင် ဆက်လျှောက်သွားသည်။

'သူတို့ ဖြစ်နေကြတာကြာပြီတဲ့အေ့၊ ညည်းသိလားဟင်'

အနားရောက်လာသည့် စားပွဲထိုးတစ်ယောက်၏ လင်ပန်းထဲမှ ဝီစကီတစ်ခွက်လှမ်းယူပြီး လူရှင်းသည့်ထောင့်တစ်ထောင့်သို့ ထွက်လာခဲ့သည်။ ဆီဗီယာလက်မောင်းကို လာပုတ်မှ သတိပြန်ဝင်လာသည်။

'တစ်ယောက်တည်း ဒီချောင်မှာ ဘာလာလုပ်နေတာလဲ ဟင်'

'လူတွေနဲ့ဝေးရာကို လာရှောင်နေတာလေ'

ဆီဗီယာ စိတ်မကောင်း ဖြစ်သွားသည်။ လူသိပ်များသည့် ညေ့ခံပွဲများကို သူမကြိုက်တတ်မှန်း ဆီဗီယာသိသည်။ သို့သော်သည် အသိုက်အဝန်းကို ရှောင်ဖို့ခက်လှ၏။ သူတို့နှစ်ယောက်မှာ မယားက ပင်လယ်ကမ်းခြေကို သဘောကျပြီး လင်က တောင်ပေါ်ဒေသတွင် ပျော်သည့် လင်မယားနှင့် တူနေ၏။ ဆီဗီယာက အတွေးကို ဖြတ်ပြီး . . . . . .

'မောင် စိတ်အနှောင့်အယှက် ဖြစ်နေလားဟင်၊ လာလေ၊ ဒါဖြင့် ဗိုက်ပြည့်လိုက်ကြရအောင်နော်'

စိတ်ထဲ စနိုးစနောင့် ဖြစ်သွားသည်။ ဂျင်နီနှင့် မတွေ့ရသေးခင်





မိမိစိတ်အနှောင့်အယှက် ဖြစ်နေသည်ကို ဇနီးလုပ်သူ သိနေပြီကော။ ဆီဗီယာက သူ့လက်ကိုဆွဲပြီး ကိုယ်တိုင်ယူစနစ်ဖြင့် စားသောက်ရမည့် စားပွဲဆီသို့ ခေါ်သွားသည်။ ဟင်းလျာတွေက အဆင့်အတန်းမြင့်လှပါပေသည်။ စုံလှပါပေသည်။ ဆီဗီယာက ပုစွန်ထုပ်ကြီးကို မြည်းကြည့်ရင်း . . . . .

'ကောင်းလိုက်တာမောင်ရယ်. . . စားလေ'

မာတင်က ဟင်းလျာတွေကို ခပ်ကြောင်ကြောင်ငေးကြည့် နေ၏၊ ဆီဗီယာ ခုမှ အထိတ်တလန့်ဖြစ်သွားသည်။ စားကောင်းသောက်ဖွယ်ကို အလွန်ကြိုက်တတ်သည့် ချစ်လင်၊ တို့ကာပုတ်ကာသာ စားပြီး ပရိသတ်ထဲဝင်သည်။ အိမ်ရှင်နှင့် အသိအကျွမ်းတွေကို ဝတ်ကျေဝတ်ကုန် နှုတ်ဆက်သည်။ အိမ်ပြန်ရောက်တော့ တန်းပြီး အိပ်ရာဝင်သည်။ ဆီဗီယာက လင်လုပ်သူ၏ အကြောကို နောကျေအောင်သိသည့် မိန်းမ။ စပ်စပ်စုစုလုပ်သည်ကို သူမကြိုက်မှန်းသိသည်။ သို့သော်၊ သို့သော် ဘုရားသခင်. . . ဘုရားသခင် . . . ဆီဗီယာ၏ စိုးရိမ်စိတ်တွေ ထိပ်ရောက်သွားသည်။ လွန်ခဲ့သည့် ရက်အနည်းငယ်က နှစ်စဉ်လုပ်နေကျအတိုင်း သူဆေးစစ်ခံသည်။

တစ်ခုခုများ ဘုရားသခင်၊ ဘုရားသခင်. . . လွန်ခဲ့သည့် နှစ်အတွင်း မာတင့် သူငယ်ချင်းသုံးယောက် နှလုံးရောဂါဖြင့် ရုတ်တရက် သေဆုံးခဲ့ကြသည်။ ဆီဗီယာ ဆက်မတွေးရဲတော့။ သို့သော် မမေးဘဲလဲ မနေနိုင်တော့။

'မောင် နေကောင်းရဲ့လားဟင်'

'ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ ဆီဗီယာ'

ဆီဗီယာ ပခုံးတွန့်ပြီး . . . . .

'မသိဘူး မောင်၊ မောင့်ကြည့်ရတာ တစ်မျိုးကြီး ဖြစ်နေလားလို့'

ခုတင်ချင်းယှဉ်လျက် အိပ်နေကြရင်း စကားမဆက်ဘဲ အတွေးကိုယ်စီဖြင့် ငြိမ်နေကြသည်။ ဆီဗီယာအနေဖြင့် အထီးကျန် ဝေဒနာကို ထူးထူးခြားခြား ခံစားရသည့် ည။ မအောင့်အီးနိုင်သည့် အဆုံး . . . . .

'မောင် တစ်ခုခုအတွက် သောကဖြစ်နေတာများ ရှိလို့လား ဟင်၊ ဆီဗီယာ စိတ်ပူလို့ပါ မောင်ရယ်'

မာတင့် ရင်ခုန်သံတွေ မြန်လာသည်။ ဆီဗီယာ့တွင် ဆဌမမြောက် အာရုံများ ရှိနေပြီလား။ မာတင် အထိတ်တလန့် ဖြစ်သွားသည်။ ဇနီးသည်



www.burmeseclassic.com

www.burmeseclassic.com



ကို ထိခိုက်နာကျင်မည်စိုးသည့် ထိတ်လန့်ခြင်းမျိုး။

'စကားပြောပါဦး မောင်ရယ်၊ ဆီဗီယာ့စိတ်ထဲ တစ်မျိုးကြီးပဲ၊ မောင့်မှာ မထွေးနိုင် မမျိုနိုင်ဖြစ်နေတဲ့ ပြဿနာများရှိနေလား ဟင်'

'အို. . . ကတ်သီးကတ်သတ်ကွာ ဆီဗီယာကလဲ'

သူ ပျာပျာသလဲ ငြင်းသည်။

'သေချာရဲ့လား မောင်ရယ်'

'ခက်လိုက်တာကွာ၊ ဘာမှ မဖြစ်ပါဘူးဆို'

'ဆီဗီယာ စိတ်ပူတတ်မှန်း မောင်သိပါတယ်ကွယ်'

'အေးပါ၊ သိပါတယ်၊ ဒါကြောင့် ဘာမှ မဖြစ်ပါဘူးလို့ ထပ်ခါထပ်ခါ ပြောနေတယ်လေ'

ဆီဗီယာ သက်ပြင်းချသည်။ သူ့ကျန်းမာရေးကိစ္စ ဘာတစ်ခွန်းမှ မပြောပါလား။ မီးပိတ်လိုက်ပြီး

'ကဲ . . . ကဲ အိပ်ပျော်အောင် အိပ်လိုက်၊ မောင်ပင်ပန်းလှပြီ၊ မောင့်ကို ဆီဗီယာ သိပ်ချစ်တယ်'

လက်ကို ခေါင်းအောက်တွင် ပတ္တာဆက်ပြီး မျက်နှာကြက်ကို စိုက်ကြည့်နေရင်း မာတင် ဦးနှောက်တွေ ဆူဝေလာသည်။ သည်လောက်ငြိမ်းချမ်းတဲ့ ဘဝကို ကိုင်လှုပ်ဖို့ ဖန်တီးလာသည့် အခြေအနေအား ကျိတ်ပြီး ကျိန်ဆဲလိုက်ရင်း . . . . .

'မောင်လဲ မင်းကို ချစ်ပါတယ် ဆီဗီယာရယ်'

တကယ်လည်း ချစ်ပါသည်။ သို့သော် ဖြစ်စေချင်သည့် အချစ်မျိုးတော့ ရာနှုန်းပြည့်မဟုတ်။

♠ ♠ ♠



(၂)

ဘယ်လိုမှ အိပ်ပျော်ခြင်းသို့ မရောက်သည့် ည။ အတွေးကမ္ဘာတွင် ဂျင်နီနှင့်သာ ချာချာလည်နေ၏။ စတွေ့ကတည်းက ပြဿနာနှင့်နီဒါန်းပျိုးခဲ့ရသည့် အဖြစ်။ ဂျင်နီက ဘာသာရေးအလွန် ကိုင်းရှိုင်းသည့် ဘုရင်ကျိုဘာသာဝင်။ မိမိက ဂျူးလူမျိုးစစ်စစ်။ ဒုတိယ ကမ္ဘာစစ်ပြီးစ ကာလမို့လည်း ကွာဟမှုက ပိုမိုနက်ရှိုင်းနေခြင်း ဖြစ်၏။

မိမိအနေဖြင့် ဘာသာရေးကို စွန့်ဖို့ဆိုသည်မှာ မည်သို့မှမဖြစ်နိုင်သည့် ကိစ္စ။ မိသားစုရိုးရာအစဉ်အလာနှင့် အနှောင်အဖွဲ့တွေက ကြီးမားလွန်းသည်။ သည်လို ကြီးမားရသည့်အထဲတွင် ဟစ်တလာက ဂျူးတို့ကိုးကွယ်သည့် ယုဒသာသနာကိုပို၍ ပြင်းထန်အောင် လုပ်ပေးခဲ့သေးသည်။

ပြင်သစ်နိုင်ငံတွင် ၁၉ ရာစု နှစ်ဦးပိုင်း၌ ပေါ်ပေါက်ခဲ့သည့် ဂျူးဆန့်ကျင်ရေးဝါဒကြောင့် အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့ကြသည့် ဂျူးများထဲတွင် မာတင်တို့ အဘေးတစ်ယောက်အပါအဝင်ဖြစ်သည်။ ပြင်သစ် တော်လှန်ရေးကြီးပြီးတော့ နပိုလီယံက သီးသန့်ဂျူးရပ်ကွက်တွေ ဖျက်သိမ်းပေးခဲ့ရ၏၊



www.burmeseclassic.com

www.burmeseclassic.com



ဂျူးတို့သည် ပြင်သစ်နိုင်ငံသားအဖြစ် ခံယူနိုင်ကြတော့မည် အထင်ဖြင့် တော်လှန်ရေးကြီးကို ကြိုဆိုခဲ့ကြသည်။ တော်လှန်ရေးတွင် ဂျူးလူမျိုးအများအပြား သွေးမြေကျခံကာ ပါဝင်ခဲ့ကြသည်။ သို့သော် သူတို့အတွက် ဘာမှမထူးခြားခဲ့။ မြေယာပိုင်ဆိုင်ခွင့် မရှိ၊ တက္ကသိုလ်ပညာသင်ယူခွင့် မရှိ၊ ဖိနှိပ်မှုတွေက တော်လှန်ရေးမတိုင်မီ ကာလထက်ပင် ပြင်းထန်လာသည်။ ဤတွင် ရုရှား၊ ပိုလန်၊ ဟန်ဂေရီနှင့် ဂျာမနီနိုင်ငံတို့သို့ အများအပြား ထွက်ပြေးကြသည်။

အမေရိကန်သည် လွတ်လပ်သည့်နိုင်ငံအဖြစ် နာမည်ကြီးလျက်ရှိသည်။ အလွန့်အလွန် လွတ်လပ်ချင်နေသော မာတင်တို့အဘေး အီဖရာအင် ရိုသန်ဘာဂျာသည် နီးရာနိုင်ငံတွင် ခိုလှုံဖို့ စိတ်မကူးဘဲ အမေရိကန်သို့ စွန့်စွန့်စားစားထွက်ပြေးသည့်အုပ်စုနှင့် လိုက်ပါခဲ့သည်။ မိသားစုကို နောက်မှ ခေါ်ယူမည်ဟူသည့် ရည်ရွယ်ချက်ဖြင့် တစ်ကိုယ်တည်း ထွက်ခဲ့ခြင်းဖြစ်၏။ ထိုစဉ်က သူ့အသက်မှာ နှစ်ဆယ်မျှသာ ရှိသေး၏။ ကျောပိုးအိတ်တစ်လုံးကို လွယ်ကာ ပါရီမှထွက်ခဲ့၏။ မာဆေးအထိ ခြေလျင်လျှောက်ပြီး ကုန်တင်သင်္ဘောကြီးတစ်စင်းတွင် မီးသွေးကျုံးသမားဘဝဖြင့် ဥရောပမှ ထွက်ခဲ့သည်။ မိုးသက်လေပြင်းနှင့် အကြိမ်ကြိမ်ကြုံပြီး တစ်လမ်းလုံး မူးဝေအော့အန်ကြ၏။ ခြောက်ပတ်အကြာတွင် နယူးယောက်ကို လှမ်းမြင်ရသည်။ မိန်းမတွေ၊ ကလေးတွေ ဝမ်းသာလွန်းလို့ အော်ဟစ် ငိုယိုကြသည်။ အချို့မှာ ဝေဒနာပြတ်ဖျားနာလာကြ၍ ငိုဖို့ပင် အင်အားမရှိကြ။ တစ်ဦးကို တစ်ဦး ဖေးဖေးမမဖြင့် တွဲခေါ်ကြရသည်။

အီဖရာအင်သည် ဘာသာတရားကို ကိုင်းရှိုင်းရိုသေသူ ဖြစ်၏။ ဘုရားသခင်ကျေးဇူးတော်ကြောင့်သာ လွတ်မြောက်သော ဘဝကို ရောက်လာခြင်း ဖြစ်သည်ဟု ယုံကြည်၏။ သင်္ဘောပေါ်မှ ဆင်းနေကြသော လူအုပ်ကြီးကို ကရုဏာသက်စွာ ငေးကြည့်နေ၏။ အတန်ကြာမှ ကျောပိုးအိတ်ကို လွယ်ကာ လူအုပ်ကြီးနှင့် ရောဆင်းခဲ့သည်။ ဆိပ်ကမ်းရုံးတွင် ပိုက်ဆံသွားထုတ်ရသည်။ ရက်ပေါင်း လေးဆယ်ကျော် လူရုပ်မပေါ်အောင် မနားမနေ လုပ်ခဲ့ရသည့်အတွက် လုပ်အားခမှာ ဒေါ်လာ ၄၀။ မောရှေသည် အမိဣသရေလမြေသို့ ရောက်အောင် နှစ်ပေါင်း ၄၀ ကြာ ခရီးနှင်ခဲ့ရသည်. . . မမွှေပောင်း ကျမ်းစာကို သတိရမိတော့ မိမိဒုက္ခမှာ ဘာမှမပြောပလောက်ပါ



ကလားဟု ပြုံးမိသည်။

ဒေါ်လာ ၄၀ ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဆိပ်ကမ်းရုံးထဲမှ ထွက်လာခဲ့ကြသည်။ မိုးတွေလေတွေ ကျနေသည့်အထဲက နယူးယောက်သည် တောက်ပနေ၏။ အခွင့်အလမ်းတွေ အများကြီး ရှိနေသည့်မြို့ဖြစ်ကြောင်း ပြဆိုနေဘိသို့။ တစ်ညလျှင် ၂၅ ဆင့်သာ ပေးရသည့် အပေါစားတည်းခိုခန်းတစ်ခုတွေ့သည်။ သံခုတင်ပေါ် လှဲချလိုက်သည်နှင့် တန်းအိပ်ပျော်သွားတော့၏။

မနက် မိုးစင်စင်လင်းမှ နိုးလာသည်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ အခန်းကြီးထဲတွင် သူလိုလူတွေ အများကြီး၊ နွမ်းနွမ်းပါးပါး စုတ်စုတ်ပြတ်ပြတ်တွေချည်း။ အားလုံးစိတ်ဓာတ် ကျနေသည့်ပုံမျိုး။ သူတို့ကို ကြည့်ပြီး အားတင်းလိုက်သည်။ ဘယ်တော့မှ စိတ်ဓာတ်မကျဖို့ ကိုယ့်ကိုကိုယ် သတိပေးလိုက်သည်။

ကျောပိုးအိတ်ကို ဆွဲပြီး အခန်းထဲမှ ထွက်ခဲ့၏။ အပြင်တွင် ရာသီဥတုက အရိုးခိုက်အောင် အေးစိမ့်နေသည်။ လမ်းပေါ်ရောက်တော့ ဘယ်သွားရမှန်း မသိ။ သို့သော် သူ့ခြေထောက်တွေက အမေ ရိကန်မြေပေါ်တွင် စတင်လျှောက်လှမ်းနေပြီ။ ချမ်းချမ်းစီးစီးနှင့် မေးချင်းရိုက်ပြီး ဘယ်လောက်ကြာအောင် လျှောက်နေမိသည်မသိ။ 'ကိုဟင်၊ ကိုရှာ ပျော်ပွဲစားရုံ' ဟူသည့် ဆိုင်းဘုတ်ကိုမြင်တော့ ဝမ်းသာသွားသည်။ ဂျူးနာမည် မဟုတ်လား။ ဆိုင်ထဲတွင် လူရှင်းနေ၏။ အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်။ အီဖရာအင် ရင်ထဲဆို့ သွားသည်။ အမေနဲ့ တူလိုက်တာ. . .။ အမျိုးသမီးကြီးက သူ့ကို တစ်ချက်အကဲခတ်ပြီး ရေဝတီဘာသာဖြင့်

'ကဲ. . . မင်းဘာစားမလဲ'

အီဖရာအင် ရင်ထဲ အေးသွားသည်။

'ကော်ဖီနဲ့မုန့် ပေးပါ ဒေါ်ဒေါ်ရယ်'

ပြင်သစ်သံဝဲလွန်းနေ၍ ရှက်ရွံ့ရွံ့အမူအရာဖြင့် ပြန်ပြောလိုက်သည်။ ခပ်ချောချောလူရွယ်ကို ကြည့်ပြီး အမျိုးသမီးကြီးက

'ဟင်. . . ဒါပဲလား'

သူတို့လို လူငယ်လူရွယ်တွေနှင့် နှစ်စဉ်တွေ့ဆုံမိတ်ဖြစ်နေ၏။ သူတို့ ဘယ်ကလာသည်ကို သိဖို့မလို။ သူတို့သည် ဆွေမရှိ၊ မျိုးမရှိ၊ အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်းမရှိဘဲ အမေရိကန်ကို ရောက်လာကြခြင်းဖြစ်ကြောင်း လီယာကိုဟင် နားလည်ပြီးသား။ သည်လိုဘဝမျိုးကိုလည်း သူတို့လင်မယား ခံစားဖူးပြီးသား။

မုန့်နှင့်ကော်ဖီအပြင် ငါးကြော်တွေပါ ယူချလာသည်။

'စားပါကွယ့်၊ အခေါ်မင်းကို ပိုက်ဆံမတောင်းပါဘူး'

အီဖရာအင်က ပျာပျာသလဲ ငြင်းမည်ပြုတော့

'ကဲ. . အားရပါးရစား၊ ဒီတစ်ခါတော့အခေါ် ကျွေးပါရစေ'

အီဖရာအင် မျက်ရည်တွေလည်လာသည်။ အမေနှင့် တူလွန်းသည် ထင်ပြီး အမျိုးသမီးကြီးကို ငေးကြည့်နေမိ၏။ သကြားခဲကို တစ်ကိုက်ချင်းကိုက်ပြီး ကော်ဖီကြမ်းကို မော့သည်။ ရုရှားပြည်ပေါက် ဂျူးဖြစ်ရမည်ဟု အကဲခတ်လိုက်သည်။

'ကဲ. . စားရင်းသောက်ရင်း ပြောစမ်းပါဦး မင်းအကြောင်း'

'ကျွန်တော် ပြင်သစ်က လာခဲ့တာပါ ဒေါ်ဒေါ်၊ ပါရီကပါ'

လီယာကိုဟင် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ စာနာစိတ်ဖြင့် သူငယ်လေးကို စိုက်ကြည့်နေသည်။ မိမိနှင့်ယန်ကယ်ကိုဟင်တို့ ရုရှားမှ ပြေးလာခဲ့ရသည့်အဖြစ်ကို ပြန်မြင်လာသည်။ အရိုက်အနှက်ခံ၊ တံတွေးထွေးခံဘဝ၊ ဝတ်ကျောင်းတွေကို ဖျက်ဆီးခံရသည်။ ဂျူးလူမျိုးတို့၏ သချိုင်းတွေကိုသော်မှ ချမ်းသာမပေးကြ။ ဂျူးသွေးဆာနေသော ကော့ဆက်တွေ ညလည်သန်းခေါင်ယံတွင် မူးမူးရူးရူးနှင့် ညာသံပေးပြီး ရပ်ကွက်ထဲ ဝင်လာသည့် အသံများကို လီယာ ယခုတိုင်ကြားယောင်နေဆဲ. . .။

တစ်အိမ်ထောင်လုံး အသတ်ခံရစဉ်က လီယာကလေးမှာ ၁၃ နှစ်သာ ရှိသေးသည်။ ထိုစဉ်ကပင် ယန်ကယ်သည် လီယာ၏ ကယ်တင်ရှင်ဖြစ်ခဲ့၏။ သူရဲကောင်းဖြစ်ခဲ့၏။ ၁၆ နှစ်သမီးတွင် ယန်ကယ်နှင့်အတူ ကမ္ဘာသစ်သို့ ထွက်ပြေးလာခဲ့ကြသည်။ ထို့ကြောင့် သူ့ရှေ့မှ သူငယ်ကလေး ဘယ်လိုခံစားနေရမည်ကို လီယာ ကောင်းကောင်းနားလည်နိုင်ခြင်း ဖြစ်၏။

'အင်း. . . မင်းက ပါရီကကိုး၊ နာမည်ဘယ်လိုခေါ်လဲ'

'အီဖရာအင်၊ ရိုသန်ဘာဂျာ'

'ရိုသန်ဘာဂျာ ဟုတ်လား၊ ဂျာမန်နာမည်ပါလား'

'ဟုတ်ကဲ့၊ ကျွန်တော့်အဖိုးက ဂျာမန်ပါ၊ ပြင်သစ်မှာ ပိုအဆင်ပြေမလားဆိုပြီး ပြောင်းလာတာတဲ့၊ ကျွန်တော်တို့အဖိုး တွက်ကိန်းလွဲခဲ့တယ်လေ'





'တို့များ ဂျူးလူမျိုးတွေအတွက် ဘယ်မှာဖြစ်ဖြစ် သိပ်မထူးပါဘူးကွယ်'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ဘဝမျိုးဆက် တည်တံ့နိုင်မှာပါ ဒေါ်ဒေါ်'

'အလို. . . မင်းဒါတွေ ဘယ်လိုလုပ်သိနေလဲ'

'စာအုပ်ထဲမှာ ဖတ်ဖူးတာပါ ခင်ဗျာ၊ ဘာပြုလို့လဲဆိုတော့ လွတ်လပ်မှုကို နိုင်ငံတော်က တာဝန်ယူထားတာကိုး'

အီဖရာအင်က ယုံယုံကြည်ကြည်ဖြင့် ပြောနေခြင်း ဖြစ်၏။

'မင်းပြောတာ ဟုတ်ပါတယ်လေ၊ ဒီနိုင်ငံဟာ အလွတ်လပ်ဆုံး နိုင်ငံပဲကွယ့်၊ ဒါထက်. . . မင်း လောလောဆယ် နေဖို့ထိုင်ဖို့ ကိစ္စကကော'

'ကျွန်တော်အလုပ်တစ်ခုရှာမယ်လေ၊ နေဖို့ အခန်းတစ်ခန်းလဲ ရှာရမှာပေါ့ အဒေါ်ရယ်၊ အဆင်ပြေမယ့် နေရာများ အဒေါ်ညွှန်ပြနိုင်ပါ သလား ခင်ဗျာ'

'အင်း. . . မင်း အဒေါ်နဲ့တွေ့ရတာ သိပ်ကံကောင်းတယ် သိလား၊ အဒေါ့်အမျိုးသားရဲ့ ညီမဝမ်းကွဲတစ်ယောက်ဆီ စာရေးပေးလိုက်မယ်၊ သူ့နာမည်က မယ်လ်ကာဂရင်းဘတ်တဲ့၊ ကဲကွယ်. . . ကော်ဖီထပ်ယူပါဦး'

သည်နေ့ကို အီဖရာအင် တစ်သက်မမေ့နိုင်တော့ပါ။ မစ္စက်ကိုဟင်ဆီက စာရွက်ကလေးကို လှမ်းယူပြီး ကျေးဇူးတင်စကားတို လှိုက်လှိုက်လှဲလှဲပြောခဲ့သည်။

♠ ♠ ♠

မယ်လ်ကာဂရင်းဘတ်၏ အထပ်ခိုးလေးတွင် ကျောချစရာ တစ်နေရာရခဲ့ပြီး ပျံကျအလုပ်တွေ ရှာလုပ်သည်။ တစ်ဝမ်းတစ်ခါး အတွက်ပင် အနိုင်နိုင်။ ဥရောပတွင် ကျန်ရစ်သည့် မိသားစုကို မည်သို့ ခေါ်ယူနိုင်ပါမည်နည်း။

ချမ်းချမ်းစီးစီးဖြင့် တစ်ဆောင်းကုန်သွားသည်။ လွတ်လပ်သော နှလုံးပျော်မွေ့ဖွယ်သော မြို့ကြီးကို အီဖရာအင် စိတ်ပျက်စပြုလာပြီ။ ဤတွင် သမိုင်းတွင် ထူးထူးခြားခြားကျန်ရစ်မည့်အဖြစ် တစ်ခုအုတ်အော်သောင်းတင်း ပေါ်ထွက်လာသည်။ တစ်မြို့လုံး လူတိုင်း၏ ပါးစပ်ဖျားတွင် ရွှေ ရွှေ ရွှေ ရွှေအကြောင်းသာ ပြောနေ ကြသည်။ ကာလီဖိုးနီးယား လို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟိုး . . အဝေးကြီးတစ်နေရာ မှာ ရွှေတွေ ရှာတွေ့ကြလို့တဲ့။ အလွန်မတန် လွတ်လပ်ပါသည်ဆိုသော အမေရိကန်နိုင်ငံတွင်လည်း ငွေမရှိလျှင် လွတ်လပ်မှု၏ အရသာ ဘာမှမခံစားရကြောင်း အီဖရာအင် နားလည်နေပြီ။ အနောက်ပိုင်း ရွှေရှာခရီးမှာ အန္တရာယ်များလှကြောင်း၊ လူရိုင်းနယ်တွေကို ဖြတ်ကျော်ရကြောင်း၊ ဦးခေါင်းဖြတ်ခံရသည့် လူဖြူတွေ ထောင်နှင့် ချီနေပြီ ဖြစ်ကြောင်း၊ ရွှေတွင်းမှာ သေတွင်းပင်ဖြစ်ကြောင်းများလည်း ကြားရ၏။

ဥရောပမှ နယူးယောက်သို့ ရောက်အောင်လာခဲ့ပြီ။ သည်နိုင်ငံထဲ ရောက်နေမှ အရှေ့ပိုင်းက အနောက်ပိုင်းကို ဘာကြောင့်မသွားရဲရမည်နည်း။ ကာလီဖိုးနီးယား ရွှေထွက်ရာဒေသသို့သွားရာ လမ်းအသွယ်သွယ်ကို စဉ်းစား သည်။ ပနားမားဘက်မှလှည့်ပြီး ရေလမ်းမှသွားဖို့ ဆုံးဖြတ်လိုက်သည်။ ကြောက်မက်ဖွယ် ပိုးကောင်မွှားကောင်များနှင့် အဆက်မပြတ်ရွာသွန်းနေ သော မိုးကြောင့် သည်လမ်းကို လူတွေမသွားရဲကြ။ ရောဂါဘယလည်း အလွန်ထူပြောသည် ဆို၏။

နယူးအော်လီယန်းသို့ ထွက်မည့်သင်္ဘောတစ်စင်းတွင် အလုပ် တစ်ခုရသည်။ သင်္ဘောသားတိုင်းလိုလို သောက်လိုက်စားလိုက် ဖရိုက်လိုက် ဖြင့် အချိန်ဖြုန်းကြသည်။ အီဖရာအင်တစ်ယောက် ရံဖန်ရံခါ နေ့ရောညပါ အလုပ်ဆင်းရသည်။ ကျွေးသည့်ဟင်းက ဝက်သားများများမို့ ခဏခဏ ထမင်းငတ်ခံရသည်။ သို့သော် အီဖရာအင် လုံးဝ စိတ်မာတ်မကျ။

တဖြည်းဖြည်း ကမ်းရိုးတန်းရှုခင်းပြောင်းလဲလာပုံကို ကြည့်ပြီး ပျော်နေသည်။ နယူးအော်လီယန်းရောက်တော့ ပိုပျော်လာသည်။ မိရိုးဖလာ ပြင်သစ်စကား အပြောများသည့် မြို့ကြီးမဟုတ်လား။ သို့သော် ကျစ်ကျစ်ပါ အောင်စုထားသည့် ပိုက်ဆံကလေး လျော့သွား မည်စိုး၍ ဘယ်မှမလယ်ရဲ။

ပနားမားသို့ထွက်မည့် သင်္ဘောတစ်စင်းဖြင့် ခရီးဆက်ခဲ့၏။ ဤတွင်မှ ထိတ်လန့်တုန်လှုပ်ဖွယ် ခရီးကြမ်းစခြင်း။ မုန်တိုင်းထဲတွင် သင်္ဘော မှာ ဘယ်လူးညာလိမ့်နှင့်။ လှိုင်းလုံးကြီးတွေက သင်္ဘောတစ်စင်းလုံးကို ဝါးမျို ပစ်တော့မည့်နှယ်။ တစ်ညတွင် သင်္ဘောသားတစ်ယောက် ပင်လယ်ထဲ လွင့်ကျသွားသည်။ အီဖရာအင်တစ်ယောက် တစ်လမ်းလုံး အန်လိုက်လာ သည်။ ပနားမားနိုင်ငံကိုရောက် တော့ ကိုယ်အလေးချိန် ၁၅ပေါင် လုံးလုံး ကျသွားသည်။ နှစ်ယောက်လျော် လှေတစ်စင်းကို ဒေါ်လာ ၁၀၀ ဖြင့် ငှားပြီး





ချဂျက်စ်မြစ်ကို ဆန်တက်လာခဲ့သည်။ မိုးစုပ်စုပ်ချုပ်မှ နားပြီး ကမ်းပါးပေါ် တက်အိပ်သည်။ ခြင်တွေက ရှိသမျှ အသားများကို ဖွဲ့ယူသွားတော့ မတတ် သောင်းကျန်းကြ၏။ သန်းခေါင်လောက်တွင် မိုးကသဲကြီးမဲကြီး ရွာချတော့သည်။

မိုးလင်းတော့ လှေဆီသို့ ဒယီးဒယိုင်နှင့် ဆင်းလာခဲ့သည်။ ဒုတိယ နေ့တွင် ခရီးမှာ ကြမ်းသည်ထက် ကြမ်းလာ၏။ လတာပြင် တစ်လျှောက် တွင် လှုပ်လှုပ်ရွရွနှင့် မိကျောင်းတွေ များသည်ထက် များလာသည်။ ပိုးကောင်မွှားကောင်တွေက သည်းမခံနိုင်လောက် အောင်ပင်။ နောက်ရက် များတွင် အဖျားဝင်လာသည်။ ပနားမားမြို့ကိုရောက်တော့ ရွှေရှာသွားမည့် သူတွေ ခြေချင်းလိမ်နေသည်ကို တွေ့ရ၏။ အစားအသောက်နှင့် ကုန်ဈေး နှုန်းများ ခေါင်ခိုက်နေ၏။ ကာလဝမ်းရောဂါနှင့် ငန်းဝါဖျားကပ်ဘေးကြီး ဆိုက်နေသဖြင့် လူတွေ အတုံးအရုံး သေနေကြချိန်။

ပနားမားသို့ရောက်ပြီး ဒုတိယနေ့တွင် အီဖရာအင် အပြင်းဖျား တော့သည်။ သို့သော် သေကံမရောက် သက်မပျောက်ဘဲ ကာလီဖိုးနီးယား သို့ အခြားရွှေရှာသမားများနှင့် ရောထွေးရောက်ရှိခဲ့သည်။ လုံ့လဝီရိယရှိသူ ဖြစ်၍ မကြာခင် ကိုယ်ပိုင်မြေတစ်နေရာတွင် ရွှေတူးခွင့်လိုင်စင်ရခဲ့သည်။ ဤတွင် ပြင်သစ်ပြည်မှ စာတစ်စောင် ရောက်လာသည်။ အစ်မကြီး ဟန်နာ ထံမှ စာ။ အဖေနှင့်အမေ ကွယ်လွန်သွားကြောင်း၊ မိမိအနေဖြင့် အမေရိက သို့ လိုက်လာဖို့ စိတ်မကူးတော့ဘဲ မြတ်သောအမိမြေ ဣသရေလသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း။ အီဖရာအင် ရှိုက်ကြီးတငင် ငိုကြွေးရ သောနေ့. . . . .။

နှစ်အနည်းငယ်အတွင်း အလုံအလောက်စုဆောင်းမိပြီး ကာလီဖိုး နီးယားသို့ ပြန်လာခဲ့သည်။ ဘဏ်လုပ်ငန်းလောကတွင် ဝင်ရောက်ကျက်စား သည်။ ဂျူးအမျိုးသမီး ဆာရာနှင့် တွေ့ဆုံချစ်ကြိုက်ပြီး လက်ထပ်လိုက်ကြ သည်။ ရွှေရှာသည့်လုပ်ငန်းများ အရှိန်သေသွားသည့် ၁၈၅၀ ခုနှစ်နောက်ပိုင်း တွင် အီဖရာအင်ကဲ့သို့ ဥရောပသား ဂျူးလူမျိုးအများအပြားသည် ကာလီဖိုးနီးယား စီးပွားရေးလောကတွင် ထိပ်တန်းသို့ ရောက်ရှိခဲ့ကြ လေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

# (၃)

ဥရောပတွင် နေခဲ့သည့် သိက္ခာမဲ့အစော်ကားခံကာလများ သည် ဟိုးအဝေးတွင် ကျန်ရစ်ခဲ့လေပြီ။ အီဖရာအင်သည် ဘဏ်လုပ် ငန်းမှ တစ်ဆင့် သဘော်တည်ဆောက်ရေးလုပ်ငန်းနှင့် မြေအရောင်း အဝယ်လုပ်ငန်းများပါ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့သည်။ သားလေးယောက် နှင့် သမီးနှစ်ယောက်လည်း အရွယ်ရောက်ကာ အသီးသီးအိမ်ထောင် ရက်သား ကျကုန်ကြပြီ။ အီဖရာအင်သည် သားသမီးများကို မိရိုး ဖလာ ယုဒဘာသာတရားကို ကိုင်းရှိုင်းလေးစားတတ်စေခဲ့သည်။

♠ ♠ ♠



# (၄)

၁၉၃၆ ခုနှစ်။

အီဖရာအင်၏ တတိယမျိုးဆက်သွေးဖြစ်သည့် မြေး အီဖရာအင် သည် ကာလီဖိုးနီးယားမြို့မျက်နှာဖုံး သန်းကြွယ်သူဌေးကြီး ဖြစ်လာသည်။ သားဖြစ်သူ ဂျူလီယန်ရိုသ်(ရိုသန်ဘာဂျာဟူသည့် ဂျာမန်နာမည်ကို ပြောင်း ပြီး အတိုကောက်ယူလိုက်ခြင်း ဖြစ်သည်။) ကို နှမဝမ်းကွဲ ဘက်စီဟန်ဂျာနှင့် လက်ထပ်ပေးသည်။ ဂျူလီယန်နှင့် ဘက်စီတို့ လင်မယားမှာ သားဖြစ်သူ မာတင် ယေးလ်တက္ကသိုလ် ဝင်ခွင့်ရရေးအတွက် စိတ်ပူလျက်ရှိကြ၏။ မာတင်သည် ပထမအဆင့်က မဆင်းသောကျောင်းသားတစ်ယောက် ဖြစ် သော်လည်း ဂျူးလူမျိုးများကို ကျောင်းသားဦးရေ ၁၀ ရာခိုင်နှုန်းထက် မပိုရ ဟူသည့် ကန့်သတ်ချက်ကြောင့် ဖြစ်သည်။ ထင်သည့်အတိုင်း ဝင်ခွင့်မရ သောအခါ ဂျူလီယန်က သူတို့ရှေ့နေဆီ ချက်ခြင်းဖုန်းလှမ်းဆက်သည်။

'မာတင့်ကို ယေးလ်မှာ ဝင်ခွင့်ရအောင် မင်းဖြစ်တဲ့နည်းနဲ့ လုပ်ပေး ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . . ဂျူလီယန်ရယ်၊ ကိုယ်အကြိမ်ကြိမ် ရှင်းပြပြီးပြီပဲကွာ၊ ဥပဒေနဲ့ ကန့်သတ်ထားတော့. . . .'

'မာတင့်အတွက် ခြွင်းချက်ရှိရမယ်၊ သူ့အမှတ်စာရင်းကို မင်းကြည့်ပြီးသား မဟုတ်လား၊ ဖြစ်တဲ့နည်းနဲ့ ရအောင်လုပ်ပေးပါ၊ ဒါပဲ'

ညပိုင်းအိပ်ခန်းထဲတွင် ဘက်စီက လင်တော်မောင် ဂျူလီယန်ကို စိတ်ပျက်လက်ပျက်လေသံဖြင့်

'ယေးလ်လို ကျောင်းမျိုးက ဂျူးဆန့်ကျင်ရေးဝါဒကို ကျင့်သုံးလိမ့်မယ်လို့ ကျွန်မလုံးဝမထင်ခဲ့ဘူး ဂျူလီယန်'

'အို. . . အားလုံးအတူတူကြီးပဲဟာကို မင်းက ဘာအထင်ကြီးနေတာလဲ'

'ဘာ့ကြောင့် ဒီလိုဆက်ဖြစ်နေရတာလဲဆိုတာ ကျွန်မတော့ နားမလည်နိုင်အောင်ပဲ'

'ဟိုတယ်တစ်ချို့မှာ ဂျူးနဲ့ခွေး မဝင်ရလို့တောင် ရေးထားကြပြီ'

'ဘာသဘောလဲဟင် ဂျူလီယန်'

'အစော်ကားခံရတဲ့ သဘောပေါ့ကွာ၊ ရွှေးစရာနှစ်လမ်းပဲ ရှိတယ်၊ မာတင်ကို ရရာကျောင်းမှာထားမလား၊ မရရအောင်တိုက်ပွဲ ဝင်မလား'

'ရှင်ပြောပုံက ရင်တုန်စရာကောင်းလိုက်တာ ဂျူလီယန်ရယ်၊ ယေးလ်မှာ မရတာ ပိုမကောင်းဘူးလားဟင်၊ ကျွန်မတို့ကို လက်မခံချင်တဲ့ အသိုက်အဝန်းမှာ သားလေးအတွက် အန္တရာယ်ပို မများဘူးလား၊ ပြီးတော့ သားလေးကို အဲဒီကျောင်းမျိုးမှာ ထားလိုက်ရင် ဘာသာတရားကိုင်းရှိုင်းမှု လျော့သွားမှာ ကျွန်မစိုးတယ်၊ မိရိုးဖလာကို ကျွန်မတို့ အထိမခံနိုင်ဘူး မဟုတ်လား'

'အေး. . . မင်းပြောတာလဲ စဉ်းစားစရာပဲ၊ ဒါပေမယ့် အခုတလောအော်ဟစ်နေတဲ့ နာဇီတွေရဲ့ ကြွေးကြော်သံတွေက မကောင်းဘူး၊ ခါးခါးချင်း လှံလှံချင်း တုန့်ပြန်ရမယ့် အခြေအနေပဲ၊ အမှောင်ခေတ်မှာတုန်းကတောင် ဂျူးတွေ ဒါလောက် အနှိမ်မခံခဲ့ရဘူး၊ ကဲ. . . . ကိုယ်မာတင်နဲ့ စကားပြောလိုက်ဦးမယ်'

မာတင် စိတ်ခေတ်ကျနေသည်။ အဖေလုပ်သူက စကားစတော့

'ဘာ ဆွေးနွေးစရာရှိလဲ ဖေဖေ၊ ကျွန်တော်အပယ်ခံရပြီပဲ'





ဂျူလီယန်က လက်ဝါးတစ်ဖက်ကို လက်သီးဖြင့် ထိုးလိုက်ပြီး. . .

'ဒီလိုလုပ်တာ ခေါင်းငုံ့ခံနေရမလားကွ၊ တိုက်ပွဲဝင်ရမှာပေါ့၊ ကန့်ကွက်ရမှာပေါ့၊ သတ္တိရှိရမှာပေါ့၊ ဂျူးလူမျိုးတွေ ညီညွတ်ရင် ဟစ်တလာဆိုတဲ့ကောင် ဒါလောက် သောင်းကျန်းရဲမှာ မဟုတ်ဘူး'

မာတင့်ခေါင်းထဲတွင် နောက်ကျိနေသည်။ ဂျူးလူမျိုးဖြစ်ရခြင်းအတွက် အများတကာနှင့်ထူးခြားသည် မထင်ခဲ့။ ဂျူးတစ်ယောက်အဖြစ်မှ ဖုံးကွယ်ထားဖို့လည်း ဘယ်တုန်းကမှ စိတ်မကူးခဲ့။ ခုမှ ကိုယ့်ဘဝကိုယ် နာကြည်းစရာကောင်းမှန်း သိလာသည်။ အိပ်ရာပေါ်မှ ဝုန်းကနဲထရပ်ပြီး

'ကောင်းပြီဖေဖေ. . . ချမယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဘယ်သူ့ကို တိုက်ရမှာလဲ၊ ရန်သူက ဘယ်သူလဲ၊ ဘယ်မှာလဲ. . . .'

'ဘယ်သူ့ကို တိုက်ရမယ်ဆိုတာ အဖြေပေါ်လာမှာပေါ့ သားရယ်၊ အချိန်ရှိပါသေးတယ်၊ စက်တင်ဘာမှ ကျောင်းဖွင့်မှာပဲ'

ဂျူလီယန်က ကျောင်းရန်ပုံငွေတွေ ပုံအောထည့်သည်။ ကျောင်းဆောင်သစ်တွေဆောက်ပြီး လှူဒါန်းသည်။ နောက်ဆက်တွဲ ကျောင်းဝင်ခွင့်စာရင်းတွင် မာတင့်နာမည်ပါလာသည်။ ဂျာမနီတွင် အနှိမ်ခံနေရသည့် ဂျူးများဘက်မှ ရပ်တည်ဖို့ အဖေက အမြဲသွန်သင်သည်။ ကျောင်းတွင် ဂျူးလူငယ်များနှင့်သာ ပေါင်းသင်းလို့ရသည်။ ထိပ်ဆုံးကနေသူများမှာလည်း သူတို့တစ်သိုက်ပင် ဖြစ်သည်။ ဂျူးလူမျိုးတို့ဘဝကို မာတင်တဖြည်းဖြည်း နားလည်လာသည်။ ဂျူးတစ်ယောက်ဖြစ်လာသည့်အတွက် သူများတကာထက် အဆတစ်ရာ၊ အဆတစ်ထောင် ကြိုးစားရမည်ဟုနားလည်လာသည်။

သူတို့တစ်တွေက ကြိုးစားလေ စာတော်လေ၊ အများတကာ၏ အငြိုငြင်ခံရလေဖြစ်သည်။ အညစ်ခံရလေ ဖြစ်လာသည်။ ယေးလ်လူမှုဆက်ဆံရေးလောကကို မာတင် စိတ်ပျက်လာသည်။ သို့သော် မိဘတွေကို သည်အကြောင်းလုံးဝ ဖွင့်မပြောခဲ့။ မာတင်၏ သိမ်ငယ်စိတ်ကို ဖယ်ရှားနိုင်ခဲ့သူမှာ သူငယ်ချင်း ဒိုမင်နစ်ဖြစ်သည်။ ကျောင်းသားဘဝ ပထမနှစ်များမှစ၍ ဒိုမင်နစ်သည် မာတင်၏ အခင်ဆုံးသူငယ်ချင်း ဖြစ်ခဲ့သည်။ သူ့ကြောင့်ပင် မာတင် တစ်ယောက် အတွေးအမြင်တွေ ပြောင်းလဲလာခဲ့သည်။

ကျောင်းပိတ်ရက် အိမ်အပြန်တွင် သားလုပ်သူကို ဘက်စီတစ်ယောက် အားမလို အားမရ ဖြစ်လျက်ရှိ၏။ ကျောင်းပိတ်ရက် အတွင်း



www.burmeseclassic.com

www.burmeseclassic.com



အမေစီစဉ်ထားသည့် အစီအစဉ်တွေအားလုံး ပျက်ရမလို ဖြစ်နေသည်။ ဆီဗီယာနှင့်နီးစပ်အောင် ဘက်စီက အစီအစဉ်တွေ ဆွဲထားခဲ့သည်။ ဆီဗီယာလိုဝင်သဲလ်မှာ ဘိုးစဉ်ဘောင်ဆက် ကတည်းက မိသားစုလိုက် ခင်မင်လာကြသည့် ရပ်ဆွေရပ်မျိုးတွေ ဖြစ်သည်။

'ဒီညတော့ ဆီဗီယာကလေးကို ကပွဲလိုက်ပို့လိုက်ပါသားရယ်၊ သားပျော်မှာပါ'

'ဟာ. . . မေမေကလဲ လုပ်ပြန်ပြီ၊ ကျွန်တော်မှ စိတ်မပါတာ'

'သူတို့အိမ် သွားလည်ဖို့လဲ ငြင်း၊ သူတို့လာလည်ကြပြန် တော့လဲ သားက မအား၊ သိပ်အားနာစရာကောင်းတာပဲ သားရယ်၊ ဆီဗီယာကလေး သနားပါတယ်၊ ဒီညတော့ မေမေစီစဉ်ပြီးပြီ'

မာတင် ရယ်သည်။

'ဟင်. . . ဘာလို့ သနားရမှာလဲ၊ ကျွန်တော်တို့ ဘာမှဖြစ်ကြသေး တာမှ မဟုတ်ဘဲ'

မအေကြီးက ပြုံးပြီး

'သားပြောတာ ဟုတ်တော့ ဟုတ်ပါတယ်၊ သားကို အရင် မေးပြီးမှ မေမေစီစဉ်ဖို့ ကောင်းတာပေါ့၊ ဒါပေမယ့် သားသူ့ကို သဘောကျပြီးသားလို့ ထင်လို့ပါ၊ သားတို့နှစ်ယောက်က ငယ်သူငယ်ချင်းတွေ မဟုတ်လား၊ ဆွစ်ဇာလန်မှာ ကျောင်းသွားနေတဲ့ သုံးနှစ်အတွင်း သိပ်လှလာတာပဲ သားရယ်၊ ဒီတစ်ခါတော့ မေမေ့အလိုကို လိုက်စမ်းပါ သားရယ်'

မာတင်က မအေလုပ်သူကို ငေးကြည့်ပြီး

'ကောင်းပြီမေမေ၊ နောက် ဘာလုပ်လုပ် ကျွန်တော့်ကို အရင် အသိပေးနော်'

'ကောင်းပါပြီ သားရယ်'

မြို့ပြင်ကလပ်မှာ အရင်အတိုင်းပင်၊ ဘာမှ မပြောင်းလဲ။ ပြောင်းလဲနေသည်က ဆီဗီယာ။ မာတင်က က,ကွက်တွေ မှားနေသည်။ ဆီဗီယာ့ ခြေထောက်ကို နင်းမိသဖြင့် ခဏခဏတောင်းပန်နေရသည်။

'ကိုယ်တောင်းပန်ပါတယ် ဆီဗီယာရယ်'

'အို စိတ်ညစ်လာပြီ၊ ဘာလို့ ခဏခဏတောင်းပန်နေရတာလဲလို့'

'တို့ ဆက်မက,ရင် ကောင်းမယ်ထင်တယ် ဆီဗီယာ'





'သဘောပဲလေ'

ကပွဲခန်းမဆောင်ထဲမှ ထွက်လာပြီး မာတင်က

'တို့ တစ်ခုခုသောက်ကြရအောင်လားဟင်'

'လုပ်လေ၊ ဆီဗီယာတော့ ရှန်ပိန်တစ်ခွက်ပဲ သောက်မယ်'

'မင်း ဘာလို့ ကိုယ့်ကို စိတ်တိုနေရတာလဲ ဆီဗီယာ'

'အားလုံး စိတ်တိုစရာချည်းပဲကိုး၊ ဒီမှာ မပြောချင်ပါဘူး၊ ကလပ် ဘစ်ခုလုံး ဝိုင်းကြည့်နေတဲ့ဟာကို'

'ကောင်းပြီ၊ ကိုယ်ရှန်ပိန်သွားယူလိုက်မယ်၊ လေသာဆောင်မှာ စကားပြောကြတာပေါ့'

အပြင်တွင် လရောင်ဖြင့် ရွှန်းမြလှပနေသည်။ နှစ်ယောက်သား ခုံတန်းတစ်ခုပေါ်တွင် ထိုင်ပြီး ရှန်ပိန်ကို တစိမ့်စိမ့်သောက်ကြရင်း မာတင်က

'ကဲ. . ဆိုစမ်းပါဦး ဆီဗီယာရယ်၊ ဘာများပြဿနာရှိလို့လဲ'

'ပြဿနာကတော့ မာတင့်အမေနဲ့ ဆီဗီယာ့အမေ ပေါင်းပြီး ကြံနေတဲ့ ကိစ္စပေါ့'

'ကိုယ်လဲ စိတ်မကောင်းပါဘူး ဆီဗီယာ'

'မာတင့်ဆီက ဒီလိုကြားရတာ ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါထက် လေးနက်တဲ့ပြဿနာတစ်ခု ရှိနေတယ် မာတင်'

'ကိုယ် အကူအညီပေးနိုင်တဲ့ကိစ္စမျိုးလားဟင်'

မာတင်က သူငယ်ချင်းကောင်းတစ်ယောက်အနေဖြင့် စိတ်ထဲ ရှိသည့်အတိုင်း ပြောလိုက်သည်။

'မပြောတတ်ဘူး မာတင်'

'သိပ်ကြီးမားတဲ့ ပြဿနာမျိုးလားဟင်'

'ဆီဗီယာ့မှာ ချစ်သူရှိနေပြီ'

မာတင့်ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဘာကြောင့် သည်လိုဖြစ်ရသည်ကိုတော့ ကိုယ့်ကိုကိုယ် နားမလည်။

'ချစ်သူရှိတာ ပြဿနာလား ဆီဗီယာရဲ့'

'သူက သာမန်ရိုးရိုးသွားစိုက်ဆရာဝန်ကလေး မာတင်ရဲ့၊ ဆင်းရဲ တယ်၊ သူ့နာမည် မော်ရေးအောလောဖ့်ဆိုတာနဲ့ အဖေက ခေါင်းပုန်ထ နေပြီလေ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းသူ့ကို ဘယ်မှာတွေ့တာလဲ'

'နယူးယောက်မှာ . . . . . တတိယရိုပ်သာလမ်းက ဟင်းရောင်းတဲ့ဆိုင်မှာ'

မာတင့် မျက်ခုံးတွေ မြင့်တက်သွားသည်။

'မင်းတို့ တွေ့ပုံကလဲ ထူးဆန်းလှချည်လား ဆီဗီယာ'

'မတုံးစမ်းပါနဲ့ မာတင်ရာ၊ ကမ္ဘာပေါ်မှာ တစ်ယောက်နဲ့ တစ်ယောက် တွေ့ဖို့နည်းတွေ အများကြီးပါ'

'ကိုယ် တောင်းပန်ပါတယ် ဆီဗီယာ၊ ဟုတ်တယ်၊ ကိုယ်တုံးသွားတယ်'

'လုပ်ပြန်ပြီ၊ တောင်းပန်ပြန်ပြီ၊ မာရေးအကြောင်း မာတင်သိပြီးရင်ခုလို အတိတ်တလန့်ဖြစ်တော့မှာ မဟုတ်ပါဘူး၊ ဆွစ်ဇာလန်က ပြန်ရောက်စမှာ ဆီဗီယာနဲ့ သူငယ်ချင်းကာရင်းတို့ နှစ်ယောက် နယူးယောက်က အခေါ်တိုက်ခန်းမှာ ခဏနေကြတယ်လေ၊ တစ်နေ့မှာ ဈေးဝယ်ထွက်ကြရင်း ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက် ကြီးနဲ့ တတိယရိုပ်သာလမ်းထဲက ဟင်းလျာဆိုင်ကို ဝင်ကြတယ်၊ ဆီဗီယာ့လက်ထဲက ဘူးတစ်ဘူးလွတ်ကျသွားတယ်၊ သူ့ခေါင်းကို တည့်တည့်ကြီး သွားထိတယ်'

မာတင် ရယ်သည်။

'ဘယ်လိုလုပ်ပြီး သူ့ခေါင်းကို သွားထိရတာလဲ'

'လူတွေ ကျပ်လွန်းတော့ ဆီဗီယာက လက်နှစ်ဖက်မြှောက်ဝင်သွားတာပေါ့၊ သူက စားပွဲတစ်လုံးမှာ ထိုင်စားနေတာလေ၊ မတော်တဆကိစ္စမျိုးကို ဆီဗီယာ တောင်းပန်လေ့ မရှိဘူး၊ ဒါပေမယ့် ဝတ်ကျေဝတ်ကုန် ဆောရီးတစ်လုံးတော့ ပြောလိုက်တယ်၊ သူက ထရပ်ပြီး ဆီဗီယာ့ကို စိန်းစိန်းကြည့်တယ်၊ ဒါပေမယ့် စိတ်ဆိုးတဲ့အမူအရာ လုံးဝမတွေ့ရဘူး'

သူပြောနေပုံကို ကြည့်ပြီး မာတင်က

'မင်းဟာ တကယ့်ကို ပြောင်းလဲလာပြီပဲ ဆီဗီယာ'

'ဘာပြောတယ်'

'ဩော်. . . မင်းဟာ အငြိမ်းသန်တဲ့ ကောင်မလေးဘဝ ကနေပြီး မိန်းမလှလေးတစ်ယောက် ဖြစ်လာပြီဆိုတဲ့အကြောင်း ပြောတာပါ'

'သေတော့မှာပဲ၊ ဘာများလဲလို့. . . သူများကို ဒီတစ်ခါပဲ





အကောင်းပြောဖူးသေးတယ်၊ ဆက်ပြောမယ်၊ အဲဒီတော့မှ သူ့ကို ဆီဗီယာ အထပ်ထပ် တောင်းပန်နေမိတယ်၊ သူက ကိစ္စမရှိပါဘူး ပြောရင်း ဆီဗီယာက ဆက်တောင်းပန်နေတော့ သူက ဒါဖြင့် အလျော်ပေးဗျာ၊ ခင်ဗျားတို့ နှစ်ယောက် ကျွန်တော်နဲ့အတူတူ နေ့လည်စာ ထိုင်စား. . . . . တဲ့'

'အင်း. . . ဒါနဲ့ လူစိမ်းတစ်ယောက်နဲ့အတူ နေ့လည်စာ စားဖြစ်ကော ဆိုပါစို့'

'မတတ်နိုင်ဘူးလေ၊ သူက ရုပ်သိပ်ဖြောင့်တယ်၊ ကြံ့ကြံ့ဖန်ဖန် ဆုံရတာနော်၊ မာတင် ကံတရားကို ယုံလားဟင်'

မာတင် ခဏတွေဝေစဉ်းစားပြီး

'ကိုယ်တော့ သိပ်အယုံကြီး မဟုတ်ပါဘူး၊ မင်းကော. . . . .'

'သိပ်ယုံတာပေါ့၊ စားသောက်ပြီးတော့ သူက နောက်ထပ် တွေ့နိုင်မလား မေးတယ်၊ ဆီဗီယာက ချက်ခြင်းလိပ်စာပေးလိုက်တယ်၊ မီးခြစ်ဘူးခွံပေါ်မှာ လိပ်စာရေးတော့ ဆီဗီယာ့လက်တွေ တုန်နေတယ်၊ မာတင် ပျင်းနေပြီလားဟင်'

'မပျင်းပါဘူး၊ ဆက်ပြောလေ'

'အခန်းကို သူဖုန်းဆက်တယ်၊ ညစာစားဖို့ ချိန်းတယ်၊ ဆီဗီယာ လိုက်သွားတယ်'

'အဲဒါက ဘာမှ မပြောဘူးလား'

'ဆီဗီယာကမှ ပြောမပြတာ၊ သိသွားရင်လဲ ကာလီဖိုးနီးယားကို ဖုန်းတန်းဆက်မှာ၊ မီရာ ရထားနဲ့လစ်ရမှာ၊ ဆီဗီယာ ဘာဆက်လုပ်ရမလဲ ဟင်၊ အိမ်ကိုတော့ လိမ်ပြောထားတယ်၊ ပရင်စတန်တက္ကသိုလ်ကျောင်းသားပါလို့'

'မင်းမဆိုးပါဘူး ဆီဗီယာ၊ တကယ် အကြံအဖန်တတ်တာပဲ'

ဆီဗီယာက ဖြတ်ခနဲ မော်ကြည့်ပြီး

'ဘယ်လိုပြောလိုက်တာလဲ မာတင်'

'မင်း ဖြတ်ထိုးဉာဏ်ကောင်းတဲ့အကြောင်း ကိုယ်အမှတ်ပေးတာပါကွာ'

'ကျေးဇူးတင်ပါတယ် မာတင်၊ ပထမဆုံးညစာစားပြီးလို့ ဝိုင်နီတစ်ခွက်သောက်နေရင်း သူ့ကို တကယ်ချစ်မိပြီဆိုတာ ကိုယ့်ကိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်တယ်'

ရှန်ပိန်ကို တစ်ကြိုက်ချင်းသောက်နေသည့် ဆီဗီယာကို ကြည့်နေရင်း မာတင် ကောက်မေးလိုက်သည်။

'လူတွေ တစ်ယောက်နဲ့တစ်ယောက် ဒါလောက်မြန်မြန် ဆန်ဆန် ချစ်ကြတာပဲလား'

'သီချင်းတွေထဲမှာတော့ အဲဒီအတိုင်းပဲ'

'တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ အချိန်မယူ သင့်ဘူးလား ဆီဗီယာ'

'တစ်ယောက်အကြောင်းတစ်ယောက်သိတိုင်း ချစ်ကြရမယ်ဆိုရင် မာတင်နဲ့ ဆီဗီယာ ချစ်သူတွေဖြစ်ကြတာ ကြာလှရှိရောပေါ့'

'မတူဘူးလေ ဆီဗီယာ၊ တို့က မောင်နှမတွေလို နေလာခဲ့ကြတာပဲ'

'တစ်ခုပြောမယ်၊ မရယ်ဘူးလို့ ကတိပေးမလား'

'ပေးပါတယ်ဗျာ၊ ပေးပါတယ်'

'မာတင့်ကို ဆီဗီယာ ငယ်ငယ်ကတည်းက အရူးအမူးချစ်ခဲ့တာ သိလား'

စိတ်ထဲကျေနပ်သွားသလိုလိုနှင့်

'ဟုတ်လား၊ ကိုယ်လုံးလုံးမသိဘူး ဆီဗီယာ'

'ဘယ်သိမှာလဲ၊ ၁၃ နှစ်သားလောက်ကတည်းက မာတင့် အမူအရာတွေ ထူးထူးဆန်းဆန်းဖြစ်သွားတာလေ၊ မိန်းကလေးတွေကို စိတ်မဝင်စားသလိုပဲ၊ ကျောင်းစာနဲ့ချည်း အချိန်ဖြုန်းခဲ့တယ် မဟုတ်လား'

'မင်း အဲဒီလို ဖြစ်ခဲ့တယ်ဆိုတာ ကိုယ်အကဲခတ်မိဖို့ ကောင်းတာပေါ့လေ'

'ထားပါတော့လေ၊ အဲဒါတွေက ဟိုးအဝေးကြီးမှာ ကျန်ခဲ့ပြီပဲ'

မာတင့်စိတ်ထဲ မကျေနပ်သလို ဖြစ်သွားသည်။ သို့သော် ပြုံးလိုက်ပြီး

'ကဲ. . . . . ဒါဖြင့် ခုဘာဆက်လုပ်မလဲ'

'အိမ်က သဘောတူရင် တူ၊ မတူရင်တော့ တစ်မျိုးတစ်ဖုံကြံရမှာပဲ'

'မင်းတို့ ဒီလောက်ကို အလေးအနက် ဖြစ်နေကြပြီပေါ့ ဟုတ်လား'

'လေးနက်ရတော့မှာပေါ့ မာတင်ရယ်'





ဆီဗီယာ့မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။

မိန်းကလေးများ မျက်ရည်ကျသည်ကို မာတင် မကြည့်ရက်။ ဆီဗီယာကျသည့် မျက်ရည်အတွက် မိမိတွင် တာဝန်မကင်းဟု ခံစားမိ၏။ လက်ကိုင်ပဝါကမ်းပေးရင်း

'မငိုပါနဲ့ ဆီဗီယာရယ်၊ မင်းစိတ်ဆင်းရဲတာ ကိုယ်မကြည့်ရက်ပါဘူး'

သည်တော့မှ မျက်ရည်တွေ ပါးပြင်ပေါ် တလိမ့်လိမ့်စီးကျလာသည်။

'မာတင် တကယ်ပြောတာလားဟင်'

'တကယ်ပါ ဆီဗီယာ'

ဆီဗီယာက နှပ်ညှစ်ပြီး

'ဆီဗီယာ့ခေါင်းထဲမှာ ရှုပ်ထွေးနေတယ် မာတင်၊ အမေ့ကို ရိုးရာအစဉ်အလာလမ်းကြောင်းပေါ်က ဘယ်တော့မှ ဆွဲချလို့ရမှာ မဟုတ်ဘူး၊ ခက်ပါတယ် မာတင်ရယ်၊ လူကြီးတွေက သူတို့ရဲ့ ရှေးဟောင်းပုံစံခွက်ထဲ အတင်းလောင်းထည့်ချင်ကြတာ၊ အဆင့်တူမှ၊ ဘာသာတူမှ၊ လူတွေပဲ အရုပ်တွေ ပစ္စည်းတွေမှ မဟုတ်တာ'

'အင်း. . . . လူကြီးတွေနဲ့ တို့တစ်တွေနဲ့ အမြဲတမ်းတော့ အမြင်ချင်းမတူနိုင်ဘူးပေါ့လေ၊ ဒါပေမယ့် သူတို့ရှုထောင့်ကလဲ တို့ဝင် ကြည့်သင့်တယ် ဆီဗီယာ'

'ဟာ. . . သေတော့မှာပဲ၊ ဆီဗီယာ့ဘက်ကများ နေမလား အောက်မေ့တယ်'

'နေပါတယ် ဆီဗီယာရဲ့'

'ဒါဖြင့် ဘာလို့ သူတို့ဘက်က ဝင်ကြည့်နေသလဲ'

'ဆိုလိုတာက ဒီလိုပါ ဆီဗီယာ၊ သူတို့ဘာကြောင့် ဒီလိုမြင်တယ်၊ ဒီလိုတွေးတယ် ဆိုတာလဲ တို့နားလည်ထားဖို့ လိုတယ်လေ'

ဆီဗီယာ ခြောက်ကပ်ကပ်ရယ်သည်။

'မာတင်က လူကြီးဆန်ပါတယ်လေ၊ ဆီဗီယာတော့ ဒီလို နားမလည်ချင်ဘူး၊ အမှောင်ခေတ်မှ မဟုတ်တော့တာ'

'ဒါပေမယ့် လွန်ဆန်လို့မရဘူးလေ၊ မိဘတွေမဟုတ်လား၊ တို့တစ်တွေနဲ့ သူတို့အမြင်ချင်းမတူကြတာဟာ လူကြီးတွေက ရိုးရာအစဉ်



www.burmeseclassic.com

www.burmeseclassic.com



အလာနဲ့ ဘာသာရေးနီတိတွေကို ထိန်းထားချင်ကြလို့ပါ၊ ဒါကိုတော့ မင်း မဖောက်ဖျက်ဖို့ ကတိပေးပါ ဆီဗီယာ'

'တတ်နိုင်သမျှတော့ လိုက်နာပါ့မယ်၊ ဒါပေမယ့် ဘာကိုမှ ဆီဗီယာ ကတိမပေးပါရစေနဲ့'

မာတင်ပြုံးပြီး

'ကောင်းပါပြီလေ၊ မင်းဘက်က ကိုယ်ဆွေးနွေးပါ့မယ်၊ တွေ့တွေ့ ချင်း ချစ်သွားကြတယ်ဆိုတာ ဖြစ်နိုင်ပါတယ်၊ ဒါကလဲသူ့မှာ ထူးထူး ခြားခြားဆွဲဆောင်မှု ရှိနေလို့ ဖြစ်မှာပေါ့'

'နေပါဦး မာတင်၊ ဆီဗီယာ့အချစ်ကို သရုပ်မခွဲတတ်ဘူး ထင်နေ လို့လား'

'မင်း ခုပဲပြောတယ်လေ၊ ခေါင်းထဲမှာ ရှုပ်ထွေးနေတယ်ဆို'

'ရှုပ်ထွေးနေတာက သူနဲ့ မဆိုင်ပါဘူး၊ လူကြီးတွေကြောင့် ပါ၊ သူ့ကို မမြင်ဘူးသေးပဲနဲ့ ဇွတ်ငြင်းနေကြတယ်၊ မတန်မရာလို့ ထင်နေ ကြတယ်၊ ဆီဗီယာ ကလေးမှ မဟုတ်တော့တာ၊ ၁၈ နှစ်ပြည့် ပြီပဲ၊ မိန်းကလေးကျောင်းမှာ နေရလို့ ဒါမျိုးတွေ ပိုတောင်သိသေး၊ တစ် မျိုးမထင်နဲ့ဦးနော်၊ ဆီဗီယာဟာခုထိ ဘယ်ယောက်ျားလေးနဲ့မှ မအိပ်ဖူး သေးဘူး၊ ဒါပေမယ့် ကိုယ့်ကိုကိုယ် ဘာလုပ်နေတယ်ဆိုတာ မသိဘူး တော့ မထင်နဲ့ မာတင်'

ပြောနေရင်း ဆီဗီယာ မျက်ရည်တွေ ကျလာပြန်သည်။

'ကဲ. . . ထားပါတော့ကွာ၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်ပြော တာ အဓိပ္ပာယ်တစ်မျိုးဖြစ်သွားလား မသိဘူး၊ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် မချခင် သူဟာ ဘဝကြင်ဖော်ဖြစ်ထိုက်တဲ့လူလားဆို တာ သေချာအောင် လုပ်ဖို့လိုတယ် ဆီဗီယာ'

'မာတင် ပြောတဲ့အတိုင်းလုပ်မှာပါ၊ အဒေါ်နဲ့ နယူးယောက် မှာ သွားနေပြီး သူ့ကို အကဲခတ်မယ်၊ သူဟာ တကယ်လူတော်တစ်ယောက်ဆို ရင်တော့ အိမ်ကို ပုန်ကန်ရမှာပဲ'

'ဒါဆို ကိုယ်လက်ခံတယ် ဆီဗီယာ၊ ဒါပေမယ့် တိုက်ပွဲဆင်တဲ့ အခါ သေနင်္ဂဗျူဟာ မှန်ဖို့တော့လိုတယ်၊ မင်းတစ်ယောက်တည်း ဖြစ်ဖြစ်၊ မင်းရဲ့ သွားစိုက်ဆရာဝန်နဲ့ဖြစ်ဖြစ် အိမ်ကို ပြန်လာခွင့်ရ အောင်လုပ်ဖို့တော့





မင်းသတိရှိပစေနော်'

ဆီဗီယာ ခေါင်းကို ဖြည်းဖြည်းယမ်းပြီး

'မာတင့်ကို ဆီဗီယာ သိပ်ချစ်ပါတယ်ကွယ်၊ မိတ်ဆွေ ကောင်းပီသ ပါပေတယ်'

နောက်တစ်ပတ်အကြာတွင် ဆီဗီယာ နယူးယောက်သို့ ပြန်သည်။ လူကြီးတွေနှင့်အတူ မာတင် ဘူတာရုံလိုက်ပို့၏။ လက်ပြ နှုတ်ဆက် ကြသည်။ လျှို့ဝှက်ချက်ကိုတော့ သူတို့နှစ်ယောက်သာ သိကြသည်။

♠ ♠ ♠

ဆီဗီယာကို လူကြီးဆန်ဆန် ဆုံးမလွှတ်လိုက်ပြီးကာမှ အိမ် တွင် မာတင်တစ်ယောက် အဖေအမေတွေနှင့် ဆက်ဆံရေး မပြေ မပြစ်ဖြစ်လာ သည်။ အဖေ၏ ရှေးဟောင်းအယူအဆတွေကို လက် မခံနိုင် ဖြစ်လာ၏။ တစ်နေ့တွင် ညစာစားရင်း နိုင်ငံရေးဆွေး နွေးကြသည်။ မာတင်က

'ကမ္ဘာကြီးမှာ တိုးတက်တဲ့ အတွေးအခေါ်တွေ၊ ပြောင်းလဲမှုတွေ ရှိနေရမှာပေါ့ ဖေဖေ၊ အရှိအတိုင်းချည်း ရပ်နေရမှာလား'

ဂျူလီယန်က ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည့် လေသံဖြင့်

'ဘာကွ၊ တိုးတက်တဲ့ အတွေးအခေါ်. . ဟုတ်လား၊ ဒီမှာ မင်းမြဲမြဲ မှတ်ထား၊ အတိတ်ကို သိမ်းဆည်းမထားရင် အနာဂတ်ဆို တာ ဘယ်တော့မှ မရှိနိုင်ဘူး'

ဝိုင်ခွက်ကို လှမ်းယူသည့် ဖေဖေ့လက်တွေ တုန်နေကြောင်း မာတင် သတိပြုမိလိုက်သည်။ ကျန်းမာရေးကမကောင်းတော့။ သည် တော့လည်း မိမိ၏ အယူအဆကို ဖေဖေလက်ခံရေးမှာ အရေးမကြီး တော့ပေ။

'ဖေဖေပြောတာ ဟုတ်ပါတယ်လေ၊ ကျွန်တော်လက်ခံပါ တယ်'

မာတင်ပြောသည်ကို မကြားယောင်ပြုပြီး ဂျူလီယန်က ဇနီးဖြစ် သူကို လှမ်းမေးလိုက်သည်။

'မင်းဘယ်လိုထင်လဲ ဘက်စီ'

အမေကြီးက မာတင့်ကို မျက်မှောင်ကုတ်ကြည့်သည်။ ဘယ်တုန်း ကမှ အဖေနှင့်မဆန့်ကျင်ဖူးသည့်သား. . လင်တော်မောင် ဘက်သို့လှည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ကမ္ဘာကြီးတိုးတက်နေတယ်ဆိုတာ မိစ္ဆာဒိဋ္ဌိအယူဝါဒတွေ ရှေ့တန်းရောက်လာတာကို ပြောတာရှင့်'

ဤသို့ဖြင့် ကျောင်းဖွင့်ချိန်တွင် အိမ်မှ ထွက်လာခဲ့ရသည်။ သည်နှစ်တွင် ဒိုမင်းနစ်နှင့် တစ်ခန်းတည်း ကျသည်။ မပြန်ခင်ရက် ပိုင်းများတွင် သားအဖနှစ်ယောက် ပဋိပက္ခဖြစ်မည့်အကြောင်းများ ကို သတိထားပြီး ရှောင်ရှားခဲ့ကြသည်။ အထူးသဖြင့် နိုင်ငံရေးနှင့် ဥရောပတွင် စတင်တော့မည့် ဒုတိယကမ္ဘာစစ်ကြီးအကြောင်းကို ဘယ်သူမှမဟကြ။ သို့သော် ဟစ်တလာကို မြင်သည့်နေရာတွင်မူ သားအဖနှစ်ယောက် ထပ်တူညီကြသည်။

**ချစ်သောမာတင်ရေ**

*ပထမဦးဆုံးမာတင့်ကို ကျေးဇူးတင်ကြောင်းနဲ့ ဒီစာကို စဖွင့်ပါရစေ။ လွန်ခဲ့တဲ့ ရှစ်လက ဆီဗီယာ့ကို ဆုံးမစကားတွေနဲ့ ပဲ့ပြင်ခဲ့ဖူးတဲ့ အတွက်လေ. . .။*

*ပထမပိုင်းမှာ သူ့ကို စွဲစွဲလမ်းလမ်းချစ်တယ်လို့ အောက်မေ့ခဲ့တယ်၊ အပျော်ကြီးပျော်ခဲ့တယ်။ သူ့ကို ရောဘတ်တေလာနဲ့ တစ်ပုံစံတည်းလို့ စိတ်ထဲထင်ခဲ့တယ်။ ခုတော့ ဘယ်အခြေအနေ ရောက်နေပြီလဲ သိလား၊ တစ်ယောက်နဲ့တစ်ယောက် မကြည့်ချင်လောက်အောင် မုန်းနေကြပြီလေ။ ဘာသာရေးကို ဘယ်တုန်းကမှ ရှေ့တန်းတင်မစဉ်းစားခဲ့မိဘူး။ သူ့အသိုက်အဝန်းက ဂျူးမုန်းတီးရေးဝါဒီတွေလေ။ ဒါလောက်ဆို မာတင် သိပါပြီကွယ်။ လက်စသတ်တော့ သူနဲ့ ဆီဗီယာဟာ တစ်ကမ္ဘာစီက လူသား နှစ်ယောက်ပဲ။*

*ကောင်းဖို့ဖြစ်စေ၊ ဆိုးဖို့ဖြစ်စေ အချစ်ဇာတ်လမ်း တစ်ပုဒ် ပျက်သုဉ်းရခြင်းအတွက် မထိခိုက်ဘဲတော့ မနေနိုင်ဘူး ပေါ့လေ။*

*အချစ်ကိုအကြောက်ကြီး ကြောက်သွားပြီး*
*နောက်ဇာတ်လမ်းတစ်ပုဒ်စဖို့ မဝံ့ရဲတော့တဲ့*

**ဆီဗီယာ**

♠ ♠ ♠



(၆)

ဆီဗီယာ့စာရပြီး နှစ်နှစ်အကြာတွင် ယေးလ်တက္ကသိုလ်မှ မာတင် ဘွဲ့ရသည်။ ဥရောပနိုင်ငံရေးနှင့်စပ်လျဉ်း၍ သားအဖနှစ်ယောက် အမြင်ချင်းတူသည်ထက် တူလာကြသည်။ လွတ်လပ်နေပြီ ဖြစ်သော ဆီဗီယာနှင့် ဟိုတုန်းကလိုပင် သူငယ်ချင်းများအဖြစ် ပြန် တွဲဖြစ်ကြသည်။ ဘွဲ့နှင်းသဘင်သို့ မိဘတွေနှင့်အတူ ဆီဗီယာ လိုက် ပါလာသည်။

အခမ်းအနားပြီးလျှင် ပြီးချင်း ပွေ့ဖက်နမ်းရှုပ်နေကြသော ဓာတ်ပုံတဖျပ်ဖျပ်ရိုက်နေကြသော လူအုပ်ကြီးကို တိုးခွေ့ပြီး မာတင် ဆင်းလာသည်။ သူဆီသို့ ပြေးလာနေသော ဆီဗီယာကို လက်နှစ်ဖက် ဆန့်တန်းကြိုဆိုသည်။ ပွေ့ဖက်နမ်းရှုပ်နှုတ်ဆက်တော့ အဖေနှင့် အမေက ပြုံးကြည့်နေကြသည်ကို မာတင် သတိမထားမိ။ ဘွဲ့ဝတ်စုံနှင့် ခန့်ညားလှ နေသော သားကိုကြည့်ပြီး ဘက်စီတစ်ယောက် မျက်ရည်တွေ လည်နေ သည်။ ဝမ်းသားအားရ ပွေ့ဖက်နှုတ်ဆက် သည်။ ဂျူလီယန်ကလည်း သားပခုံး ကို ဖက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီ ပရိသတ်ထဲက ရှိသမျှအဖေတွေထက် ဖေဖေပိုပြီး ဂုဏ်ယူတယ်သား၊ မင်းလိုသားမျိုးကို ပေးသနားတဲ့အတွက် ဘုရား သခင်ကို ဖေဖေကျေးဇူးတင်လို့ မဆုံးဘူး'

'ကျေးဇူးတင်ပါတယ် ဖေဖေ'

မာတင် တိုးတိုးလေး ပြန်ပြောသည်။ ပဋိပက္ခဖြစ်ခဲ့ဖူးသည့် အကြောင်းအရာများကို တွေးမိပြီး စိတ်မကောင်းဖြစ်သွား၏။

ဗိုမင်းနစ်၏မိသားစုများကလည်း ဘွဲ့နှင်းသဘင်သို့ လာ တက် ကြသည်။ ဘဝထဲသို့ တိုးဝင်ဖို့ သူငယ်ချင်းနှစ်ယောက် ယေးလ် တက္ကသိုလ်မှ အပြီးအပိုင်ထွက်ခွာခဲ့ခြင်း ဖြစ်သည်။ ဗိုမင်းနစ်က မက်ဒီဆင်ရိပ်သာ ကြော်ငြာကုမ္ပဏီကြီးတစ်ခုတွင် အလုပ်ရသည်။ မာတင့်အတွက်မူ အဖေ၏ ကုမ္ပဏီလုပ်ငန်းကြီးတွင် အလုပ်က ရေ ကန်အသင့် ကြာအသင့်။

မာတင့်အနေဖြင့် မိသားစုလုပ်ငန်း ရေစီးကြောင်းတွင် မျောလိုက် လိုစိတ်မရှိသော်လည်း မိဘနှစ်ပါးကို ကျေးဇူးဆပ်လို၍ အဖေစီစဉ်သည့် အတိုင်း လိုက်နာခဲ့သည်။ သို့သော် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကိုယ့်ဒူး ကိုယ်ချွန်မည်ဟု ဆုံးဖြတ်ချက်ချထားသည်။ ခြောက်လအတွင်း ကာလီဖိုး နီးယားစီးပွားရေးလောကကို မာတင် ကျွမ်းကျင်နံ့စပ်ခဲ့သည်။ မိဘအရိပ် အောက်မှ ပထမအဆင့် ရုန်းထွက်သည့်အနေဖြင့် ဆန်ဖရန်စစ္စကိုတွင် ကိုယ်ပိုင်တိုက်ခန်းတစ်ခန်း ဝယ်ယူလိုက်သည်။ သားကိုကလေးတစ်ယောက် အဖြစ်သာ မြင်နေသည့် ဘက်စီတစ်ယောက် ရုတ်တရက်နားမလည်နိုင် အောင် ဖြစ်နေသည်။

သို့သော် သူကိုယ်တိုင် သား၏အခန်းပြင်ဆင်မှုကို ကြီးကြပ်ပေး သည်။ ခေတ်အမီဆုံး ပရိဘောဂတွေ ဝယ်ပေးသည်။ တိုက် ခန်းသို့ပြောင်း သည့်နေ့တွင် မာတင်က အမေလုပ်သူကို စည်းရုံးသည်။

'ကျေးဇူးတင်ပါတယ် မေမေ၊ သား ၂၂ နှစ် ပြည့်ပြီနော်၊ လွတ် လွတ်လပ်လပ်နေတော့မယ်နော် မေမေ'

'မေမေ နားလည်ပါတယ် သားရယ်၊ နေပါ၊ နေပါ၊ ဒါပေမယ့်သား အတွက်အသင့်တော်ဆုံး မိန်းကလေးဟာ ဆိုဖီယာဆိုတာတော့ မမေ့နဲ့နော်'

'စိတ်ချပါမေမေ၊ လောလောဆယ်တော့ အဲဒီကိစ္စ ကျွန်တော် ဘာမှ မစဉ်းစားချင်သေးဘူး'





'ဟုတ်ပါပြီလေ၊ မေမေ အဲဒီလို မျှော်လင့်နေမိတာကိုတော့ အပြစ် မတင်နဲ့နော်၊ ကဲ. . ဒီည ဘာအစီအစဉ်ရှိသလဲ'

မာတင်က ပြုံးပြီး

'မိန်းကလေးတစ်ယောက်နဲ့ ချိန်းထားတယ် မေမေ'

'ဟုတ်လား၊ မေမေတို့ သိတဲ့ အထဲကများလားကွယ်'

'မဟုတ်ဘူးမေမေ၊ သူက စံပြမယ် မိန်းကလေးတစ်ယောက် ပါ'

'ဘာ. . .'

'ကိုယ်ဟန်ပြမယ်ကို ပြောတာပါ မေမေ'

'ဪ. . သားရယ်၊ သံယောဇဉ်တော့ မထားပါနဲ့နော်'

'ဟုတ်ကဲ့၊ ကျွန်တော်ကြိုးစားပါ့မယ် မေမေ'

ကိုယ့်ကိုကိုယ်တော့ ဟုတ်လှပြီထင်၏။ သို့သော် မိုးလင်း လို့ ကောင်မလေးကို နံဘေးတွင် မတွေ့ရတော့ ရေချိုးခန်းထဲရှိမည် အထင်နှင့် ဝင်လိုက်သွားသည်။ နှုတ်ခမ်းဆိုးဆေးဖြင့် မှန်ပေါ်တွင် ရေးထားသည့် စာတန်းကိုသာ တွေ့ရ၏။

'အနှစ်မဲ့ အချစ်မဲ့ညအတွက် ကျေးဇူးတင်ပါတယ်'

စိတ်ပျက်လက်ပျက်နှင့် ကော်ဖီဖျော်ပြီး ရှေ့တံခါးဖွင့်ကာ သတင်းစာခွက်မှ သတင်းစာကို လှမ်းယူလိုက်သည်။

'ပုလဲဆိပ်ကမ်း ဗုံးကြဲခံရခြင်း'

မျက်နှာဖုံးသတင်းကိုကြည့်ပြီး ဟင်. . . ဘာအဓိပ္ပာယ်ပါ လိမ့်၊ မာတင်ဘာမှ နားမလည်နိုင်အောင် ဖြစ်နေသည်။ ဟာဝေယံ ကျွန်းဟာ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်တစ်ခုပဲ၊ ဘုရား ဘုရား စစ်ဖြစ်တော့ မှာပါလား. . . တယ်လီဖုန်းသံမြည်လာတော့ မာတင်လန့်သွားသည်။ တစ်ဘက်မှ အဖေ့အသံ။

'ဖေဖေတော့ ဘာမှ နားမလည်နိုင်အောင်ပဲ သား၊ ဗိုချွေး ကောင် ဂျပန်တွေ ပြီးခဲ့တဲ့အပတ်ကပဲ ဝါရှင်တန်မှာ ငြိမ်းချမ်းရေး စကားပြောသွား ကြသေးတယ်'

မာတင် ကိုယ့်အသံ ကိုယ်ပြန်ကြားလိုက်သည်။

'ဒါဆို နာဇီတွေကို ကျွန်တော်တို့ လက်တုံ့ပြန်ခွင့် ရပြီပေါ့ ဖေဖေ'

ဂျူလီယန် မျက်လုံးပြူးသွားသည်။ မာတင် ၂၂ နှစ် ပြည့်နေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အချိန်မရွေးစစ်ထဲ ပြေးဝင်နိုင်သည်။

'သား အိမ်ကို အမြန်ဆုံးပြန်ခဲ့ ကြားလား၊ မေမေ သိပ်စိတ်ပူနေတယ်'

'ဟုတ်ကဲ့ ဖေဖေ'

ထိုညတွင် မာတင် လုံးဝ မအိပ်နိုင်။ နယူးယောက်တစ်မြို့ လုံး ဘုန်းအုန်းကျွက်ကျွက် ဖြစ်နေသည်။ အနေ့ပေါ်စစ်သားစု ဆောင်းရေး ဌာနများတွင် လူငယ်တွေ ကြိတ်ကြိတ်တိုးနေကြသည်။ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သည်။ တက္ကသိုလ်အရန် တပ်ရင်းတွင် နှစ်နှစ်တိတိ ဝင်ခဲ့ဖူး၍ အရာရှိတန်းဖြစ်နိုင်သည်။ ဖေ ဖေနဲ့ မေမေတို့ နားလည်ခွင့်လွှတ်နိုင်ကြကောင်းပါရဲ့။ ယူနီဖောင်း ဝတ်ပြီး အိမ်ပြန်တော့ တွေ့ရသည့် မေမေ့မျက်နှာက တစ်သက်မမေ့ နိုင်အောင်ပင်။ ဘယ်လိုမှ ကွန်မြူမဆောင်နိုင်ဘဲ စစ်ကို ကျိန်ဆဲရင်း မျက်ရည်တွေ တွေတွေကျလာသည်။

'ဘာလို့ ဒီလောက်အလောတကြီး ဝင်ရတာလဲ သားရယ်၊ ဖြည်းဖြည်းဝင်ရင်လဲ ရတာပဲ၊ ဖေဖေအကူအညီပေးနိုင်တာပေါ့'

မာတင် ခဏတွေပြီး စဉ်းစဉ်းစားစား ပြောလိုက်သည်။

'သားကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပါ ရစေ မေမေ'

မျက်ရည်တွေ တသွင်သွင်ကျနေရင်း မေမေတောင်းပန်သည်။

'သားပြောတာ မှန်ပါတယ်ကွယ်၊ မေမေ့ကို ခွင့်လွှတ်ပါ'

၁၉၄၁ ခုနှစ်၊ ဒီဇင်လာလ ၂၇ ရက်နေ့တွင် ဖို့ဒ်အော့ဒ် သင်တန်းကျောင်းသို့ မာတင် သတင်းပို့ရသည်။ ခြောက်ပတ်သင်တန်း ပြီးလျှင် ဘယ်ကိုရောက်မည် မသိသေး။

စစ်ကားကြီးပေါ်တွင် လှပသောရှုခင်းများကို မငေးနိုင်ဘဲ ငိုင်လိုက်လာခဲ့၏။ စိုးရိမ်ပူပန်နေသည့် အမေ့မျက်နှာ၊ စိတ်ဓာတ်ကျ နေသည့် အဖေ့သဏ္ဌာန်နှင့် ဆီစီယာ၏ အားပေးပြုံးကလေးများကို တရိပ်ရိပ် မြင်ယောင်နေသည်။ စခန်းရောက်သည့် ပထမဆုံးညတွင် တော်တော်နှင့် အိပ်မပျော်။ ပြန်ခါနီးရက်များတွင် ဆီစီယာနှင့် ပို၍ နီးစပ်ခဲ့ရသည်။ အမေနှင့်အဖေကို စောင့်ရှောက်ပါမည်ဟု ဆီစီယာ က ကတိပေးသည်။ အင်း. . . သည်ကလေးမနဲ့ပဲ လက်ထပ်ဖြစ်မယ် ထင်ပါရဲ့၊ တစ်မျိုးတည်း





တစ်ဘာသာတည်းမို့ နေနဲ့လ ရွှေနဲ့မြလို့ ထောပနာပြုကြမည် မုချ၊ မသေမပျောက် ပြန်ရောက်ခဲ့ရင်ပေါ့လေ။

သို့သော် စစ်သင်တန်းတွေ စပြီဟော့ ဆိုကတည်းက ဘာမှ စဉ်းစားချိန်မရတော့။ အိပ်ရာပေါ် လှဲလိုက်သည်နှင့် တန်းအိပ်ပျော်သွားတော့၏။ အရေးပေါ်ဗိုလ်သင်တန်းကို ခြောက်ပတ်အတွင်း အပြင်းအထန်လေ့ကျင့်ရသည်။ ဥရောပစစ်မြေပြင်သို့ သွားရလိမ့် မည်ဟု မာတင်မျှော်လင့်နေ၏။

ကျောင်းဆင်းတော့ အိမ်ကို တစ်ပတ်ပြန်ခွင့်ရသည်။ အမေလုပ်သူကသားကို မျက်စိအောက်က အပျောက်မခံဘဲ အရိပ်တကြည့်ကြည့် လုပ်နေသည်။ စားကောင်းသောက်ဖွယ်ရာတွေကို ကိုယ်တိုင်ချက်ပြုတ်ကျွေးမွေး၏။

မာတင် မပြန်ခင် ဆီစီယာတို့ တစ်အိမ်သားလုံးကို ညစာ စားဖို့ ဖိတ်သည်။ ညစာဝိုင်းတွင် အားလုံးပျော်နေကြသည်။ ကော်ဖီသောက်ပြီးကြတော့ မာတင်နှင့် ဆီစီယာ လသာဆောင်သို့ ထွက်ခဲ့ကြ၏။ မစ္စတာလိုဝင်သဲလ်ဇနီးမောင်နှံနှင့် ဂျူလီယန်တို့ စုံတွဲစကားလက်ဆုံကျနေကြသည်။

ဆီစီယာက ဆောင်းညတွင် မွှေးပျံ့နေသည့် နှင်းဆီခြံကို ငုံ့ကြည့်ရင်း

'ဟိုတုန်းက အတိုင်းပဲနော် မာတင်၊ ဘာမှ မပြောင်းလဲဘူး၊ သိပ်လှတာပဲကွယ်'

'ဟုတ်တယ် ဆီစီယာ၊ ကိုယ်လဲမနေ့ကပဲ အဲဒီလိုတွေးမိသေးတယ်'

ဆီစီယာက မာတင့်လက်ကို ဆွဲပြီး

'လာ . . . . . ဆင်းလျှောက်ကြရအောင်နော်'

မြက်ခင်းစိမ်းစိမ်းကို ထင်းရှူးပင်ပျိုတွေ ခြံရံထားသည့် ဘက်သို့ ထွက်ခဲ့ကြသည်။ သူတို့နှစ်ယောက်ငယ်ငယ်က ဆော့ကစားကြသည့် စတ္တူပန်းရုံအောက်သို့ ရောက်လာကြသည်။ ညမှာ လရောင်ဖြင့် လှချင်တိုင်း လှနေ၏။ မွှေးချင်တိုင်းမွှေးနေ၏။ ဤတွင် နံဘေးမှ ဆီစီယာ၏ ရှိုက်သံကို ကြားလိုက်ရခြင်း ဖြစ်၏။

အသာဖက်ပြီး ချော့သည်။

'အို. . . . ဆီစီယာကလဲကွာ၊ ဘာလို့ ငိုရတာလဲ၊ မင်းငိုရှင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သိပ်စိတ်ညစ်တာပဲ'

ဆီဗီယာက ရှိုက်ရင်း ရှိုက်ရင်းမှ

'မာတင့်ကို ဆီဗီယာ သိပ်ချစ်တယ်၊ ဘယ်လိုမှ မချစ် အောင်လုပ်လို့ မရဘူး၊ ဒါတွေကို ဖွင့်ပြောဖို့ စိတ်မကူးပါဘူး မာတင်ရယ်၊ ခုတော့ . . . ခုတော့ မာတင်က အဝေးကြီးကို ထွက်သွားတော့မှာ မဟုတ်လား၊ မာတင့်ကို ချစ်သလို ဆီဗီယာ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဆိုတာ ယုံပါနော်'

ရင်ခွင်ထဲမှ မိန်းကလေးကို တင်းတင်းဖက်ပြီး

'စစ်ဖြစ်လို့ သွားရတာပဲ ဆီဗီယာ၊ မင်းစိတ်လှုပ်ရှားနေလို့ ပြောတာ မဟုတ်လားဟင်'

ဆီဗီယာက ဘာမှမပြောတော့ပဲ မာတင့်လည်ပင်းကို သိုင်းဖက်ကာ မွတ်မွတ်သိပ်သိပ် နမ်းသည်။

'ဆီဗီယာရယ်၊ မသင့်တော်ပါဘူးကွာ၊ မဖြစ်သင့်ဘူးလေ'

'ဘာလို့ မဖြစ်သင့်ရမှာလဲ၊ ဆီဗီယာ့ကို နည်းနည်းလေးမှ မချစ်နိုင်ဘူးလားဟင် မာတင်'

'ချစ်ပါတယ်၊ မင်းကို ကိုယ်ချစ်ပါတယ်'

'ဒါဖြင့် ဘာလို့ မချစ်လဲ၊ ချစ်ပါလားလို့'

'ဘာပြုလို့လဲဆိုတော့. . . . . .'

သူ့စကားမဆုံးမီ ဆီဗီယာက ပူနွေးနွေးနှုတ်ခမ်းများဖြင့် တရှိုက်မက်မက်နမ်းပြန်သည်။ မာတင့် တစ်ကိုယ်လုံးသို့ အနွေးဓာတ်ကူးစက်သွားသည်အထိ ဆီဗီယာက မလွှတ်တမ်း နမ်းနေသည်။ နှစ်ယောက်သားဒူးညွှတ်ကာ ထိုင်ချမိလျက်သား ဖြစ်သွား၏။

လှသောည၊ မွေးသောညသည် ရင်လှိုင်းခတ်သံတို့ဖြင့် ရသစုံနေ၏။

တွန့်ကျေနေသည့် အဝတ်အစားတွေကို သေသပ်အောင် လုပ်ရင်း ဆီဗီယာ့မျက်လုံးများကို ရှောင်ရှားကာ

'ကိုယ်ဒီလောက် သတိလက်လွတ်ဖြစ်ဖို့ မကောင်းဘူး ဆီဗီယာ'

'ဒီလို မပြောပါနဲ့ မာတင်ရယ်၊ ဆီဗီယာ မာတင့်ကို ချစ် လွန်းလို့ပါ၊ ဒီညအဖြစ်ကလေးကို သတိရစေချင်လို့ပါ၊ မှော်ပျော်ပါး ပါး သတိရနေနော်'

'ကိုယ် တစ်သက်လုံး သတိရနေပါ့မယ် ဆီဗီယာရယ်၊ ဒါပေမယ့်





မင်းကိုယ့်အတွက် စိတ်ဆင်းရဲရမှာတော့ ကိုယ်သိပ်စိုးတယ်'

'အဲဒီလို ဘယ်တော့မှ မဖြစ်စေရပါဘူး မာတင်၊ အဲ့ဒါ အတွက်တော့ စိတ်ချပါကွယ်'

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

# (၇)

မာတင်ပြန်ရမည့်နေ့။ ဆီဗီယာလည်း ဘူတာလိုက်ပို့သည်။ မေမေ ဘက်စီ၏ မျက်စိထဲတွင် သားမှလွဲ၍ ဘယ်သူ့ကိုမှမမြင်။ စင်စစ် ဘူတာရုံ အပြည့် သူ့လိုအမေတွေ အများကြီး။ သားတွေကို မျက်ရည်ကြားမှ နမ်းရှုတ် နှုတ်ဆက်နေကြသည့် အမေတွေ။ ဂျူလီယန်ကမူ ဟန်ဆောင်ပြုံးပြုံးထား နိုင်သည်။

ဆီဗီယာက နံဘေးမှ ရပ်ပြီး

'ကိုယ့်ကိုကိုယ် ဂရုစိုက်နော် မာတင်'

'စိတ်ချပါ ဆီဗီယာ၊ ကိုယ့်မိဘတွေကို စောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ'

နှစ်ယောက်သား နှုတ်ဆက်အနမ်းများဖြင့် ခွဲလိုက်ပြီး မာတင် ရထားပေါ်တက်သည်။ စစ်ရထားကြီးတရွေ့ရွေ့ထွက်သွားပြီ။ မျက်ရည် တွေတွေကျရင်း သုံးယောက်သား လက်ပြကျန်ရစ်သည်။ ရထားကြီးမြင်ကွင်း မှ ပျောက်ကွယ်သွားသည်နှင့် အဘိုးကြီးနှင့် အဘွားကြီး မျက်နှာသည်





သိသိသာသာ အိုမင်းသွားသည်ဟု ဆီဗီယာ ထင်လိုက်သည်။ မာတင့် ကိုယ်စား သူတို့နှစ်ယောက်ကို တတ်နိုင်သမျှ စိတ်ချမ်းသာအောင်လုပ် မည်ဟု ဆီဗီယာ ဆန္ဒပြုလိုက်၏။

မျက်ရည်သုတ်ရင်း ဆီဗီယာကပင် သတိပေးရသည်။

'ပြန်ကြရအောင်နော်'

အိမ်အပြန်ခရီးတွင် ကားပေါ်ထိုင်ရင်း ဆီဗီယာအတွေး နယ်ချဲ့ လိုက်လာသည်။ တစ်ပတ်အတွင်းဖြစ်ခဲ့သည့် အဖြစ်အပျက်များမှာ အိပ်မက်ဆန်လှသည်။ ကိုယ့်ကိုကိုယ်မညာဘဲ အမှန်ကိုမြင်အောင် ကြည့်နိုင် ဖို့ ကြိုးစားရမည်။ မာတင့်ကို အိပ်မက်ဆန်ဆန် တစ်ဖက်သတ်ချစ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ခုမှ ကိုယ့်ကိုကိုယ် နားလည်လာသည်။ မောရေကို ချစ်ခဲ့ခြင်းမှာ အရန်ချစ် အဖြစ် အစားထိုးခြင်းသဘောမျှသာ ဖြစ်သည်။ ဒါကို သူသိနေခဲ့လေသလား။ အချစ်တွင် အချိန်ယူဖို့လိုအပ်ကြောင်း သူ သွန်သင်ခဲ့သည် လေ။

သူ့ကို မနာလို ဝန်တိုစိတ် ဖြစ်စေချင်သည်။ မောရေနှင့်ဖြစ်သည့် ကိစ္စတွင် သူ့ဘက်က ပွင့်ထွက်လာမလားလို့ မသိစိတ်ဖြင့် မျှော်လင့်ခဲ့သည်။ ငယ်စိတ်ဖြင့် မိုက်မဲစွာ မျှော်လင့်ခဲ့ခြင်းမျိုး။ ချစ် စေချင်သည့် အချစ်မျိုးဖြင့် မာတင် မိမိကို မချစ်ကြောင်း ဆီဗီယာ နားလည်ခဲ့ပါသည်။

ဩော်. . . အချစ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ မညီမျှနိုင်ဘူးထင်ပါရဲ့။ မိမိချစ်သလို သူပြန်မချစ်နိုင်ခြင်းအတွက် အပြစ်ရှိ သူမှာ မိမိပင် ဖြစ်ရမည်ဟုဆီဗီယာ ယုံကြည်ထားလိုက်သည်။

တကယ်ဆို တစ်ယောက်နှင့်တစ်ယောက် မချစ်နိုင်စရာ အကြောင်းဘာမှမရှိ။ နှစ်အိမ့်တစ်အိမ်နေနေကြသည့် မိသားစုများမှ ပေါက်ဖွားခဲ့ကြသည့် ငယ်သူငယ်ချင်းများ။ ဘာသာစကားတစ်မျိုးတည်း ပြောကြပြီး ဘုရားသခင်ကို ကိုးကွယ်ကြသူတွေ။

ဘုရားသခင်. . . ဘုရားသခင် . . . မာတင့်ကြောင့်များ မိမိဘဝ အကျနာလေမည်လား။ မောရေနှင့်ကုန်းက အချစ်နယ်ကျွံ မည်ဖြစ်တိုင်း သူ့မျက်နှာပေါ် လာတတ်သည်။ ဒါကြောင့်လည်း ထိန်းနိုင်ခဲ့သည်။ စစ်ကြီး ဖြစ်လာတော့ ဆိုင်းမဆင့် ဗုံမဆင့် ခွဲရမည့်ညတွင် မိမိဆန္ဒတစ်ခုတည်းဖြင့် အသွေးယူအသားယူ ကြည်ဖြူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်လို့ ကားရပ်သည်ကိုပင် သတိမထားမိလိုက်။ လက်ပေါင်း ဒရိုင်ဘာကြီး အက်ဒွပ် တံခါးဆင်းဖွင့်ပေးမှ ခပ်ကြောင်ကြောင် ဖြစ်သွားသည်။

'ကိုယ် နေ့လည်စာ မစားချင်တော့ဘူးကွာ၊ ခေါင်းကိုက်နေတယ်' ဟု ဆိုကာ ဂျူလီယန် အိမ်ပေါ်ထပ် တက်သွားသည်။ ဘက်စီက ဆီဗီယာ ဘက်လှည့်ပြီး

'ကဲ. . . သမီး ဆာရောပေါ့'

'ဒါလောက်လဲ မဆာလှပါဘူး အန်တီဘက်စီ၊ ဒါပေမယ့် စားကြတာပေါ့လေ၊ အန်တီဘက်စီလဲ ဆာရောပေါ့'

သမီးမမွေး၍ ငယ်ငယ်ကတည်းက ချစ်ခဲ့ရသည့် ဆီဗီယာ့ကို ဘက်စီငေးကြည့်နေသည်။ ဆီဗီယာသည် မအေရင်းထက်ပင် အန်တီဘက်စီနှင့်ပို၍ ရင်းနှီးခဲ့၏။ တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်ခဲ့၏။ ကိုယ့်အိမ်မှာထက် သည်အိမ်တွင် ပိုပျော်၏။ ကစားဖော် မာတင်လည်း ရှိသည် မဟုတ်လား။ သည်အိမ်ကြီးတွင် ဘယ်နေရာကြည့် လိုက်ကြည့်လိုက်ငယ်ဘဝများနှင့် ပတ်သက်နေသည်ချည်း။

ညအိပ်ရာဝင်ခါနီးတွင် ဘက်စီက ကျေးဇူးစကားဆိုသည်။

'သမီး လာနေဖော်ရလို့ပေါ့ကွယ်၊ မဟုတ်ရင် အန်တီဘက်စီတို့ ဘယ်လို နေရမှန်းသိမှာ မဟုတ်ဘူး'

ထိုညတွင် မာတင့်ထံ စာတစ်စောင်ကောက်ရေး ဖြစ်သည်။ ရည်းစားစာ မဟုတ်ပါ။ ငယ်ငယ်က အဖြစ်ကလေးတွေ၊ လွမ်းမော တမ်းတစရာလေးတွေကို စမြုံ့ပြန်လိုက်ခြင်း ဖြစ်ပါသည်။ ပျော်စရာ အဖြစ်ကလေးတွေလေ . . . .။

♠ ♠ ♠



## (၈)

ဆီဗီယာ့စာမရောက်မီ မာတင်တစ်ယောက် အီတလီသို့ သင်္ဘောဖြင့် ထွက်ခဲ့ရသည်။ စိတ်လိုက်မာန်ပါဖြင့် စစ်မြေပြင်သို့ ထွက်ခဲ့ရသော်လည်း ကြုံဆုံရမည့် အနိဋ္ဌာရုံတွေအတွက် စိတ်ခါတ် ရေးရာအရ မာတင်ကြိုတင်ပြင်ဆင်ထားခြင်း မရှိပေ။ ထိတ်လန့်တုန်လှုပ်ဖွယ်၊ စက်ဆုပ်ရွံရှာဖွယ်တို့သည် ကုန်ဆုံးနိုင်သည်မရှိတော့။ မြေမြုပ်သင်္ဂြိုဟ်ချိန် မရသည့်ကာလဖြစ်၍ အလောင်းတွေက မြင်မကောင်းရှုမကောင်း။ ငတ်ပြတ်နေသည့် သက်ကြီးရွယ်အိုတွေနှင့် ကလေးသူငယ်တွေကို ရှောင်လို့ပင်မလွယ်။ အပျိုဖော်ဝင်စပြုမည် မကြံသေးသော အရွယ်ကလေးတွေက အင်္ဂလိပ်စကားမပီ့တပီဖြင့် အမေရိကန်စစ်သားတွေကို

'ချော့ကလက် ပေးမလား၊ အတူတူလိုက်ခဲ့မယ်လေ'ဟု တကြိုကြိုနှင့် အတင်းလိုက်ကပ်နေ၏။

အီတလီသည် ဂျာမနီနှင့်မခြား စစ်ဒဏ်ခံခဲ့ရသည် မဟုတ်လား။ ဂျူးတွေကို နှိပ်စက် သတ်ဖြတ်သည့် ကိစ္စမှာ ဥရောပတွင် ဆန်းကြယ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ မဟုတ်ပေ။ အစိုးရ အဖွဲ့အစည်းများကလည်း မမြင်ချင်ယောင်ဆောင်နေတတ်ကြသည်။ သို့သော် ဟစ်တလာလောက်တော့ ဘယ်သူမှမရက်စက်ကြ။ ဘယ်နိုင်ငံတွင်မှ ဒါလောက် များများစားစား အသတ်မခံခဲ့ရ။ ဘာအပြစ်မှ မရှိရှာဘဲ သေကြရသည့် ဂျူးလူမျိုးပေါင်း ခြောက်သန်း။

မဟာမိတ်တပ်ထဲတွင် ဗိုလ်ကြီးမာတင်ရှိ့သ်လောက် ဒေါသထွက်သူတစ်ယောက်မှ ရှိမည်မထင်။ အော့ဇဝစ်ငရဲခန်းမှ မသေဘဲ ရှင်ကျန်သူများ ကယ်ဆယ်ရေးတပ်ဖွဲ့တွင် မာတင်ပါဝင်ရသည်။ ဗုံးဒဏ်ကြောင့် ပြိုပျက်နေသည့် တိုက်ကြီးတိုက်ကြားတွင် ရွက်ဖျင်တဲဖြင့် ယာယီရုံးဖွင့်ထားရ၏။ မရှုမလှသေရသူများ၏စာရင်းမှာ ဆုံးနိုင်သည်ပင် မရှိတော့။ လောကကို မကျေနပ်စိတ်ဖြင့် ဒေါသကို အနိုင်နိုင်ထိန်းထားရ၏။ ဒီလိုဖြစ်မယ်ဆိုတာ ကမ္ဘာပေါ်မှာ ရှိရှိသမျှဂျူးလူမျိုးတွေ ဘာကြောင့်ကြိုမသိကြတာလဲ။ ခုမှ ယူကျုံးမရဖြစ်ကာ ချက်လက်မှတ်ကို စုပြုံပို့နေကြသည်။ ခါးသီးပြင်းထန်လှသည့် အတွေ့အကြုံများကြားမှ မိမိကိုယ်မိမိ ဂျူးတစ်ယောက်အဖြစ် ပထမဆုံး ခံစားရခြင်း။

စစ်ပြေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်နေဆဲတွင် ပြည်ပသို့ပြောင်းဖို့ အမိန့်ထွက်လာသည်။ လုပ်စရာတွေက အများကြီး ကျန်သေးသည်။ မာတင်သည် သူ့အလုပ်ထဲတွင် မအိပ်မနေ နစ်မြုပ်နေသူဖြစ်သည်။ လူရုပ်မပေါ်တော့အောင် အပင်ပန်းခံလုပ်နေခြင်းမျိုး။ ဒါကို ရိပ်မိသည့် တပ်မှူးက သူ့ကိုပြန်ပို့ဖို့ စီစဉ်လိုက်ခြင်းဖြစ်သည်။ နယူးယောက်ဆိပ်ကမ်းကို သင်္ဘောဆိုက်တော့ အမေ့နောက်ဆုံးစာကို ထုတ်ဖတ်မိသည်။

'ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် သားအိမ်ပြန် လာရတော့မှာပေါ့နော်'

မေမေထင်သလို ဖြစ်နိုင်ပါ့မလား။ မာတင် အိမ်ပြန်ချင် စိတ်မရှိသေး။ ဒဏ်ရာရလာသည့် နှလုံးသားကို မိဘများ မမြင်ကြစေချင်ပါ။ တပ်က ချက်ခြင်းထွက်ခွင့်ရသည်။ အရပ်သားဘဝဖြင့် လွတ်လွတ်လပ်လပ် အနားယူပြီး စဉ်းစားချင်သဖြင့် မင်ဟာတန်မှ ဂိုသန်ဟိုတယ်တွင် အခန်းတစ်ခန်းယူလိုက်သည်။ အရှေ့ကမ်းခြေမှ အနောက်ကမ်းခြေသို့ ဖုန်းခေါ်လိုက်သည်။ မေမေ့အသံကို ကြားရတော့ စိတ်မကောင်းဖြစ်သွားမိ၏။





စိတ်မသက်မသာဖြင့် အစီအစဉ်ကို ပြောပြလိုက်သည်။

'ကျွန်တော် နယူးယောက်မှာ ခဏနေဦးမယ် မေမေ'

'ဘယ်လို. . . ဘယ်လို. . . သား အိမ်ပြန်မလာသေးဘူးပေါ့ ဟုတ်လား၊ ဘယ်လောက်ကြာကြာနေမှာလဲ သားရယ်'

ဝမ်းနည်းပက်လက်ဖြစ်နေသည့်အသံဖြင့် မေမေပြန်မေးသည်။

'ပထမတော့ အစီအစဉ်မရှိပါဘူးမေမေ၊ ရောက်တုန်းမို့ တစ်ပတ်နှစ်ပတ်လောက် နေလိုက်မလားလို့၊ ဒိုမင်းနစ်နဲ့လဲ တွေ့ချင်သေးတယ်လေ'

ဘက်စီ မျက်ရည်တွေကျလာသည်။ မာတင်တစ်ယောက် ဒီလောက်အသည်းမာလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့။ အိမ်ကို အလွန်ခင်တွယ်သည့် သား။ ခုတော့ သူငယ်ချင်းနဲ့တွေ့ဖို့ ဦးစားပေးနေပြီကော။ မျက်ရည်ကိုသုတ်၊ အသံကို ထိန်းပြီး

'သားကောင်းသလို ကြည့်စီစဉ်ပါလေ၊ မေမေတော့ သားကို အောက်မေ့လှပြီကွယ်'

'သားလဲ မေမေ့ကို အောက်မေ့တာပါပဲ မေမေ၊ ဖေဖေနဲ့လဲ ပြောချင်သေးတယ်'

'သားဖေဖေ အိမ်မှာ မရှိဘူးကွယ့်'

'ဒါဖြင့် မနက်ဖြန်မှ ဆက်မယ်နော်၊ သား ဂိုသန်ဟိုတယ်မှာ တည်းနေတယ်'

အမေ့ကို ဖုန်းနံပါတ်ပေးပြီး တယ်လီဖုန်းနှစ်ကြိမ် ထပ်ခေါ်သည်။ တစ်ကြိမ်က ဟိုတယ်စာရေးကို ဝီစကီတစ်လုံးပို့ပေးဖို့ပြောပြီး နောက်တစ်ကြိမ်မှာ ဒိုမင်းနစ်ကို လှမ်းဆက်ခြင်းဖြစ်၏။

နောက်တစ်နေ့ ၁၁ နာရီခွဲတွင် ဒိုမင်းနစ်၏ ရုံးခန်းသို့လာခဲ့သည်။ ရုံးခန်းအဆောက်အအုံထဲ မဝင်မီ စီးကရက်တစ်ဘူးဝယ်သည်။ တစ်လိပ်ထုတ်ပြီး မီးညှိပြီးတော့ လက်တွေမသိမသာတုန်နေကြောင်း သတိထားမိသည်။

အနိဋ္ဌာရုံစစ်မြေပြင်မှ ပြန်လာခဲ့ပြီးနောက် ကိုယ့်ကိုကိုယ်အပြစ်ရှိသလို ခံစားနေရ၏။ ဓာတ်လှေကားထဲ ဝင်ခဲ့သည်။ ၃၆ ထပ်ခလုတ်ဆင်းသည်။

ဒိုမင်းနစ်နဲ့တွေ့ရင် ဘာအကြောင်းအရာတွေများ ပြောဖြစ်ကြမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်။ သူက စစ်အကြောင်းလုံးဝမသိလိုက်သူ။ နှစ်ယောက်သားကျောင်းက ထွက်ပြီးကတည်းက တစ်ခါမှပြန်မတွေ့ကြ။ စစ်သားစုဆောင်းရေးတွင် ဆေးမအောင်ကြောင်း သူ့ဆီက မာတင် စာတစ်စောင်ရခဲ့ဖူးသည်။ ခုတော့ ဒိုမင်းနစ်မှာ အောင်မြင်နေသည့် စီးပွားရေးသမားတစ်ယောက် ဖြစ်နေပြီ။ သူငယ်ချင်းနှစ်ယောက်ပြန်တွေ့တော့ ဝမ်းသာအားရ ပွေ့ဖက်နှုတ်ဆက်ကြ၏။ သို့သော် တော်တော်နှင့်ပြောစရာ အကြောင်းရှာမတွေ့ ဖြစ်နေကြသည်။ နေ့လည်စာ ထွက်စားကြသည်။ ကော်ဖီသောက်နေရင်း ဒိုမင်းနစ်က

'မင်းဒီည ဘာအစီအစဉ်ရှိလဲ မာတင်'

'ဟင့်အင်း. . . ဘာမှ မရှိဘူး'

'ဒါဖြင့် တို့ယေးလ်ကလပ်မှာ ညစာ စားရအောင်'

♠ ♠ ♠

ကလပ်ရောက်တော့ မာတင့်စိတ်တွေ ပျံ့လွင့်နေသည်။ ယေးလ်တက္ကသိုလ်ကျောင်းသားဘဝ။ ဥရောပစစ်မြေပြင်။ ဆီဗီယာနဲ့ သူပြန်တွေ့ရင် ဘယ်လိုဆက်ဆံရမလဲဆိုသည့် ပြဿနာ။

'ကဲ. . . . . မင်းဘာစားမလဲ မာတင်'

'ကြိုက်တာမှာကွာ'

နံဘေးစားပွဲများကို မာတင်တစ်ချက်ငဲ့ကြည့်သည်။ အားလုံးပျော်ပျော်ပါးပါး စားသောက်နေကြ၏။ ဘာကြောင့် သူများပျော်သလို မပျော်နိုင်ရမည်နည်း။ စစ်မြေပြင်က ပြန်လာတာ ငါတစ်ယောက်တည်းမှ မဟုတ်တာ'

'ကဲ. . . . . စားကွာ၊ ဟိုတုန်းက အတိုင်းပေါ့'

ဒိုမင်းနစ်ဘာပြောလိုက်သည်ကို မာတင်မကြားလိုက်။ ခပ်ကြောင်ကြောင်နှင့် ပြန်မေးရသည်။

'ဩော်. . . . ကျောင်းသားဘဝတုန်းကလိုပဲ ပျော်ပျော်ပါးပါး ပေါ့လို့ ငါပြောတာပါကွ၊ မင်းကြည့်ရတာ တစ်မျိုးပဲ'

'ဘယ်လိုလုပ်ပြီး ဟိုတုန်းကဘဝမျိုး ပြန်ရနိုင်တော့မလဲ သူငယ်ချင်း၊ တကယ့်လောကထဲကို တို့ခုရောက်နေကြပြီကွ'





'အင်း. . . . . မင်းပြောင်းလဲနေပြီဆိုတာ ငါတွေ့ကတည်းက အကဲခတ်မိပါတယ်ကွာ'

'လေးနှစ်လုံးလုံးငါရောက်ခဲ့တဲ့ နေရာတွေက တို့ကြည့်ဖူးတဲ့ စစ်ကားတွေနဲ့ တစ်ခြားစီပဲ ဒိုမင်းနစ်'

'အင်း. . . အဖြစ်တွေက တော်တော်ဆိုးတာပဲနော်၊ ငါတော့ ဆေးမအောင်တာ သိတဲ့နေ့က စိတ်ဓာတ်ကျကျနဲ့ လျှောက်ပွေပစ်လိုက်တယ်'

'ငါတို့ ဥရောပမှာအသက်ကို ဖက်နဲ့ထုပ်ပြီး တိုက်ခိုက်နေတုန်း မင်းက အပျော်ကျူးလို့ပေါ့လေ၊ ဟုတ်လား'

မာတင် စိတ်ချဉ်ပေါက်ပေါက်နှင့် ကောက်မေးလိုက်သည်။

'ပြောတော့ သူငယ်ချင်း၊ ဒါပေမယ့် ငါလုံးဝမပျော်ပါဘူးကွာ၊ ဘုရားသခင် အလိုတော်အတိုင်းပေါ့၊ မင်းတို့လို တိုင်းပြည်အတွက် စွန့်စားမပြုနိုင်လို့ ငါဓာတော့ ရှက်မိတယ်၊ ဒါပေမယ့် အမှန်အတိုင်းဝန်ခံရရင် စီးပွားရေးပိုင်းကကောင်းမွန်လာတော့ ကိုယ့်ဘဝကိုယ် ကျေနပ်နေမိတာ အမှန်ပဲ၊ ငါမင်းပြန်လာရင်ပြောဖို့ စောင့်နေတာ မာတင်၊ မင်း ငါနဲ့ တွဲလုပ်ပါလားကွာ'

မာတင်က ဟင်းလျာတွေကို စိတ်မပါလှစွာ တို့ကာပင့်ကာ စားရင်း

'ကျေးဇူးတင်ပါတယ်ကွာ၊ ငါစဉ်းစားပါရစေဦး'

'ဘာလဲ၊ မင်းအဘိုးကြီးအဘွားကြီးကို ထည့်တွက်နေတာလား၊ မင်း ဥရောပတစ်ခွင်တောင် လှည့်လာပြီပဲကွ၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးဖို့ စဉ်းစားတော့ပေါ့'

မိဘလောင်းရိပ်အောက်မှ ရုန်းထွက်ဖို့ အကြိမ်ကြိမ်စဉ်းစား ခဲ့ပါသည်။ နယူးယောက်တွင် အခြေပြုပြီး ဘဝကို စချင်နေသည်မှာ ကြာပြီ၊ သို့သော် မိဘသံယောဇဉ်နှင့် လူမှုရေးအစဉ်အလာ အနှောင်အဖွဲ့တွေက တင်းကျပ်လှသည်။ မိမိတွင် သားတွေရှိလျှင်လည်း မိမိလုပ်ငန်းကိုပင် ဆက်ခံစေချင်လိမ့်မည်ဟု မာတင် ဆင်ခြင်မိ၏။

'မင်းပြောတာတွေ အားလုံးမှန်ပါတယ် သူငယ်ချင်း၊ ငါ့မှာ အစဉ်အလာအနှောင်အဖွဲ့တွေက သူများတွေထက်ပိုပြီး ကြီးမားနေတယ်၊ ငါတို့ အဘိုးရဲ့ အဖေဟာ အဖိနှိပ်ခံဘဝကနေပြီး သူ့မျိုးဆက်တွေ လွတ်လွတ်လပ်လပ် သိက္ခာရှိရှိနေရအောင် ဥရောပက ထွက်ပြေးခဲ့တယ်၊ သူသာ



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလို မလုပ်ခဲ့ရင် တို့တစ်မျိုးသားလုံး ဟစ်တလာငရဲခန်းကိုရောက်မှာ သေချာတယ်၊ မသေဘဲ ကျန်ခဲ့တဲ့ တို့သွေးသား ဂျူးတွေရဲ့ မျက်နှာတွေဟာ ငါ့စိတ်ကို ခြောက်လှန့်နေတယ် သူငယ်ချင်း၊ ငါတွေဝေနေတာ အဖေနဲ့အမေကြောင့်ချည်း မဟုတ်ဘူး၊ နာဇီတွေသတ်လို့ မရှုမလှသေကြရသူတွေနဲ့ မသေရုံတမည်ဘဝနဲ့ ရှင်ကျန်ခဲ့သူတွေအတွက်လည်းပါတယ်၊ ဒါတွေ တွေးမိရင် ငါ့ဘိုးဘွားတွေရဲ့ ကျေးရူးကြီးမားပုံက ပိုပြီးပေါ်လွင်လာတယ်၊ အဲဒီအခါမှာ မိဘအရိပ်အောက်က ထွက်ဖို့ မလွယ်တော့ဘူး သူငယ်ချင်း၊ မင်းနားလည်နိုင်မလား မသိဘူး'

အီတလီလူမျိုးများ ဖြစ်ကြသည့် မိဘတွေ ပထမကမ္ဘာစစ်ကြီးအတွင်းက ဥရောပမှ ပြေးခဲ့ကြရသည့် ဒုက္ခပုံပြင်များကို ဒိုမင်းနစ် ပြန်လည်ကြားယောင်လာသည်။

'ငါ သဘောပေါက်ပါတယ် မာတင်၊ မင်းဘယ်လိုခံစားနေရတယ်ဆိုတာ ငါနားလည်ပါတယ်ကွာ၊ ဒါဆို မင်းအိမ်ပဲပြန်မယ်ပေါ့ ဟုတ်လား'

အိမ်ကို မြင်ယောင်ကြည့်လိုက်သည်။ ကာလီဖိုးနီးယားကောင်းကင်ပြာကြီးအောက်၊ တောင်ကုန်းတစ်နေရာမှ သစ်တောမိုပ်သာ အိမ်ကြီး၊ ကောင်းကင်ရောင် ထင်ဟပ်နေသည့် ရေကူးကန်၊ ပန်းစုံပွင့်နေတတ်သည့် အိမ်ရှေ့ပန်းဥယျာဉ်.....။

မာတင် ခေါင်းညိတ်လိုက်သည်။

♠ ♠ ♠



# (၉)

လေယာဉ်ပေါ်မှ ဆင်းဆင်းချင်း ပထမဆုံးလှမ်းမြင်ရသည်က ဆီစီယာ၊ တအားပြေးချလာသည်။ ဆံပင်တွေမှာ လေထဲတွင် ဝဲလွင့်လျက် လက်နှစ်ဖက်ကို ရှေ့တွင် ဆန့်တန်းလျက်။

သည်တဒင်္ဂကိုဆီစီယာ အကြာကြီးစောင့်ခဲ့ရသည် မဟုတ်လား၊ သည်လေးနှစ်တာမျှ ခံစားခဲ့ရသည့် အထီးကျန်ဝေဒနာသည် မာတင့်ရင်ခွင်ထဲရောက်သည့် ခဏအတွင်း ပိန်းကြာဖက်တွင် ရေမတင်သ ကဲ့သို့ ကင်းစင်ပပျောက်ကုန်ကြ၏။ ဖက်လို့မဝ၊ နမ်းလို့ မဝ။

'ဩော်...မာတင်ရယ်၊ အချစ်ရယ်' ဟုလည်း တတွတ်တွတ်မြည်တမ်းနေ၏။

ဆီစီယာကို အသာလက်တွဲပြီး အဖေနှင့်အမေရှိရာသို့ လျှောက်လာခဲ့သည်။ အမေ့ကို ပွေ့ဖက်နှုတ်ဆက်မှ အိမ်ကိုတန်းပြန် မလာဘဲတွေဝေနေသည့်မိမိအဖြစ်ကို နောင်တရလိုက်မိသည်။

'မေမေ့ဆုတောင်းသံကို ဘုရားသခင်ကြားတော်မူတယ် သားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခါကြောင့် သား အေးမသီရန်မခ ပြန်ရောက်လာတာ'

သား၏မျက်နှာကို လက်နှစ်ဖက်ဖြင့် တယုတယဆွဲပြီး နမ်းရင်း အမေက တုန်တုန်ယင်ယင် ပြောနေသည်။ မျက်ရည်ကြားမှ ပြုံးကာ

'ကြည့်ပါဦးကွယ်၊ ပိန်သွားလိုက်တာ'

အဖေလုပ်သူက ဝင်ပြောသည်။

'ကဲကွာ၊ . . . အဲ့ဒါတွေ ပြောမနေပါနဲ့၊ သားကို ကာလီဖိုးနီးယား အိမ်က ကြိုဆိုပါတယ်ကွာ'

မာတင်က အဖေ့ကို သိုင်းဖက်ပြီး

'ဒီကမ္ဘာပေါ်မှာ ကျွန်တော့်အတွက် ပျော်စရာအကောင်း ဆုံးဟာ ကာလီဖိုးနီးယားအိမ်ပဲဆိုတာ ကျွန်တော်နားလည်ပါတယ် ဖေဖေ'

လေးဦးသား ခရီးသည်လူအုပ်ကြီးနှင့်အတူ လေယာဉ်ကွင်း အပြင်ဘက်သို့ ထွက်ခဲ့ကြသည်။ စက်တင်ဘာနေရောင်ခြည်ကြောင့် ထွေးထွေး နွေးနွေးရှိနေ၏။ လေယာဉ်ကွင်းပြင်ရောက်တော့ ရိုးလ်ရွိုက် ကားကြီး ငြိမ့်ခနဲ ရွေ့ရောက်လာသည်။ ဒရိုင်ဘာကြီး အက်ဒွပ်က တံခါးဆင်းဖွင့်ပေးရင်း 'အစ်ကိုလေးကို တစ်အိမ်လုံး အောက်မေ့နေ ကြတာဗျ'ဟု ပဋိသန္ဓာရ စကားဆိုသည်။ ငယ်ငယ်တုန်းက အက်ဒွပ် ကြီးနှင့် ဆပ်ကပ်ပွဲများသို့ သွားခဲ့သည်ကို ပြေးသတိရလိုက်၏။ အိမ် ရောက်တော့ စိတ်ထဲတွင် အသစ် အဆန်းလို ဖြစ်နေ၏။ တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်ကြည့်သည်။ ပန်းချီကားတွေက ဆေးအရောင်ပိုလင်းနေသည်ထင်ရ၏။ ပန်းတွေက ပိုလှနေသလို၊ ပိုမွှေးနေသလို. . .။

အပေါ်ထပ်တက်ခဲ့ပြီး ကိုယ့်အခန်း ကိုယ်ဖွင့်ကြည့်သည်။ အားလုံးခြေရာလက်ရာမပျက်။ မသွားခင်ကအတိုင်း တွေ့ရ၏။ ချာတိတ် ဘဝကတည်းက တက္ကသိုလ်ရောက်သည်အထိ ဓာတ်ပုံတွေကို နံရံ တစ်နေရာတွင် ကပ်ထားသည်။ ပျော်ပွဲစားထွက်နေသည့်ပုံတွေ၊ တင်းနစ် ရိုက်နေသည့်ပုံတွေ၊ ပြီးတော့ ဆီဗီယာနှင့် တွဲရိုက်ထားသည့် ပုံတွေ။ မာတင် လန့်သွား သည်။ သည်ပုံတွေထဲက မာတင်သည် မရှိတော့ပေ။ ထိုစဉ်က တံတားအောက်မှ ရေတွေ စီးဆင်း သွားခဲ့ ကြပြီလေ။

ရေနွေးပူပူနှင့် ရေချိုးပစ်လိုက်သည်။ ရေသုတ်ရင်း မှန်ရှေ့ တွင် ရပ်ပြီးကြည့်သည်။ ဘုရားသခင် . . . ဘုရားသခင် . . . ငါ့မျက်လုံးတွေက





ငါ မမြင်ဘူးတဲ့ မျက်လုံးတွေပါလား။ ကပျာကယာ အဝတ်လဲပြီး အောက် ထပ်သို့ ဆင်းခဲ့သည်။ သားပြန်လာသည့် ကြိုဆိုပွဲကို လူများများ ဖိတ်မထား သည့်အတွက် မေမေ့ကို ကျေးဇူးတင်ရသေးသည်။ ဆီဗီယာ့ အဖေနှင့် အမေသာ ပါသည်။

ညစာစားရင်း ပြောကြသည့် အကြောင်းအရာများမှာ နိုင်ငံရေး တွေချည်း ဖြစ်သည်။ အိုင်စင်ဟောင်ဝါ ရီပတ်ဘလီကန် ဖြစ်မလားဆို သည့် ပြဿနာကို ထင်မြင်ချက်ပေးကြ၊ နောက်ဆုံးသတင်း များကို ဖလှယ် ကြနှင့်။ အားလုံးဟိုတုန်းက အတိုင်းပင်။ ထမင်းစားခန်း အပြင်အဆင်က လည်းဘာမှမပြောင်းလဲ။ မိမိတစ်ယောက်သာ ပြောင်းလဲနေကြောင်း မာတင် သတိထားမိသည်။

ပေါင်ပေါ်မှ လက်သုတ်ပဝါကို လှမ်းယူတော့ နံဘေးတွင် ယှဉ်ထိုင် နေသည့် ဆီဗီယာက သူ့လက်ကို ဖမ်းဆုပ်ထားလိုက်သည်။ မာတင့်ရင်ထဲ ကျင်ခနဲ ဖြစ်သွားသည်။ စိတ်မကောင်းလည်း ဖြစ် သွား၏။ ဆီဗီယာချစ်စေ ချင်သည့် အချစ်မျိုးဖြင့် မချစ်နိုင်၍ ဇာတ် လမ်းကို ဘယ်လိုအဆုံးသတ် ရမှန်းမသိ ဖြစ်နေသည်။ သူကလေးကို လုံးဝ စိတ်မဆင်းရဲစေချင်ပါ။ ဒါလောက် ချစ်စရာကောင်းပြီး အပြစ်ကင်းစင်သည့် ဆီဗီယာလို မိန်းကလေးတစ်ယောက်ကို ဘယ်လိုလုပ် ပြီး သစ်စိမ်းချိုး ချိုးရက်ပါမည်လဲ။

ညစာပိုင်းပြီးတော့ ထုံးစံအတိုင်း သူတို့နှစ်ယောက် အပြင် ထွက်ခဲ့ ကြသည်။ အပြင်ရောက်တော့ မာတင့်မျက်နှာကို ဆီဗီယာ စေ့စေ့ ကြည့်သည်။ အရောင်အဆင်းမဲ့နေသည့် သူ့မျက်လုံးများဖြင့် ရင်ဆိုင် ရတော့ ဆီဗီယာ စိတ်ဓာတ်ကျသွားသည်။ သည်မျက်လုံးများ ၏ အဓိပ္ပာယ် ကို နားလည်လိုက်၏။ သနားစိတ်ဖြင့် ဆီဗီယာ ရင်ထဲ နင့်သွားသည်။ သူ့ခေါင်းကို ရင်ခွင်မှာထားပြီး ထွေးပွေ့နှစ်သိမ့်နေ ချင်သည်။

'မာတင် ဘာတွေစဉ်းစားနေလဲ ဟင်'

သူ သက်ပြင်းချသည်။

'ပြီးခဲ့တဲ့အကြောင်းတွေ တွေးနေတာပါကွာ၊ တို့တွေအားလုံး ပြောင်းလဲခဲ့ပြီနော်၊ မဟုတ်ဘူးလား ဆီဗီယာ'

'အင်း'

'မင်းကို ကိုယ်မထိခိုက်စေချင်ဘူး ဆီဗီယာ၊ ကိုယ်ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်းလဲ မသိဘူး'

'ပြောပါလေ၊ မာတင်ဖြစ်စေချင်တာကို ပွင့်ပွင့်လင်းလင်း ပြောပါ'

'ပြောပါ့မယ် ဆီဗီယာ၊ ဒါပေမယ့် အမှန်တရားဆိုတာ ခါး သီးပြင်းထန်တတ်တယ်'

'အလိမ်အညာခံရရင်လဲ အတူတူပါပဲ မာတင်ရယ်၊ မာ တင် ပြောရခက်ရင် ဆီဗီယာ ပြောပါ့မယ်၊ မာတင်က ဆီဗီယာ့ကို သူငယ်ချင်းလိုပဲ ချစ်ချင်တယ်၊ ထားပါလေ. . . ဟိုညအကြောင်း စိတ်ထဲမှာ ဘာမှမထားပါနဲ့၊ ဆီဗီယာနောင်တ မရပါဘူး၊ ချစ်မိပြီ ကိုး၊ ကိုယ့်အပြစ်လို့ပဲ ယူဆပါ့မယ်'

ကွဲကွာနေသည့် လေးနှစ်လုံးလုံး မာတင့်ကို ရဖို့ကလွဲပြီး ဆီဗီယာ့ခေါင်းထဲတွင် ဘာမှ မည်မည်ရရမရှိ။ သူ့အချစ်ကို မရဘဲ သူ့ကို ရခြင်းမှာ ဘာမှ အဓိပ္ပာယ်မရှိကြောင်းကို သည်ညမှ သဘော ပေါက်လာ ခြင်းဖြစ်သည်။ မာတင်သည် ယောက်ျားပီသသူ၊ သစ္စာ သမာဓိကြီးသူမှန်း ဆီဗီယာ ကောင်းကောင်းသိပါသည်။ အချစ်နယ် ကျွံခဲ့ဖူးသည့် ညကို အကြောင်းပြုပြီး မျက်ရည်ထိုးခံလျှင် သူလက် ထပ်ဖြစ်မည် မုချ။ သည်လို လုပ်လိုက်လျှင် လင်မယားဘဝတွင် မူလရှိရင်းစွဲ သူငယ်ချင်းအချစ်ပါ ဆိတ်သုဉ်းသွားနိုင်ကြောင်းကို လည်း ဆီဗီယာ နားလည်ထားသည်။ သူစိတ်မထိခိုက်အောင် အညင်သာဆုံးနည်းဖြင့်လျှော့ဖြေပေးဖို့ ဆီဗီယာ ဆုံးဖြတ်လိုက်သည်။

'ဆေးလိပ်တစ်လိပ်လောက်ပေးပါလား မာတင်ရယ်'

မာတင်က သူ့အတွက် တစ်လိပ်၊ ဆီဗီယာ့အတွက် တစ် လိပ် ညှိလိုက်သည်။

'ဖေဖေနဲ့မေမေတို့ ဘာလို့ ဒီအကြောင်းထည့်မပြောလဲ မသိဘူး၊ ဆီဗီယာနိုင်ငံခြားသွားဖို့ အစီအစဉ်ရှိတယ် မာတင်၊ ပရဟိတလုပ်ငန်း အသေးအဖွဲ့ကလေးတွေနဲ့ပဲ အချိန်ကုန်နေရတဲ့ ဘဝကို စိတ်ကုန်လာပြီ။ လန်ဒန်မှာ မိဘမဲ့ ဂျူးကလေးတွေအတွက် ဖွင့်ထားတဲ့ကျောင်းမှာ အလုပ်လုပ်ဖို့ စီစဉ်ပြီးပြီ'

ဆီဗီယာ ထွက်သွားလျှင် မိမိအပြစ်မကင်းဟု မာတင် တန်း မြင်လိုက်သည်။ သို့သော် မသွားပါနှင့်ဟု တားလျှင်ကော မိမိက သူ့အတွက် ဘာပေးနိုင်မှာလဲ။





'အဲ့ဒါကို ဘယ်တုန်းက ဆုံးဖြတ်တာလဲ ဆီဗီယာ'

'ကြာပါပြီ၊ စစ်ပြီးတဲ့အထိ စောင့်နေတာလေ'

သက်သက်လိမ်လိုက်ခြင်း ဖြစ်၏။ သည်လုပ်ငန်းကို စိတ်ဝင်စား နေခဲ့သည် မှန်သော်လည်း ခုမှဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ဆီဗီယာ့ကို ငေးကြည့်နေမိသည်။ ရင်ထဲမှ ဝေဖန်ပိုင်းခြားမှုများ သည် ကြင်နာမှုသို့ ပြောင်းလျက်ရှိကြ၏။ ပခုံးကို သိုင်းဖက်လိုက်ပြီး

'မသွားပါနဲ့ ဆီဗီယာရယ်'

'ဘာပြုလို့'

'ကိုယ်က ခုမှန် ပြန်ရောက်စရှိသေးတာပါ ဆီဗီယာ၊ ကိုယ်အချိန် ယူပြီး စဉ်းစားပါရစေဦးကွာ၊ ခေါင်းအေးအေးနဲ့ စဉ်းစားရင် မင်းနဲ့ ကိုယ်နဲ့. . .'

'ဖြစ်လာနိုင်စရာအကြောင်းရှိတယ်ပေါ့ ဟုတ်လား၊ အဓိပ္ပာယ်မရှိ ပါဘူး မာတင်ရယ်'

'မင်းဥရောပကို သွားမယ်ဆိုတာလဲ အဓိပ္ပာယ်ရှိချင်မှ ရှိမှာ ပေါ့ ဆီဗီယာ၊ ဘာပြုလို့လဲဆိုတော့ မင်းသွားရတဲ့အကြောင်းရင်းက အဓိပ္ပာယ် ရှိမရှိ မသေချာသေးဘူးလေ'

'ဩော်. . မသွားဘဲ နေမယ်ဆိုရင်ကော မသွားရခြင်း အကြောင်း က အဓိပ္ပာယ်ရှိဦးမှကိုး မာတင်ရဲ့၊ ဆီဗီယာ ဒီမှာဆက် နေလို့မာတင်က ကိုယ့်တာဝန် ကိုယ်ယူတဲ့အနေနဲ့ ဆီဗီယာ့ကို လက်ထပ်ဖို့ ပြောပြီဆိုပါတော့၊ အဲဒီ ထက်ဆိုးတဲ့အဖြစ် ဘာရှိဦးမလဲ၊ မာတင့်ကို အဲဒီဘဝအရောက်မခံ ပါဘူးကွယ်၊ စိတ်ချပါ'

မာတင်က ဆီဗီယာ့လက်ကို လှမ်းဆုပ်ပြီး

'အင်း. . မင်းဟာ သိပ်ကို ချစ်စရာကောင်းတဲ့ မိန်းကလေး ပါ ဆီဗီယာ၊ ဒါကြောင့် မင်းကို မြတ်မြတ်နိုးနိုးချစ်မယ့်လူ ပေါ်လာ မှာပါ'

'ခုလို အားပေးဖော်ရတာ ကျေးဇူးတင်ပါတယ် မာတင်'

ပြောပြောဆိုဆို ဆီဗီယာ လှည့်ထွက်သွားမည် ပြုသည်။ မာတင်က လက်မောင်းကို ဖမ်းဆွဲလိုက်၏။

'ဆီဗီယာရယ် စိတ်မဆိုးပါနဲ့ကွာ၊ ကိုယ်လေ. . ကိုယ့်စိတ် တွေ သိပ်ပြီး. . ကိုယ်တို့ ထပ်ပြီး ကြိုးစားကြည့်ကြသေးတာပေါ့နော်'



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးတော့မည့်ဆဲဆဲ ဆီဗီယာ့ခြေလှမ်းတွေ တုံ့သွား သည်။ ရင်ဆဲဘွင် သိမ့်ခနဲ သိမ့်ခနဲ ဖြစ်နေ၏။ သူ့ကို ချစ်တဲ့စိတ် တွေ ဘလောင်ဆူနေပြီ ထင်သည်။ တိုးတိုးကလေးပြန်မေးလိုက် သည်။

'တကယ်ပြောတာလား မာတင်ရယ်'

'တကယ်ပါကွယ်'

ချစ်သူ့မျက်နှာကို မော်ပြီး စေ့စေ့ကြည့်သည်။ ပြီးမှ ပခုံးကို သိုင်းဖက်ကာ အားရပါးရ နမ်းသည်။ မာတင့် တုံ့ပြန်မှု မြန်ဆန်လှသည်။ မိန်းကလေးတစ်ယောက်ကို မနမ်းဖြစ်သည်မှာ ကြာပြီ။ ပူနွေးတုန်ယင်လာကြသည်။ ထုံးစံအတိုင်း ချစ်ရသူ ဆီဗီယာက စတင် ညွှတ်ပြောင်းသည်။

'ကိုယ်. . အချိန်ယူပြီး စဉ်းစားချင်သေးတယ်ကွာ' မာတင့်အသံတွေ လှိုင်းထနေ၏။

အိမ်ထဲ ပြန်ဝင်ခဲ့ကြသည်။ မေမေဘာက်စီက လှမ်းမေး သည်။

'ဟော. . သားနဲ့သမီးပြန်လာကြပြီ၊ လမ်းလျှောက်လို့ ကောင်းကြရဲ့လားကွယ့်'

'အပြင်မှာ သိပ်လှတာပဲ အန်တီဘာက်စီ' ဆီဗီယာက ခပ်သွက်သွက်ပြန်ဖြေသည်။

သားမျက်နှာကို လှမ်းကြည့်ပြီး မေမေဘာက်စီကပင်

'သားကြည့်ရတာ သိပ်ပင်ပန်းနေသလိုပဲ'

'ဟုတ်တယ်မေမေ၊ အားလုံးကျွန်တော့်ကို ခွင့်လွှတ်ကြပါ နော်'

'သွားလေ သား၊ အိပ်တော့. . . အိပ်တော့'

မာတင်ရော ဆီဗီယာပါ အိပ်မပျော်သည့်ည။ မာတင် တစ်ယောက် ဘယ်လူ့ညာလိမ့်ဖြင့် အရက်တက်ချိန်ရောက်သွားသည်။ ကိုယ့်ကိုကိုယ် မကျေမနပ်ဖြင့် ထပ်တလဲလဲ ပြန်မေးနေမိ၏။ ဘာပြု လို့ ဆီဗီယာ့ကို တားမိခြင်းလဲ။ ဒါနှစ်ဆယ်ရာစုနှစ်ပဲ၊ မိန်းကလေး တစ်ယောက်နှင့် တစ်ခါ အိပ်ဖူးသည့်အဖြစ်သည် ပြစ်မှုကျူးလွန်ခြင်း လား။

တဖြည်းဖြည်း နားလည်လာသည်။ ဆီဗီယာသည် မိမိအတွက် သာမန်မိန်းကလေးတစ်ယောက်မဟုတ်၊ သွေးသားလို ဖြစ်နေသည့် ငယ်ငယ်ကတည်းက ကစားဖော်။ ဥရောပကို မသွားဖို့ တားမိခြင်းမှာ သူကလေးကို အနားတွင် ရှိစေချင်လို့၊ အကာအကွယ်ပေး ချင်လို့ ဖြစ်၏။ သည်တော့မှ





ဆီဗီယာသည် မိမိအတွက် သာမန် မိန်းကလေးမဟုတ်ကြောင်း သဘောပေါက်ရသည်။ မောင်နှမလို သူငယ်ချင်းလို ချစ်နေရာကနေပြီး ဘယ်အချိန်တွင် ချစ်သူတွေ ချစ်သလို ပြောင်းလဲသွားတတ်ကြပါလိမ့်။

ဆီဗီယာနှင့် လက်ထပ်ဖြစ်လျှင်တော့ မေမေတစ်ယောက် ပျော်လိုက်မည့်ဖြစ်ခြင်း။ သူမရှိသည့် လေးနှစ်တာလုံး သူ့ကိုယ်စား မိဘနှစ်ပါးကို စောင့်ရှောက်ပေးနေသည့် ကျေးဇူးတွေကိုလည်း ထည့်တွက်ရမည်။ သို့သော် ကျေးဇူးတရားသည် အချစ်ဖြစ်နိုင်ပါမည်လား။

အတွေးစက်ဝိုင်းတွေ ချာချာလည်ရင်းနောက်ဆုံးအိပ်ပျော်သွားသည်။

မာတင်တွေးနေသည့် အကြောင်းအရာများသည် ဆီဗီယာ ကိုပါ လွှမ်းမိုးလျက် ရှိသည်။

သူ ဘာလို့ တားတာပါလိမ့်။ သူ့ငါ့ကို ချစ်တော့ချစ်ရှာ ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်ကလို မနူးမနပ်ကောင်မလေးတစ်ယောက်မဟုတ် တော့ဘဲ နှစ်နှစ်ကာကာ ချစ်တတ်တဲ့ မိန်းမငယ် တစ်ယောက်ဖြစ်နေကြောင်း သူ့သိအောင် ဘယ်လိုလုပ်ရပါ့မလဲ။ ရင်တွေတဒိုင်းဒိုင်းခုန် လျက် အိပ်ရာပေါ်မှ လျှောဆင်းလိုက်သည်။ ညဝတ်လွှာရုံကို အသာကောက်စွပ်ပြီး ခြေဖွဖွနင်းကာ အခန်းထဲမှ ထွက်လာခဲ့၏။ မာတင့်အခန်းတံခါးကို အသာဖွင့်သည်။ ဖြည်းဖြည်း ကလေးတွန်းဝင်ပြီး တံခါးကို နောက်ပြန်ပိတ်လိုက်သည်။

မာတင် ဆတ်ခနဲ ထထိုင်လိုက်ပြီး

'ဘယ်သူလဲ ဟင်'

'ရှူး. . . တိုးတိုး၊ ဆီဗီယာပါ မောင်ရယ်'

ချက်ခြင်း သူ့အိပ်ရာဆီသို့ ဆီဗီယာရောက်သွားသည်။ ချစ်သူကို ထွေးပွေ့သည်၊ ရင်ခုန်လှိုက်မောစွာဖြင့်။ ယုယသည်၊ ကြင်နာခြင်းများစွာဖြင့်။ မွှေးပျံ့ညှို့သက်သည့်အတွေ့ထဲတွင် မာတင် ငို ချင်စိတ်ကို မျိုသိပ်လျက် နစ်မြောနေရင်း ဦးခေါင်းထဲတွင် လျှပ်စီးတစ်ချက် ဝင်းလက်သွားသည်။ ဝုန်းခနဲထပြီး ရေချိုးခန်းထဲ ဝင်ခဲ့သည်။ မှန်ကြည့်သည်။ မှန်ထဲတွင် သူမဟုတ်သည့် လူရိပ်တစ်ခု။ မာတင်မဟုတ်။ အလွန့်အလွန် အိုမင်းနေသည့် လူတစ်ယောက်။ ဆီဗီယာ နားလည်အောင် ဘယ်လိုပြောရမည်လဲ၊ သူ့ခမျာ ဘယ်လောက်ထိခိုက်ရှာမည်လဲ။ အားတင်းပြီး ရေချိုးခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ထွက် လာသည်။ သူလက်ကို အသာဆွဲပြီး တိုးတိုးကလေး တောင်းပန်သည်။

'ကိုယ် စိတ်မကောင်းပါဘူး ဆီဗီယာ၊ မင်းနဲ့ ဘာမှမဆိုင်ပါဘူး၊ ကိုယ်ဘာမှ အဆင်သင့်မဖြစ်သေးဘဲ အိမ်ပြန်လာသလို ဖြစ်နေတယ်'

ဆီဗီယာ ကိုယ့်ကိုကိုယ် အပြစ်တင်လိုက်မိ၏။ သူပြော စကားကို နားမထောင်မိသည့် မိမိ၏ မိုက်ပြစ်အတွက် ခွင့်မလွှတ်နိုင်အောင်ဖြစ်သွားသည်။

'ဆီဗီယာ နားလည်ပါတယ် မာတင်ရယ်၊ ဆီဗီယာ့ကို ခွင့်လွှတ်ပါနော်'

တစ်ကိုယ်လုံး ထူပူသွားသည်။ မျက်နှာဘယ်လိုထားရမှန်း မသိ။ မှောင်နေလို့ တော်ပါသေး၏။

'ကိုယ်က တောင်းပန်ရမှာပါ ဆီဗီယာရယ်၊ ဥရောပမှာ တွေ့ခဲ့တဲ့ အဖြစ်ဆိုးတွေကို မေ့နိုင်အောင် ကိုယ်ကြိုးစားရဦးမယ်၊ အဲဒီ အနိဋ္ဌာရုံတွေဟာ ကိုယ့်ရဲ့ ယောကျ်ားဘဝကို ဖျက်ဆီးပစ်လိုက်ကြ တယ်လေ'

ဆီဗီယာ တရှုပ်ရှုပ် ငိုသည်။

'ဆီဗီယာက မာတင့်ကို ပိုပြီး စိတ်ဆင်းရဲအောင် လုပ်သလို ဖြစ်နေပြီပေါ့နော်၊ ဆီဗီယာ နားလည်ပါပြီ မောင်ရယ်၊ ဆီဗီယာ့ကို ခွင့်လွှတ်ပါနော်'

'ကိုယ်ဟာ မင်းလို မိန်းကလေးတစ်ယောက်နဲ့ မတန်ပါဘူး ကွာ'

ဆီဗီယာ မတ်တပ်ထရပ်သည်။ တယုတယနမ်းပြီး စကား တစ်ခွန်းမှ မပြောတော့ဘဲ အခန်းထဲမှထွက်သွား၏။

နောက်တစ်နေ့ နံနက်စာဝိုင်းတွင် မေမေဘက်စီက မျက်မှောင်ကုတ်ပြီး

'မေမေတော့ ဘာမှနားမလည်နိုင်အောင်ပဲ၊ ရော့. . ဒီမှာ ဆီဗီယာ့စာ၊ သားဖတ်ကြည့်ပါဦး'

ဖတ်မကြည့်ဘဲ မာတင် သိနှင့်နေပါပြီ။ ဆီဗီယာ မနက် အစောကြီး ထွက်သွားပြီ။ ကိုယ့်ကိုကိုယ် မုန်းတီးစိတ်သည် ထိုတဒင်္ဂ လောက် ဘယ်တုန်းကမှ မပြင်းထန်ခဲ့။

♠ ♠ ♠





အရပ်သားဘဝနှင့် အထာကျအောင် မနည်းပြန်လုပ်ယူ ရသည်။ ဘဝကို အလုပ်ထဲတွင် နှစ်မြှုပ်ထားလိုက်သည်။ ညစာစား ပြီးမှ အိမ်ပြန်ရောက်လေ့ရှိ၏။ မိသားစုထမင်းဝိုင်းတွင် မထိုင်ဖြစ်လေ မျက်နှာပူသက်သာလေဟု စိတ်ထဲ ထင်လာ၏။ မေမေနှင့်မျက် နှာချင်းဆိုင်ရတိုင်း အနေအထိုင်ခက်လှ၏။

နှစ်ရှည်လမျာ စောင့်စားပြီး သားဖြစ်သူ ပြန်ရောက်လာမှ ထွက်ပြေးသွားသည့် ဆီဗီယာကို မေမေဘာမှ နားမလည်နိုင်အောင် ဖြစ်နေ၏။ မေမေ နားလည်အောင် ပြောပြလို့ဖြစ်သည့် ကိစ္စမျိုးလည်း မဟုတ်။ ရုံခါကြုံရဆုံရသည့် ကောင်မလေးတွေကိုတော့ ပြော ပြဖြစ်သည်။ ဒါလောက်တော့ လုပ်ပိုင်ခွင့်ရှိလိမ့်မည်ဟု မာတင် ကိုယ့် ကိုကိုယ် ဆင်ခြေပေး၏။ မည်သို့ဖြစ်စေ ညှိုးနေသည့် အမေ့မျက်နှာ ကိုမြင်လျှင် စိတ်ဆင်းရဲရသည်သာ။ နောက်ဆုံးမြို့ထဲတွင် အရင်ကလိုပင် တိုက်ခန်း တစ်ခန်းငှားနေဖို့ ဆုံးဖြတ်လိုက်သည်။ မေမေ့ကို နားဝင်အောင် ပြောပြီး တတ်နိုင်သမျှ စည်းရုံးရသည်။

'သားရယ်၊ ဒါလောက် ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးမှာ မပျော်ဘဲ အခန်းကလေးတစ်ခန်းမှာ သွားနေဦးမှာလား'

'ဒါက ဖေဖေနဲ့ မေမေရဲ့ အိမ်ပဲ'

'နေပါဦး၊ ဖေဖေနဲ့ မေမေရဲ့ အိမ်လဲ သားအိမ်ပဲ မဟုတ် လားဟင်၊ သား ရယ်စရာ ပြောနေတာလားကွယ်'

မာတင် ရယ်စရာပြောနေခြင်း မဟုတ်ပါ။ မိဘ၏ စည်းစိမ်ချမ်းသာများသည် မိမိအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ တွေချည်းဖြစ်နေသည်။ ဥရောပတွင် သိန်းနှင့် သန်းနှင့်ချီပြီး အိုးမဲ့ အိမ်မဲ့ ဖြစ်ကျန်ခဲ့သည့် လူတွေကို မေ့မရနိုင်သေးပါ။ ဒါက အဖေတို့ အမေတို့ နားလည်အောင် ဘယ်လိုပြောရပါမည်လဲ။ သည်တော့ လွတ်လွတ်လပ်လပ်နေချင် လို့ပါဟူသည့်အကြောင်းပြချက်ဖြင့်ပင် သစ်တောရိပ်သာအိမ်ကြီးမှ ထွက်ခဲ့ပြန်သည်။ ပတ်ဝန်းကျင်သစ်တွင် ဘဝသည် အသက်ဝင်လှုပ်ရှား လာမည် ထင်ခဲ့၏။ သို့သော် လိပ်စာ ပြောင်းခြင်းသာ အဖတ်တင်ကြောင်း စိတ်ပျက်ဖွယ်ရာတွေ့လာရပြန် သည်။ အဖေ့အရိပ်အောက်တွင် အဖေ့ အလုပ်ကို လုပ်နေရခြင်း အတွက် မိမိ၏အခန်းကဏ္ဍသည် မှေးမှိန်လွန်း

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်လာ၏။ ဒိုမင်းနစ်ကို အားကျသည်ထက် အားကျလာ၏။ တစ်နေ့တွင် စိတ်ကူး ပေါက်သဖြင့် ဒိုမင်းနစ်ဆီသို့ ဖုန်းကောက်ဆက်သည်။

'ဆို. . ငါဘာလုပ်ပေးရမလဲ သူငယ်ချင်း'

ဒိုမင်းနစ်၏ အသံက လိုက်လှဲဖော်ရွေမှု အပြည့်။

'ငါ့မှာ ပြဿနာလေးတွေ ရှိနေတယ် ဒိုမင်းနစ်၊ အချိန်က စကားပြောလိမ့်မယ်ဆိုပြီး ငါဘယ်သူနဲ့မှ မတိုင်ပင်ဘဲ ကျိတ်ခံနေတာ'

'ဟ. . . မင်းဟာက ဘာများလဲကွ၊ ဆိုစမ်းပါဦး'

မာတင် စီးကရက်တစ်လိပ် ညှိသည်။

'အင်း. . ဘယ်က စပြောရမှန်းတောင် မသိဘူး၊ ပြောစရာ တွေ အများကြီးကွ'

'ကြိုက်တဲ့နေရာက စပြောကွာ'

'အချိန်အများကြီး ယူရလိမ့်မယ်ကွ'

'မင်းပိုက်ဆံအကုန်ခံနိုင်ရင် ပြောပါဗျာ၊ ငါတစ်နေ့လုံး နားထောင် နိုင်ပါတယ်'

'ကျေးဇူးပဲ သူငယ်ချင်း၊ တို့ ငယ်လက်ကလပ်မှာ ဆုံတဲ့နေ့ ကို မှတ်မိ သေးလား၊ အဲဒီတုန်းက ငါ့ခေါင်းထဲမှာ မိဘတွေရဲ့ကျေးဇူး၊ အချစ်ကိစ္စနဲ့ သစ္စာစောင့်စည်းမှုဆိုတဲ့ ပြဿနာတွေ ရောထွေးနေ ပြီး ဘာကိုမှ မည်မည် ရရ အဖြေမထုတ်နိုင်ခဲ့ဘူး'

'ဆိုစမ်းပါဦး မင်းရဲ့နောက်ပိုင်းတိုးတက်မှုတွေကို ငါကြား ချင်တယ်'

'အိမ်ပြန်ရောက်စတော့ ဟုတ်သလိုလိုပဲ ဒိုမင်းနစ်၊ ဒါပေမယ့် ငါအခု စိတ်ဓာတ်သိပ်ကျနေပြီ၊ မိဘရဲ့ အရိပ်အာဝါသအောက်မှာ နေရတဲ့ ဘဝကို ငါသည်းမခံနိုင်တော့ဘူး'

'အင်း. . ငါနားလည်ပါတယ်ကွာ ဆက်ပါဦး'

'ရောမကုမ္ပဏီကြီးရဲ့ ရုံးခန်းထဲမှာ ငါအခန့်သားထိုင်ပြီး အလုပ် လုပ်နေရတာကို လိပ်ပြာမသန့်ဖြစ်လာတယ်၊ ဒါတွေဟာ ငါ့ အစွမ်းအစနဲ့ တည်ဆောက်ခဲ့တာမှ မဟုတ်ဘဲဆိုတဲ့ အမြင်မျိုးမြင်လာတယ်၊ မင်းနား လည်ပါတယ်နော်'

'ဆိုပါတော့ အဖေတွေရဲ့ လုပ်ငန်းမှာသားတွေပဲ ဝင်ကြရတာပဲ





မဟုတ်လား'

'ဟုတ်ပါတယ်လေ၊ အဲဒါ ပြဿနာကွ၊ အဲဒီမှာ ဒုက္ခဖြစ်တား ငါ မင်းကို ဘယ်လိုရှင်းပြရမလဲ၊ ငါပြောချင်တာကို မပြောတတ်ဘူး ဖြစ်နေတယ်၊ သေတော့မှာပဲ. . . စိတ်ကူဆရာဝန်နဲ့ ငါပြရမလို ဖြစ်နေပြီ'

'ငါ နားလည်ပါတယ် မာတင်၊ မင်းတွေ့ခဲ့ရတဲ့ အနိဋ္ဌာရုံ တွေက. . .'

'ဟာ. . အဲဒါတွေကို ငါတစ်ယောက်တည်း ဖြတ်သန်းခဲ့ တာမှ မဟုတ်ပဲကွ'

'ဒါပေမယ့် မင်းက ပိုထိထိခိုက်ခိုက် ခံစားလာရတယ်လေ၊ လူ့အခြေခံက ရှိသေးတာကိုး၊ ငတ်ပြတ်နေတဲ့ ကလေးတွေအတွက် လူတိုင်းမင်းလောက်မခံစားရပါဘူး မာတင်၊ မင်းက မင်းကိုယ်မင်း ဒီအဖြစ်ဆိုးတွေအတွက် အပြစ်ရှိတယ် ထင်နေတယ်'

'ဟုတ်တယ် သူငယ်ချင်း၊ မင်းပြောတာ ဟုတ်တယ်'

'ဒီမယ် မာတင်၊ ငါပြောတာ မင်းမြဲမြဲမှတ်ထား၊ လောကမှာ ငတ်ပြတ်နေတဲ့လူတွေနဲ့ ချမ်းသာနေတဲ့လူတွေ အမြဲတမ်းရှိနေမှာပဲ၊ အဲဒီအတွက် မင်းမှာ တာဝန်မရှိပါဘူး၊ လူတိုင်းလူတိုင်းဟာ ဘဝ လွတ်မြောက်ရေးအတွက် ရုန်းကန်နေကြတာပဲ၊ အဲဒီတော့ မင်း လဲ မင်းနည်း မင်းဟန်နဲ့ရှာပေါ့'

'ဘယ်လိုလုပ် ရှာမှာလဲ ဒိုမင်းနစ်'

'မင်း အဲဒီမှာတော့ ဖြစ်မှာမဟုတ်ဘူး၊ အဲဒါ သေချာတယ်၊ မင်း နယူးယောက်ကို လာခဲ့ပါလား မာတင်'

အဖေ့မျက်နှာကို ဖျတ်ခနဲ မြင်လိုက်သည်။

'ငါ စဉ်းစားပါမယ် သူငယ်ချင်း'

'အေး. . . စဉ်းတော့ စဉ်းစားပေါ့၊ သိပ်အချိန်ကုန်မခံနဲ့ သူငယ်ချင်း၊ မနက်ဖြန်ကို ယုံကြည်တဲ့လူတွေဟာ ပိုပြီးအိုစာတတ်တယ် နော်၊ ဒီတော့ ခပ်သွက်သွက်လုပ်'

'ငါ့အဖေကို ဘယ်လိုစပြောရမလဲ ဟင်'

'မင်းတစ်ခါက ပြောတဲ့ မင်းအဘေးအကြောင်း စပြောပေါ့ ကွာ သူသာ မိဘအတောင်အောက်က မထွက်ဘဲ ကုပ်နေပြီး တစ်ကိုယ်တော်

www.burmeseclassic.com



စွန့်စားခန်းမဖွင့်ခဲ့ရင် ခု အီဖရာအင် မျိုးဆက်ဘာဖြစ်နေ မလဲလို့'

'မင်းကို ငါ ဒါကြောင့်အားကိုးနေရတာ ဒိုမင်းနစ်၊ ငါ တစ်ရက် နှစ်ရက်အတွင်း မင်းဆီ ပြန်ဆက်မယ်'

'ကောင်းပြီ မာတင်၊ နောက် ဘာပြဿနာရှိသေးလဲ'

မာတင် သက်ပြင်းချသည်။ ပြီးမှ ဆိုဗီယာ့အကြောင်း 'ပြောပြသည်။ အိမ်အတွက် ဆိုဗီယာ ထိခိုက်ရပုံကို ဘာနဲ့မှ ကုစားလို့ ရနိုင်တော့မည် မဟုတ်ကြောင်းပါ ပြောပြလိုက်သည်။

'မင်းမှာ အပြစ်မရှိပါဘူး မာတင်၊ စစ်ကြောင့် ဖြစ်ကြရတာပဲ၊ အချိန်တန်ရင် မင်းလဲ ချစ်သူတွေ့မှာပဲ၊ သူလဲ တွေ့နိုင်သေးတာ ပဲ၊ ဒီမယ် သူငယ်ချင်း၊ ငါ မင်းနဲ့ တွဲလုပ်ချင်တယ်ဆိုတဲ့ ကမ်းလှမ်း ချက် အမြဲတည်နေ သေးတယ်ဆိုတာ မမေ့နဲ့နော်၊ နောက်တစ်ခု ငါပြောမယ်၊ တကယ့်လက်တွေ့ ကျကျလုပ်ပြရင် လူကြီးတွေ လက်မခံ မရှိကြပါဘူးကွာ'

♠ ♠ ♠

ဂျူလီယန်က သားဖြစ်သူ၏ ဆွေးနွေးတင်ပြမှုကို နားလည် အောင် ကြိုးစားနေသည်။ မာတင်တစ်ယောက် သည်လိုဖြစ်လာလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့။ လမ်းလျှောက်နေရာမှ ပြတင်းပေါက်တွင်ရပ်ပြီး ပန်းခြံကို ငုံ့ကြည့်ရင်း

'အင်း. . . ဘဝဆိုတာ အခက်သားပဲ၊ အဖေက သားအတွက် ဆိုပြီး တည်ဆောက်ခဲ့တဲ့ ကမ္ဘာတစ်ခုကို သားက သူ့အတွက် မဟုတ်ပါဘူး ဆိုတော့၊ အဟောင်းနဲ့အသစ်ရဲ့ ကွာဟချက်လို့ ခေါ်မှာ ပေါ့၊ မင်းအမေ ကြားရင် ဘယ်လောက်စိတ်ထိခိုက်ဦးမယ် မသိဘူး၊ အေးလေ. . . မင်း ဒီအတိုင်းဆုံးဖြတ်ထားပြီးပြီဆိုရင်လဲ ဖေဖေ မတားပါဘူး'

မာတင် မျက်ရည်လည်ချင်လာသည်။ အဖေနှင့်အမေ့ကို စိတ် ဆင်းရဲစေလိုသည့် ဆန္ဒ မရှိခဲ့ပါ။

'ဖေဖေနဲ့မေမေဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော်သိပါ တယ် ဖေဖေ၊ ဒါပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် ဘာလဲဆိုတာ အဓိပ္ပာယ်ရှာ ဖွေကြည့်ချင်သေးလို့ပါ ဖေဖေ'





'ကဲ. . လာ၊ မေမေ့ဆီ သွားကြရအောင်'

ကြိုတင်ပြင်ဆင်ထားခြင်းမရှိ၍ ဘက်စီတစ်ယောက်ဘာ ပြောရ မှန်း မသိအောင်ဖြစ်နေသည်။ နားမလည်စွာဖြင့်ပင် သားလုပ် သူ၏ဆုံး ဖြတ်ချက်ကို ဒီအတိုင်းကြည့်နေလိုက်ရ၏။

နယူးယောက်သို့ ထွက်မည့်နေ့တွင် လေယာဉ်ကွင်းသို့ လိုက်မပို့ဖို့ မိဘနှစ်ပါးကို တောင်းပန်သည်။

'သား ဟိုရောက်ရောက်ချင်း ဖုန်းဆက်ပါ့မယ် မေမေ'

ဂျူလီယန်နှင့်ဘက်စီ စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ မျက်ရည် တွေတွေ ကျနေ၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

# (၁၀)

နယူးယောက်သို့ရောက်ပြီး မကြာခင် မာတင့် အထိုင်ကျသွားသည်။ စရိတ်ကျဉ်းကျဉ်း အခန်းလေးတစ်ခန်းငှားနေသည်။ အိမ်ကို မှန်မှန် ဖုန်းဆက်ဖြစ်သော်လည်း ကိုယ့်အခြေအနေတိုးတက်ရေး ကိုသာ အာရုံပြုနိုင်လာပြီ။ ဒိုမင်းနစ်က မာတင့်ကို ဇက်လွှတ်ပေး ထားသည်။တစ်လအတွင်း အက္ကမီဓာတုဗေဒကုမ္ပဏီခွဲတစ်ခုဖြစ်သည့် အကွာဆပ်ပြာကုမ္ပဏီကို ဝယ်ယူနိုင်ခဲ့သည်။ ထိုညတွင် သူငယ်ချင်းနှစ်ယောက် ရှန်ပိန်နှင့် အောင်ပွဲခံကြသည်။

ခြောက်လအတွင်း ဒိုမင်းနစ်၏ လုပ်ငန်းထဲတွင် မာတင့် အစုရှယ်ယာတွေ တရိပ်ရိပ်တက်လာခဲ့သည်။ ကိုယ့်ကိုကိုယ် ကျေနပ်စပြုလာသည့် ရက်များ။

တစ်နေ့လုံး ရုံးမှာ ပင်ပန်းပြီး ပြန်လာလျှင် အခန်းတွင် စိတ်အေးလက်အေး နားနိုင်သည်။ ရုံးအားရက်များတွင် အနှောင့် အယှက်ပေးမည့်သူမရှိ။ လွတ်လပ်မှု၏ အရသာကို အပြည့်အဝ ခံစားရခြင်း။ အခန်းကျဉ်းကလေးကို ဝေ့ကြည့်ပြီး မေမေ့ကို သတိရ မိ၏။ သည်လိုပုံစံ နေနေသည်ကို





တွေ့သွားလျှင် ရင်ထုမနာ ဖြစ်လေဦးမည်မုချ။ မိမိ၏ ရုံးချိန်မှအပကာလများကို ဒိုမင်းနစ် တစ်စတစ်စ စည်းရုံးနေကြောင်း မာတင်သတိထားမိသည်။ ဒိုမင်းနစ်က ခပ်ပျော်ပျော်နေတတ်သူ၊ ဖိတ်သမျှပွဲကို မလွှတ်တမ်းသွားသည်။ အလွန်မြာစွဲသူလည်း ဖြစ်၏။ သူ့အနားတွင် အမျိုးသမီးတွေ ဝိုင်းဝိုင်းလည်နေတတ်သည်။

မာတင်ကမူ တပ်က ထွက်စအတိုင်း မိန်းကလေးများနှင့် ခပ်ကင်းကင်းနေဆဲ။ မလွဲသာ မရှောင်သာမှသာ သူငယ်ချင်းနှင့်ပါသွားတတ်၏။ ဒိုမင်းနစ်က ဒီလောက်နှင့် အားမရသေး။ ပုံမှန်မရောက်သေးသော သူငယ်ချင်းဖြစ်သူ၏ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကို အကဲခတ်မိ၏။

သောကြာနေ့ညပိုင်းတွင် ဒိုမင်းနစ်က 'ဟေး. . မာတင် တနင်္ဂနွေနေ့ ငါညစာခံပွဲတစ်ခုကို သွားစရာရှိတယ်၊ မင်းကိုပါ ဖိတ် ထားတယ်ကွ၊ ဒီတစ်ခါ မင်းမငြင်းရဘူးနော်'

'ငါ မလိုက်ချင်ပါဘူးကွာ'

'ဘာမလိုက်ချင်ရမှာလဲ၊ မင်းအတွက် ငါလက်ခံလိုက်ပြီ ကိုယ့်လူ၊ မင်းမျက်လုံးတွေထဲမှာ ဟိုတုန်းကလို အရောက်လက်နေတာမျိုး ငါမြင်ချင်တယ် မာတင်'

'စိတ်ဝင်စားစရာ တွေ့မယ် မထင်ပါဘူးကွာ'

'အလိုဗျာ. . . မောင်ရင့်ကို ဘယ်သူက စိတ်ဝင်စားခိုင်းနေလို့လဲ'

'ကောင်းပြီလေ၊ ဒီလိုဆိုလဲ ငါလိုက်ခဲ့ပါ့မယ်'

♠ ♠ ♠

ခန်းမဆောင်ထဲ ဝင်မိသည်နှင့် မာတင် စိတ်ညစ်သွားသည်။ တစ်မြို့လုံးက လူတွေ ဒီမှာလာစုနေကြသလား ထင်လိုက်၏။ လူအုပ်ထဲတွင် ဒိုမင်းနစ်ကို မျက်ခြည်ပြတ်သွားသည်။ လက်ထဲတွင် ရှန်ပိန်ခွက်ကို ကိုင်ပြီး လူအုပ်ထဲ ယောင်လည်လည် ဖြစ်နေ၏။ နံဘေးမှ စကားသံတွေ ပြတ်တောင်းပြတ်တောင်းကြားလျက်။ နိုင်ငံရေး၊ စီးပွားရေးအကြောင်းနှင့် အတင်းအဖျင်းတွေ။ မာတင့်အတွက် ညစာခံပွဲကြီးမှာ ငြီးငွေ့ဖွယ်အတိဖြစ်နေ၏။ အသိအကျွမ်းလဲ တစ် ယောက်တလေမှ မတွေ့။ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်တောင်တောင်နှင့် ရပ်နေရ၏။

စိတ်ပျက်ပျက်နှင့် လစ်တော့မည်ဆဲဆဲတွင်မှ ဒိုမင်းနစ်နှင့် ပြန်တွေ့သည်။ ဒေါပွပွနှင့် 'ဒီနေရာမျိုး နောက်ဘယ်တော့မှ ငါမလိုက်တော့ဘူး' ဟု ပြောမည်ဆဲဆဲတွင် သူ့နောက်မှ ကပ်ပါလာသည့် အမျိုးသမီးကို မြင်လိုက်သဖြင့် ဆွံ့သွားသည်။

ဒီကောင် စွံပုံကို အံ့ဩမဆုံးဖြစ်နေစဉ်

'ဒါက ဂျင်နီမက်ကျိုင်းတဲ့ မာတင်၊ ဂျင်နီ ဒါ ကိုယ့်သူငယ်ချင်း မာတင်ရို့သ်၊ ကဲ. . . မင်းတို့နှစ်ယောက် ပျော်ရွှင်ကြပါစေကွာ' ဟု မိတ်ဆက်ပေးပြီး လူအုပ်ကြီးထဲ ပြန်ပျောက်သွားသည်။ သည်တော့မှ ဩော် ဒီလိုကိုးဟု မာတင် နားလည်ရ၏။ စိတ်ထဲတွင် အောင့်သက်သက်ဖြစ်သွားသော်လည်း ဂျင်နီမက်ကျိုင်းကို ငေးကြည့်နေမိ၏။ မိန်းကလေးလှပုံက မာတင့်ကိုယ်တွင်းမှ သွေးတွေ ရုတ်ချည်းပူနွေးလာသည် ထင်ရ၏။ မာတင် ကိုယ့်ကိုကိုယ် မယုံနိုင်အောင်ဖြစ်သွားသည်။ အိပ်မက်များလား။ သေသေချာချာကြည့်လေ စွဲမက်စရာကောင်းလေ။ အိပ်မက်မဟုတ်ကြောင်း ကိုယ့်ကိုကိုယ် သိလိုက်၏။

ရွှေရောင်ဆံပင်တွေက ရော်ရွက်ဝါများပေါ်ကို နေရောင်ဆွတ်ဖြန်းထားသည့်အလား။ မျက်လုံးအစုံက ပယင်းရောင်၊ တဖျပ်ဖျပ်တောက်ပနေသည့် ပယင်းမျိုး။ အသားအရေမှာ ချောအိနုညက်နေသည်။ နို့နှစ်ရောင်ပိုးဝတ်ရုံကို ဆင်မြန်းထား၏။ ပခုံးပေါ်တွင် စိန်စီရင်ထိုးကလေးဖြင့် ထိန်းထားသည်။ သူကလေး၏ သင်းပျံ့ပျံ့ကိုယ်နံ့မှာ မူးယစ်ရီဝေဖွယ် အတိ။ နှင်းဆီငုံနှုတ်ခမ်းနှစ်လွှာကို ခပ်ဟဟပြုံးရင်း

'ဒိုမင်းနစ်ကတော့ တကယ်ပဲ၊ အပေါင်းအသင်းတွေကို သိပ်ပိုင်စိုးပိုင်နင်း လုပ်တာပဲ'

မာတင် ပြန်ပြုံးပြသည်။

'အဲဒါကိုက သူ့ရဲ့ ချစ်စရာအရည်အချင်းတစ်ခု ဖြစ်နေမလားမသိဘူး'

ဂျင်နီရယ်သည်။ သူ့ရယ်သံက တိုးသော်လည်းလွင်သည်။ စိတ်လှုပ်ရှားဖွယ်ကောင်းသည်။

'ကိုယ်သိပ်ပြီး ရဲတင်းလွန်းရာကျနေမလား မသိဘူး၊ ဒီည အားမယ်ဆိုရင် ဒါထက်ငြိမ်သက်မယ့် တစ်နေရာကို သွားကြရအောင်လား'





'ရဲတင်းလွန်းတယ်လို့ဆိုရမှာပဲ ဒါပေမယ့် ကျွန်မအားပါတယ်'

'စကားအကျယ်ကြီး အော်မပြောရတဲ့ နေရာမျိုးမှာ စကားပြောရရင် ကောင်းမှာပဲနော်'

ဂျင်နီက ရယ်ပြီး 'ရှင်ပြောတာ ကျွန်မ မကြားရဘူး'

'ဒီအခန်းကြီးထဲက ထွက်သွားရအောင်လို့ ကိုယ်ပြောနေတာ၊ မင်းဘယ်လို သဘောရသလဲဟင်'

'ရှင်က လုံးဝ အချိန်မဖြုန်းတတ်တဲ့ လူမျိုးထင်တယ်၊ ဟုတ်လားမစ္စတာရို့သ်'

ဂျင်နီ အနွေးထည်ယူဖို့ လူအုပ်ကြီးထဲ တိုးဝှေ့ဝင်သွားသည်။ မာတင်က ဒိုမင်းနစ်ကို နှုတ်ဆက်ဖို့ ရှာကြည့်သေးသည်။ မတွေ့တော့မှ စိတ်လျှော့ပြီး ဂျင်နီနှင့်အတူ အခန်းထဲမှ ထွက်ခဲ့၏။ တက်စီ စောင့်နေရင်း မာတင်က

'လူတွေ ဘာလို့ဒီလိုညစာစားပွဲတွေ လုပ်ကြသလဲ မသိဘူးနော်'

'အထီးကျန်ဘဝကနေ ခဏတဖြုတ် ထွက်ပြေးကြတာ ဖြစ်မှာပေါ့'

အမျိုးသမီးကို မာတင် တစ်ချက်စွေကြည့်လိုက်သည်။ ပြောပုံကို သဘောကျသွား၏။ ထက်မြက်ပုံပဲ။

'ကဲ. . . တို့ဘယ်သွားကြရင် ကောင်းမလဲ'

'စကားတိုးတိုး ပြောချင်တယ်ဆို၊ တတိယရိပ်သာလမ်းနဲ့ လမ်း ၅၀ ထောင့်မှာ တစ်နေရာရှိတယ်၊ သီချင်းကို တိုးတိုးလေး ဖွင့်ပေးထားပြီး ဖယောင်းတိုင်မီးနဲ့ ဝိုင်သောက်လို့ ရတယ်လေ'

မာတင် ပြုံးရပြန်သည်။ 'ကဲ. . . အဲဒီပဲ သွားကြတာပေါ့'

ဆိုဖီပျော်ပွဲစားရုံမှာ ဂျင်နီ ညွှန်းသည့်အတိုင်းပင်။ ဂီတသံကဆွတ်ပျံ့ဖွယ် ငြိမ့်ငြိမ့်ကလေး ပျံ့လွင့်နေသည်။ ဖယောင်းတိုင် မီးရောင်တွင် ဝိုင်ခွက်သည် ပိုလှနေ၏။ အလားတူပင် ဂျင်နီအလှသည်လည်း တစ်မျိုးထူးခြားနေ၏။

ငြိမ့်ငြိမ်ညင်သာ တေးသွားဖြင့် သူတို့နှစ်ယောက် ယဉ်ယဉ်ကလေး ကကြသည်။

'တစ်ယောက်နဲ့တစ်ယောက် ဒါလောက်မြန်မြန်ချစ်ကြတယ်ဆိုတာ အဓိပ္ပာယ်ရှိပါ့မလား. . .'



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ဆီဗီယာ့အားပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်နေမိ၏။

ဂျင်နီဆိုသော မိန်းကလေးကို ချစ်လိုက်မိပြီဟူ၍တော့ မပြောချင်သေး။ သို့သော် ဘယ်မိန်းကလေးကိုမှ သူ့လို မငြီးငွေ့ဘဲ ထိုသည်တော့ အမှန်ထူးဆန်းလှပါတကား. . .။ တေးသွားဆုံးတော့ နှစ်ယောက်သား စားပွဲဆီသို့ ပြန်လျှောက်လာကြသည်။ ဂျင်နီလို မိန်းကလေးကို ဘာကြောင့် ဒိုမင်းနစ် ရက်ရက်ရောရော မိမိရင်ခွင်ထဲ ထည့်ပေးသည်ကို သိချင်လာသည်။

'ဒိုမင်းနစ်နဲ့ မင်းသိတာ ဘယ်လောက်ကြာပြီလဲ မစ္စတ် ကျိုင်း'

ဂျင်နီပြောပြသည်။ ဂျင်နီသည် ဟန်းတားတက္ကသိုလ်မှစစ်အတွင်းဘွဲ့ရသူ ဖြစ်သည်။ မက်ဒီဆင်မှ ကြော်ငြာကုမ္ပဏီကြီးပေါင်း များစွာတွင် အလုပ်လုပ်ဖို့ လှေ့လာသည်။ တစ်ဟုန်ထိုးအတက် မြန်နေသည့် ဒိုမင်းနစ်ဂက်တီအေဂျင်စီကို ဂျင်နီသဘောအကျဆုံးဖြစ်သည်။ မိမိအတွက် လမ်းပွင့်မည့် ကုမ္ပဏီဟုမှတ်ယူပြီး အလုပ်လျှောက်လိုက်သည်။ ဒိုမင်းနစ်နှင့် အပေးအယူ တည့်မည့် ဆဲဆဲတွင်မှ အယ်လ်မိုအလှကုန်လုပ်ငန်းကြီးက ဂျင်နီ့ကို တစ်ဆင့် မြင့်ရာထူးပေးပြီး ခေါ်သွားခြင်းဖြစ်သည်။

ဂျင်နီ့ကို မရလိုက်ခြင်းအတွက် ဒိုမင်းနစ်တစ်ယောက် စိတ်မကောင်းဖြစ်ရသော်လည်း တစ်ဘက်ကုမ္ပဏီက မိမိထက် ရာထူးရောလစာပါ ပိုပေးသဖြင့် ဘာမှမတတ်နိုင်ဘဲ အသာငြိမ်နေလိုက်ရသည်။ ဤသို့ဖြင့် အမျိုးသမီးများနှင့် ပို၍ခွင်ကျသည့် အလှကုန်လုပ်ငန်းသို့ ဂျင်နီရောက်သွားသည်။

'အဲဒီနောက်ပိုင်း ဒိုမင်းနစ်နဲ့ ကျွန်မ အဆက်အသွယ်မရှိကြတော့ဘူး၊ အဲ. . . လွန်ခဲ့တဲ့ အပတ်ကမှ၊ အဲ. . ကျန်တာ ရှေ့ဆက်ပြောလို့ကောင်းပါ့မလား မသိဘူး'

'ပြောပါလေ၊ အားလုံးပြောနိုင်ပါတယ်'

'ဒီည မလာဘူးလို့ ကျွန်မဆုံးဖြတ်မိသေးတယ်'

'ဟုတ်လား၊ တိုက်ဆိုင်လိုက်တာ၊ ကိုယ်လဲ အဲဒီအတိုင်းပဲ'

'ဒါထက် မေးပါစေဦး၊ ဒိုမင်းနစ်က ရှင့်ကို ဘယ်လိုများမြင်နေသလဲ'

'သူက ကိုယ့်ကို ရသေ့ရဟန်းဘဝကို အားကျနေတယ် ထင်နေလား မသိဘူး'





'တကယ်ကော ဟုတ်နေသလားဟင်'

'အင်း. . . ဒါက သူ့အမြင်လေ၊ ဒိုမင်းနစ်လိုကောင်မျိုးက တစ်ညမှာ ပါတီလေးခုလောက် မတက်ရရင် အိပ်ပျော်တဲ့ ကောင်မျိုးမှ မဟုတ်တာ'

'အဲဒီ ဒိုမင်းနစ်ကပဲ ရှင်နဲ့ကျွန်မ တွေ့ဖို့လိုတယ်ဆိုပြီး စီစဉ်တာလေ၊ ကျွန်မဆက်ပြောဖို့ လိုသေးသလားဟင်'

'နားလည်ပါပြီလေ၊ ဘာပဲဖြစ်ဖြစ် သူ့ကို တကယ်ကျေးဇူးတင်ရမှာပေါ့'

'ကျွန်မအကြောင်းရှင်သိပြီးရင် ရှင်ကျေးဇူးတင်ချင်မှတင်တော့မှာ'

'အဲဒါ ကိုယ်ဆုံးဖြတ်ပါရစေလား ဂျင်နီ၊ မနက်ဖြန်ည အားလားဟင်'

'ဟင့်အင်း. . . ချီကာဂို သွားရမယ်၊ အလုပ်ကိစ္စနဲ့လေ'

မာတင် စိတ်ပျက်သွားသည်။

'ဘယ်တော့ ပြန်လာမှာလဲ'

'နောက် သောကြာနေ့ကျမှ'

'ဒီလိုပဲ ခဏခဏ ခရီးထွက်ရသလား'

'ရာထူးတစ်ခု တက်ခါနီးတိုင်း ဆိုပါတော့'

'ကောင်းပြီလေ၊ ကိုယ်စောင့်ရမှာပေါ့၊ ကကြဦးစို့လား'

ကလေးမကို ရင်ခွင်ထဲမှာ ထားပြီး ငြိမ့်ငြိမ့်ညောင်းညောင်း ကကြပြန်သည်။ ကပွဲခန်းမ ပိတ်သည့်အချိန်အထိ။

ဂျင်နီ့အခန်းဝအထိ လိုက်ပို့သည်။ တစ်ယောက်ကို တစ်ယောက် အကြာကြီး စိုက်ကြည့်နေကြ၏။ မာတင် ဇဝေဇဝါဖြစ်နေ၏။ နှုတ်ဆက်အနမ်း ပေးသင့် မပေးသင့်။

ဂျင်နီက သူ့လက်ထဲ အခန်းသော့ ထည့်ပေးသည်။ သူတံခါးဖွင့်နေစဉ်

'ပျော်စရာကောင်းတဲ့ညလေးပါနော်'

'ဟုတ်တယ် ဂျင်နီ၊ ကိုယ်လဲ ပျော်ပါတယ်'

ဓာတ်လှေကားဆီသို့ မာတင် ပြန်လျှောက်သွားတော့ ဂျင်နီ နောက်မှ လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူများသော့ကို ဘာလို့ ယူသွားတာလဲ'

သည်တော့မှ လက်ဝါးဖြန့်ကြည့်ပြီး မာတင်ရယ်သည်။ ပြန်လာပြီး ဂျင်နီ့ လက်ထဲထည့်သည်။

'ကိုယ်စဉ်းစားနေတာ၊ မင်းကို နမ်းပြီးနှုတ်ဆက်ရင် အလောတကြီး နိုင်လွန်းရာကျမလားလို့'

'ဒါပေါ့၊ ဒီတော့ မနမ်းဘဲ ဖက်ရုံဖက်ပြီး နှုတ်ဆက်လေ'

ရင်ခွင်ထဲ အသာဆွဲယူပြီး မာတင်က ညင်ညင်သာသာ နမ်းလိုက်သည်။ တစ်ဆက်တည်း

'မနက်ဖြန် ချီကာဂို မသွားပါနဲ့လား ဂျင်နီရယ်'

'အလို့. . ရှင်ဟာ အလောတကြီး နိုင်လွန်းရုံမကဘူး၊ ကျွန်မရဲ့ အလုပ်ကိစ္စမှာလဲ ဝင်စွက်နေပါလား၊ တနင်္လာနေ့မနက် ရှစ်နာရီတိတိ ကျွန်မချီကာဂိုရောက်ရမှာ၊ သောကြာနေ့ ပြန်လာပါ့မယ်ဆို'

ဂျင်နီ့မျက်နှာလှလှလေးကို မာတင် ငေးကြည့်နေသည်။ နဖူးပေါ် ဝဲကျနေသည့် ဆံနွယ်ကလေးတွေကို သပ်တင်ပေးရင်း

'ပြန်ရောက်ရင်တွေ့ကြမယ်နော်'

'ကြည့်သေးတာပေါ့၊ အချိန်ရရင်ပေါ့လေ၊ ဂျင်နီ ကတိတော့ မပေးပါရစေနဲ့'

'ဖုန်းတော့ ဆက်ပါကွယ်'

'အင်း. . . ဆက်ပါ့မယ်လေ'

♠ ♠ ♠

သူထွက်သွားသည်နှင့် တံခါးကိုပိတ်ပြီး တံခါးရွက်ကို မှီရပ်နေမိ၏။ သူ့ကို သိပ်သဘောကျသွားပြီဟု သိလိုက်၏။ သူ့အကြောင်းကို ချေးခါး အူမမကျန် သိအောင်လုပ်ရမည်။ မာတင့်ကို ဂျင်နီ သဘောကျနေခြင်းမှာ ယောက်ျားပီသသည့် ရုပ်ရည်တစ်ခုတည်းကြောင့်မဟုတ်၊ လူတစ်ယောက် ဖြစ်နေခြင်းလည်း ပါ၏။

မာတင်သည် ဂျင်နီအတွက် ထူးဆန်းနေ၏။ လူဝီစီယားနားတွင် ကြီးပြင်းခဲ့သည့် ဂျင်နီသည် တက္ကသိုလ်ရောက်မှလူတွေကို မြင်ဖူးခြင်း





ဖြစ်၏။ စာတော်သော လူကျောင်းသားတွေကို ကြည့်ပြီး ဂျင်နီစိတ်လှုပ်ရှား နေတတ်သည်။ သို့သော် တစ်ယောက်တလေနှင့်မျှ မတွဲဖြစ်ခဲ့။ မာတင်နှင့် တွေ့တော့ ရင်ခုန်မိသည်။ သည်လိုလူမျိုးနှင့် ချစ်ပွဲဝင်ရလျှင် ဘယ်လိုနေပါ့ မလဲဟု သိချင်စိတ်ဖြင့် ထိုည အိပ်ရာပေါ်သို့ ပစ်လှဲလိုက်၏။

♠ ♠ ♠

တနင်္လာနေ့မနက်တွင် ဒိုမင်းနစ်တစ်ယောက် မာတင့် ရုံးခန်းထဲ ဝင်လာသည်။

'အခြေအနေဘယ်လိုလဲ သူငယ်ချင်း'

'ဘာအခြေအနေလဲကွ'

'မနေ့ညကအကြောင်း မေးတာပေါ့ကွ၊ ရှိဘားဘုံရင်မကို မင်း ဘယ်လိုသဘောရလဲ'

'မင်းလက်ချက်ပေါ့ ဟုတ်လား'

'မင်း သဘောကျတယ် မဟုတ်လား'

မာတင်က ခေါင်းညိတ်ပြီး 'မဆိုးပါဘူး'

'မင်းပြောပုံကလဲကွာ အားမရလိုက်တာ၊ မဆိုးရုံပဲလား ကောင်ရဲ၊ ဒါလောက်ဖြူတဲ့ ရုပ်ကို မင်းမို့ အေးတိအေးစက်နဲ့'

'ငါ မင်းကို တစ်ခုမေးပါရစေဦး ဒိုမင်းနစ်၊ ဒါလောက်နိပ်တဲ့ဟာ လေးကို မင်းဘာလို့ ငါ့ကို ဝေဿန္တရာလုပ်တာလဲ'

'မင်းကို ငါအမှန်အတိုင်းပြောရမလား၊ ငါကြိုးစားတယ် ကိုယ့်လူ၊ မရဘူး၊ ကဲ. . . မင်းအခြေအနေကို ပြောစမ်းပါဦး'

'ဒါလောက် မြန်မြန်ကြီးတော့ ဘယ်ဖြစ်ပါ့မလဲကွာ၊ နောက်တစ်ခါ တို့တွေ့ကြရင် မင်းသိချင်တဲ့ အခြေအနေ ငါပြောနိုင်ကောင်းပါရဲ့'

'ငါက မင်းအလုပ်ဖြစ်နေပြီထင်တာ၊ ကောင်းပြီလေ၊ မင်း ဒီ အကြောင်း မဆွေးနွေးချင်ရင် ငါဆက်မပြောတော့ပါဘူး၊ ဒါပေမယ့် ငါတစ်ခု တော့ ထပ်မေးပါရစေဦး၊ မင်း သူ့ကို ကြိုက်ရဲ့လား'

မာတင်က သူငယ်ချင်းလုပ်သူကို တွေကြည့်နေသည်။ ပြီးမှပြုံးကာ

'ဂျင်နီမက်ကွိုင်းလို မိန်းကလေးကို မကြိုက်တဲ့လူ ရှိပါ့မလားကွာ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း . . . တော်ပါသေးရဲ့၊ ငါ မင်းအတွက် စိတ်ပူစပြုနေတာ အူဝယ်ချင်း'

တစ်ပတ်လုံးလုံး ဂျင်နီဆီကိုသာ အာရုံရောက်နေကြောင်း မာတင် ကိုယ့်ကိုကိုယ် သတိထားမိသည်။ လူပျိုပေါက်ကလေးတစ်ယောက် အချစ်ဦး ကို တွေးပြီး စိတ်ကူးယဉ်ပုံနှင့်တူနေ၏။ အိပ်ရာထဲတွင် လှဲပြီး သူနှင့်ထိတွေ့ရ လျှင် ဘယ်လိုနေမှာပါလိမ့်ဟုတွေးကာ ရင်ခုန်နေ၏။

အချိန်တွေ ကုန်ခဲလှသည် ထင်နေရင်းပင် သောကြာနေ့သို့ ရောက်လာခဲ့သည်။ ဂျင်နီဆီမှ ဖုန်းမလာသေး။ ဖုန်းလာတိုင်း ဆတ်ခနဲ ကောက်ကိုင်ပြီး မျှော်လင့်တကြီးထူးမိသည်။ လာသမျှဖုန်းတွေကလဲ အလုပ် ကိစ္စတွေချည်း။ ညနေလေးနာရီထိုးပြီ။ စိတ်လျှော့လိုက်ချင်ပြီ။ ထိုစဉ် ဖုန်းမြည်လာပြန်သည်။ သည်တစ်ခါတော့ ဂျင်နီ၊ ချီကာဂိုမှ လှမ်းဆက်ခြင်း ဖြစ်၏။ အသံကိုထိန်းပြီး မေးလိုက်သည်။

'ဘယ်လိုလဲ အားလုံးအဆင်ပြေရဲ့လား'

'ပြေပါတယ်၊ အားလုံး ချောချောမောမောပါပဲ'

'ဝမ်းသာပါတယ်၊ ဘယ်အချိန် လေယာဉ်ပျံဆိုက်မလဲဟင်'

'ခုနစ်နာရီခွဲလောက်ရောက်မယ်'

'ကောင်းပြီ ဂျင်နီ၊ ကိုယ်လာကြိုမယ်'

ဂျင်နီ၏ ရှည်သွယ်ဖြောင့်တန်းသည့် ပေါင်တံတွေကို မြင်ယောင် ရင်း ရင်တွေခုန်လာသည်။ သည်လို ရင်မခုန်ခဲ့သည်မှာ နှစ်တွေ အသချေ်ချီ၍ ကြာမြင့်ခဲ့ပြီဟု စိတ်ထဲထင်နေ၏။

လေယာဉ်ကွင်းကို နာရီဝက် စောရောက်နေ၏။ လေယာဉ်ကို လည်တဆန့်ဆန့်မျှော်နေ၏။ လေယာဉ်ဆိုက်လို့ လှေကားပေါ်က ဆင်းလာ ပုံကို မြင်ရပြန်တော့ ပို၍ စိတ်လှုပ်ရှားရပြန်သည်။ ခြေလှမ်းလှမ်းပုံကအစ ကျက်သရေရှိသည် ထင်၏။ ပယင်းရောင်မျက်လုံးများကို စိုက်ကြည့်ပြီး

'ကြိုဆိုပါတယ် ဂျင်နီ၊ တို့ဘယ်မှာ ညစာစားကြမလဲ'

'ဂျင်နီ မရောက်ဖူးတဲ့နေရာကို ခေါ်သွားလေ'

သို့သော် လွန်ခဲ့သည့်အပတ်ထဲက သူတို့သွားစားသည့် ပျော်ပွဲစား ရုံကလေးသို့ပင် သွားဖြစ်ကြသည်။ ယမကာခွက်ပေါ်မှ ကျော်ပြီး မာတင့်ကို ဂျင်နီစိုက်ကြည့်နေသည်။ သူ့ကို လွမ်းတသသ ဖြစ်နေမိကြောင်း ကိုယ့်ကို





ကိုယ် သိနေ၏။ ချီကာဂိုတွင် အိပ်မက်များပင် မက်ခဲ့သေးသည်လေ။ အိပ်ရာကနိုးတော့လည်း သူ့အကြောင်းကို တောင်စဉ်ရေမရ တွေးနေတတ် သေးသည်။ ဇာတ်လမ်းတစ်ပုဒ် စ,ဖြစ်တော့မည်ဟု အလိုလိုသိနေ၏။

ထိုနေ့ညက သူ့ကို အခန်းထဲအထိ ခေါ်သွားမိရင် ဘယ်လိုများ နေမလဲ၊ ထိုညသည် မိမိ၏အပျိုစင်ဘဝ ကုန်ဆုံးရသည့်ည ဖြစ်လေမည်လား . . . အလွန်တင်းကျပ်သည့် မိရိုးဖလာဘာရင်ဂျီဘာသာအစဉ်အလာကြောင့် မဟုတ်ပါ။ နှစ်နှစ်ကာကာချစ်ရမည့်သူနှင့် ယခုတိုင်မဆုံစည်းဖြစ်ခဲ့ခြင်း ကြောင့် နှစ်နှစ်ကာကာ မချစ်ခဲ့ဖူးခြင်း ဖြစ်ပါ၏။

ဆုံစည်းခွင့်ရလာပြန်တော့လည်း သူက ဂျူးလူမျိုး ဖြစ်နေပြန်၏။ ကျောင်းတုန်းက မာသာကြီးတွေများသိရင် ဘယ်လောက်ယူကျုံးမရ ဖြစ်ကြ မည်နည်း။ မိမိဝိညာဉ်မသန့်စင်တော့ဟု ပြောကြမည် မုချ။ အသိအာရုံထဲမှ သူ့ကို လုံးဝဖျောက်ဖျက်ပစ်ခိုင်းကြမည် ဧကန်။ မာတင်ရှိသ်သည် မိမိဘဝ အတွက် နိမိတ်ဆိုးတစ်ခုများ ဖြစ်နေမလား . . .။

သည်လို အတွေးသံသရာတွင် တစ်ပတ်လုံး ကျင်လည်နေခဲ့၏။ ခုလို ပြန်ဆုံဖြစ်ကြတော့လည်း နှစ်ယောက်အကြားတွင် ဘာအတားအဆီးမှ မရှိတော့ သလိုလို။ သူနှင့် နီးနီးကပ်ကပ်နေရသည်ကိုက ငြိမ့်ငြိမ့်ညင်ညင် ရှိလှ၏။ သူ့စကားပြောသံကို စမ်းရေစီးသံဟု ခံစားမိ၏။ ရင်ထဲတွင် ဆွတ်ပျံ့ ကြည်နူးနေသည်။

'ဘာစားမလဲဟင်'ဟု မာတင်မေးမှ ဂျင်နီ သတိပြန်ဝင်လာသည်။

'မှာပါ၊ သူမှာတဲ့ အတိုင်းပေါ့'

အီတလီစားပွဲထိုးကို ခေါ်ပြီး အီတလီစကား ပီပီသသပြောကာ ဟင်းလျာတွေ မှာသည်။ ပို၍ သဘောကျသွားမိပြန်သည်။

'ဂျင်နီ တစ်လုံးမှတော့ နားမလည်ဘူး၊ ဒါပေမယ့် ရှင်ပြောတာ သိပ်ပီတယ်လို့ထင်တယ်၊ ဘယ်မှာ တတ်တာလဲဟင်'

'တပ်ထဲမှာတုန်းက ပါလာမိုစစ်နယ်မြေမှာ အကြာကြီးနေခဲ့ရ တယ်လေ'

ခပ်ပြုံးပြုံးပြောနေသော်လည်း သူ့အသံက ခြောက်ကပ် ကပ်ဖြစ် သွားသည် ထင်လိုက်၏။ ဂျင်နီအနေရကျပ်သွားသည်။ အတန်ကြာမှ အကြောင်းအရာပြောင်းပြီး သူ့ စကားလမ်းကြောင်းလွှဲသည်။ ဂျင်နီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ၁၆ နှစ်သမီးကလေး ရည်းစားဦးနှင့် ချိန်း တွေ့သလို စိတ်တွေလှုပ်ရှားနေမိ၏။ သူနှင့် စားပွဲတစ်ဘက်စီတွင် ထိုင်ပြီး စိတ်က သူ့ရင်ခွင်ထဲ ခဏခဏတိုးဝင်နေမိ၏။ ပြီးတော့ မနေ့ကဲ့ဖြင့် ချစ်မှုကမ္ဘာလွန်နေမိ၏။

အီတလီစကားကို သွက်သွက်လက်လက်ပြောနိုင်၍သူ့ကို ပို အထင်ကြီးရပြန်သည်။ မိမိက လူဝီစီးယားနားမှ ထွက်လာပြီး နယူးယောက်တွင် အင်္ဂလိပ်စကားကို သွက်သွက်လတ်လက် ပြောနိုင်အောင် လေးနှစ်တိတိ သင်ခဲ့ရသူ မဟုတ်လား။ တဖြည်းဖြည်းနှင့် သူ့အနားတွင် ထိုင်ရင်း ကိုယ့်ကိုကိုယ် သိမ်ငယ်သလို ဖြစ်လာ၏။

ချီကာဂိုအကြောင်း သူမေးသမျှ မေးခွန်းတွေကို တစ်ခွန်းချင်း တိုတိုတုတ်တုတ်ဖြေရင်း ရယ်နေသည့် မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေမိ၏။ ကိုယ့်ကိုကိုယ် ထိန်းရမည်ကို နားလည်ပါသည်။ သူက ယေးလ်ထွက်၊ သူဌေးသား၊ လက်ရှိအလုပ်ကို အပျော်တမ်းလုပ်နေသူ။ မိမိကသည်အဆင့်ကလေးရောက်အောင် အောက်တန်းလွှာ မှ ရုန်းကန်လှုပ်ရှားရင်းတက်လာရသူ။ ၁၂ နှစ် သမီးအရွယ်မှစ၍ ဘီလပ်ရည်စက်တွင် အလုပ်လုပ်ခဲ့ရ၏။ ၁၄ နှစ်တွင် ရုပ်ရှင်ရုံ လက်မှတ်ရောင်း။ သည်လို ဘဝအတွေ့တွေ့ကို ဖြတ်သန်းပြီး ငွေစုကာ ဟန်းတားကောလိပ်ကို သွားနိုင်ခဲ့ခြင်းဖြစ်၏။ သိက္ခာမဲ့လွန်းအောင် အောက်တန်းကျခဲ့သည့် ကာလများကို ဘယ်သူမှ မသိကြတော့။ ပြည်ဖုံးကားကို အထပ်ထပ်ချပြီး မဟုတ်လား။

ဘဝကြမ်းကို ဖြတ်သန်းခဲ့ပုံများကို ပြန်တွေးမိတော့ အားမာန်တွေဝင်လာသလို ခံစားရ၏။ စားပွဲထိုးများက စားသောက်ဖွယ်တွေ လာချချိန်တွင် စိတ်ကိုကောင်းကောင်းထိန်းနိုင်နေပြီ။

'နယူးယောက်မှာ ပျော်လားဟင်'ဟု သူ့ကိုမေးလိုက်သည်။

'ဟင့်အင်း၊ ဆန်ဖရန်စစ္စကိုမှာပဲ ပျော်တယ်၊ မင်းကော'

'ဂျင်နီလဲ မပျော်ပါဘူး၊ မစ်စစ္စပီမှာပဲပျော်တယ်၊ ဂျင်နီက တောင်ပိုင်းသူလေ၊ လူဝီစီးယားနားကပါ'

'ဟုတ်လား၊ မင်းကြည့်ရတာ တောင်ပိုင်းသူနဲ့ လုံးလုံးမတူ ပါလား၊ စကားလဲ မဝဲဘူး'

'တောင်ပိုင်းသူနဲ့ မြောက်ပိုင်းသူ ဘာများထူးလို့လဲရှင်'

'ထူးတာပေါ့ တောင်ပိုင်းသူတွေဟာ အများအားဖြင့် ဘဝင်





မြင့်ရင်မြင့်၊ မမြင့်ရင် ခပ်ပေါ့ပေါ့တွေချည်းပဲ'

'ဒါက အပေါ်ယံအမြင်ပါရှင်၊ တကယ်က တောင်ပိုင်းသူ တိုင်းမှာ စတားလက်ရဲ့သွေး အနည်းအကျဉ်းပါနေတတ်လို့ပါ'

ရယ်ရယ်မောမောပြောနေသော်လည်း ဂျင်နီအောင့်သက်သက်ဖြစ်သွားသည်ဟု မာတင် နားလည်လိုက်၏။

'တို့ ကကြစို့လားဟင်'

'တစ်ကျော့ ကပြီးလို့ ပြန်ထိုင်ကြတော့ မာတင်က ဂျင်နီ့ကို အကဲခတ်နေသည်။ သူ့အလှတွင် ဆန့်ကျင်ဖက်နှစ်ခုပေါင်းစပ် နေသည်ထင်၏၊ အားနွဲ့သည့် မိန်းမကျက်သရေနှင့် စူးရှထက်မြက်မည့်အလှ ပေါင်းစပ်ထားခြင်းမျိုး။

'မင်းအကြောင်းကိုယ့်ကို ပြောပါလား ဂျင်နီ'

'ဘယ်လိုအကြောင်းပြောရမလဲ၊ ပြောလေ'

ဖယောင်းတိုင်မီးရောင်လဲ့လဲ့တွင် ဂျင်နီသည် ပို၍စွဲမက်စရာကောင်းနေ၏။

'မင်းရဲ့ ကလေးဘဝအကြောင်း စပြောပါလား'

ဂျင်နီ သူ့ကို အကြာကြီးငေးကြည့်နေသည်။ ပြီးမှ

'ဂျင်နီ့ ငယ်ဘဝဟာသိပ်တော့လှလှပပမရှိခဲ့ပါဘူး'

'ဘာပဲဖြစ်ဖြစ် ကိုယ်နားထောင်ချင်တယ် ဂျင်နီရယ်'

'ဂျင်နီ့မိဘတွေဟာ ဆင်းရဲကြပါတယ်၊ ဂျင်နီ ငယ်ငယ်တုန်းကလေ၊ ကုန်တိုက်ကြီးတွေကို လာတဲ့ အမျိုးသမီးတွေကို ငေးနေတတ်တယ်၊ ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့သူတို့တစ်တွေ ကုန်တိုက်ထဲက ထွက်လာတာ၊ ကပ္ပလီဒရိုင်ဘာတွေက ပြေးကြိုတာ တွေကိုသိပ်အားကျတာပဲ၊ ခရစ္စမတ်ဆို အိပ်မက်မက်ပြီ၊ တစ်နေ့မှာ သူတို့လို ချမ်းသာအောင် လုပ်မယ်ဆိုပြီး ငယ်ငယ်ကတည်းက ဆုံး ဖြတ်ချက်ချဖြစ်တယ်၊ တကယ်စိတ်ဝင်စားလို့လား၊ ဆက်ပြောရမလားဟင်'

'ပြောပါ ဂျင်နီရယ်၊ ကိုယ်အားလုံးသိပါရစေ'

'ကောင်းပြီလေ ဒါဖြင့် ပြောရတာပေါ့၊ အဲဒီအရွယ်က တည်းက ဂျင်နီဟာ တခြားကလေးတွေနဲ့မတူဘဲ ရည်ရွယ်ချက်မြင့် မြင့် ထားခဲ့တယ်၊ ပြီးတော့ အဲဒီကတည်းက ဘဝကို နားလည်ခဲ့တယ်၊ ဘယ်လိုအခက်အခဲတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိရှိ ကျော်ဖြတ်မယ်၊ ရည်ရွယ်ချက်အောင် မြင်အောင် လုပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဆုံးဖြတ်တဲ့အတိုင်းလဲ လုပ်ဖြစ်ခဲ့တယ်'

ရုတ်တရက် ရပ်လိုက်ပြီး

'နေပါဦး၊ ဘာလို့ အဲဒါတွေ ပြောပြနေမိပါလိမ့်'

'ဘာပြုလို့လဲဆိုတော့ ကိုယ်သိပ်စိတ်ဝင်စားနေပြီဆိုတာ မင်းသိလို့ပေါ့၊ ကဲ ဆက်ပြောပါကွယ်'

'မေမေဟာ သူ့ဘဝသူ လုံးဝမကျေနပ်ခဲ့ဘူး၊ ဗီတော့ အရက်ဖိသောက်ပြီး သူ့ဘဝကို အရှုံးပေးသွားတယ်၊ ခုတော့မရှိတော့ ပါဘူး၊ လွန်ခဲ့တဲ့ ငါးနှစ်တုန်းက ဆုံးတယ်၊ သေစာရင်းမှာ ရေးထား သလို အသည်းကျွမ်းပြီး သေတာ မဟုတ်ပါဘူး၊ တကယ်က သူ့ကိုယ်သူသေကြောင်းကြံတဲ့ သဘောပါပဲ၊ အရက်ပုလင်းထဲမှာ နစ်သေ တာပါ'

ဂျင်နီခဏ တွေစဉ်းစားရင်း

'စီးကရက်တစ်လိပ်သောက်ရအောင်နော်'

မာတင်က တစ်လိပ်ညှိပေးလိုက်သည်။

'အမေ့ဒဏ်ကို မခံနိုင်လို့ အဖေက ဂျင်နီငါးနှစ်သမီးမှာ အိမ်က ထွက်ပြေးသွားတယ်၊ ဒါပေမယ့် ဆန်းတာက အဖေ့ကို မုန်းတဲ့စိတ် မဖြစ်မိဘူး၊ တစ်နေ့ အဖေပြန်လာမှာပဲလို့ ထင်နေခဲ့တယ်၊ ထားပါတော့လေ . . . ငယ်ငယ်ကတည်းက အလုပ်လုပ်ပြီး ပိုက်ဆံကို ကျစ်ကျစ်ပါအောင်စုထားတယ်၊ တစ်နေ့မှာ နယူးယောက်ကို သွား နိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ဘယ်တော့မှ မပျောက်စေရဘူး၊ ရှစ်တန်းရောက်တော့ ဆရာမတစ်ယောက်နဲ့ ဆုံတယ်၊ ဂျင်နီ့ဘဝကို နားလည်တဲ့ ဆရာမ၊ ဂျင်နီ့ကို လမ်းညွှန်မှုပေးတဲ့ ဆရာမပေါ့'

'ပညာတတ်ရင် ဘာမဆိုအောင်မြင်နိုင်တယ်ဆိုတဲ့ အချက်ကို ဆရာမက မြင်လာအောင် လုပ်ပေးတယ်၊ အမေဆုံးတော့ အိမ်ခန်းကလေး ရောင်းပြီး အဲဒီပိုက်ဆံနဲ့ ကောလိပ်ဆက်တက်တယ်၊ နောက်ဆုံး နယူးယောက်ကို ရောက်လာတယ်ဆိုပါတော့၊ အဲဒါဟာ ဂျင်နီမက်ကွိုင်းရဲ့ ပျော်စရာ ဘဝပါပဲ'

သူ့မျက်နှာကို အကဲခတ်ကြည့်လိုက်၏။ ဂျင်နီ့မျက်လုံးများ ထဲတွင် ရီးသားခြင်း၊ အပြစ်ကင်းစင်ခြင်းများကို မာတင်တွေ့လိုက်သည်။





သူ့အတိတ်ကို မခြွင်းမချန် သတ္တိရှိရှိပြောသွားခြင်းပါလား။ သူ့ခန္ဓာကိုယ်ကို မက်မောပိုင်ဆိုင်လိုခြင်း မဟုတ်တော့ဘဲ အကာအကွယ်ပေးလိုစိတ်၊ ကြင်နာစိတ်တို့ဖြင့် မာတင့် ရင်ထဲတွင် ယိုဖိတ် ပြည့်လျှံလာသည်။

'ကဲ . . ဂျင်နီမက်ကွိုင်းအကြောင်း ပြီးပြီလေ၊ မာတင်ရို့သ် အကြောင်းပြော'

ဆီစီယာ့အကြောင်းကို ချန်လှပ်ပြီး မိဘများအကြောင်း၊ ယေးလ် တက္ကသိုလ်ကျောင်းသားဘဝနှင့် ဒိုမင်းနစ်အကြောင်းများ ပြောပြလိုက်သည်။ ဂျင်နီက မပြည့်စုံမှုန်း သိနေ၏။

'မိဘလက်ငုတ်လက်ရင်းအလုပ်ကို ထားခဲ့ပြီး ဘာလို့နယူးယောက်ကို ရောက်လာတာလဲ'

'ကိုယ့်ကြမ္မာကိုယ်ဖန်တီးဖို့ ဆိုပါတော့၊ ကိုယ့်ကိုကိုယ်ဘာကောင်လဲဆိုတာ မှတ်ကျောက်တင်ကြည့်ချင်တယ်လေ'

'မှတ်ကျောက် တင်ကြည့်တော့ ဘာတွေ့ရလဲဆိုတာ ပြောပါဦး'

'ပျော်ရွှင်မှုကို တွေ့ရတာပေါ့၊ ခုလိုမင်းနဲ့ နီးနီးနားနားနေရတဲ့အချိန်ကတော့ ပျော်စရာအကောင်းဆုံးပေါ့၊ တို့လမ်းလျှောက်ကြရအောင်လား'

'လျှောက်ချင်လျှောက်လေ'

အပြင်တွင် ညသည် လှပနေ၏။ အေးမြနေ၏။ စကားမ ပြောဘဲ လျှောက်နေကြသည်။ တစ်ယောက်အကြောင်း တစ်ယောက် စဉ်းစားရင်း လျှောက်နေကြခြင်း ဖြစ်၏။ ၈၃ လမ်းအရောက်တွင် မာတင်က

'ဒါ ကိုယ်နေတဲ့ အဆောက်အအုံပဲ ဂျင်နီ'

ဂျင်နီက အင်းမလုပ် အဲမလုပ်နှင့် ဆက်လျှောက်နေသည်။ ကုန်တိုက်ကြီးများရှေ့တွင် ရံခါရပ်ပြီး အတွင်းသို့ကြည့်လိုက်၊ ဆက်လျှောက်လိုက်ဖြင့် ဂျင်နီနေသည့် တိုက်ကြီးရှေ့သို့ ရောက်လာကြသည်။ ဘာပြောရမှန်းမသိဘဲ ဂျင်နီ သူ့ကို ခပ်ကြောင်ကြောင်ရပ် ကြည့်နေ၏။ သူ့ကို ချစ်နေပြီထင်၏။ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ဖို့ကတော့ သေချာနေလောက်ပြီ။ သို့သော် စောလွန်းနေသေးသည်။ အိမ် ထဲဝင်ဖို့ မဖိတ်မိအောင် စိတ်ထိန်း နေစဉ် သူက မေးသည်။

'မနက်ဖြန်ညကော အလုပ်များနေမလား'



www.burmeseclassic.com

www.burmeseclassic.com



အလုအပဆုံးအချိန်ရောက်ဖို့ မဝေးတော့ကြောင်း ဂျင်နီ သိလိုက်ပြီ၊ ရင်ထဲ ပေါ့သွားသလိုလဲ ခံစားရလိုက်၏။

'ဟင့်အင်း ဂျင်နီ အားပါတယ်'

ချက်ခြင်းသူ့ရင်ခွင်ထဲ ရောက်သွားသည်။ သူက အနမ်း နွေးနွေး မြင့်နှုတ်ဆက်နေပြီ။

'ကိုယ့်ဘဝမှာ ပျော်စရာအကောင်းဆုံး ညခင်းပါ ဂျင်နီ'ဟု လည်း နမ်းရင်း ပြောနေ၏။

'ဂျင်နီ့အတွက်လဲ အတူတူပါပဲကွယ်'

'အိပ်ရေးဝအောင် အိပ်လိုက်နော်'ဟု နှုတ်ဆက်ပြီး သူ လှည့်ထွက်သွားသည်။

အခန်းရောက်တော့ မီးမဖွင့်တော့ဘဲ အိပ်ရာဆီသို့ တန်း လျှောက်သွားသည်၊ ခုတင်ပေါ်တွင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်ပြီး ငိုချလိုက်၏။ ဘယ်လိုမှ ဆက်ပြီးတင်းမခံနိုင်တော့ကြောင်း ကိုယ့်ကိုကိုယ် သိနေပြီ။ တနင်္ဂနွေနေ့တွင် ဝတ်ကျောင်းတော်မှ သင်းအုပ် ဆရာတော် ရှေ့မှောက်၌ ဝန်ခံချက်ပေးရမည့် အရေးကို တွေးမိတော့ ဆောက်တည်ရာမရ အထိတ်တလန့်ဖြစ်ရပြန်သည်။

မျက်စိကြောင်နေသည်။ အိပ်မပျော်သည့် ညဉ့်သံသရာတွင် မည်မျှကြာမြင့်စွာ လည်နေသည်မသိ။ လင်းအားကြီးမှ မှေးကနဲ ပျော်သွားသည်။ တယ်လီဖုန်းသံကြောင့် လန့်နိုးလာသည်။ မာတင့် အသံကိုကြားလိုက်သည်နှင့် ညဉ့်ဦးပိုင်းက စိုးရွံ့ထိတ်လန့်မှုတွေ ဂျင်နီ့ဆီမှ ထွက်ပြေးသွားကြ၏။

'ကိုယ် သတိရနေလွန်းလို့ပါ ဂျင်နီ'

'ဂျင်နီလဲ သတိရနေပါတယ် အစ်ကို'

'ဒီညနေ ဘယ်သွားကြမလဲဟင်'

အစ်ကိုနဲ့ လကမ္ဘာကို ပျံတက်သွားချင်တယ်ဟု ရင်ထဲကပြော လိုက်မိ၏။ သို့သော် 'အစ်ကို့သဘောပါလေ'ဟုသာ ပြန်ပြော လိုက်သည်။ အင်း. . . အစ်ကို့သဘောဆိုရင်တော့ အစ်ကို့အခန်းကို ခေါ်သွားချင်တာပေါ့ ကလေးမရယ်ဟု မာတင်ကလည်း စိတ်ထဲမှပြောနေ၏။

'မာမာလီယွန်မှာ သွားစားကြတာပေါ့'





ညစာမစားရလည်း အကြောင်းမဟုတ်ပါဘူး အစ်ကိုရယ်။

'အစ်ကို့သဘောပါလေ'

'ကောင်းပြီ၊ ကိုယ်ရှစ်နာရီတိတိလာခေါ်မယ်နော်'

ညနေရှစ်နာရီတွင် ဂျင်နီတစ်ယောက် ရင်တွေ တဒိုင်းဒိုင်း ခုန်ရင်း နေမထိထိုင်မသာ ဖြစ်နေသည်။ အဝတ်ကို ငါးကြိမ်တိတိ လဲဝတ်နေမိ၏။ ခုထိလည်း စိတ်တိုင်းမကျသေး။ သူဘာရောင်ကို ကြိုက်တတ်တာပါလိမ့်။ ဘယ်လိုအမူအကျင့်တွေကို သဘောကျမှာ ပါလိမ့်။

အသားရောင်နှင့်ဟပ်သည့် ခရမ်းနုရောင် ပိုးဝတ်စုံကို နောက်ဆုံး ရွေးလိုက်သည်။ ပယင်းရောင်မျက်လုံးများနှင့်လည်း လိုက်ဖက်လှသည်။ တံခါးခေါက်သံကြားသည်အထိ မှန်ရှေ့တွင် အလှပြင်လို့ မပြီးသေး။

သူ့ကို အခန်းထဲဝင်ဖို့ ပြောရဲသည့်သတ္တိမရှိသဖြင့် လက်ပွေ့အိတ်ကိုပါ တစ်ပါတည်းဆွဲပြီး တံခါးဖွင့်ကာ အပြင်သို့ ထွက်လိုက်သည်၊ သူက ကျေနပ်မဆောင်နိုင်တော့သလို အတင်းဖက်နမ်းရင်း

'လှလိုက်တာကွယ်'

'မိန်းကလေးတစ်ယောက်ကို ဘယ်လိုမြှောက်ရမယ်ဆိုတာ ကျွမ်းပြီးသားပေါ့၊ ဟုတ်လား'

လက်မောင်းကို ခပ်လော့လော့ ဆွဲဆင်းပြီး တက်စီတစ်စီး ခေါ်ကာ မာမာလီယွန်ပျော်ပွဲစားရုံဆီသို့ ထွက်ခဲ့ကြသည်။ လူရှင်း သည့် ထောင့်ကျကျ စားပွဲတစ်လုံးတွင် နေရာယူလိုက်ကြသည်။ ဟင်း လျာတွေက စုံလှသည်။ သို့သော် နှစ်ယောက်စလုံးအစားအစာတွင် ဘယ်သူမှ အာရုံမရှိကြ။ ဂျင်နီ့ ရင်ထဲတွင် အလိုလိုနေရင်း သိမ့်ခနဲ နွေးခနဲ ဖြစ်နေ၏။ ချားရဟတ်စီးနေရသည့်အလား။

'၉၄ လမ်းမှာ ဂီတခန်းမတစ်ခုရှိတယ်၊ ဂျင်နီနားထောင်ချင်လားဟင်'

'အစ်ကို နားထောင်ချင်ရင် ဂျင်နီလဲ နားထောင်ချင်မှာပေါ့၊ သွားချင်သွားလေ'

'အစ်ကိုသွားချင်တဲ့နေရာကတော့ အစ်ကို့အခန်းပေါ့ကွယ်'

'အစ်ကို့သဘောပါပဲလေ'

ဂျင်နီက ရိုးရိုးသားသားပင် ပြန်ပြောလိုက်သည်။ မိမိ အခန်းကို သွားဖို့ မပြောခြင်းအတွက်ပင် ကြံဖန်ကျေးဇူးတင်လိုက်မိသေးသည်။

www.burmeseclassic.com



အိမ်ရှင်အဒေါ်ကြီးက စည်းကမ်းကြီးလှသည် မဟုတ်လား။ ယောကျ်ားဧည့်သည် လာသည်ကို မကြိုက်၊ အရက်သောက် သည်ကို မကြိုက်၊ ဆူဆူညံညံ မလုပ်ရ၊ တီရှဲ့ကြောန် မမွေးရ။ သူ့ကိုယ် သူ အဆောင်မှူးတစ်ယောက်လို သဘောထားသည့် အမျိုးသမီးကြီး။

အဆောက်အအုံထဲ ဝင်မိသည်နှင့် ဂျင်နီဘာမှ သတိမရ တော့။ တံခါးမှူးက တံခါးဖွင့်ပေးသည်ကိုလည်း သူ သတိမထားမိ။ စကြံတစ်လျှောက်တွင် ပို၍ကျယ်လောင်နေသော သူတို့နှစ်ယောက် ၏ ဖိနပ်သံကိုလည်း သူမကြား။ မိမိကို တွဲထားသည့် မာတင့်လက် တွေ ပူနွေးနေသည်မှလွဲပြီး ဘာမှမသိ။ အိပ်မက်ထဲမှာ လမ်းလျှောက်နေရသလိုပဲကွယ်။

အခန်းထဲရောက်တော့ အိပ်မက်မှ လန့်နိုးသွားသူလို သတိဝင်လာသည်။ မာတင့် အခန်းထဲတွင် သည်လိုမြင်ရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့။ တစ်ခန်းလုံး ရှုပ်ပွနေသည်။ သတင်းစာတွေ က ကြမ်းပြင်ပေါ်မှာ ဟိုတစ်စု သည်တစ်စု။ ကော်ဖီစားပွဲပေါ်တွင်လည်း မဆေးဘဲတင်ထားသည့် ကော်ဖီပန်းကန်တွေ၊ စီးကရက်တို တွေ ပြည့်လျှံနေသည့် ဆေးလိပ်ပြာခွက်တွေ။ အထင်နှင့်အမြင်ကွာ ခြားလွန်းနေ၍ စိတ်အနှောင့်အယှက် ဖြစ်သွားသည်။ အိမ်ခေါ်လာဖို့ အစီအစဉ်ရှိရဲ့သားနဲ့ သူ ရှင်းမထားတာပဲ။

မာတင် ရေခဲသေတ္တာထဲမှ ရှန်ပိန်တစ်ပုလင်း ထုတ်လာသည်။ အဆို့ကို ဖွင့်လိုက်တော့ အမြှုပ်တွေ ပန်းထွက်လာသည်။ ဖန်ခွက်နှစ်လုံးထဲသို့ ခပ်လောလောလောင်းထည့်သည်။ ဖန်ခွက်ထဲတွင် ကခုန်နေသည့် ရှန်ပိန်အမြှုပ်ကလေးများကို ငေးနေရာမှ ဂျင်နီ သူ့ကို မျှော်ကြည့်သည်။ သူကလည်း ရီဝေဝေ မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ အချစ်အတွက် ဆုတောင်းပဌနာပြုကြပြီး ရှန် ပိန်သောက်ကြသည်။

သူ့ရင်ခွင်ထဲတွင် အခိုးအငွေ့သဖွယ် တဖြည်းဖြည်းလွင့်ပျယ်နေသလို အနမ်းကမ္ဘာတွင် ရှည်ကြာစွာ လွင့်မျောနေကြမိသည်။

ဂျင်နီမက်ကွိုင်းအတွက် ရသစုံဖြင့် ထုံမွှန်းသော အချစ်ဦးည။ မာတင်အတွက်မူ အချစ်ဦးည မဟုတ်သော်လည်း မူးယစ်ရီဝေ ဆုံးည။ အချစ်၏ အဓိပ္ပာယ်ကိုရှာဖွေတွေ့ရှိသောညဖြစ်လေသည်။တစ်နည်းအားဖြင့် စစ်ကြီးပြီးသည့်နောက်တွင် ပုံမှန်သို့ ပြန် ရောက်သောညလည်း ဖြစ်လေသည်။ ချစ်သူကို ရင်ခွင်ထဲမှာ ထွေး ပွေ့ရင်း မာတင်တစ်ယောက် တိမ်တိုက်





ထဲတွင် လွင့်မျောနေသလို တသိမ့်သိမ့်ကြည်နူးနေသည်။ 'ပျော်ရဲ့လား ဟင်'လို့ မေးတော့ ဂျင်နီ က ရိုးရိုးကလေး ပြန်ဖြေသည်။ 'ပျော်ပါတယ် အစ်ကိုရယ်'တဲ့။

သို့သော် မနက်ဖြန်မနက် တနင်္ဂနွေနေ့။ ဆရာတော်ကို မည်သို့ မျက်နှာချင်းဆိုင်ရပါမည်လဲ။ ဦးခေါင်းထဲတွင် လျှပ်ပြက်သလို သတိအလင်း တန်းတစ်ခု ဖြတ်သန်းသွားသည်။ အိပ်ရာပေါ်မှ ကပျာ ကယာထပြီး အဝတ်ဝတ်သည်။

မာတင်က ဘာမှ နားမလည်သည့် လေသံဖြင့်

'ဟင်. . ဘာဖြစ်လို့လဲ ဂျင်နီ'

သူ့ကို လှည့်မကြည့်ဘဲ ဂျင်နီ ပြန်ဖြေသည်။

'ပြန်မှ ဖြစ်မယ်အစ်ကို၊ အိမ်ရှင်အဒေါ်ကြီးက ညအိပ်ထွက်တာ မကြိုက်ဘူး'

'မပြန်ပါနဲ့တော့ကွယ်၊ မထူးတော့ပါဘူး'

ရင်ထဲက ပြောလိုက်ခြင်းဖြစ်ကြောင်း ကိုယ့်ကိုကိုယ် သိလိုက်၏။ ဘယ်တုန်းကမှ သည်လိုငြိတွယ်မှုမျိုး မဖြစ်ဖူးခဲ့။ သူက လေးကို ရင်ခွင်ထဲက နေဘယ်မှမသွားစေချင်တော့။

'အစ်ကို တောင်းပန်ပါတယ် ဂျင်နီရယ်၊ မပြန်ပါနဲ့တော့နော်'

မီးရောင်မှိန်မှိန်တွင် အဝတ်တွေကို တစ်လှာချင်းကောက် ဝတ်နေသော အချစ်နတ်ဘုရားမလေးကို မာတင်ငေးကြည့်နေရင်း တောင်းတောင်းပန်ပန်ပြောနေသည်။

'မဖြစ်ဘူး အစ်ကို၊ ဂျင်နီ ပြန်ရမယ်'

မာတင် အိပ်ရာပေါ်မှ ထသည်။ ဂျင်နီ့ကို လှမ်းဖက်သည်။ ဂျင်နီက နောက်ဆုတ်ပြီး ရှောင်တော့

'ဟင်. . . ဘာပြုလို့လဲ ဂျင်နီရယ်'

'တစ်မျိုးကြီးပဲ အစ်ကို၊ ဂျင်နီသိပ်မိုက်တာပဲ၊ ရှက်လဲ ရှက်တယ်'

သူကလေး၏ လက်မောင်းကို အသာလှမ်းဆုပ်ရင်း

'ဒါဟာ ရှက်စရာကိစ္စမဟုတ်ပါဘူးကွာ၊ အစ်ကို မင်းကို တကယ် ချစ်တာပါ ဂျင်နီလေးရယ်'

'ဟင့်အင်း ဂျင်နီလုပ်ပုံဟာ သိပ်အပေါစား ဆန်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . ဒုက္ခပါပဲ၊ ချစ်သူတွေကြားမှာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စကို မင်းဘာလို့ အတွေးခေါင်နေရတာလဲ ဂျင်နီရယ်၊ အင်မတန်လေး နက်တဲ့ကိစ္စကို ပေါ့အောင် လုပ်မပစ်ပါနဲ့ကွာ'

ဂျင်နီသည် ဘရင်ဂျီဘာသာ၏ တင်းကျပ်သည့် နီတိများ အောက်တွင် ကြီးပြင်းခဲ့ရသူ ဖြစ်သည်။ လက်မထပ်ခင် ယောကျ်ား တစ်ယောက်ကို ယုံမှတ်လို့ ပုံအပ်မိခြင်းသည် ဘာသာရေးအရပြစ်မှုကျူးလွန်ခြင်းပင်ဟု ယုံကြည်သည်။ ထိုတဒင်္ဂတွင် ကိုယ့်အကြောင်း ကိုယ် ပြန်မတွေးချင်လောက်အောင်ပင် စက်ဆုပ်နေမိ၏။ နောက်ထပ် ဘာမှရှင်းပြမနေတော့ဘဲ အဝတ်တွေကို ပြီးအောင် ဝတ်နေ သည်။

'အဲဒီလို မမြင်ဖို့ မင်းကို ကိုယ်တောင်းပန်ပါတယ် ဂျင်နီ ရယ်၊ ကိုယ်လေ မင်းကို စွဲစွဲလမ်းလမ်း တကယ်ချစ်နေမိတာပါ'

မာတင်ကလည်း အဝတ်ဝတ်ရင်းပြောနေခြင်း ဖြစ်၏။ သို့သော် ဂျင်နီ မကြားတစ်ချက် ကြားတစ်ချက်။

ဂျင်နီ့ အိမ်ရှေ့ရောက်လို့ တက္ကစီသမားကို ရပ်ခိုင်းတော့ မနက် သုံးနာရီ ထိုးပြီ။

မာတင်ကပါ ကားပေါ်က ဆင်းမည်ပြုတော့. .

'မလိုက်ပါနဲ့တော့ အစ်ကိုရယ်၊ ဂျင်နီတစ်ယောက်တည်း ဝင်ပါရစေ၊ ကျေးဇူးတင်ပါတယ်နော်'

'ကိုယ်နားလည်ပါတယ်ကွာ၊ မနက်ဖြန် ကိုယ်ဖုန်းဆက် မယ်နော်'

မာတင်က ခပ်သွက်သွက်နမ်းပြီး နှုတ်ဆက်လိုက်၏။ ဂျင်နီ က ခေါင်းညိတ်ရုံ ညိတ်ပြပြီး လှေကားရင်းဆီသို့ ပြေးသွားသည်။ အပေါ်ထပ်သို့ တက်နေရင်း အထီးကျန်ဝေဒနာကို အပြင်းထန်ဆုံး ခံစားလိုက်ရ၏။

မမျှော်လင့်ဘဲ ခွေးတစ်ကောင်နှင့် လမ်းလျှောက်ထွက်ဖို့ ဆင်းလာသည့် အခန်းနီးချင်း အသိတစ်ယောက်နှင့် သွားတိုးသည်။ မျက်နှာဘယ်လိုထားရမှန်း မသိအောင် ပူထူသွား၏။ သူ့အကြည့်က အားလုံးကို ထိုးထွင်းမြင်နေသည့် အကြည့်မျိုး။ သူက နှုတ်ဆက်သည်။

'ဟော. . စင်ဒရဲလားကလေး ကပွဲက ပြန်လာတာထင်တယ်'

ဝလုံးဗထွေးနှင့် ဘာပြန်ပြောဖြစ်ခဲ့သည် မသိ။

အခန်းထဲရောက်သည်နှင့် တံခါးရွက်ကို ကျောမှီရပ်ရင်း ပါးပြင်





ပေါ်သို့ တလိမ့်လိမ့်ကျဆင်းနေသည့် မျက်ရည်တွေကို စိတ် တို မာန်တိုနှင့် သုတ်နေ၏။ အိပ်ခန်းထဲဝင်ခဲ့ပြီး အဝတ်တွေဆောင့် ကြီးအောင့်ကြီးနှင့် ဆွဲချွတ်နေပြန်သည်။ မျက်ရည်သုတ်၊ နှပ်ညှစ် ရင်း မိမိ၏ ဒုတိယအသံကို ကြားလိုက်ရ၏။ ဘုရားသခင်. . . ဘုရားသခင်။ ဒီနေ့မနက် ဘုရားရှိခိုးကျောင်းကို ဘယ်လိုမျက်နှာနဲ့ သွားရပါ့မလဲ။

ရေချိုးခန်းထဲ ဝင်ခဲ့သည်။ ရေချိုးကန်ကို ရေဖြည့်သည်၊ စပယ်နံ့ဆပ်ပြာရည်ကို လောင်းထည့်ပြီး ရေကန်ထဲဆင်းသည်။ ရေကို အဝစိမ်ရင်း မနေ့ညက အကြောင်းများကို ပြန်တွေးနေမိသည်။ ခေါင်းထဲတွင် ဝိရောဓိများစွာ၊ ပဋိပက္ခများစွာဖြင့် ယောက်ယက်ခတ် သွား၏။

ဘုရားသခင်၊ ဘုရားသခင်။ ငါ့အပြုအမူတွေကြောင့် သူ စိတ်များ ပျက်သွားလေမလား။ သည်လိုတွေးမိတော့ ဆောက်တည်ရာမရ အထိတ်တလန့် ဖြစ်ရပြန်၏။

ရေချိုးကန်ထဲမှ ထွက်ပြီး မျက်နှာသုတ်ပဝါကြီးဖြင့် တစ် ကိုယ်လုံး ခြောက်အောင် သုတ်သည်။ ပြီးမှ ညဝတ်ရုံကို စွပ်ပြီး အိပ်ရာဝင်သည်၊ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွား၏။ နှစ်နာရီ တိတိ အိပ်ပျော်သွားသည်။ နိုးလာတော့ အလန့်တကြား ထထိုင်လိုက် သည်။ ဘုရားသခင် . . . ဘုရားသခင်။ အာရုံဦး ဝတ်ပြုချိန် မီပါတော့မလား မသိ။

အပြေးအလွှား သွားတိုက်၊ မျက်နှာသစ်ပြီး သိုးမွေးဆွယ်တာနှင့် သိုးမွေးစကတ်ကို ကမန်းကတန်း ကောက်စွပ်ကာ အခန်းထဲ မှ ထွက်ခဲ့သည်၊

စိန့်ပက်ထရစ် ဝတ်ကျောင်းတော် မုခ်ဝလှေကားထစ်များ ကို တစ်ထစ်ကျော် တက်ခဲ့သည်။ ဝတ်ပြုမည့် လူတန်းကြီးဆီရောက်တော့ ဒူးတွေ မခိုင်ချင်တော့။

ပထမဆုံး ဝန်ခံချက်ပေးမည့် သူ၏လျှာပေါ်သို့ ဝန်ခံချက် ယူမည့် ဆရာတော်က ဝေဖာမုန့်ပါးပါးလေးတစ်ချပ် ထည့်ပေးနေစဉ် ဂျင်နီသည် ပြစ်မှားမိခဲ့သည့် ပြစ်မှုအတွက် ယူကျုံးမရဖြစ်လျက်ရှိရ၏။ ဆရာတော်ကို မည်သို့ရင်ဆိုင်ရပါမည်လဲ။

ညက မတိုင်မီဘဝကို တသသအောက်မေ့နေမိပြန်၏။ လှိုဏ်ထဲမှ အသံကလေး လစ်ထွက်လာခဲ့သည်။ ဝတ်ကျောင်းတော် အပြင်ဘက်သို့ သုတ်ခြေတင်သည်။ နှစ်ပြလောက် လျှောက်မိတော့ ကော်ဖီဆိုင်တစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့သည်။

ပေါင်မုန့်ထောပတ်သုတ်နှင့် ကော်ဖီမှာပြီး တနင်္ဂနွေနေ့ ထုတ်သတင်းစာကို ကောက်လှန်ကြည့်သည်။ သို့သော် စာလုံးတွေကိုမမြင်။ သူ့အာရုံတွင် မာတင်ရှိသသာ ထင်ဟပ်လျက်ရှိသည်။ သူ့ရုပ်လွှာကိုသာ မြင်ယောင်လျက်ရှိသည်။ သူ့လှုပ်ရှားမှုတွေကသာ ကြီးစိုးလျက်ရှိသည်။

ဘာပြုလို့များ သူ့အကြောင်း မစဉ်းစားဘဲ မနေနိုင်ရပါလိမ့်။ အချစ်ညကို မြင်ယောင်မိတိုင်း အသွေးအသားတွေ ပူနွေးလာတတ်သည်က တစ်မျိုး့။ ဘုရားသခင်. . . ဘုရားသခင် ဝတ်ကျောင်းတော်တွင် ဝန်ခံချက်ပေးစရာတွေ တိုးလို့သာနေပါကလား။

ဖြန်းကနဲထပြီး ပိုက်ဆံရှင်းခဲ့သည်။ ကော်ဖီနှင့်မုန့်ကို လုံးဝမတို့ထိဘဲ ဆိုင်ထဲမှ ထွက်ခဲ့၏။ နာရီပေါင်းများစွာ အခန်းမပြန်ဘဲ လျှောက်သွားနေမိ၏။ အခန်းပြန်ရောက်တော့ အိပ်ရာစွန်းတွင် ထိုင်ပြီး ပြတင်းပေါက်အပြင်ဘက်သို့ ငေးနေမိသည်။ တနင်္ဂနွေပေါင်း များစွာကို ဖြတ်သန်းခဲ့ပြီးပါပြီ။ သည်တနင်္ဂနွေသည် ပို၍ အထီးကျန် နိုင်လွန်းနေ၏။ မိမိကိုယ်တွင်း၌ရှိနေသည့် ခံစားမှုတစ်မျိုးကို မာတင်က စတင်လှုပ်နှိုးပေးခဲ့လေပြီ။ ဒါသည် အချစ်ဆိုသော အရာလား။ ဒါသည် အချစ်မဟုတ်သေးလျှင်၊ အချစ်သည် သည်ထက် အင်အားကြီးမားလျှင် ဘုရားသခင်. . . ဘုရားသခင်. . သူ့ကို ဘယ်လို ခွန်အားမျိုးနဲ့ တားဆီးနိုင်ပါတော့မည်လဲ။ နယူးယောက်ကို ရောက်လာကတည်းက မိမိ ဘဝလုံခြုံမှုအတွက် အခိုင်အခံ့ကာရံထားသည့် မဟာရံတံတိုင်းကို မာတင် ဖြိုချဖျက်ဆီးပစ်ခဲ့လေပြီကော။

တစ်ယောက်ယောက်နှင့် စကားပြောချင်လာ၍ မိန်းကလေးအပေါင်းအသင်းများကို တစ်ယောက်ပြီးတစ်ယောက် ဖုန်းဆက်သည်။ ဘယ်သူမှ သူတို့အခန်းတွင် မရှိကြ။ ဒိုမင်းနစ်ဆီ ဆက်ပြန်တော့လည်း ဖုန်းမကိုင်။ မျက်ရည်ဝဲလည်လာသည်။ မာတင်တစ်ယောက် ဖုန်းကလေးတောင် ဆက်ဖော်မရပါကလား။

အပြင်ထပ်မထွက်တော့ဘဲ တစ်ချိန်လုံးအခန်းအောင်းနေလိုက်သည်။ စွန့်ပယ်ခံရသလို၊ အသုံးချခံရသလို ထင်ပြီး စိတ်ဓာတ် အကျကြီးကျနေ၏။ ညပိုင်းကို တစ်ယောက်တည်းဘယ်လိုဖြတ်သန်း ရမှာလဲကွယ်. . သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်သည်။ ရုပ်ရှင်ရုံထဲမှာ သွားထိုင်





နေတာက ခံသာဦးမယ်ထင်ပါရဲ့။ လက်ပွေ့အိတ်ကို ကောက်ဆွဲပြီး အခန်းတံခါးပိတ်ကာ အောက်ထပ်ဆင်းခဲ့သည်။

အခန်းကို ပြန်ရောက်ရောက်ချင်း မာတင်က ဂေါက်အိတ် ကိုချပြီး ဂျင်နီ့ဆီ ဖုန်းတန်းဆက်သည်။ လိုင်းမအား၊ အကြိမ်ကြိမ် ထပ်ဆက်သည်၊ မရ။ သည်လောက်အကြာကြီး ဘယ်သူနဲ့များ ဘာ အကြောင်းတွေ ပြောနေပါလိမ့်။ နောက်ဆုံးအကြိမ်အဖြစ် ကြိုးစား ကြည့်သည်။ ဘယ်သူမှ မကိုင်။ သို့သော် သည်တစ်ကြိမ်တွင် ဂျင်နီ အခန်းပြန်ရောက်နေပြီ။ အခန်းဆီသို့ပြန်ပြေးသွားပြီး ကမန်းကတန်း သော့ဖွင့်သည်။ သော့ချောင်းက သော့ပေါက်ထဲ တော်တော်နှင့် မဝင်။ အတွင်းရောက်သည်နှင့် တယ်လီဖုန်းဆီပြေးသွားပြီး ကောက်ကိုင်သည်။ တစ်ဘက်မှ ဖုန်းချသွားပြီ။

သူပဲ ဖြစ်ရမယ်။ ဓာတ်ပါတယ်။ မာတင်ပါပဲ။ အိပ်ရာပေါ် ထိုင်ပြီး ပြန်ဆက်သင့် မဆက်သင့် စဉ်းစားသည်။

ထိုအချိန်တွင်ပင် မာတင်ကလည်း ဝေခွဲမရဖြစ်နေ၏။ ပထမ လိုင်းမအား၊ နောက်ထပ်ခေါ်လည်း မရ။ အပြင်ထွက်နေတာပဲ ဖြစ်ရမည်။ စိတ်တိုတိုနှင့် အပြင်ထွက်ခဲ့သည်။

ဂျင်နီက သူ့ဆီပြန်ဆက်ဖို့ ဆုံးဖြတ်လိုက်ချိန်တွင် မာတင်တစ်ယောက် ဓာတ်လှေကားထဲ ရောက်နေပြီ။ သည်တော့မှ စောစောက ဖုန်းသံမှာ မာတင့်ဖုန်းသံမဟုတ်ဟု ယုံကြည်လိုက်တော့၏။

♠ ♠ ♠

တနင်္လာနေ့ညတွင် မာတင် ရုံး၌ ည ၁၁ နာရီအထိ အလုပ်လုပ်သည်။ အဆာပြေညစာကို ရုံးခန်းထဲမှာ စားသည်။ အပြင်လေ ရှူချင်၍ ပြတင်းပေါက်ဆီသို့ လျှောက်လာချိန်တွင် ဂျင်နီ့ဆီ ဖုန်းခေါ်ဖို့ သိပ်နောက်ကျနေပြီ။ အင်္ဂါနေ့ မနက်စောစော ဂျင်နီ အလုပ်လုပ်သည့် အယ်လ်ဒီ အလှကုန်ထုတ်လုပ်ရေးကုမ္ပဏီသို့ ဖုန်း ဆက်သည်။ နယူးယောက်မြို့ပြင်သို့ အလုပ်တာဝန်ဖြင့် ထွက်သွားကြောင်း၊ တော်တော်နှင့် ပြန်ရောက်မည် မဟုတ်ကြောင်း သိရသည်။ ညနေပိုင်းတွင် ခြောက်နာရီမှ ကိုးနာရီခွဲသည်အထိ နာရီဝက်တစ်ခါ ဆက်သည်။ ဂျင်နီမရှိ။



www.burmeseclassic.com

www.burmeseclassic.com



သေတော့မှာပဲ၊ ဘယ်သူနဲ့ထွက်သွားပြန်လဲ မသိဘူး၊ မာတင် စိတ်တိုလာပြီ။ လူတကာနှင့်များ တွဲထွက်နေသလား မသိ။ ဂျင်နီအိမ်ပြန်ရောက်တော့ ကိုးနာရီ လေးဆယ်။ မာတင် နောက်ဆုံး ဖုန်းဆက်ပြီး ဆယ်မိနစ်အကြာ။

အလုပ်က ပင်ပန်းလာ၍ တန်းပြီး အိပ်ပျော်မည်ထင်ခဲ့၏။ သို့သော် မျက်စိတွေ ကြောင်နေပြန်သည်။ ဩော် ဖုန်းကလေးမှ ဆက်ဖော်မရဘူးနော်။ ညည်းမိုက်ပြစ် ညည်းခံပေါ့ မိဂျင်နီ။ ညည်း ကိုတစ်ညသုံး အဖြစ် တဒင်္ဂချစ်သွားတာ ဖြစ်မှာပေါ့။ ဂျင်နီ့ရင်ထဲ ဆို့နစ်လာသည်။ အံကြိတ်ပြီး စိတ်ဆုံးဖြတ်လိုက်သည်။ ဘယ်တော့ မှ အတွေ့မခံတော့ ဟူ၍။ တစ်ခါမိုက်ခဲ့မိပြီ။ ဒီအမှားမျိုး နောက်ထပ် မကျူးလွန်မိအောင် ဆင်ခြင်တော့မည်။

ယူကျုံးမရစိတ်ဖြင့် ရင်ထဲတွင် တနှံ့နှံ့ နာကျင်လာသည်။ ဘာသာတရား၏ အဆုံးအမကိုသာ နာခံခဲ့လျှင် ခုလို အပျိုရည်ပျက်သုဉ်းရမည် မဟုတ်၊ သိက္ခာညစ်နွမ်းရမည် မဟုတ်။ ဗုဒ္ဓဟူးနေ့တွင် အလုပ်ကိစ္စဖြင့် မာတင် မြို့ပြင်ထွက်ရသည်။ သန်းခေါင်ကျော်မှ အိမ်ပြန်ရောက်သည်။ သိပ်နောက်ကျသွားပြန်သည်။ မနက်ခြောက် နာရီ နှိုးစက်ပေးပြီး အိပ်လိုက်သည်။ မနက်ဖြန် ဒီသူငယ်မကိုဖြစ် တဲ့နည်းနဲ့ တွေ့အောင်ရှာမည်။

မနက်ခြောက်နာရီ ဆယ့်ငါးမိနစ်တွင် တယ်လီဖုန်းမြည် လာသည်။ ဂျင်နီက ကောက်ကိုင်ပြီး

'ဟဲလို. . .'

'ဟဲလို မနေနဲ့၊ မင်းကို ကိုယ် တနင်္ဂနွေနေ့ကတည်းက ဆက်နေတာ၊ တစ်ခါမှ မရဘူး၊ ဘယ်လိုဖြစ်နေတာလဲ ဂျင်နီ'

အသံကို ထိန်းပြောသော်လည်း မသိမသာတုန်ယင်နေ၏။ ဂျင်နီကလည်း တုန်တုန်ယင်ယင်ဖြင့်. . . . .

'ဟုတ်လား၊ အစ်ကို ရုံးကို ဆက်သေးလားဟင်'

'သိပ်ဆက်တာပေါ့'

'ဘယ်သူမှလဲ မပြောပါလား'

'ဘာမှ မပြောခိုင်းဘူးလေ၊ အခန်းကိုခေါ်တော့လဲ တစ်ခါမှမရဘူး၊ ကိုယ့်ဆီကို ဖုန်းပြန်မဆက်နိုင်လောက်အောင်ပဲ မင်း အလုပ်များနေသလားဂျင်နီ'





မာတင် စိတ်ကိုဖွတ်ထိန်းပြီး ပြောနေခြင်း ဖြစ်၏။ 'မင်း ဘယ်သူနဲ့ တွဲထွက်နေတာလဲ'ဟု မေးလိုက်ချင်သည်။

'ဘယ်သွားမယ် ဘယ်လာမယ်တော့ ပြောထားဖို့ကောင်းပါတယ် ဂျင်နီ၊ မင်း အစ်ကို့ကို ရှောင်နေတာတော့ မဟုတ်ပါဘူးနော်'

ဂျင်နီ စိတ်လှုပ်ရှားစွာရယ်သည်။

'အို. . မဟုတ်ရပါဘူး အစ်ကိုရယ်'

'ဒါဖြင့် ညစာ အတူစားမယ်'

'ကောင်းတာပေါ့အစ်ကို၊ ဒါပေမယ့် ဂျင်နီ ခဏပဲအချိန်ရမယ်'

'ဘာပြုလို့'

'အဝယ်တော် တစ်ယောက်နဲ့ ချိန်းထားပြီးသား ဖြစ်နေလို့ပါ'

'ကိုယ် ခုနစ်နာရီခွဲ လာခေါ်မယ်'

'ခြောက်နာရီလုပ်ပါလား အစ်ကိုရယ်'

'အိုး. . . သိပ်ဖြစ်တာပေါ့'

တယ်လီဖုန်းကိုပြန်ချတော့ ဂျင်နီ့မျက်နှာကလေး ပြုံးနေသည်။

ညစာစားရင်း အလုပ်အကြောင်း၊ ရာသီဥတုအကြောင်းနှင့် အစားအသောက်များအကြောင်းကို ပြောနေကြသည်။ ရင်ထဲမှ ဝေဒနာကို နာကျင်စွာဖွင့်ဟကြဖို့ နှစ်ယောက်စလုံးဝန်လေးနေကြသည့်နှယ်။

ကော်ဖီသောက်ပြီးတော့ ဂျင်နီက နာရီကိုငုံ့ကြည့်ပြီး တောင်းတောင်းပန်ပန်ပြောသည်။

'မသွားမဖြစ်လို့ပါ အစ်ကို၊ သိပ်နှမြောဖို့ကောင်းတဲ့ ညခင်းပြီလေးပါ၊ ကိုးနာရီတောင်ထိုးတော့မယ်နော်'

မာတင်က စိတ်ပျက်လက်ပျက်လေသံဖြင့် 'လမ်းလျှောက်ဖို့တောင် အချိန်မရတော့ဘူးလား'

'ဂျင်နီ မသွားမဖြစ်လို့ပါ အစ်ကို'

'ဒါဖြင့် စနေနေ့အားမလား'

ဂျင်နီ တုံ့ဆိုင်းဆိုင်းဖြေသည်။

'ဒီစနေ၊ တနင်္ဂနွေမှာ ဘားဟာဘားကို သွားရမယ်အစ်ကို'

'ဘားဟာဘား ဟုတ်လား၊ ပင်လယ်ကမ်းခြေနဲ့ အလှကုန် လုပ်ငန်းနဲ့ ဘာဆိုင်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီက ပြုံးပြုံးကလေး ပြန်ဖြေသည်။

'ဒီရာသီမှာ အကောင်းဆုံးဈေးကွက်ပေါ့ အစ်ကိုရဲ့'

မမျှော်လင့်သည့် ကိစ္စကို ကြားရသည့်အတွက် မာတင် ဘာဆက်ပြောရမှန်းမသိအောင် တွေသွားသည်။ အမေကို လိမ်မိသည့်အတွက် ဘုရားသခင် ဒဏ်ခတ်လေပြီလား. . . အမေက မိန်းကလေးတစ်ဦးနှင့် ငြိနေပြီလားဟု မေးသည်ကို ဘူးခံထားသည်လေ။

'မင်းတကယ်ပြောနေတာလားဟင်၊ တကယ်သွားရမှာလား'

စိတ်ထိခိုက်နေသည့် လေသံမပါအောင် ကြိုးစားပြီး မေး သည်။

'တကယ်ပါ အစ်ကိုရဲ့၊ အဲဒါ ဂျင်နီ့အလုပ်လေ၊ ဂျင်နီ့တက်လမ်းအတွက် သိပ်အရေးကြီးပါတယ် အစ်ကို၊ အစ်ကို့အလုပ်ဟာ အစ်ကို့အတွက် အရေးကြီးသလိုပေါ့'

'ဒါဆို ဘယ်အချိန်သွားရမှာလဲ'

'ခြောက်နာရီခွဲ လေယာဉ်ပျံနဲ့ လိုက်မယ်'

မာတင် သက်ပြင်းချသည်။

'လေယာဉ်ကွင်းကို ကိုယ်ကားနဲ့ လိုက်ပို့မယ်'

'အစ်ကိုက သိပ်သိတတ်တာပဲနော်'

'အိုး. ငယ်ငယ်တုန်းက စကောက်လုပ်ခဲ့တာပဲ၊ နောက်ကြုံမှရခဲ့တဲ့ ရွှေတံဆိပ်တွေ 'ပြရဦးမယ်'

ရွဲ့ပြောခြင်းဖြစ်ကြောင်း ဂျင်နီသိလိုက်သော်လည်း ဘာဆက်ပြောရမှန်း မသိသဖြင့် အသာငြိမ်နေလိုက်ရသည်။

နောက်တစ်နေ့တွင် အလုပ်များလိုက်ပုံမှာ အချိန်တွေ ဘယ်လိုကုန်သွားမှန်း မသိလိုက်။ နာရီကို ကြည့်လိုက်တော့မှ အထိတ်တလန့်ဖြစ်သွားသည်။ သူစောင့်နေလောက်ပြီ။ စိတ်မရှည် လို့များ သွားလေပြီလား။

ရုံးမှ အပြေးအလွှားဆင်းလာခဲ့သည်။ လက်ထဲတွင် ခရီးဆောင်အိတ်ကို ဆွဲလျက်။ လမ်းပေါ်ရောက်တော့ မာတင့်ကား နောက်ပိုင်းကို ရိပ်ခနဲ မြင်လိုက်ရ၏။ ကားရှုပ်ချိန်ဖြစ်၍ ဂျင်နီ့ရုံးရှေ့ တွင် ကားကြာကြာရပ်ခွင့်မရှိပေ။ ဘယ်နှစ်ပတ် ပတ်မောင်းနေရပြီ လဲ မသိ။ နာရီကို ငုံ့ကြည့်လိုက်သည်။ စိတ်ပျက်သွား၏။ ဘုရားသခင် ဘုရားသခင် သူစိတ်ပျက်ပြီးပြန်မသွားပါစေနဲ့၊ စောင့်ရသည့် ကာလငယ်ကို ကမ္ဘာချင်း၍ ကြာသည်





သင်လိုက်မိ၏။ လမ်းထိပ်သို့ လည်တ ဆန့်ဆန့် ဆက်မျှော်နေသည်။ ကားဘန်းကြီးထဲတွင် သူ့ကားရောပါ လာသည်ကိုတွေ့မှ ရင်ထဲအေးသွားသည်။ မာတင် က ကားကို အသာအရှိန်လျှော့ပြီး တံခါးဖွင့်ပေးသည်။ ဂျင်နီ ကားပေါ်သို့ ခုန်တက်လိုက်၏။

'အဲဒါကြောင့် ကိုယ် ကားမသုံးဘဲ တက်စီနဲ့ သွားသွားနေတာ'

သူက ကျွဲမြီးတိုနေသည့်အသံဖြင့် ခရီးဆောင်အိတ်ကို လှမ်းယူရင်းပြောသည်။

'ဂျင်နီတောင်းပန်ပါတယ် အစ်ကိုရယ်၊ အလုပ်က ဖြတ်လို့မရလို့ပါ'

'ထားပါလေ'

သူက ဒါပဲပြောပြီး တိတ်ဆိတ်သွားသည်။ ကားပေါ်တွင် နှစ်ယောက်သားဘာမှ မပြောဖြစ်ကြဘဲ ငြိမ်နေကြ၏။ မင်ဟက်တန် ရပ်ကွက်မှအထွက်တွင် ကားတွေ ကျပ်သည်ထက် ကျပ်လာသည်။ ဘီးကို တစ်ပတ်ချင်း လှိမ့်မောင်းနေရ၏။ ကားထဲမှ နာရီကိုလှမ်းကြည့်ရင်း ဂျင်နီက

'မီပါ့မလားဟင် အစ်ကို'

'မပြောနိုင်ဘူး၊ ဘားဟာဘားကို လေယာဉ်ပျံနဲ့သွားတဲ့ အ ချိန်က ဒီကနေ လေယာဉ်ကွင်းသွားတဲ့ အချိန်လောက်ကြာမှာ မဟုတ်ဘူး'

တရွေ့ရွေ့သွားနေသည့် ကားတွေကို ကြည့်ပြီး ဂျင်နီ၏ဆောက်တည်ရာမရ ဖြစ်လာသည်။ နောက်ဆုံးလေယာဉ်ကွင်း ရောက်ပြန်တော့လည်း ကားရပ်စရာနေရာကို တဝဲလည်လည်ရှာရ ပြန်သည်။ တစ်နေရာတွင် ကားကို ကပ်သီးကပ်သတ် ဝင်ရပ်ပြီး လက်ဆွဲအိတ်တစ်ဘက်၊ ဂျင်နီ့လက်ကို တစ်ဘက်ဆွဲကာ မာတင် လေယာဉ်ကွင်းထဲသို့ တရကြမ်းပြေးဝင်လာခဲ့သည်။ လူအုပ်ကြီးထဲ တွင် တိုးဝှေ့ပြီး ဘားဟာဘားသို့ ထွက်မည့် လေယာဉ်ကောင်တာသို့ ရောက်ခဲ့ကြသည်။ ထိုအချိန်တွင် လေယာဉ်မှာ ဘီးကြွပြီးကောင်းကင်သို့ ပျံတက်သွားပြီ။

မျက်ရည်တွေ လည်လျက် မာတင့်မျက်နှာကို ဂျင်နီမော့ကြည့်သည်။ သည်တော့လည်း သနားစိတ်ဖြင့် မာတင့်ရင်ထဲတွင် မကောင်းဖြစ်ရပြန်၏။

ရွှေအားငယ်နေသည့် ချစ်သူ့မျက်နှာကလေးကို ကြည့်ပြီး ကရုဏာစိတ်တွေ တဖွားဖွားယိုဖိတ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်စင်းရှိသေးလား သွားမေးရအောင်လေ'ဟု အားပေးစကားပြောတော့ ဂျင်နီက စိတ်ပျက်လက်ပျက်နှင့်

'အဲဒါ နောက်ဆုံးအခေါက်ပဲ အစ်ကို'

'ဒါဆို တခြားလေယာဉ်ကွင်းသွားကြည့်ရအောင်'

'ဒီအချိန်မှာ ဘယ်ကွင်းသွားသွား မရှိတော့ဘူး အစ်ကို၊ ဘာလုပ်ရမလဲ-မသိဘူး၊ စိတ်ညစ်လိုက်တာ၊ အလုပ်က သိပ်အရေး ကြီးနေတာ၊ ဒုက္ခပါပဲ. . .'

'ဩော်. . . ဂျင်နီရယ်၊ ဘာတတ်နိုင်မှာလဲ၊ ဖုန်းဆက်ပြီး အကျိုးအကြောင်းရှင်းပြလိုက်ပေါ့'

မာတင်က စိတ်မကောင်းသည့် အမူအရာဖြင့်ပြောလိုက်၏။

သို့သော် လေယာဉ်မမီလိုက်သည့်အတွက် ကျိတ်ပြီးကျေနပ်နေသည်။

'အင်းလေ၊ မနက်စောစောအခေါက်နဲ့ပဲ လိုက်ရတော့မှာပေါ့'

'ကဲ. . ဒါဖြင့်လာ၊ တစ်ခါတည်း ကြိုတင်လက်မှတ်လုပ်ခဲ့ရအောင်'

ကံကြမ္မာသည် မာတင့်ကို မျက်နှာသာပေးလျက် ရှိချေပြီ။ လက်မှတ်ရောင်းစာရေးက

'ဘားဟာဘားကို တနင်္လာနေ့မတိုင်မီ လေယာဉ်ပျံမရှိ တော့ပါဘူး ခင်ဗျာ'ဟု ရှင်းပြသည်။

လေယာဉ်ကွင်းမှ အပြန်တွင် မာတင့် လက်တစ်ဖက်က စတီယာရင်ဘီးကို ကိုင်ပြီး တစ်ဖက်က ဂျင်နီ့ဒူးကို ဆုပ်ကိုင်ထား သည်။ သူ့အခန်းသို့ တန်းမောင်းသွားပြီး ကားကို ကားရုံထဲထည့် သည်။ ဂျင်နီ့ကို ဆာနေပြီလားဟု မေးသည်။

'ဟင့်အင်း. . . သိပ်မဆာပါဘူး'

'ကဲ. . . ဘာလုပ်မလဲပြော'

ဘာပြောရမှန်း မသိ၊ စိတ်ညစ်လိုက်တာဟု အသံမထွက်ဘဲ ညည်းမိ၏။ သူနှင့်အတူ အိပ်ဖို့ အခြေအနေက တမင်ဖန်တီးပေးနေပြီ ထင်ပါရဲ့. . .။

'ပြောလေ. . ဘာလုပ်ချင်လဲလို့'

'လက်ဆွဲအိတ်ကို အခန်းပြန်ပို့မလားလို့၊ ပြီးတော့ လန်းသွားအောင် ရေလေး မိုးလေး ချိုးချင်သေးတယ်လေ'





'အို. . အဲဒါ ကိုယ့်အခန်းမှာလုပ်လို့ မရဘူးလား၊ ကဲ. . . လာပါ၊ ရေချိုးပြီးမှ စဉ်းစား'

မာတင်က ဂျင်နီ့လက်ကို ဆွဲပြီး ခေါ်သွားသည်။ ဆိုဖာပေါ် တွင် ဂျင်နီခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ရှိသမျှ အားအင်တွေ ကုန်ခမ်းသွားသည့်နှယ်။ အခန်းပတ်ပတ်လည်ကို ဝေ့ကြည့်လိုက်၏။ ငွေဘောင်ကွပ်ထားသည့် မာတင့်အဖေနှင့်အမေပုံကြီးကို လှမ်းမြင် နေရ၏။ အင်း . . . သူကတော့ ရွှေလင်ပန်းနှင့်အချင်းဆေးခဲ့သူပါ တကား။ ရှုပ်ပွနေသော အခန်းကို ကြည့်ပြီး နားလည်စပြုသည်။ အရာရာကို အစေခံတွေက လုပ်ပေးနေကျထင်ပါရဲ့။ သူ့အတွေးစကို မာတင်က ဖြတ်ပစ်လိုက်သည်၊

'ကဲ. . ဘာသောက်မလဲ ပြောလေ၊ ရေခဲသေတ္တာထဲမှာရှန်ပိန်ရှိတယ်'

အင်း. . . မူးရီမူးဝေကလေးဖြစ်အောင်လုပ်ပြီး သူစည်းရုံး တော့မည်။

'ဟင့်အင်း. . . ဝိုင်ပဲ သောက်မယ်'

သည်တော့မှ ဂျင်နီ့အတွက် ဝိုင်ယူပေးပြီး သူကိုယ်တိုင် အတွက် ဝီစကီငှဲ့သည်။ ဓာတ်စက်ဖွင့်လိုက်သဖြင့် တိုးတိုးကလေး ပျံ့လွင့်နေသော ဂီတသံကို နားထောင်ရင်း တင်းနေသည့် ဂျင်နီ့ စိတ်တွေ လျော့ပြေစပြုလာသည်။

မာတင်က အသံထွက်ဆုတောင်းခြင်းမပြုဘဲ အရက်ခွက်ကို မြှောက်လိုက်သည်။ ဂျင်နီ ဝိုင်တစ်ကျိုက် စုပ်ယူသည်။ ပြီးတော့ သက်ပြင်း တစ်ချက်ချသည်။

'အစ်ကို့အခန်းကို ဂျင်နီဘာသဘောအကျဆုံးလဲသိလား၊ ပြတင်းပေါက်က လှမ်းမြင်နေရတဲ့ ရှုခင်းပဲ'

'ဒီအချိန်ဟာ အလှဆုံးပဲလေ'

ဆည်းဆာနနုကို ပြတင်းပေါက်မှ ငေးကြည့်နေရင်း သူပြောသည်။ ဂျင်နီက သူ့ကိုယ်သူ ပြောနေသလိုဖြင့်

'ဂျင်နီ့အခန်းမှာဆိုရင် နေဝင်ချိန်ကို သိပ်သတိမထားမိဘူး၊ သိပ်လှတာပဲနော်'

'နေဝင်ချိန်လဲ လှတာပဲ၊ မင်းလဲ လှတာပဲ'

'ဂျင်နီလှတယ် ဟုတ်လား၊ တကယ်ပြောတာလား အစ်ကို ရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြုလို့လဲ၊ မင်းကိုယ်မင်း မလှဘူးထင်လို့လားဟင်'

ဂျင်နီ့မျက်နှာကလေး ပန်းနုရောင်သန်းသွားပြီး

'ဂျင်နီ့ကို ဂျင်နီ လှတယ်လို့ မထင်ဝံ့ပါဘူး အစ်ကိုရယ်၊ သူများတွေကတော့ လှတယ်လို့ ပြောကြတယ်၊ လူတွေက မြှောက်ပင့်တတ်ကြတော့ သိပ်မယုံရဲဘူး၊ တစ်ခါတစ်ခါသိပ်စိတ်ရှုပ်တာပဲ'

'ဘာကို စိတ်ရှုပ်တာလဲဟင်'

'ကိုယ့်ကိုကိုယ် လှလို့ မထင်တော့ဘဲ မှန်ခန်းထဲက အရုပ် လို့ ထင်လာတယ် အစ်ကို'

သည်ကလေးမ၏ အလှနောက်ကွယ်တွင် သည်လိုအား ငယ်မှုမျိုး၊ အကာအကွယ်ကင်းမှုမျိုး ရှိလိမ့်မည်ဟု မာတင် တစ်ခါမှ တွေးမကြည့်ဖူးခဲ့။ နယူးယောက်တွင် ဘဝကို မဝံ့မရဲလျှောက်လှမ်း နေသည့် ကလေးမ။ ကြော်. . သနားစရာအတိ၊ ချစ်စရာအတိပါက လား။ သူကလေးကို အကာအကွယ်ပေးချင်ပါ၏။ စောင့်ရှောက်ချင် ပါ၏။ သို့သော် သူနှင့် ထာဝရဆက်ဆံနိုင်ပါမည်လား။ သည်တော့ မှ သတိဝင်လာသည်။ သူက ဘရင်ဂျီဘာသာဝင်လေ။ ဘဝနောက်ခံ ကားချပ်ချင်းက တစ်ခြားစီ။ တစ်ကမ္ဘာစီမှ လူသားနှစ်ဦး. . ။

ရုတ်တရက်ထပြီး ဓာတ်စက်ခလုပ်ကို နှိပ်လိုက်သည်။ ပို ၍ မြူးကြွသည့် တေးတစ်ပုဒ်ထွက်လာသည်။

'ကဲ. . . မင်းဆာလှရောပေါ့ ဂျင်နီရယ်'

'ဂျင်နီ မဆာပါဘူး၊ အစ်ကို ဆာနေရောပေါ့'

'ဟုတ်တယ် အစ်ကိုလဲ ဆာပြီလေ၊ တို့ဘယ်သွားကြမလဲ'

'အစ်ကို့သဘောပါလေ၊ ရေတော့ နည်းနည်းချိုးလိုက်ချင်သေးတယ်ကွယ်'

'ချိုးပါဗျာ၊ တစ်ဝချိုးပါ'

ဧည့်ခန်းထဲတွင် မာတင်တစ်ယောက်တည်း အပြင်သို့ ငေးကျန်ရစ်သည်။ အမှောင်ထုက နယူးယောက်ကို ဝါးမျိုစပြုနေပြီ၊ ထူးထူးခြားခြားကြည်နူးနေမိ၏။ စင်စစ် ဂျင်နီသည် အလွန်ရိုးစင်း သော မိမိဘဝကို တိမ်းတိမ်းပွေပွေဖြစ်အောင် ဝင်ရောက်စိုးမိုးနေပြီ ဖြစ်၏။ တစ်ယောက်တည်း ပခုံးတွန့်လိုက်ပြီး အဝတ်ဗီရိုဆီသို့ ထ လာခဲ့သည်။





ခါးမှ အကျႌကို ချွတ်ကာ ကုလားထိုင်တစ်လုံးပေါ် ပစ် တင်လိုက်ပြီး စပို့ရှပ်အသစ်တစ်ထည် ယူဝတ်သည်။

ရေချိုးခန်းတံခါး ပွင့်လာသည်။ ဂျင်နီ ဆံပင်ဖြီးနေသည်ကို လှမ်းမြင်နေ၏။ အလွန်လှသည့် ဆံပင်တွေ။ ရမ္မက်ဆန္ဒတွေ ရင်ထဲ မှာ ဆူဝေလာသည်။ ရေချိုးခန်းထဲမှ ထွက်လာတော့ လက်ဆန့် ဆီးကြိုကာ မွတ်မွတ်သိပ်သိပ် နမ်းမိသည်။ အထီးကျန်နှစ်ဦးတို့ အချစ်သည်းစွာ ပေါက်ကွဲကြပြန်သည်။

မိန်းကလေးတစ်ယောက်ကို ဘယ်တုန်းကမျှ မာတင် သည် လို နှစ်နှစ်ကာကာ မချစ်ဖူးခဲ့။ သည်လိုအချစ်မျိုးကို ဘယ်သူ့ဆီက မှ မရရှိဖူးခဲ့။ ချစ်သူကို တယုတယတွေးပွေ့ရင်း မှန်သောသစ္စာစကား ကို ဆိုသည်။

'အစ်ကို သိပ်တစ်ကိုယ်ကောင်းဆန်သွားတယ်၊ အမှန်ကို ဝန်ခံရရင် မင်းလေယာဉ်ပျံ မမီလိုက်တာကို အစ်ကို ဝမ်းသာနေတာ'

'ဂျင်နီက ဘယ်လိုလုပ်ပြီး ဝမ်းသာနိုင်မှာလဲ အစ်ကိုရယ်၊ ဂျင်နီ့အလုပ်က ဂျင်နီ့ဘဝပဲ။ ဒီတစ်ပတ် တစ်ဆင့်တက်ရမယ့်ဆဲဆဲမှာ ကိုယ့်ဘက်က ချွတ်ယွင်းလို့ မတက်ရရင် သေရောပေါ့ အစ်ကိုရယ်'

ချစ်အားငယ်နေရှာသော ကလေးမကို မာတင်က စိတ် ပြောင်းသွားအောင် ယုယရင်း မေးသည်။

'တရုတ်စာ စားကြရင် မကောင်းဘူးလားဟင်'

'အင်း. . . ပျော်စရာကြီး နေမှာပဲနော်'

ဂျင်နီက ပြုံးပြုံးကလေး ဖြေသည်။

'တရုတ်ဆိုင်ကောင်းကောင်းတစ်ဆိုင် တွေ့ထားတယ်'

သူက ပြောပြောဆိုဆို တယ်လီဖုန်းစာအုပ်ကို လှမ်းယူပြီး ဖုန်းနံပါတ်ရှာသည်။

'ဟောဒီမှာ တွေ့ပြီ၊ မင်း ဘဲပေါင်းကြိုက်လားဟင်'

'ကြိုက်ပါတယ်၊ အစ်ကို မှာတာဆို ကြိုက်မှာပါလေ'

'အစ်ကို့ကို ယုံတယ်ပေါ့ ဟုတ်လား'

အစားအသောက်ကိစ္စတစ်ခုတည်း ရည်ညွှန်းပြောလိုက် ခြင်း မဟုတ်ကြောင်း ဂျင်နီ နားလည်လိုက်သည်။

'အစ်ကို့ကို ယုံပါတယ်။ ဂျင်နီ့ကိုယ် ဂျင်နီ မယုံတာပါ၊ ဂျင်နီလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေပုံက အပေါ်စား မဆန်လွန်းဘူးလား အစ်ကို၊ ပြီးတော့ သိပ်မှားတာပဲ'

'ဘာလို့ မှားရမှာလဲ ဂျင်နီရယ်၊ အစ်ကိုတော့ အဲဒီလို မထင်ပါဘူး' ဟု ပြောပြီးမှ ဘရင်ဂျီဘာသာ၏ တင်းကျပ်သောအုပ် ချုပ်မှုကိုသွား သတိရသည်။

'မင်းကိုယ်မင်း အပြစ်ကျူးလွန်တယ်လို့ ထင်နေတာက ကိုယ် ကျူးလူမျိုးဖြစ်နေလို့လား ဂျင်နီ'

'ဒီလိုလဲ မဟုတ်ပါဘူး အစ်ကို'

ငြင်းလိုက်ရသော်လည်း မာတင်ပြောသည်မှာ တစ်ဝက် တစ်ပျက် မှန်နေကြောင်း ကိုယ့်ကိုကိုယ် သိနေ၏။ မာတင်သည်သာ ဘာသာတူဖြစ် ပါက ခုလောက်ဆို လက်ထပ်ဖို့ကိစ္စ ဆွေးနွေးဖြစ် လောက်ပြီ။ သည်အတိုင်း သာ စခန်းသွားနေမည် ဆိုပါက ဘာသာ ရေးအရ ဝန်ခံချက်ပေးဖို့လည်း သတ္တိရှိမည် မဟုတ်တော့။ သူ့ကို လှည့်ကြည့်လိုက်သည်။ သူ့စကားလုံးများ က မိမိ၏ ထိတ်လန့် ကြောက်ရွံ့နေမှုကို အတည်ပြုသလို ဖြစ်နေ၏။

'ကိုယ့်ကိုကိုယ် အပြစ်ကျူးလွန်သူတစ်ဦးအဖြစ်တော့ မရောက် ချင်ဘူး အစ်ကို'

'ဒီမယ် ဂျင်နီ၊ မင်းနဲ့ကိုယ်ဟာ သွေးနဲ့သားနဲ့ လူသားနှစ်ယောက်၊ တစ်ယောက်ကို တစ်ယောက်ချစ်နေကြတဲ့ ချစ်သူတွေ၊ တို့နှစ်ယောက်ဟာ ဘဝအတွေ့တွေကို ဖြတ်သန်းလာကြသူတွေ ဖြစ် ပေမယ့် တစ်ယောက်နဲ့ တစ်ယောက် နားလည်ဖို့က ခုမှစကာစရှိသေး တယ်၊ နောင် ဘာဖြစ်လာမယ် ဆိုတာတော့ ကိုယ်လဲ ကြိုမပြောနိုင် ဘူး၊ ဒါပေမယ့် ခုတော့ ကိုယ်နဲ့ချစ်ရ တာကို ငရဲအိုးထဲ ဇောက်ထိုးကျသလို မင်းထင်နေမယ်ဆိုရင်တော့ ရပ်တန်း က ရပ်ပစ်လိုက်တာ ကောင်းမယ် ဂျင်နီ'

မာတင် စိတ်ပျက်လက်ပျက်နှင့် ပြတင်းပေါက်ဆီသို့ လျှောက်သွား သည်။ ဂျင်နီ့ကို ကျောပေးရပ်သည်။ ဂျင်နီ့မျက်ဝန်းထဲ တွင် မျက်ရည်တွေ ချက်ခြင်းပြည့်လာသည်။ ချစ်တဲ့စိတ်ကို မျိုသိပ် ခြင်းငှာ မစွမ်းနိုင်တော့။ ဘယ်လိုအန္တရာယ်ကိုမှ မမှုပြီ။ ဘုရား ကျောင်းကိုရော၊ သင်းအုပ်ဆရာနှင့် ဘာသာရေးအဆုံးအမများကိုပါ ဆန့်ကျင်ရဲပြီ။

'ဂျင်နီ ဆက်နေရမလား အစ်ကို'

မာတင်လှည့်ကြည့်သည်။ ဘယ်လိုမေးလိုက်တာလဲ မိန်းကလေးရယ်။





'မင်းက ပြန်ချင်နေလို့လား ဂျင်နီရယ်'

'ဟင့်အင်း . . . မပြန်ချင်ပါဘူး'

'တကယ်ပြောတာလားဟင်'

'တကယ်ပါ အစ်ကို၊ ဒါပေမယ့် အစ်ကို့ကို တစ်ခုတော့ မေးချင် တယ်၊ ဂျင်နီက ဘရင်ဂျီဘာသာဝင်တစ်ယောက်ဖြစ်နေတာ ကို အစ်ကို့စိတ် ထဲ ဘယ်လိုထင်လဲ'

'မင်းကို စွဲမက်စရာ မိန်းကလေးတစ်ယောက်လို့ပဲ ကိုယ်မြင်တယ်'

မင်းကို ကိုယ်လက်ထပ်ဖို့အသင့်ပဲလို့တော့ ဖွင့်မပြောလိုက်။

'ရိုးရိုးသားသားပြောမယ် ဂျင်နီ၊ မင်းနဲ့အစ်ကို သူငယ်ချင်းတွေ ချစ်သူတွေ ဖြစ်နိုင်တယ်လို့ မင်းယုံကြည်ရင် ကျန်တာတွေကို ဘာလို့ မဖြတ် ကျော်နိုင်ရမှာလဲ၊ မင်းသတ္တိမရှိဘူးလားဟင်'

သူရင်ထဲက ပြောနေခြင်းပါလား. . . အချစ်သည် အားလုံးကို ကျော်ဖြတ်နိုင်သည်ဟု မိန်းမသားပီပီ ဂျင်နီယုံကြည်လိုက်တော့၏။

ချစ်သူ့မျက်နှာကို ဘေးတိုက်လှမ်းကြည့်ပြီး 'ဂျင်နီလက် ဆွဲအိတ် ကို ဘယ်လိုဆင်းယူရမလဲဟင်'

'လွယ်ပါတယ်၊ တံခါးစောင့်ကို ခေါ်ပြီး ကားသော့ပေးလိုက် ရင် ပြီးတာပဲ'

ခလုပ်နှိပ်ပြီး တံခါးစောင့် ခေါ်လိုက်သည်။ တက်လာတော့ မာတင်က ကားသော့ပေးပြီး လက်ဆွဲအိတ်ယူခိုင်းလိုက်သည်။ တံခါး စောင့် ထွက်သွားသည်နှင့် မီးဖိုဆောင်သို့ဝင်ပြီး ရှန်ပိန်ပုလင်းယူလာ သည်။

'ကဲ. . ထိပ်ထားလေး ဘာဆုတောင်းပြီး သောက်မလဲ'

'သူငယ်ချင်းနှစ်ယောက်အတွက်ပေါ့ အစ်ကို'

'ပြီးတော့. . . ချစ်သူနှစ်ဦးအတွက်ပေါ့'

♠ ♠ ♠

နောက်နှစ်ရက်လုံးလုံး သူတို့နှစ်ယောက် ပျော်ပုံ သစ်လို့ဆုံး ဖြစ်နေကြသည်။ ဘာမှထူးထူးခြားခြားမဟုတ်ဘဲ အများတကာလို မြို့ထဲ သွားလာလည်ပတ်နေရသည်ကပင် ရင်ခုန်စရာ ဖြစ်နေသည်။ စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီဖြင့် ပန်းခြံထဲ လှည့်ပတ်စီးကြ၏။ ဗိုက်ဆာလျှင် ရပ်ပြီး မုန့်စားလိုက်၊ အအေးသောက်လိုက်ဖြင့်. . .။

ခပ်ပေပေကောင်လေး ကောင်မလေးများလို မြက်ခင်းပေါ် လှဲအိပ်လိုက်၊ လူးလိုက်၊ လိမ့်လိုက်ဖြင့်လည်း အပျော်ကြီးပျော်နေကြ၏။ ပန်းချီပြခန်းတွေကို လိုက်ကြည့်ကြ၏။ စာကြည့်တိုက်တကာကို ဝင်ကြ၏။ လှေကားထစ်တွေကို အပြိုင်ပြေးတက်ကြ၏။ အပေါ်ဆုံး ထစ်သို့ရောက်လျှင် နှစ်ဦးစလုံးမောနေကြသည်။ တစ်ဦးရင်ခွင်ထဲ တစ်ဦးတိုးဝင်ပြီး နားကြသည်။ အနမ်းဖြင့် အမောပြေစေကြသည်။ လောကသည် နှလုံးမွှေ့လျော်ပျော်ဖွယ်ရာအတိဖြစ်နေ၏။

စနေနေ့ညနေပိုင်းတွင် အီတာလျှံကုန်စုံဆိုင်တစ်ဆိုင်၌ ဝယ်ခြမ်းပြီး ဂျင်နီက စဖိုမှူးလုပ်သည်။ ချက်ပြုတ်စားသောက်ပြီး အိပ်ရာဝင်ကြသည်။ ဘာသာရေးအစဉ်အလာတွေ နီတိတွေကို အားလုံး မေ့နေပြီ။ ဝန်ခံချက်ပေးဖို့ကိုကား လုံးဝမစဉ်းစားတော့ပါ။

တနင်္ဂနွေနေ့ မနက်တွင် မာတင်ရေချိုးနေခိုက် နံနက်စာစီစဉ်သည်။

'အစ်ကိုရေ၊ မြန်မြန်လုပ်ကွာ၊ ပူပူကလေးစားကြရအောင်' ဟု အော်ပြောသည်။

မာတင်က ရေချိုးခန်းထဲမှ ခေါင်းပြူပြီး ပြုံးကြည့်ရင်း

'အမြဲတမ်း ပူနေမှာ မဟုတ်လား'

ဂျင်နီက ရယ်ပြီး

'သွား. . . သူများက ကြက်ဥမွှေကြော်ကို ပြောတာ'

နှစ်ယောက်သားအိပ်ရာထဲတွင်ပင် နံနက်စာ စားကြသည်။ မာတင်က ဂျင်နီ့လက်ရာကို ချီးကျူးနေသည်။

'တကယ်ပါပဲကွာ၊ အရသာရှိလိုက်တာ၊ ညကလဲ သိပ်စားကောင်းတာပဲ'

'ဂျင်နီ့မှာ တိမ်မြုပ်နေတဲ့ ပါရမီတွေ အများကြီးရှိတယ် အစ်ကိုရဲ့'

'ဟုတ်ပြီ တိမ်မြုပ်နေပစေ၊ ကိုယ်တစ်ယောက်တည်း အတွက်ကလွဲလို့ ပြောတာနော်'

ကမန်းကတန်း စားပြီး မာတင်က ချစ်သူကို ရင်ခွင်ထဲ ဆွဲသွင်းပြန်သည်။ ဂျင်နီ သိလိုက်ပြီ။ ဒီနေ့ ဘုရားရှိခိုးကျောင်း သွားဖို့ အချိန်မီတော့





မည် မဟုတ်။ တနင်္ဂနွေနေ့ထုတ် 'တိုင်း'သတင်းစာကို အတူတူ ဖတ်ကြသည်။ နှစ်ယောက်သား လက်ထပ်ပြီးစ ဇနီးမောင်နှံ လို စိတ်ထဲထင်နေကြ၏။ ဂျင်နီ့ရင်ထဲတွင် အပျော်ကြီး ပျော်နေ သည်။ အစ်ကို့ကို ဝတ်ကြီးဝတ်ငယ် ပြုစုချင်နေ၏။ ဇနီးကောင်းတစ် ယောက် ဖြစ်ချင်နေ၏။ ရစ်ပတ်နှောင်ဖွဲ့မှုသည် ခိုင်မာသည်ထက် ခိုင်မာနေပြီ။ မိမိကို သူနှစ်နှစ်ကာကာ ချစ်နေပြီဟုလည်း ယုံကြည်လိုက်၏။

နှစ်ဦးစလုံး၏ အချစ်သည် ခန္ဓာကိုယ်ချင်းပေါင်းစပ်မှုထက် ပို၍လေးနက်နေပြီ။ တစ်ယောက်ကို တစ်ယောက် သိုင်းဖက်ပြီး သတင်းစာဖတ်နေစဉ်တွင်လည်း သူ့ငယ်ဘဝအကြောင်းကို သိချင် နေ၏။ သည်တော့လည်း အစ်ကိုက ပြောပြရှာသည်။

အလွန်စည်းကမ်းကြီးသည့် အမေ၏အုပ်ချုပ်မှုအောက်တွင် တစ်ဦးတည်းသောသားအဖြစ် ကြီးပြင်းခဲ့ရပုံများ။ ခုတော့လည်း အမေ့အလိုနှင့်ဆန့်ကျင်ပြီး သူ့ဘဝ သူလျှောက်နေပုံကို ဂျင်နီ သဘောကျနေ၏။

'အစ်ကို၊ ပထမဆုံးညကို မှတ်မိလားဟင်၊ အစ်ကိုနဲ့ဂျင်နီ ဘယ်တော့မှ ချစ်သူတွေဖြစ်လာမှာ မဟုတ်ဘူးလို့ ထင်ခဲ့တယ်၊ ဒါ ပေမယ့် ဂျင်နီထင်တာ လုံးလုံးမှားခဲ့တယ်နော်'

မာတင်က သူ့ကို ငုံ့ကြည့်သည်။ မျက်နှာပေါ်တွင် ဝဲကျနေသည့် ဆံပင်တွေကို ခေါင်းအုံးပေါ်သို့ ဖယ်ပေးသည်။ မျက်နှာမှာ ပြုံးကြည်နေ၏။ လှလိုက်သည့်မိန်းကလေးပါလား. . . မာတင့်ရင်ထဲတွင် ဘယ်တုန်းကမှ မဖြစ်ပေါ်ဖူးသည့် ကြည်နူးမှုများဖြင့် တသိမ့် သိမ့်နွေးလျက် ရှိ၏။ ဒါကပင်လျှင် မာတင်၏ အဖြေဖြစ်ပါသည်။ ဂျင်နီအကျေနပ်ကြီး ကျေနပ်နေသည်။

ညပိုင်းတွင် ဂျင်နီ့အခန်းသို့ မာတင်က သူ့ကားဖြင့် ပြန်ပို့ သည်။ အခန်းလယ်တွင် တစ်ယောက်တည်းငေါင်းစင်းစင်းဖြစ်နေ၏။ ဝမ်းနည်းနေ၏။ အထီးကျန်ဝေဒနာကို ထူးထူးခြားခြားခံစားနေရ၏။

အို. . . ချစ်သူတွေဟာ အိမ်ထောင်သည်တွေလိုနေကြရ တာမှ မဟုတ်တာပဲဟု ကိုယ့်ကိုကိုယ် သတိပေးရသည်။ ဒါပေမယ့် ဒီလိုချည်းတော့ ကြာကြာမနေနိုင်ပါဘူး အစ်ကိုရယ်။ သူလည်း ဒီအတိုင်းနေမှာပါလေ၊ မကြာခင် လက်ထပ်ဖြစ်မှာပါ။ ဒါကို စိတ်ထဲက သိနေ၏။ ယုံနေ၏။

လက်ဆွဲအိတ်ထဲမှ ပိုးဝတ်ရုံကို ထုတ်ယူလိုက်သည်။ ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



သူဘာများလုပ်နေမှာပါလိမ့်ဟု သိချင်လာသည်။ အိပ်မည်တော့ မဟုတ်သေး၊ ကိုးနာရီခွဲပဲ ရှိသေးတာ။

တယ်လီဖုန်းကောက်ကိုင်ပြီးကာမှ ပြန်ချထားလိုက်သည်။ ရေချိုးခန်းထဲဝင်ပြီး ရေကို တစ်ဝကြီး စိမ်ချိုးပစ်လိုက်သည်။ ဦးရေ တွေ နာလာသည်အထိ ခေါင်းကို ပွတ်လျှော်နေမိ၏။

♠ ♠ ♠



# (၁၁)

တနင်္လာနေ့ညတွင် မာတင်ဖုန်းဆက်သည်။ တစ်နေ့တာ လှုပ်ရှားမှုများအကြောင်း မေးသည်။ စနေနှင့် တနင်္ဂနွေနေ့များ အကြောင်းသူ လုံးဝ စကားမစ။ ပျော်စရာအကောင်းဆုံးထိုနှစ်ရက်ကို သူမေ့သွားလေပြီလား။

'အချစ်ရယ်၊ မင်းတစ်ယောက် အစ်ကို့ရင်ခွင်ထဲက မထွက်တော့ဘူးကွယ်'ဆိုသည့်စကားမျိုး ဂျင်နီမျှော်လင့်နေသည်။ သို့သော် အချစ်အကြောင်း တစ်ခွန်းတစ်ပါဒမျှ သူမပြော။ သည်တော့လည်း ကိုယ့်ကိုကိုယ် သတိပေးရသည်။ ရသလောက်နဲ့ပဲ တင်းတိမ်ပေတော့ မိဂျင်နီ၊ ညည်းဘဝမှာ တစ်သက်လုံး ဒီအတိုင်းချည်းပဲ မဟုတ်လား။

အင်္ဂါနေ့တွင် သူနှင့်အတူ ညစာစားသည်။ ဗုဒ္ဓဟူးနေ့တွင် နေ့လည်စာကို အပြင်မှာ စားကြပြီး ညစာကို သူ့အခန်းတွင် စားဖြစ်သည်။ ကြာသပတေးညသည်လည်း ထိုနည်းနှင်နှင်။ သောကြာနေ့တွင်ဂျင်နီ အားဘာဘားသို့သွားရန် လေယာဉ်ကွင်းသို့လိုက်ပို့သည်။

လေယာဉ်အီးကျသည်နှင့် သူတစ်ယောက်တည်း ဘယ်လိုများ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်မှာပါလိမ့်ဟု ဂျင်နီ တွေးပူလာသည်။ -သူအောက်မေ့နေပါ့မလား။ တစ်ခြားတစ်ယောက်နဲ့များ တွဲထွက်နေမလား။

မာတင်တစ်ယောက် ဘယ်လိုကျန်ခဲ့သည်ကို ဂျင်နီသိလျှင် သူ့ အစိုးရိမ်ကြီးမှုအတွက် ရယ်မောမည်မုချ။ ဂျင်နီ့ လေယာဉ်ပျံ မြင်ကွင်းထဲမှ လုံးဝပျောက်ကွယ်သွားသည်အထိ ငေးကြည့်ကျန်ရစ်သည်။ ကောင်းကင် ပြင်တွင် လေယာဉ်ကြီးတစ်စင်းလုံး အမည်းစက် ကလေးအဖြစ်မှ လုံးဝ ပျောက်ကွယ်သွားသည့်တိုင် ငိုင်ကြည့်နေ၏။ ပြီးမှလေးလံစွာဖြင့် ကားဆီသို့ ပြန်လျှောက်လာခဲ့၏။ ထင်တာထက် ပိုပြီး ရင်ထဲမှာဟာကျန်ခဲ့သည်။ သည် ဝေဒနာမျိုးကို ဘယ်တုန်းကမှ မခံစားဖူးခဲ့။ ဘယ်သူ့ကြောင့်မှ မခံစားဖူးခဲ့။

အခန်းပြန်ရောက်တော့ အမှောင်ထုထဲသို့ အဓိပ္ပာယ်မဲ့စွာစိုက် ကြည့်နေသည်။ အာရုံကို မနည်းစုစည်းပြီး စဉ်းစားခန်းဝင်သည်။

ပြဿနာကို ရင်ဆိုင်ရပေတော့မည်။ ဂျင်နီ့ကို စွဲစွဲလမ်းလမ်း ချစ် နေမိပြီ။ သည်တော့ ဘာဆက်လုပ်မည်နည်း။ သည်အတိုင်းအိမ်က လက်ခံ ပါမည်လား။ လုံးဝမလွယ်သည့်ကိစ္စ။ ဒိုမင်းနစ် ဆီသို့ ဖုန်းကောက်ဆက်သည်။

'ကိုယ်ပါ သူငယ်ချင်း၊ မင်းကိုတွေ့မှ တွေ့ပါ့မလားလို့ကွာ'

'ဆို မာတင်၊ ဘာထူးလဲ'

'မင်းခုဘာလုပ်နေလဲ ဒိုမင်းနစ်'

'ငါလား. . . ဘာမှမလုပ်ဘူး၊ ပြော. . . မင်းဘာလုပ်ချင်လဲ၊ အရက်သောက်မလား၊ ဘိလိယက်ထိုးမလား၊ ဒါမှမဟုတ် ကောင်မလေး တစ်ယောက်ယောက် ထွက်ရှာမလား'

'မင်းနဲ့ငါ စကားပြောချင်တယ် သူငယ်ချင်း'

'ကောင်းပြီ၊ ရှစ်နာရီခွဲ ဟယ်ရီမှာဆုံမယ်'

ဟယ်ရီ အရက်စုံဘားတွင် ရှစ်နာရီခွဲတိတိ မာတင် ရောက်နေ သည်။ ဒိုမင်းနစ် တော်တော်နှင့်ပေါ်မလာ။ ကိုးနာရီခွဲမှ သူရောက် လာသည်။ မာတင် တော်တော်လေး ရေချိန်ကိုက်နေပြီ။

'ဟေ့ကောင်၊ ဘာဖြစ်လို့ ဒါလောက်နောက်ကျရတာလဲ'

'ကိစ္စလေးတွေ မပြတ်လို့ပါကွာ၊ စိတ်မဆိုးပါနဲ့၊ ဒီည ငါတိုက်ပါ့မယ်'

ဒိုမင်းနစ်က စားပွဲထိုးကို လှမ်းခေါ်ပြီး ဝီစကီနှင့်ဆိုဒါ ထပ် မှာလိုက်သည်။





နှစ်ယောက်သား ဖန်ခွက်ကိုယ်စီကိုင်ပြီး တစ်ယောက်ကို တစ် ယောက် ကြည့်နေကြ၏။ ဒိုမင်းနစ်က စပြီး

'ကဲ. . . ပြောလေကွာ'

'ငါ့မှာ ပြဿနာပေါ်နေတယ် သူငယ်ချင်း'

မာတင့် မျက်လုံးထဲမှ သောကရိပ်ကို ဒိုမင်းနစ် မြင်နေရ၏။ စကားဝိုင်း ရွှင်သွားအောင် အရွှန်းဖောက်လိုက်သည်။

'မင်းကလဲကွာ၊ ဂျင်နီနဲ့ ခဏလေးတောင် မခွဲနိုင်ဘူးလား'

မာတင်က ဝီစကီကို ခပ်များများ မော့လိုက်ပြီး

'ပြဿနာက အဲဒါ မဟုတ်ဘူး'

'ဒါဖြင့် ဘာလဲ'

'ငါသူ့ကို ချစ်နေပြီ ဒိုမင်းနစ်'

ဒိုမင်းနစ် ခေါင်းညိတ်သည်။

'အင်း. . . အဲဒါဆိုရင်တော့ မင်းပြောတဲ့ ပြဿနာမသေးဘူး'

'ငါတော့ ဘာလုပ်ရမှန်း မသိအောင် ဦးနှောက်ခြောက်နေတယ်၊ ခပ်ပေါ့ပေါ့တွဲတဲ့ သဘောမျိုးဆိုရင် အကြောင်းမဟုတ်ဘူး သူငယ်ချင်း၊ ခုတော့ သိပ်လေးနက်နေပြီ၊ ပိုဆိုးတာက သူကလဲ ငါ့ ကို ချစ်နေတယ်ကွာ၊ ငါ သူ့ကို မထိခိုက်စေချင်ဘူးကွာ၊ လက်ထပ်ဖို့ကလဲ မလွယ်ဘူး၊ ငါ ဘာလုပ်ရမလဲဟင်'

ဒိုမင်းနစ်ပါ မျက်နှာ ပျက်သွားသည်။ ငါ ဆတ်ဆော့လို့ ဖြစ်ရ တာဆိုပြီး စိတ်မကောင်းလည်း ဖြစ်သွား၏။

'အင်း. . . ချစ်မိပြီဆိုရင်တော့ လွယ်မှာ မဟုတ်တော့ပါ ဘူးကွာ၊ ရပ်တန်းက ရပ်ပစ်လိုက်ဖို့ပဲ ရှိတာပေါ့'

'သူ့ကို ငါဘယ်လောက်အထိ ချစ်နေမိတယ်ဆိုတာ မင်းမ သိပါဘူး ဒိုမင်းနစ်၊ ငါဘယ်လိုလုပ်ပြီး ပြောထွက်မှာလဲကွာ'

မာတင် အခန်းပြန်ရောက်တော့ တစ်နာရီခွဲပြီ။ မနက်မိုးလင်း တော့ ခေါင်းတွေ အုံ့ခဲနေသည်။ နေ့လည်ပိုင်းတွင် နှစ်ယောက် သားသွား ခဲ့သည့် နေရာများသို့သွားရင်း အချိန်ဖြုန်းနေမိ၏။ မိုး စုပ်စုပ်ချုပ်မှ စိတ်ပျက်လက်ပျက်နှင့် အိမ်ပြန်သည်။ အပြန်တွင် သူနှင့်အတူစားခဲ့သည့် တရုတ်ဆိုင်တွင် တစ်ယောက်တည်း ညစာ ဝင်စားသည်။ ဘာမှ အရသာ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့။ အခန်းပြန်ရောက်တော့ အရက်ပြင်းပြင်းတစ်ခွက်ထည့်ပြီး သောက် မိပြန်သည်။

ဘုရားသခင်. . . ဘုရားသခင်. . . ဂျင်နီနှင့် ခွဲဖို့ အရေးက ဖြစ် နိုင်ပါမည်လား။ မူးအောင် သောက်ပစ်လိုက်မိပြန်သည်။ ပုလင်း တစ်ဝက် ကုန်သွားတော့ ဧည့်ခန်းထဲမှ ဆိုဖာပေါ်တွင်ပင် အိပ်ပျော် သွားသည်။

တနင်္ဂနွေနေ့ မွန်းတည့်ချိန်အထိ မနိုးသေး။ နိုးလာတော့ ခေါင်းကြီးမှာ ဘောလုံးကြီးလောက်ဖြစ်နေသည် ထင်၏။ တစ်ကိုယ်လုံးရှိ ကြွက်သားမှန်သမျှ ကိုက်ခဲနေသည်။ ဘယ်တုန်းကမှ ဒီလောက် အရက်နာ မကျဖူးခဲ့။ ရေချိုးခန်းမှန်ထဲတွင် ကိုယ့်ကိုကိုယ် မြင်ရ သည်။ လူရုပ်မပေါ် တော့အောင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ သည်အတိုင်း အပြင်ထွက် လို့တော့ မဖြစ်။ ဆေးစင်ပေါ်မှ ခေါင်း ကိုက်ပျောက်ဆေးပုလင်း လှမ်းယူ လိုက်သည်။ ညနေခြောက်နာရီခွဲ တွင် ဂျင်နီ့ကို လေယာဉ်ကွင်းတွင် ကြိုရဦး မည် မဟုတ်လား။

ကော်ဖီတစ်ခွက်ဖျော်ပြီး ဧည့်ခန်းထဲ ယူလာသည်။ အခန်းမှာ ရှုပ်ပွနေ၏။ အခင်းကော်ဇောပေါ်တွင် ရောမအကွက်ကြီးတစ်ခု။ ညက ဖန်ခွက်ထဲမှ လက်ကျန်ဖိတ်ကျခြင်း ဖြစ်မည်။ ဆေးလိပ်ပြာခွက်တွင် စီးကရက်အစီခံတွေ ပြည့်လျှံနေ၏။ ကံကြီး၍ အခန်းမီးမလောင်ခြင်း ဖြစ်၏။ အမူးလွန်နေချိန်တွင် ဆေးလိပ်မသောက်သင့် ဟု စဉ်းစားလိုက်မိ၏။ တစ်ဆက်တည်း ဘာသာမတူသည့် မိန်းကလေးတစ်ယောက်ကိုလည်း မချစ် သင့်ဟု ကောက်ချက်ချလိုက်သည်။

လေယာဉ်ကွင်းသို့ အသွားတွင် ကားမောင်းရင်း ဘယ်က ဘယ်လို စပြောရပါမည်လည်းဟု အမျိုးမျိုးစဉ်းစားလာ၏။ သို့သော် အဖြေကိုကား မရ။ သည်အတိုင်း ဆက်သွားနေလို့ မရ ဘူးလား။ သူကလေး ကို အတတ် နိုင်ဆုံး အလိုလိုက် အကြိုက်ဆောင် မည်၊ လိုတာ ရစေမည်။ လက်မထပ်ခင် အတူနေခြင်းသည် ဂျင်နီ့ ဘာသာတရားအရ ပြစ်မှုကျူးလွန်ခြင်းပင် ဖြစ်၏။ ဝိညာဉ်ကို ညစ် နွမ်းစေ၏။

သည်တော့. . . သည်ထက် မငြိတွယ်ကြခင် ဇာတ်သိမ်း ကြရင် မသင့်ပါလား။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မိမိရော ဂျင်နီပါ အိမ်ထောင် ရက်သား ကျကြမည်။ သားသမီးတွေ ပွားစည်းကြမည်။ ဂျင်နီ လေယာဉ်ပေါ်





က ဆင်းလာသည်ကို မြင်လိုက်ရသည် နှင့် သူကလေးနှင့် လမ်းခွဲရမည့် အဖြစ်သည် အသည်းကွဲရမည့် အဖြစ်ဟု နားလည်လိုက်၏။ ကားပေါ်တွင် ယှဉ်ထိုင်နေရင်း တစ်ခု ခုတော့ ဖြစ်နေပြီဟု ဂျင်နီ သိလိုက်၏။ သို့သော် မမေးရဲသေး။ သူ့ အခန်းထဲပြန်ရောက်တော့ ဆေးလိပ်ပြာခွက်ရှင်းနေသည့် ဂျင်နီ့ကို တွေ့ရ၏။ သူ့ကို ပြုံးကြည့်ပြီး

'အစ်ကို့မှာ အဲဒီတစ်ခုပဲ လိုနေတာ၊ လုံးဝသေသေသပ်သပ် မနေ တတ်ဘူး'

မာတင်က ဂျင်နီကို ပြန်ကြည့်လိုက်သည်။

'ကိုယ်သိပါတယ်ကွာ၊ တစ်ခြားအကျင့်ဆိုးတွေ အများကြီး ရှိသေး တယ်၊ မင်းမသိသေးလို့'

သူပြောပုံက တစ်မျိုးပဲဟု ဂျင်နီ ထင်လိုက်၏။ အသံက ခြောက် ကပ်ကပ်။ သတင်းစာကို ကောက်ယူပြီး

'ဂျင်နီတော့ ရှန်ပိန်ပဲ သောက်မယ်နော်'

မာတင်က ရှန်ပိန်ခွက်ကို ကမ်းပေးရင်း မျက်နှာချင်း ဆိုင်ထိုင်သည်။

'ဂျင်နီ့ကို အစ်ကို အောက်မေ့ရဲ့လားဟင်'

'အရမ်းအောက်မေ့တာပေါ့၊ ဘယ်တုန်းကမှ ဒီလောက်မခံ စားခဲ့ ဖူးဘူး'

ဂျင်နီ ရုတ်တရက် နားမလည်နိုင်အောင်ဖြစ်သွားသည်။

'ဒါပေမယ့် အစ်ကို့ကြည့်ရတာ ဂျင်နီ ပြန်ရောက်လာလို့ ဘာမှ မထူးခြားသလိုပဲ၊ မပျော်ဘူးလားဟင်၊ အစ်ကို ဘာဖြစ်နေတာလဲ. . .'

မာတင် သူ့မျက်နှာလှလှလေးကို ငေးကြည့်နေသည်။ ပြောရမည့် စကားလုံးတွေအတွက် ကိုယ့်ကိုကိုယ် ရွံရှာ မုန်းတီးလျက်ရှိ၏။

'ကိုယ် ဘယ်ကစပြောရမှန်း မသိအောင်ပဲ ဂျင်နီရယ်၊ မင်း ကို အစ်ကို စိတ်မဆင်းရဲစေချင်ဘူး၊ အဲဒါ ဘုရားသခင် သိပါတယ်၊ ကိုယ်တို့ဘဝ ခရီးမှာ လက်တွဲနိုင်မယ်လို့ထင်ခဲ့တာ ကိုယ်မှားတယ် ဂျင်နီ၊ မင်းကို ကိုယ်နှစ် နှစ်ကာကာချစ်မိတာကြောင့် တစ်မျိုးတစ်မည် ဖြစ်ကုန်တာပဲ၊ ကိုယ်မင်းကို တကယ်လက်ထပ်ချင်တယ်ဂျင်နီ။ ဒါပေ မယ့် လက်တွေ့ကျတော့ ဖြစ်မှာ မဟုတ်ဘူး၊ တို့နှစ် ယောက်ရဲ့ အချစ်ဇာတ်လမ်းနိဂုံးကို လွန်ခဲ့တဲ့နှစ်ပေါင်း သုံးထောင် ကတည်းက ဂျေရုဆလင်မှာ ရေးခဲ့တာ ဂျင်နီ၊ ကိုယ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဂျူးလူမျိုး တစ်ယောက် ပဲ၊ ဒါကို ဘာနဲ့မှ ပြုပြင်ပြောင်းလဲလို့ မရဘူး၊ ကိုယ့်ဘာသာကို ကိုယ် မစွန့်နိုင်ဘူး ဂျင်နီ၊ ကိုယ့်မိဘကိုလည်း ကိုယ်မပြတ်နိုင်ဘူး၊ ကိုယ်တို့ နှစ်ယောက် အတူတူနေဖြစ်ကြရင် မင်းကိုယ့်ကို မုန်းစရာတွေတွေ့လာမှာပဲ ဂျင်နီ'

ဂျင်နီကျောက်ဆစ်ရုပ်လို အတောင့်သား ထိုင်နေသည်။ အထိတ်တလန့်လည်း ဖြစ်နေ၏။ သောကြာနေ့ လူချင်းမခွဲခင်တုန်း က တစ်မျိုး၊ လမ်းခွဲဖို့အကြောင်း လုံးဝလေသံမဟ။ မျက်ရည်တွေ တွေတွေကျလာပြီး

'ဂျင်နီ ဘယ်လိုနားလည်ရမှာလဲ အစ်ကို၊ မသွားခင်ကနဲ့ ပြန်လာတဲ့အချိန်ကြားမှာ ဘာတွေ ခြားနားသွားတာလဲ အစ်ကိုရယ်'

'မင်းကို အစ်ကို သိပ်အောက်မေ့တယ် ဂျင်နီ၊ ဒီတော့မှ မင်းကို ဘယ်ရွေ့ဘယ်မျှ ချစ်နေမိမှန်း သိလာတယ်၊ မင်းနဲ့ကိုယ် ဇာတ်လမ်းဘယ်လောက်လေးနက်လာမှန်း သိလာတယ်၊ အစ်ကို ပြောတာ ယုံပါ ဂျင်နီ၊ အစ်ကို့ကို ရက်စက်တယ် မထင်ပါနဲ့၊ မင်း နစ်နာမှာ တွေးပြီး. . .'

'ကျေးဇူးတင်ပါတယ် အစ်ကို'

ဂျင်နီ ငိုသံဖြင့် ဆက်ပြောသည်။

'သိပ်ရယ်စရာကောင်းတယ်၊ ဂျင်နီက ဘာသာရေးအဆုံး အမတွေကို ဘေးချိတ်ပြီး အစ်ကို့ကို ချစ်နေရတယ်၊ အစ်ကို့ဘက် ကျတော့ . . . အစ်ကို့ဘက်ကျတော့. . . နေပါဦး. . . အစက ဘာလို့ အဲဒီလို ကြိုမတွေးမိတာလဲ၊ အိပ်ဖော် အိပ်ဖက်လောက်ပဲ သဘော ထားလို့ပေါ့ ဟုတ်လား၊ မုန်းတယ် ရှင့်ကို ကျွန်မမုန်းတယ်'

သွေးရူးသွေးတန်းဖြစ်လာသလို ဂျင်နီက တအားကုန်းအော်ပြီး ကုတ်အင်္ကျီကို ကောက်ကိုင်ကာ အခန်းထဲမှ ပြေးထွက်သွားသည်။ ဂျင်နီ့စကားလုံးများကြောင့် မာတင် တစ်ယောက်အကြောင်သား ကြက်သေသေကျွန်ရစ်သည်။ အတန်ကြာမှ သတိဝင်လာပြီး ဓာတ်လှေကားဆီသို့ ပြေးလိုက်သွားသည်။ မမီလိုက်တော့။ တက်စီ စောင့်နေတုန်း မီဦးမည်ထင်၍ အခြားဓာတ်လှေကားဆီပြေးသွားပြီး အောက်ထပ်ဆင်းသည်။ လမ်းပေါ်ပြေးထွက်ပြီး ရှာသည်။ ဂျင်နီ့ ကို အရိပ်အယောက်မျှ မတွေ့ရတော့၊ လမ်းထိပ်အထိပြေးသွားပြီး ဝဲယာကို ကြည့်သည်။ မတွေ့။ တက်စီတစ်စီးလှမ်းတားပြီး ဂျင်နီ့ အခန်းသို့ လိုက်သွားသည်။ ရောက်တော့ ဆယ်နာရီ ထိုးနေပြီ။





အပေါ်ထပ် ပြေးတက်ပြီး လူခေါ်ခလုပ်ကို အကြိမ်ကြိမ်နှိပ်သည်။ ပြန်မထူးတော့ ဘဲခါးကို တအားထုသည်။

'ဂျင်နီ ဖွင့်ပေးစမ်းပါ၊ အစ်ကို ရှင်းပြပါရစေဦး'

အတွင်းမှ ဘာသံမျှ မကြားရ။ နောက်ထပ်အော်ခေါ်ပြန်သည်။ ဤတွင် အိမ်ရှင်အမျိုးသမီးကြီးထွက်လာပြီး ဟောက်တော့သည်။

'ဟေ့. . . သူငယ်၊ မင်းဘယ်လိုလူစားလဲ၊ ဘာကိစ္စ ဒါလောက်ဆူနေရတာလဲကွယ့်'

'အဒေါ်ရယ်၊ တဆိတ်ကူညီပါခင်ဗျာ၊ မစွက်မက်ကွိုင်း နေမကောင်းပါဘူး'

အဒေါ်ကြီးက ခေါင်းမာမြဲ မာနေ၍ ဆယ်ဒေါ်လာတန် တစ်ရွက်ထုတ်ပေးလိုက်သည်။ သည်တော့ ခဏစဉ်းစားဟန်ပြုပြီး သော့တုဖြင့် ဂျင်နီ့အခန်းကို ဖွင့်ပေးသည်။

ဘုရားသခင်. . ဘုရားသခင်. . သူအခန်းကိုလည်း ပြန်မရောက်လာပါလား။

မာတင် အကြီးအကျယ် စိတ်ပူသွားသည်။ အခန်းသို့ ပြန်လာခဲ့ပြီး ဂျင်နီ့ဆီ ဆယ်မိနစ် တစ်ကြိမ် ဖုန်းဆက်သည်။ မနက် သုံးနာရီထိုးသွားသည်။ ဂျင်နီ သူ့အခန်းသို့ ပြန်မရောက်သေး။ မာတင် ဆောက်တည်ရာမရတော့။

သူ့ဆီလိုက်လာမည်ဟု မုချတွက်ပြီး တမင်ရှောင်နေခြင်းဖြစ်မည်။ ဒါဆို သူသွားစရာ တခြားဘယ်နေရာ ရှိနိုင်မလဲ။ ဟိုတယ် တစ်ခုခုမှာဝင်ပြီး ခိုနေမည်လား။

တယ်လီဖုန်းစာအုပ်ကို ဖွင့်ပြီး ဖြစ်နိုင်မည်ထင်သည့် ဟိုတယ်တွေကို ဆက်သည်။ ပလာဇာ၊ စိန့်ရစ်ဂျစ်၊ ဝါလ်ဒေါ့ဖ်၊ ဘယ် ဟိုတယ်တွင်မှ ဂျင်နီမက်ကွိုင်းဟူသည့်နာမည် မေးလို့မရ။ ပင်ပန်း လှပြီ။ နယူးယောက်တွင် ဟိုတယ်တွေ သိန်းနှင့်ချီရှိသည်။ စိတ်လျှော့ လိုက်၏။

ခုတင်ပေါ်တွင် ခေါင်းငိုက်စိုက်ချပြီး ထိုင်လိုက်၏။ အလေးတကြီးပြောမိသည့် မိမိအပြစ်ကို တွေးမိပြီး ယူကျုံးမရဖြစ်နေသည်။ စိတ်ပူလည်း မဆုံးတော့။ အပြင်တွင် ရေခဲလောက်အောင်အေးနေသည်၊ ထိခိုက်အနာတရဖြစ်မှဖြင့်. . . .



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်စရာ နှစ်နေရာပဲ ကျန်တော့သည်။ ရဲဌာနနှင့် ဆေးရုံ။ နှစ်နေရာစလုံးမှာ ဂျင်နီမက်ကွိုင်းရောက်မလာကြောင်း သတင်းရတော့ ပိုပြီး အထိတ်တလန့်ဖြစ်ရပြန်သည်။ ဂျင်နီ့အိမ်ရှင် အဒေါ်ကြီးဆီ ဆက်ကြည့်ပြန်သည်။ ဂျင်နီ ယခုထိ သူ့အခန်းသို့ပြန် မရောက်သေး။ နှင်းကာ အင်္ကျီကို ကောက်ဝတ်ပြီး အခန်းထဲမှ ပြေး ထွက်ခဲ့သည်။

♠ ♠ ♠

မာတင့် အခန်းမှထွက်လာပြီး တစ်လမ်းဝင် တစ်လမ်း ထွက် ဂျင်နီ ရွတ်ပြေးချလာခဲ့သည်။ မျက်ရည်တွေ ပြည့်နေသည့် မျက်လုံးများက ဘာကိုမျှ သဲသဲကွဲကွဲ မမြင်။

ကုတ်အင်္ကျီမှာအအေးဓာတ်ကို ကာကွယ်နိုင်စွမ်းမရှိ။ ညဥ့်လေမှာ အရိုးစိမ့်အောင် အေးနေချိန်။ သို့သော် ဘာကိုမှ သတိမထား မိ။ ဆက်ပြေးနေဖို့မှအပ ဘာမှမသိ။ သူနှင့်ဝေးရာ၊ သူ့အခန်းနှင့် ပို၍ ဝေးသော နေရာဆီကိုလေ။

အမောလွန်လာပြီး ရှေ့ဆက်မလှမ်းနိုင်တော့မှ အမှောင်ရိပ်ကျကျ အဆောက်အအုံတစ်ခု၏ နံဘေးတွင် ဝင်ခိုနေလိုက်သည်။ အေးစက်စက်အုတ်ခုံပေါ်တွင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။ မျက်ရည် အကျရပ်သွားပြီ။ ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားပြီဟူသည့် အသိကို ဝိုးတဝါး မြင်လိုက်၏။

အချစ်ကြောင့် သတ္တိရှိလာလိမ့်မည်။ သူ့ဘာသာ အယူ ဝါဒကို ဆန့်ကျင်ပြီး မိမိနှင့် လက်ထပ်မည်ဟု မိုက်မှားစွာယုံကြည် ခဲ့မိခြင်းပါလား။ သူ့ကို ဘာသာတရားကိုင်းရှိုင်းသူဟူ၍ လုံးဝမထင် မှတ်ခဲ့။ မိမိက ဝတ်မပျက် ဘုရားရှိခိုးကျောင်း သွားကြောင်းပြောတုန်း က သူတအံ့တသြ ဖြစ်ခဲ့သေးသည်။ တစ်သက်နှင့်တစ်ကိုယ် မပျက် ကွက်ခဲ့သည့် ဘာသာရေးဝတ္တရားများ သူ့ကို ချစ်လွန်းလို့ ပျက်ကွက် ခဲ့ရ၏။ သူနှင့်သာဆိုလျှင် အရာတိုင်းကို စွန့်လွှတ်ရဲပြီလို့ ကိုယ့်ကို ကိုယ် ယုံကြည်ခဲ့ခြင်းကြောင့် ဖြစ်သည်။

သည်လို ဇာတ်သိမ်းလိမ့်မယ်လို့ ဘာကြောင့်များ ကြိုမတွေးခဲ့မိပါလိမ့်။ ဘယ်သူမပြုမိမိမှုပေပဲဟု စိတ်နှလုံးတုံးတုံး ချလိုက်သည်။ သူ့ကို





ချစ်လွန်း၍ မိုးမမြင်လေမမြင်ဖြစ်ကာ ဆင်ခြင်တုံတရားများ အားနည်းခဲ့ရခြင်း။ မျက်စိကို နာနာမှိတ်လိုက်သည်။ ကမ္ဘာလောက ကြီးတစ်ခုလုံးနှင့် တံခါးပိတ်ထားလိုက်ချင်၏။ ရင်ထဲမှ တလှပ်လှပ် ဖြစ်လာသည်။ မျက်စိတွေ ဝေးလံလာသည်။ အိပ်ပျော်သွားလေ မည်လား။ မနိုးသောအိပ်ခြင်းမျိုးပင် ဖြစ်လိုက်ပါတော့။

ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မသိ။ ခွေးနှစ်ကောင် အနားရောက်လာပြီး စားကြွင်းစားကျန်ဘူးများကို လုတော့မှ လန့်နိုးလာသည်။ အားယူပြီး ထရပ်သည်။ လူသူကင်းမဲ့နေ သည့် လမ်းထဲတွင် ဒယီးဒယိုင်ဖြင့် တစ်ယောက်တည်းလျှောက်သွားသည်။ တက်စီတစ်စီး လာနေသည်ကို လက်တစ်ဖက် အနိုင်နိုင် မြှောက်ပြီး တားလိုက်မိကြောင်း သတိရ၏။ အခန်းကို ဘယ်လိုပြန် ရောက်လာသည်ကိုတော့ ဝိုးတဝါးမျှသာ မှတ်မိသည်။ အိပ်ရာပေါ်တွင် စောင်ဘယ်နှစ်ထပ် လွှမ်းလွှမ်းနွေးမလာတော့။ မကြာမီ လောကကြီး တစ်ခုလုံး အမှောင်ဖုံးသွားတော့၏။

နာရီများစွာ ကြာသွားပြီထင်၏။ နိုးလာတော့ မျက်လုံးဖွင့်ကြည့်လိုက်သည်။ အားလုံးအဖြူရောင် လွှမ်းလို့ပါလား။ ဘုရားသခင် . . . ဘုရားသခင် အခန်းကို ပြန်မရောက်သေးဘူး ထင်ပါရဲ့။ အပြင်မှာတင်ပဲလား၊ ဘယ်မှာဖြစ်ဖြစ် ဂရုမစိုက်ချင်တော့။ လောလောဆယ်တော့ အိပ်ပစ်လိုက်ဖို့ပဲ အားသန်နေသည်။

အသံတစ်သံကြားနေရသလိုပဲ။ အဖေ့အသံများလား. . . အို မဖြစ်နိုင်ပါဘူး၊ အဖေက မိမိကို အပြီးအပိုင် စွန့်ပစ်ခဲ့ပြီပဲ၊ ချစ်သူက စွန့်ပစ်သွားသလိုပေါ့၊ အသံကို ဆက်ကြားနေရ၏။ အစ်ကို မဟုတ်တာတော့ သေချာသည်။ အစ်ကိုက တကယ့်တကယ် ရှိမှ မရှိတော့တာ။ သတိရစရာ အာရုံရိပ်တစ်ခုအဖြစ်ပဲ ကျန်တော့မှာပေါ့ နော်။ သူ့ရုပ်ပုံလွှာကို ကြိုးစားမေ့ဖျောက်ရင်း နက်ရှိုင်းစွာ အိပ် ပျော်သွားပြန်သည်။

မာတင်က ဆေးရုံဧည့်ခန်းဆီသို့ ပြန်လျှောက်လာသည်။ သူနှင့်ဒိမင်းနစ်တို့ နှစ်ယောက်စလုံး သည်နေရာတွင် စောင့်နေသည် မှာ နှစ်ရက်တိုင်တိုင် ရှိခဲ့ပြီ။ သူငယ်ချင်းဖြစ်သူ၏ သောကမျက်နှာ ကို ကြည့်ပြီးဒိမင်းနစ်တစ်ယောက် စိတ်ထိခိုက်နေသည်။ သို့သော် ဘယ်လိုဘယ်ပုံ ဖြေရှင်းပေးရမှန်းလည်း မသိဖြစ်နေ၏။ ဂျင်နီနှင့် မာတင်တို့၏ အချစ်လမ်းခရီး



www.burmeseclassic.com

www.burmeseclassic.com



ခြောင့်ဖြူအောင် ဒိုမင်းနစ် နည်းလမ်း အမျိုးမျိုးရှာကြံနေသည်။ သူတို့ နှစ်ယောက်ကို ကာကွယ်ပေးဖို့ ဆန္ဒ တွေ ရင်ထဲတွင် လှိုင်းထနေ၏။

တနင်္လာနေ့က သူ့အခန်းသို့ အထိတ်တလန့်ရောက်လာပြီး အဖြစ်အပျက်ကို ပြောပြသည်။

'သူငယ်ချင်း ကော်ဖီသောက်လိုက်ဦးကွာ၊ ကိုယ်ဖျော်ယူခဲ့မယ်'

ကော်ဖီပန်းကန်ကို လှမ်းယူသည့် မာတင့်လက်တွေတုန်နေသည်။

'မင်း ဘယ်လိုထင်လဲဟင်၊ သူဘယ်လိုဖြစ်သွားနိုင်လဲ'

'ဘုရားသခင်မှပဲ သိမယ် သူငယ်ချင်း'

မာတင်က စိတ်ပျက်လက်ပျက်လေသံဖြင့်

'ငါတော့ သိပ်စိတ်ဓာတ်ကျတာပဲကွာ၊ လမ်းတကာလဲ ငါ နှံ့နေပြီ၊ မတွေ့နိုင်မှန်း သိလျက်နဲ့ ငါလျှောက်သွားနေတာ၊ နောက်ဆုံးမှ ကြံရာမရ ဖြစ်ပြီး ရဲတိုင်ခဲ့တယ်၊ ငါအခု ဘာဆက်လုပ်ရမှန်း မသိ တော့ဘူး ဒိုမင်းနစ်'

'ဆက်ကြိုးစားပေါ့ကွာ၊ အိမ်ရှင်အဘွားကြီးဆီကို တစ်နာရီ တစ်ခါ လောက်ဖုန်းဆက်နေမယ်'

မာတင်ဘာမှ မပြောတော့ဘဲ မျက်နှာကျက်ကို မော်ကြည့်နေသည်။

'ငါ့ကိုက အသုံးမကျပါဘူးကွာ၊ ငါ့ဘဝမှာ အချစ်ဆုံးကို တွေ့ လျက်သားနဲ့ မနီးစပ်အောင်လုပ်ပစ်မိတာ'

'အေးပေါ့ကွာ၊ သူ့အပေါ်မှာထားတဲ့ မင်းရဲ့မေတ္တာအတိမ်အနက် ကို သိရတာပေါ့၊ အဲဒါ မင်းအတွက် သင်ခန်းစာပဲ မာတင်'

'သူနဲ့ ပြန်မတွေ့ရတော့ဘူးဆိုရင်လဲ အဲဒီသင်ခန်းစာက ဘာလုပ် တော့မှာလဲကွာ'

နှစ်ယောက်သား ငြိမ်သွားကြပြန်သည်။ မာတင် ရောက်လာက တည်းက တစ်ခုခုစားဖို့ ဒိုမင်းနစ် တိုက်တွန်းသည်။ ဘယ်လို မှကျွေးလို့မရ။ နာရီတိုင်း ဂျင်နီ့အိမ်ရှင်အဒေါ်ကြီး မစ္စက်ဘာလွန်း ဆီကို တစ်ယောက်တလဲ ဆက်နေသည်။ နှစ်ရက်စလုံး ရှုံ့မတက်ဘဲ နေ့အားယူထားကြသည်။ ညနေ လေးနာရီလောက်ကျမှ မင်္ဂလာသတင်းကြားရသည်။ ဂျင်နီပြန်ရောက် နေပြီထင်ကြောင်း မစ္စက်ဘာလွန်းထံမှ သတင်းရသည်။

သူတို့နှစ်ယောက်ရောက်သွားတော့ ဂျင်နီ သတိလစ်နေသည်။ တစ်ကိုယ်လုံးရေခဲတုံးလို အေးစက်နေ၏။ ဒိုမင်းနစ် ဆေးရုံကား ပြေးခေါ်





ခနဘာန်း မာတင် တစ်ယောက်တည်း အခန်းထဲတွင် ကျန်ရစ်သည်။ ခုတင် ပေါင်တွင် ထိုင်ပြီး ဂျင်နီ့လက်ခုတွေကို ဆုပ်နယ် ပေးနေသည်။ ဆေးရုံပို့ပြီး တော့လည်း နှစ်ရက်လုံးလုံး သတိမလည်သေး။ မာတင့်ကို ပြန်နားဖို့ ပြောလို့ မရ။ နှစ်ရက်လုံးလုံး တစ်ရေးမှ မအိပ်ဘဲ စောင့်နေသည်။ ဗုဒ္ဓဟူးနေ့ကျမှ ဂျင်နီ အောက်ဆီဂျင်ပေါင်း ချောင်ထဲမှ ထွက်ရသည်။ သတိရစပြုသည်။

ဆရာဝန်က သတိရပြီဖြစ်ကြောင်း ထွက်ပြောတော့ မာတင်က ဒိုမင်းနစ်ကို အလျှင်ဝင်စေသည်။

'ငါ့ကို ခွင့်လွှတ်ဖို့ တောင်းပန်ပေးပါ သူငယ်ချင်း၊ တွေ့ပါရစေ လို့လဲ မင်းပြောပေးပါကွာ' ဟု မာတင်က မှာသည်။

ဒိုမင်းနစ်ကို မြင်တော့ ဂျင်နီက စနှုတ်ဆက်သည်။

'လာတာ ကျေးဇူးတင်ပါတယ် ဒိုမင်းနစ်၊ ဒီမှာဇရောက်နေတာ ဘယ်လိုလုပ်သိလဲဟင်'

'ဘယ်လိုသိရမလဲ၊ ကိုယ်က အလွှတ်စုံထောက်ပဲ၊ ဘာလို့ကျေးဇူး တင်စကားတွေ ပြောနေရတာလဲ ဂျင်နီရယ်၊ တို့တစ်တွေဟာ သူငယ်ချင်းတွေ မဟုတ်လားကွာ'

ဂျင်နီ မျက်ရည်လည်လာသည်။

'ဒိုမင်းနစ်ကို ဂျင်နီခင်ပါတယ်'

'ကိုယ်ကလဲ မင်းကို ချစ်ပါတယ် မိန်းကလေးရယ်၊ ဆရာဝန် တွေက ပြောတယ်၊ မင်း ကောင်းကောင်းနေကောင်းသွားပြီတဲ့၊ တစ်ရက် နှစ်ရက်အတွင်း အလျှင်အတိုင်း ပြန်ဖြစ်သွားမှာတဲ့'

ဒိုမင်းနစ်က ယုံယုံကြည်ကြည်ဖြင့် ပြောနေသည်။

'ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲဟင်'

'သုံးရက်ရှိပြီ ဂျင်နီ'

'ဂျင်နီလေ တစ်စစီဖြစ်သွားပြီ အောက်မေ့လိုက်တယ် ဒိုမင်းနစ်၊ သူ. . . သူ. . ဒီလိုပြောလာတော့လေ၊ အို. . . ဒိုမင်းနစ် ရယ် . . ဂျင်နီ သိပ်ညံ့တာပဲနော်၊ ဘဝကိုရင်ဆိုင်ရာမှာ သတ္တိသိပ် နည်းတာပဲ၊ ဘယ်တော့ မှားမှ ခံနိုင်ရည်ရှိတဲ့အရွယ်ကို ရောက်မလဲ မသိဘူး'

'အို. . . ရောက်မှာပေါ့ကွာ၊ ကဲ. . ခုတော့ မင်းသိပ်စကား မပြော နဲ့ဦး၊ ကိုယ့်ကို ပြောခွင့်ပေးပါဦးနော်၊ မင်း မာတင့်ကို မုန်းသေးပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီရဲ့၊ မင်းကို သူမတွေ့တွေ့အောင် လိုက်ရှာတာဗျ၊ မင်းကို ပို့တဲ့ ဆေးရုံကားနဲ့ သူပါလာတာ၊ ခုထိ ဆေးရုံက မပြန်သေးဘူး၊ မင်းကို သူ အရူးအမူး ချစ်နေတာ ဂျင်နီ'

ဂျင်နီက ဒိုမင်းနစ်ကို အကြာကြီး စိုက်ကြည့်နေသည်။

'ချစ်ရင် ဘာလို့ ချစ်သူကို မောင်းထုတ်ပစ်မလဲ ဒိုမင်းနစ်ရယ်'

'ဒီမယ်ဂျင်နီ၊ တနလ်ာနေ့ မနက်မှာ မင်းသူ့ကို မြင်ရင် ဒီလိုပြောရက်မှာ မဟုတ်ဘူး၊ ကိုယ့်အခန်းကို သူရောက်လာတဲ့ပုံ ဟာ တကယ့်အရူး တစ်ယောက်လိုပဲ၊ သူ့ကြောင့် မင်းဘယ်လောက် ထိခိုက်သွားပြီဆိုတာ သူသိတယ်လေ၊ မင်းကို သူသိပ်တွေ့ချင်နေရှာ ပြီဂျင်နီ၊ ကိုယ်အထဲခေါ် လိုက်မယ်နော်'

ဂျင်နီ တွေသွားသည်။ တွေ့သင့်ပါမည်လား၊ သူချစ်သည် ဆိုသည့် အချစ်မျိုးက သူ့ဘက်ကို အပွန်းမခံနိုင်သည့် အချစ်မျိုး။ မိမိကပင် ရယူလိုမှုတွေ များလွန်းနေခြင်းလား. . . .။

'သူ အပြင်မှာ စောင့်နေရှာတယ် ဂျင်နီရယ်၊ ကိုယ်သူ့ကို ဘယ်လို ပြောရမလဲဟင်'

'အဲ့ဒါကို ဂျင်နီ မဖြေခင် ဒိုမင်းနစ်ကို တစ်ခုမေးပါရစေဦး၊ သူက သူ့ဘာသာအယူဝါဒနဲ့ ဆန့်ကျင်ပြီး ဂျင်နီ့ကို လက်ထပ်နိုင်ပါ့ မလား'

ဒိုမင်းနစ် သေသေချာချာ စဉ်းစားပြီး ဖြေသည်။

'အချိန်ဟာ သိပ်အံ့ဩစရာကောင်းတယ် ဂျင်နီ၊ မင်းတို့နှစ်ယောက်စလုံး အချိန်ယူပြီး ဖြည်းဖြည်းချင်း ညှိယူရင် ဇာတ်သိမ်းခန်း ဟာ ပျော်စရာ ဖြစ်လာမှာပဲ၊ အဲဒီအခွင့်အရေးကို အသုံးချပါ ဂျင်နီ၊ မာတင် မင်းကို လှိုက်လှိုက်လှဲလှဲ ချစ်တယ်ဆိုတာ မင်းယုံပါ၊ ကဲ. . . ကိုယ် သူ့ကို ဘာပြောလိုက်ရမလဲ'

'ဝင်ခဲ့ပါစေလေ'

မာတင် အခန်းထဲ ဝင်လာသည်။ ခုတင်နံဘေးတွင် ဝင်ထိုင်သည်။ သူ့ရုပ်သွင်ကို ကြည့်ပြီး ဂျင်နီ စိတ်မကောင်းဖြစ်သွားသည်။ အပြင်းအထန်စိတ်ထိခိုက်နေသည်ကတော့ သံသယဖြစ်စရာမလိုတော့။ ဩော် . . . သူလဲ ငါ့လိုပဲ ခံစားနေရတာပါလားဟု ဂျင်နီတွေးမိနေ၏။ သုံးရက် အတွင်း သူ့ရုပ်သွင်မှာ ပါးချောင်နားချောင်ကျသွားသည်။ နောက်ဆုံး သူတို





း စကားစသည်။

'ကိုယ် မင်းကို သိပ်ချစ်ပါတယ် ဂျင်နီရယ်၊ ကိုယ်ခုမှ ပို နားလည်ရပါတယ်၊ အဲဒီအတွက် ကိုယ်ဝမ်းနည်းလို့ မဆုံးသေးပါဘူး၊ တို့နှစ်ယောက်. . . .'

'ပြန်စဖို့လား၊ သိပ်မလွယ်တော့ဘူးထင်ပါတယ်၊ ဇာတ်လမ်းက ဆုံးနေပြီပဲ အစ်ကိုရယ်၊ ဘယ်ကိုမှ ဆက်သွားစရာ မရှိတော့ဘူး လေ၊ ဂျင်နီက ဒီအတိုင်းဆက်နေမသွားနိုင်ဘူး အစ်ကို၊ ဒုစရိုက်. .'

ဂျင်နီ ဆက်မပြောနိုင်ဘဲ ဆို့နေသည်။

'ဩော်. . . ဂျင်နီရယ်၊ အစ်ကို့ကြောင့် မင်းဘယ်လောက် ထိခိုက်နစ်နာရတယ်ဆိုတာ သိပါတယ်ကွာ၊ အစ်ကို့ကို နောက်တစ် ကြိမ်ကြိုးစားဖို့ အခွင့်အရေးပေးပါဦး'

ဂျင်နီ ပင်ပန်းလှပြီ။ ခေါင်းထဲ နောက်ကျူလာပြီး

'အဲဒီအကြောင်း ဂျင်နီနေကောင်းမှ ပြောပါရစေအစ်ကို၊ နှစ်ယောက်စလုံး စိတ်အေးအေးထားနိုင်တဲ့ အချိန်ကျမှ ဆွေးနွေးကြတာပေါ့၊ ခုအချိန်မှာ မပြောသင့်သေးဘူး ထင်ပါတယ်'

မာတင်က ဂျင်နီ့ကို ငုံ့နမ်းသည်။

'မင်းကို ကိုယ်သိပ်ချစ်တယ် ဂျင်နီ၊ ဒီစကားမျိုး မင်းကလွဲပြီး ဘယ်သူ့ကိုမှ မပြောခဲ့ဖူးဘူး၊ အဲဒါ မင်းမြဲမြဲမှတ်ထားပါနော်၊ ကိုယ်မျှော်လင့်နေပါရစေ ဂျင်နီရယ် နော်'

'ဂျင်နီ နားချင်ပြီ၊ နောက်မှ ပြောကြတာပေါ့နော်'

မာတင် ထွက်ခဲ့ရသည်။ ဒိုမင်းနစ်ကို တွေ့တွေ့ချင်း

'သူ ငါ့ကို သိပ်နာသွားပြီ ထင်ပါတယ်ကွာ၊ ငါ့ကို ခွင့်မလွှတ်တော့ဘူးထင်တယ် သူငယ်ချင်း'

'အဲဒီလို ပြောလို့လား'

'အဲ့ဒီလိုတော့ မပြောဘူးပေါ့ကွာ၊ ဒါပေမယ့်. . . .'

'ဒီမယ် မာတင်၊ ဂျင်နီဟာ သိပ်စိတ်ထိခိုက်သွားတယ်၊ ကြောက်လဲ ကြောက်သွားတယ်၊ မင်းကိုသူ တကယ်ချစ်ရင် တကယ်ယူချင်ရင် တိုက်ပွဲ ဝင်ရလိမ့်မယ်'

'ဘယ်လို တိုက်ပွဲဝင်ရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အချစ်အတွက် စွန့်စားရောရှိရင် စွန့်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်၊ မိုး မင်းချရလိမ့်မယ်၊ မျိုးရိုးဘာသာအတွက် အချစ်ကို စွန့်မလား၊ အချစ်၊ အတွက် မျိုးရိုးဘာသာ စွန့်မလား'

'မင်း ဆိုလိုတာက ငါတို့ဒီအတိုင်းနေသွားပြီး လက်ထပ် လိုက်ကြ ဖို့လား'

'ဒါပဲ၊ အဲဒါအသင့်တော်ဆုံးနဲ့ အရှင်းဆုံးပဲ'

မာတင် တံတွေးတစ်ချက် မျိုသည်။

'ဒုက္ခပါပဲကွာ၊ တို့မျိုးဆက်တစ်လျှောက်မှာ ဘာသာမတူတဲ့ အိမ်ထောင်ရေးလုံးဝမရှိခဲ့ဘူး၊ ငါ့မိဘတွေတော့ ရင်ကွဲကြမှာပဲ'

'မင်းကလဲ ဒီလောက်တွေးပူမနေစမ်းပါနဲ့၊ မင်းအဘိုးကြီးနဲ့ အဘွားကြီး စိတ်ဆိုးခဏပေါ့၊ မင်း နယူးယောက်ထွက်လာတုန်းကလဲ သူတို့ စိတ်ဆိုးကြတာပဲ၊ ပြီးတော့လဲ ပြီးသွားတာပဲ မဟုတ်လား၊ မင်း ဂျင်နီကို ဘယ်လောက်ချစ်တယ်ဆိုတာ သူတို့သိရင် နားလည်မှာပါကွာ၊ အရေးကြီးတာက မင်းပြတ်သားဖို့ပဲ'

'မင်းပြောတာ ဟုတ်ပါတယ် ဒိုမင်းနစ်၊ ဒါဆို ငါက ဘာသာပြောင်းရမှာပေါ့၊ တို့ကလေးတွေလဲ ဘရင်ဂျီဘာသာဝင်ကလေးတွေ ဖြစ်ရတော့မှာပေါ့ ဟုတ်လား'

နှစ်ယောက်သားဆေးရုံပေါ်မှ ဆင်းခဲ့ကြသည်။ မာတင့် စိတ်တွေလေးလံနေ၏။ အငိုလွယ်သလောက် အရှိုက်ခက်မည့် ဇာတ်လမ်းပါတကား။



# (၁၂)

တစ်နေ့တခြား ဂျင်နီ အားပြည့်လာသည်။ မာတင်က နေ့စဉ်ဆေးရုံတွင် သွားစောင့်ပေးသည်။ တစ်ခန်းလုံး ပန်းတွေနဲ့ ဝေနေအောင် မာတင် စီစဉ်ပေး၏။ အကောင်းဆုံး အစားအစာတွေကို ကျွေးသည်။ နေ့စဉ် သက်ဆောင်ပစ္စည်းတစ်မျိုးမျိုး ဝယ်လာပေးသည်။ ကစားစရာအရုပ်ကလေးများလည်း ပါ၏။ ဂျင်နီ မရယ်ဘဲ မနေနိုင်တော့။

အိပ်ရာပေါ်မှ ဆင်းနိုင်သည့်နေ့တွင် မာတင့်ကိုမှီပြီး ဝရန်တာတွင် သမ်းလျှောက်သည်။ တဖြည်းဖြည်း ဂျင်နီ၏ မူလပုံ ပြန်ပေါ်စ ပြုလာသည်။ အစီအစဉ်တွေချဖို့ အချိန်ရောက်ပြီဟု မာတင် နားလည်လိုက်၏။

'ဂျင်နီ ကိုယ်တို့အကြောင်း မင်းတစ်ခွန်းမှ မပြောဘူးနော်၊ အစ်ကိုကတော့ တစ်ချိန်လုံး ဒါပဲစဉ်းစားနေတယ်၊ တို့အတူတူ နေရအောင်နော်၊ ပြီးတော့မှ လက်ထပ်ဖို့ စီစဉ်ကြတာပေါ့'

ဂျင်နီက အင်တင်တင် အမူအရာဖြင့်

'ဖြစ်ပါ့မလား အစ်ကို၊ ဘာမှ မရှင်းရသေးဘူးလေ၊ အစ်ကို့ မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ခွင့်တောင်းပြီးပြီလား'

သူ ငြိမ်သွားသည်။ ဒါကပင် အဖြေဟူ၍ ဂျင်နီ နားလည်လိုက်၏။

'အဲဒါ အဓိကပြဿနာလေ အစ်ကို၊ ဂျင်နီ နေမကောင်းဖြစ်နေတုန်းမှာ စဉ်းစားချိန်တွေ အများကြီးရလိုက်တယ်၊ အစ်ကိုတို့ မိဘတွေက ဂျင်နီမက်ကွိုင်းဆိုတဲ့ ဘရင်ဂျီဘာသာဝင် ကောင်မလေးကို လက်မခံဘူးဆိုရင် အစ်ကို့ကို ဂျင်နီ လက်မထပ်နိုင်ဘူး အစ်ကို'

'အိုကွာ. . အဲဒီလို မပြောစမ်းပါနဲ့၊ သူတို့ မင်းကို ချစ်ကြမှာပါ၊ ဖြစ်ကိုဖြစ်ရမယ် ဂျင်နီ၊ အေး. . အချိန်တော့ ယူရမှာပေါ့လေ၊ အစ်ကို ပြောတာယုံပါ ဂျင်နီရယ်၊ အားလုံး အဆင်ပြေရပါစေ့မယ်ကွာ'

'ဟုတ်ပါ့မလား အစ်ကို၊ ဂျင်နီတော့ သိပ်မထင်ဘူး'

'အို. . . အစ်ကိုတော့ ယုံတယ်၊ မင်း မယုံရင် စောင့်ကြည့်'

မာတင် ဂျင်နီ့လက်ကလေးကို တယုတယကိုင်ပြီး

'အစ်ကို အခန်းတစ်ခန်းငှားလိုက်ပြီ သိလား၊ ဟိုပန်းခြံနားမှာ၊ ရှုခင်းသိပ်သာယာတာပဲ၊ ပရိဘောဂတွေလဲဝယ်ပြီးပြီ။ အမြန်ဆုံးပြင်ဆင်နေတယ်၊ သတို့သမီး နေမကောင်းလို့ ဆေးရုံတက်နေရာက ဆင်းတော့မယ်လို့ ပြောပြီး အလုပ်သမားတွေကို အလောတကြီး လုပ်ခိုင်းနေတယ်လေ၊ သူတို့တစ်တွေ အားသွန်ခွန်စိုက် လုပ်ကြပါတယ်၊ ဆေးသုတ်တဲ့လုပ်ငန်းလဲပြီးတော့မယ်၊ မင်း သဘောကျမှာပါ ဂျင်နီ'

မာတင်က ပြုံးပြီး ဆက်ပြောသည်။

'အစ်ကို့နောက်က လိုက်မသိမ်းရအောင် အချိန်ပိုင်းအိမ်ဖော် တစ်ယောက်ပါ ငှားလိုက်တယ်'

♠ ♠ ♠

ဆေးရုံမှ ဆင်းတော့ မာတင် ငှားထားသည့် အခန်းသစ်တွင် လိုက်နေဖို့ ဂျင်နီလက်ခံသည်။ နာလန်ထ ကာလအထိသာ နေမည်ဟူသည့် သဘောတူညီချက်ဖြင့်။ အခန်းပြန်လျှင်လည်း ပြုစုမည့်လူမှ မရှိတာ။ ဆေးရုံမှ ဆင်းခဲ့ရသော်လည်း ပုံမှန်အခြေအနေသို့ ပြန်ရောက်သေးသည်မဟုတ်။ အားနည်းနေဆဲ။ သည်တော့ သူ စီစဉ်သည့်အတိုင်း ခေါင်းညိတ်ရသည်ပေါ့။





ချစ်နေမိတာရယ်၊ မခွဲ ချင်တာရယ်လည်း ပါတာပေါ့လေ။

ဆေးရုံမှ အပြန်လမ်းတွင် နှစ်ယောက်စလုံး နှုတ်ဆိတ်နေကြ၏။ အခန်းကိုရောက်တော့ မာတင်ကြိုပြောထားသည့်အတိုင်း ဂျင်နီကြည်နူးနေသည်။ အခန်းတွေကလည်း အကျယ်ကြီးတွေ၊ ရှုခင်း တွေကလည်း လှမှလှ၊ ပြင်ဆင်ထားလိုက်သည်မှာ ဘာမျှ လိုလေသေးမရှိ။ သို့သော် အပြင်အဆင်မှာ ပျော့ပျော့ပြောင်းပြောင်း မရှိ၊ မာတောင့်တောင့်ကြီး ဖြစ်နေ၏။ မိန်းမသားတစ်ယောက်ယောက်၏ စိတ်ကူးမပါမှန်း သိသာလှသည်။ ဧည့်ခန်းနံရံကို အပြာရင့်ရောင် သုတ်ထားသည်၊ ပန်းပုရုပ်တွေက သားရဲတိရစ္ဆာန် တွေ၊ အညိုရောင် ကော်ဇောကြီးပေါ်တွင် ဓရာမမှန်ကော်ဖီစားပွဲကြီး၊ တစ်ဘက်ထိပ် တွင် သားရေကူရှင် ကုလားထိုင်တစ်လုံးစီ။

မာတင်က ရှန်ပိန်နှစ်ခွက် ကိုင်လာပြီး လသာဆောင်သို့ ထွက်ရင်း

'လာ. . . တို့ ဒီမှာ သောက်ကြရအောင်၊ တို့နှစ်ယောက်ရဲ့ အသစ်စတင်မှုအတွက်'

ဂျင်နီက သူ့မျက်လုံးတွေကို ရင်မဆိုင်ဘဲ ဖန်ခွက်ကို လှမ်းယူလိုက်သည်။

ပထမညတွင် အတူယှဉ်အိပ်ရင်း ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်လာသလို ကြည်နူးနေမိ၏။ အစ်ကိုက နမ်းရုံပဲနမ်းပြီး အိပ်ခိုင်းသည်၊ နားခိုင်းသည်လေ။ သည်လို ကျပြန်တော့လည်း တကယ့်အစ်ကိုကြီးတစ်ယောက်ကို အားကိုးရသလို အားကိုးမိပြန်၏။ နောက် နှစ်ပတ်လုံးလုံး သူက လုမမာပြုစုဘယ်လေ. . . လုံးဝကျန်းမာလာတဲ့ အထိပါပဲ။

သောကြာနေ့ တစ်နေ့တွင် သူ့ကို အံ့ဩစေချင်သဖြင့် အိမ်ဖော်ကို စောစောပြန်လွှတ်လိုက်သည်။ မီးဖိုချောင်သို့ ကိုယ်တိုင်ဝင်ပြီး ပြင်ဆင် ချက်ပြုတ်ထားသည်။ နောက်အပတ်ဆို အလုပ်ပြန်တက်ရတော့မည်၊ အချိန်ရတော့မည် မဟုတ်။

လူဝီစီးယားနား အစားအစာတွေကို စိတ်တိုင်းကျ လက်စွမ်းပြပြီး ဘစ်ယောက်တည်း သဘောကျနေသည်။ အားလုံးရေထွက် ပစ္စည်းချည်း။ ဒှပ်ပြုတ်ဟင်းချိုကအစ ငါးခေါင်းနှင့်။ ဂဏန်းပေါင်းမှာ တစ်ခန်းလုံးမွှေးကြိုင်နေသည်။ ခရုကိုမူ အာလူးနှင့်ရောကြော်သည်။ သီးနှံစုံပွဲမှာ အရောင်အသွေးပါ စုံနေ၏။ အဝါ၊ အစိမ်း၊ အနီ။ အချက်အပြုတ်သင်တန်းမှ ဆရာမများကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်းကိုင်ရင်း သတိရနေမိ၏။

မာတင်က မကြာမကြာ ဖုန်းဆက်သည်။ အိမ်အလုပ်တွေ ဘာမှ ဝင်မလုပ်ဖို့နှင့် နားနားနေနေနေဖို့ ပြောသည်။ သို့သော် မီးဖိုချောင်နှင့်နှစ်ပေါင်းများစွာ ကင်းဝေးနေသူမို့ ဂျင်နီပျော်နေသည်။ ပို၍အားရှိလာသည်ဟု ပင် ထင်နေသည်။

သူ ပြန်လာတော့ မောရပန်းရမှန်းမသိ ပြေးကြိုသည်။

'အလို. . . . . ဟင်းနံ့တွေကြိုင်လို့ပါလား'

မာတင့်က အနမ်းငယ်ဖြင့် နှုတ်ဆက်ရင်းပြောသည်။ ဂျင်နီက သူ့ကို တွဲခေါ်သွားပြီး

'တစ်ခုခုသောက်ကြရအောင်နော် အစ်ကို'

'ဟာ. . . သိပ်ကောင်းတာပေါ့'

'ဒီတစ်ခါ ဂျင်နီ စပ်ပေးမယ်နော်'

'ထိပ်ထားလေးရဲ့ သဘောအတိုင်းပါဗျာ'

ဒီည ထူးခြားပါတယ်ဟု မာတင် တွေးနေ၏။ မျက်နှာကလေးမှာ ပန်းနုရောင်ပြေးနေပြီး မြူးကြွနေဟန်။ ယမကာခွက်ကို ကမ်းပေးရင်း ချစ်သူနံဘေးတွင် ယှဉ်ထိုင်သည်။ သည်တော့မှ ထမင်းစားခန်းကို မာတင်လှမ်းကြည့်မိခြင်း ဖြစ်သည်။ ဟင်းလျာစုံ စားပွဲ၏ အလယ်တွင် နှင်းဆီပန်းအိုးနှင့် ပယင်းဖယောင်းတိုင် ကလပ်နှင့်။

'အိမ်ဖော်ကော'ဟု မေးတော့ ပြန်လွှတ်လိုက်ကြောင်းပြောရင်း ဂျင်နီ ကျေနပ်နေသည်။

'ဘာလို့ အပင်ပန်းခံရတာလဲကွယ်'

'မပင်ပန်းပါဘူး အစ်ကိုရဲ့၊ ဂျင်နီက အချက်အပြုတ် ဝါသနာပါတယ်လေ၊ တစ်ခါတလေ အလှကုန်လုပ်ငန်းမှာ မဝင်မိဘဲ ဟိုတယ်တစ်ခုခုမှာ ဝင်ဖြစ်ရင် ကောင်းမှာပဲလို့တောင် တွေးမိတယ်'

'မီးဖိုခန်းထဲမှာဆို ပျော်နေတာပဲလား၊ ဒါထက် ပျော်တဲ့အခန်း မရှိတော့ဘူးလား'

'အို အစ်ကိုကလဲ. . . မကောင်းဘူး၊ ဂျင်နီက အကောင်းပြောနေတာ'

သို့သော် ပြုံးပြုံးကလေး ပြန်ပြောခြင်းဖြစ်၍ မာတင်ကျေနပ်သွားသည်။





စားသောက်ပြီးစီးကြတော့ မှက်နှာချင်းဆိုင်ထိုင်ပြီး စားပွဲတစ်ဘက်မှ မာတင့်ကို ဂျင်နီ ငေးကြည့်နေလေသည်။ ဘယ်လောက်ချစ်ဖို့ကောင်းတဲ့ အစ်ကိုလဲ၊ နှုတ်မှ အလိုအလျောက်ထွက်သွားသည့် စကားလုံးများကို နားက ပြန်ကြားလိုက်၏။

'သိပ်ချစ်တယ် အစ်ကိုရယ်၊ အစ်ကိုဟာ ဂျင်နီ့အချစ်ဦးပါ ယုံနော်၊ အစ်ကို့ကို ဂျင်နီ လက်ထပ်ပါ့မယ်၊ တစ်သက်လုံး ချစ်မယ်နော်'

မာတင်က ချစ်သူကို ရင်ခွင်ထဲ ဆွဲယူထွေးပွေ့လိုက်သည်၊

ဩော်. . . ဂျင်နီရယ်၊ အစ်ကိုတို့ချစ်ခရီးက ကြမ်းတမ်းလိုက်တာနော်'

ရှေ့လျှောက် ချောချောမွေ့မွေ့ဖြစ်နိုင်ပါ့မလားဟု ဆက်မတွေးဘဲ မနေနိုင်။ ရင်ဆိုင်ရမည့်ပြဿနာက ပေါ့သေးသေးမဟုတ်ပါလား. . . စိုးရိမ်စိတ်ကို ခေါင်းထဲမှ မောင်းထုတ်ပစ်လိုက်သည်။ ပျော်စရာတဒင်္ဂကာလကလေး ပျက်စီးမသွားစေလိုပါ။ ထိုညတွင် တစ်ယောက်နှင့်တစ်ယောက်ပို၍ နားလည်လာကြသလို၊ ပို၍နီးစပ်လာသလို ခံစားကြရ၏။ မြတ်နိုးကြင်နာစွာ တစ်ဦးကိုတစ်ဦး ယုယကြ၏။ ဂျင်နီသည် မိမိအတွက် မပါမဖြစ်သည့် ဘဝကြင်ဖော်အဖြစ် မာတင် ယုံယုံကြည်ကြည် သတ်မှတ်လိုက်သည်။

နောက်တစ်နေ့မနက် နံနက်စောစောပိုင်းတွင် ကြက်ဥမွှေးကို ခွာနေသည့်ချစ်သူအား မာတင်က ပေါင်မုန့်ထောပတ်သုတ်နေရင်း စိုက်ကြည့်နေသည်။

ပိုးဝတ်ရုံရှည်ကို ဝတ်ထားသဖြင့် လှချင်တိုင်းလှနေ၏။ မာတင့်စိတ်တွေ လှုပ်ရှားနေ၏။ ထိုတဒင်္ဂတွင် မာတင် ဆုံးဖြတ်ချက်ချလိုက်ခြင်း ဖြစ်သည်။ မတင်မကျဘဝဖြင့် ဆက်မနေလိုတော့။ အနောက်ကမ်းခြေကို အမြန်ဆုံး လစ်တော့မည်။ မိဘတွေကို ဖွင့်ပြောတော့မည်။

သည်အကြောင်းတွေးလိုက်သည်နှင့် မျက်နှာက ချက်ခြင်းညှိုးကျသွားသည်။

'အစ်ကို ဘာဖြစ်သွားတာလဲဟင်'

ဂျင်နီက တအံ့တဩလှမ်းမေးသည်။

'ဘာမှ မဖြစ်ပါဘူး ဂျင်နီရဲ့'

'မညာနဲ့ အစ်ကို တစ်ခုခုကြောင့်စိတ်အနှောင့်အယှက် ဖြစ်နေတယ်'

ဂျင်နီက စာတ်သိနမ်းဖတ်ချဉ်ပုံစံဖြင့် ငွတ်ပြောသည်။ မာတင်က



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချပြီး

'လေးနက်တဲ့အကြောင်းအရာတစ်ခုကို စဉ်းစားလိုက်မိလို့ပါကွာ၊ လက်မှတ်ရရချင်း ဆန်ဖရန်စစ္စကိုကို သွားမလို့လေ'

ဂျင်နီ အသက်ရှုမှားသွားသည်။ သူ့အနေဖြင့် လုပ်စရာ ရှိသည်ကို လုပ်မည်ပင်။ စင်စစ် မိမိလုပ်စေချင်သည့် အလုပ်။ သို့သော် တကယ် တကယ်ကျတော့ ဂျင်နီ အထိတ်တလန့်ဖြစ်သွားသည်။ ဘုရားသခင်. . . ဘုရားသခင်. . မိဘတွေကဖျက်လို့ သူစိတ်ပြောင်းသွားပြီး ဒီတစ်ခါခွဲရမှဖြင့် တစ်ခါတည်း ပြန်မလာဘဲ နေရင်ကော။ သို့သော် မသွားလို့လည်း မဖြစ်။

'အစ်ကို ဘယ်လောက်ကြာမှာလဲဟင်'

'တစ်ပတ်လောက်တော့ နေရမှာပေါ့ကွယ်၊ အစ်ကို နယူးယောက်ကို ထွက်လာကတည်းက သူတို့နဲ့ တစ်ခါမှ ပြန်မတွေ့ရသေးဘူးလေ၊ ဘာမှ စိတ်မပူပါနဲ့ကွာ၊ အားလုံးအိုကေမှာပါ၊ စိတ်ချလက်ချ ယုံထားစမ်းပါ'

'ယုံပါတယ် အစ်ကိုရယ်'

ထိုတဒင်္ဂတွင်တော့ ယုံယုံကြည်ကြည်နှင့်ပြောလိုက်ခြင်း ဖြစ်ပါသည်။ သို့သော် ညနေ ၅ နာရီခေါက်နှင့်လိုက်ဖို့ လေယာဉ်ပျံနံကို ဖုန်းဆက်သံကြားတော့ ရင်တွေတဒိုင်းဒိုင်းခုန်လာသည်။ တုန်တုန်ယင်ယင်ဖြင့် သူ့အတွက် အဝတ်အစားသေတ္တာ ပြင်ပေးသည်။ လိုက်သွားရရင်ကောင်းမလားဟု စိတ်ကူးပေါက်သေးသည်။ အစ်ကို့ မိဘတွေနဲ့တွေ့ဖို့ မဟုတ်ဘူးလေ၊ တစ်နေရာမှာ တည်းပြီး စောင့်မယ်ပေါ့၊ အစ်ကို အားရှိအောင်လို့လေ။ သို့သော် သေသေချာချာစဉ်းစားတော့ ဆန်ဖရန်စစ္စကိုရောက်ရင် ကြောက်နေတာနဲ့ အစ်ကို့ကို အားပေးနိုင်မည်မထင်။ လေယာဉ်ကွင်းကို ဂျင်နီလိုက်ပို့သည်။

'အစ်ကို ညတိုင်းဖုန်းဆက်မယ်နော်၊ တစ်ခုခုဖြစ်ရင် ဒိုမင်းနစ်ဆီ လှမ်းပြောကြားလား၊ သူ့ပါခေါ်ခဲ့ရင် ကောင်းမှာကွာ၊ အချစ် တစ်ယောက်တည်းပြန်ရမှာ အစ်ကို စိတ်မကောင်းဘူး'

ရှိုသမျှ အားအင်ကလေးများကို စုစည်းပြီး မပူရုပ်ဆောင်ကာ ဂျင်နီ ဖြေသိမ့်စကားဆိုသည်။

'ဒီလိုအချိန်ကလေးကို သူများနဲ့ မျှဝေမခံစားနိုင်ပါဘူး အစ်ကို၊ အစ်ကိုလဲ ကိုယ့်ကိုကိုယ် ဂရုစိုက်နော်'





'အင်း. . . အချစ်လဲ ဂရုစိုက်နော်၊ အပင်ပန်းမခံနဲ့ဦး၊ အစ်ကို တော့ စက္ကန့်တိုင်း သတိရနေမှာ'

ဣန္ဒြေမဆောင်နိုင်တော့၊ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။

'အဆင်ပြေမှာပေါ့နော် အစ်ကို'

မာတင် ခေါင်းညိတ်သည်။

'အို. . . ပြေမှာပါ၊ ဘာလို့ မပြေရမှာလဲ၊ မပူစမ်းပါနဲ့ကွာ၊ အစ်ကို ပြောတာ မယုံဘူးလားဟင်'

'ယုံပါတယ် အစ်ကိုရယ်၊ ယုံပါတယ်'

အရမ်းကို ယုံချင်တာပါအစ်ကိုရယ်ဟု ပြောလိုက်ချင်သေး၏။

လေယာဉ်ပေါ်တက်ဖို့ နာမည်ခေါ်တော့ အစ်ကို့မျက်နှာကို တဝကြီး အားရပါးရကြည့်ထားလိုက်သည်။ ပြန်တွေ့ဖို့လမ်းမှ ရှိပါတော့မလားဆိုပြီး သူ့မျက်နှာကို အသေးစိတ်ကျက်ထားလိုက်ခြင်းမျိုး။ စစ်ထွက်ယောကျ်ားတစ်ယောက် ဇနီးလုပ်သူက နှုတ်ဆက်နေပုံနှင့်တူနေသည်။

ကမ္ဘာ့မြေပြင်နှင့် မိုင်ပေါင်းများစွာ အကွာမှ ပထမတန်း လေယာဉ်ခန်းထဲတွင်ထိုင်ကာ မာတင်တစ်ယောက်မိဘတွေကို ပြောဖို့ နည်းလမ်းအမျိုးမျိုး စဉ်းစားရင်းလိုက်ပါလာသည်။ ဂျင်နီ စိုးရိမ်ထိတ်လန့်နေသည် ထက်ပင် စိုးရိမ်စရာကောင်းနေသည့် အခြေအနေ။ သည်မိသားစု အသိုက်အဝန်းနှင့် အစဉ်အလာကို စိတ်ပျက်လွန်းသဖြင့် ကိုယ့်လမ်းကိုယ်လျှောက်ဖို့ ကြိုးစားခဲ့ခြင်း ဖြစ်၏။ မိုင် ပေါင်းများစွာကွာဝေးသည့်ဒေသသို့ လာနေခြင်း ဖြစ်၏။ မေမေနှင့် တယ်လီဖုန်းစကားပြောတိုင်း 'မေမေတို့ အောက်မေ့လှပြီ သားရယ်၊ ပြန်လာခဲ့ပါတော့'နှင့် အဆုံးသတ်သည်ချည်း။

'အမျိုးထဲက ဘယ်သူဘယ်ဝါ လက်ထပ်တော့မှာ၊ သားမင်္ဂလာဆောင် မလာနိုင်ဘူးလားဆိုတာမျိုး၊ ဆီဗီယာကလေး လန်ဒန်က ပြန်ရောက်နေပြီ၊ သိပ်လှလာတာပဲ သားရယ်ဆိုတာမျိုးလည်း ပါတတ်၏။ မာတင် တောင်းပန်ရသည်ချည်း။ တယ်လီဖုန်းချပြီးလျှင် မကျေမနပ်ဖြစ်နေမည့် မေမေ့မျက်နှာကို အကြာကြီး မြင်ယောင်နေတတ်သည်။

ဆန်ဖရန်စစ္စကိုကို ရောက်ဖို့ ၁၀ နာရီကြာ စီးရမည်။ ကြာပါစေ၊ ညဉ့်နက်မှ အဘိုးကြီးအဘွားကြီး လာမကြိုနိုင်မှာ။ သို့သော် လေယာဉ်ပေါ်မှ

www.burmeseclassic.com



ဆင်းလိုက်သည်နှင့် ဖေဖေနှင့်မေမေကို လှမ်းမြင်နေရပြီ။ ဝမ်းသာအားရ ခမ့်ဖက်နှုတ်ဆက်ကြ၏။ သည်ကတည်းက သိလိုက်ပြီ၊ ပြောဖို့လာသည့်ကိစ္စ သည်တွင်းချင်းစဖို့ ခက်သွားပြီဟု၍။ မေမေက အပျော်ကြီးပျော်နေပုံဖြင့် သူ့လက်မောင်းကိုတွဲပြီး ကားဆီခေါ်သွားရင်း

'သားအိမ်ပြန်လာတာ မေမေကျေးဇူးတင်တယ်ကွယ်'

နောက်တစ်နေ့မနက်တွင် မာတင် အိပ်ရာထ နောက်ကျသည်။ အဖေနှင့်တစ်ယောက်ချင်းတွေ့ဖို့ အကွက်ချောင်းနေသည်။ သို့သော် အခွင့်မသာဘဲဖြစ်နေ၏။ ညပိုင်းကျပြန်တော့ ဦးလေးတွေ၊ အဒေါ်တွေ ရောက်လာကြ၊ နှုတ်ဆက်ကြနှင့် ဧည့်သည်က ပြတ်သည် မရှိ။ မေမေက ဆီဗီယာတို့သားအမိကိုပါ ဖိတ်ထားသည်လေ။ ဆီဗီယာမှာ ပိုထွားလာပြီး ပိုချစ်စရာကောင်းလာသည်။ စကားနည်းနေသည့် မာတင့်ကိုကြည့်ပြီး တစ်စုံတစ်ခုအတွက်သောကရောက်နေပြီဟု ဆီဗီယာအတတ်တွေးလိုက်သည်။ ညစာဝိုင်းပြီးလို့ ဧည့်ခန်းသွားပြောင်းထိုင်မည်အပြုတွင် မာတင်က နာရီကြည့်လိုက်ပြီး

'ကဲ. . . အားလုံးကျွန်တော့်ကို ခွင့်ပြုကြပါဦး၊ ခရီးပန်းလာတော့ စောစောနားပါရစေတော့'

လူကြီးတွေက နားလည်စွာဖြင့် ပင်ပန်းနွမ်းနယ်နေသည့် သူ့ကိုကြည့်ပြီး ခေါင်းညိတ်သည်။ ဆီဗီယာတို့အဖေက

'ခရီးက အတော်လှမ်းတာကွယ့်၊ အင်း. . ပင်ပန်းရှာမှာပဲ'

'ဟုတ်ကဲ့၊ အမေရိကန်ကို ကန့်လန့်ဖြတ်လာတာပါ၊ ဆယ်နာရီကျော် ကြာတယ်ခင်ဗျ'

မာတင် အပေါ်ထပ်သို့ ခပ်သွက်သွက် လစ်လာခဲ့သည်။ မိမိပင်ပန်းလာသည်ဆို၍ စိတ်မကောင်းဖြစ်ကျန်ရစ်သူများ၏ တီးတိုးသံများကို မသိကျိုးကျွန်ပြုလျက် အခန်းထဲပြန်ရောက်ရောက်ချင်း တယ်လီဖုန်းလှည့်သည်။ ဂျင်နီ့ ထူးသံကြားတော့ ရင်တွေတဒိုင်းဒိုင်းခုန်လာသည်။ နှစ်ယောက်လုံး အဓိကကိစ္စကိုစမေးရမှာ ပြောရမှာ မရဲကြဘဲ တစ်ခြားအကြောင်းတွေ လျှောက်ပြောနေကြ၏။

'မင်း—အိပ်လို့ ပျော်ပါတယ်နော် ဂျင်နီ'

'ပျော်ပါတယ်၊ အစ်ကိုသွားတဲ့နေ့က ဒိုမင်းနစ်နဲ့ ညစာ စားတယ်၊





ပျော်စရာပါပဲ'

'ခရီးက ဝေးလွန်းပေမယ့် မပင်ပန်းပါဘူး၊ အစ်ကို မင်းကို သိပ်အောက်မေ့တာပဲ ဂျင်နီရယ်၊ အမြန်ဆုံး ပြန်ခဲ့မယ်နော်'

မမှန်တစ်ဝက်၊ မှန်တစ်ဝက် စကားလုံးလေးများ. . .။

♠ ♠ ♠

ဂျင်နီ တယ်လီဖုန်းပြန်ချလိုက်တော့ သူ့ကို လေယာဉ်ကွင်း ပို့ပြီးပြန်လာကာစကလို ဆောက်တည်ရာမရ ဖြစ်ရပြန်သည်။ စားချင်စိတ်လည်း မရှိတော့။ သို့ဖြင့် အရက်တစ်ခွက်ငှဲ့သည်။ ဒိုမင်းနစ်နှင့်ဆုံသည် ဆိုသည်မှာ သက်သက်ပြောမိပြောရာပြောလိုက်ခြင်း ဖြစ်၏။ အမှန်မှာ အရက်ကို နှစ်ခွက်သုံးခွက် ဆင့်သောက်ပြီး အိပ်ပစ်လိုက်ခြင်းသာ။

♠ ♠ ♠

တတိယမြောက်နေ့တွင်မှ လာရင်းကိစ္စကို အဖေနှင့်ဆွေးနွေးဖြစ်တော့သည်။ ဒါတောင် အဖေကစပြီး လမ်းဖွင့်ပေးသောကြောင့် ဖြစ်၏။

စိတ်ဓာတ်ကျကျဖြင့် ကမ်းခြေတစ်ဝိုက်တွင် ကားလျှောက်မောင်းနေရာမှ အပြန်ဘဏ္ဍာစိုး ဝီလျံက ဆီးပြောသည်။

'အစ်ကိုလေးကို အဘိုးကြီးမေးနေတယ်၊ စာကြည့်ခန်းထဲမှာ စောင့်နေတယ်ခင်ဗျ'

'ကျေးဇူးပဲ ဝီလျံ'

ဖေဖေ့ကို စာကြည့်ခန်းမီးဖို နံဘေးတွင် ထိုင်နေသည်ကို တွေ့ရ၏။

'သား. . . ထိုင်လေ'

သားလုပ်သူ၏ စိတ်ဓာတ်ကျနေသည့် အမူအရာကိုကြည့်ပြီး ဂျူလီယန် စိတ်မကောင်းဖြစ်သွားသည်။ မာတင်ဝင်ထိုင်သည်။ မီးဖိုထဲသို့ စိုက်ကြည့်နေသည်။ ဖအေလုပ်သူက ထပြီး ဘရန်ဒီနှစ်ခွက်ငှဲ့သည်။ တစ်ခွက်ကို သားရှေ့တွင် ချပေးရင်း

'ကဲ. . . သားနဲ့ဖေဖေ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်၊ သားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ စိတ်အနှောင့်အယှက် ဖြစ်နေသလဲ၊ ဖေဖေ့ကိုပြော'

မာတင် ဆက်ပြီး ငြိမ်နေသည်။

'ပြောပါသားရဲ့၊ ဖေဖေသားကို နားလည်အောင် ကြိုးစားရမှာပေါ့၊ ခါတိုင်းလိုပဲပေါ့ကွာ'

ခုထိ မာတင်တစ်ယောက် စတင်ရန် ခက်ပါဘိဖြစ်နေဆဲ။ စင်စစ် သတ္တိမွေးနေခြင်း ဖြစ်သည်။

'ဖေဖေ ရှင်းရှင်းပြောမယ်၊ သားအိမ်က အလုပ်ကိုပစ်ပြီး နယူးယောက်ထွက်သွားတုန်းက ဖေဖေ ဘယ်လောက်စိတ်ထိခိုက်ရတယ် မှတ်သလဲ . . . ဒါပေမယ့် ဖေဖေသားကို နားလည်အောင်ကြိုးစားပြီး ခွင့်ပေးခဲ့တယ်၊ ဘဝတက်လမ်းကို ကိုယ့်အစွမ်းအစနဲ့ရှာနိုင်မယ်၊ အောင်လဲ အောင်မြင်လိမ့်မယ်လို့ မျှော်လင့်လို့ပေါ့လေ၊ ဒါပေမယ့် သားပြန်လာတဲ့ပုံစံက စစ်ပြီးလို့ ဂျာမနီက ပြန်လာစကထက်တောင် ပုံပျက်ပန်းပျက် ဖြစ်နေပါကလား၊ သားမေမေလဲ သိပ်စိုးရိမ်နေတယ်၊ သားအတွက် အကောင်းဆုံး ဖြစ်အောင် သားစိတ်ချမ်းသာအောင် ဖေဖေတို့လုပ်ပေးမယ်'

ဆံပင်ထူထူတွေထဲကို လက်တစ်ဖက်ဖြင့် ထိုးဖွလိုက်ပြီး

'ကျွန်တော် မိန်းကလေးတစ်ယောက်နဲ့ ချစ်နေတယ်ဖေဖေ၊ ဒါပေမယ့် ပြဿနာကလေးတွေ ရှိနေတယ်'

'ဘာပြုလို့လဲ၊ ကိုယ်ဝန်ရှိလာလို့လား'

'အဲဒီလို မဟုတ်ပါဘူး ဖေဖေ၊ အဲဒီထက် ရှုပ်ရခက်တဲ့ ပြဿနာမျိုး ဖြစ်နေတယ်'

'သူကကော သားကို ချစ်တယ်လား'

'ဟုတ်ကဲ့'

'ဒါပေမယ့် သားတို့အချင်းချင်း ဘယ်နားလည်နိုင်ဦးမလဲ၊ တွေ့ကြတာ မကြာသေးဘူး မဟုတ်လား'

'အချိန်ဟာ အဓိကပြဿနာ မဟုတ်ပါဘူး ဖေဖေ၊ ဆီဗီယာကို ကျွန်တော်တစ်သက်လုံး သိလာတာပဲ'

'ဟုတ်လား ဖေဖေမှားရင် ခွင့်လွှတ်ပါကွာ၊ အချစ်ဆိုတာ တဖြည်းဖြည်းချင်း ဖူးငုံသီးပွင့်လာတဲ့အရာမျိုးလို့ ဖေဖေထင်ခဲ့တာကိုး၊ အေးလေ. . . သားတို့ခေတ်နဲ့ ဖေဖေတို့ခေတ် အမြင်ချင်းကွာသွားတာလဲ ဖြစ်ချင်





ဖြစ်မှာပေါ့'

'အချစ်နဲ့ ပတ်သက်လို့ အချိန်ကြောင့် ပြောင်းလဲမယ် မထင်ပါဘူး ဖေဖေ'

'အင်း. . . သားပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဲဒီ မိန်းကလေးကိစ္စ သားဘယ်လိုရှင်းမယ် စိတ်ကူးထားသလဲ'

မာတင့် လည်ချောင်းထဲ အလုံးကြီးဆို့တက်လာသလို ဖြစ်သွားသည်၊

'ကျွန်တော် သူ့ကို လက်ထပ်မှာပါ ဖေဖေ'

'ဒါဖြင့် ဘာပြုလို့ ဒီကိစ္စ လျှို့ဝှက်ထားရတာလဲ'

'ဘာသာရေးကိစ္စကြောင့်ပါ ဖေဖေ၊ သူက ဘုရင်ဂျီဘာသာဝင် ဖြစ်နေလို့ပါ'

'အင်း. . ဒါဆိုရင်တော့ သားပြောသလို ပြဿနာပဲပေါ့၊ ဒါပေမယ့် အချစ်ဟာ ဖေဖေတို့ခေတ်နဲ့ သားတို့ခေတ်အတူတူပဲလို့ သားယူဆတာတော့ မှန်တယ်ကွ'

သားဖြစ်သူကို ငယ်ငယ်ကအကြောင်းတွေ စားမြုံ့ပြန်ပြနေမိသည့်အတွက် ဂျူလီယန်သူ့ကိုယ်သူ ပြန်အံ့ဩနေမိသည်။ မိန်းကလေးတစ်ယောက်ကို မှားယွင်းစွာ ချစ်ခဲ့မိကြောင်းများ။

'ဖေဖေ့တုန်းကလဲ ဒီလိုပါပဲ၊ အရှူးအမူးချစ်ခဲ့ဖူးတာပဲ၊ အင်း. . . . ခုနေ ပြန်တွေးကြည့်ရင်လဲ ရယ်စရာသက်သက်ပေါ့လေ၊ ဒါပေမယ့် ဟိုတုန်းကတော့ ဖေဖေ သူ့မှမရရင် သူသေမလောက်ပဲ၊ တစ်ခြားမိန်းကလေးကို လက်ထပ်ဖို့ဆိုတာ စဉ်းစားလို့တောင် မရဘူး၊ ဒါပေမယ့် သူ့ကို အိမ်က သဘောမကျဘူးလေ၊ ဘဝဆိုတာ ဒီလိုပဲသား၊ လိုတဲ့အရာတိုင်းတော့ မပြည့်စုံနိုင်ဘူး'

'ဖေဖေရဲ့အမေကို ကျေးဇူးတင်လို့ မဆုံးဘူး၊ ဖေဖေ့ကို သွေးအေးအေးနဲ့ ဖျောင်းဖျတဲ့အတွက်လေ၊ သားမေမေနဲ့ လက်ထပ်ဖြစ်ခဲ့တယ်၊ ဘာသာအယူဝါဒ တူရုံမကဘူး၊ ကိုယ့်အသိုက်အဝန်းထဲကဆိုတော့ ဖေဖေနဲ့ မေမေဟာ တစ်ယောက်နဲ့တစ်ယောက် တက်ညီလက်ညီ အိမ်ထောင်ရေးမှာ အောင်မြင်ခဲ့တယ်၊ သားတို့မေမေဟာ ဖေဖေရဲ့ ဘဝအဖော်ကောင်း ဖြစ်ခဲ့တယ်'

ဂျူလီယန်က ဘုရန်ဒီခွက်ထပ် ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပြောရင် သားယုံပ့ါမလား မသိဘူး၊ အဲဒီ ကောင်မလေးရဲ့ မျက်နှာကို လုံးဝပြန်စဉ်းစားလို့ မရဘူး၊ မကြာသေးခင်က အမှတ်မထင် သွားဆုံတယ်၊ သူကသာ စနှုတ်မဆက်ရင် ဖေဖေမှတ်မိမှာ မဟုတ်ဘူး၊ ဘာမှ ထူးထူးခြားခြားစိတ်မလှုပ်ရှားတော့ဘူးလေ၊ သားလဲ ဒီလိုပဲ နေမှာပါ၊ နှစ်တွေ ကြာလာရင် မေ့သွားမယ့်ကိစ္စမျိုးကလေးတွေပါကွာ၊ ဒ့ါထက် ဆီဗီယာဟာ သားအတွက် အသင့်တော်ဆုံး မိန်းကလေးဆိုတာ သားမယုံဘူးလား၊ မောင်နှမလိုနေရာကနေ လက်ထပ်ပြီးရင် ချစ်သူတွေလို ချစ်သွားနိုင်တယ်ဆိုတာ သား မယုံဘူးလား၊ မေမေနဲ့ဖေဖေလိုပေ့ါကွာ၊ သားသမီးလဲ ရလာရော ကျန်တာတွေဟာ နေ့လည်အိပ်မက်လို ပျောက်ကုန်တာပါ သားရယ်'

'သားအတွက် ဖေဖေ့အယူအဆ မမှန်နိုင်ဘူးဖေဖေ၊ ဇာတ်လမ်းအခြေခံချင်းက မတူကြဘူးလေ၊ သင့်တော်တယ်ဆိုရုံနဲ့တော့ သား ဆီဗီယာကို လက်မထပ်နိုင်ဘူး ဖေဖေ၊ ပြီးတော့ ဂျင်နီ့မျက်နှာကိုလဲ ကျွန်တော် တစ်သက်လုံးမေ့သွားမှာ မဟုတ်ဘူး၊ ဂျင်နီဆိုတာ ကျွန်တော့်ချစ်သူရဲ့ နာမည်ပါ၊ ဒီကလေးမကို ကျွန်တော် တစ်သက်လုံးချစ်သွားမှာပါ ဖေဖေ့ သိပ်လေးနက်တဲ့ အချစ်မျိုးနဲ့ ကျွန်တော်ချစ်နေတာပါ၊ အဲဒါ ဖေဖေယုံပါ-

သည်တော့မှ ဖေဖေဂျူလီယန် သက်ပြင်းချသည်။ ဖန်ခွက်ကိုချပြီး

'ကဲ. . ဒါဆို ဖေဖေ ဘာလုပ်ပေးရမလဲ'

'ကျွန်တော်တို့ကို လက်ထပ်ပေးပါ ဖေဖေ'

ရင်နင့်ကြေကွဲသည့် မျက်လုံးများဖြင့် ဂျူလီယန် သား လုပ်သူကို ငေးကြည့်နေသည်။ သား၏အလိုကို လိုက်ချင်ပါ၏။ သားအကြိုက်ဆောင်ချင်ပါ၏။ သား စိတ်ဆင်းရဲသည်ကို လုံးဝမကြည့်ရက်ပါ။

'သားမေမေ ဘယ်လောက်ထိခိုက်မယ်ဆိုတာ သားထည့် စဉ်းစားမိရဲ့လား'

ရင်မရှင်းစွာဖြင့် မာတင်ဖြေသည်။

'စိတ်တော့ ကောင်းမှာ မဟုတ်ဘူးပေ့ါ၊ ဒါပေမယ့် သားဘာလုပ်ရမလဲ ဖေဖေ၊ တစ်ယောက်ယောက်ရဲ့ စိတ်ချမ်းသာမှုကတော့ စတေးခံရမှာပဲ အဲဒီစတေးခံရမယ့်သူဟာ သားဖြစ်သင့်သလား ဖေဖေ'

'ချစ်မိတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်မယ်ဆိုတာဟာ ပြစ်မှုကျူးလွန်ခြင်းလား၊ သားရဲ့ချစ်သူဟာ ဂျူးမလေး မဟုတ်တဲ့အတွက်





ရှင်ကွဲကွဲကြရတော့မှာလား၊ သက်သက်ညှာညှာ စဉ်းစားပြီး လက်ခံပါ ဖေဖေရယ်'

'သိပ်လွယ်တဲ့ ကိစ္စတော့ မဟုတ်ဘူးသား၊ အပေါ်ထပ် တက်ကြရအောင်၊ မေမေနဲ့တိုင်ပင်သေးတာပေ့ါ၊ သားသိတဲ့အတိုင်း မေမေ့ကျန်းမာရေးကလဲ သိပ်ကောင်းတာ မဟုတ်ဘူး၊ သား ဘာဖြစ်လာမှန်း မသိဘူးဆိုပြီး စိတ်ဆင်းရဲနေရှာတယ်'

မေမေ့အခန်းဝရောက်တော့ ဖေဖေရုတ်တရက်တံခါး မခေါက်သေးဘဲ တွေရပ်နေသည်။ စိတ်ကို တင်းလိုက်သလို အသက်ရှူ သွင်းပြီးမှ အသာခေါက်လိုက်သည်။

'ဂျူလီယန်လား ဝင်ခဲ့လေ'

သားအဖနှစ်ယောက် အခန်းထဲ ဝင်လာခဲ့ကြသည်။ မေမေ့ကို ပက်လက်ကုလားထိုင်ပေါ်တွင် တွေ့ရ၏။ နဖူးပေါ်တွင် ရေခဲစိမ် အဝတ်ကို ဘင်လျက်။

'မေမေနေမကောင်းဖြစ်နေတာ သား စိတ်မကောင်းပါဘူး'

မာတင်က စကားစလိုက်သည်။

'ကိစ္စမရှိပါဘူး သားရယ်၊ ခေါင်းနည်းနည်းကိုက်တာ လောက်ပါ။ ခုပဲ ညစာစားဖို့ ထတော့မလို့လေ'

လင်တော်မောင်၏ ဖြူရော်ရော်မျက်နှာကို ဘက်စီလှမ်း ကြည့်သည်။ ရိပ်မိလိုက်ပြီ။

'သား မေမေ့ကို တစ်ခုခုပြောစရာ ရှိတယ် မဟုတ်လား'

'ဟုတ်ပါတယ်မေမေ၊ မေမေနားလည်နိုင်ပါစေလို့ သားဆုတောင်းပါတယ်'ဟု အစချီပြီး အဖေ့ကို ပြောခဲ့သည့်အတိုင်း ခပ်ဖြည်းဖြည်း ပြောသည်။

မေမေ ငိုလေပြီ။ မာတင့်ရင်ထဲတွင် နာကျင်သွားသည်။

'အဲဒီမိန်းမနဲ့ တိတ်တိတ်ပုန်းညားနေတယ်ပေ့ါ ဟုတ်လား၊ သား ညပ်ရက်တယ်နော်၊ သား မိုက်လှချည်လားကွယ်၊ မိဘတွေမျက်နှာကိုမှ ထောက်မထား. . . မတူဘူး၊ မေမေ သဘောမတူနိုင်ဘူး'

မေမေ့အသံ မြင့်သထက် မြင့်လာသည်။

'ဘယ်တော့မှ လက်မခံဘူးမှတ်ပါ၊ အမျိုးထဲမှာ ဘယ်သူမှ အစဉ်



www.burmeseclassic.com

www.burmeseclassic.com



အသောကို မဖောက်ဖူးဘူး၊ အားလုံးပိုင်းကွဲရဲ့ခံရမယ့်အဖြစ်မျိုး မေမေအဖြစ်ခံနိုင်ဘူး မာတင်'

မာတင် တောင်းတောင်းပန်ပန် အယူခံဝင်သည်။

'မေမေရယ် စဉ်းစဉ်းစားစားလဲ ပြောပါ။ မေမေသူ့ကို တွေ့တောင် မတွေ့ဖူးသေးပဲနဲ့. . .'

'အို. . . တွေ့ဖူးဖို့လဲ မလိုဘူး၊ မေမေနဲ့ဖေဖေ ရင်ကွဲနာ မကျခင် မင်းဒီဇာတ်လမ်းကို ရပ်တန်းက ရပ်ပါ'

မျက်ရည်တွေ တွေတွေကျလျက် ဘက်စီ ဆက်ပြောသည်။

'သားကို ဒီမိန်းမ အပိုင်ကြံတာ ဖြစ်ရမယ်၊ သား ဘာပြုလို့ ဆီဗီယာကို မချစ်နိုင်တာလဲ၊ ဘယ်လောက် အဖိုးတန်. . .'

'ဆီဗီယာဟာ အဖိုးတန် မိန်းကလေးတစ်ယောက်ဆိုတာ သား လက်ခံပါတယ်၊ ဂျင်နီလဲ မိန်းမမြတ်တစ်ယောက်ပါမေမေ၊ အဲဒါကြောင့် မေမေဂျင်နီ့ကို အကဲခတ်ကြည့်ပါဦး'

'တစ်သက်လုံး မတွေ့ဘူး'

ပြောပြောဆိုဆို ခေါင်းအုံးပေါ်သို့ ပြန်လှန်ချလိုက်သည်။ ဂျူလီယန်က မာတင့် နားနားကပ်ပြီး တိုးတိုးပြောသည်။

'မေမေ့ကို ဖေဖေပြောပါရစေဦး သား'

စိတ်ပျက်ညှိုးငယ်စွာဖြင့် မာတင်အခန်းထဲမှထွက်လာခဲ့ရသည်။

ဂျူလီယန်က ဘက်စီနံဘေးတွင် ဝင်ထိုင်ပြီး မျက်ရည်တွေ သုတ်ပေးရင်း ဇနီးသည်၏ လက်ကို တယုတယ ဆုပ်နယ်နေသည်။

'တိတ်ပါတော့ ဘက်စီရယ်၊ ကိုယ်ပြောတာလဲ နားထောင်ပါဦး၊ ဒီစိတ်မျိုးဟာ သိပ်ပြင်းထန်တယ်ကွယ့်၊ သားဟာ တကယ်ပဲ အချစ်စိတ်မွှန်ပြီး မိန်းကလေးရဲ့ မှိုင်းမိနေတယ်ပဲထား. . တို့သားဟာ တို့သားပဲလေ၊ အဲဒီတော့ မင်းခေါင်းအေးအေးနဲ့ စဉ်းစား၊ တို့ အပြတ် ငြင်းလိုက်ရင် သူ့ကို အဲဒီမိန်းကလေးဆီ တွန်းပို့သလို ဖြစ်သွားမယ်၊ သူလဲ အလောတကြီး လက်ထပ်ဦးမှာမှ မဟုတ်သေးတာပဲ၊ သူစိတ် ပြောင်းလာနိုင်သေးတယ်ဆိုတဲ့ မျှော်လင့်ချက် တို့ထားနိုင်သေးတယ်၊ အဲ. . . သူလက်ထပ်မှာကို တို့ အသိအမှတ်မပြုဘူး ဆိုရင်တော့ သားကို တစ်သက်လုံးဆုံးမှာ ဘက်စီ'

မို့မောက်နေသည့် မျက်လုံးများဖြင့် လင်တော်မောင်ကို ဘက်စီ





မော်ကြည့်သည်။

'ကျွန်မ အဲဒီလောက်ခံနိုင်ရည်ရှိမယ်လို့ ရှင်ထင်နေသလား၊ မဖြစ်နိုင်ဘူး ဂျူလီယန်'

စင်စစ် ဂျူလီယန် ကိုယ်တိုင်လည်း ဇနီးဖြစ်သူနှင့် တစ်ထပ်တည်း ခံစားနေရခြင်း ဖြစ်သည်။ သို့သော် ဝေဒနာကို မျိုချပြီး

'မင်း ဒီကလေးမကို ချစ်ဖို့ မလိုဘူးလေ ဘက်စီ၊ ဒါပေမယ့်မာတင့် မိန်းမဖြစ်လာပြီဆိုရင် မင်းသည်းခံရတော့မယ်၊ အဲဒါကို မင်းခုကတည်းက စပြီး လေ့ကျင့်ရမယ် ဘက်စီ၊ အဲဒီလို မဟုတ်ရင် သားက သူ့ဘဝကို ဖျက်လိုဖျက်ဆီးလုပ်တယ်ဆိုတဲ့ အတွေးမျိုးဝင်လာပြီး မုန်းစိတ်တွေ ဝင်လာနိုင်တယ်၊ မင်းရဲ့ဆုံးဖြတ်ချက်အတိုင်း ကိုယ်ရပ်တည်ပါ့မယ်၊ ဒါပေမယ့် ကိုယ်ပြောတဲ့အတိုင်း တဆိတ်နား ထောင်ပါဘက်စီ'

ဘက်စီ တိုးတိုးလေးရှိုက်သည်။

'ကလေးတွေ ရလာရင်ကော၊ ဘရင်ဂျီဘာသာဝင်ကလေးတွေ ဖြစ်ကုန်ရင်ရော. . . ကျွန်မဘယ်လိုလုပ်ပြီး ကြည့်နေနိုင်မလဲ ဂျူလီယန်'

'ဒါပေမယ့် အဲဒီထက် အရေးကြီးတာ ရှိတယ်လေ၊ တို့ရဲ့ တစ်ဦးတည်းသော သားကို ဆုံးမဖို့ပဲ'

ဘက်စီ ငြိမ်ကျသွားသည်။ အကြာကြီးငိုင်ပြီး စဉ်းစားနေသည်။ ဂျူလီယန် ရင်တမမဖြင့် စောင့်နေရသည်။

'ကောင်းပြီလေ၊ သူ့ကို ခေါ်လိုက်ပါဦး'

ခန်းမထဲတွင် ရပ်နေသည့် မာတင့်အနားသို့ ကပ်သွားပြီး ဖခင်လုပ်သူက သတင်းကောင်းပါးသည်။

'သားမေမေက မကန့်ကွက်တော့ပါဘူးတဲ့၊ ကဲ ဝင်ထိုင်လိုက်ဦး'

မာတင် အခန်းထဲသို့ အလောတကြီး ဝင်သွားသည်။ စိတ်လှုပ်ရှားစွာဖြင့်

'ကျေးဇူးတင်လိုက်တာ မေမေရယ်၊ ဂျင်နီ့ကို သားလှမ်းခေါ်လိုက်ရမလားဟင် မေမေ၊ ချွေးမလောင်းကို မေမေတွေ့စေချင်လှပြီ'

သည်လောက်အထိတော့ ဘက်စီလိုက်လျောမည် မဟုတ်ကြောင်း ဂျူလီယန်ကြိုသိနေ၏။

'ဖြည်းဖြည်းပေါ့သားရယ်၊ စောပါသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်ဖြင့်ကျေနပ်သင့်သည်ဟု မာတင်နားလည်လိုက်သည်။ တစ်ချိုတည်းနှင့်တောင်းဆိုချက်တွေ သိပ်များနေလို့မဖြစ်။

ဂျင်နီဆိုသည့်မိန်းကလေးကို မိဘတွေ အသိအမှတ်ပြုခြင်း တစ်ခုတည်းကပင် နည်းတဲ့အောင်မြင်မှုလား။

♠ ♠ ♠



# (၁၃)

မာတင် နယူးယောက်သို့ ပြန်လာခဲ့သည်။ အပျော်ကြီး ပျော်လျက်၊ မိဘတွေဘက်က အတတ်နိုင်ဆုံး လိုက်လျောခြင်းဖြစ်ကြောင်း ဂျင်နီသိကောင်းပါရဲ့။ ဂျင်နီ့ကို အဘိုးကြီး အဘွားကြီး မတွေ့ဖူးသေးလို့ပါလေ၊ တွေ့လိုက်တာနဲ့ ဖူးဖူးမှုတ်ထားကြမှာပါ။ လေယာဉ်ဘီးနှင့် မြေကြီးထိလိုက်သည်နှင့် မာတင် ရင်တွေခုန်လာသည်။ ဂျင်နီ တအားပြေးချလာသည်ကိုလှမ်းမြင်ရတော့ လက်နှစ်ဖက်ကို ရှေ့ဆန့်ပြီး ဆီးကြိုပွေ့ဖက်လိုက်သည်၊ တအားဝှေ့ ရမ်းပြီး အနမ်းမိုးတွေ ရွာချပေးလိုက်သည်။

ဂျင်နီက လှိုက်မောနေသဖြင့်

'အသခ်ျဲဆိုတာ အစ်ကို သိလားဟင်'

'ဟောဒီက အချစ်နဲ့ တစ်မိနစ်ခွဲနေရတဲ့ ကာလကိုပြောတာ'

အခန်းကို ပြန်ရောက်ရောက်ချင်း တစ်ခု သတိထားလိုက်မိသည်။ တကူးတက ပြင်ဆင်စောင့်ကြိုနေခြင်းပါလား။ ပန်းအိုးတွေထဲမှာ ပန်းတွေဝေနေ၏။ စားပွဲပေါ်မှ ဖယောင်းတိုင်မီးကြောင့် ဖန်ခွက်များ၏ အရောင်



www.burmeseclassic.com

www.burmeseclassic.com



သည် ပို၍လှနေ၏။ ဂျင်နီက ဖန်ခွက်နှစ်ခွက်ထဲသို့ ရှန်ပိန်သောင်းထည့်တော့ အမြှုပ်ကလေးတွေ လျှံတက်လာပုံကအစ ကဗျာဆန်နေ၏။ အမြှုပ်ကလေးများ၏ တီးတိုးသံကလည်း ချစ်စရာ။

ညစာစားလို့ မပြီးမချင်း ဆန်ဖရန်စစ္စကိုအိမ်မှ ဖြစ်ကြောင်းကုန်စင် အသေးစိတ်ကို မပြောဘဲထားဖို့ မာတင် စိတ်ကူးထားသည်။ ရှန်ပိန်ခွက်ကို မြှောက်လိုက်ပြီး

'အချစ်အတွက်နဲ့ အိုအောင်မင်းအောင် ပေါင်းရမယ့် ဘဝခရီးရဲ့အစအတွက်'ဟု မာတင်က ဆုတောင်းလိုက်သည်။

'သြော် . . . အစ်ကိုရယ်၊ တစ်သက်လုံး ချစ်ပါနော်၊ ဘယ်တော့မှ ခွဲမထားခဲ့ပါနဲ့နော်'

မာတင်က ချစ်သူကလေးကို သိုင်းဖက်လိုက်သည်။ ထူးခြားဆန်းကြယ်စွာ ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းသည် တဒင်္ဂ။ မြတ်နိုးယုံကြည်ခြင်းတို့ဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် သစ္စာပြုကြသည်။ နောက်ဆုံးတွင်မှ ဂျင်နီက မေးခွန်းရိုးရိုးကလေးဖြင့် စလိုက်သည်။

'လူကြီးတွေ သဘောတူတယ်ဆိုတာလောက်က လွဲပြီး အစ်ကို အသေးစိတ် ပြောမပြသေးဘူးနော်'

'သြော် . . အချစ်ကလဲ၊ အစ်ကိုတို့ လိုတာလဲ ဒါပဲ မဟုတ်လား'

ဂျင်နီ တိုးတိုးကလေး ဆက်ပြောသည်။

'ဒါတော့ ဒါပေါ့ အစ်ကိုရယ်၊ ဒါပေမယ့် အစ်ကို ပြောတဲ့အထဲမှာ ဂျင်နီ့ကိုခေါ် တွေ့ဖို့အကြောင်း မပါသေးလို့ပါ'

'သြော် . . . ဒါလား၊ မေမေ နေမကောင်းသေးလို့ပါကွယ်'

'ဂျင်နီ အကဲခတ်မိပါတယ် အစ်ကိုရယ်၊ ဂျင်နီ့ကို လက်ခံတွေ့ဖို့ အထိ အစ်ကို ဆွေးနွေးလို့မရခဲ့ဘူး မဟုတ်လား၊ ဂျင်နီ လူကြီးတွေနဲ့ မတွေ့ရမချင်း အစ်ကို့ကို လက်မထပ်နိုင်ဘူး'

'သြော် . . ဂျင်နီကလဲကွယ်၊ သူတို့သဘောတူထားပြီးပြီပဲ'

'အစ်ကို့ကို မစွန့်နိုင်လို့ သဘောတူတဲ့ တူနည်းမျိုး မဟုတ်လား၊ အဲဒါမျိုးတော့ ဂျင်နီ လက်မခံနိုင်ဘူး အစ်ကို'

မာတင် အိပ်ရာပေါ်မှ ဆင်းလိုက်သည်။

'ဒုက္ခပါပဲကွာ . . . .၊ ဒီမယ် ဂျင်နီ အစ်ကို့အဖေနဲ့အမေဟာ





သူတို့ဘက်က အတတ်နိုင်ဆုံး လိုက်လျောနေတယ်လေ၊ အစ်ကို့အတွက်အားလုံး လုပ်ပေးမှာ ဂျင်နီ'

'ဟုတ်တယ်လေ၊ အစ်ကို့အတွက်လုပ်ပေးမှာ ဂျင်နီ့အတွက်မဟုတ်ဘူး။'

ဂျင်နီက ဆက်ပြီး ခေါင်းမာနေသည်။

'သူတို့ ဂျင်နီ့ကို လက်ခံမတွေ့ဘူးဆိုရင် ဂျင်နီဒီအတိုင်း ဆက်မနေနိုင်ဘူးအစ်ကို၊ ဂျင်နီက အပြစ်ညှန်ထဲကို တစ်နေ့တခြား နစ်နေကယ်ဆိုတာ အစ်ကို နားမလည်ဘူးလားဟင်၊ လက်ထပ်မှဖြစ်တော့မယ် အစ်ကို'

မာတင် စိတ်တိုလာသည်။ အသံမြင့်လာသည်။

'ဒါလောက် မြန်မြန်လုပ်ဖို့ အသင့်မှမဖြစ်သေးတာပဲ ဂျင်နီ'

မိမိဘက်မှ ဒါလောက် တပင်တပန်းတိုက်ပွဲဆင်လာခဲ့ရကြောင်း သည်ကလေးမ ဘာမှ နားမလည်ပါလား။

'ဘယ်တော့မှ အသင့်ဖြစ်မှာ မဟုတ်ဘူး'

ဂျင်နီက ပြန်အော်ပြီး အိပ်ရာပေါ်မှ ဆင်းကာ ရေချိုးခန်းထဲသို့ ပြေးဝင်သွားသည်။ တံခါးကို ဝုန်းခနဲဆောင့်ပိတ်ပြီး ရေချိုးကန် ဘောင်ပေါ်တွင် ထိုင်နေသည်။ ဘုရားသခင် . . . ဘုရားသခင် ဘာပြုလို့များ စိတ်လိုက်မာန်ပါ ပြောလိုက်မိပါလိမ့်။

ချစ်သူပြန်လာသည့်ညတွင် ဖြစ်စေချင်သည်က ဤသို့မဟုတ်။ သည်လိုဖြစ်လိမ့်မည်ဟု စိုးစဉ်းမျှ မမျှော်လင့်ခဲ့။ မျက်ရည်တွေကို သုတ်ရင်း သူ့ကို တောင်းပန်ဖို့ ဆုံးဖြတ်လိုက်သည်။

ရေချိုးခန်းမှထွက်လိုက်တော့ သူ့ကို အိပ်ခန်းထဲတွင် မတွေ့ရတော့။ ရင်တွေတဒိုင်းဒိုင်းခုန်လာသည်။ သူထွက်သွားလေပြီကော။ သည်တော့မှ အိပ်ရာပေါ် ပစ်လှဲပြီး ရှိုက်ကြီးတငင် ငိုချလိုက်သည်။ အစ်ကို့ကို ဆုံးရှုံးရတော့မှာလား၊ ဘုရားသခင် . . . . ဘုရားသခင် . . . . တကယ်ဆုံး၍သင်ပါရဲ့။

ဂျင်နီရေချိုးခန်းထဲသို့ ပြေးဝင်သွားသည်နှင့်မာတင် စိတ်ခေါင်အကြီးအကျယ် ကျသွားသည်။ ဒီညတော့ သူ့ကို အကျိုးသင့် အကြောင်းသင့် ပြောလို့ရတော့မည်မဟုတ်။ အဝတ်ကို ကမန်းကတန်းကောက်စွပ်ပြီး ခတ်လေ့ကားဆီသို့ ထွက်ခဲ့သည်။ လူရှင်းသည့် အရက်ဆိုင်တစ်ဆိုင်သို့



www.burmeseclassic.com

www.burmeseclassic.com



သွားဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

ဆိုင်ထဲသို့ အသာဝင်လာခဲ့သည်။ ဝီစကီနှင့်ဆော်ဒါမှာ လိုက်၏။ အရက်ခွက်ကို မကိုင်ဖြစ်သေးဘဲ ဂျင်နီ အဓိပ္ပာယ်မရှိ ပေါက်ကွဲပုံကို စဉ်းစားနေမိ၏။ မိမိဘက်မှ အကောင်းဆုံးဖြစ်အောင် စီစဉ်ထားပြီးဖြစ်၏။ သည်မိဘနှစ်ပါးကိုတော့ မာတင်မပြုတ်နိုင်၊ ချစ်ရလွန်းသူ ဂျင်နီ့အတွက်ပင် မပြုတ်နိုင်။ သည်မျှအခွင့်အရေးယူခဲ့မိသည်ကိုပင် စိတ်မကောင်း ဖြစ်နေမိသေး၏။ ချစ်သူ့မျက်နှာ ကို မြင်ယောင်လာပြန်တော့လည်း ဒေါသစိတ်တွေ ဘဖြည်းဖြည်း ပြေပျောက်သွားပြန်သည်။ အင်းလေ. . သူ့ဘက်က ကြည့်ပြန်တော့လည်း ဘာသာရေးအနှောင်အဖွဲ့က တင်းကျပ်လွန်းသည်ပဲ။ ဒုစရိုက်မှုကို ရပ်တန်းကရပ်ပြီး အမြန်ဆုံးလက်ထပ်ချင်ရှာမှာပေါ့။

ဆိုင်ထဲမှ ပြေးထွက်ပြီး တက်စီတစ်စီးပေါ် ခုန်တက်ကာ အခန်းသို့ တန်းပြန်ခဲ့သည်။ တံခါးဖွင့်သံကြားသည်နှင့် ဂျင်နီအိပ် ခန်းထဲမှ ပြေးထွက်လာသည်။ ချစ်သူ့ရင်ခွင်ဆီသို့ အတင်းဝင်ပြီး အထပ်ထပ်နမ်းကာ တောင်းပန်သည်။

'ဂျင်နီ့ကို ခွင့်လွှတ်ပါ အစ်ကို ဂျင်နီတောင်းပန်ပါတယ်၊ ဂျင်နီ သိပ်ဆိုးတာပဲ အစ်ကိုရယ်၊ အစ်ကို့မိဘတွေဘက်ကလဲ ဘယ်လွယ်ပါ့မလဲ နော်၊ ဂျင်နီ့ကို မုန်းမသွားပါနဲ့နော်'

မာတင်က သူ့နှုတ်ခမ်းပေါ်ကို လက်ညှိုးလေးနှင့် ပိတ်လိုက်ပြီး

'ပြောဖို့လိုသလားကွယ်၊ ကိုယ့်တစ်သက် မင်းကို မမုန်းပါဘူး၊ မင်းဘက်က ဘယ်လောက်အခက်အခဲရှိတယ်ဆိုတာ အစ်ကို နားလည်ပါတယ်၊ ဒါပေမယ့် တို့နှစ်ယောက်ဘဝကို ပျော်ပျော်ရွှင်ရွှင် တည်ဆောက်နိုင်ရင် လူကြီးတွေလဲ ပျော်ကြမှာပေါ့။ အရေးကြီးဆုံးက အစ်ကိုနဲ့ မင်းနဲ့ ခေါင်းအေးအေးထားဖို့ လိုတယ်'

'ဟုတ်ပါတယ် အစ်ကို၊ နောက် ဂျင်နီ မဆိုးတော့ဘူးနော်'

'အစ်ကို စိတ်တိုမိတဲ့အတွက်လဲ ခွင့်လွှတ်ပါကွာ၊ အလုပ်နည်းနည်းပါးတာနဲ့ အစ်ကိုတို့ ခရီးရှည်ထွက်ကြမယ်နော်'

ထိုညတွင် မာတင် အိပ်မပျော်ဘဲ မျက်စိကြောင်နေသည်။ မျက်နှာကျက်ကို မော်ကြည့်ငေးနေရင်း အတွေးတွေ ယောက်ယက်ခတ်နေ၏ နံဘေးတွင် အိပ်ပျော်လျက်ရှိသော ဂျင်နီ့ကို ငုံ့ကြည့်လိုက်သည်။ အဖေနှင့်



အမေ မျက်နှာကိုပါ မြင်ယောင်လာ၏။ ပြီးတော့ အာရုံမှာကြာမြင့်စွာ ပျောက်ကွယ်နေသည့် ဂျာမနီနှင့်ပိုလန်မှ ဒုက္ခသည် ဂျူးတို့၏မျက်နှာများ။

ဂျူးစစ်စစ်ဖြစ်ပါလျက် ဂျူးတို့၏ ဘာသာတရားကို အကိုင်းအရှိုင်းနည်းခဲ့သည့်အဖြစ်အတွက် ကိုယ့်ကိုကိုယ် အပြစ်တင်မိပြန်သည်။

နောက်တစ်နေ့ မနက်စောစော ရုံးမသွားမီ ဂျူးလူမျိုးတို့ ကိုးကွယ်သည့် ဝတ်ကျောင်းကလေးထဲသို့ ဝင်ခဲ့သည်။ ဘာကြောင့် ဘုရားရှိခိုးတရားရှိခိုးကို အာရုံပြုမိမှန်း ကိုယ့်ကိုကိုယ်လည်း နားမလည်။

ချစ်သူကိုလည်း အဆုံးမခံနိုင်။ ရိုးရာဓလေ့ဘာသာနှင့် မိဘအရိပ်အာဝါသအောက်မှလည်း ရုန်းမထွက်နိုင်ဖြစ်နေသည့်ဘဝ။ သက်ကြီးရွယ်အိုများစုဝေးလျက်ရှိသည့် သည်အဆောက်အအုံငယ်ကလေးသည် မိမိ၏ အခက်အခဲကို ဖြေရှင်းပေးနိုင်ပါမည်လား။

ရှေးစကားများကို သံနေသံထားဖြင့် ရင့်ကျူးဝတ်ပြုနေကြသည့် ခမ္မတေးသံသည် ပူလောင်နေသည့် မာတင်၏ရင်ကို အေးမြစေ၏။ စကားလုံးများ၏အနက်အဓိပ္ပာယ်ကို လုံးစေ့ပတ်စေ့နားလည်လျှင် မည်မျှကောင်းလေမည်လဲဟု တွေးနေမိ၏။ ဘုရားဝတ်ပြုပြီး ဆုတောင်းသည်။ မိဘများကိုရော၊ ချစ်သူကိုသာမက လွတ်လပ်မှု မြတ်နိုးသည့် ဘိုးဘိုးကြီးအီဖရာအင်ကိုပါ အာရုံပြုပြီး မေတ္တာပို့သည်။

ဝတ်ကျောင်းထဲမှ ထွက်လာပြီး တက္ကစီတစ်စီးဖြင့်ရုံးသို့ ဆက်သွားသည်။ ကားပေါ်တွင်ဆက်၍ အတွေးနက်လာ၏။ ဘရင်ဂျီ ဘာသာဝင် မိန်းကလေးတစ်ယောက်ကို ချစ်မိ၍ ရိုးရာဓလေ့၏ အနှောင်အဖွဲ့ကို ဘင်းကျပ်စွာ ခံစားနေရသည့် မိမိအဖြစ်ကိုလွတ်လပ်မှု မြတ်နိုးသည်ဆိုသော ဘိုးဘိုးကြီးရှိသေးလျှင် မည်သို့အဆုံးအဖြတ် ပေးလေမည်နည်း။

နောက်သုံးပတ်ကြာမှ ခရီးထွက်ဖို့ အခြေအနေပေးသည်။ ဘားမောင့်သို့ ထွက်ခဲ့ကြ၏။ ဒိုမင်းနစ်က ဘားမောင့်မှ သူ့ယာတော အိမ်မှာ ဘည်းဖို့ စီစဉ်ပေးသည်၊ ဒိုမင်းနစ် အိမ်စောင့်လင်မယားကို လက်ဆပ်ပြီး သ ဃ်ချင်းဇနီးမောင်နှံ လာနေမည်ဖြစ်၍ အိမ်ကို ပြင်ဆင်ထားရန် ကြိုတင်အကြောင်းကြားထားခဲ့သည်။ အခြားနည်းဖြင့် အကြောင်းပြဖို့လည်း ဒိုမင်းနစ် စဉ်းစားလို့မရ။ ထို့ကြောင့် အိမ်စောင့်နက်နှင့် သူ့ဇနီး လူတို့က အိမ်ကို မင်္ဂလာမောင်နှံအတွက် အသင့်တော်ဆုံးဖြစ်အောင် မှန်မှန်ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး အလွတ်လပ်ဆုံးနေနိုင်ရန် အိမ်သော့အပ်၍ထွက်သွားကြသည်။

သောကြာနေ့ည။ ချစ်သူ့ရင်ခွင်ကြားတွင် နားနားနေနေ မှိန့်ရှိန့်ရင်း မီးလင်းဖိုထဲမှ မီးလျှံများကို ဂျင်နီငေးကြည့်နေ၏။ မာတင့်အဖို့ သည်လို ငြိမ်းချမ်းမှုမျိုး ဘယ်တုန်းကမှမရဖူးခဲ့။ သည်လို လူမနီးသူမနီးတွင် လာနေစေ ချင်သည်မှာ သူတို့နှစ်ယောက်၏ အကြီးမားဆုံးဆန္ဒဖြစ်၏။ တဝကြီးချစ်ကြ သည်။ သည်လို အချစ်ညတွေ မကုန်ဆုံးစေချင်တော့. . . .။

မနက်မိုးလင်းတော့ နံနက်စာစားကြသည်။ ခြံထွက် ကြက်ဥလတ် လတ်ဆတ်ဆတ်နှင့် ဘီစကစ်တွေ တဝကြီး စားသောက်ပြီးတော့ အနွေး ထည်ကိုယ်စီဝတ်ကာ အပြင်သို့ ထွက်ကြသည်။ ရှုလေရာတွင် နှင်းတွေ အဖွေးသား ဖုံးလွှမ်းထားသည်ကို တွေ့ရ၏။ ထင်းရှူးရွက်တို့မှာ နေရောင် တွင် တလက်လက်။

အိမ်နံဘေးကိုဒေါင်ထဲမှ ရေခဲလျှောစီး စွပ်ဖားဟောင်းကြီးတစ်စီးကို တွန်းထုတ်ပြီး တောင်ကုန်းပေါ်မှ လျှောဆင်းသွားကြသည်။ စွပ်ဖားပေါ်တွင် စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်ပါသွားသည့် သူတို့နှစ်ယောက်ကို ဒရယ် တစ်ကောင်က ပထမကြောင်ကြည့်နေသည်။ ပြီးမှ အထိတ်တလန့် ထွက်ပြေးသွားသည်။

နှင်းပွင့်တွေ ဖွေးကနဲ ဖွေးကနဲ ဖြာထွက်ကာ သူတို့မျက်နှာကို ဆုပ်ပက်နေသည့်နှယ်၊ စွပ်ဖားက အရှိန်ပြင်းသည်ထက် ပြင်းလာကာ ရေခဲ ကမူ တစ်ခုတွင် တစ်ဖက်သို့စောင်းပြီး မှောက်သွားသည်။ ရေခဲတောင်ပေါ် တွင် သူတို့နှစ်ယောက်၏ အော်ဟစ်ရယ်မောသံများ ပဲ့တင်ထပ်သွားသည်။ မြူးနေသည့် ဂျင်နီ့ မျက်နှာကလေးမှာ အအေးဒဏ်ကြောင့် ပို၍နီရဲနေ သည်။ မာတင့် မျက်စိထဲတွင် ပို၍ချစ်စရာကောင်းနေ၏။

'အစ်ကို့ ဘဝမှာ အပျော်ဆုံးပဲ ဂျင်နီ၊ မင်းကြောင့် အဲဒီလို ပျော်ရ တာ သိလား၊ မင်းနဲ့သာမတွေ့ရရင် ကိုယ့်ဘဝဟာ မတွေးဝံ့အောင်ပဲ'

'ခရီးထွက်ဖို့ အစ်ကို စီစဉ်တာ သိပ်မှန်တာပဲနော်၊ ဂျင်နီ တော့ ကမ္ဘာသစ်တစ်ခုကို ရောက်နေသလိုပဲ အစ်ကိုရယ်'

နှင်းတောထဲတွင် နှစ်ယောက်သား ခဏငြိမ်နေကြသည်။ ပြီးမှ မာတင်က ဂျင်နီ့ကို ဆွဲထူပြီး စွပ်ဖားကို ပြန်လှန်သည်။

'လာ. . . နောက်တစ်မျိုး ဆော့ရအောင်'



'ဟောဟို တောင်ကုန်းပေါ် ပြိုင်တက်မလား၊ အစ်ကို့ကို ဂျင်နီ နိုင်စေရမယ်'

ပြောပြောဆိုဆို ဂျင်နီက နှင်းတွေကို လုံးပြီး မာတင့် ရင်ဘတ်ကို ပေါက်သည်။ မာတင်ကလည်း ပြန်ပေါက်သည်။ ဂျင်နီက နောက်တစ်လုံး လုံးပြီး မျက်နှာတည့်တည့်ပေါက်ထည့်သည်။ မာတင်က လိုက်ဖမ်းတော့ ဂျင်နီတောင်ပေါ်တက်ပြေးသည်။ စွပ်ဖားကို တစ်ဘက်ကဆွဲပြီး လိုက်ရ သည့် အတွက် တောင်ကုန်းပေါ်သို့ ဂျင်နီ့ နောက်မှရောက်သည်။

'တွေ့လား. . . ဂျင်နီ အစ်ကို့ကို နိုင်တယ်'

'ဩော်. . . ဒီလောက်ဆိုးတဲ့ကောင်မလေး၊ သေပေတော့'

မာတင်က ဂျင်နီ့ကို အမိဖမ်းပြီး နပန်းလုံးသည်။ နှစ်ယောက်သား လုံးထွေးကာ တောင်ကုန်းပြေပြေပေါ်မှ လျှောကျသွားသည်။ တောင်အောက် ရောက်တော့ မာတင်က အပေါ်မှ သူတို့ ရယ်သံသည် တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်တွင် မင်းမူလျက်။

'ကဲ. . . ပြော၊ ဘယ်သူနိုင်လဲ'

'ဒီတစ်ခါ အစ်ကို နိုင်ပါတယ်'

မျက်နှာပေါ်မှ နှင်းပွင့်ဖတ်တွေကို အသာဖယ်ပြီး မာတင်က နမ်း သည်။ ပြီးမှ ဆွဲထူပေးသည်။ နေ့လည်စာ စားပြီးတော့ သူတို့အတွက် နက် က မြင်းဆွဲစွပ်ဖားကြီး ဆင်ပေးသည်။ အုန်းခွံရောင် မြင်းကြီး၏ ဇက်ကြိုးကို ကိုင်ပြီး သူတို့နှစ်ယောက် မောင်းထွက်ခဲ့ကြ၏။

ပျော်လွန်းသဖြင့် ဂျင်နီတစ်ယောက်မြူးကြွနေသည်။ စွပ်ဖားက ဘုရင်ဂျိဘုရားရှိခိုးကျောင်းတစ်ခုအနီးမှ ဖြတ်သွားသည်။ သည်တော့ ဂျင်နီ့ မျက်နှာကလေး ညှိုးသွားသည်။ အင်း. . ဝန်ခံချက် မပေးရသည်မှာ ကြာပါ ပေါ့လား။ တော်ပါသေးသည်။ မြင်းကို စိတ်ပါလက်ပါ မောင်းနေသဖြင့် အစ်ကိုက ရှေ့တည့်တည့်ကိုပဲ ကြည့်နေသည်လေ။

ရွာကြီးထဲရောက်လာပြီး မကြာခင်စတိုးဆိုင်တစ်ဆိုင်ရှေ့တွင် မာ တင် ရပ်လိုက်သည်။ မြင်ကွင်းသစ်ကို ကျိုးကန်းတောင်း မော့ကြည့်ရင်း ဂျင်နီတစ်ယောက် ရင်တွေ ခုန်နေ၏။ စတိုးဆိုင်ထဲသို့ နှစ်ယောက်သား ဝင်ခဲ့ကြသည်။ လူတစ်စုဆိုင်ထဲတွင် မီးထိုင် လှုံနေ၏။ ဆိုင်ရှင်က အရောင်း ကောင်တာဆီသို့ ထလာပြီး နှုတ်ဆက်သည်။ မြောက်ပိုင်းသံပဲဖြင့်

www.burmeseclassic.com

www.burmeseclassic.com



'မင်္ဂလာပါ ခင်ဗျာ၊ ဧည့်သည်တွေ ထင်ပါရဲ့၊ ဘယ်မှာတည်းကြပါသလဲ'

'ဟုတ်ကဲ့. . ကျွန်တော်တို့ ဧည့်သည်တွေပါ၊ သူငယ်ချင်းတစ်ယောက်ရဲ့ ယာတောအိမ်မှာ တည်းပါတယ်'

'ဘယ်သူ့အိမ်များပါလိမ့်'

'ကျွန်တော့်သူငယ်ချင်းနာမည်က ဒိုမင်းနစ်ပါ'

'ဩော်. . သုံးလေးနှစ်လောက်က ကယ်ဗင့်ဆီက ဝယ်လိုက်တဲ့အိမ်၊ အင်း. . ဒါက မိတ်ဆွေရဲ့ အမျိုးသမီးပေါ့၊ လူစီပြောလို့ ခင်ဗျားတို့ ဇနီးမောင်နှံအကြောင်း ကျွန်တော်တို့ သိထားပြီးပါပြီ'

ဂျင်နီ့ကို စိန်းစိန်းကြည့်ပြီး ဆက်ပြောသည်။

'လှလိုက်တဲ့ မိန်းကလေးဗျာ၊ ခင်ဗျားလောက် ကံကောင်းတဲ့ လူ ဒီကမ္ဘာမှာ ရှိတော့မယ် မထင်ဘူး'

ဂျင်နီ ရယ်နေသည်။ မာတင်က

'ကျွန်တော်လဲ အဲဒီအတိုင်းပဲ ထင်နေတာဗျ'

ဆိုင်ရှင် မစ္စတာစောစန်က ပြုံးပြုံးကြီးနှင့်

'ကဲ. . . ကျွန်တော်ဘာအကူအညီပေးရမလဲ ဆို'

'ကျွန်တော်တို့ ဘာမှ မလိုပါဘူး၊ ရွာထဲလျှောက်ကြည့်ချင်လို့ပါ'

'ကြည့်နိုင်ပါတယ်ဗျာ၊ ဘာမှ အန္တရာယ်မရှိစေရပါဘူး'

ဂျင်နီ ရင်တွေတုန်နေသည်။ ပျော်လိုက်သည့်ဖြစ်ခြင်း၊ မစ္စက်မာတင်အဖြစ် တဒင်္ဂအထင်ခံရခြင်း။ အခြေအနေအရသည်နှစ် ခရစ္စမတ်တွင် သူတစ်ယောက်တည်း ဆန်ဖရန်စစ္စကိုကို သွားရမည်ဟု အစ်ကိုပြောတုန်းက စိတ်မာတ်တွေကျခဲ့သည်။ နောက်နှစ်ဆိုရင်တော့ အစ်ကို့ဇနီးအဖြစ်နဲ့ လိုက်ဖြစ်မှာ သေချာနေပြီ။

မပြန်ခင် တစ်ရက်မှာ ညစာကို ဂျင်နီက စပ်ယ်ရှယ်စီစဉ်သည်။ ညစာစားပြီး မီးလင်းဖိုနံဘေးတွင် ထိုင်ကြသည်။ မာတင်က ဂျင်နီ့အတွက် စိန်စီရွှေရင်ထိုးကလေးတစ်ခု လက်ဆောင်ပေးသည်။ ဂျင်နီက လက်ကြယ်သီးကလေးတစ်စုံ ပြန်ပေးသည်။ လက်ကြယ်သီးမှ ကျောက်စိမ်းပြားကလေးပေါ်တွင် နိုဝင်ဘာ ငါးရက်နေ့စွဲထိုးထားသည်၊ သူလက်ထပ်ခွင့်တောင်းသည့်နေ့၊ လက်ဆောင်ပစ္စည်းကလေးတွေကို ဖာထဲထည့်ပြီး မာတင်က ဂျင်နီ့ကို





ဆွဲပွေ့သည်။

'မင်းဟာ အစ်ကို့ရဲ့ ဘဝပါပဲ ဂျင်နီရယ်၊ ဒီတစ်ခေါက် ကာလီဖိုးနီးယားက ပြန်လာပြီးရင် မင်္ဂလာရက်ရွေးကြမယ်နော်'

'အစ်ကို့မိဘတွေနဲ့ ဂျင်နီနဲ့တွေ့ဖို့ ကိစ္စကကော'

'အစ်ကို စိတ်ကူးပြီးသားပါ၊ သူတို့ကို နယူးယောက်ခေါ်လာ ခဲ့မယ်၊ ဟိုမှာဆို အမျိုးတွေက သိပ်များတာ'

စိတ်ထဲ အောင့်သက်သက်ဖြစ်သွားသော်လည်း ဂျင်နီ ကြွေဆည်လိုက်သည်။

'သူတို့သဘောကျအောင် ဂျင်နီ ကြိုးစားပါ့မယ် အစ်ကိုရယ်'

'အစ်ကို သိပါတယ်ကွာ၊ ဘာမှ ထူးထူးခြားခြားကြိုးစားစရာ မလိုပါဘူး၊ ကဲ. . တို့ ဝိုင်သောက်ကြရအောင်'

ဂျင်နီ သူ့ကို မော့်ကြည့်သည်။ မျက်နှာကလေးမှာ ကြည် နေ၏။ အားတက်နေသဖြင့် ပို၍လှနေ၏။ ပြီးတော့ ငြိမ်းအေးနေ၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

သူတို့နှစ်ဦး၏ ပျော်ရွှင်မှုကို ကံကြမ္မာက မရှုစိမ့်ဖြစ်လေရော့သလား။ နယူးယောက်သို့ ပြန်ရောက်ပြီး မကြာမီ တယ်လီဖုန်းမြည်လာသည်။ မေမေ့အသံကို ကြားလိုက်သဖြင့် မာတင် လန့်ဖျပ်သွားသည်။ ငိုသံဖြင့်

'အမယ်လေး သားရယ်၊ ခုမှပြန်ရောက်တယ် ဟုတ်လား'

'ဘာဖြစ်လို့လဲဟင် မေမေ'

'မေမေ သားကို ဘယ်လိုစပြောရမလဲ၊ သားဖေဖေ နှလုံးရောဂါနဲ့လဲပြီ'

မာတင် မယုံနိုင်အောင် ဖြစ်သွားသည်။ တားမောင့်က မထွက်မီပင် မေမေနှင့် တယ်လီဖုန်းပြောကြသေးသည်။ နောက်ဆုံးရောက်ခဲ့စဉ်ကလည်း ဖေဖေ့ကျန်းမာရေးက ဒေါင်ဒေါင်မြည်။ အမေကသာ ချုချာတာ။

'သားတော့ နားမလည်နိုင်အောင်ပဲ၊ ဘယ်လိုဖြစ်တာလဲ မေမေ'

'လွန်ခဲ့တဲ့ နှစ်နာရီကတည်းက သားဆီကို ဆီဗီယာနဲ့ မေမေ တစ်လှည့်စီ ဆက်နေတာ'





'ဘယ်မှာလဲ မေမေ၊ ဆေးရုံမှာလား'

'မဟုတ်ဘူး အိမ်မှာပဲ'

'ဗျာ. . အိမ်မှာပဲဟုတ်လား၊ ဘာလို့ ဆေးရုံမတင်ကြတာလဲ'

'သူက ဆေးရုံမတက်ဘူးတဲ့ သားရယ်'

မေမေ ငိုပြန်သည်။

'ဒေါက်တာဆီလ်ဗာမန်က ဘာလို့မတိုက်တွန်းတာလဲ'

'သားဖေဖေက ဆေးရုံရောက်ရင် သူ့အတွက် ပြန်လမ်း မရှိတော့ဘူးဆိုပြီး အစွဲရှိနေတယ်၊ ဒါကို ဆရာဝန်က ထည့်တွက်နေရတယ်လေ'

'ခုလိုဖြစ်တဲ့အချိန် သားအနားမှာ မရှိတာ စိတ်မကောင်းပါဘူး မေမေ၊ မီရာလေယာဉ်နဲ့ လိုက်ခဲ့ပါ့မယ်'

'ကျေးဇူးတင်ပါတယ် သားရယ်၊ အမြန်ဆုံးရောက်ဖို့ ကြိုးစားနော်'

'စိတ်ချပါ မေမေ၊ စိတ်ချနေပါ၊ မေမေ့ကို သားချစ်ပါတယ်' ဟု အသံဖြည့် ပြောလိုက်သည်။ ဖေဖေ့ကို သည်လိုပြောခွင့်မှ ရပါတော့မလား၊

ကမ္ဘာကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားပြီဟု ဂျင်နီခံစားလိုက်ရ၏။ လွန်ခဲ့သည့် မိနစ်ပိုင်းအထိ သူတို့အနာဂတ်သည် ပျော်စရာတို့ဖြင့် ဖြောင့်ဖြူးလျက်။ ခုတော့ အရာအားလုံးတို့သည် ရုတ်ခြည်းပြိုကျပျက်စီးသွားလေပြီ။ ဂျင်နီ့ စိတ်ထဲက အလိုလိုသိနေ၏။ သည်အခြေအနေမျိုးဖြင့် မာတင် အိမ်ပြန်ရောက်သွားလျှင် သူ့ကို ပြန်လွှတ်ကြတော့မည်မဟုတ်၊ သည်လိုတော့ အဖြစ်မခံနိုင်ပါ။

'ဂျင်နီပါ လိုက်ခဲ့မယ် အစ်ကို၊ အစ်ကိုတို့ အိမ်ကိုလိုက်ဖို့ပြောတာ မဟုတ်ဘူးလေ၊ အရေးအကြောင်းဆို အစ်ကို့ကို ကူညီနိုင်အောင် လိုက်ခဲ့မယ် ပြောတာပါ'

'ခုလိုအခြေအနေမှာတော့ မလိုက်ပါနဲ့ဦး ဂျင်နီရယ်နော်၊ အချစ် သိပ်ဒုက္ခများမှာပေါ့၊ အစ်ကို့အနေနဲ့ ဘယ်တရားပါ့မလဲ'

ဂျင်နီ ငိုချင်စိတ်ပေါက်သွားသည်။ သို့သော် စိတ်ကိုထိန်းလိုက်၏။

'ဒါဖြင့် အစ်ကို လေယာဉ်ရုံးကို ဖုန်းဆက်လေ၊ ဂျင်နီကော်ဖီ သွားဖျော်လိုက်မယ်'

မာတင် လေယာဉ်ကွင်းသို့ သွားမည့်ဆဲဆဲတွင် လည်ပင်းကို သိုင်းဖက်ထားသည်။ ကားမောင်းပို့မည် တကဲကဲလုပ်နေသည်ကို မာတင်က


www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်နေပြီဖြစ်လို့ မလိုက်ခဲ့ဖို့ ဖျောင်းဖျသည်။

'အစ်ကို အရေးရှိရင် ဂျင်နီ့ကို လှမ်းပြောနော်'

'စိတ်ချပါကွယ်၊ အစ်ကို အမြန်ဆုံး ပြန်လာခဲ့မယ်နော်၊ နောက်တစ်ခါ အချစ်ကို အစ်ကို ခုလိုမထားခဲ့တော့ဘူးနော်'

♠ ♠ ♠

သစ်တောရိပ်သာ အိမ်ကြီးထဲသို့ ဝင်လိုက်သည်နှင့် စိတ်တွေ လေးသည်ထက် လေးသွားသည်။ နိမိတ်ဆိုးတစ်ခုခုနှင့် ရင်ဆိုင်ရတော့မည်ဟု ခံစားလိုက်ရသည်။ ဧည့်ခန်းပြတင်းများမှ ထွက်လေးလံလှသည့် ခန်းဆီးတွေကို အားလုံးဆွဲပိတ်ထားသည်။ အိမ်ကြီးကိုယ်တိုင်က ပူဆွေးသောကရောက်နေသည့်နှယ်။ အမေလုပ်သူကိုပွေ့ဖက်နှုတ်ဆက်ရင်း အခြေအနေမကောင်းကြောင်း နားလည်လိုက်၏။

'အို. . သားရယ်၊ ကျေးဇူးတင်လိုက်တာ၊ ဒေါက်တာဆီလ် ဟမန်ခုပဲ ပြန်သွားတယ်၊ ဒီနေ့တော့ နည်းနည်းသက်သာတယ်လို့ ပြောသွားတယ်'

မာတင် ခေါင်းညိတ်ပြီး

'သား. . . သွားတွေ့မယ်နော်'

'သားကို ဖေဖေမျှော်နေတာပါကွယ်၊ သား ရောက်လာမယ်ဆိုတာလဲ မေမေ ပြောထားပါတယ်'

အပေါ်ထပ်သို့ မာတင် တက်ခဲ့သည်။ တံခါးကို အသာဖွင့်ပြီး ဝင်သည်။ ဖေဖေ့အိပ်ခန်းထဲတွင် ဖေဖေမြတ်နိုးသည့် ပစ္စည်းမျိုးစုံကို တွေ့ရ၏။ ငွေဘောင်ကွပ် ဓာတ်ပုံများ၊ ဆေးတံမျိုးစုံနှင့် ဆုတံဆိပ်များ၊ ဖေဖေ့ဘဝတစ်လျှောက် ရရှိခဲ့သည့် ဆုကြီးဆုငယ်တွေ။

သို့သော် ဒီနေ့ဖေဖေ့မှာ ရောမအိပ်ရာကြီးပေါ်တွင် ပိန်ချုံးညှိုးငယ်နေ၏။ ဟိုတုန်းက ဖေဖေ့ပုံ ရှာလို့မတွေ့တော့။ အိပ်ရာနံဘေးတွင် ခေါက်ဆီဂျင်ဘူးကြီးတွေက မင်္ဂလာမဲ့စွာဖြင့် နိမိတ်ဆိုးကို သတိပေးနေဘိသို့။

မာတင့်မျက်လုံးထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်၊ ဘုရားသခင်. . . ဘုရားသခင်၊ သေရမည့်အရွယ်သို့ ဖေဖေ မရောက်သေးပါ။





အမျှားကြီး နေနိုင်သေးသည့်အရွယ်၊ မြေးတွေနှင့်တပျော်တပါး နေရမည့်အရွယ်။

ကုလားထိုင်တစ်လုံး ဆွဲထိုင်သည်။ ဂျင်နီကမွေးသည့် ကလေးကို ဖေဖေ ပွေ့ချီပါမည်လားဟုလည်း တွေးနေမိ၏။ သို့သော် အဖေ့အတွက် စိုးရိမ်စိတ်သည် အခြားအတွေးများကို ချက်ခြင်းလွှင့် ပြယ်သွားစေ၏။ မိနစ်အနည်းငယ်ကြာမှ ဖေဖေ မျက်လုံးဖွင့်ကြည့်သည်။

'သားရောက်နေတာ ကြာပြီလား'

ဖေဖေ လေသံဖြင့် မေးသည်။

'သိပ်မကြာသေးပါဘူး ဖေဖေ'

ဖေဖေသက်ပြင်းချသည်။ တိုးတိုးလေး စကားဆက်သည်။

'ခုရက်ပိုင်းမှာ သားလဲ စိတ်ချမ်းသာမယ် မထင်ဘူး၊ သားရဲ့အလိုကို ရာနှုန်းပြည့်မလိုက်နိုင်တဲ့အတွက်လေ၊ သားကို စိတ်ကျေနပ်အောင် ဖေဖေမစွမ်းဆောင်နိုင်ခဲ့ဘူး၊ ဖေဖေ တာဝန်မကျေခဲ့ဘူး၊ ဒါပေမယ့် ဖေဖေအလိုရှိတဲ့အခါ သား ဖေဖေ့အနားကို အချိန်မီ ရောက်လာတယ်နော်၊ ကဲ. . ဖေဖေ့ကို ထူပေးပါဦးကွယ်၊ အဲ. . ဟုတ် ပြီ ဖေဖေတစ်ခုခု ဖြစ်သွားရင်. . .'

မာတင် စကားဖြတ်ပြောမည်ပြုသည်။ သို့သော် ဂျူလီယန်က လက်ကာပြပြီး စကားဆက်သည်။

'ဖေဖေပြောတာ နားထောင်စမ်း၊ ဖေဖေ့အကြောင်း ဖေဖေသိတယ်၊ ဖေဖေမရှိရင် သားမေမေကော သားကော သိပ်မလွယ်ဘူး၊ ဘာပြုလို့လဲဆိုတော့ တာဝန်တွေဟာ သားခေါင်းပေါ်ကို အတိုင်းအတာတစ်ခုအထိ ရောက်လာလိမ့်မယ်၊ ဒါပေမယ့် အဲဒီတာဝန်တွေကြောင့် သားရဲ့ဘဝကို အနှောင့်အယှက်မဖြစ်စေနဲ့၊ ဖေဖေပြောတာ နားလည်တယ်နော်'

မာတင့် တစ်သက်မမေ့နိုင်သည့် ဖေဖေ့စကားလုံးများ၊ သားအတွက် ထားခဲ့သည့်အချစ်နှင့် ပတ်သက်သော အမွေစကားလုံးများ ဖြစ်ပါ၏။

'ကဲ. . မနက်ဖြန်မှ ဆက်ပြောကြတာပေါ့၊ ဖေဖေပြန်လှဲ ချင်ပြီ'

မာတင်က ပွေ့ပြီး ပြန်လှဲပေးရင်း ပါးလျသည့် အသက်ရှူသံကို နားထောင်နေသည်။ တစ်ချက်ရှိုက်လိုက်ပြီး ဖေဖေ့မျက်နှာ အရောင်ပြောင်းသွားသည်။ အခန်းထဲမှ ပြေးထွက်ခဲ့ပြီး ဆရာမကို လှမ်းခေါ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အခန်းထဲပြန်ရောက်တော့ ဂျူလီယန် အသက်မရှိတော့။ မာတင် တွေပြီး ရပ်နေမိသည်။ မျက်ရည်တွေ တွေတွေကျလျက်။

'ဖေဖေ စိတ်မချမ်းသာအောင် လုပ်ခဲ့မိပေမယ့် ဖေဖေ့ကို သား ချစ်ပါတယ် ဖေဖေ'

မေမေ့ဆီ ပြန်ဆင်းလာခဲ့သည်။ စာကြည့်ခန်းထဲတွင် ဆိုဖါယာနှင့် အတူ ထိုင်နေသည်ကို တွေ့ရ၏။ သားမျက်နှာကိုကြည့်ပြီး ဘက်စီချက်ခြင်း သိလိုက်၏။

'ဆုံးသွားပြီလား သား'

မာတင် ခေါင်းညိတ်သည်။ ဘာမှမပြောဘဲ ဘက်စီထလာခဲ့သည်။ အပေါ်ထပ်သို့ တစ်လှမ်းချင်းတက်လာခဲ့၏။ ချစ်လင်၏ အလောင်း နံဘေးတွင် တစ်နာရီကျော်ကျော်ထိုင်ငိုနေ၏။ အမျိုးတွေ၊ ညီ့သည်တွေ တဖြည်းဖြည်းများသည်ထက် များလာကာမှ စိတ်ထိန်းပြီး ကိုယ့်ကိုကိုယ် အားတင်းလိုက်သည်။ ဘက်စီသည် သူ့ကိုယ်သူ ရှိသည်ဟု မသိခဲ့သည့် ခွန်အားများဖြင့် အသုဘကိစ္စများကို ကိုယ်တိုင်စီစဉ်သည်။

တရားနှင့်ဖြေဖို့ လာရောက်အားပေးသူတွေကို မသိကျိုးကျွန်ပြု ကာ လုပ်စရာရှိသည်များကို သွေးအေးအေးဖြင့် လုပ်သွားသည်။ သည်လို ဆုံးရှုံးမှုမျိုးကို ဖြေသိမ့်စရာလိုပါမည်လား. . . ဖြေသိမ့်၍ ရကောင်းသော ဆုံးရှုံးမှုမျိုးလား. . .။

ဂျူးတို့၏ ရိုးရာဓလေ့အရ အမြန်ဆုံးသင်္ဂြိုဟ်သည်။ အဘိုးအဘွား များ၏ အုတ်ဂူတွေနှင့် ယှဉ်တွဲဂူသွင်းသည်။ မာတင်က မြင်ကွင်းကို ငေး ကြည့်နေရင်း သည်နေရာနှင့်ဝေးသောတစ်နေရာတွင် ဘရင်ဂျီဘာဘာသာ ဝင် ဇနီး၏ဂူနံဘေး၌ယှဉ်၍ ဂူသွင်းနေသည့် မိမိအလောင်းကို မျက်စိထဲ မြင်ကြည့်နေ၏။ အတန်ကြာမှ သတိဝင်လာကာ မေမေ့ကို လှမ်းကြည့်လိုက် သည်။ ကျောက်ဆစ်ရုပ်လိုရပ်ပြီး ဘုန်းတော်ကြီး၏ သံဝေဂဓမ္မတေးသံကို နာနေ၏။ ပြီးသည်နှင့် မေမေ့လက်မောင်းကို မာတင်တွဲသည်။ သက်မဲ့ရုပ်တု တစ်ခုလိုဖြစ်နေသည့် မိခင်ကို ကပ်ပြောရသည်။

'မေမေ. . . ပြန်ကြစို့နော်'

ကြေကွဲဖွယ် တိတ်ဆိတ်နေသည့် ဒီဇင်ဘာနေ့လည်ခင်းတွင် မေမေ့နှုတ်ခမ်းမှ စကားသံတိုးတိုးလေး ထွက်လာသည်။





'ငြိမ်းချမ်းစွာ အိပ်စက်ပါတော့ ဂျူလီယန်၊ ဘုရားသခင်က ကျွန်မ ကို ရှင့်ဆီပို့ပေးတဲ့အထိ စောင့်နေပါနော်'

ထိုညတွင် ဂျင်နီ့ဆီသို့ ဖုန်းဆက်သည်။ အသုဘကိစ္စကို အသေး စိတ် မမေးသည့်အတွက် ကျေးဇူးတင်ပါသေးသည်။ ဂျင်နီက ဘာမှထွေထွေ ထူးထူးမပြောဘဲ အောက်မေ့နေကြောင်းနှင့် ပြန်လာမည့်ရက်ကိုသာ အလောတကြီးမေးသည်။

'အစ်ကို တိတိကျကျ မပြောနိုင်သေးဘူး ဂျင်နီ၊ စဉ်းစားကြည့်လေ မေမေ့အခြေအနေ စောင့်ကြည့်ရဦးမှာပေါ့'

ဟုတ်ပါသည်။ ဒါကို ဂျင်နီသိပါသည်။ မိမိကိုယ်တိုင်အမေ သေဆုံး သည်ပဲ။ အခြေအနေချင်းတော့ မတူဘူးပေါ့လေ။ အထီးကျန် နိုင်လွန်းသည် မို့ အစ်ကို့ကို သိပ်အောက်မေ့နေသည်။ သို့သော် ဝေဒနာကို ကြေညာ အပ်သည့် အချိန်မဟုတ်၍

'အစ်ကိုပြောတာ ဟုတ်ပါတယ်လေ၊ အစ်ကို့ကို ဂျင်နီသိပ်ချစ် တယ်၊ အဲ့ဒါကို အစ်ကို အမြဲသတိရပါနော်'

'စိတ်ချပါ အချစ်ရယ်၊ စိတ်ချနေပါ'

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

# (၁၅)

ပထမတော့ အိမ်တွင်းမှုကိစ္စတွေအသားကျပြီးလျှင် ရှေ့နေရှေ့ရပ်များနှင့် စီစဉ်စရာရှိသည်ကို စီစဉ်ခဲ့ကာ နယူးယောက်သို့ ပြန်နိုင်မည်ထင်ခဲ့သည်။ သို့သော် သည်လိုလုပ်၍ မရနိုင်မှန်း မကြာခင် သိလာတော့၏။ တော်တော်နှင့်အိမ်က ခွာလို့ရတော့မည်မဟုတ်။ ဖခင်၏ သေတမ်းစာအရ အဓိကလုပ်ငန်းအားလုံး မာတင့်တာဝန် ဖြစ်လာသည်။ လုပ်စရာတွေက အတောမသတ် ဖြစ်နေတော့၏။

ဗိုမင်းနစ်ကို ဖုန်းဆက်ပြီး ခွင့်ရက်တွေ တိုးယူနေရခြင်းအတွက် တောင်းပန်ရသည်။ ဗိုမင်းနစ်က စိတ်အေးအေးထားပြီး လုပ်စရာရှိတာလုပ်ဖို့ အားပေးစကားပြောသည်။ မာတင်၏ ဆပ်ပြာလုပ်ငန်းမှာ တစ်နေ့တခြား တိုးတက်လာသည်။ ဗိုမင်းနစ်၏ ဂုတ်တီအေဂျင်စီလုပ်ငန်းနှင့် ဆက်နွယ်နေခြင်း ဖြစ်၍ ဗိုမင်းနစ်အနေဖြင့် မာတင့်အလုပ်ကို ထိန်းထားပေးနိုင်ခြင်း ဖြစ်၏။

ဂျင်နီနှင့်စကားပြောရသည်ကို မာတင် အားမလိုအားမရ ဖြစ်နေ၏။ သို့သော် လောလောဆယ်ရှင်းရမည့်ပြဿနာတွေက လက်တစ်ကမ်း





တွင် စုပြုံနေ၍ သည်ကိစ္စကို ဦးစားမပေးနိုင်ဘဲ ဖြစ်နေသည်။ ပိုင်စားမြေတွေနှင့် လုပ်ငန်းအားလုံးကို ဘက်စီနာမည်နှင့်ထားခဲ့သည်။ သို့သော် မာတင့်ကို သည်လုပ်ငန်းအားလုံး၏ တာဝန်ခံအဖြစ် ခန့်အပ်ခဲ့သည်။

ပထမဆုံး အိမ်တွင်းရေးကိစ္စများ မာတင့်ခေါင်းပေါ် ရောက်လာသည်။ မအေလုပ်သူက သားကို တစ်နေ့တစ်ခြား အားကိုးလာသည်။ ပူဆွေးသောကများကို အံကြိတ်မျိုသိပ်ထားနိုင်သော်လည်း သားဖြစ်သူကိုတော့ မျက်စိအောက်က အပျောက်မခံနိုင်အောင်ဖြစ်နေ၏။ ချောက်ချားဖွယ်အတိ ဖြစ်နေသည့် အသုဘပြီးစ အိမ်ကြီးတွင် ဆီဗီယာသာ မရှိလျှင် လေးလံစွာတိတ်ဆိတ်ငြိမ်သက်နေမည် မုချ။ ဘက်စီကို ပြုံးနိုင်ရယ်နိုင်အောင် ဖန်တီးနိုင်သူမှာ ဆီဗီယာသာ ဖြစ်၏။ ငယ်ငယ်က အကြောင်းများကို ဆီဗီယာ စမြုံ့ပြန်လျှင် ဘက်စီ သဘောကျနေတတ်၏။ မာတင်နှင့် ပတ်သက်၍မူ ဆီဗီယာက ကာလတစ်ခုကို ချန်လှပ်ပြီး ငယ်ငယ်တုန်းက ပုံစံဖြင့်သာ ပေါ့ပေါ့ ပါးပါး ဆက်ဆံသည်။

စစ်အတွင်းတုန်းက မာတင့်ကိုယ်စား လာပြီးစောင့်ရှောက်ခဲ့သလိုယခုလည်း သစ်တောရိပ်သာအိမ်ကြီးသို့ ဆီဗီယာရောက်လာ ခဲ့ပြန်သည်။ တစ်ညတွင် စာကြည့်ခန်းထဲ၌ မာတင်တစ်ယောက်တည်း ရှိနေ၏။ စကားပြောဖော် တစ်ယောက်ယောက်ရှိဖို့လိုမည်ထင်၍ ဆီဗီယာ ဝင်သွားသည်။ သူ့အတွက် ဝီစကီနှင့်ဆိုဒါ စပ်ပေးသည်။ ဖန်ခွက်ကို လှမ်းပေးရင်း

'တိတ်တိတ်နေသော် ထောင်တန်၏ဆိုတာမမှန်ဘူး မာတင်၊ စိတ်ဓာတ်ကျစရာတွေဖြစ်လာမယ်၊ ဘာဖြစ်လို့တစ်ယောက်တည်း မှိုင်မှိုင်နေရတာလဲ၊ ဆီဗီယာ မျှဝေခံစားမှာပေါ့ မာတင်ရယ်၊ စကားတွေ ပြောစမ်းပါလားကွယ်'

မာတင် သက်ပြင်းချသည်။

'မလွယ်ပါဘူး ဆီဗီယာရယ်'

'ကြိတ်မှိတ်ခံစားနေရတာထက်စာရင်တစ်ယောက်ယောက်ကို ဖွင့်ပြောလိုက်တာ ပိုသက်သာပါတယ် မာတင်ရယ်၊ ဆီဗီယာကြောင့် ဘယ်တော့မှ မာတင်အကျိုးမယုတ်စေရပါဘူး စိတ်ချ'

မာတင် မတ်တတ်ထရပ်သည်။ အရက်ခွက်ကို ထပ်ဖြည့်သည်။

'ဖေဖေဆုံးရတာကို ကိုယ့်အပြစ်မကင်းဘူးလို့ စိတ်ထဲထင်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆီဗီယာ၊ ပြီးတော့ သူဖြစ်ချင်တာတွေကို ကိုယ်ဘာမှမလုပ် ပေးနိုင်ခဲ့ဘူး'

'ခဏနေပါဦးမာတင်၊ အဘိုးကြီးဆုံးတာ မာတင့် အပြစ်ဟုတ်လား၊ မဆိုင်တာပဲမာတင်ရယ်'

'ကိုယ် သူ့ကို တစ်နှစ်လုံးလုံး ပစ်ထားခဲ့တယ်လေ၊ ကိုယ်နယူးယောက်ကို ထွက်သွားကတည်းက ဖေဖေစိတ်ထိခိုက်ခဲ့တာ၊ ပြီးတော့ ဂျင်နီ့ကိစ္စလဲ သူဘယ်လိုခံစားရတယ်ဆိုတာ မင်းသိပါတယ် ဆီဗီယာ'

'ဩော်. . မာတင်ရယ်၊ ဘာလို့ ကိုယ့်ကိုကိုယ် စိတ်ဆင်းရဲ အောင်လုပ်နေရတာလဲဟင်၊ မာတင်တို့အဖေဟာ မာတင့်ကိုတစ်လျှောက်လုံး အလိုလိုက်ခဲ့တာပဲ၊ ဂျင်နီဘရင်ဂျီဘာသာဝင်ဖြစ်နေလို့ စိတ်မကောင်းဖြစ်ချင်တော့ ဖြစ်လိမ့်မယ်၊ ဆီဗီယာ တစ်ခုအကြံပေး ပါရစေနော်၊ ခုချိန်ကစပြီး မာတင့် ဘဝကို ပြန်စဖို့သင့်ပြီ၊ လုပ်စရာရှိတာ ဆက်လုပ်ပေါ့'

'ဖေဖေရှိရင်တော့ ဟုတ်တာပေါ့ ဆီဗီယာ၊ ခုအခြေအနေမှာ မေမေ့ကို ထားခဲ့ပြီးပြန်သွားဖို့ဆိုတာ မလွယ်ဘူးလေ'

ဆီဗီယာက ယမကာကို တစ်ကြိုက်မော့ရင်း မာတင့်ကို တစ်ခြားမိန်းမသားတစ်ဦး၏ ရင်ခွင်ထဲသို့ ဘာကြောင့် ပြန်လွှတ်နေမိကြောင်း စဉ်းစားမရဖြစ်နေသည်။ သူ့ကို ပျော်စေချင်သည်။ သူ မပျော်သည့် ဘဝကို တော့ မကြားလို မမြင်လိုပါ။ သက်ပြင်းတစ်ချက်ချပြီး

'အားလုံးကို မေ့လိုက်ပြီး ဂျင်နီနဲ့ အမြန်လက်ထပ်လိုက်ပါ မာတင်၊ အမေနဲ့ မခွဲချင်ဘူး ဆိုရင်လဲ ဂျင်နီ့ကို ပြန်ခေါ်လာခဲ့ပေါ့'

'ဆီဗီယာကလဲကွာ၊ အမေက အဲဒီအဆင့်အထိ လက်ခံသေးတာမှ မဟုတ်ဘဲ၊ မင်းလဲ သိသားနဲ့၊ ခုအခြေအနေနဲ့ဆို ပိုဆိုးတော့မှာပေါ့'

'ဒါဖြင့် ဘာလုပ်မယ် စိတ်ကူးလဲ၊ အချိန်ဆွဲနေလို့ကော ဂျင်နီ့အပေါ် တရားမျှတရာ ကျပါ့မလား'

'မင်းပြောသလို မဟုတ်ပါဘူး ဆီဗီယာ၊ နှစ်ဆန်းမှာ လက်ထပ်ဖို့ကိုယ်ဆုံးဖြတ်ထားတာပဲ၊ ဒါပေမယ့် အခြေအနေအရ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကို ရှေ့တန်းတင်လို့မရတော့ဘူးလေ၊ မေမေ ဒီထက်ပိုစိတ်ဆင်းရဲအောင်တော့ ကိုယ်မလုပ်နိုင်ဘူး ဆီဗီယာ'

မာတင်ထရပ်သည်။ အခန်းထဲတွင်ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။

'ကိုယ့်ခေါင်းထဲမှာ နောက်ကျိနေတာပဲ ဆီဗီယာ၊ ဘာလုပ် ရမှန်း





မသိဘူး၊ မေမေ့အတွက်ကော ဂျင်နီ့အတွက်ပါ တရားမျှတအောင် ကိုယ်လုပ်ချင်တယ်၊ သိပ်စိတ်ခေါက်ကျတာပဲကွာ၊ ကိုယ့်ကို အကြံပေးပါဦး ဆီဗီယာ'

'အဲဒီ မိန်းကလေးကို မာတင် တကယ်ချစ်တယ်ဆိုရင်တော့ လက်ထပ်သင့်တာပေါ့'

သည်လို ပြောလိုက်ရသည့်အတွက် ဆီဗီယာ့ရင်ထဲ နင့်ခနဲ အောင့်သွားသည်။

'အနတ်ဘက်စီအတွက် စိတ်မပူပါနဲ့လေ၊ ဆီဗီယာတို့ အားလုံး ခံတော့ခံကြရမှာပေါ့၊ ဒါပေမယ့် အချိန်က ကုစားသွားပါလိမ့်မယ်၊ ဂျင်နီ့အနေနဲ့လဲ တယ်လီဖုန်းဆက်နေရုံနဲ့ ဘယ်ကျေနပ်နိုင်ပါ့မလဲ၊ တစ်လဆိုတဲ့ အချိန်ဟာ နည်းလား မာတင့်ရယ်'

ဆီဗီယာပြောသည်ကို မှန်သည်ဟု မာတင် ယူဆလိုက်သည်။ နောက်တစ်နေ့တွင် မေမေနှင့် ပွင့်ပွင့်လင်းလင်း ပြောတော့မည်။

♠ ♠ ♠

နယူးယောက်တွင် ဂျင်နီတစ်ယောက် ဆီဗီယာထင်သည်ထက်ပင် ဆောက်တည်ရာမရ ဖြစ်နေ၏။ တစ်နေ့တခြား စိတ်ပူသည်ထက် ပူလာသည်။ သို့သော် ရေးသည့်စာတွေကိုမထည့်ဘဲ ဆုတ်ပစ်သည်ကခပ်များများ။ အစ်ကို စိတ်အနှောင့်အယှက်ဖြစ်မှာကိုလည်း ဂျင်နီကြောက်သည်လေ။

ပို့ဖြစ်သည့် စာတွေထဲတွင်မူ ချစ်သည့်အကြောင်းများကိုသာ ဖွဲ့ကာနွဲ့ကာ ရေးလေသည်။

***အချစ်ဆုံးထာဝရ အစ်ကိုရေ. . .***

*တစ်နေ့လုံး အစ်ကို့အကြောင်းကို ဂျင်နီတွေးနေမိတယ်၊ အစ်ကို့အတွက် လုပ်ပေးစရာရှိတဲ့ အသေးအဖွဲကိစ္စကလေးကို ဂျင်နီ ဦးစားပေးနေမိတယ်။*

*အချစ်ဆုံးအစ်ကိုရေ. . . နယူးယောက်တစ်မြို့လုံးကို နှင်း တွေဖုံးနေပြီလေ။ မနေ့က ကျတဲ့ နှင်းမုန်တိုင်းဟာ ဖြစ်ပေါင်း ၃၀*



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ အပြင်းထန်ဆုံးတဲ့ အစ်ကိုရယ်။
ချစ်တဲ့အစ်ကိုရယ်. . ရာထူးတက်လို့တော့ ပျော်ရပါရဲ့။ ဒါပေမယ့် အချစ်နဲ့ ဝေးနေရတဲ့ဘဝဟာ သိပ်အထီးကျန်နိုင်လွန်းတယ်ကွယ်. . . ပြန်လာပါတော့နော်။

အစ်ကို့ကို သိပ်ချစ်တဲ့
ဂျင်နီ

သို့သော် အစ်ကို့ဆီက တယ်လီဖုန်း ပြန်ဆက်သည်ထက် ဘာမှမပို။ အမြန်ဆုံးပြန်ခဲ့မယ်လို့ ပြောပါများတော့လည်း ဂျင်နီ မယုံချင်တော့ပြီ။ ကြာတော့ တယ်လီဖုန်းခေါ်သံသည် ဂျင်နီ့ရင်ကို မနွေးထွေးစေတော့။ အထီးကျန်ဝေဒနာမှ စိတ်ဓာတ်ကျသည့်ဘက်သို့ တဖြည်းဖြည်း ကူးလာသည်။ လွန်ကဲလာသော စိုးရိမ်စိတ်များသည် ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်သည်အထိ ပြင်းထန်လာသည်။ နောက်ဆုံး စာကြွင်းရေးပြီးချိန် အာရုဏ်တက်နေပြီ။

အချစ်ဆုံးအစ်ကို
အစ်ကို့အတွက် သိပ်ကိုမလွယ်တဲ့ အခြေအနေဆိုတာ ဂျင်နီ နားလည်နိုင်ပါတယ်။ ဂျင်နီ့ဘက်ကလဲ ထိုနည်းလည်းကောင်းပါပဲ။ ဒီတစ်နေရာတည်းမှာ ဂျင်နီတစ်ညပြီးတစ်ည ဆက်ထိုင်နေရပါတယ် အစ်ကို။ အထီးကျန်ဘဝထဲမှာ နှစ်သထက်နှစ်နေသလိုပါပဲ။ ဘဝဟာ ဘယ်ကိုများဦးတည်နေပါလိမ့်ဆိုပြီး မီးဖိုမဆုံး မိုးမဆုံး စဉ်းစားရင်းပေါ့။ ဒီနေ့တော့ တစ်ရုံမလပ် အစ်ကို့အကြောင်းတွေးရင်း ဂျင်နီ့ခံနိုင်ရည်တွေသမျှတို့ ကုန်ဆုံးသွားကြပါပြီ အစ်ကို။ အစ်ကို့ ဘဝထဲက ဂျင်နီ့အတွက်နေရာကို အလေးအနက် စဉ်းစားရင်းဆိုပါတော့။
ဂျင်နီ့အတွက် လမ်းဆုံလမ်းခွရောက်လာပြီ အစ်ကို။ အစ်ကို့ကမ္ဘာဟာ ဂျင်နီ့အတွက်နေရာမရှိတဲ့ ကမ္ဘာပါ။ အစ်ကို ဂျင်နီ့ကို တကယ်ချစ်ရင် အစ်ကို ခံစားနေရတဲ့ သောကအထွေထွေကို မျှဝေခံစားနိုင်ရမယ်ပေါ့။ ဒါပေမယ့် အစ်ကို ခွင့်မပေးခဲ့ပါဘူး။ ဂျင်နီ့ ကို အစ်ကို့ကမ္ဘာရဲ့ ပြင်ပမှာ ထားခဲ့တယ်။





ချစ်မိကြပြီဆိုရင် ချစ်သူနဲ့အတူ ဒုက္ခသုက္ခကို မျှဝေခံစားကြရမယ် အစ်ကို၊ အဲဒီအခွင့်အရေးကိုမှမရရင် အချစ်ဆိုတဲ့ အဓိပ္ပာယ်ဟာ လုံးဝမရှိတော့ပါဘူး။
အစ်ကို့နဲ့ ဂျင်နီဟာ တစ်ယောက်နဲ့တစ်ယောက် ခွန့်ကြရတော့မယ်ဆိုတာ နှစ်ယောက်စလုံးသိနေကြပါပြီ။ အစ်ကို့ကို သိပ်ချစ်လွန်းတဲ့အတွက် အဝေးတစ်နေရာကို ဂျင်နီ ထွက်သွားပါတော့မယ်။
ဒီတစ်လမ်းပဲ ရွေးစရာရှိလို့ပါ အစ်ကို။
ချစ်တဲ့အစ်ကိုတစ်ယောက် ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေလို့ ဂျင်နီ ဆုတောင်းခဲ့ပါတယ်။

အချစ်များစွာဖြင့်
ဂျင်နီ

စာဆုံးသွားတော့ မာတင်က အထိတ်တလန့် ဖြစ်သွားသည်။ ခြေမကိုင်မိ လက်မကိုင်မိပုံစံဖြင့် တယ်လီဖုန်းဆီ ပြေးသွားသည်။ အလောတကြီး ဖုန်းခေါ်သည်။ အခန်းထဲတွင် ဖုန်းမြည်နေသည်။ ဂျင်နီ မရှိတော့။ အစ်ကို့ကို သိပ်ချစ်လွန်းလို့ အဝေးတစ်နေရာကို ထွက်သွားပါပြီ. . . တဲ့။ အရိုက်တည့်တည့်ကို လက်သီးပြင်းပြင်းဖြင့် တအားအထိုးခံလိုက်ရသလို ဖြစ်သွား၏။

ဒိုမင်းနစ်ဆီခေါ်ပြီး စုံစမ်းခိုင်းသည်။ ဒိုမင်းနစ်ထံက ကြားရသည့် သတင်းကြောင့် ပို၍ဆောက်တည်ရာမရ ဖြစ်ရပြန်၏။ ဂျင်နီ အလုပ်ထွက်သွားပြီတဲ့။ သူ့အခန်းကလေးကိုလည်း ပြန်အပ်သွားပြီတဲ့။

စာကို အထပ်ထပ်ပြန်ဖတ်သည်။ စကားလုံးတိုင်း အလွတ်ရသည်အထိ ဖတ်သည်။ ဘုရားသခင်. . . ဘုရားသခင်၊ ချစ်သူကို တစ်လကျော်ခွဲထားခဲ့ခြင်းပါလား။ မိမိလောက် မိုက်မဲသည့် သတ္တဝါ လောကတွင် ရှိနိုင်ပါဦးမည်လား။ ဆီစီယာကပင် နယူးယောက်ပြန်ဖို့ သတိပေးခဲ့သေးသည် မဟုတ်လား။ ခုတော့ ချစ်သူကို ဆုံးရပြီ။ တယ်လီဖုန်းကောက်ကိုင်ပြီး ဒိုမင်းနစ်ကို ခေါ်ပြန်သည်။
'ဒီမယ် သူငယ်ချင်း၊ နယူးယောက်မှာရှိတဲ့ အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ရေးအေဂျင်စီ တစ်ခုကို အမြန်ဆုံးဆက်သွယ်ပါ။ ဘယ်လောက်ကုန်ကုန် ငါဂရုမစိုက်ဘူး၊ သူ့ကို ငါ မတွေ့တွေ့အောင်ရှာမယ်'

သို့သော် နေ့တွေ ရက်တွေသာ တစ်စတစ်စကုန်သွားခဲ့သည်။ ဂျင်နီ့ သတင်းကို အစအနပင် မကြားရ။ မျှော်လင့်ချက် ထုထည်သည် တဖြည်းဖြည်း ပါးလျလာသည်။ နယူးယောက်သို့ ပြန်လာပြီး ကိုယ်တိုင်ရှာပြန်သည်။ အဖြေမှာ ထူးခြား၍မလာခဲ့။

ဒိုမင်းနစ်လည်း အအားမနေရ။ နှစ်ယောက်သား မလျှော့သောဇွဲဖြင့် ရှာကြသည်။ နောက်ဆုံးတွင် ခြေကုန်လက်ပန်းကျကာ သူငယ်ချင်းနှစ်ယောက် လက်လျှော့လိုက်ကြရတော့သည်။ သည်တော့မှ စိတ်နှလုံးကို တုံးတုံးချကာ ဖခင်၏ ကြွေးကိုဆပ်သည့်အနေဖြင့် ရှီသ်၊ စတန်းနှင့်တိုင်းအစုစပ်လုပ်ငန်းတွင် ဇောက်ချဖြစ်တော့ သည်။ ဆပ်ပြာလုပ်ငန်းကိုလည်း ဒိုမင်းနစ်ကုမ္ပဏီနှင့် ယာယီတွဲပေးထားလိုက်သည်။ သို့သော် ဂျင်နီ့ကို လွမ်းသအောက်မေ့မှုကိုကား ဘယ်သူ့ကိုမှ လွှဲပေး၍ မရခဲ့ပါချေ. . .။

ပြုံးကြည့်နေသည့် ဂျင်နီ့မျက်နှာကလေးသည် သွားလေရာ အရပ်တွင် သူ့ရှေ့မှ ရောက်နေတတ်သည်။ ဪ. . . ဂျင်နီရယ်၊ ဘယ်လိုလုပ်ပြီး မေ့နိုင်မှာလဲကွယ်. . . .။

နယူးယောက်တွင် ဒိုမင်းနစ်နှင့်နှစ်ယောက်သားစိတ်လျှော့လိုက်သည့် ညက အရက်ကို မူးအောင် သောက်ဖြစ်ခဲ့သည်။ ဟိုတယ်ပြန်ရောက်တော့ အိပ်ရာပေါ် ပစ်လှဲပြီး တမ်းတမ်းတတနှင့် ယူကျုံး မရဖြစ်နေမိပြန်၏။

မင်းကို အစ်ကို ဒါလောက်. . . ဒါလောက် ချစ်ပါတယ် ဂျင်နီရယ်၊ ဘာပြုလို့ မင်းစိတ်မရှည်နိုင်ရတာလဲ ဟင်၊ မင်းနားလည် ခွင့်မလွှတ်သင့်ဘူးလားကွာ။ မင်းအတွက် တာဝန်ရှိသလို၊ ကိုယ့်မိဘတွေ အတွက်လည်း တာဝန်ရှိတာပေါ့ ဂျင်နီရယ်။

မနက်နိုးလို့ လေယာဉ်ကွင်းထွက်လာတော့ တစ်လမ်းလုံး မျက်ရည်မဆည်နိုင် ဖြစ်ရ၏။ သည်တစ်ကြိမ် နယူးယောက်မှ အပြန် ခရီးကား အသည်းနှလုံးတွေ မပါခဲ့သလို ရင်ဟာင်းလင်းဖြင့်ပါတကား။

♠ ♠ ♠



# (၁၆)

ကာလီဖိုးနီးယားပြည်သို့ ပြန်ရောက်ပြီး ဆောင်းနှောင်းတစ်ချိန်လုံး ဂျင်နီ့ကို တစ်ရက်မှမမေ့ခဲ့။ အလုပ်ထဲတွင် နစ်မြုပ်နေ၍ တော်ပေသေးသည်။ မနက်ခြောက်နာရီတွင် အိမ်ကထွက်သည်။ ညစာစားပြီးမှ ပြန်လာလေ့ရှိသော သားလုပ်သူကို ကြည့်ပြီး ဘက်စီ စိတ်ပူစပြုလာသည်။ မာတင်ပြန်ရောက်လာချိန်တွင် မေမေ့ကိုဆိုဖီယာနှင့် ဖဲကစားနေသည်ကို တွေ့ရတတ်၏။ ဆိုဖီယာသည် အမြဲလိုလို အိမ်တွင်ရှိနေသော်လည်း မာတင့်ကို ခပ်မှန်မှန်သာဆက်ဆံသည်။ မည်သို့ဖြစ်စေ မိခင်ကြီးကို ပြုစုစောင့်ရှောက်နေဖော်ရ၍ မာတင့်အနေဖြင့် ကျေးဇူးတင်မဆုံး ဖြစ်နေ၏။ မိမိအနေဖြင့်မူ လုံးဝ အချိန်မရတော့။

ဂျင်နီနှင့် ပတ်သက်သည့် သောကမီးကို ငြိမ်းသေစေရန်မှာ အလုပ်နှင့် ဖိထားရန်မှတစ်ပါး အခြားမရှိပြီ။ အိမ်ပြန်ရောက်လို့ အိပ်ရာပေါ် လှဲလိုက်သည်နှင့်တန်းပြီး အိပ်ပျော်သွားတတ်သည်။

ဤသို့ဖြင့် နွေဦးပေါက်ခဲ့တော့သည်။ လူမှုရေးအသိုက် အဝန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ မလွဲမရှောင်သာသည့် ကိစ္စများတွင် တဖြည်းဖြည်းပါ နေရ၏။ မင်္ဂလာဆောင်တွေ၊ ညစ်ခံပွဲတွေက တက်လို့ မဆုံးနိုင်တော့။ အမေ့ကို မဆန့်ကျင်လိုသဖြင့် ရံခါ ဆီဗီယာ့ကို ခေါ်သွားရသည်။ ဆီဗီယာက မာတင့်အပေါ် ဘယ်သောအခါမှ အခွင့်အရေးမယူခဲ့ ပေ။ သူ့ဝေဒနာကို ဆီဗီယာ အမြဲလေးစားခဲ့၏။ ဆီဗီယာ့အမေနှင့် ဘက်စီတို့နှစ်ယောက်ကတော့ သူတို့မျှော်လင့်ချက်တွေ အလဟဿ ဖြစ်သွားပြီဟု မယူဆကြသေးပေ။

အသိုက်အဝန်းတစ်ခုလုံးက မာတင်နှင့် ဆီဗီယာကို အတွဲ ဟုပင် နားလည်လက်ခံထားကြ၏။ တရားဝင်အတွဲအဖြစ်ပင် ဆက်ဆံကြ၏။ ဆီဗီယာနှင့် သွားရလာရသည့်အတွက် မာတင် စိတ်အနှောက်အယှက် မဖြစ်တော့ဘဲ တဖြည်းဖြည်းကြည်နူးလာသလိုလို ဖြစ်လာ၏။ သို့သော် ဂျင်နီ့ထံမှ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဖုန်းလာလေမည်လားဟူသည့် မျှော်လင့်ချက်ကိုးကား ရင်ဝယ်ပိုက်ထားဆဲ။

သို့သော် မရေရာသည့် မျှော်လင့်ချက်ဖြင့် ဘဝကို မတည်ဆောက်နိုင်သည်ကိုလည်း မာတင် နားလည်ထားသည်။ အိမ်နှင့်ရာနှင့် လုမှုဘဝတစ်ခုကို ထူထောင်ရဦးမည်။ မိဘဆွေမျိုးတွေနည်းတူ သားတွေ သမီးတွေ မွေးပြီး မျိုးဆက်သွေးတာဝန်ကို ထမ်းဆောင်ရဦးမည်။

ဂျင်နီ့ကို ချစ်သည့်အချစ်မျိုးနှင့်တော့ ဘယ်သူ့ကိုမှ ချစ်နိုင်တော့မည် မထင်။ သို့သော် ဖေဖေပြောသလို ပြေပြေရာအချစ်တစ်မျိုးကိုတော့ တွေ့ကောင်းတွေ့လေမည်လား. . . သည်တော့မှ ဆီဗီယာ့အပေါ် အမြင်တွေ တဖြည်းဖြည်းပြောင်းလဲလာခြင်း ဖြစ်သည်။ ဂျင်နီသည် မိမိဘဝနှင့် ခွင်မကျသလောက် ဆီဗီယာမှာ အံဝင်ခွင်ကျဖြစ်နေခြင်းကို တစ်စတစ်စ မြင်လာသည်။

မျှဝါသစ်တောထဲသို့ လမ်းလျှောက် ထွက်ဖြစ်ကြသည်။ ပင်လယ်ကွေ့ထဲတွင် ရွက်လှေစီး ထွက်ကြသည်။ တိတ်ဆိတ်အေးချမ်းသည့် တောင်ပေါ်သို့ ပျော်ပွဲစားထွက်ကြသည်။

နွေရာသီ ကုန်ဆုံးချိန်တွင် အားလုံးက သူတို့နှစ်ယောက်ကို လက်ထပ်တော့မည့်ဆဲဆဲ စုံတွဲဟု အသိအမှတ်ပြုလိုက်ကြတော့၏။ မာတင်ကိုယ်တိုင်ကလည်း သည်အတိုင်းဖြစ်ရတော့မည်ဟု နားလည်လိုက်၏။





အများအမြင်နှင့် မဆန့်ကျင်တော့။ ပျော်ပွဲစားရုံတစ်ခုတွင် ညစာစားအပြီး တစ်ညသ၌ မာတင်က စားပွဲတစ်ဘက်မှ ဆီဗီယာ့ လက်ကို လှမ်းကိုင်ကာ

'မင်းကို ကိုယ်ချစ်ပါတယ် ဆီဗီယာရယ်'

ဆီဗီယာ အပြင်ကို အကြာကြီးငေးကြည့်နေသည်။

'တကယ်ပြောတာလားဟင်၊ စဉ်းစဉ်းစားစားလဲပြောပါ မာတင်ရယ်၊ ဆီဗီယာနားလည်သလောက် မာတင် ဂျင်နီ့ကို ချစ်နေတုန်းပါ'

မညာနဲ့၊ ဆီဗီယာ့ကိုမညာနဲ့ဟု မာတင် ကိုယ့်ကိုကိုယ်သတိပေးနေ၏။

'ဂျင်နီ့ကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ ကိုယ်မငြင်းပါဘူး ဆီဗီယာ၊ ဒါပေမယ့် ဒီကိစ္စဟာ ငယ်ဘဝနဲ့အတူ ကျန်ရစ်မှာပါ၊ ကိုယ်အခု တဖြည်းဖြည်း ရင့်ကျက်လာပြီလေ၊ မင်းနဲ့ကိုယ်နဲ့ နှစ်ယောက် တည်ဆောက်လို့ရတဲ့ ဘဝမျိုးကို ကိုယ်လိုချင်လာပြီ ဆီဗီယာ'

'ဒါပေမယ့် သူ့ကို ဆုံးရတဲ့အတွက် မာတင့်နှလုံးသားက ဒဏ်ရာ ပျောက်မှ မပျောက်သေးတာပဲ'

'ဒါကိုလဲ ကိုယ်မငြင်းပါဘူးလေ၊ ဒါပေမယ့် ကိုယ့်ဘဝကို လက်တွေ့ကျကျ ကြည့်နိုင်လာပါပြီ၊ အချစ်ဆိုတဲ့ အရာကို ကိုယ်သိပ်ပြီး သရုပ်မခွဲတတ်ပါဘူး၊ ကိုယ်တို့ လက်ထပ်လိုက်ရင် ပထမတော့ ပျော်ချင်မှ ပျော်ကြမယ်၊ ဒါပေမယ့် ကိုယ်မင်းနဲ့အတူ နေချင်ပြီ ဆီဗီယာ၊ မင်းဟာ ကိုယ့်အတွက်က်ဆိုတာ ကိုယ်အခုနားလည်လာပါပြီ'

ဆီဗီယာ ဘာမှပြန်မပြော။ ငြိမ်ပြီး တွေနေသည်။

'မင်းသဘောထားကို မမေးရသေးဘဲ ကိုယ်ဇွတ်ပြောနေ သလိုများ ဖြစ်နေမလား၊ ကိုယ်သိပ်ပြီး သိုင်းသိုင်းဖွဲ့ဖွဲ့ မပြောတတ်ဘူး ဆီဗီယာ . . . ကိုယ်တို့ လက်ထပ်ကြရအောင်ပါနော်၊ မင်းကို ကမ္ဘာပေါ်မှာအပျော်ဆုံး မိန်းကလေးဖြစ်အောင် ကိုယ်ကြိုးစားပါ့မယ် ဆီဗီယာ'

ဆီဗီယာ တရှုပ်ရှုပ် ငိုတော့သည်။ မာတင်က စားပွဲပေါ်မှ ကိုင်း၍ ဆီဗီယာ့မျက်နှာကလေးကို မ,ပြီး နမ်းသည်။

'နော် ဆီဗီယာ၊ ကိုယ့်ကို လက်ထပ်ပါကွယ်နော်'

သည်တဒင်္ဂကို ဆီဗီယာ တစ်သက်လုံးမျှော်လင့်စောင့်စားခဲ့ပြီးပါကွယ်။ မာတင့်ကို ရယူပိုင်ဆိုင်လိုသည်မှာ ဘဝရဲ့အကြီးမားဆုံးဆန္ဒပါ။ အင်း. . . ဒါပေမယ့် ဂျင်နီ့အလျှင် ခုလိုအခွင့်အရေးမျိုးရခဲ့ရင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ကောင်းလိုက်လေမည်လဲ။ ခုတော့ ပျော်ရွှင်မှုတို့သည် လောင်းရိပ်မိနေသလိုပါလား။ မာတင် သေချာရဲ့လား၊ သူ့ကို ယုံရမှာလား . . . တစ်ချိန်ချိန် ဂျင်နီပြန်ပေါ်လာလို့ မချစ်ပြင်ပြင် မကြင်ကိုယ်တော်စိမ်းလျှင်တော့ . . . သူ့ကို အကြာကြီးစိုက်ကြည့် နေ၏။ ပြီးမှ

'သဘောပဲလေ၊ ဒါပေမယ့် ဘယ်သူ့မှ မပြောဘဲ လျှို့ဝှက်ထားရအောင်၊ လူကြီးတွေကိုလဲ ဖွင့်မပြောသေးဘူး၊ ဘာလို့လဲ သိလား၊ မာတင်နဲ့ ဆီဗီယာမှာ စဉ်းစားစရာတွေ အများကြီးရယ်၊ မာတင်က ဘာလိုချင်တယ်၊ ဆီဗီယာက ဘာဖြစ်ချင်တယ်ဆိုတာ အချိန်ယူပြီး လေ့လာသင့်တယ်လေ'

အငြင်းပယ်ခံရသလို စိတ်ထဲ ထင့်သွား၏။

'ဆီဗီယာ့သဘောပါလေ၊ ကိုယ်တော့ နှစ်လလောက် အတွင်း လက်ထပ်ချင်တာပဲ၊ တို့နှစ်ယောက် သူစိမ်းတွေမှ မဟုတ်ဘဲ ဆီဗီယာရယ်'

'တစ်နည်းအားဖြင့်လဲ သူစိမ်းမဟုတ်တဲ့ သူစိမ်းတွေပဲ မာတင်၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ ဆက်ဆံရေးမျိုးလေ၊ တစ်ယောက်ကိုတစ်ယောက် လေ့လာစရာတွေ အများကြီးရယ်'

'မင်းပြောတာ ဟုတ်ပါတယ်လေ'

မာတင် တုံ့ဆိုင်းဆိုင်း ဝန်ခံသည်။

'ဘယ်လောက်ကြာကြာလူကြီးတွေကို မပြောဘဲနေမယ်လို့ မင်းစိတ်ကူးထားသလဲ ဆီဗီယာ'

'နောက်နှစ် ဆောင်းဦးပေါက်အထိပေါ့'

ဆီဗီယာက အနိုင်အမာ ဖြေလိုက်သည်။

သည်လိုဖြင့် နှစ်လအတွင်း မာတင်ပြီးစေချင်သည့် ကိစ္စသည် လပေါင်းများစွာ ကြာမြင့်သွားခဲ့လေသည်။ လူတွေ တီးတိုးတီးတိုးလုပ်လာကြ၏။ သို့သော် မာတင်နှင့်ဆီဗီယာတို့က လုံးဝမသိကျိုးကျွန်ပြုထားလိုက်သည်။

နောက်ဆုံးတွင်မှ အချိန်ယူစောင့်ဆိုင်းဖြစ်ခဲ့သည့်အတွက် မာတင် ကျေးဇူးတင်ရမှန်း သဘောပေါက်လာသည် မူလရှိရင်းစွဲ သူငယ်ချင်းလို ဆက်ဆံရေးမျိုးမှ ချစ်သူတွေဖြစ်လာဖို့မှာ အချိန်များစွာလိုသည် မဟုတ်ပါလား။

ဆီဗီယာက တစ်နေ့တွင် တွေးတွေးဆဆပြောသည်။





'တရားဝင်လက်ထပ်ပြီးတာနဲ့ မာတင်နဲ့ ဆီဗီယာ ကိုယ်ရေးကိုယ်တာအတွက် လုံးဝအချိန်ရတော့မှာ မဟုတ်ဘူး'

သည်ကာလတစ်လျှောက်လုံး မာတင်သည် ဆီဗီယာ့ကို အနီးကပ်လေ့လာခွင့်ရခဲ့သည်။ ဆီဗီယာ့အကြောင်း ရှာဖွေလေ တွေ့ရှိလေ ဖြစ်ရသည့် အချက်မှာ အရာတိုင်းတွင် မိမိနှင့် ထပ်တူထပ်မျှ တူညီနေခြင်း ဖြစ်၏။ အမြင်ချင်းတူကြသည်၊ အားလပ်ချိန်များကို ကုန်လွန်စေရာတွင်လည်း တစ်ဦးနှင့်တစ်ဦးထပ်တူညီ။ လမ်းလျှောက်ထွက်ဖို့ ခရီးစဉ်ရွေးတာ၊ မုန့်ပဲသရေစာ စားတာကအစ အကြိုက်ချင်းတူကြသည်။ ဂျင်နီသည် ချစ်သူဘဝတွင်သာ ပျော်စရာကောင်းပြီး လင်မယားဘဝတွင် ဆီဗီယာနှင့်လို ထပ်တူညီဖြစ်မလာနိုင်ကြောင်း မာတင် တဖြည်းဖြည်း နားလည်လာသည်။

ဂျင်နီနှင့်တုန်းက အနာဂတ်သည် မရေရာနိုင်လွန်းလှသည်၊ လေးနက်စွာ တည်ငြိမ်သည့် ဆီဗီယာသည် မိမိနှင့်လိုက်ဖက်ထိုက်တန်ဆုံး ဆိုသည့် အချက်ကို ဘာကြောင့်မမြင်နိုင်ခဲ့သလဲ။ မာတင် ကိုယ့်ကိုကိုယ် အံ့ဩမဆုံး ဖြစ်နေသည်။ မိမိအတွက် အသေးအဖွဲကလေးများမှအစ ဝရုစိုက်တတ်သည့် ဆီဗီယာ၊ မိမိအလိုကို မပြောဘဲနှင့် သိသိနေတတ်သည့် ဆီဗီယာ၊ မိမိမျက်နှာညှိုးနေလျှင် ငယ်ဘဝက ရယ်စရာတွေ ပြန်ပြောရင်း ရွှေလိပ်ပြာရွှင်စေသည့် ဆီဗီယာ။ မျှော်လင့်ထားသည်ထက်ပိုသော မေတ္တာတောင်ထုသည် ဆီဗီယာ့ရင်ထဲတွင် လျှို့ဝှက်စွာ ရှိနေခဲ့ခြင်းပါတကား။

နှစ်ယောက်အကြားမှာ သဘောထားကွဲ၍ ညှိရသည့်ကိစ္စဆိုလို့ တစ်ခုသာပေါ်ခဲ့သည်။ တိုက်ခန်းတစ်ခန်း ငှားနေမလား . . . အိမ်တစ်ဆောင်ဝယ်နေမလားဆိုသည့် ပြဿနာ. . . . ဆီဗီယာ့ တုံ့ပြန်မှုကြောင့် မာတင် အံ့ဩမဆုံး ဖြစ်ရသည်။

'သီးခြားမနေချင်ပါဘူးကွယ်၊ အန်တီဘက်စီနဲ့ပဲ အတူတူနေကြတာပေါ့'

'ဒါလင် တကယ်ပြောတာလားဟင်၊ ကမ္ဘာလုံးပေါ် ခွဆောက်တောင် အိမ်ရှင်မနှစ်ယောက်နေဖို့ အိမ်ဟာ ကျဉ်းသေးတယ်တဲ့'

'အို . . . ဘာဆိုင်လို့လဲ၊ အန်တီဘက်စီနဲ့ သူများက တစ်မျိုးပဲ၊ ပြောတော့ မပြောရသေးပါဘူး၊ ဒါပေမယ့် အဲဒါ အသင့်တော်ဆုံးပဲလေ၊ မာတင် သေသေချာချာ စဉ်းစားလေကွယ်'



www.burmeseclassic.com

www.burmeseclassic.com



မာတင့်အနေဖြင့် ဘာမှ ထူးထူးထွေထွေ စဉ်းစားဖို့ မလိုပါ။ မေမေနှင့် ဆီဗီယာအား အနိုင်ပေးရတော့မည်ကို ကြိုသိနေပါပြီ။ သူတို့လက်ထပ်မည့်သတင်းကို ဖွင့်ပြောကြသည့်နေ့က ဘက်စီဘဝသည် ရုတ်ချည်းပြန်လည် လန်းဆန်းလာခဲ့သည်။ ဂျင်နီ့ကို ယူမည့်သတင်းကိုကြားစကမူ မရှုမလှ ခံစားခဲ့ရ၏။

တစ်ခုပဲ ဘက်စီ့အတွက် လိုနေသည်။ သူ့မျှော်ရှင်မှုကို အတူတူမျှဝေခံစားရမည့် ဂျူလီယန်မရှိတော့ပြီ။ ဖန်ဆင်းရှင်သည် ပေးသနားခြင်းနှင့်အတူ ရယူခြင်းအမှုကိုလည်းပြုသည်နှင့် တူပေသည်။ သစ်တောရိပ်သာတွင် မင်္ဂလာညစာစားပွဲလုပ်ဖို့ သဘောတူသည့်အတွက် ဆီဗီယာတို့အမေကို ဘက်စီ ကျေးဇူးတင်မဆုံးဖြစ်နေသည်။

'ဆီဗီယာဟာ မင်းရဲ့သမီးလို ဖြစ်နေပါပြီ ဘက်စီရယ်၊ ကိုယ်ဘာပြောစရာ လိုတော့လဲ'ဟု ဆီဗီယာတို့အမေက သူငယ်ချင်း လုပ်သူကို ကြည်ကြည်သာသာခွင့်ပြုသည်။

ဤသည်မှစ၍ သစ်တောရိပ်သာအိမ်ကြီးတွင် ဂျူလီယန်အတွက် ပူဆွေးလွမ်းဆွတ်သည့်ကာလ ရုတ်ချည်းရပ်တန့်သွားသည့်နှယ်။ ညစာခံပွဲတွေ၊ ညစာစားပွဲတွေ ဆက်တိုက်ဖြစ်လာသည်။ ဆီဗီယာနှင့် မာတင်တို့ အလုပ်များစ ပြုပြီ။ ဆီဗီယာသည် မင်္ဂလာဝတ်စုံကိစ္စနှင့် တစ်နေ့တစ်နေ့ နားရသည် မရှိတော့။ အကျွေးအမွေးကိစ္စ၊ မာတ်ပုံဆရာရွေးဖို့ကိစ္စမှအစ ဆီဗီယာမပါမပြီး ဖြစ်နေ၏။ ဘက်စီကလည်း ခွေးမလောင်းကို အာဏာကုန်လွှဲထားသည်လေ။

အခမ်းအနားကို ခန်းမဆောင်ကြီးထဲတွင် လုပ်ဖို့နေရာရွေးထားသည်။ ပရိဘောဂတွေ ဖယ်ပြီး လူနှစ်ရာငါးဆယ် ဆန့်အောင် သွားလမ်းကလေးများ ချန်ပြီး စားပွဲ ကုလားထိုင်တွေကို အတန်း လိုက် ခင်းထားသည်။ သတို့သမီးဝတ်စုံကို ဘက်စီက နှင်းဆီတွေ၊ လီလီတွေနှင့် ကိုယ်တိုင် သီကုံးပေးသည်။

ရွှေဖြင့်ပြီးသည့် ဖယောင်းတိုင် ပဒေသာမီးဆိုင်းနှစ်ခုနှင့် ပန်းတွေ အမှိုအမောက် ထိုးစိုက်ထားသည့် ညောင်ရေအိုးနှစ်လုံးသည် မင်္ဂလာစင်မြင့်ကို ပို၍ ခမ်းနားနေစေ၏။ ဆီဗီယာတစ်ယောက် ယားလို့မှ မကုတ်နိုင်အောင် အလုပ်ရှုပ်နေသည်။ တစ်နေ့တွင် မာတင်က





'ဒါလင်ရေ . . တို့နှစ်ယောက်လဲ မျက်နှာချင်းဆိုင်ဖို့ အချိန်မရကြတော့ဘူး၊ ခုလိုအချိန်မှာ ကိုယ် နယူးယောက်ကို တစ်ခေါက်လောက် ပြေးလိုက်ချင်တယ်၊ ဒိုမင်းနစ်နဲ့ ကိုယ်နဲ့ ရှင်းစရာလေးတွေ မပြတ်သေးဘူးလေ'

ဆီဗီယာရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။ ဒူးတွေ မနိုင်ချင်သလို ဖြစ်လာသည်။ ဂျင်နီ့အကြောင်း သတင်းတစ်မျိုးမျိုးများ ရလို့များလား. . . အလုပ်ကိစ္စကို အကြောင်းပြုပြီး ဂျင်နီ့ကို နောက်ဆုံးရှာဖို့ သွားမှာများလား၊

သို့သော် ပင်ကိုယ်အားဖြင့် တွေးခေါ် မြော်မြင်တတ်ခြင်း၊ ဆင်ခြင်ဉာဏ်ရှိခြင်းကြောင့် ဆီဗီယာက ဣန္ဒြေမပျက် ပြန်ပြောသည်။

'ကောင်းသားပဲ မောင်၊ သွားလေ'

♠ ♠ ♠

နယူးယောက်ကို ရောက်သည်နှင့် ဂျင်နီ့အကြောင်း မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်ရပြန်သည်။ နယူးယောက်ကိုလာတာ ဒိုမင်းနစ်နဲ့တွေ့ဖို့ အလုပ်ကိစ္စသက်သက်ဟု ကိုယ့်ကိုကိုယ် သတိပေး နေသည့်ကြားက ဂျင်နီ ဝင်ရောက်စိုးမိုးလာခြင်း ဖြစ်သည်။

လေဆိပ်တွင် ခြေချမိကတည်းက အနားတွင် သူရောက်နေသလို ခံစားနေရ၏။ ပြေးလာနေပုံကို ပြက်ပြက်ထင်ထင် မြင်နေသည်။ ဆံပင်တွေ လေထဲတွင် လွင့်ဝဲလျက်၊ ရင်ခွင်ထဲသို့ တကယ် ရောက်လာသည့်နှယ် နွေးခနဲ ဖြစ်သွား၏။ ကိုယ့်ကိုကိုယ် အပြစ်ကျူးလွန်မိသူလို ခံစားလိုက်ရ၏။ ဆီဗီယာ့ကို ငါသစ္စာဖောက်မိလေပြီလားဟု သတိပေးရင်းပင် ဂျင်နီ၏ လွမ်းမိုးမှုကို ခံနေရသည်။

ဟိုတယ်ရှေ့တွင် တက္ကစီရပ်လိုက်မှ သတိဝင်လာသည်။ အခန်းတစ်ခန်း ယူလိုက်သည်။ ပထမဆုံးနယူးယောက်ကို ထွက်လာသည့်အခေါက်ကို သွားသတိရလိုက်မိ၏။ သည်တစ်ခေါက်ကတော့ အမေလိုလိုချင်ချင် သွတ်လိုက်ခြင်း ဖြစ်သည်။ ရေချိုးပြီး အရက်ခန်းသို့ ဆင်းခဲ့သည်။ ဒိုမင်းနစ်ကို မနက်ဖြန်မှ တွေ့ဖို့ ချိန်းလိုက်သည်။ ဘာအကြောင်းမှ ရှိလို့မဟုတ်။ နယူးယောက်တွင် တစ်ယောက်တည်း အချိန်ဖြုန်းချင်၍ ဖြစ်သည်။ ဝီစကီ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ကြိုက်ချင်းသောက်ရင်း အတွေးစက်ဝိုင်းကလေးတွေ ချာချာလည်နေသည်။

ဘာ့ကြောင့် သည်ခရီးကို ထွက်ဖို့ သတိရခြင်းလဲ။ ဘာ့ကြောင့် တစ်ယောက်တည်းထိုင်ပြီး စဉ်းစားချင်ရတာလဲ။ ဆီဗီယာကို မပြောဘဲ ချန်ထားသည့်ကိစ္စတစ်ခုရှိသည်။ ခုထိ ဘယ်သူ့မှလဲ မပေးဘဲ လခပေးနေသည့်အခန်းကို ပြန်အပ်ရန်ဖြစ်၏။ ချစ်သူပြန်လာ လေမည်လား စောင့်စားရင်း ပြန်မအပ်ဖြစ်ခဲ့သည့် အခန်း၊ ခုတော့ သည်အိပ်မက်လည်း လွင့်ပြယ်ခဲ့လေပြီ။ မနက်ဖြန်တွင် ပွဲစားတစ်ဦး ထံ အကြောင်းကြားပြီး ပြန်ငှားဖို့ကိစ္စလုပ်ရတော့မည်။

နောက်ဆုံးခွက်ကို မော့ပြီး အပြင်ထွက်ခဲ့သည်။ ပန်းခြံဘက်သို့ လျှောက်လာခဲ့၏။ သွားလေရာတွင် ဂျင်နီ့မျက်နှာကလေးက ရှေ့မှာတရစ်ဝဲဝဲ။ ကြာလေ စိတ်ချောက်ချားလေဖြစ်လာသဖြင့် အငှားကားတစ်စီးတားပြီး အနောက်ပန်းခြံလမ်း လိပ်စာကို ပြောလိုက်သည်။ သည်ညတော့ စိတ်ကိုလွှတ်ထားလိုက်သည်။ မနက်ဖြန်ကစပြီး အခန်းကိစ္စ အပြတ်ရှင်းမည်။ ဒိုမင်းနစ်နှင့် တွေ့မည်။ဆီဗီယာအတွက် မင်္ဂလာ လက်ဆောင်ပစ္စည်းတွေ ရှာဝယ်ဖို့ တစ်ရက်နှစ်ရက်နေမည်။ သည်နောက်တွင်တော့ အနာဂတ်အတွက်ပဲ အာရုံပြုတော့မည်။

သို့သော် အတိတ်ကို အတိတ်မှာ ထားခဲ့နိုင်ပါမည်လား။ တိုက်ခန်းရှေ့ရောက်လို့ တံ့ခနဲကားရပ်လိုက်မှ ပတ်ဝန်းကျင်ကို အထိတ်တလန့်ကြည့်လိုက်သည်။ ခါတ်လှေကားထဲတွင်လည်း နံဘေးတွင် ဂျင်နီယှဉ်ရပ်လိုက်ပါလာသည် ထင်နေ၏။ အခန်းထဲရောက်တော့ ပိုဆိုးလာသည်။

နေရာတိုင်းမှာ သူ့မျက်နှာ၊ ပြီးတော့ အပျော်ကြီးပျော်ခဲ့ကြပုံတွေ။ ဩော်. . . တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်စကားလေးပင် မပြောဖြစ်ဘဲ ခွဲခွာရခြင်းပါလား။ ခုမှ သူမပြောဘဲထားသည့် စကားလုံးများစွာ၏ အဓိပ္ပာယ်ကို နားလည်ခွင့်ရတော့၏။

အထီးကျန်အိပ်ခန်းထဲတွင် မည်မျှကြာအောင် ထိုင်နေမိသည်မသိ။ လမ်းပေါ် ပြန်ရောက်ချိန်တွင် ညကိုးနာရီကျော်ပြီ။ တက္ကစီတစ်စီးဖြင့် ဟိုတယ်သို့ ပြန်လာခဲ့၏။ စားချင်သောက်ချင်စိတ် လုံးဝမရှိတော့။ အခန်းသို့ တန်းတက်ခဲ့ပြီး အိပ်ရာပေါ် တွင် အရုပ်ကြိုးပြတ် လှဲချလိုက်သည်။





အိပ်မပျော်ခင် အဖေ့ကျေးဇူးတရားများကို အောက်မေ့ရင်း အဖေ့မျက်နှာကို မြင်ယောင်လာသည်။ ပြီးတော့ နောက်လမင်္ဂလာဆောင်တော့မှာမို့ အပျော်ကြီးပျော်နေသည့် မေမေ။ စိတ်ရှည်လက်ရှည်စောင့်ပြီး မိမိဘဝကို တည့်မတ်ပေးသည့် ဆီဗီယာ. . . .။

ဆီဗီယာကို စိတ်ချမ်းသာအောင် ထားနိုင်ရမည်ဟု ဆုံးဖြတ်ချက်ကို ထပ်ပြီး အတည်ပြုလိုက်သည်။ တာဝန်အကျေဆုံး လင်ယောက်ျားဖြစ်အောင် ကြိုးစားမည်၊ အပြစ်ဟူသမျှ မြူမှုန့် မထင်အောင်နေပြီး အိမ်ထောင်ရေးသုခဘုံကို တည်ဆောက်မည်။

ဘိုးဘိုးကြီး အီဖရာအင်နှင့် လွတ်လပ်မှုအတွက် ရုန်းကန်ခဲ့ကြသည့် ဂျူးလူမျိုးအားလုံးတို့ ဂုဏ်ယူလောက်သည့် အိမ်ထောင်တစ်ခုဖြစ်ရမည်၊ ဘုရားသခင်ကို သက်ဝင်ယုံကြည်သော ဂျူးတို့၏သမိုင်းကို မမေ့မလျော့သောကိုယ်အဖြစ် ဇနီးလုပ်သူကို ပါရမီဖြည့်မည်၊ သားသမီးတွေ ပွားစည်းမည်. . . အစ့တွေးညဥ့်သံသရာတွင် ရှည်ကြာစွာ လည်ပတ်ပြီးမှ အိပ်ပျော်သွားသည်။

နောက်တစ်နေ့မနက် အိပ်ရာနိုးတော့ စိတ်လက်ပေါ့ပါးနေ၏။ အခန်းကိစ္စကို မနက်ပိုင်းတွင် အပြတ်လုပ်ပြီး နေ့လည်ပိုင်း ဒိုမင်းနစ်ရုံးသို့ သွားသည်။ အလုပ်ကိစ္စများနှင့် လုပ်ငန်းတိုးချဲ့ဖြစ်လျှင် ဆောင်ရွက်ရန်ရှိသည်တို့ကို တိုင်ပင်သည်။ ညနေရုံးဆင်းတော့ ဒိုမင်းနစ်တိုက်ခန်းသို့ လိုက်သွားသည်။ ဒိုမင်းနစ်တစ်ယောက် မိမိထင်သည်ထက် ချမ်းသာနေပြီဖြစ်ကြောင်း တွေ့ရသဖြင့် မာတင် အံ့ဩမဆုံး ဖြစ်နေသည်။ အလွန်တန်ဖိုးကြီးလှသော ကမ်းနားလမ်းဘက်မှ ဇရာမတိုက်ခန်းကြီးတစ်ခန်းကို ဝယ်လိုက်နိုင်သည်။ လောလောဆယ်အားဖြင့် ပြင်သစ်စံပြမယ်ကလေးတစ်ယောက်နှင့်အတူနေနေပြီး ဖိလစ်ပိုင်သား အိမ်ဖော်သူငယ်လေးတစ်ယောက်ကို ငှားထားသည်။ ပြင်သစ်မကလေးနာမည်က ကူးကူတဲ့။

ဒိုမင်းနစ်သည် အလွန်ဆင်းရဲသည့် အီတာလျှံရပ်ကွက်မှ ကိုယ့်ကိုယ်ထဘဝဖြင့် လူတစ်လုံးသူတစ်လုံးဖြစ်အောင် ရုန်းကန်လာသူဖြစ်သည်။ ဒိုမင်းနစ်တွင် အံ့ဩစရာအကောင်းဆုံး အရည်အချင်းမှာ သူ့ကိုယ်သူယုံကြည်မှုပြင်းပြခြင်း ဖြစ်၏။

ဘဝရှေ့ရေးကို ဘယ်တော့မှ အလေးအနက်တွေးပုံမရ။ ကူးကူကို



www.burmeseclassic.com

www.burmeseclassic.com



တော့ မြတ်မြတ်နိုးနိုး ဖြစ်နေပုံရသည်။ သို့သော် လမ်းခွဲကြလျှင်လည်း ဒိုမင်းနစ်က ပြုံးပြုံးကလေးနှင့် သူနေရာကိုနောက်တစ်ယောက် အစားထိုးမည်သာ။ ထိုနောက်တစ်ယောက်ကိုလည်း မြတ်နိုးကြင်နာနေဦးမည်သာ။

'ကဲ. . . တို့သောက်ကြရအောင်၊ ကူးကူ ဒီည သူ့အစ်မ အခန်းမှာ သွားအိပ်လိမ့်မယ်၊ တို့တစ်ယောက်လောက် ထပ်ရှာတာပေါ့'

မာတင် မရယ်ဘဲ မနေနိုင်တော့။

'မင်းကတော့ တစ်သက်လုံး ဒီအတိုင်းသွားမှာပဲ၊ ဟုတ်လား ဒိုမင်းနစ်၊ ပျော်ဖို့ပါးဖို့ဟာ ဘဝရဲ့အဓိပ္ပာယ်ပဲဟုတ်လား'

'ဒီလိုပဲ ဖြစ်ရမှာပေါ့ မာတင်၊ ဘဝဆိုတာ တိုတိုကလေးပဲ၊ မင်းသာ နေရာတကာ အလေးအနက်ထားနေ၊ ကဲ. . . လာပါကွာ၊ တို့ချကြရအောင် ပါ၊ ဒါဟာ မင်းရဲ့ လူပျိုဘဝ နောက်ဆုံးအခေါက်ပဲ မာတင်'

'ဒါကြောင့် ငါ့စိတ်ထဲမှာ မတင်မကျဖြစ်ရတာ ဒိုမင်းနစ်၊ ဂျင်နီခုလို ပျောက်ခြင်းမလှ ပျောက်သွားတဲ့အဖြစ်ဟာ ငါ့ကို အမြဲခြောက်လှန့်နေတယ်၊ သူတစ်နေရာရာမှာ ကောင်းကောင်းမွန်မွန်ရှိ နေတယ်ဆိုတာ သိရရင်လဲ တော်သေးရဲ့'

'ဟုတ်ပါတယ်လေ၊ ငါလဲ မင်းလိုပါပဲ၊ ဒါပေမယ့် ဂျင်နီဟာ ငယ်ငယ်ကလေးတည်းက ဆူးခင်းလမ်းတွေကို ဖြတ်လျှောက်နေကြပါ သူငယ်ချင်း၊ ဘဝအတွေ့အကြုံတွေ ကွဲပြခုံးထနေတဲ့ မိန်းကလေးကွ၊ မင်းနဲ့ ပတ်သက်လာရင်သာ သူ့ခမျာ ခံနိုင်ရည်လုံးဝမရှိဘဲ အထိမခံ ကြွေပန်းကန် ဖြစ်နေတာ၊ အဲဒါက မင်းကို သူချစ်လွန်းလို့ပါ။ ငါတော့ သိပ်စိတ်မပူဘူး မာတင်'

'အေးလေ. . မင်းပြောတဲ့အတိုင်း ဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပေါ့၊ ငါ သူ့အတွက် ဘာမှ လုပ်မပေးနိုင်ခဲ့တာ ဆိုးတယ်ကွာ'

'ဒါကတော့ မင်းတွေဝေတာကိုး၊ မင်းလက်ထပ်လိုက်ရင်ဖြစ်တာပဲ'

မာတင် အခန်းအပြင်ဘက်သို့ ငေးနေသည်။

'ဟုတ်ပ့ါမလား ဒိုမင်းနစ်၊ မင်း တစ်ခါကပြောတော့ သူ့အတွက် တိုက်ပွဲဝင်ရမယ်ဆို'

'ဟုတ်တယ်လေ၊ မင်းဘာတွေ တိုက်ပွဲဝင်လို့လဲ'

'ဟာ. . . သေတော့မှာပဲ၊ ငါ ဘယ်လောက်ကြိုးစားခဲ့သလဲ၊





မင်းမသိဘူး ဒိုမင်းနစ်'

'မဟုတ်ပါဘူး သူငယ်ချင်း၊ မင်း တကယ်တိုက်ပွဲမဆင်ပါဘူး၊ ဒါကြောင့် အဘိုးကြီးလဲ ဆုံးရော ဂျင်နီဟာ သူ့ကိုယ်သူ အစွန့်ပယ်ခံရပြီလို့ ယုံကြည်လိုက်တာပေါ့'

'ငါ့ဘက်က ဒါထက်ပိုပြီး ဘာလုပ်ရမှာလဲ ဒိုမင်းနစ်'

'မင်း သူ့ကိုလှမ်းခေါ်သင့်တယ်၊ ဒါမှမဟုတ် မင်းပြန်လာသင့်တယ်'

'ဟာ. . . ဒါကတော့ကွာ၊ ငါ့အမေအတွက်လဲ မင်းထည့်ဝင်စားဦးမှပေါ့၊ အဖေ့အတွက် သောကရောက်နေတဲ့အထဲ ဘာရင်ဂျီ ဘာသာဝင်မကို ချွေးမတော်ဖို့တော့ ရုတ်တရက် ဘယ်အသင့်ဖြစ် မလဲကွ'

'မင်းကိုယ်တိုင်လဲ အဆင်သင့်မဖြစ်လို့ နေမှာပေါ့ မာတင်၊ ကဲ. . . ခု မင်းကိုယ်မင်းသနားသောအားဖြင့် ဆီဗီယာနဲ့ ဘဝကို အခိုင်အမာ တည်ဆောက်ဖို့ အာရုံစိုက်တော့ပေါ့ကွာ၊ မင်းပြောတဲ့အတိုင်းဆိုရင် မင်းတို့ နှစ်ယောက်ဟာ အတိုင်းမသိ မင်္ဂလာကျက်သရေပဲ၊ အသွင်မတူတဲ့အချက်ဟာ စွဲမက်စရာကောင်းပေမယ့် ရေရှည်ပေါင်းသင်းနေထိုင်ဖို့ကျတော့ အဆင်ပြေဖို့ မလွယ်ဘူး မာတင်၊ ဒါကြောင့် ဂျင်နီကို မင်းမေ့လိုက်ပါတော့ သူငယ်ချင်း၊ မဟုတ်ရင် မင်းအိမ်ထောင်ရေးဟာ ကျဆုံးမှာပဲ'

ဒိုမင်းနစ်၏ တက္ကဗေဒမှာ ငြင်းလို့မရနိုင်အောင် ခိုင်မာနေသည်။ သည်တော့မှ မာတင်တစ်ယောက် စိတ်လျှော့ကာ ပျော်စရာညခင်းကို ဒိုမင်းနစ်နှင့်အတူ ကုန်လွန်စေသည်။

နောက်နှစ်ရက်အကြာတွင် ဒိုမင်းနစ်က မာတင်ကို လေယာဉ်ကွင်းသို့ လိုက်ပို့နှုတ်ဆက်သည်။ နာမည်ကျော် တီဖင်နီရတနာဆိုင်မှ မြလက်စွပ်ကလေးတစ်ကွင်းဝယ်ပြီး မာတင်က အိတ်ထဲတွင် တယုတယ ထည့်သည်။

သူငယ်ချင်းကို နှုတ်ဆက်ပြီး ဒိုမင်းနစ် ဆုံးမစကားဆိုသည်။

'ဘဝကို ပျော်စရာအကောင်းဆုံးဖြစ်အောင် ဖန်တီးပေတော့ မာတင်၊ ကဲ. . . မင်္ဂလာဆောင်ကျမှ တွေ့တော့မယ်နော်'

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

နောက်ဆုံးတွင် မင်္ဂလာဆောင်မည့်နေ့သို့ ဆိုက်ရောက်လာတော့သည်။ ဘက်စီက သတို့သမီးနိုးပါး ပျော်နေသည်။ မိန်းမသားနှစ်ဦး၏ အိပ်မက်တွေ အကောင်အထည်ပေါ်လာတော့မည် မဟုတ်လား။

ဆီဗီယာက ဆံပင်ကို စိတ်တိုင်းမကျဖြစ်နေစဉ် ဘက်စီက အိပ်ခန်းထဲဝင်လာသည်။ အိမ်ဖော်မကလေးတစ်ယောက်က တင်းကျပ်နေသည့် ဘော်ဒီဇစ်ကို တအားဆွဲစေ့ပေးနေသည်။ ပိုးအင်္ကျီမှာ စက်ဝိုင်းပုံ ဇာနားကလေးများဖြင့် ဖောင်းကြွနေသည်။ စက်ဝိုင်းကလေးများ၏ အလယ်တွင် ပုလဲလုံးကလေးတွေ တွဲရရွဲနှင့်။

'သမီးကို အန်တီဘက်စီရဲ့ တရားဝင်ချွေးမဘဝ မရောက်ခင် ကြည့်ချင်လို့ တက်လာတာကွယ့်၊ သမီး အန်တီဘက်စီကိုရော မာတင့်ကိုပါ တစ်သက်လုံး စိတ်ချမ်းသာစေမှာပါနော်'

ဆီဗီယာက ဘက်စီကို ရင်ခွင်ထဲ ဆွဲယူပြီး

'စိတ်ချပါ အန်တီဘက်စီ၊ သမီးကတိပေးပါတယ်'





'အန်တီဘက်စီ ယုံပါတယ် သမီးရယ်'

ဘက်စီက ပြောပြောဆိုဆို ကတ္တီပါသေတ္တာကလေးထဲမှ ပုလဲကုံး တစ်ခုကို ထုတ်လိုက်ပြီး ဆီဗီယာ့လည်ပင်းမှာ ဆွဲပေးလိုက် သည်။

'ဒီပုလဲကုံးဟာ အန်တီဘက်စီရဲ့မင်္ဂလာဆောင်မှာ မာတင်တို့ အဘွားလက်ဖွဲ့တာ၊ သမီးကို အန်တီတစ်ဆင့် ပြန်လက်ဖွဲ့မယ်၊ အန်တီ ဘက်စီတို့လိုပဲ သမီးနဲ့သား ပျော်ရွှင်ပါစေကွယ်'

ဘက်စီက နောက်တစ်လှမ်းဆုတ်ပြီး ချွေးမလောင်းကို မျက်ရည်ဝဲဝဲဖြင့် ကြည့်နေသည်။ ထိုစဉ်တွင် ဇာလွှာကို မိန်းကလေး တစ်ယောက်က သတို့သမီးဦးခေါင်းပေါ်မှ လွှမ်းပေးလိုက်သည်။

♠ ♠ ♠

ကျောင်းသားဘဝက နေခဲ့သည့် အခန်းတစ်ခန်းထဲတွင် မာတင် တစ်ယောက် အင်္ကျီကြယ်သီးတွေ ခဲရာခဲဆစ် တပ်နေ၏။ အင်္ကျီက အသစ်၊ ပုလဲကြယ်သီးများက ကြယ်သီးပေါက်နှင့်တစ်ရှယ်တည်း။ ဘရန်ဒီနှင့် ရဲဆေးတင်ထားသဖြင့် ရီတီတီဖြစ်နေသည်ကလည်းတစ်မှောင့်။ ကြယ်သီးတပ်ခြင်း အမှု ပြီးသည့်နောက် လည်စည်း စည်းရာတွင် စိတ်တိုင်းမကျပြန်။

'မှန်းစမ်းပါကွ၊ ငါစည်းပေးပါ့မယ်၊ စိတ်အေးအေး ထားစမ်း ပါ. . . ဟကောင်ရ'

ဒိုမင်းနစ် လည်စည်းကို စနစ်တကျစည်းနှောင်ရင်း စိတ်လှုပ်ရှား နေသည့် မာတင့်ကို ထိန်းပေးသည်။

'စိတ်အေးအေးထားရမယ် ဟုတ်လား၊ ဘယ်လိုလုပ်ပြီး စိတ် အေးအေးထားနိုင်မှာလဲကွ၊ ဒါမျိုးတစ်ခါမှ မကြုံဖူးတာ၊ ငါလန့်နေတယ် ဒိုမင်းနစ်'

'သေတော့မှာပဲ၊ ခဏပါကွ၊ ဒီလောက်တော်တဲ့ ဆီဗီယာလို မိန်းကလေးက မင်းကို ဘာများသဘောကျစရာ ရှာတွေ့လဲမသိဘူး၊ မင်း လောက် ကံကောင်းတဲ့ကောင် ကမ္ဘာပေါ်မှာရှိမယ် မထင်ဘူး မာတင်'

'ကျေးဇူးပဲ သူငယ်ချင်း၊ ငါနည်းနည်း အကြောက်ပြေသွားသလိုပဲ'

'ဘာမှမဟုတ်ပါဘူး မာတင်ရာ၊ ကဲ. . . လူပျိုရဲ့က သတို့ သားကို



www.burmeseclassic.com

www.burmeseclassic.com



ပွဲထုတ်ဖို့ အချိန်ရောက်နေပြီ ကိုယ့်လူ'

♠ ♠ ♠

သံစုံတီးဝိုင်းမှ ဂီတသံ ပျံ့လွင့်လာသည်။ အလယ်တန်းမှ လူသွားလမ်းအတိုင်း အပျိုရံမိန်းကလေးတစ်သိုက် ဆင်းလာသည်ကို သူငယ်ချင်းနှစ်ယောက်ငေးကြည့်နေကြသည်။ မိန်းကလေးများ နေရာယူပြီးသည်နှင့် တီးဝိုင်းက ခဏနားလိုက်သည်။ ပြီးတော့ မင်္ဂလာခြေလှမ်းတီးလုံးကို ပြောင်းတီးသည်။

ဘုရင့်သမီးတော်တစ်ပါးနှယ် ကျက်သရေရှိလှသည့် ခြေလှမ်းများဖြင့် ကျောက်ဖြူသားလှေကားထစ်များမှ ဆီဗီယာတစ်လှမ်းချင်း ဆင်းလာသည်။ ၁၃ နှစ်သမီးအရွယ် တူမလေး လင်ဒါက ဝတ်ရုံရှည်ကြီးကို နောက်မှ ကိုင်မ,လျက်။

ရွှေလည်တိုင်တစ်ဝိုက်မှပုလဲကုံးမှာ အရောင်တလက်လက်၊ ပခုံးသား နှစ်ဘက်တွင် နှင်းဆီဖြူတွေ၊ လီလီပွင့်တွေဖြင့် ဖုံးလွှမ်းလျက်။ ဖအေလုပ်သူက ခန်းမဆောင်၏အဝမှ ဆီဗီယာကို ကြိုနေသည်။ လင်ဒါက မျက်နှာဖုံးဇာလွှာကို ပို၍သေသေသပ်သပ်ဖြစ်အောင် ပြုပြင်ပေးသည်။ ပြီးမှ ဆီဗီယာက ဖအေကြီးနှင့် လက်မောင်းချင်း ချိတ်လိုက်သည်။

ဝတ်ရုံဖြူနှင့် မိန်းကလေးနှစ်ယောက်က နှင်းဆီပွင့်ချပ်တွေကို မင်္ဂလာလမ်းတစ်လျှောက် လိုက်ကြဲနေစဉ် ဆီဗီယာတို့သားအဖ ရပ်စောင့်နေသည်။ ထို့နောက် မာတင်၏ အငယ်ဆုံးညီဝမ်းကွဲ အီဖရာအင်ရိုဲ့သ် သူတို့နောက်မှ ရောက်လာသည်။ အနက်ရောင် ကတ္တီပါဘောင်းဘီတိုနှင့် အဖြူရောင်ပိုးအကျႌကို ဆင်မြန်းလျက်။ လက်ထဲတွင် လက်ထပ်လက်စွပ်တင်ထားသည့် ကတ္တီပါလုံးကလေးကို စိတ်လှုပ်ရှားစွာ ကိုင်ထားသည်။

နောက်ဆုံးတွင် ဆီဗီယာတို့ သားအဖ ခန်းမဆောင်ထဲသို့ ဝင်လာခဲ့ကြသည်။ လမ်းဘေးဝဲယာမှ မတ်တတ်။ ပန်းအိုးများတွင် ပန်းတွေနှင့်ဝေလျက်။ ပရိသတ်ထဲမှ တီးတိုးဝေဖန် ထောပနာပြုသံတွေကို ဆီဗီယာ မကြားတစ်ချက် ကြားတစ်ချက်။

'ကြည့်စမ်းပါဦးကွယ်၊ ချစ်စရာကောင်းလိုက်တာ'





'ဆန်ဖရန်စစ္စကိုမှာ အလှအလှအရှိဆုံး သတို့သားကို သူရလိုက်တာပဲနော်'

'အင်း. . . ခုမှပဲ သည်ကလေးမ ဘက်စီရဲ့ ရုပ်ရွေတော်ဘဝက ကျွတ်ပေတော့တယ်'

သတို့သမီး မင်္ဂလာစင်မြင့်ဆီသို့ အရောက်တွင် တီးတိုးသံတွေ မီးကိုရေနှင့်ငြှိမ်းလိုက်သလို ငြိမ်ကျသွားသည်။ ဖအေကြီးက သမီးလုပ်သူကို သိုင်းဖက်ပြီး 'သမီးကို ဖေဖေတို့အားလုံး သိပ်ချစ်ပါတယ်ကွယ်' ဟုဆိုကာ သတို့သားလက်သို့ အပ်လိုက်သည်။

ဆရာတော်၏ရှေ့တွင် မာတင်နှင့် ဆီဗီယာတို့နှစ်ယောက် ယှဉ်ရပ်လိုက်ကြသည်။ ဘုန်းတော်ကြီးက အိမ်ထောင်မှု ပဋိညာဉ်တွေ ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် ရိုးမြေကျ ပေါင်းသင်းပါမည်ဟု ကတိစကားများဆိုစေပြီး ဘုန်းတော်ကြီးက လက်ထပ်ပေးသည်။

မာတင်က ရိုးရာဓလေ့အရ ဝိုင်ခွက်ကို ဖနောင့်ဖြင့် နင်းချေလိုက်သည်။ ဤတွင်မှ လင်မယားအရာမြောက်ပြီဖြစ်ကြောင်း ဆရာတော်က ကြေညာသည်။ မျက်နှာဖုံးဇာလွှာကိုပင့်ပြီး သတို့သမီးကို မာတင်နမ်းသည်။ သည်လောက်လှနေသည့် ဆီဗီယာကို တစ်ခါမှ မမြင်ဖူးခဲ့။ ထို တဒင်္ဂတွင် မြတ်နိုးကြင်နာစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လျက်။

မင်္ဂလာအခမ်းအနား တစ်ချိန်လုံး ဘက်စီ မျက်ရည်မကျအောင် ထိန်းထားနိုင်ခဲ့သည်။ မျက်ရည်ကျမိလျှင် သွားလေသူကို အောက်မေ့ဘမ်းတစိတ်ဖြင့် ရောထွေးကာ အရိုက်ရပ်နိုင်တော့မည် မဟုတ်။ သို့သော် ဆီဗီယာ့အမေကမူ ကြည်နူးလွန်းလို့ မျက်ရည်တွေတွေ ကျနေသည်။

ပရိသတ်ကို မိသားစုနှစ်စုပေါင်းပြီး ဧည့်ခံသည်။ ဘက်စီက ချွေးမအသစ်စက်စက်ကလေးကို ငေးလို့မဝနိုင်သလို အရိပ်တကြည့်ကြည့်ဖြစ်နေသည်။ ရှန်ပိန်ဖြင့် ဧည့်ခံနေသည့် အစေတော်များအား ထောင့်စေ့မစေ့လည်း မျက်ခြည်မပြတ် စောင့်ကြည့်နေသည့်ကြားမှ ဆီဗီယာ့ဆီသို့ မကြာမကြာ လှမ်းကြည့်မိခြင်း ဖြစ်သည်။

မင်္ဂလာမောင်နှံကို ပရိသတ်က အလှအယက်ဆုတောင်းကောင်းချီးပေးကြသည်။ ပြီးသည်နှင့် စားသောက်ခန်းမသို့ ကြွရောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဘက်စီက ပရိသတ်ကို ပန်ကြားသည်။ နှစ်ဘက်မိသားစုများက ထိပ်ဆုံးမှ စားပွဲရှည်ကြီးတွင် နေရာယူပြီး ပရိသတ်အတွက် ဆယ်ယောက်တစ်ဝိုင်း ပြင်ထားပေးသည်။ မင်္ဂလာပွဲလာပရိသတ်ကို ကြည့်ပြီး ဘက်စီ ကြည်နူးစွာ ပြုံးသည်။

ဖြူဖွေးနေသည့် စားပွဲခင်းများသည် ငွေရောင် ပယင်းရောင်နှင့် လိုက်ဖက်လှသည်။ ခန်းမထဲတွင် ဆွတ်ပျံ့ဖွယ် ရနံ့မျိုးစုံ သင်းထုံနေ၏။

ဘက်စီ ပြုံးလိုက်သည်။ ဟင်းလျာစာရင်းပြုစုကြစဉ် ဟိုတယ်မန်နေဂျာနှင့် အချီအချ ဖြစ်ကြရသေးသည်။ အစားအသောက်နှင့် ပတ်သက်၍ အလွန်အမင်းအယူသည်းသူများ မပါ၍ ဂျူးလူမျိုးတို့၏ ရိုးရာ ခေလှေဟင်းလျာများနှင့် အမေရိကန်စာများ ရောနှောစီစဉ်ထားသည်။ မင်္ဂလာကိတ်ကို မကျွေးမီ အသည်းပုံရေခဲမုန့်များ အလျှင်ချပေးသည်။ ပြီးမှ အထပ်ခြောက်လွှာ မင်္ဂလာကိတ် မုန့်ကြီးကို လှည်းဖြင့် တွန်းယူလာသည်။ မာတင်နှင့် ဆီဗီယာတို့က မုန့်လုံးကြီးကို လှီးချလိုက်သည်။

စားသောက်ပြီးစီးချိန်တွင် တေးသံစုံဝိုင်းမှ ကကြိုးတီးလုံးကို စတီးသည်။ ကပွဲခန်းမဆီသို့ မာတင်နှင့်ဆီဗီယာ လျှောက်သွားတော့ ပရိသတ်က လက်ခုပ်တီးသြဘာပေးကြသည်။ ပြီးတော့သည်လောက် လိုက်ဖက်ညီသည့် စုံတွဲကို မတွေ့ဖူးကြသလို ငေးကြည့်နေကြသည်။

နောက်ပိုင်းတွင် ဒိုမင်းနစ်က ဆီဗီယာကို အားကျစွာ ပြောသည်။

'မင်းတို့ စုံတွဲကိုကြည့်ပြီး ကိုယ်တောင် မိန်းမယူချင်စိတ်ပေါက်လာပြီ ဆီဗီယာ၊ မာတင်လောက် ကံကောင်းတဲ့ကောင် ရှိမယ်မထင်ဘူး၊ ဒါပေမယ့် မင်းကို ကိုယ် ဆုံးမစကားတစ်ခုတော့ ပြောချင်တယ်၊ တစ်ခြားမဟုတ်ဘူး ဆီဗီယာ၊ စိတ်ရှည်ဖို့ပါပဲ'

ဂျင်နီ့အကြောင်းတော့ မဟုတ်တန်ကောင်းပါဘူးဟု တွေးပြီး သူဘာဆိုလိုမှန်း ဆီဗီယာ ရုတ်တရက် သူနားမလည်။ သို့သော် ဆီဗီယာ လိုလိုချင်ချင်ပြောလိုက်ခြင်း ဖြစ်၏၊

'စိတ်ချပါ ဒိုမင်းနစ်၊ ဆီဗီယာတို့ နှစ်ယောက်စလုံးအပေါ်မှာ မိတ်ဆွေစစ်တစ်ယောက် ပီသခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်' ဟု ပြန်ပြောလိုက်၏။ ဤသို့ဖြင့် သန်းခေါင်ယံသို့ တိုင်ခဲ့သည်။

မင်္ဂလာဦးည ဟာသများကို ရှောင်ကွင်းလို၍ နယူးယောက်သို့





ညတွင်းချင်း ပျားရည်ဆမ်းခရီးထွက်ဖို့ စီစဉ်ပြင်ဆင်ကြသည်။ ဆန်မန်းပေါက်ပေါက်ကြဲအပြီးတွင် ဧည့်သည်များအား နှုတ်ဆက်ထွက်ခဲ့ကြသည် စင်စစ် အိမ်ကြီးထဲမှ ဟန်ဆောင်ထွက်ခဲ့ကြခြင်း ဖြစ်၏။ ကားကို မီးမှိတ်ပြီး ပြန်လှည့်ခဲ့ကြသည်။ ကားရုံထဲသို့ကားကို တိတ်တိတ်ကလေးသွင်းကာ နောက်ဘေးပေါက်မှ လှည့်ဝင်ခဲ့ကြသည်။ ကလေးတွေလို သူတို့ပျော်နေကြ၏။ တခစ်ခစ်ရယ်မောလျက်။

အိမ်ခန်းတံခါးကို ဖွင့်ပြီး ဆီဗီယာ့ကို ပွေ့ဝင်သည်။ အခန်းထဲရောက်တော့ ပြန်ချလိုက်သည်။ ဆီဗီယာက ရှေးဟောင်းကုတင်ကြီးကို ငေးကြည့်နေသည်။ ကြက်သွေးရောက်လိုက်ကာကို ပိုးကြိုးများဖြင့် ခုတင်တိုင်တစ်ဘက်စီတွင် ချည်ထား၏။

အေးမြမြ ဇွန်လည။ မီးလင်းဖိုထဲတွင် မီးပျိုးပြီးသား ရဲစပြုနေပြီ အိမ်စေတွေက ရေခဲစိမ် ရှန်ပိန်ပုလင်းတွေ ထည့်ထားသည့် ချိုင့်တစ်ချိုင့်ကိုလည်း အိပ်ရာနံဘေးတွင် အသင့်ထားပေးသည်။ ရောမအိပ်ရာကြီးကို ခင်းဖုံလွှားတစ်ဝက် လှစ်ထားသည်။

မြင်ကွင်းတစ်ခုလုံးသည် မာတင့်အတွက် ချောက်ချားစရာတွေချည်း။ ရှန်ပိန်သည် ဂျင်နီကြိုက်သည့် ယမကာ။ သူ့မျက်နှာလှလှကလေးသည် မြင်ကွင်းထဲ လွင့်မျောနေသယောင်။ မာတင့် အမူအရာချက်ခြင်းပြောင်းသွားကြောင်းချက်ချင်း သိလိုက်သည့် ဆီဗီယာက လင်တော်မောင်၏ အချစ်ဆုံးဖြစ်ရလျှင် မည်မျှကောင်းလေမည်လဲဟု စိတ်ထဲက လှိုက်လှိုက်လှဲလှဲ တောင့်တလိုက်မိသည်။

မာတင် ရှန်ပိန်ပုလင်းကို ဖွင့်သည်။ ဖန်ခွက်တစ်ခွက်ထဲ လောင်းထည့်ပြီး ဆီဗီယာ့ကို လှမ်းပေးရင်း

'ရော့ . . အချစ်အတွက်၊ အချစ်နဲ့မောင့်ရဲ့ဘဝဟာ ဒီညပျော်သလို အရွယ်လွန်အိုမင်းသည်အထိ ပျော်စေရပါမယ်ကွယ်'

သည်စကားလုံးများကို မာတင် ယုံယုံကြည်ကြည်ပြော လိုက်ခြင်းဖြစ်ပါသည်။ ဖန်ခွက်နှုတ်ခမ်းချင်း လှမ်းထိလိုက်ပြီး ဆီ ဗီယာက

'ဆီဗီယာလဲ အဲဒီအတိုင်းပဲ မျှော်လင့်မိပါတယ် မောင်ရယ်'

မီးလင်းဖိုနံဘေးတွင် နှစ်ယောက်သား စကားမပြောဖြစ်ကြဘဲ ရှန်ပိန်ကို တစိမ့်စိမ့်သောက်နေကြသည်။ ပြီးတော့ အပေါ်လဲခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီဝင်ကြသည်။

တစ်နံ့ရောအခါက ဖေဖေနှင့်မေမေ၏ အခန်းများ။ သစ်တောနိုင်သာအိမ်တွင်နေမည်ဟု ဆုံးဖြတ်တော့မှ သူတို့အတွက် ပြင်ဆင်မွမ်းမံကာ လွှဲပေးခြင်း ဖြစ်၏။

ဆီဗီယာက ညဝတ်ရုံကို စွပ်ပြီး အိပ်ခန်းထဲသို့ ပြန်လာခဲ့သည်။ အိပ်ရာပေါ်တွင်လှဲရင်း ရင်တွေခုန်နေ၏။ မိမိကိုယ်တိုင်က အပျိုစင်စစ်စစ်ကလေး၊ မာတင်က သူစိမ်းပြင်ပြင်ဟု စိတ်ထဲထင်ကာ တလှပ်လှပ်ဖြစ်နေ၏။

စင်စစ်သူမှလွဲပြီး ဘယ်သူ့ကိုမှ ဆီဗီယာ မချစ်ခဲ့။ ဘယ်သူနှင့်မှ မဖောက်ပြားခဲ့။ မာတင်အခန်းထဲ ဝင်လာပြီး မီးပိတ်လိုက်တော့ ရင်ထဲတွင် ဒိုင်းခနဲဖြစ်သွားသည်။ မီးလင်းဖိုမှ မီးရောင်တွင် သူ့မျက်နှာကို မြင်ရသည်။ အသာအယာငုံ့နမ်းသည်။ ကြောက်ရွံ့ထိတ်လန့်မှုတို့ ဆီဗီယာ့ထံမှ ရုတ်ခြည်းထွက်ပြေးသွားကြသည်။ သူ့မျက်နှာကို လက်နှစ်ဘက်ဖြင့်ဆွဲယူပြီး သူ့အနမ်းကို တုံ့ပြန်လိုက်သည်။ ပြီးတော့တအားသိုင်းဖက်ကာ မွတ်မွတ်သိပ်သိပ် နမ်းနေမိ၏။

ဆီဗီယာ၏ အနမ်းတွင် ချက်ချင်းနစ်မျောမိခြင်းအတွက် မာတင်ကိုယ့်ကိုကိုယ် အံ့ဩနေသည်။ စိုးရိမ်စိတ်တို့ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ရုတ်ခြည်းကင်းစင်လွင့်ပြယ်ကြလေ၏။ အတိတ်၏ အရိပ်ကိုလည်း မမြင်ရ၊ အနာဂတ်အတွက် စိုးရိမ်ထိတ်လန့်ခြင်းများလည်း မရှိဘဲ အချစ်၏ ရသများကို လွတ်လွတ်လပ်လပ်ရှာဖွေတွေ့ရှိသည့် မင်္ဂလာအချစ်ည။ မနက်စောစော မာတင်အိပ်ရာမှ နိုးသည်။ နံဘေးမှအိပ်ပျော်နေဆဲဖြစ်သည့် ဇနီးချောကို ငေးကြည့်နေမိ၏။ အိပ်ပျော်နေသည်မှာ ပိုလှနေသည် ထင်၏။ ဆီဗီယာလို မိန်းကလေးကို ပိုင်ဆိုင်ရခြင်းမှာ ကံကောင်းထောက်မခြင်းပါလားဟု ဆင်ခြင်မိသည်။ ဆီဗီယာက ဖြည်းဖြည်းကလေး အညောင်းဆန့်သည်။ ပြီးတော့ မျက်လုံးဖွင့်ကြည့်သည်။ မာတင့်ကိုမြင်တော့ နှုတ်ခမ်းအစုံပြုံးလာသည်။ မာတင်က သိုင်းဖက်လိုက်ပြီး

'အိပ်လို့ကောင်းရဲ့လားဟင်'

'အင်း. . . . . အစာဝနေတဲ့ ကြောင်မလေးတစ်ကောင်အတိုင်းပဲ'

အိမ်ထောင်သည်ဘဝဆိုတာ ဆန်းကြယ်လှပါကလားဟုလည်း





မာတင်တွေးနေမိ၏။ မိမိခန္ဓာကိုယ်ကို အခြားလူသားတစ်ဦးသို့ ပေးလိုက်ရခြင်းမှာ စိတ်ချမ်းမြေ့ဖွယ်အတိပါကလား။ ဆီဗီယာအတွက် အလုပ်အကျွေးပြုမည်၊ သူပျော်နေသည်ကိုကြည့်ပြီး ပျော်နေမည်။ အင်း. . . ဘဝစာမျက်နှာအသစ်များပေါ့။ ဇနီးသည်ကို တယုတယနမ်းရင်း အချစ်စာမျက်နှာသစ်များကိုလည်း ရှာဖွေတွေ့ရှိပြန်လေ၏။

'ပျော်ရဲ့လား ဆီဗီယာရယ်၊ မောင်တော့ သိပ်ပျော်တာပဲ'

သည်စကားလုံးတွေကို တစ်သက်လုံးပြောသွားနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ဟုလည်း ကျိတ်ပြီး ဆုတောင်းလိုက်မိသည်။

'အတူတူပဲပေါ့ကွယ်'

ဆီဗီယာက ချစ်လင်ကို သဲသဲယဲတွေ တစ်စမကျန် ဖယ် ရှားပြီး ယုံယုံကြည်ကြည်ပြန်ပြောလိုက်သည်။ ထိုစဉ် မီးလင်းဖိုပေါ်မှ နာရီကြီးက သံစုံမြည်လာသည်။ ဆီဗီယာက စိုးရိမ်နေသည့်လေသံဖြင့်

'ဆယ့်တစ်နာရီ ထိုးပြီမောင်၊ ခရီးထွက်ဖို့ ဘာမှ မပြင်ဆင်ရသေးဘူးလေ'

မာတင် ရေချိုးခန်းထဲမှပြန်ထွက်လာတော့ ဆီဗီယာ ခေါင်းဖြီးနေသည်ကိုတွေ့ရ၏။ ဆံပင်တွေက ပခုံးပေါ်တွင်ဝဲကျလျက်။ မာတင်က ဇနီးလုပ်သူကို လက်ဆွဲပြီး မျက်နှာချင်းဆိုင်စေကာ

'သေသေချာချာ ကြည့်ပါရစေဦး မိန်းမရယ်၊ ခုနေကြည့်လဲ လှနေတာပဲ၊ ဒါလင့်ကို မောင်ချစ်ပါတယ်ကွယ်'

သူပြောသည်ကို ဆီဗီယာ ယုံလိုက်ချင်ပါ၏။ သို့သော် 'မောင်တဖြည်းဖြည်း ဆီဗီယာနဲ့ ပျော်လာမှာပါကွယ်'ဟုသာ ပြန်ပြောလိုက်သည်။

ထိုစဉ် နံနက်စာဗန်းနှင့် အိမ်ဖော်တစ်ယောက် ဝင်လာသဖြင့် စကားခဏပြတ်သွားသည်။ 'အိမ်ဖော်မကလေးထွက်သွားသည်နှင့် ဆီဗီယာက

'ကြည့်စမ်း. . . ခုမှ သတိရတယ်မောင်၊ ညတုန်းက အန်ဘီဘက်စ်ကို ဆီဗီယာ ဘာမှလဲမကူလိုက်ရဘူး၊ အဘွားကြီးတစ်ယောက်တည်း ဘယ်လိုများ. . . .'

'လူ့သဘာဝဆိုတာ သိပ်အံ့ဩစရာကောင်းတယ် ဆီဗီယာရဲ့၊ ကိုယ့်ကိုကိုယ် အင်အားဘယ်လောက်ရှိတယ်ဆိုတာ အရေးကြုံမှ သိရတာ



www.burmeseclassic.com

www.burmeseclassic.com



ဒေဝဖေဆုံးပြီးမှ မေမေဟာ ခွန်နဲ့အားနဲ့ ဖြစ်လာတာ မင်းရဲ့ တွန်းအားပေးမှုလဲ ပါတာပေါ့လေ'

မာတင်က ဆီဗီယာ့လက်ကို ဆုပ်ပြီး

'မေမေဟာ ကိုယ့်ထက် မင်းကိုပိုပြီးချစ်တာပါ ဆီဗီယာ၊ ဟုတ်တယ် မဟုတ်လားဟင်'

ဆီဗီယာ ရယ်သည်။

'ဒါကတော့ အကြောင်းရှိလို့နေမှာပေါ့ မောင်ရဲ့၊ ကဲ. . ကဲ မြန်မြန်စားလိုက်ကြရအောင် လုပ်စရာတွေ ရှိသေးတယ်'

သူတို့နှစ်ယောက် အောက်ထပ်ဆင်းလာတော့ ဗိုမင်းနစ်နှင့် ဘက်စီ အသင့်စောင့်နေကြသည်။ ဆီဗီယာက ခရမ်းနုရောင်သိုးမွေး အကျီကို ဝတ်လာသည်။ ဖိနပ်နှင့်လက်ပွေ့အိတ်ကလည်း တစ်ရောင်တည်း။ မေမေဘက်စီ မင်္ဂလာလက်ဆောင်အဖြစ် ဝယ်ပေးသည့် မြွေပါရေကော်လာနှင့် ကုတ်အကျီကို လွှမ်းလျက်။

ဆီဗီယာက ယောက္ခမကြီးကို ပွေ့ဖက်ပြီး နှုတ်ဆက်ရင်း ကျေးဇူးစကားဆိုသည်။ ပြီးတော့ ဒိုမင်းနစ်နှင့် မျက်နှာချင်းဆိုင်ရပ်ကာ

'ဒိုမင်းနစ်ပြောတာ ဆီဗီယာ ဘယ်တော့မှမမေ့ပါဘူး၊ အမြဲတမ်းစိတ်ရှည်ပါ့မယ်၊ သိပ်ကျေးဇူးတင်ပါတယ်ကွယ်၊ ဒိုမင်းနစ်သာ မပါရင် ဒါလောက်ပွဲစည်မှာ မဟုတ်ဘူး'

သူတို့ကား ထွက်သွားသည်ကို မျက်စိတစ်ဆုံးလိုက်ကြည့်ရင်း ဘက်စီမျက်ရည်တွေကျလာသည်။ သို့သော် အိမ်ထဲပြန်ဝင်လာတော့ နှုတ်ခမ်းများက ပြုံးလျက်။

သည်တစ်ခေါက် နယူးယောက်လေဆိပ်တွင်ဆင်းတော့ အတိတ်၏ အရိပ်မည်းကြီးက မာတင့်ကို လွှမ်းမိုးထားခြင်း မရှိတော့ပေ။ ဆီဗီယာ့ကို လက်တွဲပြီး မရောက်ဖူးသည့် ဂြိုဟ်တစ်ခုကို ရောက်လာသည့်နှယ်၊ အရာတိုင်း သစ်ဆန်းနေသည်ဟုထင်၏။ အခန်းများစွာပါသည့် ပီယာဟိုတယ်တွင် ခန်းမကြီးတစ်ခု ငှားလိုက်သည်။ မင်ဟတ်တန်လမ်းမကြီးတွင် လမ်းထွက်လျှောက်ကြသည်။ အတိတ်၏ ခြောက်လှန့်မှုကို မခံရတော့။

လာပါဗီလီယံဟိုတယ်တွင် အကောင်းဆုံးညစာကို မှာစားကြသည်။ ညဉ့်နက်သန်းခေါင်တိုင် ငြိမ့်ငြိမ့်ညောင်းညောင်း ကကြသည်။





တစ်မျိုးပြီးတစ်မျိုး ပို၍ပို၍ ပျော်ရသော ညများ။ ဩော် ဆီဗီယာ. . . ဆီဗီယာ. . .။

မိမိကို စွဲစွဲလမ်းလမ်းချစ်နေရှာသည့်ဆီဗီယာ။ ဘယ်တော့မှ သူစိတ်မချမ်းသာအောင် မလုပ်တော့ဟု ထပ်မံဆုံးဖြတ်လိုက်ပြန်၏။

နောက်တစ်နေ့ မနက်တွင် ပြိုင်တူနိုးကြသည်။ ဆီဗီယာက ရယ်ပြီး ညဥ့်ဝတ်ရုံကိုမျှ မလွှမ်းတော့ဘဲ တခစ်ခစ်ရယ်ကာ ကျီစယ်သည်။

'ရေချိုးခန်းကို ဘယ်သူအလျင်ရောက်မလဲ၊ ပြိုင်မယ်လေ'

♠ ♠ ♠

နောက်တစ်နေ့ နံနက်တွင် မင်္ဂလာခရီး ဆက်ထွက်ဖို့ သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြသည်။ အင်ဒရီယာဇိမ်ခံသင်္ဘောကြီး၏ ပထမတန်းအခန်းတစ်ခန်းထဲတွင် သူတို့သေတ္တာတွေက အလျင်ရောက်နှင့်နေသည်။

စူးစူးရှရှအော်လိုက်သည့် ဥသြသံနှင့်အတူ သင်္ဘောခေါင်းတိုင်မှ မီးခိုးဖြူဖြူတွေ တထွေးကြီး ပျံတက်သွားသည်။ ကမ်းခြေမှ နှုတ်ဆက်နေသည့် လူအုပ်ကြီးဆီသို့ ဇိမ်ခံသင်္ဘောကြီးပေါ်မှ ခရီးသည်တွေက ဝမ်းသာအားရ လက်ပြနေကြ၏။ သူတို့အထဲတွင် မာတင်နှင့် ဆီဗီယာတို့လည်း ပါဝင်သည်။ လောကသည် ပျော်စရာတို့ဖြင့်ပြီးသည်ဟု ထင်မှတ်စရာတဒင်္ဂ။

အခန်းထဲ ပြန်ရောက်တော့ ဆီဗီယာက

'သိပ်ပျော်တာပဲ မောင်ရယ်၊ တစ်ခါတလေ တကယ်မှ ဟုတ်ရဲ့လား၊ အိပ်မက်များ မက်နေတာလား အောက်မေ့နေမိတယ်၊ မောင့်ကိုလေ ချစ်လဲချစ်တယ်၊ မြတ်လည်း မြတ်နိုးတယ်'

'မောင်ကလဲ ဟောဒီအခန်းကြီးလို ဖြူစင်တဲ့မေတ္တာနဲ့ မြတ်နိုးပါတယ် မိန်းမရယ်'

တစ်ခန်းလုံး အစက်အပြောက်မရှိ ဖြူဖွေးသန့်ရှင်းနေသည့် သင်္ဘောကြီး၏ ပထမတန်းအိပ်ခန်းကြီးနှင့် သူ့မေတ္တာကို မာတင်က တင်စားသည်။

'ကဲ. . မင်းအနားယူတော့နော်၊ ကိုယ်စားရေးသောက်ရေး ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



သွားစီစဉ်လိုက်ဦးမယ်၊ မင်း ကိုယ့်မိန်းမဖြစ်ပြီနော်၊ ကိုယ့်စကားကို မြေဝယ်မကျ နားထောင်ရမယ်၊ နားမထောင်ရင် ကိုယ့်ဆီက ဘာမှမရဘဲ နေလိမ့်မယ်'

သူ့ဟာသကို ဆီဗီယာ မရယ်မိဘဲ ကျောထဲစိမ့်သွားသည်။

'နားထောင်ပါ့မယ် မောင်ရယ်'ဟု ပြန်ပြောချိန်တွင် သူအခန်းထဲမှ ထွက်သွားပြီ။ ပထမညတွင် အဖြူရောင်ပိုးတွန့်ဝတ်ရုံကို ဆင်မြန်းပြီး ဆီဗီယာ ထွက်သည်။ ရွှေလည်တိုင်ကျော့ကျော့တွင် အဖိုးတန်ပုလဲပုတီးကို ယဉ်ယဉ်ကလေးဆွဲလို့၊ လက်ချောင်းသွယ်သွယ်ကလေးတွင်တော့ မာတင်နယူးယောက်မှ ဝယ်လာသည့် မြ လက်စွပ်ကလေး။ ညစာခန်းမထဲတွင် ယောကျ်ားသားတို့၏ မျက်လုံး များသည် ဆီဗီယာ့ထံတွင် စုဝေးကြ၏။ မာတင် စိတ်ထဲ မနာလိုဝန်တိုခြင်း မဖြစ်ဘဲ ကျေနပ်စွာဂုဏ်ယူနေမိ၏။

ဆီဗီယာကမူ ပတ်ဝန်းကျင်ကို လုံးဝ ဂရုမထားမိ။ ကမ္ဘာ ပေါ်တွင် အခန့်ဆုံးအချောဆုံးဟု ထင်နေသည့် လင်တော်မောင်၏ မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ကြည်နူးနေ၏။ ထိုညတွင် ဆီဗီယာ က မရေမရာဖြင့်

'မောင့်ကို ပြောစရာတစ်ခုရှိတယ်'

'ပြောစေဗျား'

'အနားတိုးပါဦး မောင်ရယ်၊ အဲ ဟုတ်ပြီ မောင့်ကို ဝန်ခံစရာရှိတယ်'

မာတင်က အမှောင်ထဲတွင် ပြုံးပြီး

'အလို. . . မနာလိုဖြစ်ရမယ့် ကိစ္စဆိုရင်တော့ ခွင့်မလွှတ်ဘူးဗျာ'

'သူများ အကောင်းပြောနေတာကွယ်၊ မောင်ကလဲ'

'မောင် တောင်းပန်ပါတယ်ကွယ် ပြောပါ'

'လက်ထပ်ရပေမယ့် မောင် ဆီဗီယာ့ကို ချစ်နိုင်ပါ့မလားလို့ သံသယ ဖြစ်ခဲ့တယ်'

'ကဲ. . . ဒါဖြင့် အဲဒီသံသယတွေ ခုရှိသေးလား'

'ဆီဗီယာက မေးချင်တာပါမောင်၊ ခုလို ဖြစ်ခဲ့တဲ့အတွက် မောင် နောင်တများ ရနေသလားလို့'

'ဟာ. . . ဘယ်ကလာ ဘာတွေများ အတွေးခေါင်နေတာလဲ မိန်းမရယ်၊ မင်းလောက် သင့်တော်တဲ့မိန်းကလေးမျိုး သိကြားမင်း နားကင်းနဲ့ ဆင်းရှာတောင် တွေ့မှာမဟုတ်ဘူး၊ အဲဒါ ယုံထားစမ်းပါ ဆီဗီယာရယ်၊





ပြီးတော့လေ မင်းကြောင့် ကိုယ့်ဘဝမှာ ရည်မှန်းချက် အသစ်တွေတောင် တိုးလာတယ် သိလား'

ရည်မှန်းချက်တဲ့ ဆီဗီယာ ဝမ်းနည်းသွားသည်။ မိမိတောင့်တနေသည့် ပူပူနွေးနွေးအချစ်အကြောင်း ပြောဖော်မရပါလား။ သို့သော် ဒိုမင်းနစ်၏ အမှာစကားကို သွားသတိရလိုက်သည်။ စိတ်ရှည်ရမည်ပေါ့၊

♠ ♠ ♠

အင်ဒီရိယာဇိမ်ခံသင်္ဘောကြီးနှင့် ပင်လယ်ခရီးတွင် ငါးရက်ရှိသွားပြီ။ အင်္ဂလန်နိုင်ငံ ဆောက်သင်တန်ကမ်းခြေကိုရောက်တော့ ဆီဗီယာ တစ်ယောက် သင်္ဘောပေါ်မှမဆင်းချင်အောင် ဖြစ်နေ၏။ ထိုကာလမှာ အိမ်မက်ဆန်လှ၏။ အဖြူရောင် အိပ်မက်၊ သီးခြားကမ္ဘာလေးထဲ ရောက်နေသလိုပင်။ သို့သော် လုံခြုံ၏။ အေးချမ်း၏။ အနွေးဓာတ်အငွေ့အယှက်ပေးမည့်သူ မရှိ။

ကားတစ်စီး အဆင်သင့်စောင့်နေသည်။ ကွန်းနောက်သို့ ခရီးဆက်ခဲ့ကြသည်။ စစ်၏အနိဋ္ဌာရုံမြင်ကွင်းများကို ဆီဗီယာ တအံ့တသြ ငေးလိုက်လာသည်။

အိမ်ဥပစာတိုင်းလိုလိုတွင် ကျဆုံးလေပြီးသည့် စစ်ဗိုလ် စစ်သားတို့၏ ဇနီးမယားများသည် ပျင်းရိငြီးငွေ့စွာဖြင့် ထိုင်နေကြသည်ကို တွေ့ရ၏။ ကားမောင်းသူမှာ စစ်ပြန်အရာရှိဟောင်းတစ်ဦး ဖြစ်သည်။ ကားလမ်းတစ်လျှောက် ဗုံးဒဏ်ကြောင့် ပျက်စီးခြင်းမက ပျက်စီးခဲ့ရသည့် မြင်ကွင်းများကိုသာ တွေ့မြင်နေရ၏။ တိုက်ပြိုတိုက်ပျက်များထဲမှ တွန့်လိမ်ကောက်ကွေးနေသည့် သံယက်မကြီးများက ထိုးထိုးထောင်ထောင်။ အနိဋ္ဌာရုံအပျက်အစီးများ၏ အလယ်တွင် သစ်လွင်မြင့်မားသည့် အမေရိကန်သံရုံး အဆောက်အအုံကို တွေ့ရသည်။

လန်ဒန်ကိုရောက်တော့ ဝက်စမင်စတာ ဝတ်ကျောင်းတော်နှင့် ပါလီမန်အဆောက်အအုံများသို့ အလျင်ဆုံးသွားပြီး ရှုခင်းတွေကို လည်ပတ်ကြည့်ရှုကြသည်။ ဆီဗီယာ ပင်ပန်းစပြုလာပြီ။ သို့သော် မာတင်က ပါရီကို ခရီးဆက်ဖို့ တိုက်တွန်းသည်။ ဗင်းနစ်ရောက်မှ နားမည်ဟုဆိုသည်။ 'ဗင်းနစ်ဟာ အချစ်ရဲ့ သင်္ကေတမြို့တော် ဆီဗီယာရဲ့'ဟု မာတင်ကညွှန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ပြီးစ ပါရီသည် အမေရိကန်တို့အား ကြည်ကြည်ဖြူဖြူ မရှိကြ သေး။ ပြင်သစ်စကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်သည့် မာတင့်ကို ဖြိုင်ဖက်မလုပ်ချင်ကြ။ ဗင်းနစ်ရောက်မှ သူတို့အိပ်မက်တွေ အကောင် အထည်ပေါ်လာသလို ရှိသည်။ မာတင်ပြောသလိုပင် ဗင်းနစ်သည် ချစ်သူတို့အတွက် မြို့တော်ဖြစ်ကြောင်း ဆီဗီယာ နားလည်ရတော့သည်။ မြင်ကွင်းအားလုံးမှာ စိတ်ကူးယဉ်စရာတွေချည်း။

ရောက်စညတွင် လသာဆောင်သို့ထွက်ပြီး မဟာကျုံးကြီးကို ဆီဗီယာ ငေးကြည့်နေသည်။ ငွေလရောင်တွင် အပျော်စီး လှေကလေး တစ်စင်း တိတ်တိတ်ကလေး လှော်ခတ်သွားသည်ကို လှမ်းမြင်နေရ၏။ လှေသမားလုလင်သည် လွမ်းဆွတ်ဖွယ်တေးတစ်ပုဒ်ကို သီဆိုရင်း လှော်ခတ် နေသည်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ရေးစပ်ခဲ့သည့်သီချင်းဟု ဆီဗီယာ ထင်လိုက်၏။

လှေပေါ်မှ ခရီးသည်ကို ဆီဗီယာ စိတ်ကူးရုပ်ဖော်ကြည့်လိုက် သည်။ ခေတ်ဟောင်းဗင်းနစ်မြို့သူ အထက်တန်းလွှာအမျိုးသမီးကြီးများကို မြင်ယောင်လာ၏။ နံဘေးတွင် ချစ်သူလူရွယ်နှင့် ကျုံးကြီး၏ ကုံးအောက် တစ်နေရာသို့ ဦးတည်သွားနေသည့်ပုံ။

ဇာပန်းခြယ်ဝတ်စုံနှင့် ကတ္တီပါနက်ဝတ်ရုံကိုပါ မျက်စိထဲ မြင် ယောင်လာ၏။ ပြီးတော့ လက်ဝတ်ရတနာတွေ၊ ပြီးတော့ ဒေါသအမျက် ခြောင်းခြောင်းထွက်နေသည့် လင်ယောက်ျား၏ပုံ. . .။

'ဆီဗီယာ'

'ဘာလဲမောင်'

'ရှုခင်းကို သဘောကျနေလား'

'ဟုတ်တယ် မောင်ရယ်၊ သိပ်ကို သဘောကျတာပဲ၊ ရောက်ဖူးသမျှ တွေထဲမှာ ချစ်စရာအကောင်းဆုံးပဲ၊ ရာသီဥတုကလဲ ထွေးထွေးနွေးနွေး ရှိတယ်၊ အားလုံး စိတ်ကူးယဉ်စရာချည်းပဲ'

ဆီဗီယာ အိပ်ခန်းထဲ ပြန်ဝင်လာသည်။ ကနုတ်ပန်းပေါင်းများစွာ နှင့် ခုတင်ကြီးဆီသို့ လျှောက်သွားသည်။ ထိုညတွင် အချစ်သည် ပို၍ သစ်လွင်နေပြန်၏။

နောက်တစ်နေ့ မနက်တွင် ဆီဗီယာ စောစောနိုးသည်။ အိပ်ရာ





ပေါ်မှ အသာကလေးလျှောဆင်းပြီးအဝတ်လဲကာ အောက်ထပ်သို့ ဆင်းခဲ့ သည်။ တစ်ယောက်တည်း နံနက်စာ စားဖို့ဖြစ်သည်။ မနက်ခုနစ် နာရီခွဲပဲ ရှိသေးသည်။ ဗင်းနစ်၏ နံနက်ခင်းကို အာရုံခံချင်သည်လေ။ ထမင်းစား ခန်းထဲတွင် တစ်ယောက်မှ မရှိသေး။ စားပွဲထိုးက ဒါလောက်စောစောထပြီး နံနက်စာစားသည့် အမျိုးသမီး အားတအံ့တဩ ငေးကြည့်နေသည်။

မဟာကျုံးရေပြင်ကို စီးမြင်နေရသည့် စားပွဲတစ်လုံးတွင် နေရာယူ လိုက်သည်။ မော်တော်ဘုတ်ကလေးတစ်စင်း လှေကားထစ်တွင် ရပ်ပြီး ပစ္စည်းတွေ ချနေသည်။

အင်း. . . ဗင်းနစ်ရဲ့ ကုန်ပို့ကားနေမှာပဲဟု ဆီဗီယာ တွေး နေ၏။ နံနက်စာစားပြီးတော့ အပြင်ထွက်လျှောက်သည်။ လမ်းပေါ်တွင် လူရှင်းနေ ဆဲ။ စတိုးဆိုင်ရှင်အချို့ ဆိုင်ရှေ့မျက်နှာစာကို ကျုံးရေဖြင့် ပက်ဖြန်းဆေး ကြောနေသည်။ ဗင်းနစ်သည် နံနက်ခင်းတွင် လှပလန်းဆန်းနေ၏။ တစ်သက်လုံးသတိရနေတော့မည် ထင်သည်။ ကမ္ဘာပေါ်တွင် ချစ်စရာ အကောင်းဆုံးမြို့ဟု စိတ်ထဲစွဲထားလိုက်၏။

ဟိုတယ်ပြန်ရောက်တော့ မာတင် အဝတ်လဲပြီးနေပြီ။

'ကြည့်စမ်း. . . ဘယ်အချိန် အိပ်ရာထပြီး လစ်ထွက်သွားတာလဲ၊ နောက်ကို အဲဒီလို ထွက်သွားရင် စာကလေးတစ်စောင်တော့ ရေးထားခဲ့ပါ မိန်းမရယ်'

'စိတ်ပူနေသလား'

'ပူရပါသော်ကောဗျာ'

'ဘာဖြစ်လို့ ပူရတာလဲ၊ ကလေးမှ မဟုတ်တော့တာ'

'ကလေးမဟုတ်လို့ ပူရတာပေါ့ဗျ၊ ဒါနိုင်ငံခြား၊ သူများ တိုင်းပြည် ဘာအောက်မေ့လဲ'

ဆီဗီယာ ပြုံးသည်။ ဩော်. . . မောင်ရယ်၊ မောင်အကြာကြီး ပစ်သွားတုန်းက ဒီက မိဆီဗီယာ ဘယ်လိုနေမယ်ဆိုတာ ကိုယ်ချင်းမစာ ကြည့်ဘူးလားဟင်၊ နာကြည်းစွာ တွေးလိုက်၏။ သို့သော်

'မောင် အဲဒီလို စိတ်ပူတတ်တဲ့အတွက် ဆီဗီယာပိုပြီး ကြည်နူးရပါ ဘယ် မောင်ရယ်'

'ကဲ. . . ဘယ်လစ်ထွက်သွားတာလဲ၊ ဆိုစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'အောက်ထပ်တင်ပါ၊ မနက်စာ ထမင်းစားတယ်လေ'

'ဟင်. . . စောလှချည်လား၊ မောင်က ခုပဲ ဖုန်းဆက်ထားတယ်၊ အခန်းထဲ လာပို့ခိုင်းလိုက်တာ၊ ကဲ. . . စားပြီးရင်လဲ မောင်စားတာ ထိုင်ကြည့်နေ၊ ငြိမ်ငြိမ်ကလေးထိုင်ကြည့်နေမှ မြို့ကို လည်ပြမယ်'

ပြောပြောဆိုဆို ဖနီးသည်ကို ရင်ခွင်ထဲ ဆွဲပွေ့သည်။ ဆီဗီယာက ရယ်ပြီး အလိုက်သင့်ကလေး ပါသွားသည်။

♠ ♠ ♠

မြို့ထဲလျှောက်လည်ကြသည်။ နေ့လည် ၁၂ နာရီတွင် စိန်မတ် ပန်းခြံနံဘေး ကော်ဖီဆိုင်၌ ထိုင်ကြသည်။ သူတို့စားပွဲနံဘေးတွင် စုရုံးနေကြသည့် ဝဝကစ်ကစ်ခိုကလေးများက ဘာစိတ်ကူး ပေါက်သည်မသိ၊ ရုတ်တရက် ထပျံသွားကြသည်။ ပန်းခြံထဲလျှောက်ပြီးတော့ ခုံတန်းကလေး တစ်ခုပေါ်တွင် ထိုင်လိုက်ကြသည်။

'မောင်ရယ်၊ ဝင်းနစ်ကိုတော့ ဆီဗီယာတစ်သက်လုံး သတိရနေတော့မှာပဲ၊ တကယ့်ကို စိတ်ချမ်းသာစရာ ကောင်းတာပဲနော်'

လန်ဒန်တုန်းက ချစ်သူ၏ စွန့်ပယ်ခံဘဝနှင့် စိတ်ဆင်းရဲစွာ နေခဲ့ရသည့်ကာလများကို သတိရနေ၍ ပျော်သင့်သလောက် မပျော်နိုင်ခဲ့ပေ။

မာတင်က ဆီဗီယာ့လက်ကို လှမ်းကိုင်ပြီး

'ဟုတ်တယ်. . . ဒါထက် ပျော်စရာကောင်းတဲ့နေရာ ရှိသေးတယ်၊ လာ. . . သွားကြစို့'

မဟာကျုံးကြီးဆီသို့ ပြန်လာခဲ့ကြသည်။ တစ်ညနေစာ စီးဖို့ အပျော်စီးလှေကလေးတစ်စင်း ငှားလိုက်သည်။ လှေထဲတွင် တစ်ယောက် ပခုံး တစ်ယောက်ဖက်ကာ ပက်လက်လှန်ချလိုက်ကြသည်။

လှေက ရွေ့သည်မထင်ဘဲ ရှေးဟောင်းဘုရားရှိခိုးကျောင်းကြီးများ၏ စုလစ်မွမ်းချွန်များနှင့် ရောမခေတ်လက်ရာ အဆောက်အအုံကြီးများက တိမ်တိုက်ထဲတွင် လွင့်မျောနေသည် ထင်ရ၏။

ထိုညတွင် မျက်ရည်ကလေးတလည်လည်နှင့် ဆီဗီယာပြောသည်။

'မနက်ဖြန် ပြန်ရတော့မယ်နော်၊ သိပ်ဝမ်းနည်းတာပဲ မောင်ရယ်၊





နောက်ဒီကို ပြန်ရောက်ဖြစ်ပါဦးမလား ဟင်'

'ရောက်မှာပေါ့ကွယ်၊ နှစ်တိုင်းလာလည်မယ်လေ၊ အချစ် နှစ်ပတ်လည်ကို ဝင်းနစ်မှာ နှစ်တိုင်းလာလုပ်မယ်'

ဆီဗီယာက လင်တော်မောင်၏ လက်ကို လှမ်းဆုပ်ပြီး

'မောင်ပြောတဲ့အတိုင်း ဖြစ်မြောက်ပါစေလို့ ဆီဗီယာ အမြဲ ဆုတောင်းမယ်နော်'

နောက်တစ်နေ့ နေ့လည်တွင် ထွက်သည့်ရထားဖြင့် ရောမသို့ ထွက်ခဲ့ကြသည်။ အိပ်ဆယ်စီယာဟိုတယ်တွင် နေရာချထားပြီး ရောမကို လည်ပတ်ကြည့်ရှုကြသည်။ ရောမတွင် မာတင်၏မျက်နှာ ညှိုးနေသည်ကို ဆီဗီယာ သတိပြုမိလိုက်၏။

ဟိုးအဝေးသို့ သူငေးကြည့်နေတတ်၏။ ဂျင်နီပျောက်ဆုံးပြီးစကလို သောကရိပ်တွေ ဖုံးလွှမ်းနေသည့် မျက်နှာဖြင့် စက်ရုပ်ခြေလှမ်းများကို လှမ်းလျက်။ သို့သော် မာတင့်အာရုံကို လွှမ်းမိုးနေသည်မှာ ဂျင်နီမဟုတ်၊ မဟာမိတ်တို့လက်တွင်းသို့ အီတလီကျပြီးနောက် ရောမ၏မြင်ကွင်းများကို ပြန်လည်သတိရမိ၍ ဖြစ်သည်။

ကလေးများက အမှိုက်ပုံးတွေကို မွှေနှောက်ရှာဖွေနေသည့် မြင်ကွင်း၊ ပြီးတော့ ချော့ကလက်တစ်တောင့်အတွက် အမေရိကန်စစ်သားများထံ မိမိကိုယ်ကို လိုက်လံရောင်းချနေသည့် ၁၃ နှစ် သမီးကလေး။

အတိတ်၏ နိမိတ်ဆိုးကြီးအောက်မှ ရုန်းထွက်ဖို့ မာတင်ကြိုးစားသည်။ ရောမတစ်ခွင် လှည့်ပတ်ကြည့်ရှုဖို့ အစီအစဉ်တွေကို ဆက်တိုက်ဆွဲသည်။ ကပွဲခန်းမဆောင်များထဲတွင် ညဥ့်နက်သန်း ခေါင်အထိ ကကြသည်။ နောက်တစ်နေ့တွင် ဆီဗီယာ ပင့်ပန်းနေပြီ။ သို့သော် မွန်းမတည့်မီ ယနေ့ခရီးစဉ်ကို မာတင်က ဆွဲပြီးနေပြီ။

သမိုင်းဝင် ရောမခေတ်အဆောက်အအုံကြီးတွေကို လှည့်ပတ်ကြည့်ရှုကြသည်။ တိဗားမှ ဗာတီကင်မြို့အထိ အရောက်သွားကြသည်။ စိန်ပီတာ ဝတ်ကျောင်းတော်နှင့် ဗာတီကင်ပြတိုက်ကို လှည့်ပတ်ကြည့်ရှုကြသည်။ ငါးနာရီထိုးသည်အထိ ဟိုတယ်ကို ပြန်မရောက်သေး။ ပြန်ရောက် လျှင် ဆာဆာနှင့် ဟိုတယ်တွင်ပင် ညစာ စားမည်ဟု ဆီဗီယာ ထင်မိသည်။ သို့သော် ရေမိုးချိုး အဝတ်အစား လဲပြီးသည်နှင့် နာမည်ကျော် ညကလပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို သွားဖို့ မာတင် စိစဉ်ပြီးပြီ။

မျက်မှောင်ကုတ်နေသည့် သူ့အမူအရာကို စပ်စုဖို့ ဆီဗီယာ စိတ်ကူးလိုက်သေးသည်။ နောက်မှ ဒိုမင်းနစ်၏ ဆုံးမစကားကို ကြားယောင်ပြီး ခပ်မဆိတ်နေလိုက်သည်။ ဘာကိုများ သူ စိတ်အနှောင့်အယှက် ဖြစ်နေပါလိမ့်။

ဆေးလိမ်မီးခိုးငွေ့များ ယှက်သန်းနေသည့် ခပ်မှောင်မှောင် ညကလပ်ထဲရောက်တော့ သူနည်းနည်း ရွှင်လာသည်။ ဆီဗီယာ တစ်လုံးတစ်ပါဒမျှ နားမလည်သည့် အီတလီဟာသများကို အော်ဟစ်ရယ်မောနေသည်။ ခါတိုင်းထက်ပို၍ သောက်နေသည်ကိုလည်း ဆီဗီယာ သတိထားမိသည်။

ညကလပ်မှ ပြန်မည်ပြုတော့ ဆီဗီယာ အိပ်ပျော်လုနီးနေပြီ။ ဟိုတယ်သို့အပြန်တွင် သူဘာကိုများ စိတ်ပျက်နေပါလိမ့်ဟု စဉ်းစားလိုက်လာသည်။ ပထမတော့ ဂျင်နီနှင့် ပတ်သက်လိမ့်မည်ဟု ထင်ခဲ့၏။ နောက်မှ ကိုယ့်ကိုကိုယ် အားတင်းပြီး အို. . . မဖြစ်နိုင်ပါဘူးလေ ဖွတ်ယုံလိုက်ရသည်။

အခန်းပြန်ရောက်သည်နှင့် အဝတ်တွေကို ဖြစ်ကတတ်ဆန်း ဆွဲချွတ်ပြီး မာတင်က အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်။ ဆီဗီယာက ရေချိုးကန်ထဲသို့ ရေဖြည့်ပြီး တဝစိမ်ချိုးသည်။ ဆပ်ပြာမြှုပ်တွေထဲတွင် တစ်ကိုယ်လုံးနှစ်ပြီး ကြွေကန်ဘောင်ပေါ်တွင် ခေါင်းတင်ကာ မျက်နှာကျက်ကို မော်ကြည့်နေမိသည်။

ငယ်ကကျွမ်းသည့် ငယ်ကျွမ်းဆွေတွေမို့ အများအမြင်တွင် သူတို့စုံတွဲမှာ နေနဲ့လ၊ ရွှေနဲ့မြလို တင့်တယ်ပေမယ့် စင်စစ် ဆီဗီယာသည် မာတင်၏ ဘဝစာမျက်နှာတစ်ခုအတွက်သာ နားလည်ခဲ့သည်။ တားဆီးနေသည့် တံတိုင်းတစ်ခု ကျန်နေသေးသည် ထင်၏။ ဒါကို ဖြိုမည်ကြံတိုင်း ဆီဗီယာ တစ်ယောက် မငုံ့မရဲ ဖြစ်ရသည်ချည်း။ မွှေး မြမြဆပ်ပြာမြှုပ်ထဲတွင် မလှုပ်မယှက်စိမ်ရင်း စိုးရိမ်စိတ်တွေ ဘေးချိတ်ထားလိုက်သည်။

သူ တစ်စုံတစ်ခုအတွက် စိတ်အနှောင့်အယှက် ဖြစ်နေသည်ကို ထားဦး၊ မာတင်သည် မိမိကို ချစ်နေဆဲ၊ လိုအပ်နေဆဲ မဟုတ်လားတစ်ကိုယ်လုံးခြောက်သွေ့သည်အထိ မျက်နှာသုတ်ပဝါ ဖြင့် သုတ်ပြီး အိပ်ခန်းထဲ ပြန်လာခဲ့သည်။





သူ့နံဘေးတွင် ဝင်လှဲပြီး မတ်ုပြန်မှန်းသိလျက်နှင့် မွှတ်မွှတ် သိုင်းသိပ်နမ်းရင်း

'မောင်ရယ်. . . မောင့်ကို သိပ်ချစ်တာပဲကွယ်'ဟု တိုးတိုးကလေး ကပ်ပြောသည်။

စစ်ကာလကြောင့် မာတင်ခံစားခဲ့ရသည့်စိတ်ဝေဒနာကို ဆီဗီယာ မည်သို့နားလည်နိုင်ပါမည်နည်း။ အချစ်စိတ်တို့ ညှိုးနွမ်းခန်းခြောက်ခဲ့ရသည့်ကာလကို မာတင်ကလည်း ပြောပြနိုင်မည် မဟုတ်ပါချေ။ ငှက်ပျောတုံး၊ လက်ပံတုံးလို ဖြစ်နေသည့် လင်တော်မောင်ကို ဆီဗီယာ နားမလည်နိုင်အောင် ဖြစ်နေစဉ်

'မောင် ဒီညသိပ်ပင်ပန်းတယ်ကွယ်၊ အိပ်ပါရစေတော့နော်' ဟု ညိုးညိုးငယ်ငယ် တောင်းပန်သည်။ နှုတ်မှထွက်သွားသည့် စကားလုံးများအတွက် မာတင် စိတ်မကောင်းဖြစ်သွားသည်။ သည် တော့မှ ဆီဗီယာ့ခေါင်းထဲတွင် လျှပ်ပြက်သလို အတွေးတစ်ချက် လင်းလက်သွားသည်။ စစ်ပြီးလို့ သူအိမ်ပြန်ရောက်လာသည့်ည သူ အခန်းထဲထိ ခိုးကြောင်ခိုးဝှက်ဝင်ပြီး သူ့ကို ထွေးပိုက်ယုယဖို့ ကြိုး စားသည့်ည. . . သည်လေသံဖြင့်ပင် ညည်းတွားခဲ့ခြင်း မဟုတ်လား။

'ကိုယ့်ကို ခွင့်လွှတ်ပါဆီဗီယာ'တဲ့။

ဆီဗီယာ ထထိုင်သည်။ သူ့လက်ကို တယုတယဆုပ်နယ်ပြီး

'မောင် ဆီဗီယာ့ကို တကယ်ချစ်ရဲ့လားဟင်'

'ဟာ. . . ဆီဗီယာကလဲကွာ မေးနေဖို့ လိုသေးလားလို့'

'သေချာချင်လို့ပါ မောင်ရယ်'

'ဘာကို သေချာချင်တာလဲ'

'မောင် ဆီဗီယာ့ကို ချစ်တယ်ဆိုတာပေါ့'

'မချစ်ဘဲနဲ့ လက်ထပ်ပါ့မလား မိန်းမရာ'

ငိုချင်စိတ်ကို မျိုချပြီး

'ခုတလော မောင့်ကြည့်ရတာ တစ်မျိုးကြီးပဲကွယ်၊ ဆီဗီယာ့ကို ယုံမိတဲ့အတွက် နောင်တများ ရနေသလားလို့ပါ'

စိတ်အနှောင့်အယှက်ဖြစ်လာတော့ လေသံက မာသွားသည်။

'မင်း ဘာဆိုလိုတာလဲ ဆီဗီယာ'



www.burmeseclassic.com

www.burmeseclassic.com



'သြော်. . မောင်ရယ်၊ ဂျင်နီမက်ကွိုင်းကို မောင်ချစ်နေ တုန်းပဲလားလို့ပါ'

မာတင် ဝုန်းခနဲ ထလိုက်သည်။ သူ သည်လိုစိတ်ဆိုးသည်ကို ဆီဗီယာ တစ်ခါမျှ မမြင်ဖူးခဲ့။

'တော်စမ်း ဆီဗီယာ၊ ကိုယ်စိတ်ဓာတ်ကျတဲ့အခါတိုင်း ဂျင်နီကြောင့်လို့ တစ်သက်လုံးထင်နေမှာလား၊ သူ့နာမည်ကို မင်း ဘယ်တော့မှ ထည့်မပြောနဲ့၊ ကိုယ်လုံးဝမေ့ဖို့ ကြိုးစားနေတာ'

မဆိုစလောက်ကျန်နေသေးသည့် မိန်းမမာနကလေးဖြင့် ဆီဗီယာ ထပြီး အပြင်ထွက်လာခဲ့သည်။ ရေချိုးခန်းထဲ ဝင်ခဲ့၏။ ဂျင်နီ့ ကို သူချစ်နေတုန်းပါလား၊ မျက်ရည်တွေ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ဆင်းလာ၏။ အကြာကြီးရပ်နေမိ၏။ ထိုတဒင်္ဂတွင်တော့ သေပစ် လိုက်ချင်စိတ်ပင် ပေါက်လာသည်။

မျက်နှာကို ရေအေးဖြင့် သစ်လိုက်ပြီး ရေချိုးကန်ဘောင် ပေါ်တွင် ထိုင်နေလိုက်သည်။ ထိုစဉ် ကိုယ့်ကိုကိုယ် ပြန်ဆုံးမနေသည့် မိမိ၏ ဒုတိယ အသံကို ကြားနေရ၏။

'. . . အမှန်ကို မြင်နိုင်အောင် ကြည့်စမ်း ဆီဗီယာ၊ ဂျင်နီ ကို သူချစ်နေတယ်ပဲထား၊ မင်းကိုလည်း သူချစ်နေတာပဲ။ မင်းတို့ နှစ်ယောက်ကြားမှာ သူ့ခမျာ ဆောက်တည်ရာမရ ဖြစ်နေရှာတာ၊ ဘာပဲဖြစ်ဖြစ် မင်းက သူ့ဇနီး၊ သူ့အနားမှာ၊ ဂျင်နီဆိုတာ ဘယ်မှာရှိနေမှန်း သူကိုယ်တိုင်တောင် မသိတော့ဘူး ဆီဗီယာ၊ သေတော့မှာပဲ. . . စိတ်ရှည်ရှည်ထား ပါဆို. . . .'

အိပ်ရာထဲတွင် မာတင် ကိုယ့်ကိုကိုယ် ကျိန်ဆဲနေမိသည်။ ဘာပြုလို့ စိတ်လွတ်လက်လွတ်ပြောမိပါလိမ့်။ ပါးအရိုက်ခံရသလို နာရှာမှာပေါ့၊ စိတ်ပျက်လက်ပျက်နှင့် အိပ်ရာထဲမှ ထလာခဲ့သည်။ ရေချိုးခန်းတံခါးကို ဆွဲဖွင့်သည်။ မရ။ အတွင်းက ချက်ထိုးထားသည်။ တံခါးခေါက်သည်၊ အထဲကမထူး။

'ဒါလင်ရယ်. . . မောင်တောင်းပန်ပါတယ်ကွာ'

ခဏစောင့်ကြည့်သည်။ ဘာမှအကြောင်းမထူး။

'ဆီဗီယာ တံခါးဖွင့်ပါကွာ'





ဘာသံမျှ မကြားရ။

စိတ်ဓာတ်တွေ ကျလိုက်သည့်ဖြစ်ခြင်း၊ ပြောမိသည့်အတွက် ဇနီးလုပ်သူ ကျေနပ်အောင် ဘယ်လိုဘွာခတ်ရပါမည်လဲ။

ကိုယ့်ကိုကိုယ် ကျိန်ဆဲလိုက်မိသည်။ မိမိချစ်သူအားလုံး မိမိအတွက် တစ်နည်းနည်းဖြင့် နစ်နာကြရသည် မဟုတ်လား။ တံခါးဖွင့်သံကြားရသည်၊ ဆီဗီယာ အိပ်ခန်းထဲ ပြန်ဝင်လာသည်။ ပြောဖို့ စကားတွေ မာတင် အပြေးအလွှားလိုက်ရှာနေ၏။

ခုတင်စွန်းကို ဆီဗီယာ ငြိမ့်ငြိမ့်ကလေး ဝင်ထိုင်သည်။

'မောင် စိတ်ဆိုးအောင်ပြောမိတဲ့အတွက် ဆီဗီယာ့ကို ခွင့်လွှတ်ပါ မောင်'

မာတင်က ဇနီးသည်လက်ကို လှမ်းကိုင်ပြီး

'မင်းအပြစ်မဟုတ်ပါဘူး ဆီဗီယာ၊ မောင့်အပြစ်ပါ'

'အဲ့ဒီအကြောင်း မောင်ဆက်ပြောချင်ရဲ့လားဟင်'

မာတင် တွေသွားသည်။ ဥရောပသို့ ပြန်ရောက်ပြီး အတိတ်၏ ခြောက်လှန့်မှုကို ဆီဗီယာ နားလည်နိုင်ပါမည်လား။ အလွန်ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းလှသည့် မင်္ဂလာခရီးကာလမှာပင် မေ့မေ့လျော့လျော့ ဖြတ်ကျော်မသွားနိုင်သည့် ယိတ်လန့်တုန်လှုပ်စရာ အဖြစ်ဟောင်းများ၊ အထူးသဖြင့် အီတလီရောက်မှ နိုးထလာသည့် အတိတ်တစ္ဆေ။

သည်အကြောင်းတွေ ဆီဗီယာသိလျှင် မိမိကိုယ်ပင် သူရဲဘောကြောင်သူအဖြစ်၊ စိတ်ဓာတ်ပျော့ညံ့သူအဖြစ် မြင်မလား၊ သူ့ ကိုယ်သူပင် အရှက်တကွဲ အကျိုးနည်းဖြစ်ရသူလို့ ယူဆလေမလား။

အီတလီရောက်မှ ဘယ်ကိုသွားသွား၊ ဘယ်ရှုခင်းကိုပဲ ကြည့်ကြည့် မြင်ကွင်းထဲတွင် ထောင်သောင်းမကသော အမေရိကန် စစ်သားများကိုသာ မြင်နေ၏။ ရယ်ရယ်မောမော သောက်သောက် စားစားဖြင့် ဆံပင်နက်နက်နှင့် အီတလီမလေးများ ကိုယ်စီတွဲလျက်။

စစ်ဒဏ်ခံ အီတလီလူမျိုးများသည် အပျက်အစီးတွေ အလောင်းကောင်တွေထဲမှ လူးလဲထကာ ဘဝကို ပျော်ပျော်ရွှင်ရွှင်ပြန်စ နေကြ၏၊ ဘာကြောင့် မိမိတစ်ယောက်တည်း ထူးထူးခြားခြား ဝိုခံစား နေရသည်လဲ၊

စိတ်ဝေဒနာကို အပြင်းအထန်ခံစားနေရသူတစ်ဦး၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးနှင့် တူလာသည်။ ဆီဗီယာ အဖြစ်မှန်ကို ချက်ချင်းနားလည် လိုက်ပြီ။ ထိုတဒင်္ဂတွင် မိမိနှစ်နာမှုများကို ဘေးချိတ်ပြီး ချစ်လင် အတွက်သာ ရှေ့တန်းတင် စဉ်းစားရမည်ကို သဘောပေါက်ခြင်း။

ပြဿနာမှာ ဂျင်နီမက်ကွိုင်းမဟုတ်၊ ဥရောပစစ်မြေပြင် မြင်ကွင်း များကြောင့် သူ့ကိုယ်သူ အပြစ်ရှိနေသူလို စွဲနေခြင်းက ပြဿနာ။ အလေး အနက်စဉ်းစားပြီးမှ ဆီဗီယာ စကားဆိုသည်။

'မင်္ဂလာခရီးထွက်လာရတာ ဆီဗီယာ ဘယ်လောက်ပျော် တယ်ဆို တာ မောင်သိတယ်နော်၊ ဒါပေမယ့် ကြာတော့ ကမ္ဘာလှည့် ခရီးသည်ဘဝကို ငြီးငွေ့လာတယ်မောင်၊ မောင့်ကို ငြီးငွေ့တယ်ပြောတာမဟုတ်ဘူးနော်၊ မောင့်ကို တစ်သက်လုံး မငြီးငွေ့ဘူး၊ အဲဒါယုံနော်၊ အဲဒါကြောင့် အိမ်ပြန် ကြရင် ကောင်းမလားလို့၊ မောင် ဘယ်လို သဘောရလဲဟင်'

မာတင်က ဆီဗီယာကို ဆွဲယူပြီး ပွေ့လိုက်သည်။

'ဒါလင့်ကို မောင်ချစ်ပါတယ်ကွယ်၊ ဒါပေမယ့် မင်းအချစ်နဲ့တန် တဲ့ တုံ့ပြန်မှုမျိုး မောင်ဘယ်လိုပေးရမလဲဆိုတာ မောင်စဉ်းစား မရ ဖြစ်နေတယ်'

စိတ်ရှည်ခြင်း၏ အောင်မြင်မှုကို ဆီဗီယာ သဘောပေါက် ရပြန်၏။

♠ ♠ ♠



# (၁၈)

အိမ်အပြန်လမ်းခရီးမှာ ပင်ပန်းကြီးစွာ ရှိလှသည်။ နယူးယောက် တွင် တစ်ညတာနားပြီး ဆန်ဖရန်စစ္စကိုကို အရောက်ပြန်ခဲ့ ကြ၏။ ဥရောပမှ ထွက်ကတည်းက လေယာဉ်ချိန်နောက်ကျသဖြင့် နယူးယောက်တွင်လည်း ကတိုက်ကရိုက်။

မင်္ဂလာခရီးမှ အိမ်ပြန်ရောက်တော့ ဆီဗီယာ ခြေပစ်လက်ပစ် ဖြစ်နေ၏။ ရောက်ရောက်ချင်း အန်တီဘက်စီနှင့် အဖေအမေတို့ အတွက် ဝယ်လာသည့် ဥရောပလက်ဆောင်တွေကို ကမန်းကတန်း ပေးပြီး အိပ်ရာ ပေါ်သို့ ပစ်လှဲချလိုက်သည်။

သောကြာနေ့ ပြန်ရောက်လို့ လေးရက်အကြာ။ ဘက်စီက သူ့ဘို့ ဇနီးမောင်နှံကို ကြိုဆိုသည့်အနေဖြင့် ထမင်းစားပွဲကလေးတစ်ခုလုပ် ပေးသည်။ မာတင် ရုံးမှ ပြန်လာသည်အထိ ဆီဗီယာ အဝတ်အစား မလဲသေး၊ အိပ်ရာပေါ်တွင် လှဲလျက်။ သည်လို အချိန်မျိုးတွင် ဘယ်တော့မှ ဆီဗီယာ ဒီလိုမနေတတ်၊ မေမေ့ကို ကူညီနေမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



'ဆီဗီယာ၊ မင်းနေကောင်းရဲ့လားဟင်'

'ကောင်းပါတယ် မောင်ရဲ့'

အိပ်ရာမှ ကြိုးစားထသည်။ ရေမိုးချိုးသည်။

'ဘယ်လိုဖြစ်လဲ မသိပါဘူး မောင်ရယ်၊ ခရီးပန်းလွန်းလို့ ထင်ပါရဲ့'

ညစာထမင်းဝိုင်းတွင် ဝင်ထိုင်ပြီး တို့ကာပင့်ကာသာ စားဖြစ်သည်။ ထမင်းစားခန်းပတ်လည်ကို ကြီးကန်းတောင်းမှောက်ကြည့်ပြီး နားချင်ပြီဖြစ်ကြောင်း အားလုံးကို ခွင့်ပန်ကာ မတ်တပ်ထသည်။

မာတင်က ပျာပျာသလဲထပြီး ဖြူရော်ရော်ဖြစ်နေသည့် မျက်နှာကို ကြည့်ကာ

'ဒါလင် တကယ်ကော နေကောင်းရဲ့လားဟင်'

'ကောင်းပါတယ်၊ ခရီးပန်းလို့ ငြီးစီစီကြီး ဖြစ်နေတာ ထင်ပါတယ်'

'သေချာရဲ့လား ဆီဗီယာ'

'အို. . . ဘာမှမဖြစ်ပါဘူးဆို'

ဧည့်သည်များကို ရွှင်ရွှင်ပြုံးပြုံးဖြင့် နှုတ်ဆက်ပြီး အခန်းထဲမှထွက်ခဲ့သည်။ ဧည့်ခန်းထဲအရောက်တွင် ရင်ထဲတလှပ်လှပ် ဖြစ်လာပြီး မူးလဲကျသွားမလား အောက်မေ့လိုက်၏။ နဖူးပြင်တွင် ချွေးသီးချွေးပေါက် တွေဥတက်လာသည်။ နီးရာတိုင်တစ်တိုင်ကို လှမ်းမှီလိုက်ရ၏။ ခဏနေ တော့ သက်သာသွားသည်။ အခန်းထဲရောက်ပြီး အိပ်ရာပေါ် လှဲချလိုက် သည်နှင့် တန်းအိပ်ပျော်သွားတော့၏။

နောက်တစ်နေ့မနက်တွင် နံနက်စာစားဖို့ အောက်ထပ် ဆင်းလာတော့ မာတင်တို့ သားအမိက စားပြီးနှင့်နေပြီ။

'ဘာလို့ သူ မနှိုးသလဲ၊ တအားအိပ်ပျော်သွားတယ်'

'အိပ်မှအားရှိမှာပေါ့ ဆီဗီယာရဲ့၊ ဒီနေ့မနက်ကောဘယ့်နှယ်နေလဲ'

မျက်နှာမှာ လန်းလန်းဆန်းဆန်းမရှိလှဘဲ

'ကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး'

ဘက်စီက ပျာပျာသလဲ ဝင်မေးသည်။

'ဘာဖြစ်လို့လဲ၊ သမီးနေမကောင်းလို့လားဟင်'

'နေမကောင်းတာ မဟုတ်ပါဘူး အန်တီဘက်စီ၊ နည်းနည်း မအီမသာ ဖြစ်နေလို့ပါ'





'ဘယ်လို မအီမသာဖြစ်တာလဲ၊ အန်တီဘက်စီကို ပြောစမ်း၊ ဘယ်လိုခံစားနေရသလဲလို့'

'မေမေကလဲ ပုံကြီးချဲ့ပြန်ပြီ၊ ဒါလောက်မဟုတ်ပါဘူး'

'ထားပါလေ၊ ဒါပေမယ့် မေမေမေးတာ သူမဖြေသေးဘူး၊ ဘယ်လို ခံစားရလဲလို့ အန်တီဘက်စီ မေးနေတယ်လေ'

'အင်း. . . နည်းနည်း မူးချင်သလိုလို၊ ပျို့ချင်သလိုလို. . '

သည်တော့မှ ဘက်စီ ပြုံးသည်။

'တို့ ဒေါက်တာ ဖရိုက်မန်းဆီ သွားကြရအောင်'

မာတင် ဘာမှမပြောနိုင်ခင် မအေကြီးက တယ်လီဖုန်း ကောက်လှည့်နေပြီ။ နေ့လယ် နှစ်နာရီတွင် တွေ့ဖို့ ဆရာဝန်နှင့် ချိန်းလိုက်သည်။

မြို့ထဲအလာ ကားပေါ်တွင် ဘက်စီတစ်ယောက် သူ့အတွေးနှင့်သူ ပျော်လိုက်လာသည်။ သို့သော် ဆေးခန်းရောက်ပြီးလို့ ဆီဗီယာ့ကို စမ်းသပ်ခန်းထဲ ခေါ်သွားတော့ ဘက်စီရင်တွေခုန်နေသည်။ ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်။

စမ်းသပ်စစ်ဆေးမှုပြီးတော့ ဒေါက်တာဖရိုက်မန်းက ဆီဗီယာ့ကို အဝတ်ပြန်ဝတ်ခိုင်းသည်။ ပြီးတော့ ရုံးခန်းထဲ ခေါ်သွား သည်။ ဆရာဝန်ကြီးက ပြုံးပြုံးကြီးကြည့်ပြီး

'ကဲ. . ဆီဗီယာ၊ ညည်းမိခင်လောင်းဖြစ်နေပြီဗျသိလား'

'သေချာရဲ့လားဆရာ'

'သေချာသလောက်ပါပဲ၊ ပိုသေချာအောင် ဆက်စမ်းပေးမယ်လေ'

ဆီဗီယာရင်ထဲတွင် လှိုင်းနုနုကလေးများဖြင့် လှုပ်ခတ်သွားသည်။ ဆောင်ရန် ရှောင်ရန်တွေ ပြောနေသည့် ဆရာဝန်ကြီး၏ ညွှန်ကြားချက်ကို မကြားတစ်ချက် ကြားတစ်ချက်။

'အသက်သုံးဆယ်ကျမှ ပထမကိုယ်ဝန်ဆောင်ရတယ်ဆိုတော့ ဂရုတော့စိုက်ရမယ် ဆီဗီယာ၊ ကောင်းကောင်းလဲ နားဖို့လိုတယ်'

ဆရာဝန်ကြီးကို ဆီဗီယာ အကြောင်သားငေးကြည့်နေသည်။

'ကျွန်မ ဒီကလေးကို ကျန်းကျန်းမာမာနဲ့ မွေးချင်တယ်ဆရာ၊ ဒါပေမယ့် ကျွန်မထက် ကလေးကျန်းမာဖို့ အရေးကြီးပါတယ်'

'ကောင်းပြီလေ၊ ဘာမှ ထူးထူးခြားခြား လုပ်စရာမလိုပါဘူး၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုယ် အပင်ပန်းမခံဖို့ရယ်၊ နေ့လည်ပိုင်းမှာ အနားယူဖို့ရယ်၊ ဆေးလိပ် အရက်လုံးဝမသောက်ဖို့ရယ် လောက်တော့ ဂရုစိုက်ပေါ့၊ အစားအသောက် လဲ ဂရုစိုက်ရမယ်၊ ကိုယ်အလေးချိန် မကျစေနဲ့'

ဆီဗီယာပြုံးပြီး 'ဒါလောက်က လုပ်နိုင်ပါတယ်ဆရာ၊ လွယ်သားပဲ'

'ကဲ. . . တို့အပြင်ထွက်ပြီး ညည်းယောကျ်ားမကြီးကို ပြောလိုက်ကြရ အောင်၊ သူဘယ်လောက်အဖြစ်သည်းနေတယ်ဆိုတာ ဆရာသိတယ်'

ဒေါက်တာဖရိုက်မန်းက ဆီဗီယာ့ကိုပခုံးဖက်ပြီး ဧည့်ခန်းဆီသို့ ခေါ်သွားသည်။

'ကဲ. . ဒေါ်ဘက်စီ၊ ခင်ဗျား မြေးရတော့မှာ သေချာသွားပါပြီ၊ မာ တင့်အတွက် ဂုဏ်ယူပါတယ်ဗျာ၊ ကောင်းကောင်းမွန်မွန်မွေးမှာပါ'

ဘက်စီက မာတင့်ဆီကို တယ်လီဖုန်းဆက်ပြီး အကြောင်းကြား ချင်သည်။ သို့သော် ဆီဗီယာက ရုံးပြန်လာမှ ပြောချင်သည်ဆို၏။ ခြောက် နာရီခွဲအထိ မာတင်ပေါ်မလာတော့ ရုံးကို ဆက်ပြောရရင် အကောင်းသားဟု ဆီဗီယာ တွေးနေစဉ် ကားဝင်လာသံ ကြားရသည်။ အောက်ထပ်သို့ပြေး ဆင်းသွားပြီး လင်တော်မောင်၏ ရင်ခွင်ထဲသို့ ပစ်ဝင်လိုက်သည်။

'မှန်းကြည့်စမ်း မောင်၊ ဘာလဲလို့'

'ကြည့်စမ်း. . . တကယ်ဟုတ်လား၊ သေချာတယ်နော်'

ဇနီးသည်ကို ကွဲကြေတတ်သည့် အရာဝတ္ထုတစ်ခုအလား ခပ်ရွရွ ကလေး ဖက်သည်။

'ရင်ထဲမှာ တစ်မျိုးကြီးပဲ ဆီဗီယာရယ်. . . ကလေးအဖေဖြစ်ရ တော့မယ်နော်၊ လောကမှာ ဒီလောက်စိတ်လှုပ်ရှားစရာရှိပါ့ မလားမသိဘူး'

'မောင်ရယ်၊ မောင်ပျော်အောင် ဆီဗီယာ ကြိုးစားပါ့မယ်'

'ဒီထက် ပျော်ရဦးမလားကွယ်'

ထိုညတွင် ဇနီးသည်ကို မာတင်အကြိမ်ကြိမ်နာတွေပိုနေသည်။ တယု တယပြုစုသည်။ မိမိရင်သွေးကို လွယ်ထားရသည့် မိန်းမသား ပါကလားဟု သည့် အသိဖြင့်သနားစိတ်တွေလည်း ဝင်နေ၏။ ဘဝအဓိပ္ပာယ်သည်ခုမှပို၍ ပြည့်စုံလာသလို ခံစားရ၏။

♠ ♠ ♠





နောက်တစ်လလုံးလုံး ငြိမ်ငြိမ်သက်သက် လှုပ်ရှားလည် ပတ်နေ ကြ၏။ နှစ်ယောက်စလုံး အိပ်ရာမှ စောစောထကြ၏။ နှစ်ယောက်တည်း နံနက်စာ စားကြသည်။ မေမေဘက်စီသည် အိပ်ရာထ နောက်ကျတတ်ပြီး မနက်စာကို အိပ်ခန်းထဲမှာ စားလေ့ရှိသည်။

နံနက်စာ စားခန်းကို ဆီဗီယာအလွန်ချစ်သည်။ ရွက်လှပန်းပင် မျိုးစုံနှင့် စိမ်းစိမ်းစိုစို ရှိလှ၏။ အစိမ်းရောင်ကျောက်သားခင်း စားပွဲကလေး ခပ်ငယ်ငယ်။ ကုလားထိုင်နောက်မှီအစွပ်တွင် အဖြူ ရောင် ပန်းပွင့်ကြီးတွေ။ ထို့ကြောင့် ဆောင်းတွင်းမှာပင် နွေဦးပေါက် ရာသီကို ခံစားနေရသလို ထင်ရ၏။

မနက်စာ စားပြီးလျှင် မာတင်က မြို့ထဲသို့ ကားဖြင့် ထွက်သွား တတ်သည်။ ဆီဗီယာက နှဲနှဲနားနေနေကျန်ရစ်သည်။ မိဘတွေ အိမ်ကို သွားသည့်အခါသွား၊ ဖိတ်ထားသည့်မိတ်ဆွေများ အိမ်သို့ အန်တီဘစ်စီနှင့် နေ့လည်စာထွက်စားသည့်အခါစား။

ဇနီးလုပ်သူ တဖြည်းဖြည်းခါးကလေးတုတ်လာရာမှ ဗိုက်ဖုံး အင်္ကျီဝတ်ရသည့်အချိန်သို့ ရောက်လာပုံကို မာတင်တစ်ယောက် ပျော်တ ပြုံးပြုံးနှင့် စောင့်ကြည့်လာခဲ့သည်။

ဆီဗီယာသည် ကိုယ်အလေးချိန်ကိုလည်း ဂရုစိုက်၏။ ထုံးစံတတ် ပါသည့်ဆေးပြားများဖြင့် ဗီတာမင်များကို ဆရာဝန်ညွှန်ကြား သည့်အတိုင်း စားသည်။ တစ်နေ့ကို နို့သုံးခွက် မှန်မှန်သောက်သည်။ ကလေးမွေးပြီး နောက်ပိုင်းတွင် ပိန်ကျသွားမည်ကို ဆီဗီယာအလွန်စိုးရိမ်နေသည်။

မွေးဖို့ ဖွားဖို့နှင့် ကလေးအတွက် ပစ္စည်းများ စုဆောင်းရာ တွင်မူ ဘက်စီက ဒိုင်ခံအပင်ပန်းခံသည်။ ယောက်ျားကလေးအင်္ကျီ နှင့်လိပ်ပြာ တောင်လည်စီးကလေးကို ကိုင်ကြည့်ပြီး မာတင်ရယ်သည်။

'မိန်းကလေး ဖြစ်နေရင်ကော'

'မောင် သားလေးရမှာပါ၊ ဆီဗီယာ စိတ်ထဲကသိနေတယ်'

နောက်နှစ်ပတ်အကြာ တစ်မနက်ခင်းတွင် မနက်စာစားဖို့ အောက်ထပ်သို့ ဆင်းလာရာ အောက်ဆုံးလှေကားထစ်ရောက်မှ ခြေချော် ကျသွားသည်။ သို့သော် လှေကားလက်ရန်းကို လှမ်းဆွဲချိန်ရ လိုက်သဖြင့် သက်သာရာရသွားသည်။ သို့သော် နာကျင်မှုထက် ထိတ်လန့်မှုက ပိုများ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ဒေါက်တာ ဖရိုက်မန်းရောက်လာပြီး အထိအခိုက်မရှိကြောင်း အတည်ပြုမှ သက်ပြင်းချနိုင်ကြ၏။ သို့ သော် ထိုနေ့ည တစ်နာရီတွင် ရေမြွာပေါက်လေတော့သည်။ ဘာလုပ်ရမှန်းမသိသဖြင့် မာတင်က အမေ့ကို ပြေးခေါ်သည်။ ဘက်စီအပြေး အလွှားရောက်လာ၏။ ဘက်စီက စိုးရိမ်ထိတ်လန့်မှုကို ဖုံးထားပြီး ဣန္ဒြေမပျက် ဆီဗီယာ့အမေနှင့် ဒေါက်တာဖရိုက်မန်းကို ဖုန်းဆက်သည်။ ပြီးတော့ စိုနေသည့် အိပ်ရာကို လဲပေးသည်။

နာရီဝက်အတွင်း ဒေါက်တာဖရိုက်မန်း ရောက်လာသည်။ စစ်ဆေးကြည့်ရှုပြီး ဆေးရုံကို အလောတကြီးတင်ဖို့ မလိုကြောင်းပြောသည်။ ဗိုက်နာချိန် မှန်လာသည်အထိ ဆီဗီယာ့ကို နားနေစေပြီး ဒေါက်တာဖရိုက်မန်းနှင့် ဘက်စီတို့က အောက်ထပ်တွင်စောင့် နေကြသည်။

မာတင်က ခုတင်နံဘေးတွင်ထိုင်ပြီး ဆီဗီယာ့လက်ကိုကိုင်ထားရင်း

'ဒါလင်. . . သိပ်နာနေလားဟင်'

'သိပ်မနာပါဘူး မောင်၊ မခံနိုင်လောက်အောင် မဟုတ်ပါဘူး'

နောက်တစ်နာရီအကြာတွင် ဒေါက်တာဖရိုက်မန်းအပေါ် ထပ်သို့ တက်လာသည်။ ဆီဗီယာက ဆရာဝန်ကြီး၏လက်ကို တင်းတင်းဆုပ်ထားလိုက်သည်။ အနာစိပ်လာသဖြင့် တစ်ချက်တစ်ချက် ညည်းသံကလေး ထွက်လာသည်။

'အသာလျှော့ထား ဆီဗီယာ၊ ကိုယ်ကို တောင့်မထားနဲ့၊ အသက်မှန်မှန်ကလေးရှုနေ၊ အဲ. . . ဟုတ်ပြီ၊ မင်း သက်တောင့် သက်သာဖြစ်အောင် ဆရာစီစဉ်ထားတယ်၊ တို့ ဆေးရုံကားနဲ့ပဲသွားကြမယ်၊ မင်းလုံးဝ ထစရာ မလိုဘူးလေ'

ဆရာဝန် ညွှန်ကြားချက်ကို ဆီဗီယာ အတိအကျလိုက်နာ သည်။ သို့သော် မခံနိုင်အောင် တိုးနာလာတော့ မာတင့်လက်ကို တအားဆုပ်ပြီး အော်လိုက်သည်။

ဆေးရုံအမှုထမ်းနှစ်ဦး ထမ်းစင်ဖြင့် ဝင်လာတော့ နောက် တစ်ခါ မအော်ဖို့ ဆုံးဖြတ်လိုက်သည်။ မျက်စိကို အသာမှိတ်ထားလိုက်၏။ ထမ်းစင်ပေါ်တွင် မြောက်ပါသွားသည်ကို သိနေ၏။

ကားပေါ်ရောက်တော့ မာတင် နံဘေးမှလက်ကိုကိုင်လိုက်လာကြောင်းလည်း သိနေ၏။ ဆေးရုံရောက်လို့ အိပ်ရာပေါ် တင်လိုက်သည်နှင့်





မခံမရပ်နိုင်အောင် စူးစူးရှရှတိုးနာလာသည်။ နှုတ်ခမ်း ကို တအားကိုက်ထားလိုက်၏။ သွေးများပင် ထွက်လာသည်။

'ဒါလင်၊ မောင်နဘေးမှာ ရှိတယ်လေ'

ဒေါက်တာဖရိုက်မန်း ပြောသံသဲ့သဲ့ကို ကြားလိုက်၏။

'ကဲ. . မာတင်၊ အပြင်ခဏထွက်နေကွာ၊ ကိုယ်လုပ်စရာ တွေရှိသေးတယ်'

မာတင်က ပါးကိုငုံ့နမ်းတော့ ဆီဗီယာ တိုးတိုးကလေးပြောသည်။

'မောင် ပြန်လာမှာ မဟုတ်လားဟင်'

'မောင် တံခါးဝမှာပဲ ရပ်နေမှာပါကွယ်၊ ဆရာဝန်ခွင့်ပြုပြု ချင်း ပြန်ဝင်လာမှာပါ'

တစ်ညလုံး ဗိုက်ဆက်နာနေသည်။ ရံခါတွင် မအော်ဘဲ မနေနိုင်သည်အထိ ဖြစ်လာသည်။ ရပ်သည် မရှိတော့ဘဲ ဆက်တိုက် နာလာသည်။ မွေးခန်းထဲသို့ မာတင်က ခဏခဏ ဖွတ်ဝင်ကြည့်သည်။

ဒေါက်တာဖရိုက်မန်း အပြင်ထွက်ပြီး ကလေးအဖေသား အမိအား မင်္ဂလာသတင်းပေးသည်။

'မာတင်ရေ. . မင်းတော့ ပွတာပဲ၊ သားယောကျ်ားလေးဗျား'

မာတင် ကြက်သေသေနေသည်။ ဘက်စီက သားလုပ်သူ၏ ပခုံးကို ဆုပ်ပြီး

'သားရေ. . . ဘုရားသခင်မတာပဲ၊ သားမွေးတဲ့နေ့ကို မေမေ သတိရနေတာ၊ ခုတော့ သားကိုယ်တိုင် သားရပြီနော်'

ပြောရင်း ဘက်စီ မျက်ရည်တွေ ကျလာသည်။ မာတင်က မအေ ပြောသည်ကို မကြားသလိုဖြင့်

'ဆီဗီယာ ဘယ်နှယ့်နေလဲ ဆရာ'

'ကောင်းပါတယ်၊ တော်တော်ခေါင်းမာတဲ့ ကလေးမပဲ၊ ခွဲမွေးလိုက်ရင် ဒါလောက်လဲ မခံရဘူး၊ ခုတော့ ပင်ပန်းတာပေါ့ကွာ'

'တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်ဘယ်တော့ ဝင်တွေ့ရမလဲ ဆရာ'

'မွေးခန်းထဲက ထွက်လာပြီး သူ့အခန်းကို ရောက်တာနဲ့ တွေ့လို့ ရပါပြီ၊ ဒါပေမယ့် ကြာကြာတော့ စကားမပြောနဲ့ဦး၊ သူ သိပ်ပင်ပန်းနေတယ် မာတင်'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ဘက်စီနှင့် ဆီဗီယာ့မိဘများဘက်လှည့်ပြီး

'ခင်ဗျားတို့ အားလုံးကတော့ မနက်ဖြန်မှ ဝင်တွေ့ကြဗျာ၊ ဆီဗီယာ ကောင်းကောင်းနားပါစေ'

ဆီဗီယာ့မိဘများဖြစ်ကြသည့် လိုဝင်သဲလ် လင်မယား ပြန် နှင့်ကြသည်။ ဘက်စီက မာတင့်ကို စောင့်ကျန်ရစ်သည်။

မာတင်အနားရောက်လာတော့ ဆီဗီယာမျက်လွှာပင့်ကြည့်သည်။ ဝမ်းသာလွန်း၍ ကျသည့်မျက်ရည်များ မျက်ဝန်းထဲတွင် ပြည့် လျှံလာသည်။ ဂျင်နီဆိုသည့်အတိတ်ကို သည်သားလေးက ချေဖျက်ပစ်လိမ့်မည်ဟု ဆီဗီယာယုံကြည်လိုက်၏။

မာတင်ကလည်း ရင်တွေ ခုန်နေလှုက်က စဉ်းစားမိလိုက် သည်။ ဂျင်နီနှင့်ကလေးရမည်ဆိုလျှင် သည်လောက်ပျော်ပါ့မလား။ ဂျင်နီ့ရင်သွေးသည် ဆီဗီယာ့ရင်သွေးလို ဘုရားသွားကျောင်းတက်၊ မျိုးဆက်အနွယ်စစ်စစ် ဖြစ်နိုင်ပါမည်လား။

ရှို့သ်မျိုးရိုးကို သည်သားကလေးကမှ ရာနှုန်းပြည့်ဆက်ခံနိုင်မည်။ လနီး၏ နှုတ်ခမ်းအစုံကို အသာငုံ့နမ်းလိုက်သည်။ ခါးဆန့် လိုက်ချိန်တွင် ဒေါက်တာ ဖရိုက်မန်းဝင်လာသည်။ ကုတ်အင်္ကျီကို လက်တစ်ဘက်တွင် ပွေ့လျက်။

'ကဲ. . မာတင်၊ တော်လောက်ရောပေါ့ကွာ၊ ဆီဗီယာနားပါစေ တော့၊ ကဲ. . . သမီးရေ၊ ညည်းတို့သားအမိကို ဆရာမနက်ဖြန်မှ လာကြည့် တော့မယ်၊ ဟုတ်ပြီလား'

အားအင်တွေမှန်သမျှ ကုန်ခမ်းသွားသလို နွမ်းနယ်နေသော်လည်း မာတင် ထွက်သွားလျှင်သွားချင်း ကလေးကို ခေါ်လာ ပေးဖို့ ဆရာမ တွေအား ဆီဗီယာ နားပူတော့၏။ စိတ်ထဲ အိပ်မက် လိုလို၊ မယုံနိုင်သလိုလို ဖြစ်နေသေးသည်။

ဆရာမတွေက ညခုနစ်နာရီမှ ပို့ပေးမည်ဖြစ်ကြောင်း ပြော သည်။ ဆီဗီယာ အင်တင်တင်လုပ်ပြီးမှ စိတ်လျှော့လိုက်ရ၏။ အကြာကြီး စောင့်ရမှာပါလား။ ခွေးပေါက်စလေး ညည်းသံလိုလိုကြားရ ၍ မျက်လုံးဖွင့်ကြည့် လိုက်သည်။ မနက်မိုးလင်းနေပြီ။ နံဘေးတွင် အထုပ်ကလေးတစ်ထုပ် ရောက်နေ၏။ ရင်ထဲတွင် တသိမ့်သိမ့်ကြည် နူးသွား၏။ အချိုးမကျတကျ





နှင့် နို့တိုက်သည်။ သားက ဟပ်တပ်တွား စို့တော့၏။ နို့ရည်တော်တော်နှင့် ရသေးဟန် မတူ။

ဆယ့်နှစ်နာရီတွင် ဘက်စီရောက်လာသည်။ မကြာမီ လိုဝင်သဲလ် လင်မယားရောက်လာကြ၏။ လက်ထဲတွင် ပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့်။ ငွေဖြင့် လုပ်ထားသည့် ပလုတ်တုတ်ကလေး တစ်ခု၊ ဝက်ဝံရုပ်တစ်ရုပ်နှင့် ဘောလုံးတစ်လုံးလည်း ပါလာသည်။

မြေးအတွက် လက်ဆောင်ပစ္စည်းတွေကို ထားခဲ့ပြီး အဘိုး ကြီးနှင့် အဘွားကြီးနှစ်ယောက် ကလေးခန်းသို့ သွားကြသည်။ သူတို့ မြေးသည် ကလေးအားလုံးထဲတွင် အချောဆုံး အလှဆုံး။

မစ္စတာလိုဝင်သဲလ်က

'စိတ်အထင်ပြောတာ မဟုတ်ဘူးကွ၊ တို့မြေးက တကယ် ထူးထူး ခြားခြားလှတာ'ဟု ကျေကျေနပ်နပ် ပြောလိုက်သေးသည်။

ဆီဗီယာ့ဆီ ပြန်ရောက်တော့ နာမည်ရွေးဖို့အတွက် ဒလုပ်ရှုပ် ကြပြန်၏။

'ကျွန်တော်တော့ သားကို ဂျူလီယန်လို့ပဲ ခေါ်ချင်တယ်၊ ဖေဖေ့ကို အမှတ်တရ ဖြစ်အောင်လေ'

'ကောင်းတယ်မောင်. . သိပ်ကောင်းတာပေါ့၊ ဖေဖေနဲ့မေမေ သဘောတူပါတယ်နော်'

ဆီဗီယာ့အမေက

'ဘာလို့ မတူရမှာလဲ သမီးရဲ့၊ ယောက်ျားလေးမွေးရင် ဂျူလီယန်လို့ နာမည်ပေးဖို့ ဖေဖေနဲ့မေမေလဲ စဉ်းစားပြီးသားပါ'

မာတင် ပြုံးသည်။ မိသားစုနှစ်စုမှာ တစ်စုတည်း ပမာ၊ တစ်သားတည်းပါလား။ ဆီဗီယာက ကျေနပ်နှစ်သိမ့်မှုအပြည့်ဖြင့် ခေါင်းအုံးပေါ်သို့ အသာကလေးလှန်ချလိုက်သည်။ ကြည်နူးဖွယ် လောက၏ မိုးကုပ်စက်ဝိုင်းဆီတွင် တိမ်တိုက်ကလေးတစ်ခုပေါ်လာ သည်။ သားကို မအေနို့တိုက်နေရင်း နို့ရည်မှာ နည်းသည်ထက် နည်းလာသည့်အဖြစ်။ ဆရာမတွေက ဆီဗီယာ့နို့ကို လေဖြင့် စုပ် ပေးသည်။ သို့သော် များများမထွက်။ သည်တော့ ဆရာမလေးတစ်ယောက် အခန်းထဲမှ ထွက်သွားပြီး နို့ဘူးအပ်လုံးဖြင့် ပြန်ဝင်လာသည်။ ဆီဗီယာ မျက်ရည်တွေ ကျလာ၏။ ပြီးတော့ ရှိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တငင် ငိုချလိုက်သည်။ သားငယ်က ဆရာမရင်ခွင်ထဲတွင် နို့ဗူးကို အားရ ပါးရ စို့လျက်။

'နောက်ဆို နို့ဗူးပဲ တိုက်ရတော့မယ် ထင်တယ်'

ဆရာမကို သူ့ထင်မြင်ချက်ကိုပြောပြသည်။ ဆီဗီယာက နှုတ် ခမ်းကို နာနာကိုက်ပြီး

'အာဟာရဖြစ်တဲ့ အရည်များများသောက်ရင်ကော ဆရာမ'

'ဆရာကြီးနဲ့ တိုင်ပင်ကြည့်လေ'

ပြောပြောဆိုဆို ဆရာမက ကလေးကို ပွေ့ပြီး ထွက်သွားသည်။ ဆီဗီယာ စိတ်ပျက်လက်ပျက်ဖြစ်ကျန်ရစ်၏။

မအေနို့ မစို့ရဘဲ ရော်ဘာနို့သီးခေါင်းကို မြုံ့နေရသည့် သား ကလေး။ အသက်သုံးဆယ်အရွယ်ကို ရှုံ့မုန်းလိုက်မိ၏။ ဘာကြောင့်နှစ် ဆယ်ကျော်က မမွေးဖြစ်ခဲ့တာလဲ။

ဒေါက်တာ ဖရိုက်မန်းရောက်လာတော့ ဆီဗီယာ့ကို နှစ်သိမ့်သည်။

'တချို့ကလေးတွေဟာ နို့ဗူးနဲ့ပိုပြီး ကြီးထွားလွယ်တယ် ဆီဗီယာ'

'ဆီဗီယာ အဲဒါကိုမယုံဘူး ဆရာ'

'ဟုတ်ပါတယ် ဆီဗီယာရဲ့၊ တို့မှာ တစ်ခြားနည်းလမ်းလဲ မရှိ တော့ဘူးလေ'

'နို့ထွက်တဲ့ အစားအစာတွေ စားမယ်ဆရာ၊ မဖြစ်နိုင်ဘူးလား'

'သိပ်ထူးမယ် မထင်ဘူး ဆီဗီယာ'

'ဒါဆိုလဲ သားကို ဆီဗီယာကိုယ်တိုင် နို့ဗူးတိုက်မယ်'

'နေ့ခင်းပိုင်းတိုက်လေ၊ ညဘက်တော့ဆရာမတွေ တာဝန်ယူလိမ့်မယ်'

'ဟင့်အင်း၊ နေ့ရောညရော ဆီဗီယာပဲ တိုက်မယ်'

ဒေါက်တာ ဖရိုက်မန်း ရယ်သည်။

ဒုက္ခပါပဲ၊ ကဲ. . . မင်းကို ဆရာထပ်ကြည့်ပါရစေဦး ဆီဗီယာရယ်'

သားအိမ်မှာ ခုထိ စေ့စေ့ပြန်မပိတ်သေး။ ဒေါက်တာ ဖရိုက်မန်း မျက်မှောင်ကုတ်လိုက်သည်။ စိတ်ထဲတွင်အားမရ။ ကုလားထိုင်ဆွဲပြီး ဆီဗီ ယာ့ နံဘေးတွင် ထိုင်သည်။

'ညည်းသိပ်ခေါင်းမမာနဲ့ ဆီဗီယာ၊ ဆရာပြောတဲ့အတိုင်း လိုက်နာ ရမယ်၊ ကိုယ်အလေးချိန်မကျဖို့ သိပ်အရေးကြီးတယ်၊ ညှော်သည်တွေ





သိပ်မလာစေနဲ့တော့၊ အနားယူချိန်ကို အထိမခံနိုင်ဘူး'

ဆီဗီယာက ပြုံးပြီး

'စိတ်ချပါ ဆရာ'

'ကဲ. . . . ကောင်းကောင်းနားနော်၊ ဆရာ မနက်ဖြန်မှလာမယ်'

မကြာမီ မာတင် ရောက်လာသည်။ ဆီဗီယာ့နှုတ်ခမ်းကို ရွရွ ကလေး နမ်းသည်။ ဆီဗီယာက တင်းတင်းသိုင်းဖက်ပြီး

'မောင်ကလဲကွယ်၊ ကလေးအမေဖြစ်တာနဲ့ သူများကို ကောင်း ကောင်းမနမ်းတော့ဘူးလား၊ နမ်းတတ်ရဲ့သားနဲ့'

သည်တော့မှ မာတင်က အနမ်းနွေးနွေးကလေး ပေးလိုက်သည်။

'မောင် နေကောင်းရဲ့လားဟင်'

အိပ်ရေးမဝသည့် မာတင့်မျက်နှာကို ကြည့်ပြီး မေးလိုက်သည်။

'နေကောင်းပါတယ် ဒါလင်ရဲ့၊ အဖေအသစ်စက်စက်ဆို တော့ စိတ်ကူးတွေနဲ့ ပင်ပန်းတာလောက်ပါ'

'သားလေးက သိပ်ချောတာပဲနော် မောင်'

'မအေတူလို့ပေါ့'

'မောင်က သူများကို ပုစွန်တုတ်ကွေး နီတာရဲကလေးနဲ့ တူတယ်လို့ ပြောတာလား'

မာတင် ရယ်သည်။ ချက်ချင်းပြန်တည်သွားပြီး

'ဒီမယ်၊ မောင် ဒေါက်တာ ဖရိုက်မန်းနဲ့ တွေ့ပြီးပြီ၊ ဒါလင် ကောင်း ကောင်းနားရမယ်နော်'

ဆီဗီယာက မာတင့်လက်ကို လှမ်းကိုင်ပြီး

'မောင်ရယ်၊ ဆီဗီယာ့ရင်ထဲမှာ အချစ်တွေနဲ့ ပြည့်ကျပ်ပြီး အားအင် တွေ တိုးနေတာပဲ၊ ဘယ်က ပင်ပန်းရမှာလဲ၊ မောင်ပေးတဲ့ အင်အားတွေလေ'

'မောင်ပေးတာထက် မင်းပြန်ပေးတာက ပိုပါတယ်ကွာ၊ ဒါလင်က သားတစ်ယောက်လုံး မောင့်ကို ပြန်ပေးပြီးပြီပဲ၊ ကဲ. . . . နားတော့နော်'

'မောင် မကြာခင် ပြန်လာမှာ မဟုတ်လားဟင်'

'မောင့်ကို ကတိပေးလေ၊ ကောင်းကောင်းစားမယ်၊ ကောင်း ကောင်းနားမယ်လို့၊ စကားလဲ သိပ်မပြောပါဘူးလို့၊ အဲဒီအတိုင်း မလုပ်ရင် တစ်ယောက်တည်း ပစ်ထားမယ်'



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်တွေ သိပ်မလာတော့၊ ဘက်စီရောက်လာလျှင်

'ကဲ. . ပေးစမ်းပါဦး ငါ့မြေးကြီး ဂျူလီယန်ရှိုသ် အငယ်ကို' ဟု အားရပါးရ ပြောတတ်သည်။

ဆေးရုံက ဆင်းချိန်တွင် တပျော်တပါး လာကြိုကြသည်။

♠ ♠ ♠

အဘိုးအဘွားတွေက ကလေးကို ဖူးဖူးမှုတ်ထားပြီး မာတင် က လက်မှ ချသည်မရှိ။ ဂျူလီယန်ကလေးမှာ တစ်နေ့တခြား ပျော်ရွှင်ကျန်းမာစွာ ကြီးထွားလျက်ရှိသည်။

သားနှင့်အဖေ ဆော့ကစားနေသည့် မြင်ကွင်းကို ဆီဗီယာ ဘယ်တော့မှ ကြည့်လို့မဝ။ နားသယ်တစ်ဝိုက်မှ မာတင့်ဆံပင်တွေ ဖြူစ ပြုလာပြီ။ ပို၍ ခန့်ညားလာသည်ဟု ဆီဗီယာထင်၏။ ပို၍ တည်ငြိမ်လာသည် ထင်၏။ သည်တော့လည်း အချစ်တွေ ပိုရပြန်သည်။

မာတင်ကလည်း တစ်သားမွေး တစ်သွေးလှနေသည့် ဇနီးသည်ကို တိုး၍တိုး၍သာ အကြင်နာ ပိုနေ၏။

ဤသို့ဖြင့် ဂျူလီယန်ကလေး၏ တစ်နှစ်မြောက် မွေးနေ့သို့ ဆိုက်ရောက်လာခဲ့သည်။

မွေးနေ့ပါတီကလေးတွင် ဆွေမျိုးတွေ စုံလှ၏။ သည်ပွဲမှာ ဆီဗီယာက ကြေညာလိုက်ခြင်းဖြစ်သည်။ လာမည့် မိုးဦးကျတွင် ဂျူလီယန် အတွက် ပြိုင်ဖက်ကလေးတစ်ယောက် ရတော့မည့် အကြောင်း. . .။

♠ ♠ ♠



# (၁၉)

ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ဆီဗီယာ မိန်းကလေး တစ်ယောက် ထပ်ရသည်။ သည်တစ်ကြိမ် ဆီဗီယာ ခေါင်းမမာတော့။ လိုအပ်သည့် ခွဲစိတ်မှုကလေး အနည်းငယ်လုပ်ပေးသဖြင့် လွယ်လွယ် ကူကူမွေးသည်။ သို့သော် သမီးငယ်၏ လူ့ဘဝရောက်စ အော်ငိုသံ ကို ဆီဗီယာမကြား လိုက်ရ။ မွေးခန်းထဲမှ လူနာခန်းပြန်ရောက်တော့ မှ သတိရသည်။ မာတင် တစ်ယောက် သမီးကလေးရလို့ အပျော်ကြီး ပျော်နေပြန်၏။ တွေ့သမျှ ဆရာဝန်ကို အဖိုးတန်ကျူးဘားဆေးပြင်း လိပ်တွေ လက်ဆောင်လိုက် ပေးနေ၏။ သမီးကလေးကို မာတင့် အဘွားနာမည်ပေးဖို့ ဆီဗီယာက အကြံ ပြုသည်။ အာမင်ဒါရှိုသ်၊ ဇနီးလုပ်သူကို မာတင်ပို၍ မြတ်နိုးရပြန်သည်၊ အိမ်တွင်တော့ အေမီလို့ ခေါ်ကြမည်။

ကလေးတွေက မယုံကြည်နိုင်အောင် လျင်မြန်စွာ ကြီးထွား နေကြ သလို လုပ်ငန်းကိုင်ငန်းကလည်း အရှိန်အဟုန် ဖြင့် တိုးတက် အောင်မြင် နေသည်။ ဂျူလီယန်ကလေး ငယ်ငယ်တုန်းကလို အချိန် သိပ်မပေးနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒီမ်အပြန်နောက်ကျသည့်နေ့က မျှားလာ၍ ကလေးတွေကို စောစောမသိပ်ဖို့ မာတင်က တောင်းပန်သည်။ သို့သော် ဆီဗီယာက စည်းကမ်းကို အထိမခံ။

မာတင်က ဒါကို သဘောမကျ။ ပြန်ရောက်လျှင် အမေနှင့် မိန်းမ ကိုသာ တွေ့ရပြီး ကလေးတွေကို မမြင်ရ။ မာတင့်ရင်ထဲတွင် မတင်မကျကြီး ဖြစ်လာသည်။ ဂျူလီယန်နှစ်နှစ်ပြည့်မွေးနေ့အထိ ကိုယ့်ကိုကိုယ် ကမ္ဘာပေါ်တွင် ကံအကောင်းဆုံးဟု ထင်ခဲ့၏။ ခုတော့ သူ့ဘဝသူ ကျေနပ်နေသည့် ဆီဗီယာကို မနာလို ဝန်တိုချင်သလို ဖြစ်လာသည်။

ထုံးစံအတိုင်း စာကြည့်ခန်းတွင် ညဦးပိုင်း ထိုင်ကြသည်။ မာတင်က စီးပွားရေးဂျာနယ်တစ်စောင်ကို ဖတ်ရင်း ဆီဗီယာပြော သည်ကို မကြားတစ်ချက် ကြားတစ်ချက်။

'ဂျူလီယန် ဒီနေ့ ဘယ်လောက်ပျော်နေတယ်ဆိုတာ မောင် မြင်စေချင်တယ် မောင်ရယ်'

မာတင်က အမေရိကန် သံမဏိစက်ရုံတစ်ခုမှ တင်ဒါ ကြော်ငြာစာ မျက်နှာကို လက်ညှိုးဖြင့်မှတ်ပြီး

'ဆောရီး ဆီဗီယာ၊ မောင် မကြားလိုက်ဘူး၊ ဘာပြောတယ်'

'ဂျူလီယန်လေ'

'ဂျူလီယန် ဘာဖြစ်လဲဟင်'

'မှုကြိုပို့တော့မယ်လေ၊ မောင့်နှမဝမ်းကွဲ ဂျိန်းက မတ်နဲ့ ဒယ်ဘိုရာ ကို ပို့တော့မယ်တဲ့၊ ပြီးတော့ ဂျိုးဝီးနဲ့ နစ်ကိုးတို့လဲ. . .'

တစ်ယောက်ယောက်က လက်သီးဖြင့် ခွတ်ထိုးလိုက်သလို မာ တင် ခံစားလိုက်ရသည်။ အော်ပြောလိုက်မိ၏။

'ဘာ. . ဂျူလီယန်ကို ကျောင်းပို့မလို့ ဟုတ်လား၊ အဓိပ္ပာယ်မရှိ တာ၊ သူ ခုမှ သုံးနှစ်ပဲ ရှိသေးတာပဲ'

အခြောက်တိုက် ဒေါပွနေသည့် လင်တော်မောင်ကို ဆီဗီယာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေသည်။ စိတ်လည်းဆိုးသွား၏၊ သို့သော်အသာထိန်းပြီး ညင်ညင်သာသာပြန်ပြောသည်။

'ဂျိန်းက အဲဒီအမြွာကို နှစ်နှစ်အရွယ်ကတည်းကကျောင်း ပို့တာ လေမောင်ရဲ့'





'ဂျိန်း သူ့ဘာသာသူ ဘာလုပ်လုပ်၊ သူလုပ်တိုင်းလိုက်လုပ်ရမှာ လား၊ ဒီအရွယ်ကလေးတွေ ကျောင်းပို့တာ ကိုယ်မကြိုက်ဘူး၊ သူတို့ ကြီးပေ စေဦးပေါ့ကွ'

'ဩော်. . မောင်ကလဲ၊ မောင်မသိတာတွေ ရှိသေးတယ်ရှင့်၊ ဂျူလီ ယန်ဟာ သူနဲ့ရွယ်တူ ကစားဖော်လိုလာပြီ၊ ဟိုနေ့က ဂျိန်း တို့သားအမိတွေ ကျောင်းအပြန်ဝင်လာတုန်း မောင့်သားက မတ်နဲ့ အတူ ကျောင်းလိုက်ချင် တယ်လို့ ပူဆာတယ်၊ သိရဲ့လား'

'အဲဒါ ဘာလို့ စောစောမပြောတာလဲ'

'ခုပြောတာလေ၊ အဲဒါပဲပေါ့ မောင်ရဲ့'

'ကောင်းပြီလေ၊ မင်းက ခုဆွေးနွေးတယ်ပေါ့၊ ဒါဖြင့် ကိုယ်ဆုံးဖြတ် ချက်ပေးမယ်၊ သားကို ကျောင်းမပို့ရဘူး၊ ကျောင်းသွားရမယ့်အရွယ်မဟုတ်ဘူး'

ဆီဗီယာ မပြုံးမိအောင် နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။ ဂျူလီ ယန် တဖြည်းဖြည်း ကြီးလာနေသည်ကို သူ သတိမထားမိခြင်းဖြစ်မည်။

'ဒီလိုလေ မောင်ရဲ့၊ မူကြိုပို့တယ်ဆိုတာ တစ်နေ့လုံး ကျောင်းသွား ပြီး တစ်ချိန်လုံးစာတွေသင်နေတာ မဟုတ်ပါဘူး၊ မနက်ကိုးနာရီက ဆယ့် တစ်နာရီအထိပဲလေ၊ သားက လူကြီးတွေထဲမှာချည်း အချိန်ကုန် နေတာမျိုး မဖြစ်သင့်ဘူး၊ ရွယ်တူတန်းတူတွေနဲ့ ကစားရမယ်'

ချောင်ပိတ်အမိခံလိုက်ရပြီဟု မာတင် သိလိုက်၏။ ဆီဗီယာက ထုံးစံအတိုင်း အေးဆေးလျက်၊ ချိုမြလျက်။ အရေးအကြောင်းဆို အမေက လည်း ဆီဗီယာ့ကို ထောက်ခံမည်သာ။ ရှုံးသိုးသိုးမျက်နှာဖြင့် မာတင်ပြန် မေးသည်။

'ကျောင်းက ဘယ်မှာလဲ'

သည်တော့မှ ဆီဗီယာ သက်ပြင်းချနိုင်တော့၏။ ပထမ နေ့တွင် မာတင်က သူကိုယ်တိုင် ကျောင်းပို့မည်ဆိုပြီး ကားမောင်းပို့သည်၊ ကျောင်းရောက်မှ ပို့မိသည်မှာ မှားလေခြင်းဟု မာတင် နောင်တရနေမိ တော့၏။ အလွန်တန်ဖိုးထားခဲ့သည့် ရင်ထဲမှ အရာ တစ်ခု ဆုံးရှုံးသွားသလို ခံစားလိုက်ရ၏။

ဂျူလီယန်က ကလေးဖော်တွေ မြင်လိုက်သည်နှင့် ဖအေ့လက်ကို လွှတ်ပြီး တစ်ချက်မှလှည့်မကြည့်ဘဲ ပြေးထွက်သွားတော့သည်။ စိုးရိမ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မာတင် အထိတ်တလန့်ဖြစ်သွား၏။ တစ်နှစ် လုံးလုံး ရုံးနောက်ကျခံပြီး သားကို ကိုယ်တိုင် ကျောင်းပို့သည်။ ကျောင်းပြန်ချိန်တွင် အိမ်ကို ချောချော မောမောပြန်ရောက်မရောက် နေ့တိုင်း ဖုန်းဆက်သည်။ ဂျူလီယန်ဆွဲသမျှ အရုပ်ကားတွေကို ပီကာ ဆို ပန်းချီကားတမျှ တန်ဖိုးထားပြီး သိမ်းထားသည်။ တစ်ချို့ကို ရုံးခန်းတွင် ချိတ်ထားပြီး အပေါင်းအသင်းများကို ကြွားသည်။

'ကြည့်စမ်းပါဗျာ. . . သုံးနှစ်သားကလေးရဲ့ လက်ရာတဲ့'

'ဖေဖေ'ဆိုသည့် စာလုံးကို ဂျူလီယန် မညီမညာပေါင်း တတ်စပြုပြီ။ မာတင် ဂုဏ်ယူမဆုံးတော့။

တစ်ညတွင် ဂျူလီယန်အဖေ့ပေါင်ပေါ်ထိုင်ပြီး သူ့ပန်းချီကား အသစ်ကို ရှင်းပြနေသည်။ သား၏ပါရမီကို မာတင်ပို၍ ယုံကြည်လာသည်။

'ဖေဖေ. . ဒီမှာကြည့်၊ ဟောဒါက ကောင်းကင်၊ အပြာ ရောင်လေ၊ ဒီအစိမ်းက သစ်ပင်၊ အဝါရောင်က ဖိုးလမင်း၊ အဖြူ ရောင်က သားတို့ အိမ်ကြီးပေါ့၊ ဒါက သားအဖနှစ်ယောက် လမ်း လျှောက်နေတာလေ'

ဂျူလီယန်ရေးထားသည့် လူရုပ်နှစ်ရုပ်မှာ တစ်ရွယ်တည်း။

'ဖေဖေ သဘောကျရဲ့လား'

'သိပ်သဘောကျတယ်၊ ဒါပေမယ့် သားပုံထဲကလို ချက်ချင်းကြီး မလာနဲ့နော်် ဟုတ်ပြီလား. . .'

'ဟုတ်ကဲ့ပါ ဖေဖေ'

♠ ♠ ♠



# (၂၀)

ဂျူလီယန် အထက်တန်းအောင်သည့်နေ့ကို မာတင် တစ် သက် မေ့နိုင်မည် မထင်။ သည်တော့မှ မိမိတုန်းက အဖေနဲ့အမေ ဘယ်လိုခံစား ကြရမည်ကို မာတင် ပထမဆုံးတွေးကြည့်ဖြစ်သည်။ ရင်ခွင်ထဲက ထုတ်ပြီး တက္ကသိုလ်သို့ လွှတ်ရတော့မှာပါလား။ ကလေးဘဝကနေ ရုတ်ခြည်း လူကြီးဖြစ်သွားသည်ကို အသိအမှတ်ပြုရမှာပါလား။

နေပူထဲတွင် ရပ်ပြီး အမေ့လက်ကိုဆုပ်ကာ သား အောင်လက် မှတ်ယူနေသည်ကို မာတင် ငေးကြည့်နေ၏။ ဆီဗီယာက နံဘေးမှပြုံးလျက်။

ခုတလော မာတင် ပျော်နေပုံရသည်။ စိတ်ထင်နေလို့များလား မသိ။ ဘာပဲဖြစ်ဖြစ် ဆီဗီယာ သည်လိုပင် ယုံကြည်နေချင်ပါသည်။ သို့သော် မာတင့်အတွေးကမ္ဘာထဲကို ဝင်ကြည့်နိုင်လျှင် ဆီဗီယာသည်လို ထင်နိုင်မည် မဟုတ်ချေ။

မိန့်ခွန်းပြောနေသည့် ကျောင်းအုပ်ဆရာကြီးကို မာတင် ဆက်ငေး နေသည်။ သည်စင်မြင့်ပေါ်တွင် မိမိကိုယ်တိုင် ထိုင်ခဲ့ဖူးသည်။ သည်



www.burmeseclassic.com

www.burmeseclassic.com



လောက်နှစ်တွေ ကြာသွားခဲ့ပြီလား။ ဘယ်လိုက ဘယ်လို အချိန်တွေကုန်သွားပါလိမ့်။ ဘဝသည် ဘယ်လိုအချိန်ကုန်နေ ခြင်းလဲ၊ ဒါမှမဟုတ် ဘယ်ရောက်သွားခြင်းလဲ. . .။

စက်တင်ဘာဆိုလျှင် ဂျူလီယန် ယေးလ်သို့သွားရတော့မည်။ သူ့ခေတ်တွင် တက္ကသိုလ်ဝင်ခွင့်သည် လွယ်ကူနေပြီ။ ဂျူး ကျောင်းသားဦးရေ ကန့်သတ်ချက်မရှိတော့ပေ။

ဂျူးဆန့်ကျင်ရေးကျောင်းသားများနှင့်လည်းဂျူလီယန် တိုက်ခိုက်ဖို့မလိုတော့ပေ။ မိမိတို့ ငယ်ငယ်တုန်းက တက္ကသိုလ်များ တွင် ဂျူး ကျောင်းသားတို့သည် အနိမ့်ခံဘဝများကို တုံးပေကတ် သတ် ကျော်ဖြတ်ကြရသည်။

နံဘေးမှ မိခင်ကြီးကို ငဲ့ကြည့်လိုက်သည်။ သည်ရက်ပိုင်း အတွင်းအမေသည် သိသိသာသာ အိုမင်းကျဆင်းခဲ့လေပြီ။ အသက် ၇၀ နီးနေသည့် အဘွားအိုတစ်ယောက် ဖြစ်နေပြီ။ ဒါကိုကြည့်ပြီး မာတင် အထိတ်တလန့်ဖြစ်သွား၏။

ကိုယ့်ကိုကိုယ် ကံကောင်းသူတစ်ယောက်အဖြစ် မာထင် လက်ခံခဲ့ပါသည်။ အဘက်ဘက်မှ လိုလေသေးမရှိသည့် ရွှေဘုံစံဘဝ။ သို့သော်အတိတ်အကြောင်းကိုကား လုံးလုံးလျားလျား မေ့မထားနိုင်ခဲ့ပေ။ အတိတ်ဟူသည်မှာ ဂျင်နီပင် ဖြစ်ပါ၏။

သာယာစိုပြည်နေသည့် အိမ်ထောင်ရေးဘဝထဲမှပင် တစ်ရံရောအခါက ပျော်စရာအဖြစ်များကို အမှတ်ရနေတတ်၏။ သူ့ အခန်းကို ဖြတ်ပြေးလာပုံ၊ မီးဖိုနံဘေးတွင် နှစ်ယောက်သား စကားပြော ရင်း ကျီစယ်ကြပုံ၊ ခေါင်းကို နောက်ပစ်ပြီး အားရပါးရ သူ့ရယ်နေပုံ။

တီးဝိုင်းမှ သံစုံထွက်လာသောအခါတွင်မှ သား၏ အထက်တန်းအောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကို သတိရသည်။ ကိုယ့်ကိုကိုယ်ပြစ်မှုကျူးလွန်မိသူလို ခံစားလိုက်ရ၏။ ယခုပင် ဂျင်နီ ၏ နီထွေးထွေးနှုတ်ခမ်းများကို တကယ်နမ်းနေသလို၊ သူ့ဆံပင်တွေ ကိုပွတ်သပ်ပေး နေသလို စိတ်ထဲထင်လိုက်၏။

ဂျူလီယန် စင်မြင့်ပေါ်မှ ဆင်းလာသည်။ မာတင် စိတ်ထဲမှအော်ပြောနေ၏။ သားရေ. . ဘဝကို အတတ်နိုင်ဆုံး ပျော်အောင်နေ၊ ပျော်ရွှင်မှုဆိုတာ ရေပွက်ပမာပဲ၊ ခဏကလေး ရနိုင်တာ။





ကြည့်စမ်း. . . အထက်တန်းကျောင်းရောက်သည်မှာ မနေ့တစ်နေ့ ကလို့ စိတ်ထဲထင်နေဆဲ ဂျူလီယန်ကျောင်းပြီးသွားပြီ။ မျက်ရည်တွေ လည်လျက်က သားကို ဂုဏ်ပြုနှုတ်ဆက်ရန် လူအုပ်ထဲ တိုးဝင်သွားသည်။

နောက်နှစ်နှစ်အကြာတွင် သည်နေရာသို့ လာရပြန်သည်။ အေမီကလေး အထက်တန်းအောင်ပြီလေ။ သည်နှစ်တွင် မာတင် ပိုပြီး တိမ်းတိမ်းပွေပွေ ဖြစ်ရ၏။ ပျင်းစရာကောင်းလှသည့် ကျောင်းအုပ်ဆရာကြီး မိန့်ခွန်းပြောနေစဉ် သူ့စိတ်အစဉ်မှာ အဝေးသို့ ပျံ့လွင့်နေ၏။

ငါးနှစ်သမီးအရွယ်တွင် စက်ဘီးအပုကလေးကို လက်လွှတ်စီးပြပြီး 'ဖေဖေဒီမှာကြည့်'ဟု ဝမ်းသာအားရ အော်ပြောနေ သည့်သမီးငယ်၊ ခြောက်နှစ်အရွယ်တွင် ရေကူးကန်ကို အလျားလိုက်ကူးနိုင်နေပြီ။ ရှစ်နှစ်သမီးမှာ ကျောင်းစခန်းချပွဲများတွင် ပါနေပြီ။ ၁၃ နှစ်သမီး တွင်စန္ဒရားပြိုင်ပွဲမှအပြန် ကမ္ဘာကြီးကို စိုးမိုးတော့မည့်နှယ်။

တစ်နေ့ စာကြည့်ခန်းထဲ ဝင်လာပြီး ကပွဲဝတ်ရုံရှည်ကို ဝတ်လာပြသည်။ ကြမ်းပေါ်တွင် တောက်တက်တောက်တက်နှင့် လျှောက်ပြေးနေသည့် အေမီကလေးမှ ဟုတ်ကဲ့လားဟု ဇဝေဇဝါ ဖြစ်သွားသည်။

'လှရဲ့လားဟင် ဖေဖေ'

'လှပါ့ဗျား၊ သိပ်လှ သိပ်လှ၊ သစ်ခွပန်းတွေ ဘယ်သူပေး တာလဲ'

'မတ်ပေးတာလေ၊ မတ်ရိုဝင်သဲလ်၊ သူနဲ့ သမီးနဲ့ ဒီညတွဲကမှာ ဖေဖေရဲ့'

အင်း. . . အကဲခတ်မိဖို့ကောင်းတာပေါ့ဟု စိတ်ထဲထင် လိုက်၏။ တုဝမ်းကွဲ မတ်နှင့် အေမီတို့မှာ လေးဘက်တွားကတည်းက တတွဲတွဲနေခဲ့ကြသည်ပဲ။

'သမီး ဘယ်အချိန်ပြန်ရောက်မလဲ'

'မပြောနိုင်ဘူးဖေဖေ၊ တစ်နာရီလောက် ပြန်ရောက်မလားပဲ'

'အဲဒါထက် တိတိကျကျ ဘယ်အချိန် ဘယ်အချိန်ပြန်ရောက်မယ်ဆိုတာမျိုး ဖေဖေပိုကြိုက်တယ်'

ထိုညတွင် ဖဲကစား ဖြစ်ကြသည်။ လုံးဝ စိတ်မပါ၊ အမှားများအယွင်းယွင်းတွေ ဖြစ်နေသည်။

'မာတင် ဒီညဘာဖြစ်နေတာလဲ ဟင်'



www.burmeseclassic.com

www.burmeseclassic.com



နှမလုပ်သူ ဂျိန်းက လှမ်းမေးသည်။ ဆီဗီယာက ပြုံးပြီး

'သမီး အထက်တန်းအောင်သွားလို့ ဖြစ်မှာပေါ့၊ ဂျိန်း အစ်ကိုက ကလေးတွေကြီးလာတယ်ဆိုတာ လက်ခံချင်တာ မဟုတ်ဘူးကွယ့်'

'ဘာလဲ ဆီဗီယာ၊ ကလေးတွေကြီးလာတာကိုကြည့်ပြီး သူ အိုလာတာကို မျက်ကွယ်မပြုနိုင်တော့လို့လား'

နှမ ဂျိန်းက မာတင့်ကို ကျီစယ်သည်။

'သဘောကတော့ အဲဒီအတိုင်းပဲ ဂျိန်း'

ဂျိန်းက သူ့လောကအမြင်ကို တင်သည်။

'ကိုယ်ကတော့တစ်မျိုး ဆီဗီယာ၊ ကလေးတွေ အတောင် အလက် မြန်မြန်စုံပြီး မြန်မြန်ပြန်ထွက်သွားကြလေ ကောင်းလေပဲ၊ ဒါမှ အာသာနဲ့ ကိုယ် အရွယ်ဟောင်းမှာ ဝေဒနာသစ်ကို ပြန်ပြီး ခံစားမယ်လေ၊ ဘယ် လောက်ပျော်စရာကောင်းလိုက်မလဲ'

ဂျိန်း၏ လောကအမြင်ကို ဆီဗီယာ သဘောကျနေသည်။ သို့သော် မာတင် မျက်မှောင်ကုတ်ထားသဖြင့် ဘာမှ ထင်မြင်ချက် မပေးဘဲ ခပ်မဆိတ်နေလိုက်သည်။

♠ ♠ ♠

နောက်နှစ်ရက်အကြာတွင် ရှိုသ်မိသားစု ဥရောပသို့ အပန်းဖြေ ခရီးထွက်ခဲ့ကြသည်။ နယူးယောက်မှ တစ်ပတ်စောထွက် သွားသည့် ဂျူလီယန်နှင့် လန်ဒန်တွင် ဆုံကြသည်။

လန်ဒန်နှင့် ပါရီတွင် လည်ပတ်ကြစဉ် မင်္ဂလာခရီးတုန်းက မာတင်မျက်နှာညိုးခဲ့ပုံများကို ဆီဗီယာပြန်လည်မြင်ယောင်လျက် ရှိသည်။

သည်တစ်ခေါက်တွင်မူ မာတင်က ကလေးများ ပျော်အောင် အကောင်းဆုံးဟိုတယ်များတွင် တည်းခိုပြီး အကောင်းဆုံး အစားအစာများ ဝယ်ကျွေးသည်။ ကလေးတွေနှင့် ရောရောနှောနှော ပျော်ပျော်ပါးပါး နေသည်။ သို့သော် သူ့စိတ်က တခြားရောက်နေကြောင်း ဆီဗီယာ သိနေ ၏။

မင်္ဂလာခရီးတုန်းကတော့ ဥရောပရောက်လာပြီး စစ်၏ရောက်





ပြန်ဟပ်မှုတို့ကြောင့် မာတင် ပျော်သင့်သလောက် မပျော်နိုင်ကြောင်း ဆီဗီယာ နားလည်ခဲ့၏။ သို့သော် သည်တစ်ခေါက် ဘာအတွက် သူ့စိတ်နှင့် သူ့ကိုယ် မရှိသည်ကို ဆီဗီယာ နားမလည်နိုင်ဖြစ်နေ၏။

ရောမရောက်ပြီးတစ်ရက်တွင် တစ်စုံတစ်ခုလှုပ်ရှားဖို့ ဆီဗီယာ ဆုံးဖြတ်လိုက်၏။ သူတို့သားအဖတွေ အပြင်ထွက်နေကြခိုက် ဆီဗီယာ တစ်ယောက်တည်း လစ်ထွက်လာခဲ့သည်။ ကုန်တိုက်ကြီး တစ်တိုက်မှ အထုပ်ကလေးတစ်ထုပ်ဝယ်ပြီး အပြေးအလွှားပြန်လာခဲ့သည်။ ညစာဝိုင်း တွင် ဆီဗီယာ စိတ်လှုပ်ရှားနေမှန်း မာတင် သိနေ ၏။ ဆီဗီယာက ညက် မြန်မြန်ရောက်စေချင်လှပြီ။ ကလေးတွေ သူတို့ အခန်းထဲသို့ ကိုယ်စီပြန် သွားကြသည်နှင့် ဆီဗီယာ ရေချိုးခန်းထဲသို့ အဝတ်လဲဖို့ ဝင်ခဲ့၏။

ဆီဗီယာ တော်တော်နှင့် ထွက်မလာတော့ မာတင်က ရေချိုးနေ သည်ဟု ထင်လိုက်၏။ ရေဖွင့်ချထားသံကိုလည်း ကြားနေရ သည်။ ဆီဗီယာ ရေချိုးခန်းထဲမှ ထွက်လာသည်။ အပါးဆုံးဇာဖြင့် ချုပ်ထားသည့် ညဝတ်ရုံကို ဆင်မြန်းလျက်။ တစ်ကိုယ်လုံးကို တိုးလျှို ပေါက် မြင်နေရသည့် အဝတ်မျိုး။

မာတင်- ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဘုရားသခင်. . . ဘုရားသခင်. . . မင်းဘာဖြစ်လာတာလဲ ဆီဗီ ယာ၊ မင်းကြည့်ရတာ အပျက်မတစ်ယောက်နဲ့ တူနေပြီ'

ဆီဗီယာ ရေချိုးခန်းဆီသို့ ပြန်ပြေးသွားသည်။ မာတင် အိပ်ရာ ပေါ်သို့ စိတ်ပျက်လက်ပျက်နှင့် လှဲချလိုက်သည်။ ဘာစိတ်ကူး ပေါက်လာ လို့ပါလိမ့်။ ကိုယ့်လင်ကို မြူဆွယ်ဖျားယောင်းဖို့ လိုလို့လား . . . တဖြည်း ဖြည်းမှ ဒေါသပြေသွားသည်။ လင်လုပ်သူ စိတ် ကြည်လင်အောင် သူ့ခမျာ ကြိုးစားနေရှာရတာပါလားဟု သိလာ၏။

'ဆီဗီယာ မောင် တောင်းပန်ပါတယ်ကွာ၊ ထွက်ခဲ့ပါတော့'

အတွင်းမှ ဘာသံမျှ မကြားရ။ ဆီဗီယာက သူ့ကိုယ်သူ မှန်ထဲတွင် စိုက်ကြည့်နေသည်။ တကယ်ပဲ အပျက်မတစ်ယောက်နှင့် တူနေပါကလား။ သူ စိတ်ပျက်မည်ဆိုက စိတ်ပျက်စရာပင်။

သူတို့လင်မယား၏ သက်တမ်းတစ်လျှောက်တွင် အိပ်ခန်းသုံး ဓာတ်ပုံတွေ၊ ပစ္စည်းကိရိယာတွေ ဘယ်တုန်းကမှ မလိုခဲ့။ သို့သော် သူ လေးဆယ့်ငါးနှစ်မြောက် မွေးနေ့ပွဲ ကျင်းပသည့်ညက မာတင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အချစ်ညကို မဖန်ဆင်းနိုင်ခဲ့ပေ။ သည်မှစ၍ မိမိ၏ ဆွဲဆောင်မှုအင်အားတွေ လျော့ပါးလာလေပြီလားဟု ဆီဗီယာ သံသယဝင်လာခဲ့ခြင်း ဖြစ်၏။

ကလပ်လို နေရာမျိုး၊ ကပွဲလို နေရာမျိုးများတွင် ပျိုပျို အိုအိုတွေ မာတင့်ကို ကြိုဆိုပြုံးများ၊ မြူဆွယ်ပြုံးများ ပြတတ်သည်ကို ဆီဗီယာ သိပါသည်။ အချို့ဆိုလျှင် သဲသဲမဲမဲ တွယ်ကပ်ကြသည်။

ဆီဗီယာက ကြည်ကြည်ဖြူဖြူခွင့်လွှတ်လေဟန် ဘယ်လောက်ပြပြ မာတင် ဘယ်တုန်းကမှ မယိမ်းယိုင်ခဲ့ပါ။ ဒါကို ဆီဗီယာစွဲစွဲမြဲမြဲယုံပါသည်။

မျက်နှာသစ်ပြီး သက်ပြင်းတစ်ချက်ချကာ ဝတ်နေကျ ညဝတ်ရုံဖြူကို ကောက်စွပ်ကာ အိပ်ခန်းဆီသို့ ထွက်ခဲ့သည်။

'မောင့်ကို ဆီဗီယာတောင်းပန်ပါတယ်နော်၊ မောင် ပျော်လာမလားလို့ လုပ်ကြည့်တာပါ မောင်ရယ်၊ မောင် ဘာတွေ စိတ်ခုတ်ကျနေတယ်ဆိုတာ ဆီဗီယာ့ကို ပြောမပြနိုင်ဘူးလားဟင်'

မာတင်က ဇနီးလုပ်သူကို ငေးကြည့်နေသည်။ ဒုက္ခပါပဲ. . သူနားလည်အောင် ဘယ်လိုပြောပြရပါမည်လဲ၊ ဆီဗီယာ့ကို အမှန် အတိုင်း ပြောပြသင့်သည်။ ဆီဗီယာသည် လျှို့ဝှက်ထားအပ်သည့် မိန်းမမျိုးမဟုတ်။ သို့သော် အမှန်ဆိုသည်က ဘာလဲ၊ ကိုယ်ကိုယ်တိုင်လည်း ရှင်းရှင်းလင်းလင်း မရှိလှ။

သက်ပြင်းချလိုက်ပြီး

'ပြောပြလို့ဖြစ်မဖြစ် ကိုယ်လဲမသေချာပါဘူး ဆီဗီယာရယ်'

'မောင်ကလဲကွယ်၊ ဒါလောက်ပေါင်းလာကြပြီးမှ မောင့် မယားကို ဘာတွေလျှို့ဝှက်ထားစရာ လိုတော့လို့လဲ၊ ဘာမှလျှို့ဝှက်ထားစရာ မရှိသင့်တော့ဘူးထင်တယ် မောင်'

လျှို့ဝှက်. . လျှို့ဝှက်နဲ့ မဆိုင်တော့ဘူး ဆီဗီယာ၊ ပြဿနာ က ဖွင့်ဆွေးနွေးဖို့ ခက်တဲ့ ပြဿနာမျိုး ဖြစ်နေတယ်၊ အထူးသဖြင့် တို့နှစ်ယောက်အတွက်မို့ ပိုခက်နေတယ်'

တံတွေးတစ်ချက်မျိုချပြီး မာတင် စကားဆက်သည်။

'ကဲ. . . ကိုယ်ဝန်ခံမယ် ဆီဗီယာ၊ အသက်ကြီးလာမှာကို မိန်းမတွေပဲ ကြောက်တယ်လို့ ကိုယ်ထင်ခဲ့တယ်၊ တကယ်က ယောကျ်ားတွေလဲ မိန်းမတွေလို ကြီးလာမှာကို ကြောက်ကြတာပဲ၊ ပါးရေနားရေတွန့်လာ





မှာကို ကြောက်တာ မဟုတ်ဘူးနော်၊ ဇရာနဲ့လဲ မဆိုင်ဘူး၊ တစ်မျိုးပဲ၊ ကြောင်တယ် ပြောချင်ပြော. . .'

'အဲဒါတွေ အားလုံးစုပြီး ကိုယ့်ကို ခြိမ်းခြောက်နေသလိုပဲ၊ ကလေးတွေ ကြီးလာတာကလဲ ကိုယ့်ရဲ့အဖေဘဝ တဖြည်းဖြည်း မှေးမှိန်သွားနေသလိုပဲ၊ အဖေ့အတွက် သူတို့အချိန်ပေးဖို့ တစ်နေ့ တခြား ရှားပါးလာ တယ်လေ. . . . .'

'ဘယ်တက္ကဗေဒနဲ့မှ ဆင်ခြင်လို့ရမှာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ကိုယ်တို့ရဲ့ ဘဝ အတွေ့တွေဟာ တစ်စစ အသုံးချခံရပြီး ကုန်ဆုံးသွားသလိုပဲ၊ စိတ်ထဲမှာ အဲဒီလိုနဲ့ လမ်းဆုံလမ်းခွကို ရောက်လာသလို ဖြစ်လာတယ်'

ဆီဗီယာ စဉ်းစားလို့ မနိုင်အောင် ဖြစ်သွားသည်။ မာတင် ကို ဘဝတစ်လျှောက်လုံး သိခဲ့၏။ သို့သော် အသက်ကြီးရမည့်အဖြစ်ကို တွေးကြောက်နေသူဟု ဘယ်တုန်းကမှ မထင်မှတ်ခဲ့။

သူသည် ဥပမိရုပ် ထူးထူးခြားခြားကောင်းသူဖြစ်သည်။ အလွန် အရွယ်တင်သူ ဖြစ်၏။ သူတွေးပုံခေါ်ပုံမှာ သူပြောသလို ဘယ်တက္ကဗေဒနှင့်မှ ဆင်ခြင်၍ မရနိုင်ပါ။

မာတင်စကားဆက်သည်။

'ကိုယ့်နားထဲမှာ သမီးလေးရဲ့ ရယ်သံကို ခုထိကြားနေတုန်း ဆပ်ကပ်ပွဲကို ခေါ်သွားတုန်းက လူပြက်ကို ကြည့်ပြီး ရယ်ပုံလေ၊ အဲဒီအချိန်တွေ ဘယ်ရောက်ကုန်တာလဲ၊ နောက်လှည့်ကြည့်လိုက်တော့ သူက အပျိုကြီးဖားဖား ဖြစ်နေပြီ၊ တို့ရဲ့ဘဝ တစ်ကဏ္ဍဟာ ပြီးဆုံးသွားသလိုပဲ၊ ကိုယ်ဘယ်လိုပြောရမှန်း မသိတော့ပါဘူး ဆီဗီယာရယ်၊ စိတ်ထဲမှာတော့ တစ်နေ့တခြား ကျဆုံးနေသလိုပဲ'

ဆီဗီယာ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားသည်၊ နှစ်ယောက်စလုံးအတွက် ရင်ခုန်စရာအချိန်တွေ ပျော်စရာကာလ တွေ ကျန်ရှိနေသေးကြောင်းပြောပြီး မောင့်ကို နှစ်သိမ့်ချင်ပါ၏။ သို့သော်လည်း သူသဘောတူလိမ့်မည် မထင်ပေ။

သည်လောက် နှစ်တွေ ကုန်ခဲ့ပြီးကာမှ ဟိုတုန်းကအတိုင်း စိုးရိမ်ထိတ်လန့်ဖွယ် အရိပ်မည်းကြီး လွှမ်းမိုးခြောက်လှန့်မှုကို ခံရပြန်ပြီကော



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ မပါဘဲ မိမိနှင့်နှစ်ယောက်တည်း ခုလို လွတ်လွတ်လပ်လပ်နေရတဲ့အဖြစ်ကိုလည်း သူငြိးငွေ့နေပြီ ထင်ပါရဲ့။ ညိုး နေသည့် သူ့မျက်နှာကိုကြည့်ပြီး သက်ပြင်းချသည်။ ရင်ထဲက ဝေဒနာ ကို အသာဘေးဖယ်ပြီး ခပ်ရွှင်ရွှင်လေသံဖြင့်

'မောင့်သမီးက ဘာပြောတယ် အောက်မေ့လဲ'

'ဘာလဲတဲ့'

'သူ့ဘဝမှာ သူ့အဖေလောက်ချောတဲ့ယောက်ျား တစ်ယောက်မှ မမြင်ဖူးဘူးတဲ့'

မာတင် ကြိုးစားပြီး ပြုံးသည်။

'ဟုတ်လား'

'ဟုတ်တယ်၊ ၁၈ နှစ်ဆိုတဲ့ အရွယ်ဟာ သိပ်ရယ်စရာ ကောင်းတဲ့ အရွယ်လေ၊ ဆက်ပြီး ကြီးချင်သလိုလို ပြန်ငယ်ချင်သလိုလို'

'၄၇ နှစ် အရွယ်လဲ အတူတူပါပဲကွာ'

'အဲဒီလို မတွေးသင့်ပါဘူး မောင်ရယ်၊ အထူးသဖြင့် မောင့်လို လူမျိုးဟာ ပိုပြီး မတွေးသင့်သေးတယ်၊ ခုလောလောဆယ် ဆီဗီယာ ဘာ လုပ်ချင်နေလဲသိလား'

ဆီဗီယာက ခေါင်းကလေးကို အသာငဲ့ကာ မေးသည်။ ပြီးတော့ သူ့ရင်ခွင်ထဲသို့ လှဲချလိုက်သည်။ အတန်ကြာတော့ သူမီးထ ပိတ်သည်။ ဆီဗီယာက အိပ်ရာထဲမှ လှမ်းပြောသည်။

'မောင်ဟာ ဘယ်တော့မှ မအိုပါဘူးကွယ်၊ ဆီဗီယာ အသိဆုံး လေ၊ အဲ့ဒါ ယုံပါနော်'

♠ ♠ ♠

နောက်တစ်နေ့မနက် ၉ နာရီတွင် အေမီဧည့်ခန်းထဲ ဝင်လာသည်။ သူတို့ငှားထားသည့် အိတ်ဆယ်စီယာ ဟိုတယ်ခန်းကြီးမှာ နေအိမ် တစ်ဆောင်လို အခန်းတွေ စုံလှ၏။





အစ်ကိုလုပ်သူ ဂျူလီယန် အဝတ်လဲပြီး အသင့် စောင့်နေသည် ကို တွေ့ရ၏။ သည်နေ့ ထွက်လည်မည့် အစီအစဉ်က ဆွဲပြီး သား။ ဟင် ဖေဖေတို့အခန်းကတံခါး မဖွင့်သေးပါလား၊ ထူးဆန်းလှ ချည်လား။ ခ်တိုင်းဆိုလျှင် ဖေဖေနှင့်မေမေက သူတို့မောင်နှမကို စောင့်ရသည်ချည်း။

နားမလည်နိုင်စွာဖြင့် အေမီ လှမ်းမေးသည်။

'အဘိုးကြီး၊ အဘွားကြီးကော ဂျူလီယန်'

'အိပ်တုန်းလေ'

'ဘယ်လိုဖြစ်တာလဲ၊ ဒီနေ့ ရှေးဟောင်းခရစ်ယာန်သင်္ချိုင်း ကို သွားကြမယ် မဟုတ်လား'

'အဲ့ဒီဂူတွေက ဘယ်မှထွက်မပြေးပါဘူး အေမီရာ'

'ဟာ. . . ဒါပေမယ့် နှစ်နာရီ ပိတ်တယ်ဆို၊ စုံအောင် မကြည့် လိုက်ရဘဲ နေမယ်၊ အေမီ ဝင်နိုးမယ်'

'မနိုးနဲ့ အေမီ၊ ရောမကို ရောက်တုန်း အိပ်ပါစေ၊ အီတလီ တွေဒါကြောင့် ကလေးများတာ နင်မသိဘူးလား'

အေမီ့မျက်ခုံးတွေ မြင့်တက်သွားသည်။

'ဟုတ်လား၊ ဂျူလီယန် ဆိုလိုတာက. . .'

'အေး. . . ငါဆိုလိုတာ အဲ့ဒါပဲ မိအေမီ၊ ကဲ. . . လာ မနက်စာ စားပြီး တို့ဘာသာ လစ်ကြရအောင်'

'အို. . . စိတ်ပူနေမှာပေါ့'

'ရပါတယ်၊ စာရေးထားခဲ့တာပေါ့ဟာ'

♠ ♠ ♠

အိပ်ရာကနိုးတော့ ဆီဗီယာ နာရီလှမ်းကြည့်လိုက်သည်။ ဟင်း . . . . . ၁၁ နာရီတောင် ခွဲနေပါပေါ့လား။ ညဝတ်အင်္ကျီကို ကပျာ ကယာ ကောက်စွပ်ပြီး ဧည့်ခန်းသို့ ထွက်ခဲ့သည်။

အချိန်နောက်ကျသွားသည့်အတွက် သားနှင့်သမီးကို တောင်းပန်ရမည်။ မောင်နှမနှစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရ။ နောက်မှ စားပွဲတင် မီးတိုင်နှင့် ဖိထားသည့်စာရွက်ကလေး ကို သွားတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့ ဖေဖေနဲ့မေမေ. . .

ရောမကို ရောက်တုန်း ရောမသားတွေလိုနေပါ။
သူတို့လို ချစ်ပါ။
သုံးနာရီ ပြန်ရောက်မယ်။

သားချစ်

ဂျူလီယန်

ဆိုဖီယာ့မျက်နှာတစ်ခုလုံး ပူထူသွားသည်။ အရှက်ကြီး ရှက်သွား၏။ စာကို လင်တော်မောင်အား ပြတော့ မာတင်က ရယ်ရုံ ရယ်သည်။ ကျန်သည့်ရက်ပိုင်းတွင် မာတင် ကလေးတွေနှင့်အတူ လိုက်လိုက်လျော လျော ရယ်ရယ်မောမောနေသည်။ ရောမတွင် လေ့ လာကြည့်ရှုစရာတွေကို သူတို့မိသားစု တစ်ခုမကျန် လျှောက်ကြည့် ကြသည်။ ဆိုဖီယာ ပျော်နေ၏။

သို့သော် အေမ့်ကို ဥရောပတွင် ထားခဲ့ပြီးနောက် မာတင် တစ်ယောက် မရွှင်မပျဖြစ်လာပြန်သည်။ နှစ်ငါးဆယ်သည် သူ့ကိုယ်ပေါ်တွင် လေးလံစွာ ပိကျနေသည် ထင်၏။ နယူးယောက်သို့အပြန် လေယာဉ်ပေါ်တွင် စိတ်ဓာတ်အကျကြီး ကျလာသည်။ တစ်ခါ နယူးယောက် ရောက်လို့ ဂျူလီယန်ကို ယေးလ်တွင် ထားခဲ့ရပြန်သော အခါ ရင်ထဲတွင် ဘာမျှမကျန်တော့အောင် ဟာသွားတော့၏။

သည် သံယောဇဉ်ကြိုးတွေကို ဖြေလျှော့ဖို့နဲ့ ငယ်ဘဝကိုအမိပ္ပာယ် မရှိ မက်မက်မောမောတမ်းတနေခြင်းမှ ရပ်ဆိုင်းဖို့ ဆုံးဖြတ်လိုက်သည်။

လူတိုင်း အိုကြ မင်းကြသည်ချည်းဖြစ်သည်။ မိမိအနေဖြင့် ငါးဆယ်ပင် တင်းတင်းမပြည့်သေး။ ကျန်သည့် အချိန်ပိုင်းကို ပျော်အောင် နေမည်။ ဆိုဖီယာ့ကိုလည်း ပျော်အောင် ထားရမည်။ ဆုံးဖြတ်ချက်အတိုင်း မာတင် လိုက်နာနိုင်ခဲ့သည်။ အလုပ်တွေ ဘယ်လောက်များများ ဂေါက်ကွင်းသို့ မှန်မှန်သွားသည်။ ကပွဲရုံများတွင် ဆိုဖီယာနှင့် အချိန်ဖြုန်းသည်။ ဆိုဖီယာကလည်း တစ်ပတ်တစ်ခါ မြို့ထဲထွက်ပြီး မာတင်နှင့် နေလည်စာ စားသည်။

ဆိုဖီယာ ပထမဆုံးလိုက်လာသည့်နေ့က စိန့်ဖရန်စစ် ဟိုတယ်တွင် နေ့လည်စာစားကြပြီး မာတင် ရုံးမပြန်တော့ဘဲ အခန်း တစ်ခန်းယူကာ





တစ်နေကုန် နေလိုက်ကြသည်။ ပျိုမျစ်နုငယ်ခြင်းတို့နှင့် ပြန်လည်ထိတွေ့နေသည့်နေ့။

ဆိုဖီယာ အပျော်ကြီး ပျော်နေ၏။ ဥရောပခရီးမှ အပြန်တွင် ငါးပေါင်တိုးလာသဖြင့် အစားလျှော့စားနေသည်။ လင်တော်မောင်၏ အလိုကို မပြောဘဲနှင့်သိနေအောင် ကြိုးစားသည်။ သူ အခင်မင်ဆုံး အပေါင်းအသင်းများနှင့် ချစ်ခင်စွာ ဆက်ဆံသည်။



www.burmeseclassic.com

www.burmeseclassic.com

# (၂၁)

သမီးကို ဆွစ်ဇာလန်တွင် ထားခဲ့ပြီး ဂျူလီယန်က ယေးလ်တွင် ကျန်ခဲ့သောအခါ ရောမတုန်းက ပြန်တွေ့ခဲ့သည့် ရင်ခုန်ခြင်းမျိုး ဆိဗီယာ မျှော်လင့်ခဲ့သည်။ မာတင်ကလည်း ချစ်ဇနီး၏အလိုကို ဖြည့်ဆည်းဖို့ ကြိုးစားပါသည်။ သို့သော် ဘဝသည် ပျင်းရိဖွယ် နေ့စဉ်ပုံမှန်လည်ပတ်မှု သံသရာတွင် ငြီးငွေ့စရာဖြစ်လာပြန်သည်။ ကပွဲတွေကို အတူတူသွားမြဲ၊ နေ့လည်စာ အတူတူစားမြဲ။

မာတင် ရုံးအလုပ်တွေ ပိုများလာသည်။ ငါးဆယ်ပြည့် မွေးနေ့ကို တခမ်းတနားကျင်းပမည်ဟု ဆုံးဖြတ်ထားပါလျက် တကယ့်မွေးနေ့ကို ရောက်လာတော့ စိတ်ဓာတ်အကျကြီးကျနေပြန်သည်။ ဆိဗီယာက ပါတီပွဲကို လိုလေသေးမရှိအောင် စီစဉ်ပေးပါလျက် မာတင် စိတ်တိုင်းမကျနိုင်အောင် ဖြစ်နေသည်။

ဤသို့ဖြင့် ငါးဆယ်အရွယ်ကို ဖြတ်သန်းခဲ့ပြန်သည်။ မေမေဘက်စီက ခုနစ်ဆယ်ကျော်လာပေမယ့် ကျန်းမာရေးကောင်း တုန်း . . .။





ကျောင်းပိတ်ရက်တွင် အေမီပြန်ရောက်လာသည်။ မွန်တီ ကာလိုတွင်တွေ့ပြီး ကြိုက်လာသည့် တင်းနစ်သမားကလေးတစ်ယောက်နှင့်ဘွဲ့ရပြီးလျှင် လက်ထပ်မည့်အကြောင်း ခရီးရောက်မဆိုက် ကြေညာသည်။

မာတင် အထိတ်တလန့် ဖြစ်သွား၏။ မဖြစ်ဘူး . . . မဖြစ်ဘူး၊ ဥရောပကို ပြန်ပို့လို့ မဖြစ်တော့ဘူး။

တော်ပါသေးသည်။ စက်တင်ဘာရောက်လို့ ကျောင်းတွေ ပြန်ဖွင့်တော့ ဝယ်လက်စီကောလိပ်သို့ ပို့သည့်အခါ အေမီ တစ်ယောက် တင်းနစ်သမားလေးအကြောင်း လုံးဝမပြောတော့ပေ။

မပြောဘဲ တင်းခံနေခြင်းများလား . . . မာတင် စိတ်ထိခိုက် ရပြန်၏။ ချစ်သောသူနှင့် ကွေကွင်းရခြင်း ဒုက္ခကို သတိရပြီး ကိုယ်ချင်းစာမိသည်။ သို့သော် စိတ်ဖြေရ၏။ သမီးကလေးက ခုမှ ၁၈ နှစ်ပဲ ရှိသေးတာ၊ ငယ်သေးတယ်လေ၊ သာမန်တင်းနစ်သမားလေး တစ်ယောက်ဆိုတာ ဘဝအာမခံချက် များများစားစား မရှိနိုင်တာ ကလည်း တစ်ကြောင်းပေါ့လေ။

ဂျူလီယန် ချစ်သူရွေးပုံကိုလည်း မာတင် ဘဝင်မကျလှပေ။ ဂျူလီယန်သည် ယေးလ်မှဘွဲ့ရပြီး ဥပဒေဘွဲ့လွန်သင်တန်း တက်ခွင့်ရကြောင်း သတင်းကောင်းပါးရင်း ဆာရာစတိုဂါဆိုသည့် ကောင်မလေးနှင့် လက်ထပ်တော့မည့်အကြောင်း ဖုန်းဆက်လာသည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် ဆွေပြမျိုးပြခေါ်လာမည့် အကြောင်းလည်း ပြော၏။ သူ့ကောင်မလေး လှကြောင်း၊ တော်ကြောင်း၊ ဗာဆာကောလိပ်ထွက်ဖြစ်ကြောင်းတွေ ရွှန်းရွှန်းဝေအောင် ညွှန်းသည်။ ဂျူး တစ်ယောက်ဖြစ်ပေမယ့် သူ့မိဘတွေက သဘောတူကြောင်းပြောတော့ ဘက်စီတစ်ယောက် မျက်နှာကို ဖြတ်အရိုက်ခံ ရသလိုနာကျင်သွားသည်။ မာတင်နှင့် ဆိဗီယာကတော့ ဘော့စတွန် အထက်တန်းလွှာမှ အမေရိကန်မချောချောလေးမို့ တရားနှင့်ဖြေနိုင်ကြသည်။ သားကလည်း အရူးအမူး ချစ်နေပြီ မဟုတ်လား။

တခမ်းတနား မင်္ဂလာဆောင်ပေးသည်။

တရားဟောဆရာက ပိန်ပိန်ပါးပါး၊ မျက်နှာပေါက်ဆိုးဆိုး။ ဂျူး သတို့သားကို ကြည်ဖြူချင်ဟန် မတူ။ သတို့သမီးနှင့် အပျိုရံ မိန်းမချောလေးများကို ကြည့်ပြီး အဖေသာ အသက်ရှင်လျက်ရှိနေ သေးလျှင် ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



ခလဲဟု မာတင် တွေးကြည့်နေ၏။

တစ်ဆက်တည်း အတွေးနယ်ချဲ့မိပြန်သည်။

ဂျင်နီကို စွန့်ခဲ့ခြင်းသည် အမှန်တရားလား။ သားဖြစ်သူ သည် လူမှုရေး၊ ဘာသာရေးအားလုံးကို တော်လှန်ပြီး အမေရိကန် ခရစ်ယာန်မိန်းမ ချော ကလေးကို ယူလိုက်လေပြီ။

ရင်ထဲတွင် မခံမရပ်နိုင်လောက်အောင် နာကျင်သွား၏။ အေမိကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ဦးဆောင် အဖျိုရံအဝတ် အစားနှင့် လှချင် တိုင်း လှနေ၏။ အင်း. , သူကကော သူ့အစ်ကို လမ်းစဉ်ကိုမလိုက်ဘူးလို့ ဘယ်သူပြောနိုင်မည်လဲ။

၁၈ နှစ်အရွယ်တွင် တစ်ခါ ထိန်းပေးနိုင်ခဲ့သည်။ ခု အေမိ ၂၀ ပြည့်ပြီ။ မိဘစကားကို မြေဝယ်မကျ နားထောင်ပါတော့မည် လား. . . .။

မာတင် သက်ပြင်းချလိုက်၏။ မိသားစု ရိုးရာအစဉ်အလာ လမ်းကြောင်းကို မသွေဖည်ပဲ လိုက်နာသည့် မိမိဘဝ။ အဓိပ္ပာယ်သည် ဘာလဲ၊ အကျိုးအမြတ်သည် ဘာလဲ။

ရုတ်ခြည်း ဇရာကို ခံစားလိုက်ရ၏။ မျှော်လင့်ချက်ကင်းမဲ့ လွန်းသ လိုလည်း ခံစားလိုက်ရသည်။

♠ ♠ ♠

စိတ်လေးလေးနှင့် စီစဉ်ပေးခဲ့ရသည့် မင်္ဂလာဆောင် ကိစ္စ ချောချောမောမောပြီးဆုံးသွားသည်။ အေမိတစ်ယောက် ကျောင်းကို ပြန်သွား ပြီ၊ ပျော်ပျော်ပါးပါးပင်။ ဘက်စီက ခရီးပန်းသဖြင့် တစ်ပတ်လုံး နား မည်ဟုပြောပြီး အခန်းအောင်းသည်။ လင်တော်မောင်၏ မှုန်တေတေ မျက်နှာကို ဆီဗီယာတစ်ယောက်တည်း ရင်ဆိုင်ရတော့၏။ နံနက်စာ စားပွဲတွင် မျက်နှာချင်းဆိုင်မှ ချစ်လင်၏ ညှိုးနွမ်းနွမ်း မျက်နှာကိုကြည့်ပြီး ဆီဗီယာ ဘာမှန်းမသိဘဲ စိတ်အားငယ်နေ၏။

သားမိန်းမယူသွားသည့်ကိစ္စသက်သက်ကြောင့်တော့ မဟုတ်ဟု ဆီဗီယာ သိနေ၏။ စိတ်ကျရောဂါ သူဝင်နေပြန်ပြီ။ အားလုံးကို ခပ်ရှောင် ရှောင်လုပ်ပြီး တစ်ကိုယ်တည်း ငေးငေးငိုင်ငိုင်လုပ်နေ၏။





အကောင်းထဲမှ အဆိုးဟု ဆိုရမည်လားမသိ။ ကလေးတွေ က အခြေအနေကောင်းနေသည်။ အေမိက လက်စီကောလိပ်တွင် အဆင့်မြင့် မြင့် အောင်နေသည်။ ဂျူလီယန်ကလည်း ထိုနည်းလည်း ကောင်း။ တစ်ခုပဲ ပြောစရာရှိသည်၊ ခိုးလိုးခုလုဖြစ်ချင်စရာ ကိစ္စကလေး၊ ဂျူလီယန်၏ ယောက္ခမများ ဆက်ဆံရေးဖြစ်သည်။ မည်သို့ ဖြစ်စေ သည်ကိစ္စများမှာ အသေးအဖွဲကလေးများဖြစ်ပြီး မာတင့် အနေဖြင့် စိတ်ခေတ်ကျစရာ အကြောင်းမရှိဟု ဆီဗီယာ မြင်သည်။

တစ်ညနေ ညစာစားနေစဉ် ဆီဗီယာက

'မောင်နဲ့ဆီဗီယာ တစ်နေရာရာကို ထွက်သွားကြရအောင် လားဟင်၊ နှစ်ယောက်တည်းလေ၊ လူကြီးတွေလဲ မပါဘူး၊ ကလေးတွေ လဲ မပါဘူးလေ၊ မကောင်းဘူးလား မောင်'

မာတင် တွေနေပြီးမှ

'သဘောပဲလေ၊ တောင်ပေါ်ရေကန်ကို သွားချင်သွားပေါ့'

ဆီဗီယာ မျက်စိကလေးမှေးပြီး သက်ပြင်းချလိုက်၏။ ရင်ထဲ ပေါ့သွားသည်။

တောင်ပေါ်သို့ ကားဖြင့် တက်ခဲ့ကြသည်။ လမ်းတွင် စကားများ များ မဆိုဖြစ်ကြ။ ပြောဖြစ်ကြလျှင်လည်း သားနှင့်သမီး အကြောင်းသာ ပြောကြ၏။ တစ်ယောက်နှင့်တစ်ယောက်ပြောစရာ စကားမရှိကြသလို ဖြစ် နေ၏။ သို့သော် သည်ခရီးသည် ဘဝသစ် ကဏ္ဍတစ်ခုကို ဖွင့်မည့်ခရီး ဖြစ်စေရမည်ဟု ဆီဗီယာ ကျိတ်ပြီး ကြုံးဝါးနေသည်။

မာတင့်ဘက်သို့ တိုးပြီး သူ့ညာလက်ကို ဆုပ်ကိုင်ထား လိုက် သည်။ သူတို့နှစ်ယောက်ကြားတွင် အလိုအပ်ဆုံးမှာ သည်လို ခရီးများဖြစ် သည်ဟု ဆီဗီယာ ခုမှ နားလည်ရခြင်း ဖြစ်၏။

စောစောပိုင်းက သည်အချက်ကို လုံးဝမစဉ်းစားမိခဲ့။ မိသားစု တိုင်းတွင် အပျော်ခရီးထွက်ဖို့ကိစ္စမှာ အရေးကြီးလှသည်ဟုလည်း ခုမှ နားလည်လာခြင်းဖြစ်သည်။ မာတင်၏ ကျဆင်းနေသည့် စိတ်ဓာတ်ကို သည်ခရီးဖြင့် မြှင့်တင်နိုင်မည်ဟု ဆီဗီယာ ယုံကြည်နေ ၏။ သည်ခရီးသည် ဘဝစာမျက်နှာသစ်တစ်ခုဖြစ်မည်ဟုလည်း သိနေ၏။

နှစ်ယောက်သား လွတ်လွတ်လပ်လပ်နေကြသည်။ မီးလင်းဖို



www.burmeseclassic.com

www.burmeseclassic.com



နံဘေးတွင် အတူတူထိုင်ပြီး ယမကာတစ်မျိုးမျိုး သောက်ကြသည်။ မြင်းကိုယ်စီဖြင့် တောင်ပေါ်လမ်းများတစ်လျှောက် လျှောက်စီးကြသည်။

တစ်ယောက်နှင့်တစ်ယောက်ကြင်နာမှုတွေ ပြကြ၏။ အပြန်အလှန် တလေးတစား ဆက်ဆံကြ၏။ သို့သော် ဟိုတုန်းကလို ရင်မခုန်တော့ကြောင်း နှစ်ယောက်စလုံး သိနေကြသည်။

ဆီဗီယာ အလေးအနက် စဉ်းစားသည်။

ဒါသည် ဘယ်သူ့အပြစ်မှမဟုတ်၊ ဘဝကြမ္မာပေပဲ။

ထိုည အိပ်ရာဝင်ချိန်တွင် တာဟိုကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေသည် ခါတိုင်းထက် ပိုအေးနေသည် ထင်၏။

♠ ♠ ♠



(၂၂)

တာဟိုမှ ပြန်ရောက်ပြီး တစ်လအကြာတွင် ဂျင်နီနှင့် ပြန်တွေ့ခြင်း ဖြစ်၏။ ဗုဒ္ဓဟူးနေ့ဖြစ်၏။ ဆီဗီယာ တစ်ပတ်တစ်ခါ နေ့လည်စာ ထွက်စားသည့်နေ့။

ဆီဗီယာနှင့် တွေ့ဖို့ ထွက်လာတော့ မာတင်သည် ဇရာ၏ဖိစီးမှုကို သိသိမှတ်မှတ် ခံစားနေရ၏။ ရုံးအဆောက်အအုံကြီးတွင် ဖြတ်လျှောက်လာရင်း အခြားမဟာလုပ်ငန်းရှင် ရုံးခန်းတွေဆီသို့ ငဲ့စောင်းကြည့်မိသည်။

သူ့လို တာဝန်မျိုးကို ထမ်းဆောင်နေကြသူများသည် နှစ်ဆယ်ကျော် သုံးဆယ်အရွယ်တွေချည်း ဖြစ်သည်။ တစ်ရံရောအခါက သည်စီးပွားကုန်သည်လောကတွင် အငယ်ဆုံးနှင့် ရာထူးအကြီးဆုံးမှာ မိမိဖြစ်ခဲ့ဖူးသည်

အဖေထံ လုပ်ငန်းဝင်စကဆိုလျှင် မိမိကို ချာတိတ်ဟု ခေါ်ကြသေးသည်ကို မှတ်မိနေ၏။ သည်လို ခေါ်ခဲ့ကြသူတွေအားလုံးလိုလို သေကုန်ကြပြီ။ လောကသည် လူငယ်တို့၏ လက်တွင်းသို့ ကျ ရောက်နေပြီလား၊

စိန်ဖရန်စစ် ဟိုတယ်တွင် ဆီဗီယာနှင့် မျက်နှာချင်းဆိုင် ထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မာတီနီ နှစ်ခွက်ဆက်သောက်လိုက်သည်။ သူ့စိတ်တွေ တ ခြားသို့ လွင့်ပါး နေပုံကို သတိမထားမိဟန်ဖြင့် ဆီဗီယာက စကားတွေ ဖောင်ဖွဲ့နေ၏။ ညတွင် ဧည့်ခံပွဲတစ်ခုသွားစရာရှိသည်ကို မေ့မနေဖို့နှင့် စောစောပြန်ခဲ့ဖို့ ပြောပြီး နေ့လည်စာဝိုင်းကို အဆုံးသတ် လိုက်ကြသည်။

မဂ္ဂနင်ကုန်တိုက်ရှေ့တွင် ဇနီးသည်၏ ပါးကိုနမ်းပြီး နှုတ်ဆက်ကာ လမ်းခွဲလိုက်၏။ သည့်နောက် နှစ်မိနစ်အကြာတွင် ဂျင်နီ့ ကို လှမ်းမြင်ခြင်း ဖြစ်သည်။ ကမ္ဘာကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားပြီ ဟု အောက်မေ့လိုက်၏။

သူနှင့် ပတ်သက်သည့် ခံစားမှုတွေ ရင်ထဲတွင် ရုတ်ခြည်း ဆူပွက် ဘက်လာသလို၊ သူနှင့်ကွဲနေသည့် ၂၅ နှစ်တာ ကာလသည် လုံးဝမရှိသလို ထင်ရ၏။ သည်လို ရင်ခုန်ခြင်းမျိုးကို ဂျင်နီနှင့်က လွဲပြီး ဘယ်သူနှင့်မှ မဖြစ်ပေါ်ဖူးခဲ့။

နောက်တစ်နေ့ မနက် ဂျင်နီ့ကို ဖုန်းဆက်ဖို့ ကောက်ကိုင်လိုက်တော့ လက်ဖဝါးတွင် ချွေးတွေ ရွဲနေသည်။ ဒုစရိုက်ပြုမှားမိသူ လို စိတ်တွေ လေးလံနေ၏။ အိမ်ထောင်လျက်သားကျပြီးကတည်းက ဆီဗီယာ့ကိုတစ်ခါမှ သစ္စာ မဖောက်ခဲ့၊ အချစ်ဟောင်းအတွက် တမ်းတသည့် ကာလတွေကို အပြစ်ဟု မယူဆလျှင်ပေါ့လေ။

ခုတော့ စိတ်ထဲက သိနေပြီ၊ ဂျင်နီနှင့် ပြန်ဆုံခြင်းသည် အိမ်ထောင်ရေးဖောက်ပြန်မှု၏ အစဟူ၍။ ဤအရာကား တားဆီး၍မရနိုင်မှန်းလည်း အလိုလို သိနေ၏။ တစ်ပြိုင်တည်းတွင် 'ဒါသက် သက်ကိုယ့်ကိုကိုယ် ညာနေတာ၊ ဘာပြုလို့ မတားဆီးနိုင်ရမှာလဲ'ဟူ ၍လည်း ဒုတိယ အသံက ဝေဖန်နေ၏။

ဟောင်ကောင်ကို သူ့ဘာသာသူ ခရီးထွက်ပေစေပေါ့။ ဘာပြုလို့ ဖုန်းဆက်နေမလဲ။ ဒါဆို ဇာတ်လမ်းတစ်ပတ်ပြန်ကျော့ စရာအကြောင်း မရှိတော့ဘူးလေ။

သည်လို တွေးမိချိန်တွင် ဂဏန်းတွေကို လက်က လှည့်ပြီးနေပြီ။ ဒါပေမယ့် အချိန်ရှိသေးတယ်၊ ဖုန်းပြန်ချလိုက်ပေါ့။ သည်လို တွေဝေနေချိန်တွင် တစ်ဘက်မှ ဂျင်နီ့ထူးသံ ပေါ်လာခြင်းဖြစ်သည်။ အလွန်ကြည်သည့် အသံကလေး။





'ဟဲလို. . .'

'အစ်ကိုပါ ဂျင်နီရယ်'

ဂျင်နီ ရယ်သည်။

'ဂျင်နီအစ်ကို့အသံမှတ်မိဖို့ ကောင်းတာပေါ့နော်၊ နေကောင်းရဲ့လား'

'ကောင်းပါတယ်၊ တို့ခဏတွေ့ကြရအောင်ပါ ဂျင်နီရယ်'

ဂျင်နီ ခဏငိုင်နေသည်။

'မနေ့က ဂျင်နီပြောခဲ့တဲ့အတိုင်းပဲလေ၊ တွေ့သင့် မတွေ့သင့် အစ်ကိုသေသေချာချာ စဉ်းစားပြီးပြီလား'

'သင့်တာတွေမသင့်တာတွေကို မသိဘူး ဂျင်နီ၊ တွေ့ချင်တာပဲသိတယ်'

'ကောင်းပြီလေ၊ ဘယ်မှာဆုံကြမလဲ'

'မင်းတည်းနေတဲ့ ဖဲယားမောင့်မှာဆိုရင် မင်းအဆင်ပြေမလား'

'ပြေပါတယ်'

ဧည့်ခန်းထဲတွင် ဂျင်နီဆင်းစောင့်နေနှင့်သည်။ သူ့ကို မြင် တော့မှ နှစ်ပေါင်းများစွာ ကွဲနေခဲ့သည့် ကာလတစ်လျှောက်လုံး ဘယ်လောက် အောက်မေ့လွမ်းဆွတ်နေခဲ့ရကြောင်း ပို၍ သဘော ပေါက်ရတော့၏။

ဘုရားသခင်. . . ဘုရားသခင်၊ ဂျင်နီဟာ လှနေဆဲပါလား၊ နှစ်ယောက်သား သီးသန့်ခန်းတစ်ခန်းကို ယူပြီး ယမကာ မှာလိုက် ကြသည်၊

'ကိုယ်တော့ မနေ့က ပြန်တွေ့တဲ့အဖြစ်ဟာ တကယ်မှ ဟုတ်ကဲ့ လားဆိုပြီး အူကြောင်ကြောင်ဖြစ်နေတယ် ဂျင်နီ'

'အင်းလေ. . တိုက်တိုက်ဆိုင်ဆိုင်နော်'

'အဲဒီ တိုက်ဆိုင်မှုမျိုးကို ကိုယ်မျှော်လင့်ခဲ့တာ ကြာပါပြီ ကွယ် ကံကြမ္မာက တို့နှစ်ယောက်ကို ပြန်ဆုံပေးတာလား၊ တကယ်ပဲ မတော်တဆ ပြန်တွေ့ကြတာလား မသိဘူးနော်'

ဂျင်နီက ရယ်ပြီး

'ဂျင်နီတော့ အဲဒီလောက် အလေးအနက် မစဉ်းစားမိပါဘူး ကဲ. . . အစ်ကို့အကြောင်းတွေ ပြောပါဦး'

'ဘယ်လိုဟာတွေ ပြောရမှာလဲ'

'ဒီ ၂၅ နှစ်အတွင်း ဘာတွေဖြစ်ခဲ့တယ်ပေါ့၊ အစ်ကိုမိန်းမရနေ ပြီလား၊ ကလေးဘယ်နှစ်ယောက်ရနေပြီလဲ၊ အဓိကကတော့ အစ်ကို့ဘာ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ပျော်နေရဲ့လားပေါ့'

'အစ်ကို လက်ထပ်ဖြစ်တယ် ဂျင်နီ၊ ကလေးတွေလဲရတယ်၊ အဲ. . နောက်ဆုံးမေးခွန်းကိုတော့ အစ်ကို ဘယ်လိုဖြေရမလဲ မသိဘူး၊ ဆိုဖီယာနဲ့ ပျော်တဲ့ကာလတွေရှိခဲ့ပါတယ်၊ အစ်ကို့အမျိုး သမီးရဲ့ နာမည်လေ၊ ဒါပေမယ့် မင်းကို အောက်မေ့နေတဲ့ကာလတွေ လဲ ဒီ ၂၅ နှစ် အတွင်းမှာ ဘစ်နံတစ်လျှားပါခဲ့တယ် ဂျင်နီရယ်'

ဂျင်နီက ဖန်ခွက်ပေါ်က ကျော်ကြည့်ပြီး

'ဟုတ်လား အစ်ကို ဂျင်နီ့ကို လုံးလုံးမေ့သွားပြီ အောက်မေ့နေတာ'

မာတင်က စားပွဲထိုးကို လှမ်းခေါ်ပြီး အရက်ထပ်မှာသည်။

'မင်းကို ချစ်တဲ့စိတ်ဟာ ကိုယ့်ရင်ထဲမှာ ဘယ်တော့မှ လျော့ကျ မသွားခဲ့ဖူးဘူး ဂျင်နီ'

'ဟုတ်လား၊ အဲဒါတော့ ဂျင်နီ မယုံချင်ဘူး အစ်ကို'

'အဲဒါ အမှန်ပါ ဂျင်နီ၊ တကယ်ယုံပါ'

ဂျင်နီ ပြုံးပြန်သည်။

'အစ်ကိုက အဲ့ဒါ အမှန်လို့ထင်နေတယ်ဟုတ်လား၊ ဒါပေမယ့် မိသားစုနဲ့ဂျင်နီ့ကို ယှဉ်ပြီးရွေးတော့ ဂျင်နီအရေးနိမ့်ခဲ့တယ်နော်'

'ယှဉ်ပြီး ရွေးတယ်ဆိုတာတော့ မဟုတ်ပါဘူး ဂျင်နီ၊ အဲဒီတုန်းက ငယ်လဲငယ်သေးတော့ အဖေဆုံးအပြီးမှာ ကိုယ်တွေးပုံခေါ်ပုံတွေ မတည် ငြိမ်ခဲ့ဘူး၊ အဲဒီအတွက် နှစ်ပေါင်းများစွာ ကိုယ်ဒဏ်ခတ် ခံရပြီးပါပြီ ဂျင်နီ'

ဂျင်နီ့လက်ကို လှမ်းဆုပ်ပြီး

'အစ်ကိုဘယ်လောက် သောကရောက်ပြီး ကျန်ခဲ့တယ် အောက် မေ့လဲ၊ ဘယ်လောက်ကြာကြာမင်းကို လိုက်ရှာနေသလဲ မင်းသိရဲ့လား၊ ဘယ်လို ခြေရာဖျောက်ပြီး ဘယ်လို ကျင်လည်ခဲ့တယ်ဆိုတာပြောပါဦးဂျင်နီ'

ဂျင်နီက သံလွင်သီးတစ်လုံးကို ဖန်ခွက်ထဲ ပစ်ထည့်လိုက်ပြီး ခေါင်းမဖော်ဘဲ

'ခုချက်ချင်းတော့ မပြောချင်သေးဘူး အစ်ကို'

မာတင်ငိုင်နေသည်။ ယမကာကို ဖြည်းဖြည်းချင်းသောက်ရင်း တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း မဆိုင်မိအောင် ရှောင်နေကြ သည်။ နောက်ဆုံး ဂျင်နီက အိပ်မက်မှလန့်နိုးသလို ဆတ်ခနဲခေါင်းထောင်ပြီး





ပြုံးကာ

'အစ်ကိုနဲ့ပြန်တွေ့ရတာ ဂျင်နီဝမ်းသာပါတယ်၊ ဒါပေမယ့် ဂျင်နီ့ မှာ လုပ်စရာတွေ တောင်ပုံရာပုံရှိနေသေးတယ် အစ်ကို၊ လေ ယာဉ်ထွက်ချိန် လဲ နီးနေပြီ'

မာတင် ဇဝေဇဝါ ဖြစ်သွားသည်။

'အို. . . ဒီတစ်ခါ မင်းကို ကိုယ်အပျောက်မခံနိုင်တော့ဘူး ဂျင်နီ'

ဂျင်နီက ယဲ့ယဲ့မျှ ပြုံးကာ

'ဂျင်နီ့ကို တားပိုင်ခွင့် အစ်ကိုမှာ မရှိဘူးလေ'

'ဒီမယ် ဂျင်နီ၊ အစ်ကိုဟာ ဟိုတုန်းက အရွယ်မဟုတ်တော့ဘူး ကံကြမ္မာက တို့နှစ်ယောက်ကို နောက်ထပ်ခွဲခွာဖို့ ပြန်ဆုံပေးတယ်လို့ ကိုယ် မယုံချင်ဘူး ဂျင်နီ၊ ဒီတစ်ခါ ကိုယ့်ဘဝထဲက မင်း ထွက်မသွားပါနဲ့တော့ ဂျင်နီရယ်'

'အစ်ကိုပြောတာ သိပ်မရှင်းဘူး ထင်တယ်၊ တကယ်က ဂျင်နီ့ ဘဝထဲက အစ်ကို ထွက်သွားတာ မဟုတ်လား၊ ကဲ. . . ဂျင်နီ သွားတော့မယ်'

'ကိုယ့်ကို နောက်ထပ်မနှိပ်စက်ပါနဲ့တော့ ဂျင်နီ'

'ဂျင်နီ မနှိပ်စက်ရပါလား အစ်ကို၊ နှိပ်စက်တယ်ဆိုရင်လဲ အစ်ကို့ ကိုယ် အစ်ကို နှိပ်စက်တာပဲ ဖြစ်မှာပါ'

'မင်းကိုယ့်ကို တကယ်မုန်းသွားပြီလား ဟင်'

'အို. . . အဲဒီလိုလဲ မဟုတ်ရပါဘူး အစ်ကိုရယ်၊ ဒါပေမယ့် တစ်ခါတလေတော့ တွေးမိတိုင်း နာတာပေါ့၊ ဒါပေမယ့် အဲဒါတွေ ပြီးခဲ့ပါပြီ'

'အစ်ကို့ကို ဒီတစ်ကြိမ် အခွင့်အရေးပေးပါ ဂျင်နီ၊ ပြီးခဲ့တဲ့ အတိတ်ကို အစ်ကို ပြန်ပြီး တည်ဆောက်ပါစေနော်'

ဂျင်နီ ပြုံးပြန်သည်။ ဟိုတုန်းကဆိုရင် သည်စကားလုံးတွေကို ယုံကြည်မိမည် မုချ။ သို့သော် ယခုဂျင်နီသည် ဟိုတုန်းကဂျင်နီမဟုတ်တော့ပြီ၊

သူ့မှာ မိန်းမနဲ့၊ ကလေးနှစ်ယောက်နဲ့။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅ နှစ်ကို သူဘယ်လို ပြန်လည်လျော်ပေးမလဲ။ ဂျင်နီ မတ်တပ်ထသည်။

'မဖြစ်နိုင်ပါဘူး အစ်ကို၊ ဒါပေမယ့် အဲဒီလို ပြောဖော်ရသော ဂျင်နီ အစ်ကို့ကို ကျေးဇူးတင်ပါတယ်'

မာတင်ပါ ထလိုက်ပြီး ဂျင်နီ့ကို အနွေးထည်လှမ်းပေးသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းရောက်တော့ တစ်ယောက်ကို တစ်ယောက်အကြာကြီး စိုက်ကြည့်နေကြသည်။ စိတ်မချမ်းမြေ့ဖွယ် ထိုတဒင်္ဂ

ချစ်သူကို ရင်ခွင်ထဲသို့ဆွဲပွေ့ချင်သည့် ဆန္ဒကိုအတင်းထိန်းချုပ်ပြီး

'အစ်ကို မင်းကို ဘယ်လိုဆက်သွယ်ရမလဲ ဟင်'

'သိပ်မလွယ်ပါဘူး အစ်ကို၊ ဂျင်နီ့အလုပ်က ခုလိုပဲ လျှောက်သွားနေရတာ'

'ဘာလဲ၊ ဆိုလိုတာက မင်းကိုယ့်ဘဝထဲက နောက်တစ်ခါ ပျောက်သွားဦးမယ်လို့ ပြောတာလားဟင်'

'ဘာတတ်နိုင်မှာလဲ အစ်ကိုရယ်. . ကဲ. . . သွားမယ်၊ နှစ်သစ်မှာ အစ်ကို ပျော်ရွှင်နိုင်ပါစေကွယ်'

ခါတ်လှေကားဆီ လျှောက်သွားသည့် ဂျင်နီ့ကို မာတင် နောက်မှ ငေးကျန်ရစ်သည်။ နေရာမရွေ့ဘဲ ကျောက်ဆစ်ရုပ်လို ငြိမ်ကျန်ရစ်သည်။ ဓါတ်လှေကားတံခါး ပိတ်သွားပြီး အပေါ်တက် သွားသော်လည်း ချစ်သူ့ရုပ်သွင်သည် ဝေဝါးပျောက်ကွယ်သွားခြင်း မရှိပါချေ။

ကားဆီသို့ ဘယ်လိုဘယ်လို ပြန်လျှောက်သွားသည် မမှတ်မိလိုက်။ သတိရတော့ ရည်ရွယ်ချက်မရှိ ကားလျှောက်မောင်း နေသည်ကို တွေ့ရ၏။ အိမ်ပြန်ဖို့ ဝန်လေးနေသည်။ မြို့ပြင်၏ ကျောက်တောင်ကွေ့တစ်နေရာတွင် ကားရပ်ပြီး ပင်လယ်အော်ရှုခင်း ကို ငေးကြည့်နေ၏။ ရှုခင်းက မကြည်လင်။ မြူတွေ ဆိုင်းကာ မှိုင်း နေ၏။

ချစ်သူကိုပြန်တွေ့ပြီးမှ ဒုတိယအကြိမ် ပြန်စွန့်လွှတ်ရမည့် အဖြစ်။ ဘဝသည် ဘာအဓိပ္ပာယ်ရှိတော့မည်နည်း။ သားတွေသမီးတွေကလည်း အတောင်အလက်စုံကြပြီ။ ဆိဗီယာအတွက်တော့ စိတ်မကောင်း။

ရုတ်ခြည်း ကားကို ပြန်ကွေ့ကာ ဖဲယားမောင့်ဟိုတယ်ဆီသို့ ပြန်မောင်းချလာခဲ့သည်။ သည်တစ်ကြိမ် အလွှတ်မခံနိုင်တော့။ ဘယ်လိုအခြေအနေမျိုးနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ။

♠ ♠ ♠

အခန်းထဲ ပြန်ရောက်တော့ ဂျင်နီ အဝတ်အစားသေတ္တာ ပြင်ဖို့





ကြိုးစားသည်။ သို့သော် အယောင်ယောင်အမှားမှား ဖြစ်နေ၏။ လမ်းတွင် ဝတ်သွားဖို့ ဝတ်စုံကို ရွေးလို့ မပြီးနိုင်။

သူနှင့် ပြန်ဆုံရသည့်အဖြစ်က ထင်သည်ထက်ပိုပြီး ထိခိုက်ရကြောင်း နားလည်လိုက်၏။ သူနှင့် တဒင်္ဂဆုံရရုံဖြင့် အဟောင်းတို့ အသစ်ပြန်ဖြစ်ကြလေသည်။ သူထားခဲ့လို့ ဘဝပျက်ခဲ့ရသည်ကို လည်း နာကြည်းစွာ ပြန်တွေးမိပြန်၏။

သည်ဒဏ်ရာတွေ ကျက်ကုန်ပြီ။ အတိတ်ကဏ္ဍသည် ဟိုအဝေးတွင် ကျန်ခဲ့ပြီဟု စိတ်ချလက်ချ ယုံကြည်ခဲ့၏။ ခုလို ဆောက် တည်ရာမရ အဖြစ်မျိုးနှင့် ဘယ်တော့မှ ပြန်လည်ကြုံတွေ့ရလိမ့်မည် ဟု မမျှော်လင့်ခဲ့၊ တွေတွေကျဆင်းနေသည့် မျက်ရည်တွေကို သုတ်ပြီးအဝတ်တွေ ချွတ်ပစ်လိုက်သည်။ ရေချိုးခန်းထဲ ဝင်ခဲ့၏။

ပထမ ရေကို အပူဆုံးလွှတ်ပြီး ချိုးသည်။ ပြီးမှ ရေအေး ပိုက်ကို ဖွင့်ချပြီး စိမ်သည်။ ခိုက်ခိုက်တုန်အောင် ချမ်းလာမှ ရေကန်ထဲကထွက်ပြီး မျက်နှာသုတ်ပဝါကြီးဖြင့် တစ်ကိုယ်လုံးရေသုတ်သည်။

အဝတ်သေတ္တာကို ဆက်ပြီး ထည့်ချင်စိတ်မရှိတော့။ ဇော့ခ်ဂ် တစ်ခွက်ငှဲ့ပြီး ရေခဲရောလိုက်သည်။ ဝတ်ရုံတစ်ခုကို ကောက်စွပ်ပြီး မှက်လုံးအစုံ မှိတ်ထားလိုက်၏။ အတိတ်၏အရိပ်မည်းကြီး အောက်မှ ထွက်ပြေးရဦးမည်။

အစ်ကို့ကို ဘယ်တုန်းကမှ မမုန်းခဲ့ပါ။ မပြယ်သောမေတ္တာများနဲ့ပါ အစ်ကို။ အစ်ကို့ကြောင့် ငရဲတမျှ ပူလောင်လှသည့် ဘဝ အတွေ့အတွေ့ကို ဖြတ်သန်းကျော်လွှားခဲ့ရခြား အစ်ကို့ကို တစ်ရံတစ်ဆစ်မှ အခုံစ်မလျော့ခဲ့ပါ။

ကိုယ့်ကိုကိုယ် သတ်သေဖို့ စိတ်ကူးစဉ်ကလည်း အစ်ကို့ကို ချစ်နေဆဲ။ ဒေါသစိတ်ကို မျိုသိပ်မထားနိုင်ဘဲ အစ်ကိုနှင့် နင်ပဲငဆ ဖြစ်ကြစဉ်မှာလည်း အစ်ကို့ကို ချစ်နေဆဲပါပဲလေ။

ဩော်. . . အစ်ကိုရယ်။

မိသားစုအရေးထက် ပိုပြီး ဂျင်နီ့ကို အလေးမထားခဲ့ခြင်း။ သူ့သာ သစ္စာမသေ့ခဲ့ရင် ခုလို အကြိမ်ကြိမ်ဘဝပျက်စရာအကြောင်း ရှိပ ခဲ့။

သူနှင့် လမ်းခွဲပြီးနောက်ပိုင်းတွင် ဂျင်နီ့ဘဝသည် လုံးဝ ပြောင်းသဲ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ ခယောင်းလမ်းပေါင်းများစွာကို ခက်ခဲစွာ ကျော်ဖြတ်ရင်း အရေထူလာသည်။ ကြာတော့ ဗိုင်းကောင်းကျောက်ဖိဘဝ ကို မေ့သလိုပင် ရှိလာသည်။

မာတင်ရို့သ်၏ ချစ်သူဘဝက ဂျင်နီမက်ကွိုင်းသည် လုံးဝ မရှိတော့ပေ။ သေလွန်သွားခဲ့ပြီ။ သူ့နေရာတွင် မာကျောသည့်၊ ရက် စက်သည့် ဂျင်နီတစ်ယောက် မွေးဖွားအစားဝင်လာခဲ့ခြင်း ဖြစ်၏။

အရက်ဆိုင်တစ်ဆိုင်ထဲတွင် သတိလစ်သည်အထိ အမူး သောက်ပြီး အိပ်ရာက နိုးတော့ ယောကျ်ားတစ်ယောက်နှင့် အတူ အိပ်ခဲ့မိကြောင်း သိရသည့်နေ့ကို သတိရနေမိ၏။

ကိုယ့်ကိုကိုယ် ဂျင်နီမက်ကွိုင်းဟုမထင်တော့။ အမေရိကန် တောင်ပိုင်းမှ ဘဝတက်လမ်းရှာဖို့ နယူးယောက်သို့ထွက်လာခဲ့သည့် ဂျင်နီသည် ထို စဉ်ကတည်းက သေလွန်ခဲ့ခြင်း ဖြစ်၏။

အလုပ်ကိုပါ စွန့်ကာ နယူးယောက်မှ ထွက်ပြေးခဲ့ပြီး ချီကာဂိုမြေကို ခြေချလိုက်ခြင်းသည် ဘဝကို တစ်စစီဖြစ်စေခြင်းပင်။ ဈေးပေါပေါအခန်းလေးတစ်ခန်း ငှားနေလိုက်သည်။ အခန်းကို ဘယ်လိုဘယ်လို ပြန်ရောက်လာမှန်းလဲ မသိ။ မူးရီမူးဝေနှင့် နံဘေးမှ လူရွှယ် ကို ငုံ့ကြည့်လိုက်သည်။ ရေချိုးခန်းဆီသို့ ဒယီးဒယိုင်ဖြင့် ထလာခဲ့ ၏။ ဆံပင်တွေမှာ ပွယောင်းကာ မျက်နှာမှာလည်း အပေါစားအပျက်မ တစ်ယောက်၏ မျက်နှာမျိုး ဖြစ်နေ၏။

စိတ်ပျက်လက်ပျက်နှင့် ပြန်ထွက်ခဲ့ပြီး အိပ်ရာပေါ်မှ သူစိမ်းလူရွယ်ကို ငုံ့ကြည့်လိုက်၏။ မနေ့ညက သူ့ကို အစ်ကိုနှင့်တူ သည်ဟု ထင်ခဲ့ခြင်းမှာ အရက်ရှိန်ကြောင့်ပါလား။ အစ်ကိုနှင့်ဘာမှ မဆိုင်၊ မျက်နှာဖြူရော်ရော်နှင့် အရက်ဆိုင်ထဲတွင် တစ်ချိန်လုံးထိုင် နေတတ်သည့် ရုပ်မျိုး။ ဘုရားသခင့်. . . ဘုရားသခင် သူ့နာမည်ကိုတောင် မမှတ်မိပါလား။ကျောထဲ စိမ့်သွား၏။ ပြတင်းပေါက်ဆီသို့ ပြေးသွားသည်။ အောက်သို့ ငုံ့ကြည့်လိုက်၏။ ရှစ်ထပ်ပေါ်မှာ မြေပြင်ကို လှမ်းမြင်ရသည်။

ခေါင်းထဲတွင် မူးရိပ်မူးရိပ်ဖြစ်လာ၏။ ဆုံးဖြတ်ချက် ချလုနီးနီး ဖြစ်သွားသည်။ သို့သော် ကိုယ်တွင်းမှ အင်အားတစ်မျိုးက တားဆီးလိုက်သလို ခံစားလိုက်ရ၏။ ပြတင်းပေါက်ကို ကျောခိုင်း လိုက်သည်။ ကိုယ်ကိုယ်





တိုင် ရှိခဲ့သည်ဟု မသိခဲ့သည့်အားတစ်မျိုးက ရင်ထဲတွင် လှုပ်ရှားလာသည်။

ဘာပြုလို့ သတ်သေရမှာလဲ၊ ဘဝကို ရင်ဆိုင်မည်။

ကပျာကယာ အဝတ်ဝတ်ပြီး အခန်းထဲမှ လစ်ထွက်လာခဲ့ ၏။ ဘာမှ ရေရေရာရာ မဆုံးဖြတ်ရသေးခင် ဇာတိချက်ကြွေ ဘီလော့စီမြို့ကလေးကို ပြန်ဖို့ မီးရထားလက်မှတ်ယူလိုက်သည်။ လက်မှတ်ယူပြီး အခန်းပြန်တော့ ကိုယ်တော်ချောမရှိတော့။ စိတ်ထဲ ပေါ့သွားသည်။ ရေဒီယိုကလေး တစ်လုံးသာ ယူသွားသဖြင့် မောင်မင်း ကြီးသားကို ကျေးဇူးတင်ရသေး၏။ အဝတ်တွေကို လက်ဆွဲအိတ်ထဲ သို့ ကမန်းကတန်းထည့်ပြီး ဘူတာရုံသို့ သုတ်ခြေတင်ခဲ့သည်။

မြောက်ပိုင်းတွင် ဘဝပျက်ပြီး ပြန်လာသည့် ဂျင်နီကလေးသည် ဇာတိချက်ကြွေမွေးရပ်မြေတွင် အသစ်တစ်ဖန် ပြန်စရတော့မည်။ ထွက်လာခဲ့သည်မှာ ကြာပြီမို့ ဘီလော့စီကို မေ့သလိုပင် ဖြစ်နေပြီ၊ ပြန်ရောက်စတွင် မနေတတ် မထိုင်တတ် ဖြစ်နေသေး၏။ ပူလိုက်အိုက် လိုက်သည်မှာ သည်းမခံနိုင်အောင်ပင်။ ဘီလော့စီ ရောက်ပြီး မကြာမီ ပိုက်ဆံပြတ်သွားသည်။ အလုပ်က ဘယ်ဆီနေ မှန်း မသိသေး။ ဘီလော့စီ ဘဏ် အဆောက်အအုံထဲကို ဝင်လာတော့ ဗိုက်ထဲတွင် အစာသိပ်မရှိ၊ ဝဝ လင်လင် မစားရသည်မှာ နှစ်ရက်ရှိ သွားပြီ။ မန်နေဂျာ၏ စားပွဲရှေ့ အရောက်တွင် မူးလဲသွားတော့၏။

ဘဏ်ဥက္ကဋ္ဌ၏ ရုံးခန်းထဲမှ ဆိုဖာခုံရှည်ပေါ်တွင် သတိပြန်ရလာသည်။ အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်၏။ တစ်စုံတစ် ယောက်က နံဘေးတွင်ထိုင်ပြီး လက်ကို ကိုင်ထားမှန်း သိလိုက်၏။

'မင်း ကောင်းသွားပြီလား'

ဂျင်နီ ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်သည်။

'ကျုပ်နာမည်က စိုင်းရပ်စ်ဝါသင်တန်ပါ၊ အင်း. . . မင်း အတွက် ဘို့ တော်တော်စိုးရိမ်သွားတယ်'

ဂျင်နီက ထိုင်ပြီး

'ကျွန်မကြောင့် အလုပ်ရှုပ်သွားကြတဲ့အတွက် တောင်းပန်ပါတယ်ရှင်'

စိုင်းရပ်စ်ဆိုသူက သူ့ပခုံးကို အသာတွန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'မင်းခဏ ဆက်နားနေဖို့ လိုတယ်ကွယ့်'

သူ့ကို ဂရုတစိုက်လုပ်ပေးသူကို ဂျင်နီအကဲခတ်လိုက် သည်။

ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်၊ မျက်နှာက အရက်တမြမြနှင့် တောင်ပိုင်းသားပီပီ အစားကျူးမည့်ပုံ ဖြူနေပြီဖြစ်သည့် ဆံပင်တွေကို သေသပ်စွာ ဖြီးသင်ထားသည်။ အပြုံးကမူ ချိုမြသည်။

ချိုမြသည့် အပြုံး၏ နောက်ကွယ်တွင် အာသာငန်းငန်း ရမ္မက်ဆန္ဒတွေ ရှိနေကြောင်း ဂျင်နီ မသိသေး၊ သည်အပြုံးကို မြင်ရ ပြီးနောက် အလုပ်ရဖို့ သေချာပြီဆိုသည်ကိုတော့ သိနေ၏။

ဂျင်နီ့လက်ကို တရင်းတနှီး ပုတ်ပြီး

'အလုပ်အတွက် လာတာထင်တယ် ဟုတ်လား'

'ဟုတ်ပါတယ် မစ္စတာဝါသင်တန်၊ ကျွန်မမှာ ထောက်ခံစာကောင်းကောင်းတွေပါ ပါတယ်'

ဂျင်နီက သူ့အကြောင်းပြောလိုက်သည်။ ဘီလော့စီတွင် မွေးပြီးအထက်တန်းအထိ မြို့မှာပင်နေကြောင်း၊ ဟန်းတားကောလိပ် ဆက်တက်ပြီး ဘွဲ့ရတော့ မြို့ကိုမပြန်ဘဲ နယူးယောက်တွင် အလုပ်လုပ်ခဲ့ကြောင်း၊ မိမိအလုပ်လုပ်ခဲ့သည့် အလှကုပ္ပဏီကြီး၏အမည်ကို ပြောပြပြီးထောက်ခံစာတွေကို အချိန်မရွေး စစ်ဆေးနိုင်ကြောင်း ပြောပြသည်။

စိုင်းရပ်စ်ဝါသင်တန်က ပြုံးလိုက်ပြီး

'ကောင်းပြီလေ ဂျင်နီ၊ သဘောလောက်ပဲ စစ်ဆေးမှာပါ။ ကိုယ့်မန်နေဂျာက မနက်ဖြန် မင်းကို ခန့်စာပေးမပေး ကိုယ်လောင်း ရဲတယ်'

'ကျေးဇူးတင်ပါတယ်ရှင်'

နောင်ရေးအတွက်တော့ စိတ်အေးရပါပြီ။ သို့သော် လောလောဆယ် ၂၄ နာရီအတွက် စိတ်မအေးနိုင်သေး။ အခန်းခက တစ်ပတ်စာလုံးပေးထားပြီးသားမို့ ကိစ္စမရှိ။ သို့သော် နောက်တစ်နေ့အတွက် စားစရာလုံးလုံးမရှိသည်ကတော့ ကိစ္စရှိသည်။

အားတင်းပြီး ဖွင့်ပြောချလိုက်သည်။

'ကျွန်မ အကူအညီတစ်ခုတောင်းပါစေ မစ္စတာဝါသင်တန်ရှင့်၊ ကျွန်မမှာ ပိုက်ဆံလုံးလုံးပြတ်နေလို့ ငွေနည်းနည်းကြိုချေးဖို့ပါပဲ၊ လစာထဲက တစ်ခါတည်းဖြတ်ယူပါ'





စိုင်းရပ်စ် ပိုသဘောကျသွားသည်။ သည်မိန်းကလေး တော်တော်ပြတ်လပ်နေတာကိုး။

'ရပါတယ်ကွယ်၊ စီစဉ်ပေးပါ့မယ်၊ ဘယ်လောက်လိုချင်လဲ ပြောလေ'

ဂျင်နီက ဒေါ်လာငါးဆယ်လောက် ပြောမည်ပြုပြီးမှ ၂၅ ဒေါ်လာဆိုဖြစ်ပါတယ်ဟု ပြောလိုက်သည်။

ဘဏ္ဍာထိန်းကြီးက ပိုက်ဆံကို အိတ်ထဲမှ နှိုက်ပြီး ကမ်းပေးရင်း ကော်ဖီတစ်ခွက်သောက်ပြီးမှ သွားဖို့ ပြောသည်။

♠ ♠ ♠

တစ်ပတ်အတွင်း အကောင်းဆုံး အစားအစာကို ဝင်စားပြီး အခန်းသို့ ပြန်လာခဲ့သည်။ အနိဋ္ဌာရုံကာလများ ကုန်ဆုံးပါစေတော့ဟု ဂျင်နီ ဆုတောင်းလိုက်သည်။ ဘဝလုံခြုံမှုအတွက် ရှေ့ရေး ကို စဉ်းစားသည့် အခါတိုင်း အထိတ်တလန့်ဖြစ်ရသည်ချည်း။ သည်လိုအခါမျိုးတွင် အစ်ကိုသည်ပင် အာရုံတွင် မှေးမှိန်သွားတတ်သည်။

ခုနေ သူနဲ့ပြန်တွေ့ရင် ဂျင်နီအသစ်ကို သူမှတ်မိပါ့မလား။ တစ်နပ်နှင့်တစ်နပ် အလျင်မီအောင် ချွေတာစားသောက်နေရသည့် ဂျင်နီ၊ ဘယ်လိုဘဝမျိုးနဲ့ဖြစ်ဖြစ် ဆက်လက်အသက်ရှင်ဖို့ ဆုံးဖြတ် ထားသည့် ဂျင်နီ၊ ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဆိုသည့် လောကအမြင်သစ်ဖြင့် ဘဝကို ရင်ဆိုင်မည့် ဂျင်နီလေ။

ဘဏ်တွင် လုပ်သက်တစ်လရခဲ့ပြီ။ စိုင်းရပ်စ်က ပုံမှန်အတိုင်း ဘလေးတစားဆက်ဆံသည်။ သူ့ကို ဂျင်နီ ရံဖန်ရံခါသာ တွေ့ရသည်။ ဧည့်သည်များကို တွက်ကြိုသည့်အခါနှင့် ဧည့်သည်များနှင့် နေ့လည်စာစားသည့်အခါမျိုး။

စိုင်းရပ်စ်သည် ဂျင်နီ့ကို မြင်သည့်အခါတိုင်း ကလေးမ၏ သင်္ဃန်းသား တွေကို ခိုးကြည့်သွားတတ်သည်။ တစ်ညနေတွင် ရုံးဆင်းချိန်ကျော်အောင် ဂျင်နီအလုပ်တွေ မပြတ်သဖြင့် ကြိုတင်သွင်းငွေ စာရင်းတွေနှင့် အလုပ်ရှုပ်နေသည်။ သူက ရှေ့တွင်လာရပ်ပြီး မန်နေဂျာကို တစ်မျက်နှာကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



'မင်း အလုပ်ပြီးရင် ငါ့အခန်းခဏလာခဲ့ ဂျင်နီ' ဟုပြောပြီး ထွက်သွားသည်။

ဥက္ကဋ္ဌအခန်းထဲသို့ ဂျင်နီ ဝင်သွားသည်။ ရင်နည်းနည်း ခုန်နေ၏။ ဘာကိစ္စများပါလိမ့်၊ အလုပ်တော့ မဖြုတ်တန်ကောင်းဘူး ထင်ပါရဲ့။

'ထိုင်ကွယ် ဂျင်နီ'

သူ့အမူအရာက အေးအေးဆေးဆေး။ အင်း. . အလုပ်ဖြုတ်ဖို့ ခေါ်သည့်ဟန်တော့ မဟုတ်ဟုတွေးပြီး ရင်ထဲပေါ့သွား၏။

'မင်းရဲ့လုပ်ရည်ကိုင်ရည်ကို တို့အားလုံးသဘောကျနေတယ် ဂျင်နီ၊ မင်းကို တို့ရလိုက်တာ သိပ်ကံကောင်းတယ် ဆိုရမယ်'

လစာတိုးပေးတော့မည် ထင်၏။ ခုရသည့် လစာမှာ ဂျင်နီ့အတွက် ရယ်စရာလို ဖြစ်နေ၏။ ခပ်တိုးတိုး စပြောသည်။

'မစ္စတာ ဝါသင်တန်ရဲ့ကျေးဇူးတွေ ကျွန်မမှာ အများကြီး ရှိပါတယ်၊ ဒါကြောင့် ကျွန်မအလုပ်ကို ကြိုးကြိုးစားစားလုပ်ပါတယ်၊ ဒါပေမယ့် စားဝတ်နေရေးအတွက် မလုံလောက်ပါဘူး၊ နောက်လ လောက်ဆိုရင် ကျွန်မကို လခတိုးပေးဖို့ စဉ်းစားပေးပါလို့ မေတ္တာ ရပ်ခံချင်ပါတယ်'

စိုင်းရပ်စ် ပြုံးသည်။ ခပ်အေးအေးကလေး ပြောနေပုံကို သဘောကျနေ၏။

'မန်နေဂျာကို ပြောလိုက်ပါ့မယ်လေ၊ တစ်ပတ်ကို ဒေါ်လာ ၂၀ တိုးပေးဖို့ ကိုယ်ပြောလိုက်ပါ့မယ်'

တိုးပေးသည့် လစာမှာ နယူးယောက်တွင် ရခဲ့သည့်လစာ တစ်ဝက်ပင် မရှိသော်လည်း ဂျင်နီ ပျော်သွားသည်။

'ကျွန်မ အများကြီးကျေးဇူးတင်ပါတယ် မစ္စတာ ဝါသင် တန်'

'ကိစ္စမရှိပါဘူးကွယ်၊ ဩော်. . . ဒါထက် မင်းကို ခေါ်ရတဲ့ အကြောင်းမပြောရသေးဘူး၊ တနင်္ဂနွေနေ့ ကိုယ့်အိမ်လာပြီး နေ့လည်စာ စားပါလား ဂျင်နီ'

သူနှင့်သာမဟုတ်။ ဘယ်သူနှင့်မှ ဂျင်နီပုဂ္ဂိုလ်ရေး ရင်းနှီးမှု မရယူလိုပါ။ သို့သော် အလုပ်ရှင်ဖြစ်နေ၍ ဝတ်ကျေဝတ်ကုန်ပြုံးပြီး ခေါင်းညိတ်လိုက်ရသည်။

'၁၂ နာရီမှာ ကားအကြိုလွှတ်လိုက်မယ်လေ'





တနင်္ဂနွေနေ့ ၁၂ နာရီတိတိတွင် အကြိုတော်ကား ရောက်လာသည်။ မိနစ် ၂၀ ကျော်မျှမောင်းပြီး မြို့စွန်ရပ်ကွက်အိမ်ကြီးတစ် အိမ်သို့ ရောက်လာသည်။ အဝင်ကားလမ်းတစ်လျှောက် ဝက်သစ်ချ ပင်အိုကြီးတွေ တန်းနေသည့် အိမ်ကြီးတစ်ဆောင်သို့ ချိုးကွေ့လာ သည်။ အရောက်မိန်မိုန် ဧရာမဧည့်ခန်းကြီးထဲကို လှမ်းဝင်လိုက်ပြီ ဆိုကတည်းက အိပ်မက်ဆိုးကြီး မက်ပြီဟု ထင်လိုက်၏။ ကပ္ပလီအိမ် ဖော်မလေး တစ်ယောက်က ကြိုပြီး ထမင်းစားခန်းသို့ တန်းခေါ် သွား သည်။ အနည်းဆုံး လူနှစ်ဆယ်ခန့်ထိုင်မည့် ထမင်းစားစားပွဲကြီးထိပ် တွင် စိုင်းရပ်စ် ရပ်စောင့်နေသည်။ ဧည့်သည်ဆို၍ တစ်ယောက်သာ ရှိသည်။

အရပ်အမောင်းနှင့် မလိုက်အောင် ဝဖိုးနေသည့် ၁၃ နှစ် သမီးအရွယ် ကောင်မလေးတစ်ယောက်၊ မျက်လုံးက ကြောင်တောင် တောင် လျှာတစ်လစ်နှင့်။ ဂျင်နီ ကျောထဲဒိမ့်သွားသည်။ ကလေးမ ကြည့်ရသည်မှာ အရှေ့တိုင်းသွေးပါပုံ။

'ဒါ ကိုယ့်သမီး လင်ဒါမေလေ ဂျင်နီ၊ ဆီးချိုရှိနေတယ်၊ သမီး ဒ် မစ္စက်ဂျင်နီမက်ကျွင်းတဲ့၊ နှုတ်ဆက်လိုက်ပါဦးကွယ်'

ဖအေက သမီးလုပ်သူကို အကြာကြီးစိုက်ကြည့်နေပြီးမှ ကလေးမက လက်ဆန့်ပေးသည်။ ဂျင်နီက ရှေ့သို့ကိုင်းပြီး ကလေးမ ၏ လက်ကို ဆုပ်ရင်း ပါးတစ်ဖက်တွင် ညိုမည်းနေသည်ကို သတိပြု လိုက်၏။ စိုင်းရပ်စ်က ချက်ချင်းရှင်းသည်။

'သမီးကလေး မနက်ကချော်လဲတယ် ဂျင်နီရယ်၊ နည်းနည်း ခိုက် မိသွားတယ်'

နေ့လည်စာဝိုင်းတွင် စိုင်းရပ်စ်က သူ့သမီးကလေးကို ယုယုယယ ကျွေးသည်။ အာလူးကြော်ကို ခက်ရင်းဖြင့် မနိုက်ဘဲ လက်ဖြင့်နှိုက်တော့ စိုင်းရပ်စ်က ကိုယ်တိုင် ထုတ်ပေးပြီး ကလေး၏ လက်ထဲကို ခက်ရင်းထည့် ပေးသည်။

သည်ကလေးအကြောင်းကို မေးကြည့်မည်ပြုပြီးမှ စိတ်မ ချမ်းသာ စရာ ကိစ္စမို့ အသာငြိမ်နေလိုက်သည်။ သူ့ဇနီး ဆုံးပုံ အကြောင်းတော့ ဘဏ်တွင် ပြောသံဆိုသံများ နားစွန်နားဖျား ကြားရသည်။ လွန်ခဲ့သည့် တစ်နှစ်က စိတ်ရောဂါဖြင့် သေဆုံးသွားသည် ဆို၏။ ကလေးတစ်ယောက်

www.burmeseclassic.com



ကုန်ခဲ့ကြောင်းတော့ ပြောသံ မကြားမိ။

ဟင်းလျာတွေ ထပ်ဖြည့်ပေးနေသည့် အိမ်ဖော်သူငယ်လေးကို ပြုံးပြရင်း တစ်ဆက်တည်း လင်ဒါကို ပြုံးပြလိုက်၏၊ တော်ပါသေး၏၊ ကလေးမက ပြန်ပြုံးပြသည်။ စားသောက်ပြီးကြတော့ လင်ဒါ့ကို အပေါ်ထပ် ပို့ခိုင်းလိုက်၍ စိုင်းရပ်စ်နှင့် နှစ်ယောက်တည်း ကျန်ရစ်သည်။ ဝရန်တာတွင် ထွက်ထိုင်ကြ၏။ ရာသီဥတုမှာ သာ ယာနေသည်။

စိုင်းရပ်စ် အနေဖြင့် မေးခွန်းတစ်ခု မေးချင်နေသည်။ သို့ သော် မေးမည်ပြုတိုင်း တုံ့ဆိုင်းနေမိ၏။ ဤသို့ဖြင့် စကားဝိုင်းမှာ မစိုပြည်ဘဲ ရုံခါ ကြောင်စီစီ ဖြစ်နေသည်။ နောက် တနင်္ဂနွေနေ့ည တွင် စိုင်းရပ်စ်က ညစာ ဖိတ်ကျွေးပြန်သည်။ သည်တစ်ခါတော့ စိုင်းရပ်စ် ပြောဖြစ်အောင်ပြော မည်ဟု အားတင်းပြီ။

ညစာစားပြီး ကော်ဖီသောက်နေကြစဉ် ဂျင်နီ့လက်ကို လှမ်းကိုင်ပြီး

'ကိုယ်မင်းကို ပြောစရာတစ်ခုရှိတယ် ဂျင်နီ၊ တောင်းပန်စရာ ရှိတယ်လို့ ပြောရင် ပိုမှန်မယ်၊ ဒါပေမယ့် မင်းငြင်းနိုင်တယ်နော်၊ မင်း အကျပ်အတည်း စဉ်းစားရတာမျိုး ကိုယ်မလိုချင်ဘူး ဂျင်နီ'

'ပြောပါ စိုင်းရပ်စ်၊ ဂျင်နီတော့ဘာကိစ္စဆိုတာ မမှန်းတတ်အောင်ပဲ'

ကိုင်ထားသည့်လက်ကို ခပ်တင်းတင်းဆုပ်သည်။ ဂျင်နီ အနေရ ကျပ်သွား၏။

'ဒီလိုပါ ဂျင်နီ၊ မင်းအနေနဲ့ လင်ဒါကလေးကို မိတ်ဆွေဖြစ်နိုင် မယ်ဆိုရင် ကိုယ်တော့ ဝမ်းသာလို့ဆုံးမှာ မဟုတ်ဘူး'

ဂျင်နီ ရုတ်တရက် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။ လွယ် မယောင်နှင့် ခက်သည့် ကိစ္စ။ အတန်ကြာမှ ပြန်ပြောဖို့စကား လုံးရှာတွေ့သည်။

'ဂျင်နီ အကူအညီပေးချင်ပါတယ် ရှင်၊ ဒါပေမယ့် ဂျင်နီနဲ့ လင်ဒါ မေဟာ. . . .'

'တစ်ကမ္ဘာလိုစီ ဖြစ်နေတယ်ပေါ့၊ ဒါကို သဘောပေါက်ပါ တယ် ဂျင်နီ၊ ဒါပေမယ့် မင်းဟာ သိပ်ပြီး ကြင်နာတတ်တယ်၊ သိမ်မွေ့တယ်၊ သမီးဟာ သူ့အမေကလွဲပြီး ဘယ်သူနဲ့မှ နီးနီးကပ်ကပ် မနေခဲ့ရဘူး၊ ဒါကြောင့် သူ့ရောဂါဟာ ပိုပြီး အကုရ ခက်နေတာလေ၊ မင်း ဒီကလေးကို မေတ္တာမထားနိုင်ဘူးလားဟင်. . . . . . .'





ဂျင်နီ အင်တင်တင် လုပ်နေသည်။ ချစ်သူနှင့် ကွဲခဲ့ရပြီး နောက် အသေပိတ်ထားခဲ့သည့် မေတ္တာတံခါးချပ်ကလေး ပွင့်ချင်ချင် ဖြစ်သွားသည်။

စိုင်းရပ်စ်သည် မိမိအပေါ်တွင် ကျေးဇူးရှင်တစ်ဦးလို ဖြစ် နေပြီး သူ့အလိုအတိုင်း လိုက်လျောနိုင်လျှင် ဘဝသည် တစ်မျိုးတစ်ဖုံ ဖြစ်လာ နိုင်သည်။ အတိတ်ကို တမ်းတအသက်ရှင်နေခြင်းမျိုးမှလည်း လွတ်ကင်း နိုင်စရာ ရှိသည်။ သနားစရာကလေးမ၏ ရုပ်သွင် ကို မြင်ယောက်လျက်က

'ဂျင်နီ ကြိုးစားကြည့်ပါ့မယ်လေ'

ရက်သတ္တပတ်များသည် လများအဖြစ် လျင်မြန်စွာ ကူး ပြောင်း နေကြ၏။ ဂျင်နီနှင့် လင်ဒါ ရင်းနှီးနေကြပြီ။ အနေအထိုင် အပြောအဆိုမှ အစ တိုးတက်လာ၏။

လင်ဒါသည် နေ့စဉ် စာသင်ပေးသည့်ဆရာမထက် ဂျင်နီ့ ကိုပိုပြီး ခင်တွယ်နေ၏။ ပါးတွင် အညိုအမည်းဒဏ်ရာကလေးများ ရံခါတွေ့ရ သည်။ ဂျင်နီက တွင်တွင်ဆေးလိမ်းပေးရသည်။

လင်ဒါကလေး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေ၏။ ဂျင်နီက သည်ဘဝ ကို အဓိပ္ပာယ်ရှိသည်ဟု စိတ်ထဲ ထင်လာသည်။ စိုင်းရပ်စ် တစ်ယောက် တိုးတက်လာသည့် အခြေအနေကို ကြည့်ကာ ဝမ်းသာ နေမည် မုချ။

နောက် သုံးလမျှအကြာတွင် ဂျင်နီသည် တစ်ပတ်လျှင် လေးကြိမ် လာရသည်အခြေအနေဖြစ်နေပြီ။ ဤတွင် စိုင်းရပ်စ်ကအကြံပြုခြင်း ဖြစ်၏။

'မင်း အခန်းကိုပြန်အပ်ပြီး ဒီမှာပဲ လာနေပါလား ဂျင်နီရယ်၊ မင်း အတွက် ဘာမှ မပူရတော့ဘူးပေါ့'

ဂျင်နီပြုံးသည်။ ချီကာဂိုတွင် ဖြစ်ပျက်ခဲ့သည့် အကြောင်း များကို သိလျှင် စိုင်းရပ်စ်သည်အထိ ကြည်ဖြူနိုင်ပါ့မလား။ သို့သော် ရှည်ရှည်ဝေး ဝေး စဉ်းစားမနေတော့ဘဲ

'ကောင်းသားပဲ စိုင်းရပ်စ်၊ လင်ဒါနဲ့ ပိုပြီး အချိန်ရတာပေါ့'

♠ ♠ ♠

ပြောင်းလာပြီး နှစ်ပတ်အကြာတွင် ဂျင်နီနှင့် စိုင်းရပ်စ် စာကြည့် ခန်းထဲ၌ ဆုံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အားလုံး အဆင်ပြေနေတာ ကိုယ်တော့ ဝမ်းသာမဆုံးနိုင်အောင်ပဲ ဂျင်နီ၊ မင်းကြည့်ရတာလဲ တွေ့စကထက်ပိုပြီး ကျန်းမာရေး ကောင်းနေသလိုပဲ၊ ဒီမှာ ပျော်ရဲ့လားဟင်'

'ပျော်ပါတယ် စိုင်းရပ်စ်၊ ဂျင်နီ့ကို ခုလိုနည်းနဲ့ စောင့်ရှောက် ဖော်ရတဲ့အတွက်လည်း ကျေးဇူးမမေ့ပါဘူး'

ကုလားထိုင်ကို ရွှေ့ဆွဲပြီး အနားတိုးထိုင်ရင်း စိုင်းရပ်စ်က

'ဒါက အသေးအဖွဲ့ပါ ဂျင်နီရယ်' ဟု ပြောပြောဆိုဆို အခန်းထဲမှ ထွက်သွားသည်။ သူ့လှုပ်ရှားမှုတွေ သွက်လက်နေ၏။ ပြန်လာတော့ လက်ထဲတွင် ယမကာနှစ်ခွက်နှင့်။

ချီကာဂို အနိဋ္ဌာရုံည၏နောက်ပိုင်းတွင် ဂျင်နီအရက် မသောက်ဖြစ်သလောက်ပင်။ သောက်လိုက်သည်နှင့် ခေါင်းထဲတွင် ချက်ချင်း ရီတီတီ ဖြစ်လာသည်။ စိုင်းရပ်စ်၏ လေသံကို အဝေးမှ လာသံလို ကြားနေ၏။

'ဒီလို ဂျင်နီ... စိတ်တော့ မရှိနဲ့နော်၊ ကိုယ်ပြောချင်တဲ့ အဓိပ္ပာယ်က မင်းရောက်လာမှ ဒီအိမ်ကြီးဟာ အသက်ဝင်လာတယ်၊ လင်ဒါကလေးဟာ လုံးဝပြောင်းလဲလာတယ်၊ မင်းရဲ့အလှနဲ့ မင်းရဲ့ အကြင်နာတွေဟာ အစေခံတွေကိုတောင် ရောင်ပြန်ဟပ်တယ် သိလား၊ မင်းကျေးဇူးတွေကို ကိုယ်တော့ ဘယ်လိုတုံ့ပြန်ရမှန်း မသိအောင် ဂျင်နီရယ်'

ဘာပြန်ပြောရမှန်း မသိသဖြင့် ဂျင်နီ ပြုံးရုံသာ ပြုံးနေလိုက်သည်။ ဘရန်ဒီကို တစ်ကြိုက်ချင်း သောက်လျက်။

စိုင်းရပ်စ် ဆက်ပြောသည်။ သူ့ကိုယ်သူ ပြောနေဘိသို့။

'မင်းရောက်လာမှ ကိုယ်လဲ ကိုယ့်အိမ်ကြီးလိုပဲ ပြန်အသက်ဝင်လာတယ်၊ ပျော်ရွှင်မှုဆိုတာ ကိုယ့်မှာ မေ့သလောက်တောင် ဖြစ် နေပါပြီ၊ ခု ကိုယ်ပျော်နေတယ် ဂျင်နီ၊ စိတ်ရဲ့ ငြိမ်းချမ်းမှုလဲ ရနေတယ်၊ ငွေက ဘာလုပ်ဖို့လဲ၊ ငွေတွေရှိပြီး သုံးမယ့်လူမရှိရင် ဘာလုပ် မှာလဲ၊ လင်ဒါကလေးတစ်ယောက်တည်းအတွက်ဆိုရင်၊ ဒီပစ္စည်းတွေ ဘာအဓိပ္ပာယ်ရှိမလဲ၊ ကိုယ့် ပတ်ဝန်းကျင်ကို ကြည့်ပါ ဂျင်နီ၊ မင်းမရှိရင် ဒါတွေဟာ အလကားပဲ'

'ဒီလိုအိမ်မျိုးဟာ မိန်းမကျက်သရေနဲ့ ပြည့်စုံတဲ့ အိမ်ရှင်မ မျိုးရှိမှ တင့်တယ်တာပါ ဂျင်နီရယ်၊ လင်ဒါအတွက်ချစ်ခင်ကြင်နာမှု ပေးနိုင်မယ့် အဖော်မွန်တစ်ယောက်လိုသလို ဒီအိမ်ကြီးအတွက်လဲ သခင်မတစ်ယောက် လိုတာပဲ ဂျင်နီရယ်၊ မင်းမရှိရင် တို့နှစ်ယောက် စလုံးရဲ့ဘဝဟာ ပျက်သုဉ်းရမှာပဲ'

ဂျင်နီ ငြိမ်ပြီး နားထောင်နေသည်။ သူ ဘာဆိုလိုသည်ကို သိနေပါပြီ။ သို့သော် မိမိအပေါ်တွင် သည်မျှကောင်းခဲ့သည့်လူတစ်ယောက်မှ ငြင်းပယ်ရ ခက်နေသည်။

'ကိုယ့်ဘဝကိုယ် နားလည်ပါတယ် ဂျင်နီ၊ အဖေနဲ့သမီး အရွယ်နီးတာလဲ ကိုယ်သိပါတယ်၊ ဒါပေမယ့် မင်းကို ကိုယ်ချစ်တယ် ဂျင်နီ၊ မင်းကို ကိုယ်စောင့်ရှောက်ပါရစေနော်၊ ကိုယ့်မေတ္တာမျိုးကို မင်း တုံ့ပြန်နိုင်ပါ့မလား ဟင်'

ဇာတ်လမ်းကို ရပ်တန်းက ရပ်ဖို့ ဂျင်နီ သဘောပေါက်ပါ၏၊ သို့သော် တစ်ဘက်က အငြင်းရခက်လောက်အောင် ဖြစ်နေ ၏။ ဘယ်သူမှ မပေးနိုင်သည့် ကြင်နာမှုမျိုးတွေ ပေးနေ၏။ ဝယ်ပေးသည့် လက်ဆောင်ပစ္စည်းတွေက လက်ခံယူရုံစရာပင် မရှိ။ သူ့စေတနာတွေကို ဘယ်လိုမှ မတုံ့ပြန်ဘဲ မနေနိုင်အောင် ဖြစ်လာသည်။

ဖွင့်ငြင်းပြီး ထွက်သွားရင်ကော။ သည်တစ်ခါ လေလွင့် တိမ်ဘင မျိုးရောက်လျှင် အဖတ်ဆည်လို့ ရတော့မည်မဟုတ်ဟု ကိုယ့်ကိုကိုယ် သိနေ၏။ မြေပြင်မှ ရှစ်ထပ်အမြင့် ချီကာဂိုတိုက်ခန်း ထဲမှ ခုန်ချဖို့ ကြံစည်ခဲ့ဖူးသည်ကို ပြေးသတိရသည်။

သူ့မျက်လုံးများနှင့်ကြိုးစားရင်ဆိုင်လိုက်ပြီး

'ခုလဲ စိုင်းရပ်စ်ကို ဂျင်နီကြင်နာနေသားပဲ'

'ဆက်မပြောပါနဲ့တော့ ဂျင်နီ၊ မင်း ဘယ်လို ဦးတည်မယ် ဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမယ့် သေသေချာချာစဉ်းစားပါဦး ဂျင်နီ၊ မင်းရှေ့ရေးအတွက်လေ၊ မင်းမှာ မိဘမရှိတော့ဘူး၊ ညီအစ်ကို မောင်နှမလဲ မရှိတော့ဘူး၊ အားကိုးအားထားဆိုလို့ ဘာမှ မရှိဘူး၊ မင်းရဲ့ အနာဂတ်အတွက် ကိုယ်အားလုံး တာဝန်ယူနိုင်တယ်လေ၊ တစ်ခါတလေကျတော့ ဘဝရဲ့လုံခြုံမှုနဲ့ စိတ်ရဲ့ငြိမ်းချမ်းမှုဟာ အချစ် ထက် ပိုအရေးကြီးတယ်၊ ပေါ်ဘဝက တွေ့ခဲ့ဖူးတဲ့ အချစ်မျိုးဟာ ပူလောင်လွန်းအားကြီးပြီး လောင်ကျွမ်းသွားနိုင်တယ် ဂျင်နီ၊ မေတ္တာ တရားနဲ့ အပြန်အလှန်လေးစားမှုက ကြာရှည်ခံ







www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ မင်းကိုယ့်ကို လက်ထပ်ပါလား ဂျင်နီရယ်'

ဂျင်နီ မတ်တတ်ထရပ်သည်။

'စဉ်းစားပါရစေဦး စိုင်းရပ်စ်'

'အို. . . မင်းကြိုက်သလောက် အချိန်ယူပြီး စဉ်းစားပါ ဂျင်နီ၊ . . . ကဲ သွားအိပ်ချေတော့'

ဂျင်နီ အိပ်ခန်းဆီသို့ သုတ်ခြေတင်လာခဲ့သည်။ တစ်ယောက်တည်း စဉ်းစားခန်းဝင်ချင်သည်။ နောက်သို့ တစ်ချက်မှလှည့်မကြည့်။ လှည့်ကြည့်လျှင် အာသာငန်းငန်း မျက်လုံးများဖြင့် သူ့ နောက်ကျောကို စိုက်ကြည့်နေသည့်လူကြီးကို တွေ့ရမည်ဖြစ်၏။ လက် သီးကို ကျစ်ကျစ်ပါအောင် ဆုပ်နေသည်ကိုလည်း မြင်နိုင်မည်ဖြစ်၏။

စိုင်းရပ်စ်က လိုလေသေးမရှိအောင် ဝယ်ပေးထားသဖြင့် လှပပြည့်စုံသည့်အိပ်ခန်းထဲရောက်ပြီး အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ အင်း. . . ဘဝ၏ လမ်းဆုံလမ်းခွရောက်ပြီ။ သေသေချာချာ စဉ်းစားရတော့မည်။ နောက်ကြောင်းကို သမင်လည်ပြန်ကြည့်လိုက်မိ၏။

ကလေးဘဝတွင် ဒုက္ခပင်လယ်ဝေခဲ့၏။- အချိန်တန်အရွယ်ရောက်လို့ ချစ်သူတွေ့ပြန်တော့ အသည်းတစ်စစီ ကြွေခဲ့ရ၏။ သည်လိုတွေးမိပြန်တော့ စိုင်းရပ်စ်၏ ကမ်းလှမ်းချက်မှာ မိမိအတွက် ရောမအခွင့်အရေးတစ်ရပ်ပါလား။ အချစ်အကြောင်းတော့ ထည့်မစဉ်းစားတော့ဘူးလေ။

သူ့ကမ်းလှမ်းချက်ကို လက်ခံလိုက်လျှင် လူရှိသေ ရှင်ရှိသေ အသိုက်အဝန်းတစ်ခုတွင်, ဘဝကို တည်တည်ငြိမ်ငြိမ် အခြေချပြီး သားဖြစ်မည်ကို သံသယဖြစ်စရာ မလိုပေ။ ဘုန်းတော်ကြီးရှေ့မှောက် တွင်လည်း ဝန်ခံချက်ပေးစရာ လိုတော့မည် မဟုတ်။ မိမိအပေါ် မြတ်နိုးကြင်နာမည့်သူ၏အရိပ်အာဝါသတွင် မတောင့်မတမကြောင့်မကြနှင့် ဘဝတစ်လျှောက်လုံး စိတ်အေးနိုင်မည်။

မာတင်လို ရုပ်မချောတာ အကြောင်းလား။ သူ့ကို တံ့ပြန်ကြည်ဖြူမည်၊ သူ့သမီးကလေးကို ဂရုတစိုက် ပြုစုမည်။ မိမိကို လက်ထပ်ခြင်းအတွက် တစ်သက်လုံးနောင်တမရစေအောင် စိုင်းရပ်စ်ကို မယားဝတ်ကျေမည်။

နောက်တစ်နေ့ ညစာစားပြီး နှစ်ယောက်သား ပန်းခြံထဲသို့ ဆင်းခဲ့





ကြသည်။ လင်ဒါကလေးက တယ်လီဗေးရှင်းကြည့်ပြီး ကျန်ရစ်သည် စိုင်းရပ်စ်က ဂျင်နီ့လက်ကို ကိုင်ပြီး တတိုင်းမွှေးပင်အောက် မှ ကျောက်သားခင်းတန်းလျားလေးဆီသို့ ခေါ်သွားသည်။

'ဒီနေရာလေးဟာ ကိုယ့်အတွက် ဧဒင်ဥယျာဉ်ပါပဲ ဂျင်နီ၊ စိတ်ကျစရာတွေကြုံတိုင်း ဒီမှာလာထိုင်တယ်၊ ဒီခုံတန်း ကလေးပေါ်ထိုင်မိရင် ပြဿနာတွေ အားလုံးမေ့သွားရော၊ မင်းက လေးလဲ ကိုယ့်အတွက် ဧဒင်ဥယျာဉ်ပါပဲ ဂျင်နီ၊ မင်းအနားမှာဆိုရင် စိတ်မချမ်းသာစရာ ဘာမှမရှိတော့ဘူး၊ ဘဝတစ်လျှောက်လုံး အဲဒီ လို နေသွားခွင့်ရပါ့မလား ဂျင်နီ ညက ကိုယ်ပြောတဲ့ကိစ္စ စဉ်းစားမိသေးလား'

ဂျင်နီက ခေါင်းညိတ်ပြီး

'စဉ်းစားပြီးပါပြီ စိုင်းရပ်စ်၊ ဂျင်နီလက်ထပ်ပါ့မယ်'

'ဩော်. . . ဂျင်နီလေးရယ်'

ပြောပြောဆိုဆို ရင်ခွင်ထဲ ဆွဲယူပြီး ဂျင်နီ့နှုတ်ခမ်းကို အငမ်းမရနမ်းသည်။ ဂျင်နီ အနေရကျပ်သွားသည်။ ကိုယ့်ကိုကိုယ် သတိပေးလိုက်ရ၏။ စိတ်ရှည်ရမည် ဟူ၍။ သူ့ကို အသာတွန်းဖယ်လိုက်ပြီး

'လာ . . . . လင်ဒါကလေးကို သွားပြောကြရအောင်၊ သူသိပ်ပျော်မှာ'

♠ ♠ ♠

ဘီလော့စီတွင် အကြီးကျယ်ဆုံးမင်္ဂလာဆောင်ဖြစ်စေရ မည်ဟု စိုင်းရပ်စ်က ကြုံးဝါးထားသည်။ သူ့အမေလက်ထက်မှ စိန်တွေထုတ်ပြီး လက်ဝတ်ရတနာအမျိုးမျိုးလုပ်ပေးသည်။

သတို့သမီးဝတ်စုံကို နယူးအော်လီယန်းမှ နာမည်ကျော် အပ်ချုပ်ဆိုင်ကြီးတစ်ဆိုင်တွင် ချုပ်စေသည်။ အိမ်ကြီးကို ခြောက်ပတ်လုံးလုံး ပြုပြင်မွမ်းမံသည်။ အမေရိကန်တောင်ပိုင်း၏ စံချိန်မီ အိမ်ကြီးပုံ ပြန်ပေါ်လာသည်။

လက်ထပ်ပွဲကို အိမ်ထဲတွင် ကျင်းပပြီး ဧည့်ခံပွဲကို ဥယျာဉ် ထဲတွင် လုပ်ဖို့ စီစဉ်သည်။ ဖိတ်ကြားဖို့ လူဦးရေစာရင်းကောက်ကြသည်။ ဂျင်နီက



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် ဖိတ်စရာ တစ်ယောက်မှမရှိကြောင်းပြောတော့ စိုင်းရပ်စ် မျက်လုံးပြူးသွားသည်။

သို့သော် သည့်ကိစ္စကို ဘာမျှဆက်မမေးဘဲ ကြီးကျယ် ခမ်းနားလှသော မင်္ဂလာဆောင်အစီအစဉ်များနှင့် အလုပ်ရှုပ်နေ၏။ လက်ထပ်ဖို့ ရက်နီးလာလေလေ ဂျင်နီ စိတ်ခြောက်ချားလာလေလေဖြစ်၏။ ခြောက် အိပ်မက်တွေ မက်ပြီး လန့်နိုးလာလျှင် တုန်နေတတ်၏။ အိပ်မက်ဆိုးများထဲတွင် အစ်ကိုနှင့် ပြန်တွေ့သေးသည်။ ဆုံး ဖြတ်ချက် မှန်ပါ့မလားဟူသည့် သံသယဖြင့်လန့်နိုးလာလျှင် မျက်စိကြောင်နေပြီး ဆက်အိပ်မရတော့။

ဤသို့ဖြင့် မင်္ဂလာဆောင်ရက်သို့ ရောက်လာခဲ့သည်။ အိပ် မက်ထဲမှာ လမ်းလျှောက်နေရသလိုပါပဲ။ သူ့လက်ကို ကိုင်ပြီး ဧည့်သည်တွေကို လိုက်နှုတ်ဆက်နေရသည်။ ကိုယ့်အသံကို မကြားတစ်ချက် ကြားတစ်ချက်။

ညပိုင်း မင်္ဂလာဧည့်ခံပွဲပြီးသည်နှင့် ကြောက်သည်ထက်ကြောက်လာ၏။ အားလုံးသိမ်းဆည်းရှင်းလင်းပြီးပြီ။ လင်ဒါမေကလေးလည်း အပေါ်ထပ် ရောက်သွားပြီ။

ခြောက်အိပ်မက်များထက် ကြောက်မက်ဖွယ်ကောင်းသည့် မင်္ဂလာဦးည။ အရက်များသွားလို့လား၊ စိတ်လှုပ်ရှားနေလို့လားမသိ။ စိုင်းရပ်စ်တစ်ယောက် သတို့သမီးအား မင်္ဂလာညမြောက်အောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ဂျင်နီက စိတ်မကောင်း မဖြစ်ဖို့နှင့် ရှေ့တွင်ညပေါင်းများစွာရှိနေသေးကြောင်း ပြောပြီး လင်တော်မောင်ကို နှစ်သိမ့်သည်။ သို့သော် စိုင်းရပ်စ်က မယုံနိုင်လောက်အောင် အကြမ်းဖက်လာသည်။ ဂျင်နီ အိပ်ရာပေါ်မှ ဆင်းပြေးဖို့ ကြိုးစားရသည်အထိ သောင်း ကျန်းလာသည်။ သို့သော် သူက အလျှော့မပေးဘဲ လက်ကောက်ဝတ်ကိုကြမ်းတမ်းစွာ ဆွဲဖမ်းထားလိုက်သည်။

အိပ်ရာပေါ်ပြန်လဲကျသွားသည်။ မျက်စိကို တအားမှိတ်ထားလိုက်၏။

နောက်တစ်နေ့ မနက်စာဝိုင်းတွင် သူက ထုံးစံအတိုင်း ယဉ်ကျေးမြဲ၊ ကြင်နာမြဲ။ ညက ဘာမှ မဖြစ်ခဲ့သည့် အတိုင်း။

♠ ♠ ♠



သူတို့ အိမ်ထောင်ရေးမှာ သည်သံသရာအတိုင်း လည်နေ၏၊ နေ့ဘက်တွင် စိုင်းရပ်စ်သည် အမေရိကန်တောင်ပိုင်းသား လူကြီးလူကောင်းတစ်ယောက်။ အလွန်သိမ်မွေ့၏။ အလွန်ချစ်စရာကောင်း၏။ ညပိုင်းတွင်ကား နေ့နှင့်ပြောင်းပြန်။ အရက်ကို အလွန် အကျွံသောက်၏။ မူးပြီဆိုလျှင် သူ့ချွတ်ယွင်းချက်ကို ဖုံးကွယ်သည့်အနေဖြင့် တစ်စုံတစ်ယောက်ကို အပြစ်ရှာ၏၊

အထူးသဖြင့် အိပ်ခန်းထဲတွင် ပိုဆိုးသည်။ သူ့သမီးကလေးကိုပင် ချမ်းသာမပေး။ ထိုအခါမျိုးတွင် ဒုက္ခိတသမီးကလေးအပေါ် ကြင်နာသည့် ပုံစံမျိုး လုံးဝရှာမတွေ့တော့။

တစ်နေ့မနက်တွင် ပေါင်မှ အညိုအမည်းဒဏ်ရာများကို ငုံ့ကြည့်နေရင်း လင်ဒါကလေး၏ မျက်နှာပေါ်မှ အရာများကို သွားသတိရသည်၊ ကျောထဲစိမ့်သွား၏။

အခြေအနေမှာ ထူးခြားကောင်းမွန်လာဖို့ မရှိတော့ပြားလည်း ဂျင်နီသည် ဘဏ်ဥက္ကဋ္ဌကြီးကတော်အဖြစ် ဆက်လက်သရုပ်ဆောင်နေရသည်။ လက်ထပ်ပြီးကတည်းက အလုပ်မှ ထွက်လိုက်ရသည်။

အိမ်ထောင်မှုကိစ္စများဆောင်ရွက်ရန်နှင့် လင်ဒါကလေးကို ပိုပြီးအနီးကပ်စောင့်ရှောက်နိုင်ရန် အလုပ်မှထွက်ခဲ့သော်လည်း လင်ဒါအတွက်ရော မိမိကိုယ်တိုင်အတွက်ပါ မကာကွယ်နိုင်သည့်ဘဝသို့ ရောက်ခဲ့ရသည်၊

အိပ်ခန်းသည် ငရဲခန်းဖြစ်နေပေပြီ။ ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစား၏။ လင်ဒါကလေးကို သံယောဇဉ်တွယ်နေသည့်အတွက် အဝတ်သေတ္တာပြင်ပြီးမှ အစီအစဉ်ပျက်ရသည့် အကြိမ်ပေါင်းမနည်းတော့ပြီ၊

မိမိကို တစ်ကမ္ဘာလို ထင်နေသည့်သည်ရောဂါသည်မလေးကို ဘယ်လိုထားရစ်ခဲ့နိုင်ပါမည်လဲ။ နောက်တစ်ခုက သည်ကနေဘယ်ကိုသွားမလဲ

အခြေအနေကို အကဲခတ်မိပုံရသည့် စိုင်းရပ်စ်က ငွေကို များများပေးမထား။ အိမ်သုံးအတွက် လောက်ရုံမျှသာ ပေးထား၏၊ သည်တော့ ထွက်ပြေးဖို့ ကြိုးစားမည့်အစား စိတ်ကို လျှော့ထားလိုက်တော့၏။ မှုန်မှိုင်းသော မခြယ်ဖြစ်သည်မှာကြာပြီ။ ဆံပင်ကို ရက်ပေါင်းများစွာ မဖြီးမိ၊ အိပ်ရာထဲတွင် လဲလှလှအချိန်။

သို့သော် တကယ်လဲသူက စိုင်းရပ်စ်။ အလုပ်လုပ်နေရင်းနှလုံးသွေးကြောပြတ်ကာ ဆေးရုံကားနှင့် အိမ်ပြန်ခေါ်လာသည်။ အိမ်တွင်



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်တိတိ သူ့အသက်ကိုလုကြသည်။ အထူးကုဆရာဝန်ကြီးတွေ အလှည့်ကျစောင့်လျက်၊ နှလုံးရောဂါဖြင့်ဆိုင်သည့် စက်မျိုးစုံဖြင့်။

စတုတ္ထမြောက်နေ့တွင် ဆရာဝန်ကြီးတွေ လက်လျှော့လိုက်ကြ၏။

အသုဘကို တစ်မြို့လုံး လိုက်ပို့ကြသည်။ လင်ဒါကလေးကို လက်တွဲရင်း ကျောက်ရုပ်မျက်နှာဖြင့် ဂျင်နီအသုဘပို့သည်။ သည်အသုဘတွင် ငိုကြွေးသူဟူ၍ လင်ဒါကလေး တစ်ယောက်သာရှိ၏။

အသုဘရက်လည်ပြီးသည်နှင့် စိုင်းရပ်စ်၏ ရှေ့နေကြီး ဂျင်နီ့ဆီရောက်လာပြီး သေတမ်းစာကို ဖတ်ပြသည်။ ဂျင်နီသည် နေ့ချင်းညချင်း သန်းကြွယ်သူဌေးမလေးဖြစ်သွားပြီ။ သို့သော် စိုင်းရပ်စ်က နှောင်ကြိုးကလေးများ တည်းပေးသွား၏။ သူပိုင်သမျှ ပစ္စည်းတွေအားလုံး ပိုင်ဆိုင်ခွင့်ရရန် ဂျင်နီက အချက်နှစ်ချက် လိုက်လျောရမည်။

ပထမအချက်မှာ လင်ဒါလေးကို ဆက်လက်စောင့်ရှောက်ရန်ဖြစ်ပြီး ဒုတိယအချက်မှ သည်အိမ်ကြီးကနေ ဘယ်ကိုမှ ပြောင်းမသွားရန်ဖြစ်၏။ သည်နှစ်ချက်ကို မလိုက်လျောလျှင်တော့ ဂျင်နီ့အတွက် ရစရာ တစ်ပြားတစ်ချပ်မှ မရှိပေ။

လောလောဆယ် ဂျင်နီ့ရင်ထဲမှ အပြင်းပြဆုံးဆန္ဒမှာ ဘီဗလာ့စ်က ထွက်သွားပြီး ငရဲလိုပူလောင်လှသည့် ဘဝတစ်ကဏ္ဍကို မေ့ပစ်ဖို့ဖြစ်၏။ ဖြစ်နိုင်မည်ဆိုလျှင် သည်စည်းစိမ်ဥစ္စာတွေ အားလုံးကို စွန့်ပစ်ခဲ့ချင်သည်။ ထုံးစံအတိုင်း ဘဝကို အသစ်တစ်ဖန်ပြန်စမည်။ သို့သော် လွယ်ပါမည်လား။ ချီကာဂိုတွင် ရေတိမ်နစ်ခဲ့သည့် အဖြစ်ကို မြင်ယောင်လာပြန်သည်။

မျက်နှာထားတည်တည်နှင့် ရှေ့နေကြီးအား 'ကျွန်မ စဉ်းစားပါဦးမယ်၊ တစ်ရက်နှစ်ရက်အတွင်း အကြောင်းပြန်ပါ့မယ်'ဟု ပြောလိုက်သည်။

နောက်တစ်နေ့တွင် သေတမ်းစာပါ အချက်အလက်များကိုလက်ခံကြောင်း အကြောင်းပြန်လိုက်သည်။

♠ ♠ ♠

ဖြစ်သမျှအကြောင်းပဲဟု သဘောထားကာ ဘဝကို အကောင်းဆုံး ဖြစ်အောင် ဖန်တီးသည်။ လင်ဒါကလေးကို ဆေးဝါးအင်အား စိတ်ဓာတ်





အင်အားဖြင့် ပို၍ကိုယ်ဖိရင်ဖိပြုစုသည်။

သို့သော် ကြာလာတော့ အနှစ်မဲ့ဘဝကို ငြီးငွေ့လာသည်။ ဘာမှ စိတ်ဝင်စားစရာ များများစားစားမရှိသော တောင်ပိုင်းမြို့ကလေးတွင် စိတ်ဓာတ်ကျစ ပြုလာသည်။ ဥစ္စာပစ္စည်းနှင့် ငွေကြေးအတွက် ဘဝကို အပေါင်ထားခဲ့မိခြင်းကို နောင်တရစ ပြုလာသည်။

ဆရာဝန်တွေ ဆရာမတွေကို ငွေနဲ့ပေါက်ပြီး ငှားမယ်၊ လင်ဒါမေကို အပ်ခဲ့မယ်ဆိုပြီး လစ်ပြေးဖို့ စိတ်ကူးပြန်သည်။ သို့သော် ရေရှည်အတွက် စဉ်းစားမိပြန်သောအခါ ငွေတွေကို မစွန့်နိုင်ပြန်။

ဤသို့ဖြင့် ၁၂ နှစ်ကျော်ကျော် လင်အပေါ် သစ္စာရှိသည့် မုဆိုးမ၊ လင်ပါသမီးကလေးအပေါ် မိခင်ရင်းလို ပြုစုစောင့်ရှောက်သည့် မိထွေး၊ လူမှုရေးအဖွဲ့အစည်းများစွာ၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် သိက္ခာရှိရှိ ဘဝခရီးကို ဆက်လျှောက်ဖြစ်ခဲ့သည်။

နေ့တွေ မြန်မြန်ကုန်လွန်ပါစေဟု ဆုတောင်းရင်း တစ်နေ့တွင် လင်ဒါ အကြီးအကျယ်ဖျားတော့သည်။ ဆရာဝန်က ဆေးရုံတင်ခိုင်းသည်။ အထူးကုဆရာဝန်ကြီးများ ကြပ်မတ်ကုသမှုအောက်တွင် လင်ဒါကလေး သေဆုံးသွားခဲ့လေသည်။

ထိုနေ့မှာ ဂျင်နီ အသက်သုံးဆယ့်နှစ်နှစ်ပြည့်ဖို့ တစ်ပတ်အလို ဖြစ်၏။ အသုဘကို အကျဉ်းရုံးပြီး စီစဉ်လိုက်ကြသည်။ မဟော်ဂနီရောင် အခေါင်းကလေး မြေသို့အချတွင် ဂျင်နီ မျက်ရည်ကျသည်။

နှစ်ပေါင်းများစွာအတွင်း ပထမဆုံးခံစားရသည့် ကြေကွဲခြင်း၊ သည်ကလေးမကြောင့် ဘီလော့စ်တွင် ခြေချုပ်မိနေခဲ့ခြင်း ဖြစ်သော်လည်း သံယောဇဉ်ဖြစ်နေပြီ။

စင်စစ် သူကလေးလည်း မိမိလိုပင် ဘဝ၏ အကျဉ်းသားပင် မဟုတ်ပါလား။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

နောက်ဆုံးတွင်တော့ ဂျင်နီသည် အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်ခဲ့လေသည်။ သေတမ်းစာတွင် လင်ဒါမေ သေဆုံးသွားလျှင် ပစ္စည်းအားလုံးပိုင်ဆိုင်ခွင့်နှင့် လွတ်လပ်စွာနေထိုင်ခွင့်ရှိကြောင်း ရေးထားသည်။

နှစ်ပေါင်းများစွာ တောင့်တောင့်တတရှိခဲ့သည့် လွတ်လပ်မှုကို ဂျင်နီရပြီ။ အခြေအနေပေးမယ့်ပေးတော့လည်း ဘာဆက်လုပ်ရမှန်း မသိအောင်ပင်။ ပိုက်ဆံတွေကလည်း ဘယ်လိုသုံးသုံး ဘယ်လောက်သုံးသုံး ကုန်နိုင်စရာ မရှိ။

တံတားအောက်တွင် ရေတွေအများကြီး စီးဆင်းသွားကြပြီကော။ နုနယ်ပျိုမြစ်ခြင်းတို့သည် ဘိလော့စီတွင် အလဟဿ ကုန်ဆုံးခဲ့လေပြီ။

အပြောင်းအလဲရလို၍ ခရီးရှည်ကြီးတွေ ဆက်တိုက်ထွက်ပစ်သည်။ ဥရောပတစ်ခွင်နှံ့နေပြီ။ အရှေ့အလယ်ပိုင်းတွင် ဂျင်နီ မရောက်သည့်နိုင်ငံ မရှိသလောက်ပင်။ အာရှတိုက်ကိုလည်း ခြေဆန့်ပြီးပြီ။

အတိတ်ကာလကို ခြေရာဖျောက်ပြီး ထွက်ပြေးတိမ်းရှောင်



နေသည့်အလား။ သို့သော် ပြေးလို့မလွတ်သည့် အခါတွေ ရှိသည်။

နယူးယောက်ကို ရောက်လျှင် အတိတ်သည် ပစ္စုပ္ပန်ဖြစ် လာစမြဲ သူ့ကို သတိရ တမ်းတမြဲ။ ဟိုအဝေးအတိတ်ဆီက ဂျင်နီ ဆိုသည့် ပြစ်မျိုးမဲ့ မထင် ကောင်မလေးကို ပြန်လည်မြင်ယောင်မြဲ။ သို့သော် နယူးယောက်တွင် တစ်စုံတစ်ယောက်က သူ့ကို ချဉ်းကပ်လျှင် ဘာမှအကျိုးရှိမည် မဟုတ်ပေ။ နယူးယောက်ခံစားချက်နှင့် ပတ်သက်၍ တည်ဆောက်ထားသည့် မဟာရံတံတိုင်းကို ဘယ်သူမှ မဖြိုဖျက်နိုင်ဟု ဂျင်နီယုံကြည်ထားသည်လေ။

ဆန်ဖရန်စစ္စကို ဟိုတယ်ကြီးတစ်ခု၏ လသာဆောင်တွင် ရပ်ပြီး ဂျင်နီ ငိုင်နေသည်။ စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေ၏။ ဘာဖြစ်လို့များ သူနဲ့တွေ့ဖို့ အခွင့်အရေး ပေးမိပါလိမ့်။ အစ်ကိုနှင့် ပြန်တွေ့ရခြင်းကြောင့် လောကကြီး သိမ့်သိမ့်တုန်သွားသလို ခံစား လိုက်ရ၏။ သူ့ကို ဘယ်လောက် ချစ်ခဲ့ကြောင်းကိုလည်း ပို၍ နားလည်လိုက်၏။ ကိုယ့်ကိုကိုယ်လည်း ဒေါပွနေမိသည်။ ဘာပြုလို့ သူ့ကို ခုထိ မမုန်းနိုင်ရတာလဲ. . .။

တယ်လီဖုန်းသံကြားတော့ အတွေးမှ လန့်နိုးလာ၏။ သူ ဆက်တာပဲ ဖြစ်ရမည်ဟု စိတ်ထဲက သိနေ၏။ ကောက်ကိုင်ပြီး ထူးလိုက်သည်။

'ဂျင်နီလား. . အစ်ကိုပါ ဂျင်နီ၊ မင်းနဲ့တွေ့မှဖြစ်မယ်ဂျင်နီ'

'ဘာကိစ္စပါလိမ့်'

'ဘာကိစ္စရမှာလဲ၊ မင်းကို ဒီအတိုင်း ကိုယ်ပြန်မလွှတ်နိုင်ဘူးဂျင်နီ'

'ခု အစ်ကို ဘယ်မှာလဲ'

'အောက်ထပ်မှာပဲ'

ဂျင်နီ ခဏတွေနေသည်။ ရှင်းလင်းထားသည့် အခန်းကို တစ်ချက်ဝေ့ကြည့်ပြီး

'ကောင်းပြီလေ၊ အစ်ကို တက်ခဲ့ပါလား'

မာတင် ဆယ်ထပ်ကို ဓာတ်လှေကားဖြင့် တက်သွားသည်။ ဂျင်နီက အခန်းဝမှ စောင့်နေသည်။ အခန်းထဲဝင်ပြီး ရောက်မဆိုက် မာတင်က

'ကိုယ် မင်းနဲ့ထပ်တွေ့မှ ဖြစ်မှာမို့ပါ ဂျင်နီ'

'ဘာအတွက်လဲ အစ်ကို၊ အစ်ကို ဆန်ဖရန်စစ္စကိုကို ပြေးသွားတုန်းက ဂျင်နီ့ကို တစ်ခါတည်း ထားခဲ့တာ မဟုတ်လား၊ ဒါမှမဟုတ် ကြိုးရှည်ရှည်နဲ့ လှန်ခဲ့တာလား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတုန်းက ကိုယ်သိပ်မှားခဲ့ပါတယ် ဂျင်နီ၊ ကိုယ့်မှာ ပြောစရာတွေ ရင်နဲ့မဆန့်အောင် ဖြစ်နေပြီ'

ဂျင်နီ မျက်လွှာချသည်။ ပြီးမှ သူ့ကို တည့်တည့်ကြည့်သည်။ ရင်ထဲမှ လှိုင်းပုတ်သံက ကိုယ့်ကိုကိုယ် ပြန်ခြောက်လှန့်နေ၏။ သူသာ လက်ဆန့်လိုက်လျှင် သူ့ရင်ခွင်ထဲကို ပြိုကျမည့်ဆဲဆဲ ဖြစ်နေသေးကြောင်း ကိုယ့်ဘာသာ သိနေ၏။ ဩော်. . . ဒါလောက် နှစ်တွေကြာတာတောင်မှ သူ လွှမ်းမိုးနိုင်ဆဲပါကလား. . . . ဟန် ကိုယ့်ဖို့ဆိုပြီး စိတ်ထိန်းကာ

'ဂျင်နီ နည်းနည်းသောက်လိုက်ဦးမယ် အစ်ကိုကော'

'ဟင့်အင်း. . . နေပေစေ'

ခပ်ရှင်ရှင် လေသံဖြင့် ဂျင်နီက

'ဟင် . . . ဘာပြုလို့လဲ၊ မိတ်ဆွေတွေ ပြန်ဆုံပွဲပဲ၊ အစ်ကို ဝီစကီနဲ့ ဆိုဒါ သိပ်ကြိုက်တာ ဂျင်နီ မမေ့သေးပါဘူး'

သည်တော့မှ သူခေါင်းညိတ်သည်။

'ဂျင်နီထင်တာပြောရရင်တော့ အစ်ကိုဟာ မဖြစ်နိုင်တာကို ဇွတ်တောင့်တနေသလိုပဲ၊ ဟိုတုန်းကမှ မဖြစ်နိုင်ခဲ့တာပဲ၊ ဒါ တောင် ဟိုတုန်းက ဂျင်နီ့ပြိုင်ဖက်က အစ်ကို့အမေတစ်ယောက် တည်းရယ်၊ ခုဟာက အစ်ကို့မှာ မိန်းမနဲ့ ကလေးတွေပါ ရှိနေပြီလေ၊ ပြီးတော့ ဂျင်နီလဲ အရွယ်ရလာပြီ ကိုယ်နာမယ့် ကိစ္စမျိုးတွေကို ရှောင်တတ်တိမ်းတတ်တဲ့ အရွယ်ကိုရောက်နေပြီ'

ဖန်ခွက်ချပြီး မာတင်က ဂျင်နီ့ကို လှမ်းဖက်သည်။ ပြီးတော့ လိုက်လိုက်လှဲလှဲ တောင်းပန်သည်။

'ကိုယ်ပြောတာ နားထောင်ပါဦး ဂျင်နီရယ်'

ဂျင်နီ သူ့ရင်ခွင်ထဲမှ အတင်းရုန်းထွက်သည်။

'တစ်ခါတုန်းက အစ်ကိုပြောတာ နားထောင်ခဲ့လို့ ဘဝ ပျက်ခဲ့ရဖူးပြီ၊ တော်ပါတော့ ရှင်ရယ် . . . သွားပါတော့'

'မင်းကို ကိုယ်ချစ်တယ် ဂျင်နီ၊ မင်းကို ချစ်သလို ဘယ်သူ့ကိုမှ ကိုယ်မချစ်ခဲ့ဘူး'

'ဝမ်းနည်းပါတယ် အစ်ကို၊ ဒီတစ်ခါ ဂျင်နီ အနာမခံတော့ဘူး၊ တစ်ခါတုန်းက မီးငှက်နဲ့ ကစားခဲ့ဖူးတယ်၊ ဒီအမှားမျိုး ဘဝမှာ နောက်တစ်ခါ





မမှားစေရတော့ဘူး၊ ဂျင်နီ သွားပါရစေတော့ အစ်ကို'

'မသွားရဘူး၊ ပြောစရာတွေ ရှိသေးတယ်'

'ဘာအကြောင်းထူးတော့မှာလဲ အစ်ကို၊ ပြဿနာတွေ ရှုပ်မလာခင် ခွဲသွားကြတာ အကောင်းဆုံးပဲလေ'

'ကိုယ် ဘာဦးတည်နေတယ်လို့ မင်းထင်သလဲ ဂျင်နီ'

'သမိုင်းဘီးဟာလည်နေတာပဲ မဟုတ်လား'

'ကိုယ် မင်းကို ချစ်တယ်ဂျင်နီ၊ ဒါကလွဲပြီး ကိုယ်ဘာမှ မသိဘူး'

'အစ်ကို ဂျင်နီ့အကြောင်း ဘာမှလဲ မသိသေးဘဲနဲ့'

'ကဲ. . . ဒါဖြင့် ပြောလေ'

'အရှည်ကြီး ပြောရမှာ၊ ၂၅ နှစ်စာလေ၊ ဘယ်လောက်နာခဲ့တယ် အောက်မေ့လဲ၊ ဒါမျိုး နောက်ထပ် အဖြစ်မခံတော့ဘူးလေ'

'ဒုက္ခပါပဲ၊ ကိုယ်လဲ ဒဏ်ခတ်ခံရတာပဲ ဆိုတာ မင်း မသိဘူးလား မင်းကို ထိခိုက်နစ်နာစေလိုတဲ့ ဆန္ဒ ကိုယ့်မှာ ဘယ်တုန်းက မှ မရှိခဲ့ပါဘူး ဂျင်နီရယ်'

'ဒါပေမယ့် မရှုမလှ ခံခဲ့ရပြီလေ'

'ကိုယ်နားလည်ပါတယ် ဂျင်နီရယ်၊ အဲဒီအတွက် တစ်လျှောက်လုံး ယူကျုံးမရနဲ့ စိတ်ဆင်းရဲခဲ့ရပါတယ်ကွယ်၊ အဲဒီနှစ်တွေအတွက် ကိုယ် ပြန်ပြီး အလျော်ပေးပါရစေနော်'

'အစ်ကိုက ဘယ်လိုအလျော်ပေးမှာလဲ၊ တယ်လီဖုန်းခေါ်သံကို စောင့်နားထောင်ရမယ့် အငယ်အနှောင်းဘဝကို ဂျင်နီအရောက် မခံနိုင်ဘူး အစ်ကို၊ အချိန်ပိုင်း အသုံးတော်ခံမိန်းမ အဖြစ်မခံနိုင်ဘူး လေ၊ အစ်ကို့မှာ မိန်းမရှိနေသရွေ့ ဂျင်နီနဲ့ လာမပတ်သက်ပါနဲ့'

မာတင်ကဆွံ့အွေ့လိုက်ပြန်သည်။ သည်တစ်ကြိမ် ဂျင်နီမရုန်းတော့။

'နေ့ခင်းက မင်းနဲ့ခွဲခဲ့ပြီး ကိုယ်တစ်ချိန်လုံး စဉ်းစားတယ်၊ ဘဝကို ပြန်ကြည့်တယ်၊ လိုချင်တာ နှစ်ခုစလုံး တစ်ပြိုင်တည်း မရနိုင်မှန်း ကိုယ်သိပါတယ်၊ ကိုယ်တို့ အိမ်ထောင်ရေးဘဝဟာ စိုစိုပြည်ပြည်ပါပဲ၊ ဆီဇီယာဟာ ဒါထက်ပိုတဲ့ ဆုလာဘ်မျိုးကိုတောင် ရဖို့သင့်တဲ့ မိန်းမပါ'

'ဒါပေမယ့် မင်းကို ချစ်သလို သူ့ကို ချစ်လို့မရခဲ့တာ အမှန်ပါ၊ ကိုယ်ခုနားလည်ပါပြီ၊ မင်းကို လိုချင်ရင် သူနဲ့ကွာရှင်းရ တော့မယ် ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ၂၅ နှစ်လုံးလုံး ပေါင်းလာတဲ့ မိန်းမတစ် ယောက်ကို ကွာရှင်းဖို့ဆိုတာ လွယ်တော့ မလွယ်ဘူး ဂျင်နီ၊ တော် တော် ရက်စက်ရမယ့် အလုပ်မျိုးပဲ၊ ဒါပေမယ့် မင်းကိုလဲ ကိုယ်ဒီတစ် ခါ အလွှတ်မခံနိုင်တော့ဘူး၊ ဘယ်နည်းနဲ့မှ အပျောက်မခံတော့ဘူး'

သူ့ရင်ခွင်မှ အသာထွက်ပြီး အရက်ထပ်ငှဲ့သည်။

'အင်း. . . မာတင်ရို့သ် ပေါက်ကွဲတဲ့ည ဆိုပါတော့၊ ဟုတ်လား အစ်ကို၊ ခုထိ ဂျင်နီ့ကို လက်ထပ်ပေါင်းသင်းချင်နေသေးတယ်ဆိုတာ ကြားရလို့ ဝမ်းသာပါတယ်၊ ကွာရှင်းတယ်ဆိုတဲ့ ကိစ္စကတော့ ချက်ချင်းပြီးတဲ့ ကိစ္စမျိုး မဟုတ်ဘူး၊ မရေမရာနဲ့ ဘဝကို စောင့်ရတဲ့ ဘဝကိုလဲ ဂျင်နီ သည်းမခံနိုင်တော့ဘူး၊ ဩော်. . . တစ်ခုပြောရဦးမယ်၊ ဂျင်နီ့ကို ဟိုတုန်းကလို မထင်နဲ့နော်၊ ဂျင်နီ သိပ်ပြောင်းလဲနေ ပြီ အစ်ကို၊ ဘဝက နာလွန်းတော့ လောကအမြင်တွေ ပြောင်းလဲကုန်ပြီလေ၊ အနစ်နာခံတာတို့ ကိုယ်ကျိုးစွန့်တာတို့ ဂျင်နီမှာ မရှိတော့ဘူး၊ နောက်တစ်ခုက အစ်ကို့မိန်းမကို အစ်ကို သံယောဇဉ်ကြီးသား ပဲ၊ ဒီတော့ ဂျင်နီ့ ခရီးစဉ်ကို မဖျက်ပါရစေနဲ့တော့ အစ်ကို'

'ဩော် ဒုက္ခပါပဲ ဂျင်နီရယ်၊ အဲဒီလို မလုပ်ပါနဲ့ကွယ်၊ အစ်ကို့ကို အချိန်နည်းနည်းလေး ပေးပါ၊ အစ်ကို ကတိပေးပါတယ်၊ ဆီဗီယာနဲ့ ကိုယ်တိုင်ပြောပါ့မယ်'

'တိုင်ပင်တာနဲ့ ဆုံးဖြတ်တာဟာ တစ်ခုနဲ့တစ်ခု အဝေးကြီးပဲလေ၊ လွန်ခဲ့တဲ့ ၂၅ နှစ်တုန်းကလဲ အစ်ကိုဟာ မိဘတွေနဲ့ တိုင်ပင်ခဲ့တယ်၊ ခုလဲ မိန်းမနဲ့ တိုင်ပင်ဦးမယ်တဲ့၊ တစ်သဘောတည်းပါပဲ၊ ဘာထူးမှာလဲ အစ်ကို'

'ဆီဗီယာ အကြောင်း မင်းမသိသေးဘူး၊ သူဟာ သိပ်ပြည့်ဝတဲ့ မိန်းမတစ်ယောက်ပါ ဂျင်နီ၊ သိပ်ပြီးတော့လဲ နားလည်တတ် စာနာတတ်တဲ့ အမျိုးသမီးပါ'

'ဒုက္ခပါပဲ၊ မိန်းမတွေဟာ ဘယ်လောက်ပြည့်ပြည့်၊ ဘယ်လောက် တော်တော် သူတို့ယောကျ်ား နောက်မိန်းမယူမယ့်ကိစ္စကို ဘယ်တော့မှ နားမလည်ကြပါဘူး အစ်ကိုရယ်'

'ဩော်. . . ဂျင်နီရယ်၊ ကိုယ်ပြောတာ ယုံစမ်းပါကွာ၊ ဆီဗီယာဟာ အဲဒီမိန်းမတွေထဲမှာ မပါဘူး သိလား'





'ဂျင်နီ့ကို ယုံဖို့ ထပ်မပြောပါနဲ့ အစ်ကို၊ ဘာကိုမှ မယုံဘူး၊ ဘယ်သူ့ကိုမှ မယုံဘူး'

မာတင် မျက်မှောင်ကုတ်သွားသည်။

'ထားပါလေ၊ ကိုယ်စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ကိုယ်ကြိုးစားကြည့်ပါရစေဂျင်နီ၊ မင်းမသွားပါနဲ့ဦး၊ အဲဒီအခွင့်အရေးလေး တော့ပေးပါကွာ'

ဂျင်နီ စိတ်ပျက်လက်ပျက်ဖြင့် ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ အပြင်တွင် ဒီဇင်ဘာညသည် ကြည်လင် တောက်ပနေ၏။ ကမ္ဘာကျော် ပင်လယ်ကွေ့ရှုခင်းနှင့် တံတားကြီးကို လှမ်းမြင်နေရသည်။ ခရစ္စမတ်မီးရောင်တို့သည် လင်းလိုက် မှိန်လိုက် ဖြင့်. . .။

သူ ပြောတာတွေကို ယုံဖြစ်လျှင် ဂျင်နီသည် ကမ္ဘာပေါ်တွင် အပျော်ဆုံးမိန်းကလေးဖြစ်တော့မည် မုချ။ သို့သော် ယုံကြည် ခြင်းဟူသည့် ဝေါဟာရသည် သူ့ဘဝအဘိဓာန်တွင် လွန်ခဲ့သည့်နှစ် များစွာကပင် ကွယ်ပျောက်ခဲ့လေပြီ။ အမှန်ကို ဝန်ခံရလျှင် သူ့ရင် ခွင်ထဲကို ပြေးဝင်ပြီး အနမ်းမိုးတွေ ရွာချပေးနေချင်ပြီ။

သူ့မိန်းမဘက်က ခဏဝင်စဉ်းစားကြည့်လိုက်သည်။ သိပ် တော့ ထိခိုက်စရာမရှိဟု ထင်သည်။ နှစ်ပေါင်းများစွာ မိမိချစ်သူကို သူပိုင်ဆိုင်ခဲ့ရပြီပဲ။ ပြီးတော့ သား သမီးတွေ ထွန်းကားပြီး အိုးနဲ့ အိမ်နဲ့ အတည်တကျ ဘဝတစ်ခုကို ပိုင်ဆိုင်နေပြီပဲ။

ဆီဗီယာအတွက် မိမိတွင် တာဝန်မရှိနိုင်။ ပြီးတော့ အစ်ကိုနဲ့ ပြန်တွေ့တာဟာ ကံအားလျော်စွာ တွေ့ခြင်းပဲ။ ဘယ်သူမှ ဖန်တီးခြင်း မဟုတ်။

ဂျင်နီ ဆုံးဖြတ်လိုက်သည်။ အစ်ကို စောင့်စေချင်လျှင် စောင့်မည်၊ တန်ရာတန်ကြေးတော့ မိမိလည်း ရသင့်သည်ဟု မြင်လာသည်၊ ထွက်သွားနိုင်သည့် အင်အားကလည်း နည်းသည်ထက် နည်းလာပြီလေ။

သူ့ကို စိုက်ကြည့်နေလိုက်၏။ အတန်ကြာမှ သူ့လက် မောင်းကို ဆုပ်လိုက်သည်။ သူ့အဖေဆုံးပြီးတော့ မိမိအား ကျောခိုင်းသွားသည့် ကာလကို သွားသတိရသည်။ အသည်းတွေ တစ်စစီ ကြွေခဲ့ရသည့် ကာလသကျောထဲ စိမ့်သွားသည်။ ကိုယ့်ကိုကိုယ် သတိပေးလိုက်၏။

ဖြည်းဖြည်း ဂျင်နီ၊ သေသေချာချာ စဉ်းစားနော်။

www.burmeseclassic.com

www.burmeseclassic.com



မာတင်က ပြုံးပြီး 'မင်း မသွားတော့ပါဘူးဆိုမှ ကိုယ် သောက်မယ်'

ဂျင်နီ သူ့ကိုတည့်တည့်ကြည့်လိုက်သည်၊ ဆုံးဖြတ်ချက်ချလိုက်၏။

'ခရီးထွက်မှာက သိပ်မကြာပါဘူး၊ အစ်ကိုလဲ ဆိုဖီယာနဲ့ ဆွေးနွေးဖို့ အချိန်ရတာပေါ့'

မာတင်က အချစ်ဟောင်းကို တင်းတင်းဖက်ပြီး တိုးတိုးက လေး ပြောသည်။

'သိပ်ချစ်တယ် ဂျင်နီရယ်'

လက်တစ်ဖက်ဖြင့် မီးခလုတ်ကို လှမ်းပိတ်လိုက်သည်။ အချစ်ဟောင်းတို့ ပြန်ပြောင်းသစ်လွင်ကြလေ၏။ လှိုင်းထနေသည့် အသံဖြင့် စိတ်လှုပ်ရှားစွာ မာတင်ပြောသည်။

'ဪ. . . ဂျင်နီရယ်၊ အစ်ကိုလေ. . နှစ်အစိတ်လောက် ပြန်ငယ်သွားသလိုပဲကွယ်၊ မင်းပြန်လာရင် တို့တစ်ခါတည်း ထွက်သွားကြစို့နော်'

ဂျင်နီ ခေါင်းညိတ်လိုက်သည်။

'ဝမ်းသာလိုက်တာ ဂျင်နီလေးရယ်၊ ဗီဟာလီတောင်ကုန်း ဟိုတယ်မှ ကိုယ် အခန်းကြိုငှား ထားမယ်နော်၊ ပြီးတော့ မင်း ဟောင်ကောင်ရောက်ရင် ကိုယ်ဖုန်းလှမ်းဆက်မယ်နော် သိလား'

'ဟုတ်ကဲ့ အစ်ကို၊ ဒီတစ်ခါ ဂျင်နီလဲ အစ်ကို့ကို အဆုံးမခံတော့ပါဘူး အစ်ကိုရယ်'

♠ ♠ ♠

ရှို့သ်မိသားစု၏ ခရစ္စမတ်မှာ ပျော်စရာပင်။ ရောမ ခရစ္စမတ်သစ်ပင်ကြီးကို အမျိုးမျိုး အလှဆင်ပြီး မိသားစု ထမင်းစားပွဲ ကျင်းပသည်။ ဂျူလီယန်က သူ့မိန်းမပါ ခေါ်ပြီး အနောက်ဘက် ကမ်းခြေသို့ ရောက်လာသည်။ ဒေမီလည်း တစ်ပတ်ခွင့်ယူပြီးပြန်လာသည်။ ခရစ္စမတ် လွန်တစ်ရက်သည် သူ့မွေးနေ့ မဟုတ်လား။ အားလုံးပျော်တပြုံးပြုံး ဖြစ်နေ ကြ၏။

မာတင် တစ်ယောက်သာ သားသမီး၊ ဇနီးကြင်ယာများနှင့် အတူ မပျော်နိုင်ဘဲ ဟန်ဆောင်ပြုံး ပြုံးနေရသည်။ သူ့ခေါင်းထဲတွင် ကြီးစိုးနေသည်က ဟောင်ကောင်ရောက်နေသည့် ဂျင်နီနှင့် ဘဝပျက်တော့မည်





ဆိုဖီယာဟူသည့် မိန်းမသားနှစ်ဦး။

သီးသန့်တယ်လီဖုန်းဖြင့် ဟောင်ကောင်သို့ မနက်တိုင်းဖုန်းဆက်သည်။ ခရစ္စမတ် ခွန်းချိုစကားများ ဖလှယ်ပြီး သူပြောသည့် ကြေကွဲလွမ်းမောဖွယ်စကားလုံးများကြောင့် မာတင် ရင်ထဲတွင်နင့်နေသည်။

'အစ်ကိုရေ. . လာမယ့်နှစ် ခရစ္စမတ်မှာ အစ်ကိုနဲ့ဂျင်နီတို့ အတူနေရတော့မှာပါနော်၊ ဂျင်နီ အဲဒါပဲတွေးနေတယ်လေ၊ ဒီတစ်ခါ မပျက်နိုင်တော့ပါဘူးနော် အစ်ကို'

သည်စကားလုံးများ ကြားရစ မနက်ပိုင်းတွင် ဆွတ်ပျံ့ကြည်နူးခဲ့ရသော်လည်း ညနေပိုင်းတွင် မာတင် စိတ်ချောက်ချားစ ပြုလာသည်။ ဆိုဖီယာ့ကို မထိခိုက်အောင် ဘယ်လိုလုပ်ရပါမည်လဲ စဉ်းစားလို့မရနိုင်အောင် ဖြစ်နေ၏။ တစ်ခါတုန်းက ဂျင်နီသည် ဆိုဖီ ယာ့အတွက် ဘဝပျက်ခဲ့ရသည်။ ဒါဆို ဆိုဖီယာ သည်တစ်ကြိမ်ခံသင့်သည်ပေါ့။

စင်စစ် ဆိုဖီယာမှာ ပူစရာပင်စရာ ဘာမှမရှိပေ။ အားလုံးပြီးပြည့်စုံနေပြီး ပတ်ဝန်းကျင်၏ ဝေဖန်ပုတ်ခတ်မှုကို ခံရမည်က မိမိကိုယ်တိုင်။ သို့သော် အားလုံးအတွက် အသက်၏ ထက်ဝက်ကျော်မျှ အသက်ရှင်နေခဲ့ပြီးပြီ။ ကိုယ်ကိုယ်တိုင်အတွက် မသေခင် နေခွင့်ရှိဖို့ ကောင်းသည်။

အချိန်သိပ်မကျန်တော့၊ ရတုန်းရခိုက်အခွင့်အရေးကို မသုံးလျှင်သည်လို အခွင့်အရေးမျိုး နောက်ထပ် ရနိုင်တော့မည်မဟုတ်။ သို့သော် တကယ့်တကယ် ဆုံးဖြတ်ချက်ချဖို့ကျတော့ မဖြစ်နိုင်ပြန်၊ ကြာတော့ ဆောက်တည်ရာမရ ဖြစ်လာသည်။ တစ်ညတွင် ဒိုမင်းနစ် ကို လှမ်းခေါ်ရတော့၏။ သူငယ်ချင်းနှစ်ယောက် မတွေ့သည်မှာ ကြာပြီ။

'ဒိုမင်းနစ်. . . တော်သေးတာပေါ့ကွာ၊ မင်းကို တွေ့မှတွေ့ပါ့မလားလို့'

ဒိုမင်းနစ်က ဒုတိယအကြိမ် လက်ထပ်ပြီးပြီ။

'ငါ တည်ငြိမ်နေပါပြီကွ၊ ခုသိပ်အိမ်မြဲနေပြီလေ၊ ဒါလောက်ပျော်စရာကောင်းတဲ့အိမ်ကို ထားပြီး ငါဘာလို့ အပြင်ထွက်မလဲ၊ ကဲ. . ဆို၊ အခြေအနေကောင်းတယ် မဟုတ်လား၊ အကြောင်းထူးလို့ မင်းဖုန်းခေါ်တာလား'

'အခြေအနေမကောင်းဘူး ဒိုမင်းနစ်၊ ဒါတိုင်းလိုပဲပေါ့ကွာ၊ ငါဒုက္ခဖြစ်နေလို့ မင်းကိုခေါ်တာ၊ အရေးဆို မင်းပဲ ငါ့ပြဿနာတွေကို ရှင်း



www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့တာ မဟုတ်လား၊ ခုလဲ မင်း အကူအညီ ငါအများကြီး လိုပြန်ပြီ'

မာတင်က ဖြစ်ကြောင်းကုန်စင်ကို ခပ်လောလော ပြောလိုက်၏။

ဒိုမင်းနစ်၏ တုံ့ပြန်မှုကြောင့် မာတင် အထိတ်တလန့်ဖြစ်သွားသည်။

'အခြေကျနေတဲ့ ဘဝတစ်ခုကို ဒါလောက်မြန်မြန်ကြီး ပြောင်းလို့ ဘယ်ဖြစ်မလဲ မာတင်၊ လိုအပ်ရင် ဂျင်နီနဲ့မင်း နေချင်နေပေါ့၊ ဒါပေမယ့် မင်းတစ်ခု သတိထားနော်၊ ပထမအကြိမ်မှာကတည်းက ဂျင်နီဟာ သိပ် ခေါင်းမာတယ်၊ တောင်းဆိုမှုတွေ သိပ်များ တယ်'

'ဲဟား . . . ဒိုမင်းနစ်၊ မင်းဘယ်လိုဖြစ်သွားတာလဲ၊ ဟိုတုန်းက တော့ မင်းပဲ ငါ့ကို ပြောတယ်၊ သူ့အတွက် ငါတိုက်ပွဲဆင်ရမယ်ဆို၊ ငါမပြတ် သားလို့ သူ့ဘဝပျက်ခဲ့ရတယ်လေ'

'အဲဒါ ဟုတ်တယ်ပဲ ထားပါလေ၊ ခုနေ ပြန်ပေါင်းထုပ်ကြ ရင် မင်းတို့ အလျှင်အတိုင်း ပြန်ဖြစ်လာမယ် ထင်လား'

မာတင်က တစ်စုံတစ်ခု ငြင်းချက်ထုတ်မည် ပြုသည်။ သို့သော် ဒိုမင်းနစ်က ကြားဖြတ်မခံဘဲ

'ဒီမယ် မာတင်၊ ဆီဗီယာကတော့ မိန်းမမြတ်တစ်ယောက်၊ အဲဒီလို မိန်းမတစ်ယောက်ကို တစ်နှစ်လောက်သာ ပူပူနွေးနွေးပျော် ရမယ့် ပျော်ရွှင်မှုမျိုးနဲ့ မင်းလဲမလား၊ ငါလိုကောင်က အဲဒီလိုပြော လို့ မင်းအံ့ဩ နေမလားပဲ၊ ဒါပေမယ့် မိသားစုဆိုတာ လူ့အဖွဲ့အစည်းမှာ ချစ် စရာအကောင်းဆုံး၊ အဆင့်အမြင့်ဆုံးကွ မာတင်၊ ငါပြောတာနား ထောင်ပါ သူငယ်ချင်း၊ မင်း ဂျင်နီနဲ့ပြန်ပြီး ငယ်ဝေဒနာ ထချင် ထပါ၊ ဒါပေမယ့် အိမ်ထောင်တစ်ခုကိုတော့ ဖျက်ဆီးမပစ်ပါနဲ့'

'မင်းပြောတာ ငါသဘောပေါက်ပါတယ် သူငယ်ချင်း၊ လွယ်တော့ မလွယ်ပါဘူး၊ ဒါပေမယ့် တစ်ဘက်ကလဲ ဒါဟာ ငါ့ရဲ့ နောက်ဆုံး အခွင့်အရေးကွ၊ ဒါကို ငါမဆုပ်ကိုင်နိုင်ရင် ငါ့တစ်သက် ပျော်နိုင်တော့မှာ မဟုတ်ဘူး'

'ငါနားလည်ပါတယ် မာတင်၊ ကိုယ်ချင်းလဲ စာပါတယ်၊ ဒါပေမယ့် မင်းကိုယ်မင်း သေသေချာချာမေးပါ၊ မင်းတကယ်လိုချင် တာက ဘာလဲဆို တာလေ'

တယ်လီဖုန်းချလိုက်ပြီး အိပ်ခန်းဆီသို့ မာတင် ခြေဖျား ထောက်ပြီး





ပြန်လာခဲ့သည်။ ရင်ထဲတွင် ကတုန်ကယင်ကြီး ဖြစ်နေ၏။ ဆီဗီယာ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေသည်။

နောက်တစ်နေ့တွင် မာတင်တစ်ယောက် စိတ်ဇောက်ကျနေ ပုံကို ဟန်ဆောင်မထားနိုင်တော့။ ဆီဗီယာက ချစ်လင်ကို ခါတိုင်း ထက်ပို၍ ယုယနေသည်။ သို့သော် ဂျူလီယန်က မေးခွန်းထုတ်လာတော့ ဘာပြန် ပြောရမှန်း မသိအောင် ဖြစ်သွား၏။

'ဖေဖေ ဘာဖြစ်နေတာလဲ မေမေ'

'သား ဘာဆိုလိုတာလဲဟင်၊ ဖေဖေ ဘာဖြစ်နေလို့လဲ'

'မသိချင်ယောင် ဆောင်မနေပါနဲ့ မေမေရာ၊ သား မိန်းမ ယူတာ ကိုများ ကျိတ်ပြီး စိတ်မကောင်းဖြစ်နေလို့လားဟင်'

'အို . . . သားကလဲကွယ်၊ အဓိပ္ပာယ် မရှိတာ'

'ဒါဖြင့် ဘာဖြစ်နေတာလဲ'

'ဒါတော့ မေမေလဲ မသိဘူး၊ အလုပ်တွေ ပိနေလို့ ပင်ပန်း တယ်လို့ တော့ မေမေ့ကို ပြောဖူးတယ်၊ ဒါကြောင့် ဖြစ်မှာပါ သား ရယ်'

အိမ်ထောင်သက်တမ်း ၂၅ နှစ်တစ်လျှောက်တွင် မာတင် အကြိမ်ကြိမ် စိတ်ခါတ်ကျဖူးသည်။ သို့သော် အချိန်တန်လျှင်ပုံမှန် ကို ပြန်ရောက်လာသည်သာ။

သို့သော် သည်တစ်ကြိမ် သူဖြစ်နေပုံက သိသာလွန်းသည်။ ဆီဗီယာက အတတ်နိုင်ဆုံးလင့်အလိုကို လိုက်ပြီး လင့်အကြိုက်ဆောင်ပါ၏။

နှစ်သစ်ကူးမည့် ညတွင်တော့ ဆီဗီယာတစ်ယောက် စိတ်မပူဘဲ မနေနိုင်အောင် ဖြစ်ရတော့သည်။ သူနှင့် တစ်သက်လုံးပေါင်း သင်းခင်မင် ဘာသည့် ဧည့်သည်တွေကို လုံးဝဧည့်မခံဘဲထောင့်တစ်ထောင့်တွင် အငု သားရုပ်နေသည်။

ညဉ့်သန်းခေါင်တွင် နှစ်ကူးမင်္ဂလာခေါင်းလောင်းသံတွေ ပေါ်လာ တော့ ဆီဗီယာက သူ့ဆီ လျှောက်လာပြီး နမ်းသည်။ သူက စက်ရုပ်တစ် ခုလို တုံ့ပြန်သည်။ လင်တော်မောင်၏ ရင်ထဲသို့ ဆီဗီယာ ဝင်မကြည့်နိုင် ခြင်းက ကံကောင်းခြင်းပင်။ စိတ်ကူးထဲတွင် သူနှစ်သစ်ကူးနေသည်က ဂျင်နီနှင့်။ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကာလီဖိုးနီးယားသို့ ဂျင်နီ ပြန်ရောက်လာသည်။ ထိုနေ့ညတွင်ပင် လော့စ်အိန်ဂျယ်လိစ်တွင် တွေ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ချိန်းထားပြီးသား။ အလုပ် ကိစ္စနှင့် အစည်းအဝေးသွားစရာရှိသည်ဟု ဆီဗီယာအား အကြောင်း ပြပြီး ထွက်ခဲ့သည်။ လေယာဉ်ပျံပေါ်သို့ ရောက်တော့ ကိုယ့်ကိုကိုယ် အပြစ်ကျူးလွန်သူလို ထင်လာပြန်၏။

ခုထိ ကွာရှင်းပြတ်စဲရေးကိစ္စကို မဆွေးနွေးဖြစ်သေး။ သည်ကိစ္စ ဘယ်လောက်ကြာကြာအချိန်ဆွဲထားနိုင်မည်လဲ။ သည်တစ်ခေါက် အိမ်ပြန် ရောက်လျှင်တော့ ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။

ဆီဗီယာ့မျက်နှာကို အာရုံမြင်ကွင်းထဲမှ ပျောက်သွားအောင် မျက်စိကို နာနာမှိတ်ထားလိုက်သည်။ ဆီဗီယာ ပျောက်မသွား။ သည်တော့ မှ တကယ်ရှိခဲ့သည့် ရာစုနှစ်၏ လေးပုံတစ်ပုံကို မရှိခဲ့ဖူးသလို ပြုလုပ်၍ မရနိုင်ကြောင်း သိလာ၏။

ဆီဗီယာသည် မိမိဘဝ၏ တစ်စိတ်တစ်ပိုင်းပါလား။ ဘယ်လို လုပ်ပြီး သူ့ကိုမထိခိုက်စေဘဲ ခွာနိုင်ပါမည်လဲ။

သွားခါနီးတွင် 'မောင်ရှိနေမယ့်နေရာကို လှမ်းဆက်လိုက်မယ် နော် ဆီဗီယာ'လို့ ပြောတော့ ယုံကြည်စိတ်ချလွန်းစွာဖြင့် မော်ကြည့်ပြီး 'မောင် အလုပ်တွေပြီးလို့ ဆီဗီယာ့ကို လိုက်လာခဲ့စေချင်ရင် ဖုန်းဆက် လိုက်နော်၊ ဆီဗီယာ ပြေးချလာခဲ့မယ်' တဲ့။

♠ ♠ ♠

လော့စ်အိန်ဂျယ်လိစ်ကိုရောက်ကတည်းက တစ်ခုမှအပေါက် အလမ်းမတည့်။ ဟိုတယ်စာရေးက စာရွက်ကလေးတစ် ရွက် ထုတ်ပြသည်။ ဟာဝိုင်ယီတွင် လေယာဉ်ချိတ်ဆက်မမိလိုက်၍ သည်နေ့ရောက်မလာ နိုင်ကြောင်း ဂျင်နီ ကြိုပို့ထားသည့် တယ်လီဖုန်းသတင်း။

မစ္စတာ မာတင်နှင့် မစ္စက်မာတင် အမည်ဖြင့် အခန်းယူလိုက် သည်။ အကြိုက်ဆုံး ဝိုင်တစ်လုံး လှမ်းမှာလိုက်ပြီး ရေစိမ်ချိုးလိုက်၏။ ရေတာဝချိုးလိုက်တော့ တင်းနေသည့် အာရုံကြောတွေ လျော့ပြေသွားကြ သည်။ သည်တော့မှ ဂျင်နီ့အကြောင်း စဉ်းစား သည်။ ဘယ်လောက်သိမ် မွေ့ပြီး ဘယ်လောက်စွဲမက်စရာကောင်း တဲ့ မိန်းကလေးလဲ။

ဆီဗီယာ့အကြောင်း တွေးမိပြန်၏။ လင့်ဝတ်ကျေတဲ့ ဇနီး၊ သား





သမီးဝတ်ကျေတဲ့ ကလေးတို့အမေ။ ဘယ်လိုမှ ပစ်ရက်စရာ မရှိသည့် ဘဝ အဖော်မွန်။ စီစဉ်ထားသည့်အတိုင်းသာ လုပ်ဖြစ်လျှင် မေမေဘာပြော လေမည်လဲ။ တွေးကြည့်စရာ မလိုပါ၊ တစ်သက်လုံး ခွင့်လွှတ်မည် မဟုတ်။

ရေချိုးကန်ထဲမှ ထွက်လာပြီး ဝတ်ရုံကို ကောက်စွပ်ကာ အတွေး စတွေကို စုစည်းနေစဉ် တံခါးခေါက်သံကြားရသည်။ စောစောက ဝိုင်ပုလင်း လာပို့သည့် ဟိုတယ်လုလင် တစ်ခုခုကျန်ခဲ့၍ ပြန်လာသည် အထင်ဖြင့် တံခါးဖွင့်ပေးလိုက်၏။

အခန်းဝတွင် ဘွားခနဲပေါ်လာသည်က ဂျင်နီ။ နှင်းဆီလွှာ နှုတ် ခမ်းအစုံကို ပြုံးလျက်၊ မျက်လုံးများက အရောင်တဖျပ်ဖျပ်။

'ဟင်.. ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

ဂျင်နီက သူ့ကို ကြည့်ပြီး ရယ်သည်။ ပြီးတော့ သူ့ရင်ခွင်ထဲ ပြေးဝင်လိုက်သည်။ မာတင်က ဆီးကြိုပွေ့ဖက် မွှေယမ်းသည်။ နှစ်ယောက် စလုံး အိပ်ရာပေါ်သို့ လဲပြိုကျသွား၏။

မမောနိုင် မပန်းနိုင်အောင် နမ်းကြသည်။ နှစ်ယောက်စလုံး ၂၈ ကျော် အရွယ်သို့ ပြန်ရောက်သွားကြလေပြီ။ထိုတခဏ်တွင် မာတင်သည် ဆီဗီယာ့အတွက် သောကဖြစ်ခြင်း စိုးစဉ်းမျှ မရှိတော့။

နှစ်ယောက်စလုံး တဝကြီး ချစ်ကြပြီးနောက် နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်သွားကြသည်။ အိပ်ရာမှ နိုးသည်နှင့် မာတင်က ဘာလုပ်ချင်သလဲ၊ ဘယ်သွားချင်သလဲဟု မေးသည်။

'အစ်ကို့သဘော၊ ကြိုက်တဲ့ဆီသွား၊ ကြိုက်တာလုပ်၊ အခန်း အောင်းချင်အောင်း'

'အစ်ကို့သဘော ဆိုရင်တော့ အခန်းအောင်းမှာပေါ့၊ ဒါပေမယ့် ညစာကောင်းကောင်းလေးလဲ စားချင်တယ်လေ'

'အစ်ကို့သဘောပါဆို အစ်ကိုရယ်၊ အစ်ကိုနဲ့အတူတူနေရ ရင် ဂျင်နီပျော်နေတာပါကွယ်'

♠ ♠ ♠

နာမည်ကျော် မာမေဆင် ဟိုတယ်တွင် သွားထားကြသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကောင်းစားလှနှင့် အမျိုးသား အမျိုးသမီးတွေအပြည့်။ အမျိုးသားတွေက ဂျင်နီ့ကို ဝိုင်းငေးကြသည်။ ဂျင်နီ့အလှသည် မညှိုးသေး။

စားသောက်ပြီးတော့ ကကြပြန်သည်။ ဂျင်နီ ခြေထောက်တွေ ခွေကျတော့မလောက် တဝကြီးကကြခြင်း ဖြစ်၏။

'ဂျင်နီ လမ်းမလျှောက်နိုင်ဘဲ ဖြစ်နေဦးမယ် အစ်ကိုရယ်'

ဂျင်နီက ရယ်ရယ်မောမော ပြောသည်။

'ဒါဆို အစ်ကို နောက်တစ်ယောက်နဲ့ ဆက်ကရမလား'

'အစ်ကို တစ်ခြားတစ်ယောက်နဲ့ဆို ဘယ်ပျော်မလဲ၊ ဘယ်သူနဲ့မှ မပျော်နိုင်အောင် ဂျင်နီက အပိုင်စီးထားမှာ'

ပြီးတော့ တိုးတိုးကလေး ကပ်ပြောသည်။

'မနက်ဖြန် ဘယ်မှမထွက်ကြေးနော်၊ တစ်နေ့လုံးအခန်းအောင်းမယ်'

မာတင်က ပျားရည်ဆမ်းထားသည့် မျက်နှာဖြင့် ချစ်သူ့ခါးကို ဖက်ပြီး ကပွဲခန်းမဆောင်ထဲမှ ထွက်ခဲ့သည်။ ဟိုတယ်ပြန် ရောက်တော့ အခန်းထဲတွင် မာတင် ကြိုတင်စီစဉ်ထားသည့်အတိုင်း ရှန်ပိန်ပုလင်းက ရေခဲဘူးထဲတွင် အသင့်။

အဖုံးကို ဖောက်ခနဲဖွင့်ပုံကိုကြည့်ပြီး ရယ်နေရာမှ ဂျင်နီက

'အစ်ကိုရယ် . . . သိပ်ချစ်တယ်ကွယ်၊ အတိတ်မှာ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ဂျင်နီ ဂရုမစိုက်တော့ဘူး၊ ကျန်တဲ့ ဘဝတစ်ပိုင်းကို အစ်ကိုနဲ့ အတူတူနေရရင် ကျေနပ်ပါပြီ'

မာတင်လောက် ပျော်နေသူလောကတွင်ရှိမည်မထင်။ သူ့ဘဝထဲသို့ ဂျင်နီပြန်ဝင်မလာမီကာလသည် လုံးဝမရှိခဲ့လေဟန်။ ရေချိုးခန်းထဲမှ ထွက်လာမည့် ချစ်သူကို အိပ်ရာပေါ်မှ စောင့်နေသည်။

အဖြူရောင် ညဝတ်ရုံကို ဆင်မြန်းပြီး အပြာရောင်ခြေ ညပ်ဖိနပ်ကလေးကို စီးကာ ထွက်လာသည်။ ကျက်သရေ ရှိလှပါကလား။ စိတ်ထဲထင်သည့်အတိုင်း ပြောလိုက်၏။

'ပိုလှနေတယ်'

'ဟုတ်လား၊ စိတ်ထဲမှာ ဒီညလို တစ်ခါမှ မဖြစ်ဖူးဘူး၊ အစ်ကို့ကို တစ်ခုပြောပြမယ်၊ မရယ်ရဘူးနော်'

'ပြောပါဗျာ . . . မရယ်ပါဘူး'





'ဒီဝတ်စုံကို ဝယ်တုန်းကလေ . . . သတို့သမီးတစ်ယောက် ကို လက်ဆောင်ပေးဖို့လို့ အရောင်းစာရေးမလေးကို ပြောဝယ်လာတာ၊ ဒီည ဂျင်နီ့စိတ်ထဲမှာ သတို့သမီးတစ်ယောက်လို ခံစားနေရတယ် အစ်ကို ဘာကယ်မင်္ဂလာဆောင်မယ့်နေ့ထက် ပိုပြီး အမှတ်တရ ဖြစ်မယ့် နေ့ပဲ အစ်ကို၊ အစ်ကို ဒီတစ်ခါ ဂျင်နီ့ကို ပစ်မသွား ပါတော့ပါဘူးနော်၊ နော်. . အစ်ကို'

'ဘယ်တော့မှ မခွဲတော့ပါဘူး အချစ်ရယ်'

မာတင်က တင်းတင်းဖက်ပြီး ပြောလိုက်သည်။ ထိုတခါ တွင်တော့ ရင်ထဲက ပြောလိုက်ခြင်း ဖြစ်၏။ နောက်တစ်နေ့မနက်တွင် နံနက်စာကို အခန်းထဲ မှာစားကြသည်။ စားသောက်ပြီးတော့ မာတင်က အထိတ်တလန့်အမူအရာဖြင့်

'ဟာ. . . ကြည့်စမ်း၊ အိမ်ကို ဖုန်းဆက်ဖို့ ကိုယ်မေ့နေတယ်'

'သွားဆက်လေ၊ ဂျင်နီ နားလည်ပါတယ် အစ်ကိုရယ်'

ဂျင်နီက သဘောထားကြီးစွာပြောပြီး ရေချိုးခန်းထဲဝင်သွားသည်၊ တစ်ဘက်မှ တယ်လီဖုန်းကို ဆီစီယာ ကိုင်သည်။

'ဟဲလို ဆီစီယာ၊ မင်းနေကောင်းရဲ့လားဟင်'

'ကောင်းပါတယ်၊ မောင်ကောအစည်းအဝေးမှာ အဆင်ပြေရဲ့လား'

'မောင်လဲ နေကောင်းပါတယ်၊ မနေ့က မဆက်ဖြစ်တာမောင် တောင်းပန်ပါတယ် ဆီစီယာ'

'ဩော် . . . မောင်ရယ်၊ မောင့်အလုပ်တွေ ဘယ်လောက် အရေးကြီးတယ် ဆိုတာ ဆီစီယာ နားလည်ပါတယ်ကွယ်'

အင်း. . . သိပ်နားလည်တတ်တဲ့ မိန်းမ၊ လင်ကို ယုံကြည်ကိုးစားတတ်တဲ့ မိန်းမပါလား။ ဘာဆက်ပြောရမည်ကို စဉ်းစားရသေးသည်

'မင်း နေကောင်းရဲ့လားဟင်'

ဆီစီယာက ရယ်ပြီး

'အဲဒါ ခုတင်က မောင်မေးပြီးပြီလေ၊ ဒါထက် မောင် . . . ဒိုင်းက ပင်လယ်ကမ်းခြေကို လာခဲ့ဖို့ အဖော်ညှိနေလို့ သွားမလား လို့ အနိုင်ဘာ စီလဲ လိုက်မယ်'

'ဟုတ်လား. . သွားလေ၊ အဲဒီကို မောင်လှမ်းပြီးဖုန်းဆက်မယ်လေ'

'မောင်ခွင့်ပြုတာ ကျေးဇူးတင်ပါတယ် မောင်ရယ်၊ အသည်းလေး



www.burmeseclassic.com

www.burmeseclassic.com



အရမ်းလုပ်မနေနဲ့၊ အစားလဲ မပျက်စေနဲ့နော်၊ စိုးကရက်လျှော့ ခနော်မောင်၊ မောင်မပါဘဲ သွားရတာ တစ်မျိုးကြီးပဲကွယ်'

♠ ♠ ♠

ဖုန်းပြောသည့်ကိစ္စနှင့် ပတ်သက်၍ ဂျင်နီက တစ်ခွန်းတစ်ပါဒမျှ မမေးသဖြင့် မာတင် အနေရအထိုင်ရ ကျပ်နေသည်။ သို့သော် နေ့လည်စာ ထွက်စားကြသည့်အခါ ပျော်မြူ ပျော်လာသည်။ မာတီနီ နှစ်ခွက်ဝင်သွားတော့ အမေနှင့်မိန်းမကို မေ့သွားပြီ။

အပြန်တွင် ကုန်တိုက်ကြီးတစ်တိုက်သို့ တက်ပြီး ဈေးဝယ်ကြသည်။ ဂျင်နီက ဝယ်လာသည့် ကတ္တီပါညစားစားဝတ်စုံကို ညတွင် ထုတ်ဝတ်သည်။ မာတင့်မျက်လုံးထဲတွင် လှချင်တိုင်းလှနေသည်။ ဆင်စွယ်ရောင် အသားမှာ ပို၍ ဝင်းပနေသည် ထင်ရ၏။

ပြောပြောဆိုဆို စက္ကူဗူးလေးတစ်ခု အိတ်ထဲမှ နှိုက်ပြီးလှမ်းပေးသည်။

'ဒါ ဘာလဲ အစ်ကို'

'ဖွင့်ကြည့်လေ'

စက္ကူဗူးထဲမှ ကတ္တီပါသေတ္တာလေးကို ဂျင်နီဖွင့်ကြည့်သည် ဟင် . . . ပတ္တမြားလက်စွပ်ကလေး။

'အို . . . အစ်ကိုရယ်၊ ဘာပြုလို့ . . . '

'အစ်ကို့ကို ပျော်ရွှင်မှုတွေ ပေးတဲ့အတွက်ပေါ့၊ ပြီးတော့ ပတ္တမြားဟာ မင်းနဲ့တည့်တဲ့ ကျောက်မျိုးလေ'

'ဂျင်နီ သိပ်ကြိုက်ပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် ဂျင်နီ့ကို လက်ဆောင်တွေ ဝယ်မပေးပါနဲ့'

'အစ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ အမှတ်ရနေအောင် ဝတ်ထားနော်'

မာတင်က လက်စွပ်ကလေးကို ယူပြီး ဂျင်နီ့လက်သူကြွယ်တွင် စွပ်ပေးလိုက်သည်။ သူ့လက်ကို ဂျင်နီ အကြာကြီးဆုပ်ထားပြီး

'ဂျင်နီ ငိုချင်တယ် အစ်ကိုရယ်'

ဂျင်နီက လက်ကိုင်ပဝါထုတ်ပြီး မျက်ရည်စတွေကိုသုတ်သည်။





'ဂျင်နီတို့ သိပ်ပျော်ကြမှာနော် အစ်ကို၊ ဂျင်နီအဲဒီအတိုင်း ယုံနေတယ်၊ ဂျင်နီနဲ့ အစ်ကိုတို့ ကြားမှာ ဘာအနှောင့်အယှက်မှ မရှိစေရဘူးနော် ဂျင်နီ အရှုံလဲ မခံနိုင်ဘူး'

'စိတ်ချပါ ဂျင်နီရယ်၊ အားလုံးချောချောမောမောဖြစ်ရပါ စေမယ်ကွယ်၊ အစ်ကို့ကို အချိန်နည်းနည်းသာ ပေးနော်'

'ဩော် . . အစ်ကိုရယ်၊ အစ်ကိုနဲ့ အတူတူနေရဖို့အတွက် ဂျင်နီ ဘယ်လောက် စောင့်ရ စောင့်ရပါ၊ ဒါပေမယ့် အစ်ကို့ဇနီးမယား အဖြစ်နဲ့ တစ်ကမ္ဘာလုံးကိုလှည့်ပြီး ကြွားချင်လှပြီ'

'အချစ်စိတ်တိုင်းကျ ဖြစ်စေပါ့မယ်ကွာ၊ ခုလောလောဆယ်တော့ အစ်ကိုတို့ တဝကြီးချစ်ကြဦးစို့နော်'

ချက်လက်မှတ်ကို လက်မှတ်ထိုးသည်။ ဂျင်နီ့ကို အနွေးထည် လှမ်းပေးရင်း

'ဟောဒီက မိန်းမတွေထဲမှာ အစ်ကို့ ဂျင်နီအလှဆုံးပဲ'

'ဒါတော့ အစ်ကို့ စိတ်ထင်ဖြစ်မှာပါ'

'အင်း . . . ဟုတ်မလားပဲ၊ ကဲ . . ဘယ်သွားကြမလဲ'

'အစ်ကို့ သဘောပါဆို'

'ဆည်းဆာကလပ်မှာ သွားကကြမယ်၊ ဒီမယ် ဂျင်နီ၊ ကိုယ့်ကို ငယ်မူပြန်အောင် မင်းလုပ်ပေးနေတယ်ဆိုတာ မင်းကိုယ်မင်း သိရဲ့လားဟင်'

ဂျင်နီရယ်သည်။ မိမိကိုယ်တိုင် နှစ်ဆယ်အရွယ်သို့ ပြန်ရောက်နေသည် မဟုတ်လား။ နှစ်ယောက်သား သန်းခေါင်သန်းလွဲအထိ ကကြသည်။ တစ်ဦးကိုတစ်ဦး တင်းတင်းဖက်လျက်၊ ပါးချင်း အပ်လျက်။ နရီသွက် ကကြိုးတီးလုံးကို ဘယ်အချိန်က ပြောင်းလိုက် မှန်း မသိလိုက်ကြ။

'ဟို့ . . . ဆရာကြီး၊ ကကြိုးပြောင်းတော့လေဗျာ'

အနားမှ ကနေသူတစ်ဦးက သူ့အမျိုးသမီးကို ချာခနဲ ဆွဲ လှည့်ရင်း သတိပေးလိုက်သည်။ သည်တော့မှသူတို့နှစ်ယောက် ရှက်ပြုံး ပြုံးမိကြသည်။

အခန်းကို ပြန်ရောက်ရောက်ချင်း အလောတကြီး အိပ်ရာဝင်ကြသည်။ ဂျင်နီက ချစ်သူ၏ နားရွက်ဖျားကလေးကို ကိုက်နေရာမှ 'ချစ်ပါရစေ တယ် အစ်ကိုရယ်'ဟု ပြောပြောဆိုဆို မာတင်၏ နှုတ်ခမ်း၊ လည်တိုင်နှင့် မျက်လုံးများပါ မကျန်အောင် နမ်းပြန်သည်။ ပြီးတော့ ရင်ခွင်ထဲမှ မွှေး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးက်သွားမည်ကို စိုးရိမ်နေသလို တအားဖက်ထားပြန်သည်။ ပြီးမှ ကိုယ့်ကိုကိုယ် စိတ်တင်းပြီး မေးလိုက်၏။

'အစ်ကို ဆီဗီယာ့ကို ကွာရှင်းရေးကိစ္စပြောဖို့စဉ်းစားပြီးပြီလားဟင်'

ဒီလိုအချိန်မှ ရွေးမေးရသလားကွာဟု မာတင်စိတ်ထဲက ညည်းလိုက်မိ၏။ ဒီလို ရသမြောက်အချစ်ညကလေး ပျက်မသွားစေချင်ဘူးလေ။ သူ မျက်နှာပျက်သွားသည်ကို ဂျင်နီ မြင်လိုက်၏။ အစ်ကို မျက်နှာညှိုးသည်ကို ဂျင်နီ မကြည့်ရက်ပါ။ သို့သော် တစ်ခါ သေဖူးနေ၍ သူ့ကို သည်တစ်ကြိမ်တော့ တွေဝေခွင့် မပေးနိုင်တော့ပေ။ သည်တော့ တုံဏှိဘာဝေ လုပ်ခနသည့် ချစ်သူအား ထပ်ပြီး သတိပေးရသည်။

'အစ်ကို တစ်ချိန်ချိန်တော့ ဖွင့်ပြောရမှာ မဟုတ်လား၊ ဘယ်တော့လောက် ပြောမယ် စိတ်ကူးလဲ ဂျင်နီသိချင်တာပါ အစ်ကို'

'အိမ်ပြန်ရောက်ရင် ပြောမှာပါ ဂျင်နီရယ်၊ ဒါပေမယ့် အဲဒီအကြောင်း အစ်ကိုတို့ ဒီညမေ့ထားကြရအောင်လားကွာ၊ ထပ်ပျော်ကြဦးမယ်လေ'

'အို့ . ပျော်မှာပေါ့ အစ်ကိုရဲ့၊ ဒါပေမယ့် အိမ်ရောက်ရင်တော့ ပြောဖြစ်အောင် ပြောတော့နော်'

မာတင်က ခိုးကြောင်ခိုးဝှက်တွေ့ရသည့် အချိန်လေးကို လှလှပပပြည့်ပြည့်ဝဝပျော်ချင်သည်။ မေမေ့ကိုရော ဆီဗီယာ့ကိုပါ မေ့ထားချင်သည်။ ထိုစဉ် ဒိုမင်းနစ်၏ သတိပေးစကားကို ကြား ယောင်လာ၏။

'မင်းကိုယ်မင်း ဘာလိုချင်တယ်ဆိုတာ သေသေချာချာ စဉ်းစား' တဲ့. . . . . . .။

စဉ်းစားလို့ ရသလောက်တော့ ဆီဗီယာကိုလည်း သံယောဇဉ်ဖြတ်ဖို့ ခက်နေ၏။ ဂျင်နီ့ကိုလည်း မစွန့်နိုင်၊ သည်တစ်ခါ သူက လေးအဘွက် တိုက်ပွဲဝင်တော့မည်။

ပျော်စရာအချစ်ကာလတိုကလေးသည် စက္ကန့်များလို လျှင်မြန်စွာကုန်ဆုံးသွားလေပြီ။ ဆန်ဖရန်စစ္စကို လေဆိပ်ကို ဘယ်လို ဘယ်လိုပြန်ရောက်ခဲ့သည်ပင် သတိမထားမိလိုက်။ ပတ်ဝန်းကျင် ကို ကြောက်နေရပြီဖြစ်၍ အနမ်းဖြင့် နှုတ်မဆက်နိုင်ကြ။ မာတင် က ကပ်ပြီး

'ကိုယ်မင်းကို သိပ်ချစ်တယ် ဂျင်နီ၊ အားလုံးအဆင်ပြေသွားမှာပါကွာ'





'ဟုတ်ကဲ့အစ်ကို၊ အိမ်ပြန်ရောက်ရင် အပြတ်ပြောတော့နော် အစ်ကို၊ ဒါမှ မြန်မြန် အတူတူနေရမှာ'

သူ တက်စီပေါ်တက်သွားသည်အထိ မာတင် စောင့်ကြည့်နေသည်။ အိမ်ရောက်တော့ အပေါ်ထပ်တက်နေရင်း ဆီဗီယာ့ကို ပြောဖို့ စကားလုံး ရွေးသွားသည်။

မိမိနှင့် မသက်ဆိုင်တော့သလို ဖြစ်နေသည့် အိပ်ခန်းဝတွင်ခဏရပ်နေ၏။ တံခါးလက်ကိုင်ကို အသာလှည့်ပြီး ဖွင့်လိုက်သည်။ ဆီဗီယာက အိပ်ရာပေါ်တွင် ထိုင်ပြီး ပန်းသီးတစ်လုံးကို ကိုက်စားနေသည်။

'ဟင် . . . မောင်ပြန်လာပြီ'

ပြောပြောဆိုဆို လက်နှစ်ဘက်ကို ဆန့်တန်းပြီး တံခါးဝဆီသို့ ပြေးချသွားသည်။

'မောင် ဒါလောက် မြန်မြန်ပြန်လာမယ် မထင်ဘူး'

'အလုပ်ပြီးတာနဲ့ ပြန်လာတာလေ'

ဆီဗီယာ့လက်တွေကို မသိမသာ ဖြေပြီး မှန်တင်ခုံပေါ်မှ ဘာဆာဆီသို့ လျှောက်သွားသည်။

ဆီဗီယာက လုံးဝမရိပ်မိသေးဘဲ

'မောင် အလုပ်အကိုင် အဆင်ပြေရဲ့လားဟင်'

'ပြေပါတယ်၊ ကိုယ် ဆင်းပြီး အရက်နည်းနည်းသောက်မယ်နော်'

'သောက်လေ၊ ခဏနေ ဆီဗီယာလဲ ဆင်းခဲ့မယ်'

ဝီစကီခွက်ကို သည်အတိုင်းထားပြီး အပြင်သို့ ငေးနေသည် အမှောင်ထုထဲတွင် အဖြေရှိနေသည့် အလား။ ယယ်ယက လေးကဘာည်းက မိမိကို ချစ်ခဲ့တဲ့ ဆီဗီယာအား အပြစ်တစ်စုံတစ်ရာ မရှိဘဲမည်သို့လျှင် ကွာရှင်းဖို့ ပြောထွက်နိုင်ပါမည်လဲ။

တစ်ခုခုဖြစ်လာပြီဟု ဆီဗီယာ ခုမှသတိထားမိသည်။

'မောင်ရယ်၊ လာထိုင်ပြီး ဆီဗီယာနဲ့ စကားပြောပါဦး'

မာတင် လှည့်ကြည့်သည်။ ပြန်လာပြီး ထိုင်သည်။ ဒိခက်ကို တစ်ကျိုက်မော့သည်။

'မောင် ဘာဖြစ်လို့လဲဟင်'

မာတင်က ခေါင်းယမ်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုခု စိတ်အနှောင့်အယှက်ဖြစ်နေရင် ကိုယ့်မိန်းမကို ဖွင့်ပြောပေါ့ မောင်ရယ်၊ ရင်ထဲပေါ့သွားတာပေါ့၊ မောင် တေမိလုပ်နေတာကြာပြီကွယ်'

မာတင် ငြိမ်နေဆဲ။

'နော် မောင်၊ ဆီဗီယာ့ကို အပြင်လူလို မဆက်ဆံပါနဲ့ကွယ်'

'မောင့်ကို ခွင့်လွှတ်ပါကွာ၊ သိပ်ပင်ပန်းလာလို့ အိပ်တော့မယ်'

'ဒီမယ်မောင်၊ မောင်တစ်ခုခု ဖြစ်လာတယ် မဟုတ်လား၊ ဆီဗီယာ့ကို ပြောပါကွယ်၊ ဆီဗီယာ သိပါရစေ၊ အဲဒါလောက်တော့ မောင့်မယားမှာ အခွင့်အရေးရှိသင့်ပါတယ်'

ကုလားထိုင်နောက်ကျောကို စိတ်ပျက်လက်ပျက် မှီလိုက်သည်။

'ဆီဗီယာရယ်၊ မင်းကို ကိုယ်ချစ်ပါတယ်ကွာ၊ အဲဒါကြောင့် ပြဿနာ က သိပ်ခက်နေတာ'

ရင်ထဲတွင် ဒိုင်းခနဲဖြစ်သွားပြီး

'ဘယ်လိုပြဿနာမို့လို့လဲ မောင်'

'မင်းကို လုံးဝစိတ်မချမ်းမသာ မဖြစ်စေချင်ဘူး ဆီဗီယာ၊ အဲဒါကို ဘယ်လိုစပြောရမှန်းလဲ ကိုယ်မသိဘူး'

'ဘာလဲ အဲဒါဆိုတာ'

မာတင်ခုထိ ဘာဆက်ပြောရမှန်း မသိသေး။ အရက်ထပ်ငှဲ့သည်။ ဝီစကီကို ဖန်ခွက်တစ်ဝက်လောက်အထိ လောင်းထည့်လိုက်၏။

'ဆီဗီယာရယ်၊ မောင့်ကို မုန်းမသွားပါနဲ့နော်'

ချက်ချင်းတုန်တုန်ယင်ယင် ဖြစ်လာသည့် လက်ချောင်းကလေးများကို ဆီဗီယာ တင်းတင်းဆုပ်ထားလိုက်သည်။

မာတင်က ဖွတ်အားတင်းပြီး ပြောချလိုက်သည်။ သို့သော် တိုးတိုးမျှသာ. . .။

'ကိုယ် ဂျင်နီနဲ့ ပြန်တွေ့တယ်၊ မတော်တဆသွားတွေ့တာပါ၊ သူ့ကို ကိုယ်ချစ်နေတုန်းပဲ ဆီဗီယာ၊ သူဟာ ကိုယ့်ဘဝမှာ ဘာမှအရေးမပါသလို နှစ်ပေါင်းများစွာ ဟန်ဆောင်နေခဲ့တယ်၊ ဒါပေမယ့် အဲဒါ မဟုတ်ဘူး ဆီဗီယာ၊ သူ့ကို ဒီတစ်ခါ ကိုယ်လက်လွှတ်မခံနိုင်တော့ဘူး၊ ပြဿနာ က. . . မင်းကိုလဲ မထိခိုက်စေချင်ဘူး'

ရင်ထဲ တလှပ်လှပ် ဖြစ်လာပြီး မူးလဲသွားလေမည်လား အောက်





မေ့လိုက်၏။ ကမ္ဘာကြီးတစ်ခုလုံး ဖောက်ထိုးမိုးမျှော်ဖြစ်သွားသည့်အလား၊ ဩော်. . . သူ ဆယ်ရက်လုံးလုံး ဂျင်နီနဲ့သွားနေတာပါလား။ စိတ်ထိန်းလိုက်၏။ စကားတစ်ခွန်းမှားရုံဖြင့် ဘဝကို ထိခိုက်နိုင်သည့် ထိုတဒင်္ဂ အံကြိတ်ပြီး တင်းထားလိုက်သည်။ အားယူပြီး တိုးတိုးပြောလိုက်သည်။

'ဆီဗီယာ့ကို နည်းနည်းထည့်ပေးပါဦး မောင်'

အရက်ခွက်ကို လှမ်းယူတော့ ဆီဗီယာ့လက်တွေ တုန်နေသည်။ မျက်စိမှိတ်ပြီး တစ်ချက်တည်း မော့ချလိုက်၏။ အသံကို တည်တည်ငြိမ်ငြိမ် ထားနိုင်ပြီဟု ယုံကြည်မှ ဆီဗီယာ စကားစသည်။

'အဲဒီတော့ မောင် ဘာဆက်လုပ်မလဲ'

'ဩော်. . . ဆီဗီယာရယ်၊ အဲဒါပြောရခက်လို့ပေါ့ကွာ၊ ဒါပေမယ့် အခုမပြောဘဲ မနက်ဖြန်ပြောလဲ ဒီကိစ္စက ခက်မြဲခက်နေဦးမှာပဲ၊ အဲဒါကြောင့် ကိုယ် နာနာကျင်ကျင်နဲ့ ပြောပါတော့မယ် ဆီဗီယာ၊ ကိုယ့်ကို မင်း ကွာပေးပါလားဟင်'

ကမ္ဘာကြီးတစ်ခုလုံး တစ်စစီ ဖြစ်သွားလေပြီ။ ပြုမှားမိခဲ့ သည့် သူ့အမှားအတွက် ဖွင့်ဟဝန်ခံချက်ပေးဖို့ သူမျက်နှာပျက်နေသည်ဟု ရုတ်ခြည်း ထင်မှတ်လိုက်၏။ ဘုရားသခင်. . . ဘုရားသခင်. . . ခုတော့ လမ်းခွဲစကား ပြောနေခြင်းပါလား။ ဘယ်လို လုပ်ပြီး ခွဲနိုင်မှာလဲ မောင်ရယ်၊ ဘယ်နည်းနှင့်မှ မခွဲနိုင်ပါ။

လွန်ခဲ့သည့် ၂၅ နှစ်က တစ်ပွဲနိုင်ခဲ့ပြီ။ ယခုသည်ပွဲမှာ လည်း နိုင်လိမ့်ဦးမည်။ ယောက်ျားသားတွေ၏ ဒုတိယဝေဒနာပင် မဟုတ်လား၊ သည်တိုက်ပွဲကို ဆင်နွှဲဖို့ သေနင်္ဂဗျူဟာမှာလည်း ထူး ထူးခြားခြား မဟုတ်၊ သွေးအေးအေးနှင့် စိတ်ရှည်ဖို့ပင် ဖြစ်၏။ ဆီဗီယာ အားယူပြီး တိုးတိုး ကလေး ပြောသည်။

'မောင် အချိန်ယူပြီး စဉ်းစားပါဦးလား၊ အလောတကြီး မဆုံးဖြတ်ပါနဲ့ကွယ်'

'မင်း နားမလည်နိုင်ဘူး ဆီဗီယာ၊ ကိုယ် အလောတကြီး လုပ်တာ မဟုတ်ဘူး၊ ကိုယ်လွတ်လပ်မှု သိပ်လိုချင်တယ်၊ ဒါပေမယ့် အဲဒါက မင်းကြောင့်မဟုတ်ဘူးနော်၊ မင်းနဲ့လဲ မပတ်သက်ဘူး'

'ဟင်. . ဆီဗီယာနဲ့ မဆိုင်ဘူးဟုတ်လား၊ ကျွန်မဟာ မောင့်မယား



www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ၊ ဘာဖြစ်လို့ မဆိုင်ရမှာလဲ'

စိတ်ကို ချုပ်တည်းထားသည့်ကြားမှ အသံမြင့်တက်သွားသည်။

'ဒါဖြင့် ဘယ်သူနဲ့ဆိုင်မှာလဲ မောင်၊ ကျွန်မက ရှင့်မိန်းမ မဟုတ်ဘူးလား'

ငါ တင်မြပုံ တင်ပြနည်း မဟုတ်သေးပါလားဟု တွေးမိပြီး မာတင် ကိုယ့်ကိုကိုယ် ကျိန်ဆဲလိုက်သည်။

'ဒီလိုပါ ဆီဗီယာရယ်၊ ကိုယ့်အပေါ်မှာ မင်းအနေနဲ့ လုံးဝ တာဝန်ကျေခဲ့ပါတယ်၊ ဘာမှ ပြောစရာ မလိုပါဘူး၊ မယားဝတ် ကျေပွန်တဲ့ နေရာမှာလည်း. . .'

'ပေါင်းလာခဲ့တဲ့နှစ်တွေကို မောင် ထည့်မစဉ်းစားတော့ဘူးလား၊ မောင်ဟာ မိသားစုကိစ္စနဲ့ မျိုးဆက်သွေးရှင်သန်ရေးကို ယုံကြည်တဲ့ လူတစ်ယောက်ပါကွယ်၊ သား လက်ထပ်တုန်းကလဲ မောင် ဘယ်လောက်ထိခိုက်ရသလဲဆိုတာ ဆီဗီယာ သိပါတယ်၊ ခု ရာစုနှစ် တစ်ခုရဲ့ လေးပုံတစ်ပုံလောက် ကွဲနေတဲ့ မိန်းမတစ်ယောက်နဲ့ ပြန် တွေ့တာနဲ့ အားလုံးကို ချေဖျက်ပစ်တော့မှာလား မောင်'

'မောင် စိတ်မကောင်းပါဘူး ဆီဗီယာ'

'စိတ်မကောင်းပါဘူး . . ဟုတ်လား၊ မောင့်မယားဟာ ဘဝတစ်ခုလုံးကို မောင့်အတွက် မြှုပ်နှံခဲ့တယ်၊ ဘာကိုမှ မတောင်းဆိုခဲ့ ဘူး၊ မောင့်ကို ပျော်စေဖို့ကလွဲပြီး ဘာမှ ဆန္ဒမရှိခဲ့ဘူး'

'တော်ပါတော့ ဆီဗီယာရယ်၊ မောင်လဲ မင်းကိုချစ်ပါတယ်'

'ဩော်. . . လက်စသတ်တော့ နှစ်ပေါင်းများစွာ ဆီဗီယာ အလိမ်ခံခဲ့ရတာကိုး၊ သူ့ကိုယ်စား မောင့်ကို ဆီဗီယာ အိပ်ရာထဲမှာ ဖြေဖျော်ခဲ့ရတာပေါ့နော်'

'အို. . . ဒုက္ခပါပဲကွာ၊ ဒီလို မဟုတ်ရိုးအမှန်ပါ ဆီဗီယာရယ်၊ မောင့်မိန်းမကို တစ်ချိန်လုံးမောင်ချစ်ခဲ့ပါတယ်၊ ခုလဲ ချစ်ဆဲပါပဲ'

'မောင်ရယ်. . ဘာလို့ပြဿနာတွေ ရှုပ်သထက်ရှုပ်အောင်လုပ်နေတာလဲ၊ မောင့်မိန်းမကို မောင်ချစ်နေဆဲဆိုရင် ဘာလို့ ကွာရှင်းဖို့ပြောနေရတာလဲ'

ဆီဗီယာဆီ သူထသွားသည်။ ရှေ့တွင် ဒူးထောက်ထိုင်သည်။





'မင်းမှားနေတယ် ဆီဗီယာ၊ ကိုယ်မင်းကို ချစ်နေဆဲပဲ၊ ဒါပေမယ့်တခြားနည်းလမ်းစဉ်းစားလို့မရတဲ့အတွက် ကိုယ်ဒီလို စီစဉ်ရတာပါ ဆီဗီယာ'

နောက်ထပ် သူဘာတွေ ဆက်ပြောနေမှန်း ဆီဗီယာ မကြားတော့။ မျက်ရည်မထိန်းနိုင်တော့ဘဲ ငိုချလိုက်မိ၏။ ဘယ် လောက်ကြာကြာ ငိုနေမိမှန်း မသိ။ သူလာဖက်တော့လည်း အားရှိလာသလိုလို။

မောင့်ကို လွယ်လွယ်နှင့် လက်လွှတ်မခံနိုင်ပါ။ ဆက်လက် တိုက်ပွဲဝင်မည်။ သို့သော် အတိတ်တုန်းက ကိုယ်ဆွဲခဲ့သည့် တိုက် ကွက်ကိုသာ အသုံးပြုမည်။ မေတ္တာတရားကို ယုံကြည်ခြင်း၊ စိတ်ရှည်ခြင်း. . . စသည်များ. .။

'ကဲ . . ဆီဗီယာ့ကို အစအဆုံး ပြောပါဦး မောင်ရယ်၊ ဆီဗီယာ နားထောင်နိုင်တဲ့ အင်အားရှိပါပြီ'

စတွေ့ပုံမှချီပြီး လော့အိန်ဂျယ်လိစ်တွင် တွေ့ခဲ့ကြပုံအထိ မာတင် အသေးစိတ်ပြောပြသည်။

'မောင် သူ့ကို တစ်ရက်မှ မမေ့ခဲ့ဘူးပေါ့ ဟုတ်လား'

'ကိုယ့်ကြောင့် သူ့ဘဝပျက်သွားရတာ စိတ်ထဲစွဲနေတယ်၊ တာဝန်မကင်းဘူးလို့လဲ ယုံကြည်တယ်ခဲ့လေ၊ လူ့ဘဝမှာ ရှိမှ ရှိသေးရဲ့လားဆိုပြီး စိတ်ပူခဲ့ရ အိပ်မပျော်ခဲ့ရတဲ့ အချိန်တွေလဲ အများကြီး ပေါ့လေ၊ ဒီတစ်ခါ သူ့ကို လွှတ်ပေးလိုက်ရရင် ကိုယ်ရူးလိမ့်မယ် ဆီ ဗီယာ'

စကားပြန်မပြောမိ ဆီဗီယာပင်ပန်းကြီးစွာ တံတွေးမျိုချလိုက်ရသည်။

'ဆီဗီယာ မောင်တို့ ကိစ္စကို နားလည်နိုင်အောင် ကြိုးစားပါ့မယ်လေ၊ လမ်းခွဲဖို့ မပြောပါနဲ့ဦး မောင်ရယ်၊ မောင် သူနဲ့သွားနေ ချင်နေပါ၊ အချိန်ယူပြီး စဉ်းစားဖို့တော့ ဆီဗီယာ တောင်းပန်ပါတယ်၊ မောင် တစ်ခါက ပြောဖူးတာ မှတ်မိနေတယ်၊ ဂျင်နီဟာ သိပ်အယူ သည်းတဲ့ ဘုရင်ဂျီဘာသာဝင်ဆို၊ အိမ်ထောင်ရေးကိုလဲ သူအလေးအနက် သဘောထားမှာပါ'

'မောင် သူ့ကို ဒါထက်ပိုပြီး နားလည်အောင် စောင့်မကြည့်တော့ဘူးလားဟင်၊ ဒီလောက် နှစ်တွေအကြာကြီး ခွဲနေပြီးမှ သူစိမ်းတွေလို ပြန်ဖြစ်မနေဘူးလား'

အသည်းကို ဓားထက်ထက်ဖြင့် စိုက်လိုက်သလို ခံစားပြီးဆက် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူနဲ့ ခဏတာဖြတ်သွားနေ သူ့ကို တကယ်ချစ်နေသေး တာလား ဆိုတာ ကိုယ့်ကိုကိုယ် လေ့လာ. . . ခြောက်လကြာလို့မှ မောင်ဆုံးဖြတ်ချက်ကို မပြောင်းနိုင်ဘူးဆိုရင် ဆီဗီယာ မောင့်ကို. . မောင့်ကို ကွာပေးမယ်'

'မင်း အဲ့ဒီလောက် ခံနိုင်ရည် ရှိပါ့မလား ဆီဗီယာရယ်'

'လိုအပ်လာတဲ့အခါ ခံနိုင်ရည်ရှိရတော့မှာပေါ့။ ကဲ. . . ဂျင်နီဆီ ဖုန်းဆက်ချင်ဆက်၊ တစ်ခါတည်း သွားချင်လဲသွား၊ ဆီဗီယာ ပင်ပန်းလှပြီမောင်၊ တစ်ယောက်တည်းနေချင်တယ်'

ဆီဗီယာ အခန်းထဲမှထွက်သွားသည်။ ဦးခေါင်းကို ခပ် မော့မော့ ထားလျက်။ အိပ်ခန်းထဲရောက်မှ သည်းအူပြတ်မျှ ငိုချလိုက်သည်။ အားရအောင် ငိုပြီးမှ ရေချိုးခန်းထဲသို့ဝင်ခဲ့၏။ မှန်ထဲက ပုံရိပ်က ဆီးပြုံးအပြစ်ဆိုသည်။

'ညည်းလောက်မိုက်မဲတဲ့ မိန်းမ လောကမှာရှိဦးမလား ဆီဗီယာ၊ တခြား မိန်းမတစ်ယောက်ကို ချစ်နေမှန်းသိလျက်နဲ့ ညည်းဖွတ်ယူခဲ့တယ်'

သို့သော် သူ့ကိုယ်တွင်းမှ ပြန်ပြောသည့် ဒုတိယအသံကို လည်း ကြားနေရ၏။

'သူ့ကို သိပ်ချစ်တာကိုး၊ အရန်ချစ်အဖြစ်ခံရတာဟာ လုံးလုံး ဆုံးရှုံးရတာထက် ပိုခံသာတယ်လေ၊ တစ်ချိန်က ပြိုင်ဖက်ကို အနိုင်ယူ ခဲ့ပြီးပြီ၊ ဘုရားသခင်ရဲ့ အကူအညီနဲ့ ခုလဲပဲ နိုင်ဦးမှာပဲ'

လော့စ်အိန်ဂျယ်လိစ်တွင် သူတို့နှစ်ယောက်အတူတူနေကြပုံကို မြင်ယောင်လာပြီး

'ဂျင်နီနဲ့ဟုတ်လား၊ အိုင်ယာလန်မ၊ မင်းကြောင့်တော့ ငါ့ဘဝ အပျက်မခံနိုင်ဘူး သိလား'

ဆပ်ပြာမှုန့် ပုလင်းကို လှမ်းယူပြီး နံရံကို ပေါက်ခွဲလိုက်သည်။ ဖန်ကွဲကလေးများကို ငုံ့ကြည့်ရင်း ဒူးတွေ ခွေကျသွားသည်။ အေးစက်စက် ရေချိုးကန်ဘောင်ပေါ်တွင် ခေါင်းတင်ထားလိုက်ရ၏။ ပါးပြင်ပေါ်သို့ မျက်ရည်တွေ တလိမ့်လိမ့် ကျလာပြန်သည်။

'ဆီဗီယာ့ဆီကို ပြန်လာခဲ့ပါ မောင်ရယ်. . . နော် မောင်၊ ပြန်လာခဲ့ပါ မောင်ရယ်. . . .'

♠ ♠ ♠





မာတင်က မြို့ထဲကို လာနေပြီဖြစ်ကြောင်း ဖုန်းဆက်က တည်းက ဂျင်နီ ပျာပျာသလဲ ပြင်ဆင်နေသည်။ ရှန်ပိန်ပို့လိုက်ဖို့ ဟိုတယ်စာရေးအား လှမ်းမှာပြီး ကမန်းကတန်း ရေချိုးသည်။ အနီရောင် ပိုးဝတ်ရုံကို ဝတ်သည်။ ရည်းစားနှင့် ချိန်းထားသည့် ဆယ်ကျော်သက်မလေး တစ်ယောက်လို ရင်တွေ ခုန်နေ၏။ ဟော. . . . တံခါးခေါက်သံကြားရပြီ။

သူ့ရင်ခွင်ထဲကို တိုးဝင်ဖို့ တံခါးဆီ ပြေးသွားသည်။ သို့သော် သူ့ကို မြင်တော့ အသာကိုယ်ရှိန်သတ်လိုက်ရသည်။ သူ့မျက်နှာမှာ သောက ဝေဒနာကို ပြင်းစွာ ခံစားနေရသည့်ပုံ အထင်းသားပေါ်နေ၏။ ရင်ခုန် လှုပ်ရှားနေသည့် အပျော်လေးတွေ ဂျင်နီ့ရင်ထဲမှ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြလေပြီ။

ဆိုဖာပေါ်တွင် ထိုင်ဖို့ သူ့ကို တွဲခေါ်လာခဲ့ရ၏။ သူခံစားနေသည့် ဝေဒနာ သက်သာလို သက်သာငြားဆိုပြီး ဝီစကီတစ်ခွက်ငှဲ့ပေးလိုက်သည်။ ရှန်ပိန်သောက်တဲ့အချိန် မဟုတ်သေးဘူးလေ။

ဩော်. . . အစ်ကို. . . အစ်ကို၊ သနားလိုက်တာအစ်ကိုရယ်၊ သူ့မိန်းမနဲ့ မပြေလည်ခဲ့ဘူး ထင်ပါရဲ့။ သူ ထင်သလောက် သူ့မိန်းမ ပြည့်ဝပါ့မလား။ ကိစ္စမရှိဘူး၊ ဆီဗီယာဆိုတဲ့ မိန်းမနဲ့ အစ်ကိုနဲ့ မပြေလည်လေ မိမိဘက်ပါဖို့ များလေလေ မဟုတ်လား။ ဒီတစ်ခါ ဂျင်နီ့ကို ထားမသွားပါနဲ့တော့ အစ်ကိုရယ်၊ မစ္စက်မာတင်ရို့သ် ဖြစ်ပါရစေတော့နော်။

မာတင်က အရက်ခွက်ကို စိုက်ကြည့်နေ၏။ မျက်နှာမှာ အရောင် အဆင်း မရှိတော့။ သူ့လက်ကို အသာကိုင်ပြီး ဂျင်နီ စကားစသည်။

'အစ်ကို့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဂျင်နီသိပါတယ် အစ်ကိုရယ်၊ သိပ်ကို မလွယ်တဲ့ ကိစ္စပါ၊ သူ့ကို ပြောပြလိုက်ပြီ မဟုတ်လား ဟင်၊ ဒါဆို ပြီးပြီပေါ့နော်'

ဆီဗီယာ့ကို လျှော့တွက်လွန်းသဖြင့် မာတင့် စိတ်ထဲဂျင်နီ့ကို မကျေမနပ်ဖြစ်သွားသည်။ 'ဟုတ်တယ်၊ သူသိသွားပြီ'ဟု တုံးတုံးတိတိပင် ပြန်ပြောလိုက်သည်။ သူ့လေသံကြောင့် ဂျင်နီ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ဣန္ဒြေဆည်လိုက်ပြီး

'အစ်ကို သိပ်စိတ်ထိခိုက်နေလားဟင်၊ သိသွားတော့ သူ ဒါ သူနဲ့ ထရောလား'



www.burmeseclassic.com

www.burmeseclassic.com



မာတင်က ဝီစကီ တစ်ကျိုက်မော့ရင်း

'ဟင့်အင်း . . တည်တည်ငြိမ်ငြိမ်ပဲ ဂျင်နီ'

ဂျင်နီက သိချင်စိတ် မထိန်းနိုင်တော့ဘဲ

'ဘယ်လိုလဲ . . . ပြောပြပါ အစ်ကိုရယ်'

'ဆီဗီယာဟာ သိပ်ကို ပြည့်ဝတဲ့ မိန်းမပဲ၊ တခြားမိန်းမတစ်ယောက်ဆိုရင် မိုးမီးလောင်မှာပေါ့'

'အစ်ကို့မိန်းမ ချီးမွမ်းခန်းကို အသာထားပြီး ဘာဖြစ်ခဲ့တယ် ဆိုတာ ပြောပါဦး အစ်ကို'

'မင်းနဲ့ကိုယ်နဲ့ အတူနေကြည့်ကြပါဦးတဲ့၊ အချိန်တန်လို့တို့နှစ်ယောက်အတူဆက်နေကြဖို့ ဆုံးဖြတ်တယ်ဆိုရင် သူကွာပေးပါ့မယ်တဲ့'

ဂျင်နီ ဒေါပွသွားသည်။ ချစ်သူနှင့်အတူနေဖို့အတွက် တစ်ခြားမိန်းမတစ်ယောက်ဆီက ခွင့်ပြုချက်ယူရမည့် အဖြစ်ကို ဘယ်မိန်းမမျိုးသည်းခံနိုင်ပါမည်လဲ။ သို့သော် ဆီဗီယာ ပညာသုံးနေပြီ ဟုသိလိုက်၏။ မိမိဘက်ကလည်း သူ့ပညာမျိုး ပြန်သုံးရမည်ကို သဘောပေါက်လိုက်သည်။

'အင်း . . . သဘောထားကြီးရှာပါပေတယ် အစ်ကိုရယ်၊ ဒါပေမယ့် အစ်ကို့ကိုသူငယ်နှပ်စားကလေးလို သဘောထားရာရောက်မနေဘူးလား'

ဂျင်နီ ပြောပုံကို သဘောမကျသော်လည်း ဘာမှစောဒက မတက်ဘဲ နေလိုက်သည်။

'ဆီဗီယာဟာ ကိုယ့်အပေါ်မှာ သိပ်ကောင်းခဲ့တဲ့ ဇနီးတစ်ယောက်ပဲ ဂျင်နီ၊ သူ့ကို မထိခိုက်စေချင်ဘူး'

'ပွင့်ပွင့်လင်းလင်းပြောပါ အစ်ကို၊ အစ်ကို သူ့ကို စိတ်ကုန်နေပြီမဟုတ်လား'

'အဲဒီလိုတော့လဲ မဟုတ်ဘူး ဂျင်နီ၊ ဆီဗီယာဟာ ကိုယ့်ဘဝမှာ သိပ်အရေးပါတဲ့ အခိုကအခန်းမှာ ပါနေတယ်၊ ကိုယ်တစ်ယောက်တည်းကိုမှ မဟုတ်ဘဲ ကိုယ့်ရင်သွေးတွေအပေါ်ကိုကော အမေ့အပေါ်ကိုပါ တာဝန်ကျေခဲ့တဲ့ မိန်းမ ဖြစ်နေတယ်လေ၊ ဒါကြောင့် ဖြုန်းစားကြီး ကျောခိုင်းပြီး ဆင်းလာဖို့တော့ မလွယ်ဘူးလေ၊ သူ့အတွက် ကိုယ်သိပ်စဉ်းစားနေရတယ်'

မပြောသင့်မှန်းသိလျက် မပြောဘဲ မနေနိုင်သဖြင့် ဂျင်နီ ပြောချလိုက်သည်။





'ဒါဆိုလဲ ဂျင်နီနဲ့တစ်ကမ္ဘာကို ထွက်ပြေးဖို့ အစ်ကိုတောင်းတောင်းပန်ပန် မပြောခင် ကတည်းက ဒါကို ပြတ်အောင် စဉ်းစားဖို့ ကောင်းတာပေါ့၊ လှေနံနှစ်ဘက် နင်းလို့တော့ မဖြစ်ဘူး အစ်ကို'

'ဒုက္ခပါပဲ ဂျင်နီရာ၊ ကိုယ်ဒီညပြောနေတာတွေ မင်းတစ်ခုမှ နားမထောင်ပဲကိုး'

'အိုး . . . ဒီထက် နားထောင်ရဦးမှာလား၊ ဒီထက် နားလည်ရဦးမလား၊ ဂျင်နီ့ဘက်ကရော အစ်ကိုဝင်ပြီး စဉ်းစားရဲ့လား'

အသံမြင့်တက်သွားသည်ကို ကိုယ့်ကိုကိုယ်သတိမထားမိလိုက်။

'အဲဒီလို တစ်ဖက်သတ်ဆိုရင်တော့ အစ်ကို ထွက်သွားတော့ ဂျင်နီ့ကိုလဲ မေ့ပစ်လိုက်တော့'

အိပ်ခန်းထဲ ပြေးဝင်ပြီး ခုတင်ပေါ် မှောက်လှဲကာ ရှိုက်ကြီး တငင်ငိုကြွေးလေသည်။ ခုချိန်ထိ အောင်နိုင်သူမှာ မိမိမဟုတ်သေး ဘဲ ဆီဗီယာပင်ဖြစ်နေဆဲပါလား။ မာတင်က နောက်မှ အပြေးအလွှားရောက်လာသည်။ တစ်ကိုယ်လုံးကို ပွေ့ပြီး ကလေးတစ်ယောက်ကိုချော့သလို လှုပ်ကာလှုပ်ကာနှင့် ချော့သည်။

'ဂျင်နီရယ် . . . အဲဒီစကားမျိုး မပြောပါနဲ့ကွယ်၊ မင်းကို အစ်ကိုဘယ်လောက်ချစ်တယ်ဆိုတာ သိလျက်သားနဲ့ကွာ၊ အခြေ အနေကကျပ်တည်းနေလွန်းလို့ပါ'

သူ့ကုတ်အင်္ကျီထဲမှ လက်ကိုင်ပဝါကို ဆွဲယူပြီး ဂျင်နီ မျက်ရည်သုတ်သည်။

'ဂျင်နီ့ကို ခွင့်လွှတ်ပါ အစ်ကို၊ ဂျင်နီ တွေးပြီးကြောက်လာ တယ်၊ သူအချိန်ဆွဲတာ ဘာမှမဟုတ်ဘူး၊ အစ်ကိုနဲ့ ဂျင်နီကို ခွဲဖို့ စီမံကိန်းချနိုင်အောင် ဆွဲထားတာ၊ အစ်ကို့ကို သူလွှယ်လွှယ်နဲ့ လက်လွှတ်မှာ မဟုတ်ဘူး'

မာတင် သက်ပြင်းချသည်။

'အဲဒီလိုလဲ မဟုတ်ပါဘူး ဂျင်နီရယ်၊ မင်းစဉ်းစားကြည့်လေ သူ့ဘက်ကိုမှ မစဉ်းစားတတ်အောင် ပူထူနေမှာပေါ့'

'အစ်ကို ပြောတာ ဖြစ်နိုင်ပါတယ်လေ၊ ဂျင်နီ့ကို ခွင့်လွှတ်ပါဦး မရေမရာဘဝကြောင့် အစ်ကိုနဲ့ ဂျင်နီ ခုလို ဖြစ်ဖြစ်နေရတာ ဘယ်လောက် ရေရေရာရာ ဖြစ်မှာလဲ အစ်ကိုရယ်'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို အိမ်က ဆင်းလာခဲ့မယ်လေ၊ အစ်ကိုမရှိတဲ့ဘဝကို သူနေသားကျသွားလောက်တဲ့ အချိန်မှ ထပ်ဆွေးနွေးမယ်၊ မကောင်းဘူးလား' နှစ်ယောက်သား ချစ်ခန်းမဖွင့်ဖြစ်ကြဘဲ အိပ်ပျော်သည့် ည. . .။

♠ ♠ ♠

ရှုရှုတောင်ကုန်းတွင် ဂျင်နီက တိုက်ခန်းကြီးတစ်ခန်းငှားပြီး အကျအနပြင်ဆင်ပြီးပြီ။ လိုအပ်သည့် အဝတ်အစား အသုံးအဆောင်တွေ လက်ဆွဲသေတ္တာကြီး နှစ်လုံးအပြည့်ထည့်ပြီး မာတင် ဆွဲဆင်းလာသည်။ ငိုထားသဖြင့် မျက်နှာနီရဲနေသည့် ဆီဗီယာနှင့် မျက်နှာချင်းမဆိုင်မိအောင် ခေါင်းငုံ့ပြီး လှေကားမှ ဆင်းလာသည်။ အမေက သွေးရူးသွေးတန်းဖြစ်သွားသလို ဆီဗီယာလို မိန်းမကိုထားပြီး အပေါ်စား ပိုင်းလုံးမနောက်ကို ပါသွားရကောင်းလားဆိုကာ အော်ဟစ်ပြောဆိုသည်။ ဆီဗီယာက ဝင်ထိန်းသည်။ ဆီဗီယာသည် အားလုံးထဲတွင် ဣန္ဒြေအရဆုံးနှင့် သိက္ခာအရှိဆုံး ဖြစ်နေ၏။

နောက်ပိုင်းရက်များတွင် ဂျင်နီ့အပြုအမူများသည် ပိုင်စိုး ပိုင်နင်းဆန်လာသည်။

မာတင်က တရားဝင်လက်မထပ်နိုင်သေး၍ သူတို့ဆက် ဆံရေးကို လျှို့ဝှက်ထားရသည်။ ဒါကို ဂျင်နီက သည်းမခံနိုင်အောင် ဖြစ်လာသည်။ ခပ်ပေါပေါအခန်းကလေး တစ်ခန်းငှားပြီး နေသည် ကိုလည်း ဂျင်နီ မကျေနပ်။ သည်အခန်းကို ဂျင်နီရောက်လျှင် သစ်တောရိပ်သာ အိမ်ကြီးတွင် သူနှင့် ဆီဗီယာ တခမ်းတနားနေခဲ့ကြပုံ များကို တွေးကြည့်ပြီး မခံချိမခံသာ ဖြစ်လာသည်။

ဂျင်နီ့တောင်းဆိုမှုတွေက များသည်ထက် များလာသည်။ နှယ်ယူးယောက်တွင် သူ့ကို ထားခဲ့ပြီးသည့် အချိန်မှစပြီး အတိုးချကာ ပြန်လည်ရယူဖို့ ကြိုးစားနေသည်နှင့် မခြား။ ဒုတိယအရွယ်တွင် အလှသစ်ရှာပုံတော်ဖွင့်သည့် မာတင်သည် ပီတိသုခကို မတွေ့ရဘဲ သောကဝေဒနာနှင့် တင်းမာမှုများကိုသာ ဆက်တိုက်ရင်ဆိုင်နေရ သည်။ စိတ်၏ ငြိမ်းချမ်းမှုကို ရသည့်အခိုက်အတန့်မှာ သစ်တော ရိပ်သာအိမ်သို့ ပြန်ရောက်ခိုက် ဆီဗီယာနှင့် စကားပြောရသည့် ခဏငယ်သာ ဖြစ်သည်။





တစ်နေ့ ဆီဗီယာ ရုံးကို ဖုန်းဆက်သည်။ မဆက်စဖူးဆက် လာ၍ မာတင် အလန့်တကြား ဖြစ်သွားသည်။

'မောင် နေကောင်းရဲ့လားဟင်'

'ကောင်းပါတယ် မင်းကော. . .'

မေးရက်လေ မောင်ရယ်. . . တယ်လီဖုန်းနားတွင် ထိုင်ပြီး မောင်ပြန်လာဖို့ မြော်မည်ကြံသည်မှာ အကြိမ်ပေါင်း တစ်သိန်းလောက် ရှိမယ် ထင်ပါတယ် မောင်ရယ်၊ သို့သော် ဝေဒနာကို မကြေညာဘဲ ဆီဗီယာ တိုးတိုးကလေး ပြန်ပြောသည်။

'ကောင်းပါတယ် မောင်၊ ခါတိုင်းထက်တောင် နေကောင်းနေပါသေးတယ်၊ မောင် အားမလားလို့ပါ၊ နေ့လည်စာ စားရအောင်လေ'

'ကောင်းသားပဲ ဆီဗီယာ'

'ဘယ်မှာ စားကြမလဲဟင်'

စိန့်ဖရန်စစ်မှာတော့ ဆီဗီယာ မစားချင်။ ဟိုတုန်းက တစ်ပတ်တစ်ခါ ဝတ်မပျက် မောင်နဲ့ စားခဲ့တဲ့နေရာမို့ အဟောင်းတွေ အသစ်မဖြစ်ချင်တော့၊ ဒိုရိုစားသောက်ဆိုင်မှာ စားဖို့ ချိန်းလိုက်ကြသည်။

မာတင်က အလျှင်ရောက်နှင့်သည်။ ၁၂ နာရီ ၃၅ မိနစ်တွင် ဆီဗီယာ ရောက်လာသည်။ စားသောက်ဆိုင်ထဲသို့ လမ်း လျှောက်ဝင်လာပုံက ဖက်ရှင်မဂ္ဂဇင်းထဲက စံပြမယ်တစ်ယောက်အလား။

သုံးနာရီလုံးလုံး အချိန်ယူ ပြင်ဆင်ခဲ့ရသည်လေ။ ဆံပင် အလှပြင်ဆိုင်မှာ တစ်နာရီ၊ မျက်နှာပြင်တာက တစ်နာရီ၊ ကျန်တဲ့ တစ်နာရီက အဝတ်အစား ဗီရိုကို ဖွရတာလေ။

အလင်းရောင်မှိန်မှိန် စားပွဲတစ်လုံးတွင် ထိုင်နေရာမှ ဆီဗီယာ ဝင်လာသည်ကို ကြည့်ပြီး မာတင် ကြောင်နေသည်။ သိပ်လှနေသည် ထင်၏။ မင်္ဂလာဆောင်သည့် နေ့ကထက်တောင် လှနေသလို။ ဆီဗီယာ့ အလှသည် မြင့်မြတ်အေးချမ်းသည့် အလှမျိုးပါလားဟု ဆင်ခြင်မိ၏။ ပါးကို ဖွဖွနမ်းပြီး နှုတ်ဆက်လိုက်သည်။

ဒုတိယအကြိမ် ယမကာရောက်လာသည်အထိ တစ် ယောက်နှင့် တစ်ယောက် စကား ဟဟ မပြောဖြစ်ကြသေး။ နေ့လည် စာကိုနည်းနည်းသာ စားလေ့ရှိသော ဆီဗီယာ မြိန်ရေရှက်ရေစား နေသည်ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မာတင် အံ့ဩရပြန်သည်။ သူ့ကို အဖော်ရရုံ တို့ကာပင့်ကာ စားရင်း မာတင် မျက်လုံးထောင့်ကပ်ပြီး ဆီဗီယာ့ကို အကဲခတ်နေသည်။

ဆံပင်ပုံပြောင်းထားသည်ကို ခုမှ သတိပြုမိ၏။ ခါတိုင်းသုံးနေကျ ရေမွှေးနံ့ မဟုတ်ကြောင်းလည်း သတိထားမိလိုက်၏။ ရှင်မပါလည်း ကျွန်မဘဝမှာ ပျော်ပျော်ရွှင်ရွှင်ပါပဲလို့ ပြောနေသည့် အလား။ မာတင့်စိတ်ထဲ အောင့်သက်သက် ဖြစ်သွားသည်။

အချိုပွဲစားပြီးတော့ ဆီဗီယာက လက်ပွေ့အိတ်ကလေး ဖွင့်ပြီး နှာခေါင်းကို ပေါင်ဒါဖို့သည်။ လူနွမ်းမပျက်ဖို့ ကိုယ့်ကိုကိုယ် သတိပေးလျက်။ မိမိကို အရှုံးသမားတစ်ယောက်အဖြစ် မောင်မမြင်စေလို။ နှစ်လလုံးလုံး မောင့်ကို ဆုံးပြီဆိုပြီး ကျိတ်ငိုနေခဲ့တာက တစ်ပိုင်းပေါ့လေ။ ခုတော့ ဆုံးဖို့ များနေပြီ။ သို့သော် မိမိအနေဖြင့် လျှော့ဖြေပေးလိုက်ပြီဖြစ်ကြောင်း ထုတ်ပြောသည့်အခါ မောင် စိတ်မထိ ခိုက်စေလိုပါ။

'ဒီနေ့ မောင်နဲ့တွေ့ဖို့ ဘာလို့ကြိုးစားလဲဆိုတာ မောင်သိချင်နေရောပေါ့၊ ဆီဗီယာ ရီနိုကို သွားတော့မယ် ဆိုတဲ့အကြောင်း မောင့်ကို ပြောချင်လို့ပါ၊ ဒီမှာဆက်နေလို့ ဘာမှအကြောင်းမထူး တော့ဘူးလေ'

မာတင်ခေါင်းငိုက်စိုက်ချပြီး သူ့လက်တွေကို သူငုံ့ကြည့်နေ သည်။

'မင်း ဘယ်လို ဆုံးဖြတ်မလဲ ဆီဗီယာ'

'မောင်နဲ့ ဆီဗီယာဟာ သာမန်လင်မယား မဟုတ်ပါဘူး မောင်၊ မောင်ဟာ ဆီဗီယာရဲ့ အခင်ဆုံး သူငယ်ချင်းလဲ ဖြစ်သေး တယ်လေ၊ မောင် အိမ်က ဆင်းသွားတာ နှစ်လရှိပြီနော်၊ အဲဒီမှာ ဆီဗီယာ စဉ်းစားချိန်တွေ အများကြီးရခဲ့တယ်၊ ကွာမပေးနိုင်ဘူးဆို ပြီး ဆီဗီယာ တရားရုံးမှာ ရင်ဆိုင်နိုင်ပါတယ်၊ ဒါပေမယ့် ဘာအကျိုး ရှိတော့မှာလဲ'

'မောင့်ကို ပြန်လာဖို့ အတင်းမပြောချင်ဘူး၊ မောင်တို့ အချစ်ကလဲ အပျော်ချစ်မှ မဟုတ်ဘဲ နှစ်နှစ်ကာကာဆိုတော့ . . . ဆီဗီယာ အလျှော့ပေးပါ့မယ်မောင်၊ ဒါပေမယ့် တိတ်တိတ်ဆိတ်ဆိတ် လုပ်ချင်တယ်၊ သတင်းစာတိုက်တွေက အနံ့ရသွားရင် ဟိုးလေးတကျော် ဖြစ်ကုန်မယ်၊ အန်တီဘက်စီကတော့ ဆီဗီယာ့ကို လုံးလုံးမ ကျေနပ်ဘူး၊ အရှုံးပေးရမလား ဆိုပြီးတော့လေ၊ ခုတော့ ဆီဗီယာ ဘယ်သူမပြု မိမိမှုလို့ပဲ ကိုယ့်ကိုကိုယ် ယူဆလိုက်ပါတယ်၊ မောင့်ကို ပျော်အောင် မထားနိုင်တာ ဆီဗီယာ ညံ့လို့ပေါ့၊





ခုတော့ မောင် အချစ် ဟောင်းနဲ့ ပြန်တွေ့ပြီး မောင်တို့ ပျော်နိုင်ကြပါစေ အောင်မြင်တဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်နိုင်ပါစေလို့ ဆီဗီယာ ဆုတောင်း ပါတယ် မောင်'

ဆီဗီယာ နိဂုံးချုပ်တော့ မာတင် မျက်ရည်တွေ ကျလာ သည်။ မတ်လ နေရောင်ခြည်သည် အပြင်တွင် ဝင်းဝင်းရှိ၏။ မာတင် နေပူထဲသို့ တစ်လှမ်းချင်းလှမ်းထွက်လာခဲ့သည်။ ရင်ထဲတွင် ဘာမှ မကျန်အောင် ဟင်းလင်းဖြစ်လျက်။

ရောမဟာကွက်ကြီးကို ဂျင်နီဖြည့်ဆည်းနိုင်ပါမည်လား ဟု ပထမဆုံးအကြိမ် တွေးလိုက်မိသည်။

♠ ♠ ♠

အခန်းပြန်ရောက်တော့ ဂျင်နီ ရောက်နှင့်နေသည်။ ပွေ့ဖက် နှုတ်ဆက်ရင်း သူ့မျက်နှာကို ဂျင်နီ အကဲခတ်လိုက်သည်။ တစ်ခုခုထူးခြားလာပြီ။ ဆိုဖာပေါ်တွင် နှစ်ယောက်သားယှဉ်ထိုင်ပြီး ဂျင်နီ စကားစသည်။

'အစ်ကို ဂျင်နီ့ကို တစ်ခုခု ပြောစရာ ရှိနေလားဟင်'

'ဆီဗီယာနဲ့ နေ့လည်စာ အတူတူစားဖြစ်တယ်၊ သူ ရီနိုကိုသွား တော့မလို့တဲ့'

စိတ်ထဲတွင် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ အနိုင်ရတော့မှာပါလား။

သို့သော် အစ်ကို့အမူအရာက အားမရစရာ။ ရုတ်ခြည်း ပျော်ရွှင်မှုကို မျိုသိပ်ပြီး

'ဘယ်တော့သွားမှာတဲ့လဲ'

'ဒီတစ်ပတ်အတွင်းပေါ့'

'အစ်ကိုရယ်၊ အစ်ကို့ကို ဂျင်နီ သိပ်ချစ်တာပဲကွယ်၊ အစ်ကို နောင်တ ရမနေပါဘူးနော်'

'အိုကွာ. . . ဘယ်ကလာ'

မာတင် ညာပြောလိုက်ခြင်း ဖြစ်သည်။

'ဂျင်နီ ဘယ်လောက်ပျော်နေတယ်ဆိုတာ ဘယ်လိုပြောပြ ရမှန်းတောင် မသိတော့ဘူးအစ်ကို၊ ခိုးကြောင်ခိုးဝှက် တွေ့နေစရာ မလိုတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော်၊ အကောင်းဆုံး တိုက်ခန်းတစ်ခန်းဝယ်မယ်၊ ကပွဲတွေတူတူသွားမယ်'

'အဲဒါ အစ်ကို စဉ်းစားနေတာ ဂျင်နီ၊ ဒီမှာတို့ အခြေချမယ် ဆိုရင်တော့ ဆီဗီယာ့အတွက် တော်တော်ခက်ရှာမှာပဲ၊ ဆန်ဖရန် စစ္စကိုက သူ့တစ်သက်လုံးနေလာခဲ့တဲ့မြို့ မဟုတ်လား၊ ပြီးတော့ လူမှုရေး လုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေမှာလဲ သူတွင်တွင်ကျယ်ကျယ် လုပ်နေတယ်လေ၊ မြို့မျက်နှာဖုံးတွေ အားလုံးကလဲ အစ်ကိုနဲ့ ရင်းနှီး သလို သူနဲ့ရင်းနှီးပြီးသား တွေ၊ ဒီအသိုက်အဝန်းကို မင်းနဲ့အစ်ကို ဘယ်လိုမှရှောင်လို့လွတ်မှာ မဟုတ်ဘူးဂျင်နီ'

ဂျင်နီ ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်သွားသည်။

'ဘာလဲ၊ အစ်ကိုက ဂျင်နီ့ကြောင့် အသိုက်အဝန်းထဲ မတိုးရဲတဲ့ သဘောလား'

မာတင် နဖူးရေတွေ တွန့်တက်သွားသည်။

'ဟာ. . . သေတော့မှာပဲ၊ ဘာလို့ အဲဒီလို အတွေးမျိုး ဝင်ရတာလဲ ဂျင်နီ၊ ဆီဗီယာ့ကို ညှာတဲ့အနေနဲ့ တို့က တစ်ခြားမြို့မှာ သွားနေသင့်တယ်လို့ စဉ်းစားတာ၊ ဒီမြို့ ဒီအသိုက်အဝန်းမှာ ကိုယ် တို့ မိသားစုဟာ နှစ်ပေါင်း များစွာ လူရိုသေ ရှင်ရိုသေ နေလာတာ၊ ကိုယ့်ကြောင့် ဒီအစဉ်အလာ မပျက်စေချင်ဘူး၊ ကိုယ်ဒီမှာ ဆက်နေရင် ဆီဗီယာ့သိက္ခာကို ထိပါးနိုင် တယ်လေ'

'အစ်ကိုဆိုလိုတာက ဂျင်နီ့ကြောင့် သိက္ခာကျရတယ်ပေါ့ဟုတ်လား'

'ဟာ. . . ဒုက္ခပါပဲ၊ မင်းနဲ့ ဘာမှ မဆိုင်ဘူး ဂျင်နီ၊ ကိုယ် ဆိုလိုတဲ့ ဂုဏ်သိက္ခာက တစ်မျိုးပါ၊ ရောမမှာ ဖြစ်ဖြစ်၊ ပြင်သစ်မှာ ဖြစ်ဖြစ် တို့သွား နေကြမယ်၊ ဂယက်တွေ ငြိမ်သွားတဲ့ အထိပေါ့'

ဂျင်နီ တွေရပ်ပြီး နားထောင်နေသည်။ ရင်ထဲတွင် ခါးသီးသော ခံစားမှုတို့ဖြင့် မှန်တိုင်းဆင်နေပြီ။ အပြင်းအထန်ခံစားခဲ့ရသည့် အဖြစ်များ ကို တစ်ကွက်ချင်း ပြန်မြင်လာသည်။

အဖေစွန့်ပစ်သွားသည့် သမီးဘဝ၊ အရက်သမား အမေ၏ အဆို အဆဲခံဘဝ၊ ချီကာဂိုတွင် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည့် ဘဝ၊ ပြီးတော့ စိုင်းရပ်စ်၏ အဆုံးမရှိ ရက်စက်မှုများ။ သည် အတိတ်ကဏ္ဍတွေ အားလုံးအတွက် လက်စားချေတော့မည့်အလား ဂျင်နီ အသံကုန် အော်ပြော





လိုက်သည်။

'မရဘူး. . . မရဘူးအစ်ကို၊ ဂျင်နီ့ကို ဒီလိုဒယဉ်ဆွဲပြီး တစ်နေရာ ရာမှာ သွားဝှက်ထားလို့ မရဘူး၊ ဂျင်နီ့ကိုချစ်ရင် ခုချက်ချင်း လက်ထပ်ရမယ်၊ ဒီမှာပဲ လက်ထပ်ပြီး ဒီမှာပဲ နေမယ်၊ လူသိရှင်ကြားနေမယ်၊ ဂျင်နီဟာ အစ်ကို့မိန်းမဆိုတာ လူတိုင်းလက်ခံရမယ်'

'သူဝယ်တဲ့ဆိုင်မှာ ဂျင်နီဝင်ဝယ်မယ်၊ သူ လှုပ်ရှားနေတဲ့ လူမှု ရေး အဖွဲ့အစည်းတွေမှာ ဂျင်နီ ရင်ဘောင်တန်းပြီး ပါဝင်မယ်၊ သူ ဝင်ဆန့် တဲ့ အသိုက်အဝန်းမှာ ဂျင်နီလဲ ဝင်ဆန့်နိုင်ရမယ်'

မာတင် စိတ်ပျက်ဝမ်းနည်းစွာ စကားဆိုသည်။

'ဒီလိုရှိတယ် ဂျင်နီ၊ ဆီဗီယာဟာ ဒီမြို့မှာ ငယ်ငယ်ကလေးက တည်းက လူမှုရေးတွေမှာ ပါဝင်ခဲ့တာ၊ ဒီမြို့ကို တည်ဆောက်သူ တွေထဲမှာ သူ့အဘိုးအဘွားတွေ ပါဝင်ခဲ့ကြတယ်၊ ကိုယ်ပြောတာ မင်းနားလည်ပါ တယ်နော်၊ အစ်ကို့ကို ရက်စက်တယ် မထင်ပါနဲ့ ဂျင်နီ၊ မင်း ဒီမှာ ဆက်နေ ရင် ဆီဗီယာဟာ သူ့ရဲ့ နောက်ဆုံးမှီတွယ် ရာဖြစ်တဲ့ လူမှုရေးလုပ်ငန်းတွေ ထဲကပါ လွင့်ပါးသွားလိမ့်မယ်၊ အဲဒီ အခါ မင်းကို မိန်းမအသိုက်အဝန်းက ဝိုင်းပြီး အပုပ်ချကြလိမ့်မယ်'

ဂျင်နီ အော်ပြောသည်။

'အို. . . ဂရုမစိုက်ဘူး၊ တစ်ချိန်တုန်းက ဂျင်နီ ခံခဲ့ရသလို ပြန်ခံစေ ရမယ်၊ နယူးယောက်မှာ ဂျင်နီတစ်ယောက်တည်း ပစ်ထား ခဲ့တုန်းကလိုလေ၊ အဲဒီအတွက် အစ်ကို့မှာ လုံးဝတာဝန်ရှိတယ်'

မာတင် ထောင်းခနဲ ဒေါသဖြစ်သွားသည်။

'တာဝန်ရှိလို့ လက်ထပ်ရတယ်ဆိုတာမျိုးတော့ ကိုယ် မလုပ်နိုင်ဘူး ဂျင်နီ၊ ချစ်ပြီးမှ ကွဲကြရတာ ဒီကမ္ဘာထဲမှာ မင်းနဲ့ကိုယ်နဲ့ နှစ်ယောက်တည်း မဟုတ်ပါဘူး၊ မင်းနောက်ပိုင်းဖြစ်တာတွေကတော့ ကိုယ့်အပြစ် မဟုတ်ဘူး လေ၊ ဒီမယ် ဂျင်နီ၊ အဖေဆုံးတော့ မင်းဆီကို ချက်ချင်းပြန်မလာနိုင်တဲ့ အတွက် ကိုယ်ဘယ်လောက်စိတ်မကောင်း ဖြစ်ခဲ့တယ်မှတ်လဲ၊ ဒါကြောင့်လဲ မင်းနဲ့ ပြန်တွေ့တွေ့ချင်း အတတ်နိုင်ဆုံး မင်းကို အကူအညီပေးဖို့ ဆုံးဖြတ်ခဲ့ တယ်၊ ဒါပေမယ့် ကိုယ့်ဘဝတစ်ခုလုံးကို ဝကွက်ပြီး မင်းလက်ထဲမအပ်နိုင် ဘူး ဂျင်နီ၊ အဲဒီလောက်လဲ မင်းကြွေးကိုယ့်ဆီမှာ မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီ အရူးမတစ်ယောက်လို အော်သည်။

'ရှိတယ်. . . ဘာလို့မရှိရမှာလဲ၊ ရှင်ယောက်ျားပီပီ ကတိ တည်ခဲ့ရင် ကျွန်မဒီလို ဘဝပျက်မလား၊ ငရဲခန်းတွေကို ရောက်မလား၊ ရှင်ဟာ လူလိမ်၊ အလကား ဂျူး. . . .'

ဘုရားသခင်. . . ဘုရားသခင် နှုတ်မှ စကားလုံးတွေ ခုန်ပျံထွက်ပြီး ကတည်းက မှားမှန်းသိလိုက်၏။ နင် မိုက်မဲလှချည်လား မိဂျင်နီ၊ ဒါ ချစ်သူကို ပြောရမယ့် စကားလုံးတွေလား၊ ပါးပြင်ပေါ်သို့ မျက်ရည်တွေ တလိမ့်လိမ့်စီးကျလာသည်။

'ဂျင်နီ့ကို ခွင့်လွှတ်ပါ အစ်ကိုရယ်၊ နော်. . . အစ်ကို၊ ဂျင်နီ တောင်းပန်ပါတယ်'

မျက်နှာကို ဖြတ်အရိုက်ခံရသလို မာတင်ခံစားလိုက်ရ၏။ ပြီးတော့ ဂျင်နီ့ကို ခုမှ မြင်ဖူးသလို စိုက်ကြည့်နေသည်။ တံတွေးတစ် ချက် မျိုလိုက်ပြီး

'ကိုယ် စိတ်မကောင်းပါဘူး ဂျင်နီ၊ ဖြစ်ခဲ့သမျှ အားလုံးအ တွက် ကိုယ့်စိတ်မကောင်းပါဘူး'

'အစ်ကိုရယ် ဂျင်နီပြောတာတွေ ရုပ်သိမ်းပါတယ်ကွယ်၊ ဂျင်နီ့ကို ခွင့်လွှတ်ပါနော်'

'မလွယ်တော့ဘူး ဂျင်နီ၊ တို့နှစ်ယောက်စလုံး ဒဏ်ရာတွေ ရကုန်ပြီ၊ ကုလို့ မရနိုင်တဲ့ ဒဏ်ရာမျိုးတွေ'

မာတင် လှည့်ထွက်သွားမည် ပြုတော့ ဂျင်နီရှေ့မှ ပိတ်ရပ်ပြီး

'အစ်ကိုရယ်. . . မရက်စက်ပါနဲ့ကွယ်၊ အစ်ကို့ကိုလေ. . . ဂျင်နီ ရင်ထဲ အသည်းထဲက ချစ်တာ အစ်ကို သိပါတယ်၊ နော်. . . အစ်ကို'

ဟိုတုန်းက ဂျင်နီကို မာတင်ကလည်း ချစ်နေဆဲပါ၊ တစ်ရံရောအခါက ဂျင်နီကို ရင်နှင့်အမျှ ကရုဏာဖြစ်ဆဲပါ၊ လက်ကိုင်ပဝါ ထုတ်ပြီး မျက်ရည်သုတ်ပေးရင်း

'မလွယ်တော့ပါဘူး ဂျင်နီရယ်၊ မဖြစ်နိုင်တော့ပါဘူး'

'ဂျင်နီ့ကို ထပ်ကြိုးစားကြည့်ခွင့်ပေးပါဦး အစ်ကိုရယ်'

'မဖြစ်နိုင်တော့ပါဘူးထင်တယ် ဂျင်နီ၊ မင်းရဲ့ တိမ်မြုပ် နေတဲ့ တစ်စိတ်တစ်ပိုင်းက ကိုယ့်ကို မုန်းနေတာပဲ၊ တို့ကွဲကွာပြီးက တည်းက အဲဒီစိတ်က ကိုယ့်ကို ဒဏ်ခတ်ချင်နေတာ ကိုယ်နားလည် ပြီလေ၊ ကိုယ့်ကို





ခွင့်လွှတ်ပါ ဂျင်နီ၊ ပိုအရေးကြီးတာက မင်းကိုယ်မင်း လဲ ခွင့်လွှတ်နိုင်အောင် ကြိုးစားပါတော့ကွာ'

မာတင် အခန်းထဲမှ ထွက်လာခဲ့သည်။ ဂျင်နီ ဒူးတွေမခိုင်တော့သလို ဆိုဖာနံဘေးတွင် ခွေကျသွားသည်။ ဆို့နေသဖြင့် ရှုတ်တရက် မငိုနိုင်အောင် ဖြစ်နေ၏။ ဓာတ်လှေကားထဲတွင် နံရံကို မှီ ရပ်နေသည့် မာတင့် တစ်ကိုယ်လုံး တုန်နေသည်။ ကားပေါ် ကို ဘယ် လိုရောက်သွားမှန်း မသိလိုက်၊ မိုးရေတွေ စိုစွတ်နေသည့် လမ်းတကာကို လျှောက်မောင်းနေမိ၏။ အမြင့်ဆုံးတောင်ကုန်းတစ်နေရာသို့ အရောက်တွင် ကားရပ်လိုက်သည်။ ပင်လယ်ကွေ့ရှုခင်းကို ငုံ့ကြည့် လိုက်သည်။

ရွှေမှုန်ဝ မြစ်ကူးတံတားကြီးဆီမှ မီးရောင်တွေက သူ့ကို မျက်စပစ်ပြနေကြသည်။ မင်းအကြောင်းကို မင်းထက် တို့က ပိုသိပါတယ်ကွာ. . . ဟု လှောင်ပြော ပြောနေကြသယောင်။

ဘာကြောင့် တိမ်တောင် တိမ်လိပ်နှင့်တူသည့် ဂျင်နီ၏ အချစ်နောက်ကို လိုက်ခဲ့မိပါလိမ့်. . . ဟုတ်သည်။ ပုံရိပ်မှား အချစ် မျိုး၊ မိမိဘဝကို ဖျက်ဆီးခဲ့သည့် အချစ်မျိုး။ အားလုံးကို နားလည် အောင် စဉ်းစားမည်ဆိုလျှင်တော့ စလုံးရေစက ပြန်ကောက်ရလိမ့်.မည်။ စစ်ပြီးစ အချိန်အထိ ပြန်သွားရမည်။ ဘဝဆိုတာ ဘာမှန်း မသိသေးသည့် အချိန်။

ဘာကြောင့် စစ်ပွဲတွေမှာ မသေဘဲ ရှင်ကျန်ခဲ့သလဲ။ ခြောက်သန်းသော ဂျူးလူမျိုးတွေ အသေဆိုးနှင့် သေကြသည်ကို ဘာ့ကြောင့် မိမိမကာကွယ်နိုင်ခဲ့သလဲ။

ဘယ်လိုမှ အဖြေရှာမရခဲ့။ စိတ်ဓာတ်တွေ သုညအထိကျ နေချိန်၌တွင် ဂျင်နီနှင့် တွေ့ခဲ့သည်။ ငုပ်လျှိုးနေသည့် သူ့ကိလေ သာ စိတ်ကို ဂျင်နီက လှုပ်နှိုးပေးနိုင်ခဲ့သဖြင့် စွဲစွဲလမ်းလမ်း ဖြစ်ခဲ့ရသည်။ ယနေ့ထိ ဂျင်နီသည် သူ့အတွက် အချစ်နတ်ဘုရားမ ဖြစ်နေဆဲ။ သူ့မသိစိတ်က ဂျင်နီ့ကို လက်ထပ်လိုစိတ် မရှိဘဲ အတူအိပ်ဖို့သာ အဓိကထားသည်ကို သူကိုယ်တိုင်မသိ။ ဂျင်နီ့ကို အဖေနှင့် အမေဆီ ခေါ်မသွားခြင်းမှာ သူ့ဘဝနှင့် ဘယ်လိုမှ အံမဝင်နိုင်ကြောင်း သိနေ၍ဖြစ်၏။

ပြီးခဲ့သည့် ခရစ္စမတ်တွင် ပြန်ဆုံတော့ သူ့ရင်ထဲမှ ပေါ်ကြွလာသည့် စိတ်သည် အချစ်စိတ်မဟုတ်၊ သွေးသားတောင့်တမှုသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဂျင်နီသည် သူ့အတွက် အရောင်အသွေးတစ်မျိုး၊ အခိုးအငွေ့တစ်မျိုးသာ ဖြစ်ပြီး တကယ့်တကယ် အကောင်အထည် ရှိသူက ဆီဗီယာသာ ဖြစ်ကြောင်း နားလည်ခဲ့ရပြီ။

ကားစက်နှိုးပြီး အဆင်းလမ်းအတိုင်း မောင်းချလာခဲ့သည်။

♠ ♠ ♠

မင်္ဂလာခရီးထွက်တုန်းက သူဝယ်လာခဲ့သည့် ခရီးဆောင်အိတ်တွေ. . .။ သက်ပြင်းတစ်ချက်ချလိုက်၏။ မတ်တပ် ပြတင်း ပေါက်ကြီးတစ်ခုဆီ လျှောက်သွားပြီး ရွှန်းမြမြလရောင်အောက်မှ ပန်းခြံကို ငေးနေမိ၏။ တမ်းတစရာတွ အပြည့်နှင့်ပါလား။

ဟင်. . နှလုံးသွေးတွေ ရုတ်ခြည်းခုန်လာသည်။ တကယ်မှ ဟုတ်ရဲ့လားကွယ်၊ ဟုတ်ပါတယ်၊ မောင့်ကားမှ မောင့်ကား အစစ်။ ပန်းခြံနံဘေးအဝင်လမ်းအတိုင်း မောင်းဝင်လာနေတာလေ။

မောင်ပြန်လာပြီ. . . မောင်ပြန်လာပြီ၊ မောင် ဆီဗီယာ့ဆီကို ပြန်လာနေပြီ။ စိတ်ထဲက သိပ်သေချာနေ၏။

အိပ်ခန်းထဲမှ တအားပြေးထွက်လာခဲ့သည်။ ခန်းမဆောင်ကျယ်ကြီးကို ဖြတ်ပြေးသည်။ တံခါးမကြီးကို ဆောင့်ဆွဲဖွင့်လိုက်သည်။ တံခါးဝတွင် ခဏကြောင်ရပ်နေမိ၏။

မျက်လုံးချင်းဆုံမှ ဆက်ပြေးချသွားသည်။ မာတင်က လက်နှစ်ဘက်ကို ဆန့်တန်းကြိုဆိုလျက်။

အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းသည့် ထိုတဒင်္ဂတွင် စကားပြောဖို့ ဘယ်သူမှ သတိမရကြ၊ လိုလည်း မလိုအပ်တော့ဘူးလေ၊ သို့သော် သူတို့မျက်လုံးများတွင်တော့ မျက်ရည်တွေ ပြည့်လျှံနေ၏။ ဝမ်းသာလွန်းလို့ကျသည့် မျက်ရည်များ. . .။

ပြီးပါပြီ

တင်မောင်မြင့်



## နှင်းပွင့်စာအုပ်တိုက်မှ ဖြန့်ချိပြီးစာအုပ်များ


| | | |
|---|---|---|
| ၁။ | ကိုယ်ချင်းစာတရား | ကလောင်စုံ |
| ၂။ | ကလေးတို့အတွက် စိတ်ဇတ်စာ | ကြီးသာရ |
| ၃။ | ဆောင်တော်ကူး | တတ်တိုး |
| ၄။ | ဘာသာပြန်လက်တွေ့ (၁) | မောင်သာနိုး |
| ၅။ | ဘာသာပြန်လက်တွေ့ (၂) | မောင်သာနိုး |
| ၆။ | အနာဂတ်ကို မကြောက်နဲ့ | ဆောင်သင်း |
| ၇။ | စဉ်းစားစရာလေးတွေ | ဆောင်သင်း |
| ၈။ | သံလွင်ရွှတ်သရဲ | ဆောင်သင်း |
| ၉။ | တိုလီမိုလီစာစ | ဆောင်သင်း |
| ၁၀။ | သေတိန်းဆိုတ်တဲ့ည | ဆောင်သင်း |
| ၁၁။ | ရည်မှန်းချက်နဲ့ပြဿနာအတွေတွေ | ဆောင်သင်း |
| ၁၂။ | မဟာသမ္မတ | ဝါရှု |
| ၁၃။ | နိတိတစ်ရာ | ဝါရှု |
| ၁၄။ | ဟုသိုလ်ဖြစ်တစ်စင်း | ခင်ဆွေဦး |
| ၁၅။ | တက္ကသိုလ်စာမျက်နှာများ | ခင်ဆွေဦး |
| ၁၆။ | မြင့်မိုရ်တေးသံ(မိစင်ဇတ္တာ) | တလောင်စုံ |
| ၁၇။ | အမှတ်တရ ဘဝသင်ခန်းစာများ | တလောင်စုံ |
| ၁၈။ | အမှားတစ်ခုအကြောင်းပြုချ် | တလောင်စုံ |
| ၁၉။ | ဘဝင်တျေလေသောအခါ | ခင်နှင်းယု |
| ၂၀။ | ချစ်ခြင်း၏ စာစုတေးစုများ | ဆွေထုံရည် |
| ၂၁။ | ချစ်ရဝါသည်(ဇင်ဇတ္တာ) | တလောင်စုံ |
| ၂၂။ | ဝိညာဉ်များ(တချာ) | မော်မောင် |
| ၂၃။ | ဝထမတစ်ဆစ်ချိုး | မိုးဟိန်း(သားကျာနယ်ကျော်) |
| ၂၄။ | Aspect of Myanmar Culture | Tin Mg Oo |
| ၂၅။ | ချစ်ဆိပ်ရည် | မောင်ဝေါ်ထွန်း |
| ၂၆။ | နိတိကြေးမုံနှင့် လောကနိတိ | မောင်လွင်ရည် |
| ၂၇။ | Essential Grammar in Practical Usage | Tin Mg Oo |
| ၂၈။ | တောက်သစ်ဝေါ်ဦး | ဒဂုန်တာရာ |
| ၂၉။ | ဓမ္မယဉ်ကျေးမှုဆိုင်ရာအဆုံးအမများ | မောင်လွင်ရည် |
| ၃၀။ | မကာရလျှင် မနေနိုင်ဝေါင်နှင့် ဟာသဝတ္ထုတိုများ | ထူးဆွေအောင် |
| ၃၁။ | [illegible] | တင်မောင်မြင့် |


## ဆက်လက်ဖြန့်ချိမည့် စာအုပ်များ


| | | |
|---|---|---|
| ၃၂။ | ဓာခန်းဆီး၊ လေညင်း၊ လရောင်ဝတ္ထုတိုများ | မြသန်းတင့် |
| ၃၃။ | တောက်ဝနေဆဲ ဝိညာဉ်များ | တက်တိုး၊ မြသန်းတင့်၊ ဘ်နှင်း |
| ၃၄။ | ဓမ်ရှဲနတ်အကြောင်း | မောင်ဝေါ်ထွန်း |
| ၃၅။ | ချစ်မီလေသောကြောင့် | မောင်ဝေါ်ထွန်း |
| ၃၆။ | ဖြစ်ကြောင်းရယ်ကုန်စင် ဝတွဲ(ဘာသာပြန်ဝတ္ထု) | မောင်ဝေါ်ထွန်း |
| ၃၆။ | ဖြစ်ကြောင်းရယ်ကုန်စင် ဒုတွဲ(ဘာသာပြန်ဝတ္ထု) | မောင်ဝေါ်ထွန်း |
| ၃၇။ | ဓာဝေမောင်နှံတို့ရဲ့ ရွှေလက်ရာများ | တလောင်စုံ |


www.burmeseclassic.com